{လူ့အဖွဲ့အစည်း နှင့် လူမှုအဆောက်အအုံ}

တည်တံ့

“(အသိပညာရယူမှုဆိုတာ) ပိုမို ကောင်းမွန်တဲ့ လူသား အခြေအနေ တစ်ရပ်ဆီ လွှမ်းမိုးမှု ပေးနိုင်ဖို့ပဲ”

အန်သိုနီဂစ်ဒင်း

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့် ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ (လုံးဝ) အသုံးမပြုပါ။

“စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်”

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Market ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည် ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြား တောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူ အားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များ ကို အဓိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူ အားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤ E-Book စာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

W H I S P E R of W O R D S

လူ့အဖွဲ့အစည်းနှင့် လူမှုအဆောက်အအုံ

တည်တံ့

“လူ့အဖွဲ့အစည်းနှင့် လူမှုအဆောက်အအုံ” နှင့် စပ်လျဉ်း၍ ...

(၁) မာ့က်စ်ဝါဒဆိုင်ရာ ပါရာဒိုင်းများ

- ဝေဖန်ရေးသီအိုရီရဲ့ Consumerism အပေါ်ဖွင့်ဆိုချက်
- စိတ်ခွဲပညာလွှမ်းမိုးမှုနှင့် ယထာဘူတဝါဒအမြင်
- ဖျော်ဖြေရေးနှင့် လူထုမီဒီယာ၏အခန်းကဏ္ဍ
- အိုင်ဒီယိုလိုဂျီဆိုင်ရာ ဖိနှိပ်မှုများ
- Irrational Authoritarianism ကို ဆန်းစစ်ခြင်း
- ဒုတိယမျိုးဆက်ဝေဖန်ရေးသီအိုရီနိဒါန်း သို့မဟုတ် ဟားဘားမက်စ်
- ဂရမ်ရှီနှင့် ခြယ်လှယ်လွှမ်းမိုးမှု

(၂) အသွင်လောကစိတ်ပညာဆိုင်ရာ ပါရာဒိုင်းများ

- အားလ်ဖရက်ရွတ်ဇ်စ်၏ လူမှုကမ္ဘာများ
- Typification သို့မဟုတ် နေ့စဉ်ဘဝအခြေပြု ပုံစံနမူနာ
- အစစ်အမှန်တရားတည်ဆောက်မှု
- အလေ့အထပြုမှုဖြစ်စဉ်နှင့် အင်စတီကျူးရှင်းသွင်းခြင်း

(၃) အဆောက်အအုံဝါဒနှင့် အဆောက်အအုံလွန်ဝါဒဆိုင်ရာ ပါရာဒိုင်းများ

- အဆောက်အအုံဝါဒဆိုင်ရာ ဘာသာဗေဒအမြင်
- ဘာသာစကားနှင့် အဓိပ္ပါယ်အသေများ
- Myth သို့မဟုတ် အစုအဖွဲ့ယုံကြည်ချက်များကို ချဉ်းကပ်ခြင်း
- အဆောက်အအုံလွန်ဝါဒ (Post-structuralism) ဆီသို့
- သိမှုပို့ချချက်နှင့် ပါဝါအပေါ်ဖွင့်ဆိုမှုများ
- Body Fetishism နှင့် ဖူးကိုးအမြင်ဆိုင်ရာ ဣတ္ထိယဝါဒ

(၄) စထရပ်ချာရေးရှင်းသီအိုရီဆိုင်ရာ ပါရာဒိုင်းများ

- ပီယာဘော်ဒျူးရဲ့ စထရပ်ချာရေးရှင်းအယူအဆ
- ‘ကစားပွဲ’ သီအိုရီ
- သင်္ကေတသရုပ်ပြပါဝါ သို့မဟုတ် Symbolic Violence
- အန်သိုနီဂစ်ဒင်းစ်နှင့် မိရိုးဖလာခေတ်လွန်လူမှုအစီအစဉ်များဆီ မျှော်ကြည့်ခြင်း

(၅) ပို့စ်မော်ဒန် ပါရာဒိုင်းများ

- မဟာဇာတ်ပြောများကို ငြင်းပယ်ခြင်း
- လီယိုတာဖွင့်ဆိုတဲ့ ပို့စ်မော်ဒန်ဖြစ်ခြင်းအခြေအနေ

- Hyperreality နှင့် အစစ်အမှန်တရားသေဆုံးခြင်း
- "စစ်ဟာ တကယ်ဖြစ်ခဲ့သလား"
- ပို့စ်မော့ဒန်စ်ဝါဒလမ်းကြောင်းနှင့် ပို့စ်မော်ဒန်ဖြစ်စဉ်

(၆) ဂလိုက်ဘယ်လိုက်ဇေးရှင်း ပါရာဒိုင်းများ

- ဂလိုဘယ်လိုက်ဇေးရှင်းနိဒါန်း
- ဝေါ်လာစတိန်းရဲ့ World-system နှင့် ဂလိုဘယ်အရင်းရှင်ဝါဒ
- ကမ္ဘာ့လှည့်ခရီးသွားများ၊ အိမ်ခြေယာမဲ့များ၊ ၂၁ ရာစု လူသားအကျိုးဆက်များ
- ကွန်တမ်ပိုရာရီလူသားဘဝနှင့် လူမှုဆက်သွယ်ချက်အပြောင်းအလဲ
- ဂလိုက်ဘယ်လိုက်ဇေးရှင်းကို ယဉ်ကျေးမှုဖြစ်စဉ်အဖြစ် ရှုမြင်ခြင်း

“လူ့အဖွဲ့အစည်းနှင့်လူမှုအဆောက်အအုံ” နှင့် စပ်လျဉ်း၍ ..

ဒီစာအုပ်ကိုအကြမ်းဖျဉ်းအားဖြင့် လူမှုသီအိုရီလေ့လာချက်များလို့ ခေါ်ဆို အမည်ပေးလို့ ရနိုင်မလားဆိုတာ နဲ့စပ်လျဉ်းပြီး စာအုပ် ရေးသားနေစဉ်ကာလအတွင်းမှာ မကြာခဏဆိုသလိုအတွေးပေါ်ခဲ့တယ်။ သို့သော် စာရေးသူတစ်ယောက်ရဲ့ ရှုထောင့် အမြင်အရတော့ `လူမှုသီအိုရီလေ့လာချက်' ဒါမှမဟုတ် ‘လူမှုဗေဒပညာရပ်ကျမ်း’ စသဖြင့် အမျိုးအစားအမည်တစ်ခုခုသတ်မှတ်ဖို့ ငြင်းဆန်ရလိမ့်မယ်။ ဘာကြောင့်လဲ ဆိုရင် ကျွန်တော့်အနေနဲ့ လူမှုသီအိုရီကျမ်းတစ်စောင် ပြုစုလိုရင်း မဟုတ်သလို ဒီစာအုပ်က တစ်ဆင့် လူမှုဗေဒ အခြေခံသဘောတရားတွေကို ပညာရပ်ဆန်ဆန် မိတ်ဆက် ပို့ချဖို့လည်း မရည်ရွယ်ခဲ့ဘူး။ “လူ့အဖွဲ့အစည်းနှင့် လူမှုအဆောက်အအုံ” လို့ အမည်ပေးထားတဲ့ ဒီစာအုပ်မှာက မျက်မှောက်ခေတ် လူမှုသိပ္ပံပညာရပ်နယ်ပယ် တွေအထိ လွှမ်းမိုးဆဲ ဖြစ်သလို နှစ်ဆယ့်တစ်ရာစု လူမှုကမ္ဘာနဲ့လည်း ထင်ဟပ် ဆက်နွှယ်မှုရှိနေတဲ့ ကွန်တမ်ပိုရာရီလူမှုသီအိုရီ(SocialTheory)တွေကိုပဲ အဓိက ကိုင်တွယ် ထားတယ်။

ဘာကြောင့်လဲဆိုတဲ့ စာရေးသူတစ်ယောက်ရဲ့ ရည်ရွယ်ချက် ကို မထုတ်ဖော်မီ ဒီစာအုပ်နဲ့စာအုပ်ရဲ့ ချို့ယွင်းချက်တွေ အကြောင်း ဦးစွာ ပြောကြည့်လိုတယ်။ ဒါကို အသိပေး ဝန်ခံချက်တစ်ခုအဖြစ် ယူဆမယ်ဆိုလည်း ယူဆနိုင်တယ်။

ပထမဆုံးတစ်ချက် အနေနဲ့က ဒီစာအုပ်ဟာ လူမှုသီအိုရီကျမ်းတစ်စောင် မဟုတ်တဲ့အတွက် လူမှုဗေဒနယ်ပယ် တစ်ခုလုံး ထဲက ရှိရှိသမျှသော သီအိုရီအယူအဆတွေနဲ့ ဝါဒရေးရာတွေကို မိတ်ဆက်ပေးလိမ့်မှာမဟုတ်ဘူး။ ဒါကြောင့် လူမှုသီအိုရီနဲ့ ဆက်စပ်တဲ့စာအုပ်တစ်အုပ် မှန်ပါလျက် အမ်မီလ်ဒါ့ခ်ီယမ် (Durkheim) နဲ့ မက်စ်ဝက်ဘာ (Weber) တို့လို အထင်ကရဂန္ထဝင် လူမှုဗေဒပညာရှင်တွေ ကို ခေါင်းစဉ်တစ်ခုအောက်မှာ သီးသန့်အကြောင်းအရာတစ်ရပ်အဖြစ် မကိုင်တွယ်ခြင်းဟာ ချို့ယွင်းချက် အဖြစ်လစ်ဟာမှုရှိခဲ့ရင် ဒါဟာ ကျွန်တော် လိုလိုလားလား ရွေးချယ်ခဲ့တဲ့ လစ်ဟာမှုပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်ရဲ့ မူလရည်ရွယ်ရင်း ကိုယ်တိုင်က အထင်ရှားဆုံး လူမှုသီအိုရီပညာရှင် တွေနဲ့ သူတို့ရဲ့ သီအိုရီတွေကို ပညာရပ် သင်ရိုးညွှန်းတမ်းဆန်ဆန် မိတ်ဆက်ရေး မဟုတ်လို့ပဲ။ ဒီစာအုပ်မှာက လူသားသမိုင်း

တစ်လျှောက် လွှမ်းမိုးနိုင်စွမ်းအရှိဆုံး တွေးခေါ်ပညာရှင်တွေထဲက တစ်ယောက်ဖြစ်တဲ့ ကားလ်မာ့က်စ် ကို တိုက်ရိုက် ထိတွေ့မှာမဟုတ်သလို ပညာရပ်နယ်ပယ်ပေါင်းစုံ တို့မှာ ယနေ့တိုင် အကြီးအကျယ် ကိုးကားခံရဆဲဖြစ်တဲ့ ဆစ်ဂမန်ဖရွိုက်ရဲ့ စိတ်ခွဲပညာဆိုင်ရာ သီအိုရီအကြောင်း အသေးစိတ်ရေးသားမှာလည်း မဟုတ်ဘူး။ သို့ဆိုသော်ငြား အနောက်တိုင်း မာက်စ်ဝါဒလမ်းကြောင်း ပေါ်က ဖရန့်ဖွတ်ကျောင်းတော် အကြောင်း ခေါင်းစဉ်တည် တဲ့အခါ မာ့က်စ်ရဲ့ အယူအဆရေးရာတွေ မလွှဲမသွေပါလာမှာ ဖြစ်သလို စာအုပ်ပါအခန်းခွဲတစ်ခု ဖြစ်တဲ့ အသွင်လောကစိတ်ပညာဆိုင်ရာ လူမှုသီအိုရီမှာကျတော့လည်း ဖရွိုက်ရဲ့ အရိပ်ထိုးမှုတွေကို အနည်းနဲ့အများ မြင်တွေ့ရလိမ့်မယ်။ စာအုပ်တစ်အုပ်လုံးရဲ့ ယေဘုယျဦးတည်ချက်ဟာ ကွန်တမ်ပိုရာရီလူမှုဘဝနဲ့ ထပ်ဟပ်မှုရှိနေတဲ့ ယနေ့လူမှုဗေဒနယ်ပယ် အတွင်းက သီအိုရီတွေကို လေ့လာချက်ထုတ်ရေးသာ ဖြစ်တယ်။ အဲဒီအခါ ဂန္ထဝင်လူမှုသီအိုရီတွေ အပြင် ခေတ်ပြိုင် လူမှုဘဝမှာ မဆီလျော်မအပ်စပ်တော့ဘူးလို့ယူဆနိုင်ဖွယ်ရာ အယူဝါဒနဲ့သဘောတရားတွေကို အသေးစိတ် မဖော်ပြတော့ဘဲ ချန်လှပ်ထားခဲ့တယ်။ ဒါက စာအုပ်ရဲ့ အနှစ်သာရနဲ့ ဦးတည်ချက် တို့ကို ထိခိုက် မသွားနိုင်ဘူးလို့လည်း ယုံကြည်တယ်။ မာတိကာဖော်ပြချက်မှာ မာ့က်စ်ဝါဒကစလို့ အသွင်လောကစိတ်ပညာ၊ အဆောက်အအုံဝါဒ၊ အဆောက်အအုံလွန်ဝါဒ၊ စထရပ်ချာ ရေးရှင်းသီအိုရီ၊ ပို့စ်မော်ဒန်နစ်ဇင်၊ ပို့စ်မာ့က်စ်ဝါဒနဲ့ နောက်ဆုံး ၂၁ ရာစုရဲ့ ဂလိုဘယ်လိုက်ဇေးရှင်းပါရာဒိုင်းတွေအထိ ကိုင်တွယ် ထားတာ မှန်ပေမယ့် သမိုင်းဆိုင်ရာ ခုနှစ်သက္ကရာဇ်အရ အစီအစဉ်တကျ နံပါတ်စဉ်ရေးထိုး ထားတဲ့ သီအိုရီနဲ့ လှုပ်ရှားမှုတွေ မဟုတ်ဘူးဆိုတာ သတိချပ်မိစေဖို့ပါပဲ။

ဒုတိယတစ်ချက် အနေနဲ့ ပြောစရာရှိလာတာက ဒီစာအုပ်မှာ အချို့သော သီအိုရီပညာရှင်တွေကို ဖော်ပြဖို့ ရွေးချယ်ပြီး အချို့ကိုတော့ ချန်လှပ်ထားခဲ့ခြင်းဟာ ဘာကိုအခြေခံဆုံးဖြတ်သလဲ ဆိုတဲ့ မေးခွန်းပဲ။ ဒါကို ရိုးစင်းစွာ ဖြေကြားရရင် ကျွန်တော့်ကို စိတ်ဝင်စားမှုနဲ့ အာရုံတိမ်းညွတ်မှု ဖြစ်စေတဲ့အချက် အပေါ်မှာ မူတည်ပြီး ရွေးချယ်မှုတော်တော် များများကို ပြုလုပ်ခဲ့တာပါ။ ကျွန်တော့်အတွက်က ဒီစာအုပ်အတွင်းမှာ ဂန္ထဝင်လူမှုသီအိုရီတွေ အကြောင်း တန်းတလျား သီသန့်ရေးသားဖော်ပြနေဖို့ စိတ်ဆန္ဒမရှိဘူး။ အလားတူပဲ တစ်ချိန်က သီအိုရီအယူအဆတစ်ရပ် အဖြစ်တည်ရှိခဲ့တာ မှန်သော်လည်း ယနေ့ ကွန်တမ်ပိုရာရီလူမှုဗေဒနယ်ပယ် မှာ မတွေ့ရသလောက်နီးပါး ဖြစ်နေတဲ့ (တစ်နည်းအားဖြင့် လွှမ်းမိုးနိုင်စွမ်း မှေးမှိန်သွားပြီဖြစ်တဲ့) သဘောတရားတွေကို အကျယ် ရေးသားရှင်းလင်းဖို့လည်း မရည်ရွယ်ဘူး။ ဒီလို ပြောလိုက်တဲ့ အတွက် ဒီစာအုပ်မှာ မပါဝင်တဲ့ လူမှုသီအိုရီတွေဟာ လူမှုဗေဒနယ်ပယ် မှာ အရေးပါမှု နည်းပါးတယ်လို့ ဆိုလိုခြင်း အဖြစ်တော့ မမှတ်ယူစေလိုဘူး။

မြစ်တစ်စင်းဖြစ်ပေါ်မှုမှာ သူရဲ့ မြစ်ဖျားခံရာရှိသလို ယနေ့ခေတ်ရဲ့ ကွန်တမ်ပိုရာရီလူမှုသီအိုရီနယ်ပယ် ဆိုတာဟာလည်း ဂန္ထဝင်လူမှုသီအိုရီတွေဆီက ကျယ်ပြန့်ဆင့်ပွားလာခဲ့ရတာပဲ။ ထို့အတူ ဒီစာအုပ် မှာမပါဝင်သော်လည်း အလွန်တရာ လွှမ်းမိုးမှုရှိပြီး လူမှုဗေဒအပေါ် တိုက်ရိုက် ဖြစ်စေ သွယ်ဝိုက် လို့ဖြစ်စေ အကျိုးပြု ထည်ဝင်ခဲ့တဲ့ ပညာရှင်တွေလည်း ဖော်ပြဖို့အတွက် မြောက်များစွာ ကျန်ရှိနေသေးတယ်။ ဒါကြောင့် ရွေးချယ်မှုဟာ အရေးပါခြင်းမပါခြင်း လူသိနည်းခြင်းများခြင်း လွှမ်းမိုးမှုကြီးခြင်းမကြီးခြင်းတွေကို အခြေခံ ထားတာမဟုတ်ဘဲ ယနေ့ ခေတ်ပြိုင်လူမှုဘဝနဲ့ ထင်ဟပ်သလို ကျွန်တော်ကိုင်တွယ်ဖို့ရည်ရွယ်တဲ့ ခေါင်းစဉ် အကြောင်းအရာတစ်ချို့ ဆီ ပိုမိုတိမ်းညွတ်မှုရှိနေတဲ့ လူမှုသီအိုရီတွေကို ဦးစားပေးထားခြင်းဖြစ်ကြောင်း ဆိုပါရစေ။

နောက်ဆုံးတစ်ချက် အနေနဲ့က သီအိုရီအရေးအသား တွေဟာ အများအားဖြင့် ထိုင်းမှိုင်း ပျင်းရိစရာကောင်းတတ်တယ်၊ ဖတ်ရှုရခက်နိုင်သလို ဖတ်ရှုသူဆီက စိတ်ပါဝင်စားမှုအပြင် အားစိုက်ထုတ်မှုကိုပါ တောင်းဆိုတယ်၊ သီအိုရီ သဘောတရားတစ်ရပ်ကို ဝတ္ထုတစ်ပုဒ်လိုမျိုး နားလည်ရလွယ်ကူတဲ့ ရှင်းလင်းချက်မျိုးအသွင် လျှော့ချဖို့အတွက်လည်း အခက်အခဲရှိတယ်၊ စာမျက်နှာပေါ်က သီအိုရီတွေဟာ လက်တွေ့ဘဝရဲ့ လက်တွေ့ကျမှုဆီ ဘယ်လောက်များ လက်လှမ်းမီရောက်ရှိမှာလဲဆိုတဲ့ အငြင်းပွားလောက်ဖွယ်အမေးပြဿနာလည်း ရှိနေတယ်။ ဥပမာ ဒီစာအုပ်လိုမျိုး လူမှုသီအိုရီလေ့လာချက်သဘောတွေကို ဘာကြောင့်ရေးသားရသလဲ၊ ဘာကြောင့်ရေးသားဖို့ လိုအပ်သလဲ၊ ရေးသူက ဘယ်လိုရည်ရွယ်ချက်မျိုးကိုင်စွဲသလဲ၊ ဖတ်သူဘက်ကရော ဘယ်လို အသိအမြင်ဆိုင်ရာမျှော်လင့်မှုမျိုး ထားရှိနိုင်သလဲ စတဲ့ နောက်ဆက်တွဲမေးခွန်းပေါင်းများစွာနဲ့လည်း ငြင်းခုံလို့ရသေးတယ်။ ကျွန်တော့်အမြင်မှာတော့ ဒီမေးခွန်းအများစုတို့ဟာ စာအုပ်ကိုဖတ်ရှုပြီးနောက်မှာ ဖတ်သူရဲ့ စိတ်အစဉ်ကို မူတည်ပြီး ဖြေဆိုပုံကွဲပြားသွားလိမ့်မယ်။ စာဖတ်သူကို အတွေးအခေါ်ပိုင်းဆိုင်ရာ အလေးအနက် လှုံ့ဆော်မှုပေးနိုင်သလား၊ ဒါမှမဟုတ် ရှုပ်ထွေးပျင်းရိဖွယ် အမှိုက်သရိုက်တွေလား ဆိုတာ လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ ခံယူတုံ့ပြန်ပုံအပေါ်မှာ မူတည်နေတဲ့အရာ ဖြစ်တယ်။ ကျွန်တော့်အနေနဲ့က စာရေးသူတစ်ယောက်ရဲ့ လုပ်ငန်းတာဝန် ကို ပြီးမြောက် ရောက် ရေးသားခြင်းအမှုမှာပဲ ရပ်ဆိုင်းထားလိုတယ်။ သို့သော် စာအုပ်နဲ့ တိုက်ရိုက် မသက်ဆိုင်သော်ငြား နောက်ထပ် အနည်းငယ်ပြောလိုတဲ့ အချက်အလက် တစ်ချို့ တော့ ရှိတယ်။

လူ့အဖွဲ့အစည်းတစ်ရပ်မှာ လူတစ်ဦး တစ်ယောက်ချင်းဖြစ်စေ အဖွဲ့အစည်း အလိုက် ဖြစ်စေ တာဝန် ဝတ္တရားတွေ ရှိတယ် ဆိုရင်ဖြင့် အဆိုပါ တာဝန်တွေထဲက

တစ်ခုဟာ 'ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခု ထုဆစ်ရေး' ဆိုတာက လွဲပြီး အခြား မဖြစ်သင့်ဘူး။ လူ့အဖွဲ့အစည်းအတွင်းမှာ အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်နေတဲ့ တသီးပုဂ္ဂလလူသားဟာ အဆိုပါ တာဝန်ရဲ့ လေးနက်မှု အငွေ့အသက်ကို အနည်းနဲ့အများ ခံစားနားလည်နေမိတာမျိုး ဖြစ်သင့်တယ်။ သာယာငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုမှာဖြစ်စေ၊ ဆုတ်ယုတ်ပျက်စီးနေတဲ့လူ့အဖွဲ့အစည်းမှာဖြစ်စေ သာယာမှု သို့မဟုတ် ဆုတ်ယုတ်မှု ဆိုတဲ့ အခြေအနေတစ်ခုခုဖြစ်တည်လာအောင် လွှမ်းမိုးမှုပေးနေတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နောက်ခံတို့ကို မလွဲမသွေကြည့်ရလိမ့်မယ်။ အဲဒီလိုကြည့်တဲ့အခါ အဖွဲ့အစည်းတစ်ခုလုံးရဲ့ ကျောရိုးအဆောက်အအုံကအစ လူသားတစ်ယောက်ချင်းစီတို့အဆုံး အရေးပါမှု အတိုင်းအတာကို ချန်လှပ် ထားလို့မရဘူး။ တသီးပုဂ္ဂလ လူသားရဲ့ ပြုမူ ဆောင်ရွက်မှုတွေနဲ့ လူမှုအဆောက်အအုံတို့ အကြားက ဆက်သွယ်ချက် တို့ဟာ အပြန်အလှန် အမှီသဟဲပြုနေတဲ့ ဟန်ချက်တစ်ခုပေါ်မှာ ရွေ့လျား ဖြစ်တည်နေတယ်။ လူသားဟာ သူ့ရဲ့ အတွေးအခေါ်တွေ အပြုအမူတွေ အားဖြင့် လူမှုအဆောက်အအုံ အပေါ် ထည့်ဝင်မှု ပြုနေတာဖြစ်သလို လူမှုအဆောက်အအုံကလည်း အပြန်အလှန်အားဖြင့် လူသားနဲ့ လူသားရဲ့ အနာဂတ်တို့ကို ပြန်လည် ပြဌာန်းပေးနေတယ်။ အပြောင်းအလဲ ဆိုတဲ့ မျှော်လင့်မှုအောက်မှာ `ပိုမိုကောင်းမွန်တဲ့အနာဂတ်ထုဆစ်ရေး' ဆိုတာ သည် ယူတိုးပီးယား ဆန်ဆန်အိပ်မက် တစ်ခု မဟုတ်ဘူး။ လူသားနဲ့ လူ့အဖွဲ့အစည်းတို့ရဲ့ အပြန်အလှန် အမှီပြုမှုဟန်ချက် ထဲမှာ လက်တွေ့ကျ ဖော်ဆောင် လို့ရတဲ့ လူမှုအပြောင်းအလဲတစ်ခု သာလျှင် ဖြစ်တယ်။ အဆိုပါ မျှော်မှန်းချက်ဟာ လည်း လူ့အဖွဲ့အစည်း တစ်ရပ်လုံး အလိုက် အလွှာအဆင့်မှာ ရှိသင့် ရှိအပ် တဲ့ တာဝန်ဝတ္တရား ဆန်ဆန် တုပ်နှောင်မှု တစ်ခု ဖြစ်စေသင့်တယ်။ တုပ်နှောင်မှုလို့ဆိုရာမှာ လွတ်လပ်ခြင်းကို အတားအဆီးပြုမယ့် အချုပ်အနှောင်ဝတ္တရားမျိုးကို ဆိုလိုတာမဟုတ်ဘူး။ အဖွဲ့အစည်းအလိုက် ပြောင်းလဲမှု ဖော်ဆောင်ရေး ဆီတွန်းပို့နိုင်ရေး အတွက် ရှိသင့်ရှိအပ်တဲ့ ခံယူချက် တာဝန်တစ်ရပ် ကို သာလျှင် ဆိုလိုတယ်။

လူမှုသိပ္ပံပညာရပ် အနွယ်တွေထဲမှာ လူမှုဗေဒ (Sociology) ဟာ သက်တမ်း အနုဆုံးနယ်ပယ် တစ်ခုလို့ ဆိုကောင်း ဆိုလို့ရမယ်။ ၁၉ ရာစု အစောပိုင်းကာလ အထိ လူသားနဲ့ လူ့အဖွဲ့အစည်း တို့အပေါ် လေ့လာမှုပြုတဲ့ လူမှုဗေဒ ကို ပညာရပ်တစ်ခု အဖြစ် အလေးအနက် ထားကြတာ မျိုးမရှိခဲ့ဘူး။ လေ့လာသင်ယူဖွယ်ရာ ဘာသာရပ်တစ်ခုအဖြစ် ပညာရေးပရဝုဏ်တွေထဲ ပထမဆုံး စတင်ခြေလှမ်းချနိုင်ခဲ့မှုဟာ ၁၉ ရာစုအကုန်မှ ဖြစ်သလို ယနေ့ထက်ထိတိုင်လည်း တတိယ ကမ္ဘာ့ကနိုင်ငံ အများအပြားတို့မှာ လူမှုဗေဒဆိုတာ ဆည်းပူးအပ်တဲ့ ပညာရပ်ရယ်လို့ လက်ခံတဲ့ အနေအထားမျိုး မတွေ့ရသေးဘူး။ မျက်မှောက်ခေတ်မှာ လူမှုဗေဒရဲ့ အရေးပါမှုကို ရှေးယခင်ကထက် အသိအမှတ်ပြုလက်ခံ လာကြတာ

မှန်ပေမယ့် မော်ဒန်ဖြစ်စဉ် လို့သတ်မှတ်တဲ့ ၁၉ ရာစုအလွန်မှသာ လူမှုသီအိုရီတွေရဲ့ ရေပန်းစားမှု သိသိသာသာ မြင့်တက်လာခဲ့ခြင်းပဲ။ အထူးသဖြင့် မော်ဒန်ဖြစ်စဉ်နဲ့တကွ ပိုမိုထွေပြားရှုပ်ထွေးမှုဆောင်လာတဲ့ လူ့အဖွဲ့အစည်းနဲ့ လူမှုအဆောက်အအုံတို့ကို လေ့လာဖို့ ကြိုးစားရာမှာ လူမှုသီအိုရီတွေရဲ့ အထောက်အကူ ပြုနိုင်စွမ်းကို နားလည် သဘောပေါက်လာ ကြတယ်။

လူမှုဗေဒရယ်လို့ ပညာရပ်နယ်ပယ် တစ်ခုအဖြစ် ပီပီပြင်ပြင် မဖြစ်ထွန်းသေးစဉ် အခါက လူ့အဖွဲ့အစည်းကို သိပ္ပံနည်းကျ အကဲဖြတ် လေ့လာမှုမျိုးတွေ မရှိခဲ့ဘူး။ လူသားနဲ့ လူသား အပြုအမူဆိုတာကို နားလည်ဖို့ သိပ္ပံနည်းကျ မဆန်တဲ့ သဘာဝနည်းနာ(Naturalistic) ချဉ်းကပ်ပုံတွေကိုသာ အသုံးပြုခဲ့ရတယ်။ ၂၀ ရာစုရဲ့ လူမှုဗေဒ မီးရောင် အောက် ရောက်တဲ့အခါ ကျမှသာ လူသားနဲ့လူ့အဖွဲ့အစည်းတို့ အကြားက ဆက်သွယ်ချက်တွေကို အဖြေရှာ ဆန်းစစ်မှုတွေ ပြုလုပ်ဖို့အတွက် သီအိုရီတွေ နည်းနာစနစ်တွေ စတင်ပေါ်ထွန်းလာတယ်။ မော်ဒန်လူသားဘဝရဲ့ အသိပညာရပ် (Knowledge) ပိုင်းဆိုင်ရာမှာ အရေးပါတဲ့အချိုးအကွေ့တစ်ခုဆီ ရောက်ခဲ့ခြင်းပဲ။

ယနေ့ခေတ်ရဲ့ အထင်ရှားဆုံး လူမှုဗေဒပညာရှင် တွေထဲက တစ်ဦး ဖြစ်တဲ့ ပီယာဘော်ဒျူး (Bourdieu) က -

“သိပ္ပံပညာရပ် တိုင်းလိုပဲ လူမှုဗေဒ (Sociology)ရဲ့ လုပ်ငန်းတာဝန်က ဖုံးကွယ် ထားတဲ့ အရာ တွေကို ထုတ်ဖော်ဖို့ပဲ” လို့ ဆိုခဲ့တယ်။

ဒီစကားနဲ့ စပ်လျဉ်းပြီး နည်းနည်း စဉ်းစားကြည့်ရအောင်။ လူမှုဗေဒနဲ့ လူမှုသီအိုရီတွေက လူ့အဖွဲ့အစည်းတစ်ခုထဲကိုပဲ စူးစိုက်လေ့လာတာမျိုးမဟုတ်ဘူး။ လူ့အဖွဲ့အစည်းနဲ့ဆက်စပ်နေတဲ့ လူမှုဖြစ်စဉ်၊ လူမှုဟန်ချက်၊ ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ အင်စတီကျူးရှင်း အစရှိတဲ့ အခြားမျက်နှာစာပေါင်းများစွာတို့ကိုလည်း တစ်ပြိုက်နက်တည်း ထိတွေ့တယ်။ ဒါ့အပြင် ကိုးကွယ်ယုံကြည်မှုနဲ့ အိုင်ဒီယိုလိုဂျီတို့လို လူသားတွေးခေါ်မှုဆိုင်ရာ အခန်းကဏ္ဍတွေကိုလည်း ချန်လှပ် မထားခဲ့ဘူး။ ရာရှင်နယ်ကျတဲ့တွေးခေါ်ပုံတွေ လမ်းပွင့်လာစေဖို့ ကူညီပေးတယ်။ လူ့အဖွဲ့အစည်းအပေါ် လေ့လာချက် ဖြစ်တဲ့အတွက်လည်း လူ့အဖွဲ့အစည်း အတွင်း အမြစ်တွယ် နေတဲ့ အမုန်းတရား၊ ခွဲခြားဆက်ဆံမှု၊ အစွဲအမြင်ထားမှု၊ လူတန်းစားမညီမျှချက် စတဲ့ အနုတ်လက္ခဏာဆောင် လူမှုအခြေအနေတွေကို ပိုမိုဓမ္မဓိဋ္ဌာန် ကျကျ သုံးသပ်ချက်တွေ ထုတ်လုပ် ပေးနိုင်တယ်။ နိုင်ငံတော်နဲ့အစိုးရ၊ စာသင်ကျောင်းနဲ့ပညာရေး၊ ကုန်ထုတ်လုပ်မှုနဲ့ အလုပ်အကိုင်၊ ဘာသာရေးနဲ့ကိုယ်ကျင့်စံ၊ တရားစီရင်ရေးနဲ့ ဥပဒေပြဋ္ဌာန်းမှု၊ အိမ်ထောင်ရေးနဲ့ မိသားစုဘဝ အစရှိတဲ့ အလူ့အဖွဲ့အစည်းတစ်ခုရဲ့ အခြေခံအကျဆုံး အင်စတီကျူးရှင်းတွေ ဟာလည်း လူမှုသီအိုရီတွေထဲမှာ မီမောင်းထိုးဖော်ပြ

ခံရတယ်။ ဒါကြောင့်လည်း လူမှုသီအိုရီ တွေက လူသားရဲ့ သူနေထိုင်ရာ အဖွဲ့အစည်းအပေါ် နားလည် သုံးသပ်နိုင်စွမ်း ကို ဘက်ပေါင်းစုံတို့ ကို မြှင့်တင်ပေးနိုင်တာ တွေ့ရမယ်။

ဒီလိုမျိုး လူမှုသီအိုရီတွေဆီက ရရှိလာတဲ့ ပညာရပ်ဆိုင်ရာသိမှု (Knowledge) ကို ဘယ်နေရာမှာအသုံးချနိုင်မလဲ ဆိုရင် စောစောနကဖော်ပြခဲ့တဲ့ 'ပိုမိုကောင်းမွန်တဲ့အနာဂတ်တစ်ခု ထုဆစ်ရေး' ဆိုတဲ့စကားဆီ ပြန်ကောက်ရလိမ့်မယ်။

လူမှုဗေဒပညာရှင် အန်သိုနီဂစ်ဒင်း (Giddens) က -

"(အသိပညာရယူမှုဆိုတာ) ပိုမို ကောင်းမွန်တဲ့ လူသား အခြေအနေ တစ်ရပ်ဆီ လှမ်းမိုးမှု ပေးနိုင်ဖို့ပဲ" လို့ ဆိုခဲ့ ဖူးတယ်။

လူမှုသီအိုရီ ဆိုတာဟာ လူသားနဲ့လူ့အဖွဲ့အစည်းတို့ အပေါ် လေ့လာချက်ပဲ။ အဆိုပါလေ့လာချက် တွေမှာ ယနေ့ ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ လူမှုပြဿနာအဝဝနဲ့ အခက်အခဲပဋိပက္ခတွေကို အဖြေရှာ ချဉ်းကပ်ဖို့ ကြိုးစားတာ တွေ့ရလိမ့်မယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူ ပေါလ်ဝက်(တ)ဆန်(Paul Watson) ပြောခဲ့တဲ့ "လူမှုအပြောင်းအလဲဆိုတာ လူသားတွေ ဆီကပဲ ဖြစ်တည် လာတာ" ဆိုတဲ့စကားဟာ အငြင်းပွားစရာ မရှိဘူး။ သို့သော် အပြောင်းအလဲ ဆိုတဲ့ အဆင့်ကို မပြောမီမှာ ဦးစွာ ပထမအားဖြင့် လူသားတွေအနေနဲ့ သူတို့ ကျင်လည်နေထိုင်ရာ လူမှုကမ္ဘာ့ထဲက ပြဿနာတွေကို ထိရောက်တဲ့ကိုင်တွယ် ဖြေရှင်းမှုတွေလုပ်ဖို့ လုံလောက်တဲ့ သိမှုအခြေအနေ မျိုး ပိုင်ဆိုင် ထားဖို့လည်း လိုသေးတယ်။ လက်တွေ့ကျ ပြောင်းလဲဖော်ဆောင်မယ့် လူသားတွေ ကိုယ်တိုင်မှာ ကျိုးကြောင်းဆင်ခြင်မှု အခြေခံတဲ့ အသိပညာမျိုး မပိုင်ဆိုင်သေးသရွေ့ လူမှုအပြောင်းအလဲ ဆိုတာ စိတ်ကူးယဉ်မှု သက်သက် ဖြစ်နေဦးမှာပဲ။ လူမှုသီအိုရီတွေ က အဆိုပါ အသိပညာ အခြေခံမျိုး တိုက်ရိုက် ဆောင်ကြဉ်းပေး လာမှာ မဟုတ်ပေမယ့် သိမှု ဖြစ်ပေါ်ရေး အတွက် လိုအပ်တဲ့ ပိုင်းခြားသုံးသပ်နိုင်မှုစွမ်းရည်ကို တော့ အထောက်အပံ့ပေးနိုင် လိမ့်မယ်။ လူ့အဖွဲ့အစည်းရဲ့ နက်ရှိုင်းတဲ့ အတွင်းသား တွေထဲက အနာရောဂါတွေ ကို ပိုမို ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေ အဖြစ် ဖမ်းဆုပ်ပေးနိုင် လိမ့်မယ်။ လူမှုအဆောက်အအုံဟာ သဘာဝအားဖြင့်ကိုက ချို့ယွင်းချက်ပေါင်းများစွာ ပါဝင်နေတဲ့ လူမှုအရှုပ်အထွေးတစ်ခုပဲ။ လူမှုပြဿနာနဲ့ပဋိပက္ခတွေဟာ ရောဂါကပ်ဆိုးလို့ဆိုရင် အဆိုပါ အနာရောဂါတွေရဲ့ ဇာစ်မြစ်ကို နားလည်နိုင်ဖို့ရာ အဆောက်အအုံကိုယ်ထည်တစ်ခုလုံးအထိ ပိုင်းခြားစစ်ဆေးဖို့ လိုလာမယ်။ ဒါ့အပြင်က ရောဂါဆိုးကျိုးဒဏ်ကို မျက်ဝါးမြင်မြင်ခံစားမြင်တွေ့နေရပြီဖြစ်ပါလျက် ရောဂါရဲ့ မူလ အရင်းခံကို မရှာဖွေနိုင် မကုစားနိုင်ရင်၊ သို့မဟုတ်

အလားတူရောဂါတွေမဖြစ်ပွားရအောင် ကြိုတင်ကာကွယ်မှုတွေ မပြုလုပ်နိုင်ရင် လာလတ္တံ့သောအနာဂတ်မှာ ပိုမိုပြင်းထန်တဲ့ ဘေးထွက်ဆိုးကျိုးလက္ခဏာတွေ ကြုံရနိုင်တဲ့ အန္တရာယ်မျိုးရှိလာမယ်။ ယနေ့မှာ လူမျိုးရေးခွဲခြားမှု၊ ကလေးသူငယ်တွေအပေါ်လိင်အကြမ်းဖက်မှု၊ လိင်အရခွဲခြားဆက်ဆံမှု၊ အိမ်တွင်းအကြမ်းဖက်ဖိနှိပ်မှု စသဖြင့် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းရမယ် လူမှုကပ်ရောဂါပေါင်းများစွာ ရှိတယ်။ လူမှုပြဿနာတွေကိုကိုင်တွယ်ဖို့ တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲဖော်ဆောင်ဖို့ ဆိုရင် အဆောက်အအုံကျောရိုး တစ်ခုလုံးနဲ့ဆက်နွယ်နေတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမျက်နှာစာတွေအပြင် ယဉ်ကျေးမှု၊ အစဉ်အလာထုံးတမ်း၊ အိုင်ဒီယိုလိုဂျီ စတဲ့ ကဏ္ဍတွေပါမကျန် ပြန်လည်ဆန်းစစ်ဖို့လိုလာမယ်။ အပြောင်းအလဲဆိုတာ လွယ်လင့်တကူ ဖြစ်ပေါ်နိုင်တဲ့အရာတော့မဟုတ်ဘူး။ အနာဂတ်ဟာ ကင်းဗတ်စအဖြူတစ်ချပ်လို့ဆိုရင် ဒါကို ပေကျံညစ်ထေးသွားအောင် ပြုလုပ်ဖို့လွယ်ကူသလောက် လှပစွာဆေးခြယ်ထားတဲ့ ပန်းချီကားတစ်ချပ်ဖြစ်ဖို့ ဆိုရင်တော့ များစွာအချိန်ယူရမယ်၊ အားစိုက်ထုတ်ရမယ်၊ စိတ်ရှည်ရလိမ့်မယ်။ ဒါဟာလည်း ယနေ့မှာစိုက်ပြီး နောက်တစ်နေ့ဆွတ်ယူစားသုံးလို့ရတဲ့အသီး ဖြစ်လာမှာ မဟုတ်ဘူး၊ ယနေ့မှာပျိုးပြီး နောက်တစ်နေ့ခိုလို့ရတဲ့အရိပ် ဖြစ်လာမှာလည်းမဟုတ်ဘူး။ လက်တွေ ရွံ့ပေလိမ့်မယ်၊ ပင်ပန်းလိမ့်မယ်၊ အခန့်မသင့်ရင် မတော်တဆထိခိုက်မှုတွေလည်း ကြုံရနိုင်သေးတယ်။ သို့သော် ဒီလိုမှမလုပ်ခဲ့ရင် နောင်လာမယ့်အနာဂတ်မျိုးဆက်တွေဟာ ယနေ့ ကျွန်တော်တို့ဖြစ်နေသလို နေပူပူထဲရပ်ရတဲ့ဘဝနဲ့ ကြုံရမှာအမှန်ပဲ။ အနည်းဆုံးတော့ သူတို့အတွက် အရိပ်တွေ ရည်ရွယ်စိုက်ပျိုးခဲ့သင့်တယ်။

ဒါတွေဟာ လူမှုသီအိုရီနဲ့ ဘာများသက်ဆိုင် လို့လဲ မေးကောင်း မေးလို့ရတယ်၊ သက်ဆိုင်တယ် ဆိုစေဦး တော့ ဒီလို လက်တွေ့ ဘဝရဲ့ လူမှု ပြဿနာတွေ ကို လူမှုသီအိုရီတွေက ဖြေရှင်း ပေးနိုင်လိမ့်မှာ မဟုတ်ဘူးလို့ စောဒကတက်ကောင်း တက်လို့ရတယ်။ အမှန်ပါပဲ၊ လူမှုသီအိုရီဆိုတာ ဟာ လူမှုဘဝ ပြဿနာအားလုံးတို့ကို ဖြေရှင်းပေးနိုင်မယ်အဖြေ မဟုတ်ဘူး။ အမျိုးမျိုးသော လူမှုသီအိုရီတွေဟာ လူသားဘဝကို အမျိုးမျိုးသော ရှုထောင့်အမြင်တွေက လေ့လာခြင်းသာဖြစ်တယ်၊ လူသားနဲ့လူမှုအဆောက်အအုံတို့ရဲ့ ဆက်သွယ်ချက် အပေါ် ဆန်းစစ်ခြင်းဖြစ်တယ်၊ လူ့အဖွဲ့အစည်းတစ်ခု အတွင်းက လူမှုအလေ့အထတွေ၊ ထုံးတမ်း အစဉ်အလာတွေနဲ့ အင်စတီကျူးရှင်းတွေရဲ့ အလုပ်လုပ်ပုံတွေကို ချဉ်းကပ်ကြည့်ခြင်းဖြစ်တယ်၊ လူမှုမညီမျှချက်တွေနဲ့ပဋိပက္ခတွေနောက်ကွယ်က ပါဝါဆိုင်ရာဆက်သွယ်ချက်တွေရဲ့ သဘောကို ထုတ်ဖော်ပိုင်းခြားခြင်းဖြစ်တယ်။ သို့သော် အလေးအနက်နားလည်ထားဖို့လိုတဲ့အချက်က လူမှုသီအိုရီ လေ့လာချက်တွေမှာ လူမှုကပ်ရောဂါဆိုးတွေကိုကုစားပေးမယ့် ကုထုံးတွေဆီ

တိုက်ရိုက်လမ်းပြပေးတာမျိုး မလုပ်နိုင်ဘူးဆိုရင်သော်မှ အနိမ့်ဆုံးအဆင့်မှာ ရောဂါဖြစ်ပွားစေတဲ့ အမူအကျင့်နဲ့ အလေ့အထ တွေကိုတော့ ထင်ဟပ်ပြထားနိုင်တယ် ဆိုတာပဲ။ လူမှုသီအိုရီတစ်ခုချင်းစီမှာ အခြေခံယူတဲ့ အယူဝါဒလမ်းကြောင်း တစ်ရပ်ရပ်ရှိသလို အားသာချက် အားနည်းချက်တွေလည်း အနည်းနဲ့အများ ပါဝင်တယ်။ ဒီစာအုပ်မှာ ဖော်ပြထားတဲ့ လူမှုသီအိုရီ တွေက မျက်မှောက်ခေတ် ကွန်တမ်ပိုရာရီ လူမှုဗေဒနယ်ပယ်မှာ အကြုံးဝင်ဆဲ၊ လွှမ်းမိုးမှုရှိဆဲ အယူအဆတွေ ဖြစ်တယ်။ သို့ပေမယ့် သီအိုရီတိုင်း အယူအဆတိုင်းကို အလုံးစုံ လက်သင့်ခံ စုပ်ယူထားဖို့မဟုတ်ဘဲ မိမိရဲ့ တွေးတော ဆင်ခြင်မှုနဲ့ ပြန်လည် ချိန်ထိုးစဉ်းစား ကြည့်ဖို့ပဲ။ ဆိုခဲ့ပြီးသလို ကျွန်တော်တို့မှာ ရှိနေတဲ့မေးခွန်းတိုင်းအတွက် လူမှုသီအိုရီတွေက အဖြေတွေ ဖြစ်လာမှာ မဟုတ်ဘူး၊ အဲဒီအစား အဖြေတွေ ဆီဦးတည် နိုင်တဲ့ ဖြစ်တန်ချေ လမ်းကြောင်းတွေ ကိုသာ ချဲ့ထွင် လမ်းပြပေးလိမ့်မယ်။

ဒီနေရာ အထိ စာရေးသူတစ်ယောက် အနေနဲ့ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကို တိတိပပ ဖော်ပြတာမျိုး မလုပ်ရသေးဘူး။ ဒါဟာလည်း ဒီစာအုပ်ရဲ့ ကွက်လပ်တော်တော်များများ တို့နည်းတူ နောက်ဆုံး စာမျက်နှာပြီးဆုံးချိန်မှာ စာဖတ်သူကိုယ်တိုင် ပါဝင်ဖြည့်စွက်ရမယ့် နောက်ထပ်ကွက်လပ်တစ်ခု အဖြစ် ချန်လှပ်ခဲ့ပါရစေ။

ဤစာအုပ်ပါအကြောင်းအရာများကို

Anthony Elliott Contemporary Social Theory (2009) Pip Jones, Liz Bradbury & Shaun Le Boutillier

O Introducing Social Theory, 2nd Edition (2011) & David Inglis (with Christopher Thorpe)

An Invitation to Social Theory (2012) တို့မှ အဓိကကိုးကားပြန်ဆိုပါသည်။

မာ့က်စ်ဝါဒဆိုင်ရာ ပါရာဒိုင်းများ

ဝေဖန်ရေးသီအိုရီရဲ့ Consumerism အပေါ် ဖွင့်ဆိုချက်

ဆန်ဖရန်စစ္စကို ကနေ ဆစ်ဒနီတို့ စင်ကာပူတို့အထိ၊ နယူးယော့ခ်ကနေ နယူးဒေလီတို့ ဘန်ကောက်တို့ အထိ ကမ္ဘာတဝှမ်းလုံးမှာရှိတဲ့ အထင်ကရရှော့ပင်းစင်တာ တွေကို ကြည့်လိုက်ရင် တပြိုးပြိုးတပြက်ပြက်လက်နေတဲ့ ဖက်ရှင်ဒီဇိုင်းတွေ၊ နောက်ဆုံးပေါ် နည်းပညာဆိုင်ရာ စက်ပစ္စည်းတွေ၊ စွဲမက်လောက်ဖွယ် အလှကုန်တွေကို မျက်စိတဆုံး တွေ့ရမှာပဲ။ အဲဒီ ရှော့ပင်းမောလ် တွေမှာ တစ်ပတ်လောက် ပတ်လျှောက် ကြည့်ပြီးပြီ ဆိုရင်တော့ အရင်းရှင်ဝါဒ ပြန့်ပွားမှုဟာ `နိုင်ငံအသီးသီးတို့မှာ ကုန်ထုတ်လုပ်မှု (Production) နဲ့ ဝယ်ယူသုံးစွဲမှု (Consumption) တို့ရဲ့ ကမ္ဘာ့လုံးဆိုင်ရာသရုပ်တစ်ခု' ကို ဖော်ဆောင်ခဲ့ပြီ ဆိုတဲ့ ကားလ်မာ့က်စ်ရဲ့ စကားကို စဉ်းစားမိကောင်း စဉ်းစားမိလိမ့်မယ်။ ဒါက တွေးလောက်ဖွယ် အချက်ပဲ။ မာ့က်စ်ရဲ့ အမြင်မှာက အရင်းရှင်ဝါဒစနစ် အောက်က လူသားဘဝဟာ စိတ်ဆန္ဒနဲ့ အာရုံခံစားမှုဆိုင်ရာ လွန်ကဲ ဖောင်းပွမှု ဆီ အဆက်မပြတ် တွန်းပို့ခံ နေရတယ်။ လူ့အဖွဲ့အစည်းအတွင်း မှာ စိတ်ကျေနပ်နှစ်သိမ့်မှုဆိုတဲ့ အရာဟာ စားသုံးသူဝါဒ(Consumerism) နဲ့ တိုက်ရိုက် အချိုးကျလာပြီး လူသား တွေဟာ ကုန်ပစ္စည်းတွေ ဖက်ရှင် ဒီဇိုင်းတွေ စဉ်ဆက်မပြတ် ဝယ်ယူစုဆောင်းမှုအားဖြင့် ဖျော်ဖြေမှုကို ရှာဖွေရယူ လာကြတယ်။

ရုတ်တရက် ကြည့်ရင်တော့ ဒါဟာ လုပ်ယူချဲ့ကားထားတဲ့ အဆိုတစ်ခုလိုပဲ။ သို့သော် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံတစ်ခုမှာ နောက်ဆုံးပေါ် ကုန်ပစ္စည်းတစ်ခုကို ဦးဦးဖျားဖျား ကိုင်ရဖို့ နာရီပေါင်း များစွာ စီတန်းစောင်ဆိုင်းနေတဲ့ လူတန်းရှည်ကြီးကို မြင်မိမယ်ဆိုရင်တော့ ကုန်ပစ္စည်းတံဆိပ်တွေရဲ့ လူသားဘဝအပေါ် လွှမ်းမိုးနိုင်မှုကို အံ့အားသင့်မိလိမ့်မယ်။ ကမ္ဘာကျော် အက်ပဲလ်တံဆိပ် iPad တစ်လုံး ဝယ်ယူနိုင်ဖို့ရာ အတွက် မိမိကျောက်ကပ်ကို ထုတ်ယူရောင်းချခဲ့တယ် ဆိုတဲ့ တရုတ်လူငယ်တစ်ယောက်ရဲ့ ထိတ်လန့်စရာသတင်း ကမ္ဘာ့မီဒီယာတွေမှာ အုတ်အော် သောင်းနင်း ဖြစ်သွားခဲ့တဲ့ သာဓကလည်း ပူပူနွေးနွေး ရှိနေသေးတယ်။ ရာစုသစ်မှာတော့ Long March ဆိုတာလည်း ဖုန်းမော်ဒယ်သစ်အတွက် ညလုံးပေါက်တန်းစီတဲ့ မြင်ကွင်းမျိုးနဲ့သာ ပိုသဏ္ဌာန်တူသွားပြီ။ ဆန်းသစ်တဲ့ကုန်ပစ္စည်းတွေ များပြားလာတာနဲ့အမျှ လူတွေဟာလည်း ပိုမိုဆန်းသစ်တဲ့အတွေ့အကြုံတွေကို ငတ်မွတ်လာကြတယ်။ ဒီလို ကုန်ပစ္စည်းအသစ်တွေနောက် အရှူးအမူးလိုက်ပါမှုနဲ့အတူ မိုဘိုင်းလ်ဖုန်းတွေ၊

အလှကုန်တွေ၊ ဖက်ရှင်ဒီဇိုင်းတွေဟာ လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပြဆိုတာပါလို့ နောက်ထပ်ရှုထောင့်တစ်ခုကနေ ပြန်လည် ငြင်းခုံတာမျိုး လုပ်လို့တော့ရတယ်။ ဒါပေမယ့် မာ့က်စ်ဝါဒ ဆိုင်ရာ ရှုထောင့် အမြင် တစ်ရပ်က ကြည့်မယ် ဆိုရင်တော့ အလွန်အကျွံ အတက်ပြ လာတဲ့ စားသုံးသူဝါဒ ဟာ လူသားဘဝရဲ့ အရေးပါတဲ့ အခြားကဏ္ဍ တွေ အပေါ် သတိပြုမိမှု မှေးမှိန် လာစေပြီး စဉ်ဆက်မပြတ် ဝယ်ယူသုံးစွဲမှု ဖက်ရှင်ရေစီးထဲမှာ တောက်လျှောက် မျောပါအောင် ဆွဲဆောင်နေ တော့တယ်။

တစ်ချိန်တုန်းကတော့ တယ်လီဗီးရှင်းဟာ ရေပန်းအစားဆုံးသော အပန်းဖြေမှု တစ်ရပ် ဖြစ်ခဲ့ဖူးတယ်။ အခုချိန်မှာတော့ တစ်ကမ္ဘာလုံး အနှံ့အပြားကို ကြည့်လိုက်ရင် တယ်လီဗီးရှင်း ဟာလည်း ဈေးဝယ်ထွက်ခြင်း (Shopping) ရဲ့ နောက်ကောက်ချခြင်းကို ခံလိုက်ရပြီလို့တောင် ပြောလို့ရတယ်။ ကွန်တမ်ပိုရာရီလူနေမှု ပုံစံခွက်ထဲမှာ လူသားတွေဟာ သူတို့ ပုံရိပ်ကို ပြန်လည်ထုဆစ်ဖို့ သူတို့ဘယ်လို အသက်မွေးဝမ်းကြောင်းနဲ့ ရပ်တည် သလဲဆိုတာထက် သူတို့ ဘာတွေ ဝယ်ယူပြီး ဘာတွေ ပိုင်ဆိုင်ထားတယ် ဆိုတာကို ပိုမိုရှေ့တန်းတင်လာကြတယ်။ ဈေးဝယ်ထွက်ခြင်းဆိုတာဟာ ကာလံဒေသံ မရွေးဘဲ အဆုံးအစမဲ့ တဲ့ မြင်ကွင်းကျယ် ထဲမှာ ဖုန်းတစ်ခေါ်စာ၊ Mouse Click တစ်ချက်စာနဲ့ လက်လှမ်းမီလာတဲ့ အပန်းဖြေမှုပုံစံတစ်ရပ် ဖြစ်လာတယ်။ မီးဖိုချောင်သုံးပစ္စည်းတွေ စားသောက်ကုန်တွေ အစ ရိုးလက်စ်နာရီတွေ၊ နိုက်ကီတံဆိပ်အားကစားအသုံးအဆောင်တွေ၊ အာမာနီဖက်ရှင်ဒီဇိုင်းတွေအထိ လိုက်ရင် လိုက်သလောက် မဆုံးနိုင်တဲ့ ဈေးဝယ်ထွက်ခြင်း အပန်းဖြေမှုဟာ စက်မှုခေတ်မော်ဒန် လူ့ အဖွဲ့အစည်းတွေကို စက်မှုခေတ် နှောင်းပိုင်း စားသုံးသူဝါဒ ဆန်ဆန် လူနေမှုဘဝဆီ တွန်းပို့ လိုက်တယ်။

မေးဖို့ရှိလာတာက ဒီလိုစားသုံးသူဝါဒ ယဉ်ကျေးမှုဟာ ကွန်တမ်ပိုရာရီ လူ့အဖွဲ့အစည်းအတွင်းက လူသားတွေရဲ့ အစစ်အမှန်လွတ်လပ်မှုကို တကယ်ရောပုံဖော်ပေးနိုင်ရဲ့လား။ အသစ်အသစ်သော ကုန်ပစ္စည်းတွေ အမျိုးအမည်နဲ့ ဖက်ရှင်ဒီဇိုင်းတွေဟာ လူသားရဲ့ နက်ရှိုင်းတဲ့ စိတ်အတွင်းပိုင်းတစ်နေရာက ကျေနပ်နှစ်သိမ့်မှုကို တကယ်ပဲ ဖြည့်ဆည်းပေးနိုင်တာလား။ ဒီလိုမှမဟုတ်ရင် လူသားတွေအနေနဲ့ သူတို့ရဲ့ အတောမသတ်နိုင်တဲ့ စိတ်ဆန္ဒနောက် တောက်လျှောက် လိုက်ပါနေနိုင်ဖို့ ဖြားယောင်း လမ်းဖွင့်ပေးထားတဲ့ နောက်ထပ် လှုံ့ဆော်မှုပုံစံတစ်ရပ်ပဲလား။ ဈေးဝယ်ထွက်ခြင်းဆိုတာကို နေ့စဉ်ဘဝထဲက အဓိကလို အပ်ချက်တစ်ခုလို ဖက်တွယ်ထားတဲ့ လူသားတွေထဲက ရာခိုင်နှုန်းဘယ်လောက်ကရော သူတို့ဘဝရဲ့ အချိန်တွေကို မိသားစုဝင်တွေ၊ မိတ်ဆွေသူငယ်ချင်းတွေ ဒါမှမဟုတ် ပိုမိုအဓိပ္ပါယ်ရှိတဲ့ ဝါသနာလမ်းကြောင်းတွေအတွက် ဖဲ့ပေးထားနိုင်သလဲ။ ဒါဟာ

စဉ်းစားစရာ ကောင်းတဲ့အချက်ပဲ။ တန်ဖိုးအကြီးဆုံးနဲ့ အကောင်းဆုံးပါဆိုတဲ့ စမာ့တ်ဖုန်းတစ်လုံးဟာ နောက်ထပ် သုံးလေးလအတွင်း ပိုမိုသာလွန်တဲ့ နောက်ထပ် စမာ့တ်ဖုန်းမော်ဒယ်တွေ နဲ့ အစားထိုးခံလိုက်ရတယ်။ အဆိုပါစမာ့တ် ဖုန်းထွက်ရှိခါစက ဦးဦးဖျားဖျား အသုံးပြုနိုင်ဖို့ ငွေကြေးအကုန်ကျခံ ဝယ်ယူခဲ့သူတစ်ဦးဟာ ဖုန်းအသစ်တွေ ပေါ်အလာမှာ သူတော့ နည်းပညာရေစီးထဲ နောက်ကျကျန်နေခဲ့ပြီ ဆိုတဲ့ မချင့်မရဲအသိနဲ့ နောက်ထပ်သော `နောက်ဆုံးပေါ်' ဆိုတဲ့ တံဆိပ်နောက် လိုက်နိုင်ဖို့ ကြိုးစားရပြန်တယ်။ အဲဒီလိုပဲ အသစ်လွင်ဆုံးဆိုတဲ့ ဖက်ရှင်ဒီဇိုင်း တစ်ခုဟာ လအနည်းငယ် အတွင်း လျှော့ဈေးနဲ့ ရောင်းချတဲ့အတန်းထဲ အပို့ခံလိုက်ရပြီး ပိုမိုသစ်လွင်တဲ့ ဒီဇိုင်းတွေ ပေါ်ထွက်လာတယ်။ ဝယ်ယူသုံးစွဲသူဟာ ဟောင်းနွမ်းသွားပြီဖြစ်တဲ့ `အသစ်လွင်ဆုံး'ဆိုတာကို ပစ်ချခဲ့ပြီး နောက်ထပ် အသစ်လွင်ဆုံး ဆိုတာတွေနောက် ဆက်လိုက်ရ ပြန်တယ်။ ကုန်ပစ္စည်း ပေါင်းစုံကအစ တင်ကြို စီစဉ်သတ်မှတ်ပေးထားတဲ့ အားလပ်ရက် အပန်းဖြေ ခရီးစဉ်တွေ အထိ အမျိုးမျိုး အရောင်းတင် ကြော်ငြာရောင်းချနေတဲ့ စားသုံးသူဝါဒရေစီးကြောင်းဟာ လူသားတွေအတွက် အသစ်သစ်သော လွတ်လပ်မှုပုံစံတစ်ရပ် ဖန်တီးလိုက်တာလား၊ ဒါမှမဟုတ် အသစ်သစ်သော မလုံခြုံမှုတွေကို ဆောင်ကြဉ်းလာတာလားဆိုတာ စဉ်းစားကြည့်ဖွယ်ပဲ။

အသွင်တစ်မျိုး ပြောင်းလဲသွားပြီ ဆိုနိုင်တဲ့ စက်မှုခေတ်နှောင်းပိုင်း အရင်းရှင်ဝါဒ လက်တံတွေ အောက်က ကွန်တမ်ပိုရာရီ လူ့အဖွဲ့အစည်းကို ဝေဖန်ချဉ်းကပ်ရာမှာ မာ့က်ဝါဒီတွေရဲ့ လေ့လာချက်တွေဟာ အကျယ်ပြန့်ဆုံးနဲ့ စိတ်ဝင်စားစရာ အကောင်းဆုံးလို့ ပြောနိုင်တယ်။ အထူးသဖြင့် ဝယ်ယူသုံးစွဲသူဝါဒ နဲ့အရင်းရှင်စနစ်တို့ရဲ့ နိုင်ငံရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ ကောက်ကြောင်း တွေကို လေ့လာရာမှာ ဖရန့်ဖွတ်ကျောင်းတော် (The Frankfurt School) ရဲ့ အခန်းကဏ္ဍကို ပယ်လှပ် ထားခဲ့လို့မရဘူး။ ဖရန့်ဖွတ်ကျောင်းတော်ရဲ့ မာ့က်စ်ဝါဒ နိုင်ငံရေးအမြင်မှာက ဂန္ထဝင်လူမှုသီအိုရီတွေ ကနေ ဖရွိုက်ရဲ့ စိတ်ခွဲပညာတို့အထိ ရောနှော ပါဝင်တယ်။ အထင်အရှားပြဆိုစရာက သီအိုဒေါအဒေါ်နို (Adorno) ထုတ်နုတ်ပြခဲ့တဲ့ Administered Society အမြင် နဲ့ ဟားဘတ်မာကူဇာ(Marcuse) ရဲ့ အထင်ကရ လေ့လာချက်ဖြစ်တဲ့ One-dimensional Society တို့ပဲ။ ဖရန့်ဖွတ်ကျောင်းတော်လို့ ဆိုလိုက်ရင် အထင်ရှားဆုံး အမည်တွေဖြစ်တဲ့ အဒေါ်နို၊ မာကူဇာနဲ့ ဟော်ခိုင်းမားတို့ရဲ့ အရေးအသား ပို့ချချက်တွေ အပြင် ကျောင်းတော်တစ်ခုလုံးရဲ့ ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံရေး လမ်းကြောင်းက အရင်းရှင်စနစ် ယန္တရားအလုပ်လုပ်ပုံအပေါ် လေ့လာဆန်းစစ်မှုဆီ ဦးတည်ထားတယ်။

ဒီနိုင်ငံရေးဆိုင်ရာ အမြင်ကို ယေဘုယျအနေနဲ့ `ဝေဖန်ရေးသီအိုရီ' (Critical Theory) ရယ်လို့ ခြုံငုံရည်ညွှန်းတယ်။ စိတ်ဝင်စားစရာအချက်ကတော့

ဖရန့်ဖွတ်ရဲ့ ဝေဖန်ရေးသီအိုရီဟာ ယနေ့ကွန်တမ်ပိုရာရီ နိုင်ငံရေးလူမှုရေးနယ်ပယ်တို့ အထိ ထင်ဟပ်ကိုက်ညီမှုရှိနေတာ ဖြစ်ပြီး ခေတ်ပြိုင်လူနေမှုဘဝကို နားလည်ဖို့အတွက်လည်း များစွာ အထောက်အကူပြုတယ်။ နောက်ထပ် စိတ်ဝင်စားစရာက စားသုံးသူဝါဒကို မဏ္ဍိုင်ထားပြီး ခြေလှမ်းမြန်မြန် ရွေ့လျားနေတဲ့ ကွန်တမ်ပိုရာရီလူ့အဖွဲ့အစည်းအတွင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှုပ်ရှားနေရတဲ့ လူသားတွေအနေနဲ့ သူတို့နေ့စဉ်ဘဝထဲမှာ သတိပြုဖို့ သဘောပေါက်ဖို့ ခဲယဉ်းတဲ့ ရှုထောင့်အမြင် တွေကို ဖရန့်ဖွတ်ရဲ့ ဝေဖန်ရေးသီအိုရီက အဓိကကိုင်တွယ်တယ်။ ဒီအမြင်တွေကတဆင့် နောက်ဆုံးမှာ အရင်းရှင်ဝါဒရဲ့ နောက်ကွယ်ကလက်တံတွေ အလုပ်လုပ်ပုံစနစ်တစ်ခုလုံးကို ဝေဖန်ဆန်းစစ်တယ်။

ဒီနေရာမှာ ဖရန့်ဖွတ်ကျောင်းတော်ရဲ့ ဝေဖန်ရေးသီအိုရီ (Critical Theory) အကြောင်း အနည်းငယ်ပြောကြည့်မယ်။ ဝေဖန်ရေးသီအိုရီအမြင်အရ အရင်းရှင်ယန္တရားအလုပ်လုပ်မှု အောင်မြင်ခြင်းဟာ လူသားတွေအပေါ် စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးခြယ်လှယ်မှု တစ်ခုကို ဆုပ်ကိုင်ထားနိုင်တာကြောင့်ပဲ။ ဒီတွေးခေါ်ပုံကို အထောက်အပံ့ပြု ကြောင်းကျိုးတရား (Instrumental Reason) လို့ သုံးနှုန်းတယ်။ အကျဉ်းချုံးသဘော ကတော့ လူသားတွေကို အရင်းရှင်စနစ် အောင်မြင်ဖို့ဆီ ခြေလှမ်းရာမှာ အထောက်အပံ့ ပြုနိုင်တဲ့ အသုံးချ တန်ဖိုးရှိ အရာတွေ အဖြစ် ရှုမြင်တာပဲ။ လူသားတွေကို စနစ်တစ်ခုလုံးရဲ့ ဦးတည်ချက် ပန်းတိုင်ဆီ သွားဖို့အတွက် လိုအပ်တဲ့ အစိတ်အပိုင်း တွေအဖြစ် တင်ကြို သတ်မှတ်မှု ပြုတယ်။ Instrumental Reason က အဲဒ့ီ ဦးတည်ချက်ဆီ `ဘယ်လို␣ ရောက်အောင်သွားမလဲ ဆိုတာကိုပဲ အဓိက အာရုံထားတယ်။ ဥပမာ စားသုံးသူဝါဒကို မြှင့်တင်ဖို့ဆိုရင် တစ်ဖက်က စဉ်ဆက်မပြတ် ထုတ်လုပ်မှု လိုအပ်သလို တခြားတစ်ဖက်ကလည်း ထုတ်လုပ်လိုက်တဲ့ကုန်ပစ္စည်းတွေ ဈေးကွက် အတွင်းဝယ်ယူသုံးစွဲမှု စဉ်ဆက်မပြတ်ရှိနေနိုင်ဖို့ လိုအပ်တယ်။ အဲဒီအခါမှာ အမျိုးမျိုးသော ဆွဲဆောင် သိမ်းသွင်းမှုတွေ၊ မငြင်းနိုင်လောက်ဖွယ် မက်လုံးတွေ၊ အပြိုင်အဆိုင် အရောင်းမြှင့်တင်မှုတွေ၊ ဝယ်ယူမှုကို လွယ်ကူမြန်ဆန်စေတဲ့ နည်းပညာ အကူအညီတွေပါ ပါလာကြတယ်။ လူသားတွေဟာ စိတ်တိမ်းညွတ်လောက်ဖွယ်ရာ ဆွဲဆောင်မှုတွေနဲ့အတူ တစ်နည်း မဟုတ်တစ်နည်း စားသုံးသူဝါဒဆီ မပြတ်တွန်းပို့ခံ နေရမှာပဲ။ အဆုံးမရှိနိုင်တဲ့ ဝယ်ယူသုံးစွဲမှု စက်ဝန်းထဲ ပတ်ချာလည်နေရင်း မသိမသာအားဖြင့် စားသုံးသူဝါဒ အောင်မြင်ရေးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်အသုံးတော်ခံရသူ (Means to Ends) တွေ ဖြစ်လာကြတယ်။

နောက်တစ်ချက်က ပေါ်ပြူလာယဉ်ကျေးမှုနဲ့ ပေါ်ပြူလာဖျော်ဖြေရေးတွေဟာလည်း လူထုကို နေ့စဉ်ဘဝနဲ့ကင်းကွာလာစေပြီး

အဖျော်ဖြေခံစိတ်ကူးယဉ်နယ်မြေတစ်ခု ဖန်တီးပေးတယ်။ တစ်နည်းအားဖြင့် လူသားတွေဟာ ကျိုးကြောင်း ဆင်ခြင်သုံးသပ်နိုင်စွမ်း နည်းပါးလာကြပြီး နိုင်ငံရေး လူမှုရေးလမ်းကြောင်း တွေဆီက ကင်းကွာလာ ကြတယ်။ ဝေဖန်ရေး သီအိုရီအမြင် အရတော့ ဒါဟာ အရင်းရှင်စနစ်ရဲ့ ဦးတည်ချက် တွေထဲက တစ်ခုပဲ။ ဒီအချက်ကို နောက်ထပ် အားဖြည့်ပေးတာကတော့ လူထုမီဒီယာတွေဆီကတဆင့် ပုံဖော်ခံရတဲ့ Mass Culture ပဲ။ နေ့စဉ်ဘဝထဲကလူသားတွေ သို့မဟုတ် အုပ်ချုပ်ခံလူထုကို စိတ်ပိုင်းဆိုင်ရာအရ ခြယ်လှယ် လွှမ်းမိုးမှုပြုရာမှာ Mass Culture က နောက်ထပ်အသုံးဝင် လက်နက်တစ်ခုလို့ ဝေဖန်ရေး သီအိုရီက မြင်တယ်။ ဝေဖန်ရေး သီအိုရီသမားတွေ က ယဉ်ကျေးမှု ဆိုင်ရာ ကြားခံနယ်တွေ ဖြစ်ကြတဲ့ ရုပ်မြင်သံကြား၊ ရေဒီယို၊ ပေါ်ပြူလာဂီတ (ယနေ့ခေတ်မှာဆို အင်တာနက်) စတာတွေ အားလုံးရဲ့ အခန်းကဏ္ဍကို အလေးအနက် မေးခွန်းထုတ်တယ်။ သူတို့ရဲ့ အမြင်မှာက ဒီလို ယဉ်ကျေးမှု အေဂျင်စီတွေက လူထုကို ဖျော်ဖြေခံ သက်သက်နေရာ တွန်းပို့ လိုက်ပြီး တစစအားဖြင့် သိမှုပိုင်းဆိုင်ရာ အားနည်း နိမ့်ကျလာတဲ့ လွှမ်းမိုးခံတွေ ဘဝ ရောက်ရှိစေတယ်။ ပေါ်ပြူလာဖျော် ဖြေရေးနဲ့ ပေါ်ပြူလာ ယဉ်ကျေးမှုတို့က လက်တွေ့ဘဝဆီက ကင်းလွတ်တဲ့ စိတ်ကူးယဉ်ကမ္ဘာ တစ်ခုအတွက် တံခါးဆွဲဖွင့်ပေးလိုက်တာပဲ။ တစ်နည်းအားဖြင့် အရင်းရှင်ဝါဒ ယန္တရားကို မြန်မြန်သွက်သွက် လည်စေဖို့အတွက် အသုံးပြုတဲ့ ချောဆီပဲ။ နေ့စဉ်ဘဝထဲမှာက ရုပ်မြင်သံကြား၊ ရေဒီယို၊ မဂ္ဂဇင်းစတာ တွေမှာ မဆုံးနိုင်သော ကုန်ပစ္စည်းပေါင်း၊ အလှကုန်ပေါင်း၊ ဖက်ရှင်ဒီဇိုင်းပေါင်းကို နည်းလမ်း ပေါင်းစုံတို့ နဲ့ ကြော်ငြာပြထားတယ်။ ဒီလိုကုန်ပစ္စည်းတွေကို ဝယ်ယူသုံးစွဲခြင်းအားဖြင့်လည်း လူသားတွေဟာ ပျော်ရွှင်ချမ်းမြေ့မှု ရရှိလိမ့်မယ် သို့မဟုတ် ပိုမိုကောင်းမွန်တဲ့ လူနေမှုဘဝကို ရယူနိုင်လိမ့်မယ် စသဖြင့် ဆွဲဆောင်ထားတဲ့ အာမခံချက်တွေကို မကြာခဏဆိုသလို မြင်ရလိမ့်မယ်။ ခေတ်မီဖို့အတွက် သို့မဟုတ် လူအများနဲ့ တပြေးညီရင် ဘောင်တန်းဖို့အတွက် ဒီလိုကုန်ပစ္စည်းတွေ ဝယ်ယူ သုံးစွဲပါဆိုတဲ့ ဖျားယောင်းမှုတွေလည်း မြင်ရလိမ့်မယ်။ အပေါ်ယံ အားဖြင့်တော့ ဝယ်ယူသုံးစွဲသူဝါဒ ဟာ လူထုရဲ့ နေ့စဉ်လူမှုဘဝကို ဒီလိုကုန်ပစ္စည်းတွေ အားဖြင့် လွယ်ကူ အဆင်ပြေအောင် ကူညီပေးနေတာလို့ ထင်စရာပဲ။ တကယ်က သူတို့ ကတိပေး အာမခံထားတဲ့ ပျော်ရွှင်မှု သို့မဟုတ် စိတ်ကျေနပ်နှစ်သိမ့်မှု ဆိုတာက သက်တမ်း တိုတောင်းလှတဲ့ ပုံရိပ်ယောင်တစ်ခု မျှသာပဲ။ ပျော်ရွှင်မှုအစား ပျော်ရွှင်မှုလို့ အမည်တပ် ထားတဲ့အခွံတစ်ခုကိုသာပဲ လူထုဆီပေး တယ်။ ဒီလိုစနစ်မျိုးဟာ စစ်မှန်တဲ့ အနုပညာနဲ့တကွ ယဉ်ကျေးမှု နယ်ပယ်တစ်ခုလုံး အထိ ကောင်းကောင်း ခြိမ်းခြောက် ဖျက်ဆီးနိုင်တယ် လို့ ဝေဖန်ရေး သီအိုရီသမား တွေက မြင်ကြတယ်။

စိတ်ခွဲပညာလွှမ်းမိုးမှုနှင့် ယထာဘူတဝါဒအမြင်

ဖရန့်ဖွတ်ကျောင်းတော်ရဲ့ ဝေဖန်ရေးသီအိုရီမှာ နောက်ထပ်သတိပြုစရာကတော့ ဖရွိုက်ရဲ့ စိတ်ခွဲပညာ (Psychoanalysis) နယ်ပယ်ဆီက လွှမ်းမိုးမှုပဲ။ အထူးသဖြင့် နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အိုင်ဒီယိုလိုဂျီ စတဲ့ ကဏ္ဍတွေကို ကိုင်တွယ်ရာမှာ စိတ်ခွဲပညာကို နောက်ခံအဖြစ် ကျယ်ကျယ် ပြန့်ပြန့် သုံးခဲ့တယ်။ အဒေါ်နိုရဲ့ ၁၉၄၀ တဝိုက်က ပို့ချချက်တွေနဲ့ ဟားဘတ်မာကူဇာရဲ့ ၁၉၅၀ တဝိုက်က အရေးအသားတွေမှာ စိတ်ခွဲပညာကို အဓိကကျောရိုးအဖြစ် တွေ့ရလိမ့်မယ်။ အထက်မှာတုန်းက ဝေဖန်ရေးသီအိုရီကညွှန်းဆိုတဲ့ 'ချုပ်ကိုင်မှု' (Domination) ဆိုတာ လူ့အဖွဲ့အစည်းတစ်ရပ်လုံး အပေါ် ကုန်ထုတ်လုပ်မှုနဲ့ ကုန်ပစ္စည်းတွေအားဖြင့် ပုံဖော်ခြယ်လှယ် ထားတဲ့ အရင်းရှင်ဝါဒ နည်းလမ်းတစ်ခုအဖြစ် ဖော်ပြခဲ့တယ်။ သို့သော် ချုပ်ကိုင်မှုလို့ ဆိုရာမှာ အဖွဲ့အစည်း အလိုက် အလွှာအဆင့်အပြင် အဆိုပါ လူ့အဖွဲ့အစည်းထဲက တသီးပုဂ္ဂလ လူသားတွေ ရဲ့ ကိုယ်ပိုင် အမှတ်လက္ခဏာနဲ့ ပုဂ္ဂလစိတ်ခံစားမှုတွေ ကိုလည်း အကြုံးဝင် စေတယ်။ ဒီနေရာမှာ အခြားသော ရှေးရိုးစွဲလူမှုသီအိုရီတွေနဲ့ အဓိကကွဲလွဲတာက ဖရန့်ဖွတ်ကျောင်းတော်က စိတ်ပညာနဲ့ စိတ်ခွဲပညာတို့ကို သူတို့ရဲ့ ဝေဖန်ရေးသီအိုရီမှာ ကြီးကြီးမားမား အစိတ်အပိုင်းတွေ အဖြစ် ထည့်ဝင်ပေါင်းစပ်ခဲ့တယ်။

ဘယ်အရာက ဖရန့်ဖွတ်ကျောင်းတော်ကို ဖရွိုက်နဲ့နီးစပ်ဖို့ တွန်းပို့ခဲ့သလဲ ဆိုတာ မေးစရာ မေးခွန်းပဲ။ ဖရွိုက်ရဲ့ အထင်ကရသီအိုရီအမြင်တွေဖြစ်တဲ့ မသိစိတ် (the Unconscious)၊ လိင်စိတ်ဆန္ဒဖိနှိပ်မှု (Sexual Repression)၊ အော့ဒီးပပ်စ်အရှုပ်အထွေး (the Oedipus Complex) စတာတွေဟာ ဖရန့်ဖွတ်ကျောင်းတော်ရဲ့ လေ့လာချက် အမြင်တွေထဲ ယူငင်ကိုးကားသုံးစွဲခံရတဲ့အကြောင်းအရာတွေ ဖြစ်လာကြတယ်။ ပုဂ္ဂလဘဝနဲ့ လူ့အဖွဲ့အစည်း၊ မိသားစုနဲ့ လူမှုဆက်ဆံရေး၊ အိုင်ဒီယိုလိုဂျီနဲ့ နိုင်ငံရေးဖိနှိပ်မှု စတဲ့ ဆက်သွယ်ချက်တွေကို ပြန်လည်ဖွင့်ဆိုရာမှာ ဖရွိုက်က အဓိကသော့ချက်တစ်ခုလိုတောင် ဖြစ်လာခဲ့တယ်။ အဒေါ်နိုက သူ့ရဲ့ Sociology and Psychology အက်ဆေးမှာ လူမှုသီအိုရီတွေအတွက် ဖရွိုက်ရဲ့ အရေးပါပုံကဏ္ဍကို တခုတ်တရညွှန်းဆိုတယ်။ အဒေါ်နိုရဲ့ အမြင်မှာက တသီးပုဂ္ဂလလူသားရဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာဖြစ်ပေါ်မှုကို တူးဆွရာမှာ စိတ်ခွဲပညာသာလျှင် အနုစိတ်အကျဆုံး နယ်ပယ်တွေအထိ ရောက်ရှိခဲ့တယ်။ ၁၉၇၄ လက်ရာ Minima Moralia မှာ "ချဲ့ကားထားတာတွေကလွဲရင် ဘယ်အရာမှ အမှန်မရှိဘူး" လို့ အဒေါ်နိုက ရေးတယ်။ စိတ်ခွဲပညာရဲ့

ရက်ဒီကယ်အကျဆုံးအဆင့်က နောက်ဆုံး ခံနိုင်ရည်အမှတ်ကို ကျော်လွန်ချိုးဖျက်ပြီးမှ ရရှိလာတာလို့ မြင်တယ်။ ဆိုလိုတာကတော့ ယုတ္တိဘောင်ကိုကျော်လွန်ပြီး အလွန်အကျူးအကြမ်းထည်ဆန်တယ်လို့ သတ်မှတ်ခံရတဲ့ ဖရွိုက်ရဲ့ လက်ရာတွေထဲမှာ ကွန်တမ်ပိုရာရီလူမှုဘဝနဲ့ နိုင်ငံရေးတို့ဆီ လမ်းကြောင်းပေးထားတဲ့ နောက်ထပ်အမြင်သစ်တွေ သွယ်ဝိုက်ရောယှက်စွာပါဝင်နေတယ်။ ဥပမာအားဖြင့် စိတ်ခွဲပညာနယ်ပယ်ထဲမှာတောင် ပြန်လည်ငြင်းပယ်ခံထားရတဲ့ ဖရွိုက်ရဲ့ Castration Anxiety (သင်းကွပ်ခံရနိုင်မှုအပေါ် ပူပန်သောက) လို အယူအဆဟာ ငြင်းခုံကွဲလွဲလို့ရတဲ့အချက်တွေ ပါဝင်နေတာမှန်ပေမယ့် စာသားအဓိပ္ပါယ်အတိုင်းမဟုတ်ဘဲ နောက်ထပ်ရှုထောင့်တစ်ရပ် ပြောင်းကြည့်လိုက်ရင် ဒါဟာ နှောင်းပိုင်းအရင်းရှင် ခေတ်အတွင်းက အဖျက်သဘောဆန်ဆန် လူမှုဆက်သွယ်ချက်တွေရဲ့သဘာဝကို ထင်ဟပ်မှုပေးတဲ့ မတ္တာဖော် တစ်ခုအဖြစ် မြင်ကြည့်လို့ရတယ်။ အလားတူပဲ အော့ဒီးပပ်စ်ကွန်ပလက်စ်ဟာ သီအိုရီအားဖြင့်တော့ ချို့ယွင်းချက် ကင်းတဲ့အယူအဆ ဖြစ်ချင်မှဖြစ်နိုင်လိမ့်မယ်။ ဒါပေမယ့် ဒီအယူအဆကို အဒေါ်နို ပြန်လည် အနက်ဖွင့်ဆိုတဲ့အခါ ဒါဟာ ဖခင်အာဏာနဲ့ ကလေးငယ်ရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားချက်တို့ အကြားက ဆက်နွယ်မှုဆီ ဖော်ညွှန်းထားတဲ့ လိင်မှုစိတ်ပညာဆိုင်ရာ ဒရာမာသက်သက် မကတော့ဘူး။ အဒေါ်နိုက အော့ဒီးပပ်စ်ကွန်ပလက်စ် ကိုပဲ နောက်ခံ အခင်းအကျင်းယူပြီး အရင်းရှင် ခေတ်ဆင့်ကဲပြောင်းလဲမှုနဲ့ မျက်မှောက်အခြေအနေတွေကို ချဉ်းကပ်တယ်။ စနစ်တကျကြီးကြပ်ထိန်းကွပ်ထားတဲ့ အရင်းရှင်ဝါဒရဲ့ ကမ္ဘာသစ်ထဲမှာ မိသားစုဘဝသရုပ်က ရှေးရိုးစွဲအော့ဒီးပပ်စ် အယူအဆကနေ ကွဲလွဲသွားခဲ့ပြီ။ အဒေါ်နိုသရုပ်ခွဲပြတဲ့ လစ်ဘရယ်အရင်းရှင်ခေတ်ဆီက ဆင့်ကဲပြောင်းလဲလာတဲ့ Administered Society မှာက အော့ဒီးပပ်စ်ဖခင်ဟာ ဘောဂဗေဒဆိုင်ရာ အပြောင်းအလဲတွေဆီက ရိုက်ခတ်မှုတွေကြောင့် စီးပွားရေးအရရော လူမှုအခြေအနေအရပါ အကြပ်အတည်းဆိုက်မှု ကြုံလာရတယ်။ ဒီအခြေအနေကြောင့် ကလေးငယ်ဟာလည်း အော့ဒီးပပ်စ်ဖခင်ပုံရိပ် ကို အတုယူအားကျစိတ် တစစ နည်းပါးလာတယ်။ အဒေါ်နိုရဲ့ အမြင်မှာက ပို့စ်လစ်ဘရယ်လူ့အဖွဲ့အစည်းတွေမှာ ဖခင်ဟာ မိသားစုနဲ့အိမ်ထောင်မှု အာဏာအဝဝကို အလုံးစုံချုပ်ကိုင် လွှမ်းမိုးထားတဲ့ ပုံရိပ်အသွင် အလုပ် မလုပ်နိုင်တော့ဘူး။ အဲဒီအစား နည်းပညာ အထောက်အခံပြု ဆင်ခြင်မှုယုတ္တိက တသီးပုဂ္ဂလလူသားတွေကို ယဉ်ကျေးမှုထုတ်ကုန်တွေဆီ တွန်းပို့လိုက်တယ်။ ဒါက အော့ဒီးပပ်စ် ဖခင်ပုံရိပ်ဟာ အစဉ်အလာ တွေးခေါ်ပုံတွေထဲကလို လူမှုဆိုင်ရာ အဖိအနှိပ်ပြု အေဂျင်စီတစ်ခု အဖြစ် အလုပ်မလုပ် တော့ဘူးလို့ သဘောသက်ရောက်သလို မိသားစု လူမှုဘဝ အပြောင်းအလဲ အတွက် နောက်ထပ်

မျက်နှာစာသစ်တစ်ခုကို တစ်ဆက်တည်း ပုံဖော်ပြတာပဲ။

အဒေါ်နိုနဲ့ ဟော်ခိုင်းမားတို့လို ဖရန့်ဖွတ်ကျောင်းတော်ရဲ့ အစောပိုင်းသီအိုရီပညာရှင်တွေက ဟစ်တလာနဲ့ ဖက်ဆစ်ဝါဒတို့ကို ကိုယ်တိုင်ကိုယ်ကျ ကြုံခဲ့ရသူတွေဖြစ်တယ်။ ဒီအတွေ့အကြုံက သူတို့ရဲ့ ပြင်ပလူမှုဘဝအပြင် နိုင်ငံရေးအတွေးအခေါ်ပိုင်း အထိ ဂယက်ရိုက်မှုရှိတယ်။ ဂျာမနီမှာ နာဇီပါတီအာဏာရလာတော့ အဒေါ်နိုတို့ အပါအဝင် နိုင်ငံတွင်းက မာ့က်စ်ဝါဒီတွေ ပြည်နှင်ဒဏ် ခံရတယ်။ ဒီအချက်ပဲ ဖရန့်ဖွတ်ကျောင်းတော်က သီအိုရီပညာရှင်အများစုကို အမေရိကန်မှာ အခြေစိုက်ဖို့ ဖြစ်လာစေတယ်။ ဝေဖန်ရေးသီအိုရီဟာ ဘာကြောင့် အနောက်ကမ္ဘာရဲ့ လူနေမှုဘဝနဲ့ ဖျော်ဖြေရေးဈေးကွက် တို့ကို အဓိကအာရုံစိုက်ထားသလဲ သဘောပေါက် နိုင်တယ်။ အမေရိကကို စတင်ခြေချမိချိန်မှာပဲ အနောက်ကမ္ဘာရဲ့ လူမှုဘဝနဲ့ နိုင်ငံရေးအခြေအနေ တို့ဟာ ဝေဖန်ရေးသီအိုရီသမားတွေကိုကောင်းကောင်းရိုက်ခတ်တော့တာပဲ။ အများနားလည်ထားခဲ့တာက အမေရိကန်ဆိုတာ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံတွေ ထဲက အထင်ကရတစ်နိုင်ငံ ဖြစ်တယ်၊ `လွတ်လပ်သူတို့ရဲ့ မြေ' အဖြစ် တင်စားခံရတဲ့ နိုင်ငံလည်းဖြစ်တယ်။ ဒါပေမယ့် ဝေဖန်ရေးသီအိုရီသမားတွေ အတွက်က ဒီအခွံတွေ အားလုံး ချွတ်ခွာကြည့်လိုက်ရင် အတွင်းသားထဲမှာ ကျတော့ ဒီမိုကရေစီပါဆိုတဲ့ အမေရိကန်လို နိုင်ငံသည်လည်း အကြွင်းမဲ့ အာဏာရှင်စနစ်ကျင့်သုံးတဲ့ နာဇီဂျာမနီ၊ ဆိုဗီယက်ရုရှားတို့နဲ့ နိုင်ငံရေး အခြေခံအားဖြင့် သဘောတရားချင်း သွားရောက် ဆင်တူနေတဲ့အချက်တွေ ရှိတယ်။ တစ်ပါတီ သို့မဟုတ် အကြွင်းမဲ့အာဏာရှင်စနစ် ကျင့်သုံးတဲ့နိုင်ငံတွေမှာ လူထုအပေါ် တင်းကြပ်တဲ့ လူမှုထိန်းချုပ်ပုံစနစ်နဲ့ အိုင်ဒီယိုလိုဂျီပိုင်းဆိုင်ရာ ဖိနှိပ်ချုပ်ကိုင်မှု ပြင်းထန်လေ့ ရှိတယ်။ ဒီမိုကရေစီလို့ အမည်ခံထားတဲ့ နိုင်ငံတွေမှာလည်း လူနည်းစု အီလစ်တွေက လူအများစုကို လွှမ်းမိုး ချုပ်ကိုင်နိုင်ဖို့ ပုံဖော်လမ်းခင်းပေးထား တဲ့ လူမှုထိန်းချုပ်ရေးဆိုင်ရာ အေဂျင်စီတွေ ရှိတယ်။ အာဏာရှင် နိုင်ငံရေး အလုပ်လုပ်ပုံနဲ့တော့ အပ်ချမတ်ချ တူချင်မှတူလိမ့်မယ်၊ သို့သော် အဆုံးသတ်ပန်းတိုင်က လူထုအပေါ် အိုင်ဒီယိုလိုဂျီဆိုင်ရာ ချုပ်ကိုင်မှုဆီ ဦးတည် ထားတာမို့ သဘောတရားချင်းတော့ အတူတူပဲလို့ ဝေဖန်ရေးသီအိုရီသမား တွေက မြင်ကြတယ်။ ဒီနေရာမှာ အဒေါ်နိုတို့ အဓိကအလေးပေးအာရုံစိုက်တာက ရုပ်ရှင်၊ ရေဒီယိုစတဲ့ လူထုမီဒီယာတွေပဲ။ ဖက်ဆစ်ဝါဒလို အစွန်းရောက် အမျိုးသားရေးအမြင်တွေ ပေါ်ပေါ်ထင်ထင် ဟောပြောလှုံ့ဆော်နေမှာ မဟုတ်ပေမယ့် ဒီလို လူထုမီဒီယာတွေဟာ အရင်းရှင်စီးပွားရေးအခြေပြု လူနည်းစု အခွင့်ထူးခံလူ့အဖွဲ့အစည်းအတွက် အားကောင်းတဲ့ ဝါဒဖြန့်လက်နက်တွေ အသွင် အလုပ်လုပ်နိုင်တယ်။ တကယ်လက်တွေ့လည်း အလုပ်လုပ်နေတယ်လို့ အဒေါ်နိုတို့က မြင်ခဲ့ကြတယ်။ ဒါကြောင့် ဖရန့်ဖွတ်ကျောင်းတော်ရဲ့ ဝေဖန်ရေးသီအိုရီက လူ့အဖွဲ့အစည်းအတွင်းက

လူထုမီဒီယာတွေ ရဲ့ အခန်းကဏ္ဍနဲ့ သဘာဝတို့ကို အသေးစိတ်ကျ လေ့လာချဉ်းကပ်မှုတွေ လုပ်ခဲ့တာပဲ။

ဝေဖန်ရေးသီအိုရီအနေနဲ့ နောက်ထပ်ဆန့်ကျင်တာက အမေရိကန်ရဲ့ လူမှုဗေဒနယ်ပယ်တွေထဲမှာ အမြစ်တွယ်နေပြီး ဖြစ်တဲ့ ယထာဘူတဝါဒ (Positivism) ဆိုင်ရာ တွေးခေါ်ပုံပဲ။ Positivism လမ်းကြောင်းက လူမှုသိပ္ပံဆိုတာသည် သဘာဝသိပ္ပံကို အမှီသဟဲပြုနေတယ်လို့မြင်တယ်၊ ဒီအချက်ကိုအခြေခံပြီး လူမှုဘဝရဲ့ အထွေအထွေဥပဒေသတွေကို ရှာဖွေဖို့ ကြိုးစားတယ်၊ အဲဒီလိုကြိုးစားရာမှာလည်း ဘက်လိုက်မှုမရှိ မျှတတဲ့ နည်းလမ်းတွေကိုသာ အသုံးပြုရမယ်လို့ ခံယူတယ်၊ ဒါကြောင့် နောက်ဆုံး ရရှိလာတဲ့ အဖြေတွေသည်လည်း ဓမ္မဓိဋ္ဌာန်ကျတဲ့ 'အချက်အလက်'တွေသာ ဖြစ်တယ်လို့ ယုံကြည်တယ်။ သို့သော်လည်း ဝေဖန်ရေး သီအိုရီအတွက် ကတော့ Positivism ဆိုတာ ဘက်မလိုက်ဝါဒ မဟုတ်ဘူး။ ဟော်ခိုင်းမားက Positivism ဟာ လူ့အဖွဲ့အစည်းအတွင်းက ပါဝါအရှိဆုံးအုပ်စုတွေရဲ့ အကျိုးအမြတ်ကို ရှေးရှုအလုပ်လုပ်တယ်လို့ ဆိုခဲ့တယ်။ Positivism က အပေါ်ယံအားဖြင့်တော့ ယထာဘူတကျသယောင် သွယ်ဝိုက် လှည့်စားထားတဲ့ အချက်အလက်တွေကိုသာ အာရုံစိုက်တယ်၊ ဒါ့အပြင်ကတော့ လူ့အဖွဲ့အစည်းရဲ့ အရေးပါဆုံး နက်ရှိုင်းတဲ့အလွှာတွေထိ လက်လှမ်းမီ ရောက်ရှိတာမျိုး မလုပ်နိုင်ဘူး၊ လူ့အဖွဲ့အစည်းတစ်ရပ် ရဲ့ စစ်မှန်တဲ့အနှစ်သာရ သဘောကို ထင်ဟပ် မပြနိုင်ဘူးလို့ ဝေဖန်ရေးသီအိုရီက မြင်တယ်။ ဒါကြောင့် Positivism မျက်နှာဖုံးအောက်မှာ လူမှုအစစ်အမှန်တရား ဟာ ပျောက်ရှ နေရတယ်။ ဝေဖန်ရေး သီအိုရီရဲ့ အဓိက တာဝန်က ဒီလိုမျိုး လူ့အဖွဲ့အစည်းထဲမှာ ကွယ်ဝှက်ခံရထားတဲ့ နောက်ကွယ်က အကြောင်းတရားတွေကို ဖော်ထုတ်ဆန်းစစ်ဖို့ပဲ။ နေ့စဉ်ဘဝအတွေ့အကြုံ ထဲမှာ ပါဝင်နေပေမယ့် သာမန်အားဖြင့် သတိမမူမိ ဂရုမပြုမိတဲ့ အသေးစိတ်အချက်အလက် တွေကို ခြေရာကောက်တယ်။ လူ့အဖွဲ့အစည်းရဲ့ အပေါ်ယံ မျက်နှာဖုံးဟာ မယုံကြည်ရဘူးလို့ ခံယူတယ်။ တစ်ဆက်တည်းမှာပဲ အများလက်ခံထားတဲ့ "လူထုအမြင်"ဆိုတာကိုလည်း ဝေဖန်ရေးသီအိုရီက ပယ်ချတယ်။ လူထုအမြင်ဆိုတာက အိုင်ဒီယိုလိုဂျီပိုင်းဆိုင်ရာ ဖိနှိပ်ပုံသွင်းခံထားရတဲ့ လူအများစုကြီး ယိမ်းရာ နောက်မျောနေတဲ့ သိမှုအမှားတစ်မျိုးပဲ။ လူထုအမြင်ဆိုတာတွေမှာ အုပ်ချုပ်သူ လူတန်းစား အကျိုးစီးပွားဆီရှေးရှုထားတဲ့ တွေးခေါ်ပုံတွေဆီ မသိမသာလမ်းကြောင်းပြထားလေ့ရှိတယ်။ လူထုကိုယ်တိုင်မှာလည်း ဒီအချက်ကို နားလည်သဘောပေါက်အောင် တွေးခေါ်သုံးသပ်နိုင်စွမ်း ချို့ငဲ့နေရတယ်။

ဒီတော့ကာ အခြေခံမူအားဖြင့် ဝေဖန်ရေးသီအိုရီက ဘယ်တန်ဖိုးစံကို စွဲကိုင်သလဲဆိုတာ မေးဖို့ဖြစ်လာတယ်။ ဝေဖန်ရေးသီအိုရီ အဓိကမီးမောင်းထိုးတာ

ကတော့ `ပျော်ရွှင်ခြင်း’ဆီ ရှေးရှုထားတဲ့ လူသားစိတ်ဆန္ဒသာလျှင် အခရာပဲ။ ဒီနေရာမှာ ပျော်ရွှင်ခြင်းဆိုတဲ့အဓိပ္ပါယ်က လူ့အဖွဲ့အစည်းတစ်ခုမှာ သူ့ကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့ ဖိနှိပ်မှုတွေဆီက လွတ်မြောက် လိုတဲ့စိတ်ဆန္ဒ ကို ဖော်ညွှန်းတာပဲ။ တစ်နည်းအားဖြင့်တော့ ခြယ်လှယ် ဖိနှိပ်သူလူနည်းစုရဲ့ ပါဝါလက်တံတွေ အောက်က ချုပ်ကိုင်ခံ လူများစုကြီး ကင်းလွတ်ခွင့်ရခြင်းပဲ။ ဒီလို ကင်းလွတ်ခွင့်ရမှသာလျှင်ပဲ အဆိုပါ လူ့အဖွဲ့အစည်းဟာ ပျော်ရွှင်မှုဆိုတဲ့ လူသားစိတ်ဆန္ဒ အစစ်အမှန်နဲ့ နီးစပ်မယ်။ ဒီတန်ဖိုးစံကိုအခြေခံယူပြီး ဝေဖန်ရေးသီအိုရီက လူ့အဖွဲ့အစည်းကို ချဉ်းကပ်တယ်။ နှောင်းပိုင်းလေ့လာချက်တွေက ဖရန့်ဖွတ်ကျောင်းတော်ရဲ့ ဝေဖန်ရေးသီအိုရီဟာ အဆိုးမြင်ဝါဒ လွှမ်းကဲတယ်လို့ ဝေဖန်ကြတာတွေရှိတယ်။ ဒါက တစ်စိတ်တစ်ပိုင်းအားဖြင့် မှန်သော်လည်း သတိထားကြည့်မယ်ဆိုရင် ဝေဖန်ရေးသီအိုရီရဲ့ အတွင်းသားမှာ ယူတိုးပီးယားဆန်တဲ့အမြင် မျိုးပါဝင် နေတာကိုလည်း တွေ့ရမယ်။ ဆိုလိုချင်တာက ဝေဖန်ရေးသီအိုရီ တူရှုထားရာ လမ်းကြောင်းက ပိုမိုကောင်းမွန်သော အနာဂတ် ဖြစ်တယ်၊ ဒီလိုမျိုး ပိုမိုကောင်းမွန်သော အနာဂတ်ရယ်လို့ ပြဆိုတာသည်ပင် အဲဒီအနာဂတ်ဆီ လှမ်းမျှော်ကြည့်ထားတဲ့ မျှော်လင့်ချက်တစ်စုံတရာ စွက်နေပြီ။ သို့ပေမယ့် အဲဒီအနာဂတ် ဟာ ဘာရယ်ပါလို့တော့ ဝေဖန်ရေးသီအိုရီက အတိအကျဖွင့်ဆိုတာမျိုး မလုပ်ခဲ့ဘူး၊ ဒါမှမဟုတ် ရင်လည်း မလုပ်နိုင်ခဲ့ဘူး။ အဲဒီအစား ဝေဖန်ရေးသီအိုရီက မျက်မှောက်နိုင်ငံရေးလူမှုရေး တွေဟာ လက်ရှိ အခြေအနေကနေ ဘယ်လိုမျိုးကွဲပြားစွာ ဖြစ်ပေါ်နိုင်သေးတယ် ဆိုတာကိုပဲ ပြသဖို့ကြိုးစားတယ်။ သွယ်ဝိုက်စွာ ထင်ဟပ်ပြထားတဲ့ ဝေဖန်ရေးသီအိုရီရဲ့ ယူတိုးပီးယား အနာဂတ်ထဲမှာ မျက်မှောက် လူ့အဖွဲ့အစည်းထဲက တည်ဆဲ တန်ဖိုးစံ တွေဟာ လှုပ်ယမ်းနေရတယ်။ ဥပမာ အရင်းရှင် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ ဖြစ်ဖြစ်၊ အာဏာရှင် အုပ်ချုပ်တဲ့နိုင်ငံတစ်နိုင်ငံမှာဖြစ်ဖြစ် ‘လွတ်လပ်ခြင်း’ ဆိုတဲ့ အယူအဆဟာ ကြိုးရှည်ရှည်နဲ့ တုပ်နှောင်ခံရထားတဲ့ အရာမျှသာပဲ။ လူသားတွေက သူတို့ဟာ ဒီမိုကရေစီနည်းကျ ပြောဆိုခွင့်ရတယ် လို့ ထင်ကြတယ်၊ အဲဒီလိုပဲ ဥပဒေနည်းလမ်းအရ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ ရေးသားခွင့်တွေကို ပိုင်ဆိုင်ထားတယ်လို့လည်း ယုံကြည်ကြတယ်။ တကယ်တမ်းကတော့ `တသီးပုဂ္ဂလလွတ်လပ်ခွင့်ဆီသို့’ လို့ ကတိပေး ထားတဲ့နည်းလမ်းတွေ ကိုယ်တိုင်က နောက်ကွယ်မှာကျ အဲဒီတသီးပုဂ္ဂလလွတ်လပ်ခွင့်ကို ပြန်လည်ထိန်းချုပ်ထားတဲ့ အရာတွေ ဖြစ်နေတယ်။ လူသားတွေကို သူတို့အတွက် လွတ်လပ်မှုဆိုတာ ရှိနေတယ်လို့ ယုံကြည် ယူဆလာအောင် လမ်းဖွင့်ပေးထားတယ်။ အဲဒီယုံကြည်မှုနဲ့ သူတို့ကို ပြန်လည်သိမ်းသွင်းပြီး သာမန်အားဖြင့် မမြင်ရနိုင်တဲ့ နောက်ထပ် အလွှာတစ်ခုမှာ အဲဒီလွတ်လပ်မှုဆိုတာကို ပြန်လည် ကန့်သတ်တာမျိုးပဲ။ ဆိုကြပါစို့ရဲ့ ၊ လွတ်လပ်စွာပြောဆိုခွင့်ကို ပြဌာန်းပေးထားတာ မှန်ပါတယ်၊

သို့သော်လည်း လွတ်လပ်စွာ ပြောဆိုခွင့်ဆိုတဲ့ အဆင့်မတိုင်မီ ကာလတစ်လျှောက်လုံး ပါဝါအားဖြင့်၊ အင်စတီကျူးရှင်းတွေအားဖြင့် နည်းလမ်းအမျိုးမျိုး အတွေးအခေါ်ပိုင်းဆိုင်ရာ ဖိနှိပ် ဖျက်ဆီးလာခဲ့မယ် ဆိုရင် လွတ်လပ်စွာ ပြောဆိုခွင့် ရလာတဲ့အခါ ပြောဆိုလာမယ့် အကြောင်းအချက်တွေက လူသားရဲ့ လွတ်လပ်စွာ တွေးခေါ် ဆင်ခြင်မှုကို အခြေခံ နိုင်ပါဦး တော့မလား။ အထွေထွေလူထုရဲ့ တွေးခေါ်ဆင်ခြင်နိုင်စွမ်းဟာ အုပ်ချုပ်သူ လူတန်းစားတစ်ရပ်ရဲ့ စနစ်တကျ ခြယ်လှယ်မှု ပါဝါလက်တံအောက် ကျရောက် နေခဲ့ပြီးပြီ။ တစ်ဖက်မှာ လူသားရဲ့ လွတ်လပ်စွာ ပြောဆိုခွင့်ကို လမ်းဖွင့် ပေးထားတာမှန်ပေမယ့် အခြားတစ်ဖက်မှာ ကျ လွတ်လပ်စွာ တွေးခေါ်ဆင်ခြင် နိုင်စွမ်းမျိုး ရမလာနိုင်အောင် အမှောင်ချဖို့ ကြိုးစားတယ်။ လွတ်မြောက်မှုဆီ ဦးတည်ရင်းက လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခနဲ့အကြပ်အတည်း တွေလို ထိန်းချုပ်ဖို့ရာ ခက်ခဲမယ့် ပရမ်းပတာ အခြေအနေဆီ ဦးတည်လာခဲ့ရင်တောင် နောက်ဆုံးမှာ အုပ်ချုပ်သူ လူနည်းစုရဲ့ အာဏာနဲ့အကျိုးစီးပွားဆီ ပြန်ဦးလှည့်သွားမယ့် လမ်းကြောင်းမျိုးပဲ ဖြစ်နေမှာပဲ။ ဒါကြောင့် လွတ်လပ်မှုဆိုတာ သည်လည်းပဲ အန္တရာယ်ကြီးတယ်။ လွတ်လပ်မှုလို့ ကြွေးကြော်ရင်း တရားလက်လွတ်မှု၊ အသိကန်းအမြင်ကန်းဖြစ်မှုဆီ ဦးတည်သွားနိုင်တယ်။ ဒါကြောင့် ဝေဖန်ရေးသီအိုရီ ဆိုလိုတဲ့ 'လွတ်လပ်မှု' ဆိုတာက လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာရေးသားခွင့် စတာတွေထက် အုပ်ချုပ်သူနဲ့အုပ်ချုပ်ခံ လူတန်းစားနှစ်ရပ် အကြားသွယ်တန်းထားတဲ့ ပါဝါဆက်သွယ်ချက် သဘောကို ဆန်းစစ်မှုပဲ။ ဒီနည်းလမ်းကို ဝေဖန်ရေးသီအိုရီ ပညာရှင်တွေက Negative Dialectics လို့ သုံးတယ်။ လူ့အဖွဲ့အစည်း တစ်ရပ် ကို သူ့ရဲ့ တန်ဖိုးစံတွေ အားဖြင့် တည်ဆောက်ထားတာ မှန်ပေမယ့် အဆိုပါ တန်ဖိုးစံတွေကို အသုံးချပြီး တော့ပဲ အဲဒီလူ့အဖွဲ့အစည်း ကို ပြောင်းလဲယူလို့ ရနိုင်တယ်။ လူသားတွေကို သူတို့နေ့စဉ်ဘဝ နဲ့ ပတ်ဝန်းကျင်မှာ မပြတ်ထိတွေ့နေရတဲ့ ယဉ်ကျေးမှုနဲ့ လူမှုရေးနိုင်ငံရေး အခြေအနေတွေကို ပိုမိုနားလည်သဘောပေါက်လာအောင် အားပေးတယ်။ အဲဒီကနေမှတစ်ဆင့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ထုဆစ်ရင်း ပိုမိုကောင်းမွန်တဲ့လူ့အဖွဲ့အစည်းတစ်ရပ်ဆီ ပုံဖော်ပြောင်းလဲကြဖို့ တိုက်တွန်းတယ်။ ဖျော်ဖြေရေးနှင့် လူထုမီဒီယာ၏အခန်းကဏ္ဍဖရန့်ဖွတ် ကျောင်းတော် သီအိုရီပညာရှင်တွေနဲ့ စကော်လာတွေရဲ့ အစောပိုင်း အရေးအသား တွေမှာ လူထုမီဒီယာတွေရဲ့ အခန်းကဏ္ဍကို မကြာခဏ ဆိုသလို အလေးအနက် မေးခွန်းထုတ်ဖို့ ကြိုးစားတာ တွေ့ရလိမ့်မယ်။ သူတို့အမြင်မှာ လူထုမီဒီယာဆိုတာ အုပ်ချုပ်သူ လူတန်းစားက လူထုအပေါ် အိုင်ဒီယိုလိုဂျီပိုင်းဆိုင်ရာ ပုံသွင်းခြယ်လှယ်ဖို့ရာအတွက် ထိရောက်စွာအသုံးချနိုင်တဲ့ အသုံးချနေတဲ့ လက်နက်တွေပဲ။ အထူးသဖြင့် ဒီအမြင်ကို အဒေါ်နိုနဲ့ ဟော်ခိုင်းမားတို့ရဲ့ အရေးအသားတွေမှာ အတွေ့ရများတယ်။ သူတို့က မာ့က်စ်ဝါဒကို အခြေခံယူတာ

မှန်ပေမယ့် နောက်ထပ် ဖရွိုက်တို့ မက်စ်ဝက်ဘာတို့လို ပညာရှင်တွေရဲ့ သီအိုရီအမြင်တွေပါ ရောနှောထည့်ဝင်ဖို့ ကြိုးစားတယ်။ ၂၀ ရာစုအလယ်ပိုင်း လောက်ကစပြီး ယဉ်ကျေးမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးစံတွေနဲ့ ဆက်စပ်နေတဲ့ ရုပ်ရှင်၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့လို ဖျော်ဖြေရေးတွေဟာ လည်ပတ်ဆဲ အရင်းရှင်စနစ်ယန္တရားကို အထောက်အပံ့ပြုရာမှာ ပိုမိုအခရာကျ လာကြတယ်။ ယဉ်ကျေးမှု ဆိုတာ သည်ပင် တစ်စိတ်တစ်ပိုင်း အားဖြင့် အရင်းရှင်စီးပွားရေးရဲ့ အသုံးတော်ခံ သဘော ဖြစ်လာတယ်။ ဒီနေရာမှာ (ရုပ်ကြမ်း မာ့က်စ်ဝါဒီတွေနဲ့ ကွဲပြားမှု အဖြစ်) အဒေါ်နိုတို့ ယူဆတာက ယဉ်ကျေးမှုဟာ အရင်းရှင် စီးပွားရေးနဲ့ နီးကပ်လာတာ နဲ့အမျှ တစ်ချိန်က အောက်ထပ် ဘောဂဗေဒ အဆောက်အအုံနဲ့ အပေါ်ထပ် ယဉ်ကျေးမှုအဆောက်အအုံ တို့အဖြစ် သီးခြား ကွဲပြားရာကနေ ပိုမို ကျစ်လျစ်နီးကပ်တဲ့ စနစ်အစု အဝေးကြီးတစ်ခု အသွင် တသားတည်း ပေါင်းစည်း သွားတယ်။ အဒေါ်နိုရဲ့ Totality အယူအဆက ဒီစနစ်အစုအဝေးကို အဓိက ရည်ညွှန်းတာပဲ။ ဒီစနစ်ကပဲ တသီးပုဂ္ဂလ လူသားအားလုံး အပေါ် ဗျူရိုကရက် ဆန်ဆန် စောင့်ကြည့် ကွပ်ကဲမှုတွေ ပုံသွင်း ခြယ်လှယ်မှုတွေအတွက် လမ်းဖွင့်ပေး ထားတယ်။ လူမှုဘဝနဲ့အဓိက ထိစပ်နေတဲ့ ယဉ်ကျေးမှု တန်ဖိုးစံတွေဟာ အရင်းရှင် ဈေးကွက်ဆီ လားရာဘက်ကိုပဲ မြူဆွယ်ဖြားယောင်းနေတယ်။ လူမှုဘဝဆိုတာသည်လည်း မမြင်ရတဲ့အင်အားစုတွေဆီက ပိုမိုတင်းကြပ်စွာ တုပ်နှောင်မှုကို ခံလာရတယ်။ ဒီတော့ ဈေးကွက် ကိုမိုနိုပိုလီဆန်ဆန် ချုပ်ကိုင်ထားနိုင်တဲ့ ထိပ်ပိုင်း ဗျူရိုကရက်တွေ၊ စီးပွားရေးအင်အားစုတွေ၊ အစိုးရအဖွဲ့အစည်းတွေ ကိုယ်တိုင်ဟာ တသီးပုဂ္ဂလ လူသားတွေရဲ့ လူမှုဘဝအပေါ် အတိုင်းအတာတစ်ခု အားဖြင့် လွှမ်းမိုးခြယ်လှယ် ထားနိုင်သလိုတောင် ဖြစ်နေရတယ်။ အထက်မှာ ပြောခဲ့တဲ့ ဥပမာဖြစ်ရပ် အတိုင်း ကုန်ပစ္စည်း အမှတ်တံဆိပ်တစ်ခု ပိုင်ဆိုင်ရရှိဖို့အတွက် မိမိကိုယ်တွင်းအင်္ဂါကိုတောင် ပြန်လည် ရောင်းချခြင်းဆိုတာ တစ်ဦးတစ်ယောက်ရဲ့ လူမှုဘဝကို ပြင်ပအကြောင်းတရား လွှမ်းမိုးမှုက ဘယ်လောက် ပြင်းပြင်းထန်ထန် စေ့ဆော်နိုင်သလဲ ပေါ်လွင်စေတယ်။

အဒေါ်နိုနဲ့ ဟော်ခိုင်းမားတို့ အမြင်မှာ လူထုမီဒီယာ နဲ့တကွ လူထုအပေါ် လွှမ်းမိုးလာတဲ့ ဖျော်ဖြေရေးတွေဟာ လူထုရဲ့ ဝေဖန်သုံးသပ်နိုင်စွမ်းနဲ့ တွေးခေါ်မှုအရည်အသွေးတို့ကို လိုက်စားဖျက်ဆီးပစ်တယ်။ ဒီအယူအဆရဲ့ အတွင်းသားပိုင်း အကြောင်းအရာကို နည်းနည်း ပြောကြည့်မယ်။ ဖျော်ဖြေရေးအတွက် မီဒီယာကော်ပိုရေးရှင်း အကြီးစားတွေဆီက စဉ်ဆက်မပြတ် ထုတ်လုပ်နေတဲ့ ရုပ်ရှင်၊ တီဗီဇာတ်လမ်းတွဲ၊ သတင်းစာ၊ မဂ္ဂဇင်းတွေက လူများစုကြီးအတွက် အဓိက ရည်ရွယ်တယ်။ ဒါကို ယဉ်ကျေးမှု့ဝန်ဆောင် ထုတ်လုပ်ရေး (Culture Industry) လို့ တပေါင်းတစည်းထဲ ခေါ်ဆိုတယ်။ Culture Industry က လူသားရဲ့ ယဉ်ကျေးမှုဆိုင်ရာ လူမှုဘဝထဲမှာ မိုနိုပိုလီသဘော လည်ပတ် လွှမ်းခြုံနေတာပဲ။ `လူများကြိုက်’ လမ်းကြောင်းမှာ ခြေကုပ်ယူတယ်။

စံသတ်မှတ်ထားတဲ့ ကုန်ပစ္စည်း သို့မဟုတ် ဖျော်ဖြေရေးတွေ များနိုင်သမျှများများ တင်ဆက် ရောင်းချနိုင်ရေးသာ အဓိက အာရုံထားတယ်။ ယဉ်ကျေးမှု နောက်ခံပြုဖျော်ဖြေရေးဟာ အဲဒီအခါမှာ ဘဏ္ဍာရေးဆိုင်ရာ အကြီးစား အော်ပရေးရှင်း တစ်ခုနဲ့သာ အသွင်တူလာတယ်။ အသိဉာဏ်ပညာအရ သော်လည်းကောင်း၊ အနုပညာအရသော် လည်းကောင်း လှုံ့ဆော်မှုပေးဖို့ထက် လူကြိုက်များဖို့ ကသာ ပဓာနသဖွယ် ဖြစ်လာတယ်။ တစ်ချိန်တုန်းက အနုပညာစံနှုန်းအရ ဂုဏ်ရည် ပြောင်မြောက်ခဲ့တဲ့ လက်ရာတွေ နေရာမှာ ကြော်ငြာနဲ့ လူများ ကြိုက်လမ်းစဉ်အသားပေး ဖျော်ဖြေရေးတွေ အလုံးအရင်းနဲ့ ဝင်လာကြတယ်။ ပြောစရာရှိလာတာက ဒီလိုမျိုး လူများကြိုက်ဖျော်ဖြေရေးဆိုတာမျိုးက အပြုခံနေရာကနေ ဖျော်ဖြေခံရမှုရလိုသူ (passively entertained) တွေအတွက် ရည်ရွယ်ထားတာပဲ။ တစ်နည်း အားဖြင့် လေးနက်တဲ့အတွေးအခေါ် ပိုင်းဆိုင်ရာ လှုံ့ဆော်ခံရမှုနဲ့ ဆန့်ကျင်ဘက်ပဲ။ ဥပမာ အနုပညာလက်ရာမြောက်တဲ့ စာပေကောင်းတစ်ခုမှာဆိုရင် စိတ်ကျေနပ်မှု သက်သက်အပြင် စာဖတ်သူကို အတွေးအမြင် ရင့်သန်စေတာ၊ ချဲ့ထွင်တွေးခေါ်တတ်တဲ့ အလေ့အထမျိုး ပျိုးထောင်ပေးတာ စတဲ့ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုတွေ ရှိစေတယ်။ စာဖတ်သူဟာ အနုပညာအရအပြင် အတွေးအခေါ်အရပါ အလေးအနက်လှုံ့ဆော်ခံရတယ်။ လူများကြိုက် ရည်ရွယ်ဖန်တီးပြီး ဘက်ဆဲလားတန်းမှာ တွေ့ရလေ့ရှိတဲ့ အပေါ်စား စာပေ လက်ရာတွေ ကျတော့ အပျော် ရှာဖွေမှု သက်သက် အတွက် ဖတ်ရှုတဲ့ ဖျော်ဖြေရေး အဆင့်မျှသာပဲ။ အနုပညာ စံနှုန်းပြည့်မီစရာ မလိုသလို ညံ့ဖျင်းစွာ ဖန်တီးထားသည့် တိုင်လည်း ဒါကို ခဏတာဖျော်ဖြေရေး အဖြစ် လက်ခံတယ်။ စာပေအပြင် ဂီတ၊ ရုပ်ရှင် စတဲ့ နယ်ပယ်အသီးသီး တို့မှာလည်း သိမ်ဖျင်း ပေါ့သွမ်းစွာ ဖန်တီးထားတဲ့ လူများကြိုက် ဖျော်ဖြေရေး လမ်းကြောင်းက ပိုမို အားကောင်းလေ့ ရှိတာ တွေ့ရလိမ့်မယ်။ ဖျော်ဖြေရေး ဈေးကွက် ရေပန်းစား ကျယ်ပြန့်လာတာနဲ့အမျှ ဖျော်ဖြေခံ နေရာမှာရှိတဲ့ လူထုဟာလည်း ဝေဖန်တွေးခေါ်တတ်တဲ့ အလေ့အထနဲ့ ကင်းကွာလာပြီး ကျိုးကြောင်း ဆင်ခြင်နိုင်မှုစွမ်းရည်ပါ တစစ ထိခိုက်ပျောက်ဆုံးလာတယ်။ သူတို့ဖတ်နေတဲ့ စာပေ၊ သူတို့ကြည့်ရှုနေတဲ့ ရုပ်သံဇာတ်လမ်း၊ သူတို့နားထောင်နေတဲ့ ရေဒီယို အစီအစဉ်တွေက ဆင်ခြင်မှုနဲ့ အတွေးအခေါ်ကို အထောက်အပံ့ မပြုတဲ့ ဖျော်ဖြေရေး သက်သက် ဖြစ်ကြောင်းကိုလည်း တတိယ တန်းစားဖျော်ဖြေရေးတွေဆီက လာတဲ့ သဘော မပေါက်နိုင်ကြတော့ဘူး။ ဒီလို အကျိုးသက်ရောက်မှု ကိုသိရဖို့ ဝေးဝေး ရှာကြည့် စရာမလိုဘူး။ ရုပ်ရှင်ဇာတ်ကားထဲမှာ မသန်စွမ်းသူတွေကို လှောင်ပြောင်တဲ့ ပြကွက်တွေကို ပရိသတ်က ခိုးခိုးခစ်ခစ် လိုက်ရယ်ကြတာ၊ လိင်တူ တိမ်းညွတ်သူတွေကို လူအဖြစ်က ယုတ်လျော့ နိမ့်ကျတဲ့ သတ္တဝါတွေအဖြစ် ပုံဖော်မှုကို လက်ခုပ် လက်ဝါးတီးပြီး သဘောတွေ့ကြတာ၊ ယုတ်နိမ့်တဲ့ လူမျိုးရေး

ခွဲခြားမှုဆန်ဆန် ပါးစပ်စွဲ လောက်စရာ Stereotype ပြက်လုံးတွေကို ပျော်ပျော်ကြီး လိုက် တုပကြတာ စသဖြင့် ဒါတွေဟာ တီဗီဖန်သားပြင်ကနေ ဖန်တီးလိုက်တဲ့ အကျိုးဆက် ရလာဒ်ပဲ။ အမှန်ကတော့ လူတွေရဲ့ တွေးခေါ်ဆင်ခြင်စိတ်ကို နှိုးဆွချင်တယ်ဆိုရင် အော်စကာ ဆုရသွားခဲ့တဲ့ Dallas Buyers Club ရုပ်ရှင်ကားထဲကလို လိင်တူတိမ်းညွတ်သူတစ်ယောက်ရဲ့ ဘဝနဲ့ စိတ်ခံစားချက်တို့ကို လူသားဆန်မှုရှုထောင့် အောက်က ကိုင်တွယ်ပုံဖော်လို့ရတယ်။ သဘာဝကျကျ ဖန်တီးနိုင်မှုအပြင် ဂေးအဖြစ် သရုပ်ဆောင်တဲ့ မင်းသား Jared Leto ရဲ့ သရုပ်ဆောင် စွမ်းပကားကြောင့် ဟိုမိုဖိုးဘီးယားအခံရှိသူတွေတောင် သူတို့ရဲ့ မိန်းမလျာမုန်းတီးစိတ် အပေါ် ပြန်လည် သတိထားသုံးသပ်မိ လာနိုင်တယ်။ ဒါက ရုပ်ရှင်ကြည့်သူ ပရိသတ်ရဲ့ ဆင်ခြင်စိတ်ကို စိန်ခေါ်နှိုးဆွတာလို့ ဆိုနိုင်တယ်။ ဒါနဲ့ဆန့်ကျင်ဘက်အနေနဲ့ အပေါစား ဖျော်ဖြေရေး ရုပ်ရှင်ကားတွေမှာ မကြာခဏတွေ့ ရတတ်တာကတော့ ဂေးဇာတ်ရုပ်နေရာက သရုပ်ဆောင်သူတွေကို မိတ်ကပ်ထူထူလိမ်း နှုတ်ခမ်း နီရဲရဲဆိုးပေးပြီး စက်ဆုပ်ရွံရှာစရာ၊ ရယ်ရွှင် သနားဖွယ်ရာသတ္တဝါတွေအဖြစ် ပုံဖော်ပြတာပဲ။ လူသားတွေ ဖြစ်ပါရက် လူသားဆန်မှုဆီက တစ်ဆင့်ဆွဲနိမ့် ခံရပြီး အောက်ကျနောက်ကျ နိုင်လှတဲ့ ပုံရိပ်တွေအဖြစ် ပုံဖော်တဲ့ ဒီလိုပြကွက်မျိုးတွေဟာ လက်ခံနိုင်စရာမရှိဘူး။ သို့သော် ကြည့်ရှုသူပရိသတ်တွေကိုယ်တိုင် ဒါကို မမြင်နိုင်တော့ဘဲ လှောင်အိမ်ထဲက မျောက်တွေကို ကြည့်ရသလို တဟားဟားတဝါးဝါး သဘောကျ နေကြတော့တယ်။ ဒီမြင်ကွင်း နှစ်ရပ် နှိုင်းယှဉ်ကြည့် တဲ့အခါ ရုပ်ရှင်လို မီဒီယာ တစ်ခုသည်လည်း လူသားရဲ့ တွေးခေါ် ဆင်ခြင်စိတ်ကို အတိုင်းအတာ အနည်းအများအားဖြင့် လွှမ်းမိုးမှု ပြုနိုင်ကြောင်း နားလည်နိုင်တယ်။ ဒါကြောင့် ဒုတိယ အမျိုးအစားဖြစ်တဲ့ အပေါစား ဖျော်ဖြေရေးတွေ နဲ့ချည်း စဉ်ဆက်မပြတ် ထိတွေ့မှု များလာတဲ့အခါမှာ လူသားရဲ့ တွေးခေါ်နိုင် စွမ်းရည်ဟာလည်း လျော့နည်းနိမ့်ကျလာတယ်လို့ ဝေဖန်ရေးသီအိုရီက ထောက်ပြတာဖြစ်တယ်။

ဒီအချက်ကိုရှင်းလင်းရာမှာ ဝေဖန်ရေးသီအိုရီပညာရှင် တွေက မာ့က်စ်ဝါဒနဲ့ ဖရွိုက်ရဲ့ စိတ်ခွဲပညာတို့ကို တွဲစပ်တယ်။ ဖရွိုက် ဆွေးနွေးခဲ့ တာက လူ့အဖွဲ့အစည်း ဟာ တသီးပုဂ္ဂလ လူသားရဲ့ သိစိတ် (Consciousness) ကို ပုံသွင်းလွှမ်းမိုးတဲ့ အတိုင်းအတာ ပမာဏအတိုင်း မသိစိတ် (Unconsciousness) အပေါ် မှာလည်း သက်ရောက်မှု ရှိတယ် ဆိုတာပဲ။ ဖရန့်ဖွတ်ကျောင်းတော်ရဲ့ ဝေဖန်ရေးသီအိုရီပညာရှင်တွေထဲက တစ်ဦးဖြစ်တဲ့ အဲရစ်ဖရွမ်း (Fromm) က ဒီအမြင်ကို အခြေခံယူပြီး အရင်းရှင်လူ့အဖွဲ့အစည်းတစ်ရပ်မှာဆိုရင် အရင်းရှင်စနစ်ဆီက လိုအပ်ချက်တွေ တောင်းဆိုမှုတွေဟာ တသီးပုဂ္ဂလလူသားရဲ့ မသိစိတ်ထဲမှာ အလိုအလျောက်ရိုက်သွင်းထားပြီးဖြစ်တယ်လို့ ဆိုခဲ့တယ်။ ဥပမာအားဖြင့် အရင်းရှင်ဈေးကွက် လည်ပတ်အလုပ်လုပ်နေဖို့အတွက် လူထုဟာ စားသုံးသူဝါဒနောက်လိုက်ပြီး ကုန်ပစ္စည်းတွေ အဆက်မပြတ်ဝယ်ယူနေဖို့လိုသလို

အပြန်အလှန်အားဖြင့် လူတစ်ဦးတစ်ယောက်ချင်း ရဲ့ မသိစိတ် ထဲမှာလည်း ဒီလိုဝယ်ယူရေးဆိုတာ သူ့အတွက် အရေးပါတဲ့ 'လိုအပ်ချက်'တစ်ခုလို့ စွဲထင်နေတယ်။ ဒါကလည်း အမှန်တကယ် လိုအပ်ချက် ဆိုတာထက် လိုအပ်တယ်လို့ ထင်လာအောင် စေ့ဆော်ပေးတဲ့ ပြင်ပအကြောင်းတရားတွေဆီက လွှမ်းမိုးမှုကြောင့်ပဲဖြစ်တယ်။ လူသားတစ်ယောက်ရဲ့ မသိစိတ်ဆိုတာက ဗလာမျက်နှာပြင်တစ်ခုနဲ့ အလားတူတယ်။ အဆိုပါဗလာမျက်နှာပြင်ပေါ်မှာ ပြင်ပကဝင်ရောက်လာတဲ့ အတွေးအခေါ်တွေ အယူအဆတွေ ခြေကုပ်ယူနိုင်ကြတယ်။ အထူးသဖြင့် အုပ်ချုပ်သူလူတန်းစား တမင်ရည်ရွယ်ဖြန့်ဖြူးလိုက်တဲ့ အိုင်ဒီယိုလိုဂျီတွေ အာဘော်တွေဟာ အုပ်ချုပ်ခံလူတန်းစားရဲ့ မသိစိတ်ဗလာနယ်မှာ တံဆိပ်ပမာ ကပ်နှိပ်ခံထားရတယ်လို့ ဝေဖန်ရေးသီအိုရီက မြင်တယ်။

အိုင်ဒီယိုလိုဂျီဖိနှိပ်မှုများ

အနောက်တိုင်း မာက်စ်ဝါဒီအများစု လက်ခံ ကြတဲ့ အမြင်မှာ လူတန်းစား ပဋိပက္ခ ကနေ တော်လှန်ရေး ဆိုတဲ့ အဆင့်ဆီ ကူးပြောင်း ရောက်ရှိမှု ကို ကာကွယ် ထားတဲ့ အဟန့်အတား နှစ်ရပ်ရှိတယ်။ ပထမ တစ်ခုက စစ်တပ်၊ ရဲတပ်ဖွဲ့၊ လက်နက်ကိုင် အသင်းအပင်း စသဖြင့် ရုပ်ပိုင်းဆိုင်ရာ အင်အား အသုံးပြုတဲ့ ဖိနှိပ်မှု (Physical Repression) ဖြစ်တယ်။ နောက်တစ်ခု ကတော့ အိုင်ဒီယိုလိုဂျီအရ ဖိနှိပ်မှု (Ideological Repression) ပဲ။ အိုင်ဒီယိုလိုဂျီအရ ဖိနှိပ်မှုဟာ ပိုမို ပျော့ပျောင်းတဲ့အသွင် ဆောင်တယ်၊ ညင်သာပေမယ့် ထိရောက်မှု ရှိတယ်၊ လူထု တစ်ရပ်လုံး မဟုတ်ရင်တောင်မှ လူထုရဲ့ရာခိုင်နှုန်း အများစုကြီး အတွေးအခေါ်အရ ထုံထိုင်းဝေဝါးလာအောင် အမှောင်ချ ပစ်နိုင်စွမ်း ရှိတယ်။ အကြမ်းဖက် နှိပ်ကွပ်မှု သက်သက်နဲ့ မဖြေရှင်း နိုင်တဲ့ ပြဿနာတွေအတွက် ကောင်းကောင်း အသုံးဝင်တယ်။ အုပ်ချုပ်သူ လူတန်းစားရဲ့ ပါဝါနဲ့ ထိုင်ခုံနေရာတို့ တည်မြဲစေရေးမှာ ရေရှည်စီမံကိန်းဆန်ဆန်အလုပ်လုပ်တဲ့ ထောက်တိုင်တစ်ခုပဲ။ အိုင်ဒီယိုလိုဂျီအရ ဖိနှိပ် ကန့်သတ်မှုဆိုရာမှာ လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ လက်ရှိ လူမှုမျှချေ ကို ထိန်းသိမ်းနိုင်မယ့် (ဥပမာ အာဏာရှင် အုပ်ချုပ်ရာ ဒေသမှာဆို အာဏာရှင်စနစ် ကို အထောက် အပံ့ပြုမယ့်) တွေးခေါ်ပုံတွေ၊ ဝါဒအမြင်တွေ၊ စံနှုန်းတွေကို ထုတ်လုပ် ပေးတယ်။ အခြား တစ်ဖက်မှာ ကျတော့ ဒီအမြင် တွေ ဒီစံနှုန်းတွေဟာ လိုအပ်သယောင်၊ ကောင်းမွန် သင့်လျော် သယောင်၊ လူ့အဖွဲ့အစည်း အတွက် အကျိုးများ သယောင် လိုက်လံ ပုံဖော်ပြတယ်။ ဆိုးဝါးတဲ့ အခြေအနေ တစ်ရပ်ကိုင်တွယ်ရာမှာ တောင် ဒီအခြေအနေ ဘာကြောင့် ဖြစ်ရတယ်၊ ဒီလို မဖြစ်အောင် ဘယ်လို ပြောင်းလဲယူ လို့ရနိုင်တယ် စသဖြင့် နည်းလမ်း တကျ အဆင့်ဆင့် ဖော်ပြရမယ့်အစား ဒါကတော့ဖြင့် မလွဲမရှောင်သာ ကြုံကိုကြုံရမယ့်အရာတစ်ခုလို လှည့်ပတ် ပုံဖော်တဲ့နည်းလမ်းမျိုးပဲ သုံးတယ်။ နောက်တစ်နည်းအားဖြင့် အဲဒီလူ့အဖွဲ့အစည်းဟာ ဘယ်လောက် အထိဆိုးဝါး နိမ့်ကျစေနေဦးတော့ အရက်သိက္ခာကင်းမဲ့တဲ့ မျက်နှာဖုံးတွေစွပ်ပြီး အကောင်းဆုံး အခြေအနေမှာရှိနေပါတယ် လို့ လူထုကို လိမ်ညာ ဖြားယောင်းတာပဲ။ ဒါကြောင့် လည်း အိုင်ဒီယိုလိုဂျီအရ ဖိနှိပ်မှုကို အကောင်းဆုံးနားလည်နိုင်ဖို့ဖို့ရင် အဲဒီလူ့အဖွဲ့အစည်းထဲမှာ အမြစ်တွယ်အလုပ်လုပ်နေတဲ့ တွေးခေါ်ပုံတွေ၊ အစဉ်အလာအမြင်တွေ၊ ယဉ်ကျေးမှုစံနှုန်းတွေ ကအစ တစ်ခုချင်းစီ ခွဲခြမ်း စိတ်ဖြာကြည့်ဖို့ လိုကောင်းလိုလာနိုင်တယ်။

အပေါ်ယံ အားဖြင့် ကြည့်ရင်တော့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြု ထင်ဟပ်နေတဲ့ ယဉ်ကျေးမှု စံနှုန်းတွေဟာ အဲဒီ လူ့အဖွဲ့အစည်းအတွင်းမှာ

ရေးယခင် အစဉ်အဆက်ကတည်းက လက်ဆင့်ကမ်းလာခဲ့ပြီး ယနေ့ထက်ထိတိုင်လည်း အသုံးဝင် အကျိုးပြုဆဲ တန်ဖိုးစံ တွေရယ် လို့ ထင်စရာ ရှိတယ်။ သို့သော် အဲဒီ တန်ဖိုးစံတွေကို အစိတ်အပိုင်းငယ်တွေ အဖြစ် တစ်ခုချင်း ဖြိုခွဲပစ်ပြီး အသေးစိတ်ကျ ပြန်လည် စီစစ်လေ့လာတဲ့အခါ အဲဒီစံနှုန်းတွေ ထဲမှာ အုပ်ချုပ် သူလူတန်းစား (သို့မဟုတ် အုပ်ချုပ်ရေးစနစ်) ကို အထောက် အပံ့ ပြုနိုင်ဖို့ မသိမသာ တစ်မျိုး သိသိသာသာ တစ်မျိုး ဝါဒဖြန့် အပင်းသွင်းခံ ထားရတဲ့အမြင် တွေ တွယ်ကပ် နေတယ်။ ဒါဟာ အထူးအဆန်းတော့မဟုတ်ဘူး။ ဥပမာဆိုရင် လူအများ လွယ်လွယ် သုံးကြလေ့ရှိတဲ့ 'ဖြစ်ဖို့ကံပါလာလို့' ဆိုတဲ့ စကားကိုပဲ ကြည့်ရအောင်။ ဘာသာရေးပဋိပက္ခ တစ်ခုအတွင်း လူတစ်ယောက် သို့မဟုတ် လူတစ်စု အသက်အိုးအိမ် စည်းစိမ် ထိခိုက် ပျက်စီး ရတာ 'ဖြစ်ဖို့ ကံပါလာလို့' မဟုတ်ဘူး။ မြေတွေ လယ်ယာတွေ အတင်းအဓမ္မ သိမ်းယူခံရတာ ဟာ 'ဖြစ်ဖို့ ကံပါလာလို့' မဟုတ်ဘူး။ ဒါတွေဟာ လူ့အဖွဲ့အစည်းတစ်ရပ်၊ စနစ်တစ်ရပ်ရဲ့ ဆုတ်ယုတ် နိမ့်ကျတဲ့ နိုင်ငံရေး လူမှုရေး အခြေအနေတွေကြောင့် ဖြစ်တယ်။ ဒီအခြေအနေ တွေ ဆိုတာကလည်း လူသားတွေက ဖန်တီးခြင်းသာ ဖြစ်ပြီး လူသားတွေရဲ့ စိတ်အား ကိုယ်အား ဆောင်ရွက်ချက်နဲ့ ပြုပြင် ပြောင်းလဲယူလို့ရနိုင်တဲ့ အရာတွေသာလျှင် ဖြစ်တယ်။ သို့သော် ဆိုးဝါးတဲ့ အခြေအနေတွေနဲ့ အကြုံများ လာတဲ့အခါ ယေဘုယျအားဖြင့် လူတွေရဲ့တွေးခေါ်ပုံမှာ ဆိုးဝါးတဲ့ အခြေအနေတစ်ရပ်နဲ့ ကြုံတိုင်း 'ဖြစ်ဖို့ကံပါလာလို့' ဆိုတာက မသိသာ အစွဲဝင်နေတော့တယ်။ နောက်ကွယ်က အကြောင်းရင်းခံတွေကို သိနားလည်အောင် ကြိုးစားပြီး လိုအပ်တဲ့ ပြုမူဆောင်ရွက်ချက်တွေ ထွက်ပေါ်လာရမယ့်အစား ကံအကြောင်းတရားကို ပုံချပြီး အပြုခံနေရာ သက်သက်ကနေ မျက်နှာလွှဲထားလိုတဲ့ အတွေးမျိုးသာ ဝင်လေ့ရှိတယ်။ လမ်းဘေး ဓါတ်တိုင်က ဓါတ်ကြိုး ပျက်ကျမှုကြောင့် လူတစ်ဦး တစ်ယောက် အသက် ဆုံးရှုံးရတယ် ဆိုတာမျိုးကို `ဖြစ်ဖို့ကံပါလာလို့' ဆိုတာနဲ့ နိဂုံးချုပ် လိုက်လို့ မရဘူး။ ဘာကြောင့် ဓါတ်ကြိုး ပျက်ကျရသလဲ၊ ဒီဖြစ်ရပ်က လူထုလုံခြုံရေးကို ဘယ်လိုထိခိုက်သလဲ၊ ဘယ်သူ့မှာတာဝန်ရှိသလဲ၊ ဘယ်လို နောက်ဆက်တွဲ အရေးယူမှု ပါလာသလဲ၊ အလားတူ ဖြစ်ရပ်မျိုး မကြုံရအောင် ဘယ်လို ကာကွယ်မလဲ စသဖြင့် မေးခွန်းပေါင်း များစွာ ပေါ်ထွက် လာရမယ်။ လူထု ကျန်းမာရေးနဲ့ လုံခြုံရေးကို အထူးအလေးပေး ကာကွယ်တဲ့ လူ့အဖွဲ့အစည်းမျိုးမှာဆိုရင် ဒါဟာ ဘယ်လို ရှုထောင့်ကနေမှ လက်ခံနိုင်ဖွယ်ရာ မရှိတဲ့ ကိစ္စပဲ။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေ ဟာ အဆိုပါ ဖြစ်ရပ်ကို ချက်ချင်း လက်ငင်း အရေးယူ ကိုင်တွယ်ပြီး သတင်းထုတ်ပြန်တာမျိုး၊ အသိပေး ရှင်းလင်းပွဲလုပ်တာမျိုး၊ ထိခိုက်ခံရသူရဲ့ ကျန်ရစ်သူမိသားစုကို နောက်ဆက်တွဲ တာဝန်ယူမှု အပြည့်အဝပေးတာမျိုး စသဖြင့် လိုအပ်တဲ့ လုပ်ဆောင်မှု အဆင့်ဆင့်ကို မလွဲမသွေ တွေ့ရမှာပဲ။ နိမ့်ကျဆုတ်ယုတ်နေတဲ့ လူ့အဖွဲ့အစည်းမှာကျ

နဂိုရှိရင်းစွဲကမှ `ဖြစ်ဖို့ကံ ပါလာလို့ ဆိုတဲ့ တွေးပုံမျိုးနဲ့ အသားကျနေတော့ ဒီလိုတာဝန်ယူမှု ဘာဆိုဘာမှမတွေ့ရတဲ့အပြင် နှိုင်းစာကြည့်လိုက်ရင် လူ့အသက်တစ်ချောင်း ချင်း တူတူတောင်မှ ပိုမို တန်ဖိုးနည်း သယောင် ထင်ရတယ်။ ဖြစ်ရပ်တစ်ခုကို လူ့အဖွဲ့အစည်း နှစ်ခုက ဘယ်လို ကွဲပြားစွာကိုင်တွယ်မလဲ တွေးဆနှိုင်းယှဉ်ရင် ကွဲပြားတဲ့ လူမှုအခြေအနေ ကို ထင်ထင်ရှားရှား တွေ့နိုင်လိမ့်မယ်။ ဒီနေရာမှာ 'ဖြစ်ဖို့ကံ ပါလာလို့' ဆိုတဲ့ အတွေးဟာ တကယ့် အဖြေ မဟုတ်ဘဲ တကယ့် အဖြေဆီ လမ်းညွှန် ပေးနိုင်မယ့် စဉ်းစားပုံ ဆီမရောက်နိုင်အောင်ပါ ပိတ်ဆို့ တားဆီး ထားတယ်။

၁၉၅၀ အစောပိုင်းကာလတဝိုက်မှာ ဂျာမနီကနေ အမေရိကကို အပြန်ခရီးစဉ်တစ်ခုအတွင်း အဒေါ်နိုဟာ Los Angeles Times သတင်းစာမှာပါဝင်တဲ့ နက္ခတ်ဗေဒင် ကဏ္ဍကို လေ့လာချက် တစ်ရပ် ပြုလုပ်ခဲ့တယ်။ လေ့လာမှုအတွင်း အဒေါ်နို မှတ်ချက် ပေးတာက လေ့စ်အိန်ဂျလိစ် တိုင်းမ်စ် ရဲ့ "နက္ခတ်ဗေဒင်ဆိုင်ရာ ကြိုတင်ဟောကိန်းများ" ဆိုတဲ့ ကဏ္ဍဟာ လူထုအတွင်း `ကံစေရာဝါဒ (Fatalism) ဆီ တိမ်းညွတ်မှုကို မြှင့်တင်ပေးနေတာ ထက်မပိုဘူး ဆိုတာပဲ။ ယနေ့ခေတ် ဆိုရင်လည်း ဂျာနယ် သို့မဟုတ် မဂ္ဂဇင်းတစ်စောင်ကို ကောက်ကိုင်လိုက်တဲ့အခါ နောက်ဆုံး စာမျက်နှာတွေမှာ ဗေဒင်နက္ခတ်ဆိုင်ရာ ဟောစာတမ်းတွေကို မပါမဖြစ် တွေ့ရလိမ့်မယ်။ "မိန် ရာသီဖွားများ ယခုလ အတွင်း လာဘ်လာဘ ပေါကြွယ်မည်၊ စက် ပစ္စည်းဝင်ကိန်း ရှိသည်၊ ရပ်ဝေးမှ သတင်းကောင်းများ ကြားရမည်" ၊ "တနင်္လာ သားသမီးများ ဇာတာ အညံ့ရှိသည်၊ အညံ့ပျောက်အောင် အင်္ဂါနေ့တွင် မန်ကျည်းသား ဖြင့်ထုလုပ်သော အဆောင် လက်ဖွဲ့တစ်ခု လှူဒါန်းပါ" စသဖြင့် ရာသီခွင် အလိုက်ဖြစ်စေ၊ နေ့နံအရဖြစ်စေ လာလတ္တံ့ သောအနာဂတ်ကို တင်ကြိုအမြင်အကြား ပြုထားတဲ့ ဟောစာတမ်း တွေဟာ အပတ်စဉ် ထုတ်လစဉ်ထုတ် မီဒီယာတွေမှာ ပလူပျံအောင်ပေါများတယ်။ တစ်ချို့အတွက်က ဒါဟာ ရယ်ရွှင်စရာ ဖျော်ဖြေရေးထက်မပိုပေမယ့် တစ်ချို့ကလည်း အလေးအနက်ယူကြတယ်။ ဘာပဲဖြစ်ဖြစ် ယုံကြည်လို့ ဖြစ်စေ၊ အပျင်းပြေရုံ သက်သက်ဖြစ်စေ၊ စူးစမ်းကြည့် လိုစိတ်သက်သက်ကြောင့်ဖြစ်စေ အကြောင်း အမျိုးမျိုးနဲ့ ဖတ်ရှုသူတွေတော့ အများအပြား ရှိနေကြသေးတယ်။ ဗေဒင်နက္ခတ်ဟာ လူမှုဘဝအပေါ် ဘယ်လောက်လွှမ်းမိုးမှုပြုနိုင်သလဲဆိုတာ တစ်ဦးချင်းအလိုက် ဒီဂရီ အနည်းအများကွာခြား မှာဖြစ်ပေမယ့် ဒီလိုမျိုး လစဉ် ဟောစာတမ်း တွေမှာ လူအများစု အတွက် ရည်ရွယ် ထုတ်လုပ်လိုက်တဲ့ အကျိုးသက်ရောက်မှုတွေ ပါဝင်နေတယ်။ အထင်ရှားဆုံး အနေနဲ့ကတော့ 'ကံစေရာဝါဒ' ကို အသားပြုခြင်းပဲ။ လူတစ်ဦး တစ်ယောက်ရဲ့ ဘဝကို ကြိုးဆွဲချုပ်ကိုင် ထားတဲ့ မမြင်ရနိုင်သော နောက်ကွယ် ကပါဝါတွေ ရှိနေကြတယ်၊ လူတွေဟာလည်း ကံစေညွှန်ရာအတိုင်း ဖြစ်နေပျက်နေကြရတယ်၊ လတ်တလော ကံဇာတာ အဆိုးအညံ့တွေ

ကြုံနေရပေမယ့် ရေရှည်မှာတော့ အခက်အခဲတွေ ပြေလည် သွားလိမ့်မယ် စသဖြင့် ဒီလိုသဘောအထားအမြင် နဲ့ဆက်စပ်တဲ့ ကံစေရာဝါဒဟာ ဗေဒင် နက္ခတ်ဟောကိန်း အားလုံးရဲ့ တစ်ခုတည်းသော ကျောရိုးသာဖြစ်တယ်။ လူသားတွေကတော့ သူတို့နေ့စဉ်ဘဝထဲမှာ အခက်အခဲတွေ ရုန်းကန်မှုတွေနဲ့ မပြတ်လုံးပန်းနေရမှာပဲ။ သို့သော် လစဉ်ဟောစာတမ်းကဏ္ဍတွေက "အားလုံးကောင်းပါသည်ခင်ဗျား" ဆိုတဲ့ ခဏတာဖြေသိမ့်မှုကို ပေးတယ်။ အဆိုးမှန် သမျှတို့ဟာ ဘယ်ကာလကနေ ဘယ်ကာလအထိပြီးရင် အလိုလို လွန်မြောက်သွားလိမ့်မယ် စသဖြင့် စာဖတ်သူကို နှစ်သိမ့်တယ်၊ ရံဖန်ရံခါမှာ အဆိုးတွေ ပြေပျောက်စေမယ်လို့ အဆိုရှိတဲ့ အဆောင်အယောင်ယတြာတွေကို လမ်းညွှန်ပေးတာမျိုးတောင် လုပ်တယ်။ ဒီလိုနည်းလမ်း အားဖြင့် လက်တွေ့ဘဝမှာ စိန်ခေါ် ခြိမ်းခြောက်နေတဲ့ လူမှုဖြစ်စဉ် အခြေအနေတွေကို တဒင်္ဂမေ့လျော့ပြီး နောက်ကွယ်က တကယ်အကြောင်းရင်းခံပါလို့ဆိုလေတဲ့ မမြင်ရနိုင် သောအခြားအကြောင်းတရား တွေဆီ စိတ်လည် သွားစေတယ်။ နေ့စဉ်ဘဝထဲ လူမှု အခြေအနေအခက်အခဲတွေရှိနေရင်တောင် ဒါတွေဟာ ကံဇာတာ ညံ့လို့ ဆိုတဲ့ ယိုးမယ်ဖွဲ့ စိတ်ဖြေစရာ ထွက်ပေါက်တစ်ခု ရသွားတယ်။ နောက်တစ်ချက်အနေနဲ့ လစဉ်ဟောစာတမ်းက တသီးပုဂ္ဂလလူသားရဲ့ ရှုပ်ထွေးတဲ့ လူမှုအတွေ့အကြုံခံစားချက်ကို အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် ကဏ္ဍအစိတ်အပိုင်း တစ်ခုချင်းအလိုက် ပြန်ခွဲထုတ်ပစ်တယ်။ လူသားရဲ့ တသီးပုဂ္ဂလ တွေ့ကြုံ ခံစားမှုသဘောဆိုတာ ပျောက်သွားစေပြီး အစုအဖွဲ့အသင်းအပင်း မှီတည်ညီညွတ်မှု (Social Conformity) ပေါ်လွင် လာစေတယ်။ ဒါကြောင့် ဗေဒင်နက္ခတ် ဟောစာတမ်းတွေရဲ့ ယုတ္တိဗေဒက လူထုဖျော် ဖြေရေးဈေးကွက် အလုပ်လုပ်ပုံနဲ့ သဘောအတူတူ ပဲလို့ အဒေါ်နိုက ဆိုခဲ့တာပဲ။ တစ်ဖက်က တသီးပုဂ္ဂလဆန်မှုနဲ့ အခြားတစ်ဖက်က အများဆိုင်ရာ ယဉ်ကျေးမှုအစုအဖွဲ့သဘောတို့ကို ခွဲခြားဖော်ပြရမယ့်အစား ပထမတစ်ခုပယ် ဖျောက်ပစ် လိုက်ပြီး တစုတပေါင်းတည်း အဖြစ်သာ ရည်ညွှန်းတယ်။ ရှေ့ဖြစ် အကြားအမြင် ဆန်ဆန် ခင်းကျင်းထားတဲ့ ဇာတ်ကွက်တွေထဲမှာ လူသားတွေဟာ မမြင်ရသော သဘာဝလွန် စွမ်းပကား တွေကို မှီခိုဖြစ်တည် နေရသလို ထင်ယောင် လာစေတယ်။ သို့ပေမယ့် နောက်ဆုံးမှာတော့ ကံစေရာဝါဒ ကတစ်ဆင့် အားလုံးပြေလည်သွား လိမ့်မယ်ဆိုတဲ့ နှစ်သိမ့်မှု ပုံစံနဲ့ အဆုံးသတ် ပေးထားတယ်။

ဟေဂယ်ရဲ့ စိမ်းခြင်း အကျိုးသက်ရောက်မှု (Alienation) နဲ့ လူလုပ် အရာဝတ္ထုကို သဘာဝလွန် စွမ်းပကားပေးအပ်ခြင်း(Fetishism) အယူအဆ တို့ဟာ ကားလ်မာ့က်စ်ကို လွှမ်းမိုးခဲ့တယ်။ ဟန်ဂေရီမာ့က်စ်ဝါဒီ ဂျော့ချ်လူးကပ်စ် ကဆိုရင် မာ့က်စ်ဝါဒဆိုတာ Critique of Reification ပဲ လို့တောင် ဆိုခဲ့တယ်။ Reification ဆိုတာ စိတ်ကူးနဲ့ သာပုံဖော်လို့ရတဲ့ဒြပ်မဲ့ သဘောတစ်ခုကို သက်ရှိအရာ/ဒြပ်ရှိဝတ္ထု အဖြစ် ထင်ယောင်ယုံကြည်လာအောင်ပြုခြင်းပဲ။

အလွယ်အားဖြင့် ဒြပ်မဲ့အရာကနေ ကွန်ခရိဆန်ဆန် ဒြပ်ရှိဝတ္ထုပမာ ပုံဖော်ခံရခြင်းပဲ။ လူးကပ်စ်က ဒြပ် ရှိပြုခြင်း(Reification) သဘောကို အရင်းရှင် လူ့အဖွဲ့အစည်းကို ချဉ်းကပ်ရာမှာ အသုံးပြုတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်မှာ တသီးပုဂ္ဂလ လူသားတွေကြားမှာ ဖြစ်စေ၊ အုပ်စု အချင်းချင်းကြားမှာဖြစ်စေ စဉ်ဆက် မပြတ်ပြောင်းလဲနေတဲ့ လူမှုဆက်သွယ်ချက်တွေရှိကြတယ်။ ဒီလူမှု ဆက်သွယ်ချက်တွေဟာ ကွန်ခရိ ဆိုတာထက် အဆက်မပြတ် ရွေ့လျားနေတဲ့ အရည် သဘောသာ ဆောင်တယ်။ သို့သော် လူသားတွေရဲ့ အမြင်မှာကျတော့ Social Relationship လို ဒြပ်မဲ့ ဆန်ဆန် ဆက်သွယ်ချက်တွေဟာ ကိုယ်ပိုင်သဏ္ဍာန်၊ ကိုယ်ပိုင်အသက်ဇီဝ၊ ကိုယ်ပိုင် ဖြစ်တည်မှု ရယူထားတဲ့ ဒြပ်ရှိအရာ/သက်ရှိအရာတွေအဖြစ် ရှုမြင်ခံရတယ်။ ဥပမာအားဖြင့် သတင်းဂျာနယ်တစ်စောင်မှာ "ဈေးကွက်"ဆိုတဲ့စကားလုံးကို ဖော်ပြထားတဲ့အခါ အဲဒီ "ဈေးကွက်"ဆိုတဲ့အရာက လူတွေရဲ့ လုပ်ငန်း ဆောင်တာတွေ၊ လူတွေရဲ့ ဆက်သွယ်မှုတွေ ဆီက ကင်းလွတ်ပြီး သီခြား ဖြစ်တည်နေတဲ့ အရာတစ်ခုအဖြစ် မြင်လာစေတယ်။ ဒီနေ့ဈေးကွက်တော့ ဘာဖြစ်နေပြီ စသဖြင့်ပြောတဲ့အခါ "ဈေးကွက်"ဟာ သက်ရှိ အရာဆန်နေ တယ်။ ရာသီဥတု အခြေအနေလိုမျိုး လူသားတွေ ကြားဝင်စွက်ဖက်လို့မရတဲ့ သဘောဝ ဖြစ်စဉ်တစ်ခုနဲ့ အလားတူ နေတယ်။ တကယ်ကတော့ "ဈေးကွက်" ဆိုတာက လူသားတွေအကြားက ဘဏ္ဍာရေးနဲ့ လူမှုရေးဆက်သွယ်ချက်တွေသာ ဖြစ်တယ်။ ဘဏ်လုပ်ငန်းရှင်တွေ ကုန်သွယ်ရေးသမားဟာ သူတို့ရဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတွေ၊ အပြန်အလှန် ဆက်သွယ်ချက်တွေကို လုံးလုံးလျားလျား ရပ်ဆိုင်း ပစ်လိုက်မယ်ဆိုရင် နောက်တစ်နေ့မှာ အဲဒီ "ဈေးကွက်"ဆိုတဲ့အရာ ရှိနိုင်တော့မှာ မဟုတ်ဘူး။ "ကုန်ဈေးနှုန်း" ဆိုတာလည်း အလားတူပဲ။ "ကုန်ဈေးနှုန်း"လို့ သုံးနှုန်း ပြောဆိုကြတဲ့အခါလူတွေကို အသက်ရှူခက်စေဖို့ နောက်တစ်ရစ်တိုးနောင်တင်းကြပ်လာတဲ့ လက်တံရှည်ကြီးအဖြစ် မြင်ကြတယ်။ လူတွေဟာလည်း အဲဒီလက်တံရှည်ကြီးတင်းကြပ်မှုဆီက မလွတ်မြောက်နိုင်တဲ့ ကယ်ကူရာမဲ့တွေလို့ ထင်ရတယ်။ တကယ်ကတော့ ဈေးကွက်၊ ကုန်ဈေးနှုန်း စတဲ့ အရာတွေဟာ လူတွေရဲ့ ဖန်တီးမှု သာလျှင် ဖြစ်တယ်။ အဲဒီအခြေအနေတွေ မေ့လျော့ ဖုံးကွယ်ခံထားရပြီး သူတို့ဘာသာ သီခြားဖြစ်တည် အလုပ်လုပ် နေသယောင် ဖော်ပြခံရတဲ့အခါ အဆိုပါအခြေအနေကို ဒြပ်ရှိပြုခြင်း(Reification) အဖြစ် သတ်မှတ်နိုင်တယ်။ လူးကပ်စ် အဓိက ပြောချင်တာကတော့ မာ့က်စ်ဝါဒဟာ လူ့အဖွဲ့အစည်းက ဒြပ်ရှိပြု အခြေအနေတွေကို ပိုင်းခြား ဆန်းစစ်ရမယ်။ ဈေးကွက်ကအစ နောက်ဆုံးမှာ အရင်းရှင်စနစ် တစ်ခုလုံးဆိုတာကြီး အထိ ပိပိရိရိ ဒြပ်ရှိပြုခံထားရတဲ့အရာတွေပဲ။ တစ်နည်းအားဖြင့် လူတွေ အားလုံးရဲ့ အမြင်မှာ ဒါတွေဟာ ပြောင်းလဲလို့ မရတော့တဲ့ ပရမတ်တရားလို ဖြစ်နေကြတယ်။ တကယ်ကတော့ ပြောင်းလဲဖို့မဖြစ်နိုင်ဘူးထင်ရတဲ့အရာတွေမှာ လူတွေရဲ့

ဖန်တီးမှုတွေ အများအပြားပါဝင်နေပြီး ဒါတွေဟာလည်း ပြောင်းလဲပစ်လို့ရတဲ့အရာတွေသာလျှင်ဖြစ်တယ်။ ဒါကြောင့် အထက်မှာ ပြောခဲ့သလို "ဖြစ်ဖို့ကံ" ဆိုတာဟာ ကံအကြောင်းတရား ကို လူသားဘဝအပေါ် အလုံးစုံချုပ်ကိုင်ထားတဲ့ သဘာဝလွန်စွမ်းပကားနေရာ ပေးလိုက်တာပဲ။ တိုက်ဆိုင်မှုအကြောင်းတရားဆိုတာ ရှိကောင်းရှိမယ်၊ သို့သော် ဖြစ်ပျက် ကြုံတွေ့နေရတဲ့ လူမှုအခြေအနေတိုင်းရဲ့ နောက်ကွယ်မှာ "ဖြစ်ဖို့ကံ"ဟာ အမြဲလိုတွဲကပ် နေမှာမဟုတ်ဘူး။ လူသားတွေနဲ့ လူသားတွေ အကြားက လူမှုဆက်သွယ်ချက်တွေ ပါဝင်ဖွဲ့စည်းထားတဲ့ လူမှု အဆောက်အအုံတစ်ခုလုံးဟာ အဆိုပါလူသားတွေ အားဖြင့်ပဲ ပိုမိုကောင်းမွန် တဲ့ပြောင်းလဲမှု တစ်ရပ်ဆီ ဦးတည်ပုံဖော်နိုင်တယ်။

'ယဉ်ကျေးသိမ်မွေ့မှု' ဆိုတဲ့ အပေါ်ယံ အရေခြုံ အားဖြင့် လူသားတွေကို စိတ်ပိုင်း ဆိုင်ရာ ခြယ်လှယ် လွှမ်းမိုးထားတဲ့ အခြားသော ဥပမာတွေလည်း အများအပြား ရှိကြသေးတယ်။ ကလေးတစ်ယောက်ဟာ သင့်တင့်လျောက်ပတ်တဲ့ အသိဉာဏ်နဲ့ အသက်အရွယ်ကို ရရှိလာပြီးနောက် အရွယ်ရောက် ပြီးသူတွေရဲ့ကမ္ဘာထဲ စတင်ခြေချတဲ့အခါ ဘယ် အခြေအနေမှာမဆို သူ စွဲစွဲမြဲမြဲ သွန်သင်ခံရတဲ့အချက်က "လူကြီးတွေစကားကို မြေဝယ် မကျနားထောင်ဖို့"ပဲ။ ဒါဟာ ကောင်းမွန်မှန်ကန်တဲ့ သွန်သင်မှု မဟုတ်ဘူးလား၊ ကလေး တစ်ယောက်အတွက် ယဉ်ကျေးလိမ္မာမှုရဲ့ စံနမူနာကို ဖန်တီးပေးလိုက်ခြင်းမဟုတ်ဘူးလားလို့ မေးစရာရှိတယ်။ သို့သော် မြေဝယ်မကျ ဆိုတဲ့စကားက နာခံတတ်မှုကို သွန်သင် ပေးရင်း တစ်ချိန်တည်းမှာ ကလေးငယ်ရဲ့ ကိုယ်ပိုင် အတွေးအမြင် ထုတ်ဖော်ပြတတ်ခြင်း ဆိုတဲ့ အရည်အသွေးကို ဖျက်ဆီးပစ်လိုက်တယ်။ မိဘက ဖြူဆိုဖြူ မည်းဆိုမည်း၊ ဆရာက ဖြူဆိုဖြူ မည်းဆိုမည်း စတဲ့ ပို့ချချက်တွေထဲမှာ ကလေးငယ်ဟာ အလိုရှိအပ်တယ်ယူဆရတဲ့ စံနမူနာထဲ သူ့ကိုယ်သူ ဝင်ဆန့်နိုင်ဖို့ ကြိုးစားရင်း မေးခွန်းထုတ်တတ်တဲ့ အလေ့အကျင့်တွေ၊ ဆွေးနွေး ဖလှယ်တတ်တဲ့အလေ့အကျင့်တွေ၊ ကျိုးကြောင်း ဆီလျော်မှု ရှိမရှိ ဝေခွဲဆုံးဖြတ်တတ်တဲ့ အလေ့အကျင့်တွေ ဆိတ်သုဉ်းလာတယ်။ ကိုယ်တိုင်ဆင်ခြင်နိုင်မှုဆိုတဲ့ အနေအထားဆီ မရောက်မီမှာပဲ သူ့ရဲ့ 'ကိုယ်ပိုင်အသံ' ဆိတ်ကွယ်ခံလိုက်ရတယ်။ စူးစမ်းဆင်ခြင်ခြင်း၊ ပြန်လှန် မေးခွန်းထုတ်ခြင်း၊ အကျိုး အကြောင်းသင့် ခုခံချေပခြင်း၊ ခုခံချေပခွင့်ရခြင်း စတဲ့ အခြေအနေ တွေပါ အနည်းနဲ့အများ ထိခိုက်တော့တာပဲ။ ဒီယဉ်ကျေးမှုစံက အသွားနှစ်ဖက်ရှိတဲ့လက်နက်လိုပဲ တစ်ဖက်မှာ အလိုရှိရာ ပုံစံခွက်တစ်ခုဆီ တွန်းပို့နိုင်သလို နောက်တစ်ဖက် မှာလည်း ဘေးထွက် ထိခိုက်မှုဆိုးကျိုးရှိလာနိုင်တယ်။ ကလေး(လူငယ်)တွေ နဲ့ အရွယ်ရောက်ပြီးသူ (လူကြီး)တွေ အကြားမှာ အမိန့်အာဏာဆိုတာ အထက်အောက် ဖိစီးမှုရှိတဲ့ပါဝါဆက်သွယ်ချက် သဘော အလုပ်လုပ်ဖို့ လမ်းပွင့်သွားတယ်။

"ခိုင်းတဲ့အတိုင်းလုပ် ပြန်မမေးနဲ့" ဆိုတဲ့ အာဏာရှင် ဆန်ဆန်အခွင့် ပါဝါကို လူကြီးတွေလက်ထဲ ထည့် ပေးလိုက်တယ်။ အတန်းထဲမှာ စကားများတဲ့ ကျောင်းသားကို ဆရာမကအပြစ်ပေးတဲ့အနေနဲ့ သမံတလင်းကို လျှာနဲ့ယက်ခိုင်းတယ်ဆိုတဲ့ ဖြစ်ရပ်နဲ့တကွ အခြားအလားတူသာဓကတွေကို ကြည့်မယ်ဆိုရင် ဒါဟာ ပါဝါအာဏာကို တစ်မိန့်တစ်သံသဘော အလုပ်လုပ်စေတဲ့ အကျိုးဆက်ပဲ။ အပြစ်ပေးခံရတဲ့ကျောင်းသားဟာ စကားပြောတတ်စ လမ်းလျှောက်တတ်စ ပီဘိကလေးငယ် မဟုတ်ဘူး။ အတော်အသင့် အရွယ်ရောက်ပြီးသူ၊ စဉ်းစားတွေး ခေါ်နိုင်စွမ်းရှိသူ ဖြစ်တယ်။ ဒီလိုအပြစ်ပေးပုံ ဟာ တရားနည်းလမ်း မကျဘူး၊ လူသားအခွင့်အရေးအရရော ကိုယ်ကျင့်အမြင်အရပါ မှားယွင်းတယ် စတာတွေကို လည်း အနည်းနဲ့အများနားလည်တယ်။

သို့သော် သူ့အနေနဲ့က စာသင်ခန်းအတွင်းမှာ ဆရာမရဲ့ တစ်မိန့်တစ်သံ အခွင့်အာဏာကို ပြန်လည် မေးခွန်းထုတ်ခွင့်မရှိဘူး၊ သူ့ကို မျှတတဲ့အခြားနည်းလမ်းနဲ့သာ အပြစ်ပေးပါဆိုပြီး သူ့အခွင့်အရေးကို ကာကွယ်နိုင်ခွင့် ပြန်လည်ငြင်းခုံခွင့်လည်း မရှိဘူး။ အချုပ်အခြာအာဏာဟာ ဆရာမရဲ့လက်ထဲမှာသာ အလုံးစုံ ကျရောက်နေတော့တယ်။ ဒီလိုရှားပါးတဲ့ ဖြစ်ရပ်မျိုးတွေအသာထားပြီး နိစ္စဓူဝ သာမန်အခြေအနေ အောက်မှာ ကြည့်မယ်ဆိုရင်ပဲ ဒီလိုစနစ်ကျင့်သုံးတဲ့ စာသင်ခန်း ပညာရေးမှာ ကျောင်းသားတွေဟာ ကိုယ်တိုင် ကိုယ်ကျပါဝင်ခွင့်ရတဲ့ နှစ်လမ်းသွား သင်ကြားရေးမျိုး ရနိုင်မှာမဟုတ်ဘူး။ ရမလာနိုင် အောင်လည်း တမင်ဖန်တီး ထားတာပဲ။ ဒါကြောင့် သင်ခန်းစာပြီးဆုံးသွားလို့ `ဘာမေးစရာရှိသလဲ' ဆရာက ပြောလိုက်တဲ့အခါ `မရှိပါဘူး' လို့ သံပြိုင်ဖြေကြတာက တကယ် မေးစရာမရှိကြလို့ မဟုတ်ဘူး၊ မေးစရာရှိရင်တောင် သူတို့အသံတွေ သူတို့ကိုယ်ပိုင်အမြင်တွေကို ဆိတ်ကွယ်ထားရမယ်လို့ အစဉ်အလာအားဖြင့် ပုံသွင်းသင်ကြားခံ ခဲ့ကြရလို့ပဲ၊ တစ်နည်း အားဖြင့်တော့ ပြန်လှန် ဆွေးနွေးမေးခွန်းထုတ်မှုကို အားမပေးတဲ့ သင်ကြားရေးစနစ်ထဲ ပိတ်မိ နေကြလို့ပဲ။ ဒါ့အပြင်ကို စာသင်ခန်းအတွင်းမှာ ကြိမ်လုံးဆိုတာက အာဏာပါဝါနဲ့ အပြစ်ပေး ဒဏ်ခတ်မှုကို ယှဉ်တွဲ ဖွင့်ဆိုပြထားတဲ့ ပြယုဂ်တစ်ခု ဖြစ်လာတယ်။ တဖုန်းဖုန်းကြိမ်းလုံးသံဟာ နုနယ်တဲ့ ကလေးငယ်တွေကို စည်းကမ်းသေဝပ်အောင် ထိန်းသိမ်းခြင်း ဆိုတာထက် အထက်က လာတဲ့အာဏာကို ကြောက်ရွံ့ နာခံအောင် အတင်းအကြပ် ပုံသွင်းတာနဲ့သာ ပိုအလား သဏ္ဍာန်တူတယ်။ ကြိမ်လုံးသံနဲ့လှန့်ပြီး ဆရာတိုင်သမျှ နောက်က လိုက်ရွတ်စေခြင်းဟာ လိုလားအပ်ဖွယ် ပညာရေးစနစ်မျိုးမဟုတ်ဘူး။ ဒါဟာ ကလေးငယ်တွေကောင်းဖို့ လုပ်ရတာပါလို့ ငြင်းချက်ထုတ်လာမယ် ဆိုရင် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်းဆုံးလို့ လက်ခံသတ်မှတ် ထားကြတဲ့ ပညာရေးစနစ်တွေမှာကျ ဘာကြောင့် ကြိမ်လုံးကိုင်သင်ကြားတဲ့အလေ့အထမရှိသလဲ ပြန်မေးရလိမ့်မယ်။

ဆရာနဲ့ကျောင်းသားတွေအကြား မလိုလားအပ်တဲ့ မျက်နှာသာပေးမှုတွေ၊ မမျှမတ ခွဲခြားဆက်ဆံမှုတွေ၊ နိုင်ထက်စီးနင်းလုပ်မှုတွေဟာ ယဉ်ကျေးမှု စံနှုန်းတစ်ခုဗဟိုပြု ပြီး ပါဝါကို အထက်အောက် ဖိနှိပ်ခွင့်ပေးလိုက်ရာက ပေါက်ထွက်လာတဲ့ နောက် ဆက်တွဲဆိုးကျိုး လို့ဆိုရင် မှားလိမ့်မယ်မထင်ဘူး။

ဒီအခြေအနေကနေ ဆက်လက်ချဲ့ တွေးကြည့်မယ်ဆိုရင် ကျောင်းသားကလေးငယ်တွေနဲ့ ဆရာ တို့အကြားက လုပ်ပိုင်ခွင့် အာဏာဆိုတဲ့ နေရာမှာတင်လည်း ရပ်မသွားဘူး။ ဒီ ယဉ်ကျေးမှုစံဟာ လူ့အဖွဲ့အစည်း တစ်ရပ်လုံးမှာရှိတဲ့ အာဏာ ရှိသူနဲ့ လက်အောက်ခံ (တနည်း အာဏာမဲ့သူ) တို့ အကြား ပါဝါ ဆက်သွယ်ချက်ကို မီးမောင်းထိုးပြနေတာပဲ။ ကျောင်းသား နဲ့ ဆရာ ကနေ ဆရာ နဲ့ ကျောင်းအုပ်၊ ကျောင်းအုပ် နဲ့ ပညာရေးမှူး၊ ပညာရေးမှူး နဲ့ ပညာရေးဝန်ကြီး စသဖြင့် ပါဝါ ဖြန့်ဝေမှုကို အဆင့်ဆင့် လိုက်ကောက် လို့ ရတယ်။ အရင်း ပြန်ချုပ်လိုက်ရင် အင်စတီ ကျူးရှင်း တစ်ခုလုံးက အထက် အောက် ဖိစီးမှုဆန်တဲ့ 'အမေးအမြန်းမရှိနာခံမှု' ကိုသာ အဓိက အသားပေးထားတာ တွေ့ရလိမ့်မယ်။ ဒီ ပါဝါဖြန့်ဝေမှုပုံစံ ကောင်းကောင်း အလုပ်ဖြစ်ဖို့ အတွက်လည်း အကြောက် တရားစိမ့်ဝင်ပျံ့နှံ့အောင် ပုံသွင်းထားတယ်။ ဒီတော့ကာ မိသားစု ယူနစ်ငယ် တွေကအစ စာသင်ခန်းတွေ အလယ် ဌာနဆိုင်ရာ လိုအင်စတီကျူးရှင်းတွေ အဆုံး ယဉ်ကျေးမှုစံ တစ်ခုအဖြစ် အမြစ်တွယ်နေပြီး အထက်လူကိုရိုသေလေးစားခြင်း အမည်ခံ 'မျက်ကန်းနာခံစိတ်' ဟာ အကျိုးပြု ကောင်းပြုရင် အကြွင်းမဲ့အာဏာရှင်စနစ်လို အုပ်ချုပ်ရေးမျိုး သက်ဆိုးရှည်အောင်သာ အကျိုးပြုလိမ့်မယ်။ ဒါကြောင့် ခြယ်လှယ် ဖိနှိပ်မှုလို့ဆိုလိုက်ရင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအပြင် ယဉ်ကျေးမှုအရဖိနှိပ်တာ၊ အိုင်ဒီယိုလိုဂျီအရဖိနှိပ်တာတွေ ကိုပါ မဖြစ်မနေထည့်တွက်ရလိမ့်မယ်။

Irrational Authoritarianism ကို ဆန်းစစ်ခြင်း

ဖရွမ်းနဲ့ အဒေါ်နိုတို့ နှစ်ဦးစလုံးက ဒါတွေကိုနားလည်နိုင်ဖို့ ဆိုရင်လည်း ယဉ်ကျေးမှုရဲ့ မူလဘူတ နောက်ခံအထိ တူးဆွ လေ့လာကြည့်သင့်တယ်လို့ မြင်တယ်။ အထူးသဖြင့် ယဉ်ကျေးမှု အလုပ်လုပ်ပုံသဘောကို လူမှုဗေဒအမြင်အရ စိတ်ပညာအရပါ ခွဲခြမ်း စိတ်ဖြာရမယ်။ အဒေါ်နို အတွက်ကတော့ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဥရောပတစ်ခွင်မှာ ကူးစက်ရောဂါဆိုးလို ပျံ့နှံ့ခဲ့တဲ့ ဖက်ဆစ်ဝါဒ (Fascism) နဲ့ ဂျူးမုန်းတီးရေးဝါဒ (Anti-Semitism) တို့လို အခြေအနေကို လေ့လာရေးဆိုတာ နိုင်ငံရေးအရ အလွန်အမင်းအရေးပါတယ်။ ဖက်ဆစ်ဝါဒနဲ့ ဂျူး မုန်းတီးရေးဝါဒတို့ နောက်ကွယ်မှာ တစ်သွေး တစ်သံတစ်မိန့် နောက် မျက်လုံးစုံ မှိတ်နာခံ လိုက်ပါကြတဲ့ ဆင်ခြင်တုံကင်းအကြွင်းမဲ့ အာဏာရှင်ဝါဒ (Irrational Authoritarianism) ကိုယ်ထည် တစ်ခုလုံး အထင်အရှား ရှိနေတာကြောင့်ပဲ။ ၁၉၄၀ နှောင်းပိုင်းကာလမှာ အဒေါ်နိုဟာ စိတ်ပညာရှင်တွေဖြစ်ကြတဲ့ ဖရန်ကဲလ်ဘရွမ်းစ်ဝခ်၊ ဒန်နီယယ်လီဗီဆင်၊ နက်ဗစ်ဆန်းဖို့ဒ်တို့နဲ့ ပေါင်းပြီး "ဖက်ဆစ်ဝါဒတိမ်းညွတ်ရန်အလားအလာရှိသူ တစ်သီးပုဂ္ဂလလူသား" ခေါင်းစဉ်နဲ့ အကြီးစားလူမှုသုတေသနလုပ်ငန်း တစ်ခုကို အကောင်အထည်ဖော်ခဲ့တယ်။ အဲဒီလေ့လာမှုရဲ့ ရလာဒ်အနေနဲ့ ၁၉၅၀ မှာ အဒေါ်နိုရဲ့ အထင်ရှားဆုံးလက်ရာ တစ်ခုလည်းဖြစ်တဲ့ The Authoritarian Personality ထွက်ရှိလာတယ်။ ဖက်ဆစ်ခေါင်းဆောင်တွေ၊ ဖက်ဆစ် ခေတ်ကာလအခြေအနေနဲ့ ဖက်ဆစ်ဝါဒဖြန့်တရားတွေနောက်ကွယ် က စိတ်ပိုင်း ဆိုင်ရာ ချုပ်ကိုင်မောင်းနှင်အား တစ်ခုလုံးကို အဒေါ်နိုက ချဉ်းကပ် သရုပ်ခွဲဖို့ရည်ရွယ်တယ်။ The Authoritarian Persnality မှာ ဖရွိုက်ရဲ့ စိတ်ခွဲပညာ ဆီက လွှမ်းမိုးမှု့ အများအပြား တွေ့ရမှာဖြစ်ပေမယ့် သာမန် ဖရွိုက်ဝါဒီတစ်ယောက်ရဲ့ ရိုးစင်းတဲ့ချဉ်းကပ်ပုံနဲ့တော့ ကွဲတယ်။ အဒေါ်နိုက လူသားတွေရဲ့မသိစိတ် (the Unconscious) ဟာ နိုင်ငံရေးနဲ့ လူမှုရေး အခြေအနေတွေကို ဘယ်လို ပုံဖော်လမ်းကြောင်းမှု မျိုးပေးနိုင်သလဲ စိတ်ဝင်စားတယ်။ နောက်ဆုံးမှာတော့ မော်ဒန်လူ့အဖွဲ့အစည်းတွေ အတွင်းမှာ Irrational Authoritarianism လို အကြွင်းမဲ့ အာဏာရှင်စနစ်ပုံစံမျိုး ခြေကုပ် ယူနိုင်အောင် လမ်းခင်းပေး ထားတဲ့ အကြောင်းရင်းခံ သုံးချက်ကို အဒေါ်နိုက တင်ပြခဲ့တယ်။ အဲဒါတွေကတော့ (၁) တသီးပုဂ္ဂလလူသား ကျဆုံးခန်း၊ (၂) သိစိတ်ကိုယ်တိုင်အပေါ် မသိစိတ်ရဲ့ လွှမ်းမိုးအောင်နိုင်မှု၊ (၃) ဖက်ဆစ်တိမ်းညွတ်စိတ် သို့မဟုတ် အကြွင်းမဲ့အာဏာပိုင်အမှတ်လက္ခဏာတွေနဲ့ ဆက်စပ်တဲ့ သတ်ဖြတ်ချေမှုန်းလိုစိတ်အမျက်ဒေါသ တို့ပဲ။

လူ့အဖွဲ့အစည်း တစ်ရပ်က တသီးပုဂ္ဂလလူသားရဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာကို ဘယ်လို တည်ဆောက်သလဲ ဆိုတာနဲ့ ပတ်သက်ပြီး သိသာ ထင်ရှားတဲ့ အပြောင်းအလဲအရွေ့မျိုး တွေ့လာရတယ်လို့ အဒေါ်နိုက ယူဆတယ်။ အထူးသဖြင့် ကွန်တမ်ပိုရာရီ လူ့အဖွဲ့အစည်းအတွင်း က တသီးပုဂ္ဂလလူသားဟာ ပုံစံခွက်တစ်ခုအောက် က သွေဖီ ပြောင်းလဲမှု့ ကင်းတဲ့ လူထုယဉ်ကျေးမှုနဲ့ လူထုမီဒီယာတွေကိုဖြတ်သန်းရင်း ရှိရင်းစွဲတသီးပုဂ္ဂလအမြင်နဲ့ သီခြား အမှတ်လက္ခဏာတွေပါ မှိန်ဖျော့လာရတယ်။ လူများကြိုက် ဖျော်ဖြေရေးဈေးကွက်တွေ၊ စားသုံးသူဝါဒတွေ၊ လူထုမီဒီယာတွေဟာ လူသားအားလုံးကို လေယူရာယိမ်းဝါဒ(Conformism) ဆီ တွန်းပို့ရင်း တူညီတဲ့အမှတ်လက္ခဏာတွေ တပ်ဆင်ပေးဖို့ ကြိုးစားတယ်။ ဒါက Irrational Authoritarianism လို ဆင်ခြင်ကြောင်းကျိုးမပါဘဲ မျက်လုံးမှိတ် နာခံလိုက်နာတတ်တဲ့ လူမှု သရုပ်နဲ့အမျိုးအစားတွေ ပေါ်ထွက်လာအောင် တနည်းတဖုံ အားပေးတာပဲ။ လူသားတစ်ယောက် အတွက် ကိုယ်ပိုင်အမှတ် လက္ခဏာဖြစ်ပေါ်မှု (Identity Formation) မှာ ဒီလိုစိတ်ပညာဆိုင်ရာနဲ့ သမိုင်းဆိုင်ရာ အပြောင်းအလဲတွေကြောင့် ဖက်ဆစ်ဝါဒလို အိုင်ဒီယိုလိုဂျီတွေအပေါ် ပိုမိုလွယ်လင့်တကူတိမ်းညွတ်စိတ် ဖြစ်စေတယ်။ ဒီအချက်ကို အဒေါ်နိုမတိုင်မီကတည်းက အုပ်စုဖွဲ့စိတ်ပညာ (Group Psychology) မှာ ဖရွိုက်က တင်ပြပြီးလည်း ဖြစ်တယ်။ ဒါကြောင့် အဒေါ်နိုကဆိုရင် ဖရွိုက်ရဲ့ အုပ်စုအလိုက် စိတ်ပညာလေ့လာချက်တွေက ဖက်ဆစ်ဝါဒလို အာဏာရှင်စနစ်မျိုး ပေါ်ထွက်လာလိမ့်မယ်ဆိုတာ ကြိုမြင်ခဲ့ပြီးသားလို့တောင် ဆိုခဲ့တယ်။ ဖရွိုက်ပြောခဲ့တာက လူသားတစ်ယောက်ဟာ အုပ်စုကြီးတစ်ခု အတွင်း ကျရောက်သွားပြီဆိုရင် သူ့ရဲ့ တသီးပုဂ္ဂလစံနှုန်းအမြင်တွေထက် အုပ်စုတစ်ခုလုံးရဲ့ စံနှုန်းအမြင်တွေ နောက်သာ လိုက်ပါဖို့ ကြိုးစားတော့တာပဲ။ တစ်နည်းအားဖြင့်တော့ တသီးပုဂ္ဂလ လူသားဟာ ပြင်ပ လူမှုအေဂျင်စီတွေကလာတဲ့ နိုင်ငံရေးအရ သိမ်းသွင်းခြယ်လှယ်မှုတွေနောက် လိုက်ပါလိုတဲ့ တိမ်းညွတ်စိတ်မျိုး ရှိတယ်။ ဒါကြောင့် တသီးပုဂ္ဂလဝါဒ (Individualism) အားနည်းမှိန်ဖျော့ပြီး အစုအပေါင်းဝါဒ (Collectivism) အားကောင်းလာတာနဲ့အမျှ တစ်ဦးတစ်ယောက်ချင်းရဲ့ သီခြား အမှတ်လက္ခဏာနေရာမှာ အစုအဖွဲ့ရဲ့ စံနှုန်းသတ်မှတ်ချက်တွေက ပိုမိုတိုးဝင်နေရာယူလာတယ်။ ဒီအခြေအနေမှာ ဝါဒဖြန့်အသိအမြင်မှားတစ်ခုခုနဲ့ သွေးထိုး လှုံ့ဆော်လိုက်ပြီဆိုရင် အဆိုပါ အုပ်စုအနေနဲ့ သူ့ရဲ့အုပ်စုပြင်ပမှာရှိနေတဲ့ အခြားသောအုပ်စုငယ်တွေကို မုန်းတီးစိတ်နဲ့ အမျက်ဒေါသဖြစ်ပေါ်ဖို့ လွယ်ကူသွားတော့တယ်။ နောက်ဆုံးမှာ ဖက်ဆစ်ဝါဒ၊ ဂျူးဆန့်ကျင်ရေးဝါဒ စတဲ့ လူမျိုးရေးခွဲခြားမှု(Racism) ဆီ ဦးတည်သွားတယ်။

၁၉၅၀ ခုနှစ်မှာ ထွက်ရှိလာတဲ့ The Authoritarian Personality မှာ အဒေါ်နိုနဲ့တကွ အခြားစိတ်ခွဲပညာရှင်တွေက 'F-scale' လို့ အမည်ပေးထားတဲ့

အတိုင်းအတာ ယူနစ်တစ်ခုကို တီထွင်ပြီး အာဏာပါဝါအားဖြင့် ထိန်းချုပ်ကွပ်ကဲခံ လူမှုအခြေအနေတွေကို အကဲဖြတ်ဖို့ ကြိုးစားခဲ့တယ်။ F-scale က လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ 'ဖက်ဆစ်ဝါဒဆီ တိမ်းညွတ်နိုင်ချေ' (Fascist Potential) ကို တိုင်းတာတယ်။ အဒေါ်နိုတို့က အင်တာဗျူး ဖြေဆိုသူ ပေါင်းနှစ်ရာကျော် ကို သူတို့ရဲ့ငယ်ဘဝဖြတ်သန်းမှု၊ မိသားစုဆက်ဆံရေး၊ နိုင်ငံရေးနဲ့ကမ္ဘာ့အမြင် စတဲ့ နောက်ခံတွေကို အခြေခံရင်း စိတ်ခွဲပညာရှုထောင့်ကနေ တစ်ဦးချင်းအလိုက် စိတ် ခံစားမှုပိုင်းဆိုင်ရာ အမှတ်လက္ခဏာတွေကို မှတ်စုအကျဉ်းချုပ်တွေ ထုတ်နှုတ် ယူတယ်။ ပြီးတဲ့အခါဖက်ဆစ်စနစ်လို အာဏာရှင်ဝါဒ၊ ဂျူးမုန်းတီးရေးဝါဒ၊ အစွန်းရောက်အမျိုးသားရေးဝါဒ၊ ကွန်ဆာဗေးတစ်ဝါဒ စသဖြင့် နိုင်ငံရေးလူမှုရေး အစွဲအယူတွေဆီ ဘယ်လောက် အတိုင်းအတာအားဖြင့်ယိမ်းသလဲ ဆိုတာ F-scale အလိုက် အကဲဖြတ်တယ်။ နောက်ဆုံး ရလဒ် အနေနဲ့ထွက်ရှိလာတာကတော့ "အာဏာရှင်စနစ်ဆီ တိမ်းညွတ်ရန် ဖြစ်တန်ချေရှိသော" လို့ ယူဆရတဲ့ စိတ်ခံစားမှုပိုင်းဆိုင်ရာလက္ခဏာ (၉) ချက်တို့ပဲ။

အဲဒါတွေကတော့ -

(၁) ရှေးရိုးစွဲဝါဒ (Conventionalism)

အစွဲအယူ ပြင်းထန်တဲ့ လူလတ်တန်းစား စံနှုန်း တွေကို ခေါင်းမာမာ ကိုင်စွဲတယ်။ အခြားသူ တွေအပေါ် တင်းမာတဲ့ သဘောထား မျိုး ပြသတယ်။

(၂) အာဏာနာခံလိုက်လျောမှု (Authoritarian Submission)

ပိုင်းခြားဝေဖန်မှုကင်းမဲ့တယ်။ အာဏာနဲ့ ချုပ်ကိုင်မှု တို့အပေါ် အမြဲနာခံ ခေါင်းညိတ် လိုမှု ပြသတယ်။

(၃) အခွင့်အာဏာဆန်ဆန်ရန်စောင်မှု (Authoritarian Aggression)

ရှေးရိုးစွဲစံနှုန်းတွေ မနာခံဘဲ သွေဖီခွဲထွက်လို သူတွေကို တက်ကြွစွာ ရှာဖွေဖော်ထုတ်ပြီး အပြစ်ပေး လိုတဲ့ဆန္ဒ ပြသတယ်။

(၄) ပဋိတွေးတောခံစားမှုအမြင် (Anti-Interception)

စိတ်ကူးဉာဏ်ကွန့်မြူးမှု၊ ဆန်းသစ်တီထွင်မှု စတာမှန်သမျှတို့ကို ပစ်ပယ်တယ်။

(၅) အစွဲအမြင်နှင့် အယူသီးမှု (Stereotype and Superstition)

ဒဏ္ဍာရီဆန်ဆန် ကံအကြောင်းတရားဆိုင်ရာ တင်ကြိုသတ်မှတ်မှုအယူအဆနဲ့ ကံစေရာဝါဒတို့ကို ယုံကြည်တယ်။

ကမ္ဘာလောကကို ဘောင်တစ်ခုအတွင်းကသာ အစွဲအမြင်ကြီးတဲ့မျက်လုံးတွေနဲ့ ရှုမြင်တယ်။

(၆) ပါဝါနှင့် တောင့်တင်းမှု (Power and Toughness)

ပါဝါနဲ့ခွန်အားကြီးမှုသရုပ်ကို ချဲ့ကားပြဆိုတယ်။ လွှမ်းမိုးခြင်း / အလွှမ်းမိုးခံ၊ အားကောင်းမှု / ပျော့ညံ့မှု၊ ခေါင်းဆောင် / နောက်လိုက် စသဖြင့် အစကတည်းက နှစ်တန်း နှစ်စား သတ်မှတ် ခွဲခြားထားပြီးဖြစ်တဲ့ တွေးခေါ်ပုံရှိတယ်။

(၇) အဖျက်သဘောနှင့် အပြစ်မြင်မှု (Destructiveness and Cynicism)

ရန်စောင်မှုနဲ့ အမျက်ဒေါသ ကြီးတယ်။ လူမှုအခြေအနေတွေ ကို ယေဘုယျအားဖြင့် မုန်းတီးရင်းစွဲ တောင် ရှိတယ်။

(၈) ပုံချလွှဲခြင်း (Projectivity)

မလိုလားတဲ့ တသီးပုဂလဆိုင်ရာစိတ်ခံစားချက်တွေကို အခြားသူတွေအပေါ်မှာ အရိပ်ထိုးပြီး ပုံချလွှဲဖို့ ကြိုးစားတယ်။

(၉) လိင်မှုရေးရာ (Sex)

အခြားသူတွေရဲ့ လိင်မှုရေးရာကိစ္စတွေနဲ့ စပ်လျဉ်းပြီး မလိုအပ်ဘဲ အကျယ်ချဲ့စွက်ဖက်လိုတဲ့ သဘောထားအရင်းခံ ရှိတယ်။

အထက်ပါစိတ်ပိုင်းဆိုင်ရာဝိသေသလက္ခဏာတွေက ဖက်ဆစ်ဝါဒလို အာဏာရှင်စနစ်မျိုးဆီ ပိုမိုတိမ်းညွတ်မှုဖြစ်စေ နိုင်တယ်လို့ The Authoritarian Personality ကို ပူးတွဲရေးသားခဲ့တဲ့ စိတ်ခွဲပညာရှင်စာရေးသူတွေက ဆိုခဲ့တယ်။ ဒါက လူမှုအဆောက်အအုံတစ်ခုလုံးရဲ့ ရှုပ်ထွေးတဲ့ ဆက်သွယ်ချက်တွေကို တသီးပုဂ္ဂလဆန်ဆန် စိတ်မှုဗေဒဆီ ဖြေလျှော့ချပြီး ရိုးစင်းအောင် ပြုသလိုထင်ရပေမယ့် အဆုံးသတ်ကောက်ချက် တွေထဲမှာ စိတ်ဝင်စားစရာ သုံးသပ်မှုတွေ အများအပြား ပါဝင်တယ်။ ရှေးရိုးစွဲ ဆန်လွန်းတာ၊ တစ်မိန့်တစ်သံအာဏာ ကို ခေါင်းညိတ် နာယူလိုစိတ် လွန်ကဲတာ၊ မတူကွဲပြားတဲ့အမြင်စွဲကိုင်သူတွေ အပေါ် ရန်စောင်စိတ် ရှိတာ၊ စိတ်ကူးဉာဏ်နဲ့တွေးခေါ်မှုတို့ကို ပစ်ပယ်တာ၊ အယူသီးမှု ပြင်းထန်ပြီး လူမျိုး ဘာသာ အသားအရောင် လိင် စသဖြင့် ခွဲခြားမှုအစွဲအမြင်ကြီးမားတာ စတဲ့အချက်တွေဟာ အတွေးအခေါ် ဟောင်းနွမ်း နိမ့်ပါးတဲ့ လူ့အဖွဲ့အစည်းမျိုးမှာ တွေ့ရလေ့ရှိတဲ့ ယေဘုယျ စိတ် အခြေအနေတွေ ဆိုတာ မငြင်းနိုင်ဘူး။ လူဦးရေရဲ့ ရာခိုင်နှုန်း အများစုကြီးဟာ ဒီလို စိတ်ပိုင်းဆိုင်ရာ လက္ခဏာတွေပိုင်ဆိုင်ထားပြီဆိုရင် နာဇီဝါဒနဲ့ ဖက်ဆစ်ဝါဒတို့လို အကြွင်းမဲ့ အာဏာပိုင် ယန္တရားကြီးအလုပ်ဖြစ်ဖို့လည်း အခြေအနေကောင်းကို

မျှော်လင့်နိုင်တယ်။ ဒါဟာ တကယ်တော့ ပူပန်လောက်စရာကိစ္စပဲ။ ဘာကြောင့်လဲဆိုရင် များသောအားဖြင့်က ဒီလိုအယူအဆတွေ အမြစ်တွယ်အားကောင်းလေ့ရှိတာလည်း အသိပညာ နံနဲ့ချို့ယွင်းတဲ့ လူတန်းစား ရာခိုင်နှုန်းအများစုနဲ့ ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်းတွေမှာ ဖြစ်တယ်။ လူမှုအဆောက်အအုံတစ်ခုလုံးမှာ ချိတ်ဆက် အလုပ်လုပ်နေတဲ့ ယဉ်ကျေးမှုစံနှုန်းတွေ၊ အိုင်ဒီယိုလိုဂျီ အရ ဖိနှိပ်မှုတွေ၊ ဝါဒရေးရာတွေ ဟာ တသီးပုဂလလူသားရဲ့ ဆင်ခြင်စိတ်နဲ့ လောကအမြင်တို့ကို မမြင်ရတဲ့ သိမှုဘောင် အလွှာအကန့်တွေအထိ ဝင်ရောက်ခြယ်လှယ် ထားတယ်။ ဒီနေရာမှာ ဖရွိုက် ပြောခဲ့တဲ့ အယူအဆအတိုင်း ပြန်ကိုးကားရရင် လူသားတစ်ယောက်ရဲ့ စိတ် သို့မဟုတ် တသီးပုဂ္ဂလဖြစ်တည်မှု (Subjectivity) ဆိုတာဟာ သာမန်သိမှုအားဖြင့် မမြင်ရနိုင်တဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ တွန်းအားတွေနဲ့ တည်ဆောက်ခံ ထားရတယ် ဆိုတာပဲ။ ဒီအချက်ဟာ ငြင်းဖို့တော့ခက်တယ်။ ဥပမာ ဘာသာရေးအမြင်ဆိုပါစို့။ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ဆိုတဲ့ ကမ္ဘာလုံးဆိုင်ရာနိုင်ငံသားနဲ့နိုင်ငံရေးအခွင့်အရေးစာတမ်း အပိုဒ် ၁၈ ကို ခဏဖယ်ထားပြီး သာမန်ယုတ္တိဗေဒ သက်သက်နဲ့ပဲ ပြောကြည့်ရအောင်။ ဘာသာရေးကိုးကွယ်မှုလို့ဆိုရာမှာ ကိုယ့်ယုံကြည်ချက်ကိုယ် ခိုင်မာအောင် တည်ဆောက်နိုင်ရင် ဘယ်သူ ဘာကိုးကွယ်သလဲ ကိုယ့်အတွက် ဘာမှအရေးမကြီးတော့ဘူးပေါ့။ ယုံကြည်ချက်ဆိုတာ တရားဟောမိုက်ခွက်မှာ မတည်ဘူး၊ တတွတ်တွတ်ရွတ်နေတဲ့ ကြက်တူရွေးနှုတ်တိုက် တရားစာတွေမှာလည်း မတည်ဘူး။ လူတစ်ယောက် ရင်ထဲမှာပဲ တည်တယ်။ သို့သော် ဒီအခြေခံအကျဆုံး လောကအမြင်ကို လူသားတွေဟာ လက်သင့်ခံဖို့ ခက်ခဲတုန်း ငြင်းဆန်တုန်းပဲ။ ဘာကြောင့်လဲဆိုရင် သူတို့ရဲ့ သိမှုမှာတည်တဲ့ ကျိုးကြောင်း ဆင်ခြင်စိတ်ကို မသိစိတ်ဇလာနယ်ထဲ က လူမှုရေးနဲ့ ယဉ်ကျေးမှု အင်အားစု တွေက ဝင်ရောက်လွှမ်းမိုးနေတာကြောင့်ပဲ။ `မသိစိတ်ဟာပုဂ္ဂလ လူသားရဲ့သိစိတ် အပေါ်အောင်နိုင်မှု ႆ ')The triumph of the unconscious over consciousness of self) ရယ်လို့ အဒေါ်နိုက Irrational Authoritarianism လေ့လာချက်မှာ ထည့်ရေးခဲ့တယ်။ လူသားတွေဟာ သာမန် တွေးခေါ်မြော်မြင်မှုလောက်နဲ့ နားလည်နိုင်တဲ့ ရိုးစင်းတဲ့ လောကအမြင် တွေကို မှန်ကန်စွာ ဆင်ခြင်သုံးသပ်နိုင်စွမ်း မရှိတော့ဘူး။ ရှေးရိုးစွဲဆန်မှု၊ အစွဲအမြင်ခွဲခြား စိတ်ကြီးမှု၊ မတူကွဲပြားချက်အပေါ်လက်သင့်ခံနိုင်စွမ်း ချို့ငဲ့မှု စတဲ့ စတဲ့ သူတို့မသိစိတ်မှာ လူမှုရေးအရ ယဉ်ကျေးမှုအရ ကာလကြာရှည် နေရာယူချုပ်ကိုင်ထားပြီးဖြစ်တဲ့ လှုံ့ဆော်မှုတွေက သူတို့ရဲ့ကျိုးကြောင်းဆင်ခြင်စိတ်ကို ဖုံးလွှမ်းသွားတယ်။ နောက်ဆက်တွဲအားဖြင့် ရန်စောင်တာ မုန်းတီးတာတွေပါ ကပ်ငြိပါလာတယ်။ သံလွင်ခက်ကိုက်ချီပျံဝဲနေမယ့် ချိုးငှက်ယယ်အစား မီးတောက်မီးလျှံတွေကိုပဲ လိုလားတယ်။ ဘာသာရေးအတွက်လို့ ကြွေးကြော်နေစဉ်မှာတောင်

ရန်စောင်အမုန်းပွားမှုတွေ၊ အကြမ်းဖက်မှုတွေဟာ ဘာသာရေးရဲ့ အနှစ်သာရနဲ့ ဖြောင့်ဖြောင့် ကြီးဆန့်ကျင်နေတယ် ဆိုတဲ့အချက်ကို သတိမမူမိတော့ဘူး။ အာဏာရှင်ဝါဒတွေ၊ ဘာသာရေး စစ်ပွဲနဲ့ပဋိပက္ခတွေ၊ လူမျိုးတုံးသတ်ဖြတ်မှုတွေဟာ ဒီလိုနဲ့ပဲ အရှိန်အဟုန် ကောင်းတဲ့ လှိုင်းလုံး တွေလို သမိုင်းမှာ ဝင်ရောက်ရိုက်ပုတ်ခဲ့တယ်။

ကားလ်မာ့က်စ်က ဆိုရှယ်လစ်စနစ်နဲ့အတူ လူတန်းစားတော်လှန်ရေး ပေါ်ပေါက်လာပြီး အရင်းရှင်ဝါဒ မုချကျဆုံးမယ်လို့ တင်ကြို ဟောကိန်း ထုတ်ခဲ့ဖူးတယ်။ လူတန်းစား တော်လှန်ရေးသည်လည်း အရင်းရှင်ဝါဒ အဖွံ့ဖြိုးဆုံးနိုင်ငံတွေမှာ စတင်မြစ်ဖျားခံလိမ့်မယ်လို့ ခန့်မှန်းခဲ့တယ်။ သို့သော် လက်တွေ့ဖြစ်ပျက်ခဲ့တာတွေကတော့ မာ့က်စ်ရဲ့ ဟောကိန်းတွေနဲ့ ဆန့်ကျင်ဘက်သဖွယ်ဖြစ်နေတယ်။ လူတန်းစားတော်လှန်ရေးဟာ အရင်းရှင်စနစ်ဖွံ့ဖြိုးမှု အထွတ်အထိပ် လို့ဆိုနိုင်တဲ့ အမေရိကန်၊ ဗြိတိန် စတဲ့ နိုင်ငံတွေမှာ သန္ဓေမတည်နိုင်ခဲ့ဘဲ စီးပွားရေးအရ များစွာ ခေတ်နောက်ပြန်ဆွဲနေတဲ့ ရုရှားမှာ ဝုန်းခနဲအုံကြွခဲ့တယ်။ ပထမကမ္ဘာစစ်နှောင်းကာလလောက်စပြီး မာ့က်စ်ဝါဒီတွေ အကြပ်ကျစေတဲ့မေးခွန်းကတော့ ဘာကြောင့် အရင်းရှင်ဝါဒကျဆုံးခန်းနဲ့ ဆိုရှယ်လစ်တော်လှန်ရေးတို့ဟာ ကားလ်မာ့က်စ်ရဲ့ ခန့်မှန်းချက်တွေဆီက သွေဖီခဲ့ရသလဲ ဆိုတာပဲ။ ဒါ့အတွက်ကြောင့် တော်လှန်ရေးဟာ အနောက်နိုင်ငံတွေမှာ ဘာကြောင့်မဖြစ်ပွားခဲ့သလဲ ဆိုတာနဲ့စပ်လျဉ်းပြီး အနောက်ကမ္ဘာက မာ့က်စ်ဝါဒီတွေ အလေးအနက်အဖြေရှာဖို့ ကြိုးစားခဲ့ကြတယ်။ ယေဘုယျ လက်ခံမှုသဘောမျိုး ကောက်ချက်ဆွဲလို့ ရနိုင်တာကတော့ အရင်းရှင်လူ့အဖွဲ့အစည်းမှာ လူထုတော်လှန်ရေး မဖြစ်ပွားဖို့ ကာကွယ်ထားတဲ့ အတားအဆီးတွေက မူလခန့်မှန်းခဲ့တာထက် ပိုမို အားကောင်းနေတယ်ဆိုတာပဲ။

ဒါကြောင့်လည်း နှောင်းပိုင်း မာ့က်စ်ဝါဒဆိုင်ရာ အတွေးအခေါ်တွေမှာ အင်အားနဲ့ လက်နက်အသုံးပြုတဲ့ ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုအပြင် အိုင်ဒီယိုလိုဂျီအရဖိနှိပ်မှု ဆိုတာကိုပါ အလွန်အမင်း အရေးပါတဲ့ကဏ္ဍတစ်ရပ်လို ထည့်သွင်း ကိုင်တွယ်လာကြတယ်။ ဘောဂဗေဒ အောက်ခြေအဆောက်အအုံသက်သက်အားဖြင့်လည်း ကွန်တမ်ပိုရာရီလူမှုဘဝနဲ့ အသွင်ပြောင်း အရင်းရှင်ဝါဒတို့ကို ချဉ်းကပ်ဖို့ မလုံလောက်တော့ဘူး ယူဆလာကြတယ်။ ဝီလျံအော်သူဆယ်၊ သီအိုဒေါ်အဒေါ်နို၊ ဟားဘတ်မာကူဇာ၊ အန်တိုနီယိုဂရမ်ရှီ စတဲ့ အနောက်တိုင်းမှာအထင်ရှားဆုံး နီယိုမာ့က်စ်ဝါဒီတွေရဲ့ လေ့လာချက် လမ်းကြောင်းက လူသားတွေးခေါ်ပုံနဲ့ အိုင်ဒီယာအယူအဆ တို့ကို ချုပ်ကိုင်ထားတဲ့ 'ယဉ်ကျေးမှု'နယ်ပယ်တစ်ခုလုံးဆီ ပြန်လှည့်ခဲ့တာတွေ့ရလိမ့်မယ်။ ရုပ်ကြမ်းမာ့က်စ်ဝါဒအမြင်လို ဘောဂဗေဒဟာ 'ယဉ်ကျေးမှု'ကို ဘယ်လိုချုပ်ကိုင်

လွှမ်းမိုးသလဲ လေ့လာရုံနဲ့ မလုံလောက်တော့ဘူး။ အုပ်ချုပ်သူလူတန်းစားရဲ့ လွှမ်းမိုးကြီးစိုးဆဲ တန်းဖိုးစံအမြင်တွေနဲ့ ပြဌာန်းခံထားရတဲ့ 'ယဉ်ကျေးမှု'ကိုယ်တိုင်ကရော (စီးပွားရေးနဲ့ နိုင်ငံရေးတို့အပါအဝင်) လူ့အဖွဲ့အစည်းတစ်ရပ်လုံး အပေါ် ဘယ်လိုတန်ပြန် လွှမ်းမိုး သက်ရောက်မှု ပြုနေသလဲ ဆိုတာကို ပြန်လည် ဆန်းစစ်ဖို့ လိုလာတယ်။ ဒါက နှောင်းပိုင်း မာ့က်စ်ဝါဒတွေရဲ့ အရေးပါတဲ့ လမ်းကြောင်းတစ်ခုပဲ။

ဟေဂယ်ရဲ့ ဒိုင်ယာလက်တစ် အမြင်မှာ ဆန့်ကျင်တဲ့ အင်အားစုတွေဟာ အမြဲ ပဋိပက္ခအသွင် ဆောင်နေတယ်လို့ ယူတယ်။ အဆိုပါပဋိပက္ခအခြေအနေကပဲ အင်အားစုနှစ်ရပ်လုံးကို လွှမ်းမိုးပြောင်းလဲရင်း အင်အားစုနှစ်ရပ်လုံးဆီက အစိတ်အပိုင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ နောက်ထပ် နောက်ထပ်သော အင်အားစုအသစ်တွေ၊ အခြေအနေသစ်တွေကို ဖန်တီးတယ်။ ဒီလို ထပ်ဆင့်ဖန်တီးခံလိုက်ရတဲ့ အခြေအနေတွေရဲ့ သဘာဝဟာလည်း ဒိုင်ယာလက်တစ်ဆန်တယ်။ ဟေဂယ်လွှမ်းမိုးခံရတဲ့ မာ့က်စ်က အဆိုပါဒိုင်ယာလက်တစ်အမြင်ကို လူတန်းစားပဋိပက္ခ သရုပ်ခွဲရာမှာ သုံးခဲ့တယ်။ မာ့က်စ်ရဲ့အယူအဆက အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလူတန်းစားတို့ဟာ ပဋိပက္ခအခြေအနေမှာ ရှိနေကြပြီး အဆိုပါပဋိပက္ခက လူတန်းစားနှစ်ရပ်လုံးကို ပြောင်းလဲမှု ဖြစ်စေတယ်။ ပါဝါအကြီးမားဆုံးလူတန်းစားဟာ တစစ အားနည်းလာပြီး တစ်ချိန်က အားနည်းခဲ့တဲ့ လူတန်းစားဟာ သူ့နေရာကို ဝင်ရောက် သိမ်းပိုက်လိုက်တယ်။ တစ်ချိန်က လွှမ်းမိုးခံလူတန်းစားဟာ နောက်ဆုံးမှာ လွှမ်းမိုးသူလူတန်းစား ဖြစ်လာသလို အဆိုပါ လူတန်းစား ကို ထပ်မံစိန်ခေါ်မယ့် နောက်ထပ် လူတန်းစားသစ်တစ်ရပ်လည်း ပေါ်လာဦးမယ်။ ဒိုင်ယာလက် တစ်သဘောသဘာဝထဲမှာ အခြေအနေသစ်၊ အင်အားစုအသစ် တွေဟာ အမြဲ ပေါ်ပေါက် လည်ပတ်နေတယ်။ သို့သော် နောက်ဆုံးမှာတော့ လူသားသမိုင်းရဲ့ ဒိုင်ယာလက်တစ်ဖြစ်စဉ်ဟာ အဆုံးသတ်အမှတ် (End-point) တစ်ခုနဲ့ကြုံရလိမ့်မယ်လို့ ဟေဂယ်က ဆိုခဲ့တယ်။ အဆိုပါ အဆုံးသတ်အမှတ်ဆိုတာက ပဋိပက္ခတွေ အားလုံး ချုပ်ငြိမ်းလွန်မြောက်သွားတဲ့ အခြေအနေကို ညွှန်ပြချင်တာပဲ။ မာ့က်စ်ကလည်း မော်ဒန်ကမ္ဘာမှာ အရင်းရှင်လူတန်းစားနဲ့ အလုပ်သမား လူတန်းစားတို့ ပဋိပက္ခအခြေအနေ ဖြစ်တည်ရာက နောက်ဆုံးမှာ အလုပ်သမား လူတန်းစား အောင်ပွဲရပြီး အရင်းရှင်စနစ်ကျဆုံးသွားပြီဆိုရင် (ဟေဂယ်ပြောခဲ့တဲ့ အဆုံးသတ်အမှတ်လို) နောက်ထပ် လူ့အဖွဲ့အစည်းသစ် ကမ္ဘာသစ်တစ်ခုကို ရောက်ရှိလိမ့်မယ်လို့ ဆိုခဲ့တယ်။ ဒါကတော့ ကွန်မြူနစ်ဝါဒ (Communism) ပဲ။

လက်တွေ့လူသားသမိုင်းမှာကျတော့ အုပ်ချုပ်သူနဲ့အုပ်ချုပ်ခံတို့ ပဋိပက္ခဖြစ်တိုင်း နောက်ဆုံး အုပ်ချုပ်ခံလူတန်းစားကပဲ အောင်ပွဲရလိုက်တယ်ဆိုတဲ့

ဇာတ်သိမ်းခန်းမျိုးချည်း ဖြစ်မလာခဲ့ဘူး။ ပြဿနာက လွှမ်းမိုးအုပ်ချုပ်သူလူတန်းစားဟာ ထင်ထားသလောက် လွယ်လင့်တကူနဲ့ အင်အားယုတ်လျော့မသွားတာကြောင့်ပဲ။ ပဋိပက္ခအခြေအနေဟာ အင်အားစုနှစ်ခုလုံးကို လွှမ်းမိုးပြောင်းလဲစေတာမှန်ပေမယ့် အဆိုပါအပြောင်းအလဲထဲမှာ အုပ်ချုပ်သူလူတန်းစားဟာ ပါဝါဆက်သွယ်ချက်အရကိုက အပေါ်စီးရယူထားပြီးအခြေအနေမျိုး ပိုင်ဆိုင်ထားတယ်။ အုပ်ချုပ်သူလူတန်းစားက ဒီအခြေအနေကိုကောင်းကောင်းအသုံးချခွင့် အားသာချက်ရှိနေတယ်။ သေနတ်ချိန်ခါးထောက်ပြီး အကြမ်းဖက်ဖိနှိပ်တဲ့ ပုံစံက ရေရှည်အလုပ်မဖြစ်နိုင်တဲ့အခါ ပိုမို ပျော့ပြောင်းတဲ့ဖိနှိပ်မှုပုံစံနဲ့ အုပ်ချုပ်ခံလူတန်းစားကို အတွေးအခေါ်အရ စနစ်တကျ ပုံသွင်း ဖျက်ဆီးတော့တာပဲ။ အုပ်ချုပ်ခံ လူတန်းစားဟာ လမ်းလျှောက်ခွင့်ရပေမယ့် မျက်လုံး တစ်ဝက်တပျက် စီးနှောင်ခံထားရတဲ့ လူအုပ်နဲ့ အလားတူတယ်။ ညွှန်ကြားချက် တွေအတိုင်း အတိအကျလျှောက်နေပေမယ့် ရံဖန်ရံခါမှာ စက်ဝိုင်းသဏ္ဍာန် လှည့်ပတ် နေရရင်း မှုရင်းနေရာကနေ သိသာတဲ့အရွေ့မျိုး မဖြစ်ထွန်းဘူး။ လူအုပ်ထဲက အချို့ဟာ အခြားသူတွေထက် ပိုမိုရှင်းရှင်းလင်းလင်းမြင်နိုင်စွမ်းရှိတယ်၊ အချို့က မှုန်ဝါးနေသည့်တိုင် အမြင်အာရုံ မပျောက်ဆုံးသေးဘူး၊ အချို့ကတော့ မြင်နိုင်စွမ်းအား လုံးလုံးလျားလျား ချို့တဲ့နေသူတွေ ဖြစ်တယ်။ ဒီအမျိုးအစား သုံးရပ်ထဲမှာ ပိုမို မြင်နိုင်စွမ်းရှိသူတွေဟာ လူအုပ်ရဲ့ လားရာလမ်းကြောင်း ကို ဆဝါးတတ်တယ်၊ အမိန့်ပေးနေတဲ့ လမ်းညွှန်ချက်တွေရဲ့ လိမ်လည် ဖြားယောင်းမှုနောက် လျှောက်လိုက်နေမှာနဲ့စာရင် တကယ်လက်တွေ့ကျတဲ့အရွေ့မျိုး သူတို့ဘာသာ ဖော်ဆောင်နိုင်ကြောင်း သဘောပေါက်တယ်။ မှုန်ဝါးဝါးမြင်နိုင်သူတွေ ကကျတော့ သူတို့ရဲ့ အမြင်အာရုံကို မစွန့်ပယ်လိုက်ပေမယ့် တစ်ခါတရံတွေမှာ အထက်ကလမ်းညွှန်မှုကို ယုံကြည်လိုက်နာနေမိတာမျိုး ရှိနိုင်သေးတယ်။ ပြဿနာအရှိဆုံးကတော့ အမြင်ချို့တဲ့နေတဲ့ အုပ်စုပဲ။ သူတို့ရဲ့ မြင်နိုင်စွမ်းအားကင်းမဲ့မှုက လူအုပ်တစ်ခုလုံးအားဖြင့် အခက်အခဲကြီးကြီးမားမားဖြစ်စေနိုင်တယ်။ ဥပမာအားဖြင့် `လူအုပ်ထဲမှာ မြွေတစ်ကောင်ရှိနေတယ်' လို့ အထက်က သတိပေးအော်ပြောလိုက်တဲ့အခါ မြင်နိုင်စွမ်းရှိသူအုပ်စုဟာ မြွေတကယ်ရှိမရှိ ချက်ချင်းသိနိုင်တယ်၊ ဒုတိယအုပ်စုက သူတို့ရဲ့ တတ်စွမ်းသမျှ အမြင်အာရုံနဲ့ မှုန်ဝါးဝါး မြင်နေရတာဟာ မြွေတစ်ကောင်လား၊ သစ်ကိုင်းခြောက်လား ခွဲခြားဖို့ ကြိုးစားတယ်၊ အဲဒီအချိန်မှာ အမြင်ချို့တဲ့နေတဲ့ အုပ်စုကတော့ တိုးဝှေ့ပြေးလွှားဖို့ ဒါမှမဟုတ် လူအုပ်ထဲက မြွေလို့ သူတို့နားလည်ထားတဲ့အရာကို ကြောက်လန့်စိတ်နဲ့ ရိုက်ပုတ်ဖယ်ရှားဖို့ ကြိုးစားမှာပဲ။ ဒါက လူအုပ်တစ်ခုလုံးရဲ့ တည်ဆဲဟန်ချက်ကို ပျက်ပြားစေနိုင်တယ်။ အမြင်ချို့ တဲ့သူတွေကို ရှင်းလင်းထိန်းသိမ်းနိုင်ဖို့ မစွမ်းသာတဲ့အခါတွေမှာ လူအုပ်ဟာ နောက်ပြန်ဆုတ်ရတာပဲဖြစ်စေ၊

ရှေ့ဆက်တိုးဖို့နှောင့်နှေးတာတွေပဲဖြစ်စေ အခက်အခဲအခြေအနေတွေ ကြုံကောင်းကြုံရမယ်။ လွှမ်းမိုးသူလူတန်းစားရဲ့ လှည့်ဖျားသတိပေးချက်အတုက တကယ်အလုပ်ဖြစ်သွားနိုင်ပြီဆိုရင် လွှမ်းမိုးခံလူတန်းစားရဲ့ သိမှုအမြင်မှာ လွှမ်းမိုးခံဖို့အတွက် အားနည်းချက်ကွက်လပ်တွေရှိနေတာ ပေါ်လွင်နေပြီပေါ့။ ဒီအခြေအနေကို နောက်ထပ်ရှုထောင့်တစ်မျိုး လှည့်တွေးမယ်ဆိုရင် ရှေ့ကို သွားနေပါတယ်ဆိုတဲ့ လူအုပ်ကိုယ်တိုင်က ရှေ့ကို ရောက်မယ့်အခွင့်အလမ်းကို ပြန်လည် ဖျက်ဆီးပစ်သလို ဖြစ်နေတယ်။ တစ်နည်းအားဖြင့်ကတော့ လူအုပ်ရဲ့ သိမှုမှာ အိုင်ဒီယိုလိုဂျီအရ ဖိနှိပ်ခံထားရတဲ့ကဏ္ဍတွေက အမှန်တကယ် အရှေ့ရောက်နိုင်မယ့် လမ်းကြောင်းကို မြင်လာရေးမှာ အတားအဆီးတစ်ရပ် အနေနဲ့ ဝင်ရောက်နှောက်ယှက်နေတာပဲ။ ဒီနေရာမှာ အခုအခံ (Resistance) အားတစ်ရပ်တော့ ရှိရလိမ့်မယ်။ လူသားတွေဟာ ပိုမိုကောင်းမွန် သစ်လွင်တဲ့အနာဂတ်သစ်တစ်ခု ဖန်တီးတည်ဆောက် ရမယ့်အစား လက်ရှိပစ္စုပ္ပန်ကိုတောင် ပိုမိုညစ်ထေးအောင်ဖျက်ဆီးပစ်နေကြတယ်။ အလင်းရောင်အတွက်လို့ ဟစ်ကြွေးနေစဉ်မှာပဲ သူတို့ကိုယ်တိုင်ဟာ ပိုမို ပိတ်ပိန်းမဲမှောင်တဲ့အရိပ်တွေ ဖန်တီးနေကြတယ်။ ဒါကို ပူးတွဲ ရောထွေးနေတဲ့သိမှုနှစ်မျိုးအကြား အကြပ်အတည်းဆိုက်ခြင်းလို့ အမည်ပေးရမလား၊ ဒါမှမဟုတ် မသိစိတ်ဟာ သိမှုအပေါ် အပြီးသတ် အောင်ပွဲရယူလိုက်ခြင်းလား၊ ဒါမှမဟုတ် ပြင်းထန် အားကောင်းတဲ့ အိုင်ဒီယိုလိုဂျီဖိနှိပ်မှုရဲ့ နောက်ဆက်တွဲရလာဒ်လား၊ ဒါမှမဟုတ် လူသားရဲ့ ယဉ်ကျေးမှုနဲ့လူမှုဆိုင်ရာ လွှမ်းမိုးခြယ်လှယ်ခံအနေအထားလို့ ခေါ်ဆိုနိုင်မလား စသဖြင့် တွေးစရာအမျိုးမျိုးပေါ်လာတယ်။

ဖရန့်ဖွတ်ကျောင်းတော်က လူမှုဆိုင်ရာ တည်ဆောက်ခံ ပိတ်လှောင်ခံ အခြေအနေတွေကို ဝေဖန်ရေးသီအိုရီအားဖြင့် နက်နက်ရှိုင်းရှိုင်းခွဲခြမ်း စိတ်ဖြာခဲ့ပေမယ့် ဒီလိုအခြေအနေတွေဆီက ဘယ်လို လွတ်မြောက်အောင် ရုန်းထွက်နိုင်မလဲ ဆိုတဲ့ အနာဂတ် မျှော်လင့်ချက် လမ်းစသစ်ကိုတော့ မဖော်ပြခဲ့ဘူး။ ဒုတိယမျိုးဆက် ဝေဖန်ရေးသီအိုရီကျမှသာ ဒီအချက်ကို ဆင့်ပွားရှင်းလင်းဖို့ ကြိုးစားခဲ့တာ တွေ့ရမယ်။ ဒါကြောင့် ဟော်ခိုင်းမား၊ အဒေါ်နို၊ မာကူဇာတို့အလွန် ဝေဖန်ရေးသီအိုရီကို ဆက်လက်ချဉ်းကပ် ကြည့်ဖို့ လိုလာတယ်။

ဒုတိယမျိုးဆက်ဝေဖန်ရေးသီအိုရီနိဒါန်း သို့မဟုတ် ဟားဘားမက်စ်

၁၉၆၀ တဝိုက်မှာတော့ ဖရန့်ဖွတ်ကျောင်းတော်ရဲ့ သီအိုရီအယူအဆတွေဟာ နယ်ပယ် ပေါင်းစုံတို့က ဝေဖန်မှုအသီးသီး ကြုံလာရတယ်။ အဓိကထောက်ပြကြတဲ့အချက်ကတော့ ဝေဖန်ရေးသီအိုရီဟာ လူ့အဖွဲ့အစည်းနဲ့လူမှုအဆောက်အအုံ တို့ကိုချဉ်းကပ်ရာမှာ အဆိုးမြင်မှု လွန်ကဲလွန်းနေပြီး အပြောင်းအလဲရယ်လို့ဖြစ်ပေါ်စရာလမ်းစ မရှိတော့ဘူးလို့တောင် ထင်ရတယ်။ မာ့က်စ်ဝါဒက ယူတိုးပီးယားဆန်တဲ့ ပန်းတိုင်နဲ့အတူ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပြောင်းလဲရေးကို ရည်ရွယ်ပေမယ့် ဖရန့်ဖွတ်ကျောင်းတော်က ဒီလိုပြောင်းလဲရေးအမြင်ကို ဆက်ခံရမယ့်အစား ပြောင်းလဲရာမှာ ကြုံရမယ့် အခြေအနေ အခက်အခဲတွေကိုချည်း ပြော ထားတယ်။ စားသုံးသူဝါဒ၊ ယထာဘူတဝါဒဆန့်ကျင်ရေးအမြင်၊ ယဉ်ကျေးမှုနဲ့ လူထုမီဒီယာ စတဲ့ အယူအဆတွေကိုကြည့်ရင် အပြောင်းအလဲဟာ ဘာကြောင့်မဖြစ်ပေါ်နိုင်သလဲဆိုတဲ့ အချက်ကိုပဲ ထပ်ပြန်တလဲလဲစောင်းပေးထားတာတွေ့ရလိမ့်မယ်။

ယွာဂန်ဟားဘားမက်စ် (Jurgen Habermas) အပါအဝင် ပိုမိုငယ်ရွယ်တဲ့ ဝေဖန်ရေး သီအိုရီပညာရေးရှင် မျိုးဆက် ပေါ်လာတော့ မူလဝေဖန်ရေးသီအိုရီကို ပြန်လည်ခွဲခြမ်း စိတ်ဖြာပြီး လိုအပ်တဲ့ ပြုပြင်မှုတွေထည့်သွင်းရမယ်လို့ ယူဆလာကြတယ်။ အဒေါနိုနဲ့ ဟော်ခိုင်းမားတို့ရဲ့ အစောပိုင်းကာလဝေဖန်ရေးသီအိုရီဆီက အယူအဆပိုင်းဆိုင်ရာ အခြေခံကျောရိုးတွေဟာ လုံလုံလောက်လောက် မခိုင်မာဘူးလို့ ဟားဘားမက်စ်က မြင်တယ်။ သူတို့က မော်ဒန်လူ့အဖွဲ့အစည်းအတွင်းမှာ လူသားတွေဟာ လူမှုဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ တို့အရ လွှမ်းမိုးခြယ်လှယ်ခံရဖို့ ဘယ်လို လွယ်ကူလာတယ်ဆိုတဲ့ အချက်ကိုသာ ဦးစားပေး ကိုင်တွယ်ခဲ့ ကြတယ်။ ဒီအမြင်အရကြည့်ရင် လူ့အဖွဲ့အစည်းဟာ ဗျူရိုကရက်ဆန်ဆန် စနစ်တကျ ကြပ်မတ်ကွပ်ကဲခံထားရတဲ့ အကျဉ်းထောင်တစ်ခုနဲ့သာ အသွင်တူနေတယ်။ ဟားဘားမက်စ် အတွက်ကတော့ ဒါက မော်ဒန်ဖြစ်စဉ်ရဲ့ ဆိုးကျိုး တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်တယ်။ အဲဒီလိုပဲ မော်ဒန်အခြေအနေဟာ အခြားတစ်ဖက်မှာကျတော့ လူသားတွေကို လွှမ်းမိုးခြယ်လှယ်ခံ၊ ပုံသွင်းဖိနှိပ်ခံအနေအထားတို့က လွတ်မြောက်ရေးလမ်းစတွေဆီ ညွှန်ပြပေးတာမျိုးလည်း လုပ်နိုင်သေးတယ်။ ဉာဏ်အလင်းပွင့်ခေတ်က ဆက်ခံလာတဲ့ မော်ဒန်ဝါဒက လွှမ်းမိုး ချုပ်ကိုင်မှုမှလွတ်လပ်သော (Free of Domination) ဆိုတဲ့ ကတိကို

ဆောင်ကြဉ်းလာတယ်။

ဟားဘားမက်စ်က ဒီကတိအပေါ် ယုံကြည်မှုပြတယ်။ လူသားတွေဟာ သူတို့ အပေါ် ချုပ်ကိုင်ထားတဲ့ လွှမ်းမိုးမှု တွေဆီက အလုံးစုံ မလွတ်မြောက်နိုင်ရင်တောင် အဆိုပါ လွှမ်းမိုးမှုတွေကို အတိုင်းအတာတစ်ခုအားဖြင့် ပြန်လည်ခုခံနိုင်စွမ်းရှိတယ်လို့ ယူဆတယ်။ ဒါကြောင့် ဟားဘားမက်စ်ရဲ့ သီအိုရီအမြင်တွေက ယုတ္တိ(Reason) နဲ့ ဆင်ခြင်ကြောင်းကျိုးတရား (Rationality) တို့ကိုအခြေခံပြီး ပိုမို အပေါင်းလက္ခဏာဆောင်တဲ့လမ်းကြောင်းကို ကိုင်စွဲခဲ့တယ်။

ဟားဘားမက်စ်က ဝေဖန်ရေး သီအိုရီအလုပ်လုပ်ပုံကို စိတ်ခွဲပညာရှင်တစ်ယောက် နဲ့ထပ်တူပြုတယ်။ လူနာက မော်ဒန်ဖြစ်စဉ်(Modernity) သို့မဟုတ် မော်ဒန် လူ့အဖွဲ့အစည်း ကိုယ်တိုင်ပဲ။ ဝေဖန်ရေးသီအိုရီက စိတ်ခွဲပညာရှင် နေရာကနေပြီး လူနာရဲ့ သိမှုနယ်ပယ်ဟာ ဘယ်လိုပိတ်ဆို့ခံရထားရပြီး ဘယ်လိုအင်အားစုတွေအားဖြင့် ဖိနှိပ်လွှမ်းမိုးထားခံရသလဲဆိုတာ နားလည်သဘောပေါက်လာအောင် ကူညီအားပေးတယ်။ ဝေဖန်ရေးသီအိုရီ'ကုထုံး' အားဖြင့်သာ `လူနာ' ဟာ သူ့ရဲ့သိမှုအပေါ် ပိတ်ဆို့ထားတဲ့အတားအဆီးတွေကို ကျော်လွှားပြီး မိမိဘာသာ ထိုးထွင်းသိမြင်မှုကို ရရှိလာမယ်။ အဲဒီကနေမှတစ်ဆင့် မိမိဘာသာပိုင်စိုးနိုင်မှုကိုလည်း ပြန်လည်ရယူလာနိုင်မယ်။

အဆုံးသတ်ရည်ရွယ်ချက်ကတော့ ဟားဘားမက်စ်က မော်ဒန်ဖြစ်စဉ်ရဲ့ အပေါင်း လက္ခဏာဆောင်တဲ့ ဘက်အခြမ်းကို ကြည့်စေချင်တာပဲ။ အပေါင်းလက္ခဏာပြတဲ့အရာတွေနဲ့ ပြန်လည် ချိန်ထိုးမှသာလျှင် အနှုတ်လက္ခဏာဆောင်တဲ့ ဆိုးကျိုး တွေကို ချေဖျက် ပစ်နိုင်စွမ်းရှိလိမ့်မှာ။ ဒီတော့ကာ ဘယ်အရာတွေက တိုးတက်မှုအရွေ့အတွက် အထောက်အပံ့ပြုနိုင်လိမ့်မယ်ယူဆသလဲ စဉ်းစားကြည့်ဖို့လိုလာတယ်။ ဟားဘားမက်စ်က ဆယ့်ရှစ်ရာစု ဥရောပမှာ `လူထုအဝန်းအဝိုင်း' (Public Sphere) တွေ ပေါ်ထွက်လာခဲ့ခြင်းဟာ မော်ဒန်ဖြစ်စဉ်ရဲ့ အပေါင်းလက္ခဏာဆောင်တဲ့ လူမှုပြောင်းရပ်မှုတစ်ရပ်လို့ ဥပမာပြခဲ့တယ်။ ဆယ့်ရှစ်ရာစုဥရောပရဲ့ လူမှုအခင်းအကျင်းက ပညာတတ် လူလတ်တန်းစားတွေကို လွတ်လပ်စွာ ပြောဆိုဆက်ဆံပြီး မျက်မှောက်နိုင်ငံရေးနဲ့ အခြားအတွေးအခေါ်ပိုင်းဆိုင်ရာ ခေါင်းစဉ်တွေ ပြောဆိုဆွေးနွေးနိုင်ဖို့ လမ်းဖွင့်ပေးခဲ့တယ်။ ဥပမာအားဖြင့် လူအများလာရောက်လေ့ရှိတဲ့ မြို့လယ်ခေါင်က ကဖီးဆိုင်လိုနေရာတွေမှာ လွတ်လပ်တဲ့စကားဝိုင်းတွေဖန်တီးကြတဲ့ယဉ်ကျေးမှု ထွန်းကားခဲ့တယ်။ ဟားဘားမက်စ်က `လူထုအဝန်းအဝိုင်း' ဟာ ရုပ်ပိုင်းဆိုင်ရာအရရော စိတ်ပိုင်းဆိုင်ရာအရပါ လွတ်လပ်မှုကိုပြဆိုတဲ့ သာဓကကောင်းတစ်ခုလို့ ယုံကြည်ခဲ့တယ်။ အကြောင်းကတော့ ဒီအဝန်းအဝိုင်းထဲမှာ အခြေတည်တဲ့ စကားဝိုင်းနဲ့ ဆွေးနွေးငြင်းခုံခန်းတွေဟာ အစိုးရအင်စတီကျူးရှင်းတွေလို

ပြင်ပကဝင်ရောက်စွက်ဖက်မှု ကင်းလွတ်နေတာကြောင့်ပဲ။ 'လူထုအဝန်းအဝိုင်း' ဟာ ကြောင်းကျိုးအဆီလျော်ဆုံး၊ ယုတ္တိအကျဆုံး၊ အချက်အလက် အခိုင်မာဆုံး ဆွေးနွေးငြင်းခုံမှုတွေကို အားပေးတယ်။ အကောင်းဆုံးငြင်းခုံတင်ပြနိုင်သူက အများလက်ခံမှုရရှိတယ်။ ဒါက သိမှုပို့ချချက်ဆိုင်ရာဒီမိုကရေစီစနစ် (Discursive Democracy) ကိုလည်း ဖော်ထုတ်ရာရောက်တယ်။ အချက်အလက်နဲ့ ကျိုးကြောင်းဆင်ခြင်မှုကိုအခြေခံထားတဲ့ ဆွေးနွေးခန်းဟာ တဖြည်းဖြည်းအားဖြင့် လူအများစု လက်ခံမှုကိုရယူနိုင်သည်အထိ ကျယ်ပြန့်သွားတယ်။ ဒီနေရာမှာ ဆွေးနွေး ငြင်းခုံချက်တစ်ခု အနိုင်ရလိုက်တယ်ဆိုတာ ပါဝါလွှမ်းမိုးမှု မပါဝင်ဘူး၊ သြဇာအာဏာရှိသူ တစ်ဦးဦးက အတင်းအကြပ် လက်ခံလိုက်နာ စေလိုက်တာမျိုး မဟုတ်ဘူး။ လူတစ်ယောက်ဟာ သူ့ရဲ့ ဆွေးနွေးချက်ကို အထောက်အပံ့ပြုဖို့ အတွက် ပါဝါ၊ အခွင့်အာဏာ၊ အစဉ်အလာထုံးတမ်း စတာတွေကို စကားဝိုင်းထဲ သယ်ဆောင် လာလို့မရတော့ဘူး။ သူ့အတွက် အကောင်းဆုံးလက်နက်ဆိုတာဟာ အများလက်ခံလာအောင် ဆွဲဆောင်သိမ်းသွင်းနိုင်မယ့် ကျိုးကြောင်းဆင်ခြင်မှုအခြေခံသော ဆွေးနွေးငြင်းခုံချက်ပဲ။

ဆင်ခြင်ကြောင်းကျိုးတရား သို့မဟုတ် ရာရှင်နယ်ကျမှု (Rationality) ဆိုတာကို အပေါင်း လက္ခဏာသဘော (ဆင်ခြင်မှုအခြေခံတဲ့ ဆွေးနွေးငြင်းခုံနိုင်ခွင့်) နဲ့ အနှုတ်လက္ခဏာ သဘော (ပြင်ပဗျူရိုကရေစီအင်အားစုတွေဆီက လွှမ်းမိုးခြယ်လှယ်ခံရနိုင်ချေ) အဖြစ် ယေဘုယျ ခွဲခြမ်း လိုက်ရင် ဆယ့်ရှစ်ရာစုရဲ့ `မော်ဒန်လူထုအဝန်းအဝိုင်း' ဟာ အပေါင်းလက္ခဏာနဲ့ ပိုမိုနီးကပ်တဲ့ အခြေအနေကို ဖန်တီးနိုင်ခဲ့ပြီး မော်ဒန် ဖြစ်စဉ်ရဲ့ အကျိုးအမြတ် အသီးအပွင့် ကိုလည်း ခံစားခွင့်ပေးခဲ့တယ်။ သို့သော် ဆယ့်ကိုးရာစုမှာတော့ အနှုတ်လက္ခဏာ ဘက်ခြမ်းက ပိုမိုအင်အားကြီးစိုးလာခဲ့တယ်လို့ ဟားဘားမက်စ်က မြင်တယ်။ ပိုမိုတန်ခိုး သြဇာကြီးထွားလာတဲ့ အရင်းရှင် ဈေးကွက်နဲ့ အစိုးရအုပ်ချုပ်ရေး တို့ဟာ 'လူထုအဝန်းအဝိုင်း'ဆီက အနှစ်သာရ နဲ့ လားရာတို့ကို ဖျက်ဆီးပစ်လိုက်နိုင်တယ်။ ဥပမာအားဖြင့်ဆိုရရင် သတင်းစာလို မီဒီယာတွေရဲ့ အင်စတီကျူးရှင်းပုံစံအသစ်က ကွဲပြားတဲ့အရပ်ဒေသတွေမှာရှိတဲ့ ကွဲပြားတဲ့လူအသီးသီးတို့ကို ကျိုးကြောင်းဆင်ခြင်မှု အခြေခံတဲ့ ဆွေးနွေး ငြင်းခုံချက်တွေ ပြုလုပ်နိုင်ဖို့ လမ်းဖွင့် ပေးရမှာဖြစ်တယ်။ 'လူထုအဝန်းအဝိုင်း' နဲ့ အခြေခံသဘောတရား ဆင်တူတဲ့ ဆင်ခြင်မှုအခြေပြု မော်ဒန်ဖြစ်စဉ်ရဲ့ အပေါင်းလက္ခဏာဘက်ခြမ်းကို အားပေးရမှာ ဖြစ်တယ်။ လက်တွေ့မှာကျတော့ သတင်း မီဒီယာ လမ်းကြောင်းတွေက အုပ်ချုပ်သူအစိုးရအတွက် ဝါဒဖြန့်ပေးဖို့နဲ့ အရင်းရှင် ဈေးကွက်ကို (ကုန်ပစ္စည်းတွေအရောင်းတင်နိုင်ရေး ကြော်ငြာတွေစဉ်ဆက်မပြတ် ထည့်သွင်းခြင်းဖြင့်) အထောက်အပံ့ ပြုဖို့သက်သက်လို ဖြစ်လာခဲ့တယ်။ လူထုအတွက် အကျိုးတစ်စုံတရာ ဖြစ်ထွန်းစေနိုင်မယ့် နိုင်ငံရေးနဲ့ လူမှုရေးဆွေးနွေးခန်းတွေအားဖြင့် မျှော်မှန်းထားတဲ့

‘လူထုအဝန်းအဝိုင်း’ပုံစံကွဲတစ်ရပ် မဖန်တီးနိုင်ရုံအပြင် အစိုးရ လက်ဝေခံ သဘောပါ အလုပ်လုပ်လာတယ်။ ဆယ့်ကိုးရာစုမှာတော့ လူထုအဝန်းအဝိုင်းဟာလည်း များစွာ ရေပန်းစားခြင်း မရှိတော့ဘဲ တဖြည်းဖြည်း ကွယ်ပျောက်သွားခဲ့တယ်။ ဒီနေရာမှာ ဟားဘားမက်စ် ပေးချင်တဲ့ သဘောတရားက လွန်မြောက်သွားပြီးဖြစ်တဲ့ ‘လူထုအဝန်းအဝိုင်း’ တွေ နောက်တစ်ဖန် ပြန်ပေါ် လာနိုင်ရေးမဟုတ်ဘူး။ အဓိကမီးမောင်းထိုးပြချင်တာက လူထုအဝန်းအဝိုင်းရဲ့ ဆွေးနွေးမှုအကြွမ်းထည်ကို နမူနာယူပြီး လက်ရှိလူမှုအခြေအနေတွေထဲမှာ ဒီမိုကရေစီဆန်တဲ့ဆက်သွယ်ဆွေးနွေးမှုပုံစံတွေ ဘယ်လိုဖော်ဆောင်လို့ရနိုင်မလဲ ဆိုတာ တွေးဆကြည့် ကြဖို့ဖြစ်တယ်။ ဒီလို ‘အဝန်းအဝိုင်း’တွေဟာ အရင်းရှင်စနစ်နဲ့ ဗျူရိုကရက် ပါဝါချုပ်ကိုင်မှု တို့ကို အခုအခံပြုရာမှာ အရေးပါတဲ့ အင်အားစုတွေ ဖြစ်လာနိုင်တယ်လို့ ဟားဘားမက်စ်က ယူဆတယ်။ သို့ပေမယ့် အထက်တန်းအလွှာနဲ့ လူလတ်တန်းစားအလွှာတို့က ပညာတတ်လူနည်းစုနဲ့သာ ဖွဲ့စည်းထားတဲ့ ဆယ့်ရှစ်ရာစုဥရောပ လူထုအဝန်းအဝိုင်းပုံစံနဲ့တော့ ကွဲပြားရလိမ့်မယ်။ ဒီမိုကရေစီနည်းလမ်းကျတဲ့ ‘လူထုအဝန်းအဝိုင်း’ တွေမှာ လူတန်းစားမခွဲ၊ အသားအရောင်မခွဲ၊ လိင်မခွဲ၊ လူမျိုးမခွဲ ဘယ်သူမဆို လွတ်လပ်စွာပါဝင်ဆွေးနွေးခွင့်ရတဲ့ ပွင့်လင်းမှုမျိုး ဖန်တီးပေးနိုင်ရမယ်။ ဆွေးနွေးမှုရဲ့ အနှစ်သာရဟာ အကောင်းဆုံးနဲ့ ကျိုးကြောင်းဆီ လျော်မှုအရှိဆုံးလို့ လူအများ လက်ခံသတ်မှတ်လိုက်တဲ့ အဖြေရလဒ်တစ်ခု ထွက်လာနိုင်ရေးဖြစ်တယ်။ လူတန်းစားတစ်ရပ်၊ လူမျိုးတစ်မျိုးသာ ကိုယ်စားပြု ဆွေးနွေးမယ်ဆိုရင် အဆိုပါအုပ်စုရဲ့ အကျိုးအမြတ်ဆီ ရှေးရှုပေးမယ့် ကောက်ချက်အဖြေ မျိုးတွေသာ ထွက်လာမှာပဲ။ ဟားဘားမက်စ်က ၁၉၇၀ ကနေ ၁၉၈၀ ကာလတွေအထိ အဆိုပါအိုင်ဒီယာကို အကျယ် ပုံဖော်နိုင်ဖို့ ကြိုးစားခဲ့တယ်။ သတိပြုစရာအချက်တစ်ချက်ကတော့ ဟားဘားမက်စ်ရဲ့ ဒုတိယမျိုးဆက်ဝေဖန်ရေးသီအိုရီမှာ ဘာသာစကား(Language) ရဲ့ သဘာဝကို အထူးအလေးပေးခြင်းပဲ။ ဒီအချက်ကပဲ မူလဖရန့်ဖွတ် ကျောင်းတော်ရဲ့ ဝေဖန်ရေး သီအိုရီ အယူအဆတွေနဲ့ ကွဲပြားသွားစေတယ်။

ဟားဘားမက်စ်က ဘာသာစကားမှာ သဘာဝအတိုင်း ပါဝင်ဖွဲ့စည်းထားတဲ့ဂုဏ်သတ္တိတွေ ရှိနှင့်ပြီးသားလို့ ဆိုခဲ့တယ်။ လူတစ်ယောက်က အခြားတစ်ယောက်ကို တစ်စုံတစ်ခု ပြောဆိုလိုက်တဲ့ အကြိမ်တိုင်းမှာ ကွယ်မြှုပ်စွာ ဖော်ပြလိုက်တဲ့ နောက်ဆက်တွဲ အဆိုပြုချက် သဘောတွေ ပါဝင်နေတယ်။

အဲဒီအဆိုပြုချက်သဘောတွေကတော့ -

၁။ သူတို့ရဲ့ ပြောဆိုချက် (ဝါ) တင်ပြချက်ဟာ သိမှုအရလျော်ညီပြည့်ဝတယ် (ဆိုလိုတာက တစ်ဖက်သား နားလည်နိုင်လောက်အောင် အဓိပ္ပါယ်ပြည့်စုံတဲ့ အကြောင်းအရာဖြစ်တယ်)

၂။ သူတို့ရဲ့ ပြောဆိုချက်ဟာ မှန်ကန်တယ် (ဆိုလိုတာက သူတို့ရဲ့ တင်ပြချက်သဘောဟာ တကယ်ပဲ အမှန်တရားနဲ့ ကိုက်ညီတယ်)

၃။ သူတို့က ခိုင်လုံမှုတစ္စာပြောဆိုတယ် (ဆိုလိုတာက သူတို့ပြောနေတဲ့အကြောင်းအရာကို ကောင်းမွန်တဲ့ ဆင်ခြင်မှုသဘောနဲ့ ပြောဆိုနေခြင်းဖြစ်တယ်)

၄။ သူတို့ဟာ ဖြောင့်မှန်တယ်။ (ဆိုလိုတာက တစ်ဖက်သားကို လိမ်လည်ကွယ်ဝှက်ဖို့ မရည်ရွယ်ဘူး)

ပြောဆိုသူဟာ ဒီဂုဏ်အင်္ဂါလေးရပ်နဲ့ပြည်စုံစွာနဲ့ အောင်အောင်မြင်မြင်တင်ပြနိုင်ပြီဆိုတဲ့အခါမှာ 'အတိမ်းအစောင်းကင်း ဆက်သွယ်မှု' (Undistorted Communication) ကို ရရှိလာတော့တယ်။ ပြောဆိုသူနဲ့ နားထောင်လက်ခံတို့ အကြားမှာ တင်ပြချက်ဟာ သိမ္မ္ဟအရပြည့်ဝတယ်၊ မှန်ကန်တယ်၊ ခိုင်လုံတယ်၊ ရိုးသားတယ်လို့ နှစ်ဦးနှစ်ဖက်လက်ခံတဲ့ ဘုံနားလည်မှုတစ်ရပ် တည်ဆောက်လိုက်နိုင်ခြင်းပဲ။ အမှုမဲ့အမှတ်မဲ့ကြည့်ရင်တော့ ဒါဟာ စကားပြောဆို ဆက်သွယ်မှုတွေထဲမှာ ပေါ်လွင်တယ်လို့ မထင်ရဘူး။ သို့သော် ရံဖန်ရံခါမှာ နားထောင်သူ ဘက်က တင်ပြချက်အပေါ် ပြန်လည်မေးခွန်းထုတ် ဖို့ကြိုးစားတာတွေဟာ အလိုအလျောက် အားဖြင့် အထက်ပါလေးချက် တို့ပြည်စုံတဲ့ ဆက်သွယ်ရေးမျိုး ဖြစ်မလာသေးဘူးလို့ ယူဆတာကြောင့်ပဲ။ တစ်ချက်မဟုတ်တစ်ချက်အပေါ် သံသယဝင် နေသေးတာကြောင့်ပဲ။ အဲဒီအခါ ပြောဆိုသူဘက်ကလည်း သူ့ရဲ့တင်ပြမှုကို နောက်ထပ် အကျိုးအကြောင်းအချက် ခိုင်လုံစွာနဲ့ ခုခံရှင်းလင်းပေးရတယ်။ သူပြောဆိုနေတဲ့ အကြောင်းအရာသည် အထက်ပါ ဂုဏ်အင်္ဂါလေးရပ်တို့နဲ့ ပြည်စုံတယ်လို့ နားထောင်သူကို သိမ်းသွင်းဆွဲဆောင်နိုင်သည်အထိ သက်သေပြရလိမ့်မယ်။ ဒါက ဘာသာစကားရဲ့ သဘာဝထဲမှာ ထင်ဟပ်နေပြီးသားဖြစ်တဲ့ `ပြောဆိုဆက်ဆံရေးဆိုင်ရာ ရာရှင်နယ်ကျမှု (Communicative Rationality) ကို ဖော်ညွှန်းတယ်။ ဘာသာစကား အသုံးပြုပြောဆိုတဲ့အခါတိုင်း ပြောဆိုသူက သူ့ရဲ့ တင်ပြချက်ကို အဆိုပါအချက်တွေနဲ့ မသိလိုက်မသိအားဖြင့် ချိန်ထိုးနေနှင့်ပြီးလည်းဖြစ်တယ်။ ဒီတော့ကာ ဘာသာစကားက ပါဝါနဲ့ ချုပ်ကိုင်မှု တို့ဆီက ကင်းလွတ်ပြီး ရာရှင်နယ် ကျမှုနဲ့သာ ပိုမို နီးကပ်တယ်လို့ ယူဆစရာရှိလာတယ်။ ဒါကြောင့် လူတွေ အကြားမှာ ပြောဆို ဆက်ဆံရေးအားဖြင့် ကြောင်းကျိုး ဆီလျော်တဲ့ အများသဘောတူညီချက် တစ်ရပ်ကို ဖော်ဆောင် နိုင်ဖို့ရာမှာ ဘာသာစကားဟာ အကူအညီပေးနိုင်တဲ့ကြားခံနယ်တစ်ရပ် ဖြစ်လာတယ်။

`ပြောဆိုဆက်ဆံရေးဆိုင်ရာ ရာရှင်နယ်ကျမှု က လူသားရဲ့ ဆင်ခြင် ပိုင်းခြားနိုင်မှုစွမ်းရည် ကို အသားပေးတယ်။ ဒါ့အပြင် အရေးပါ လိုလားအပ်တယ်လို့

ဟားဘားမက်စ် ယူဆတဲ့ 'စံနမူနာစကားဝိုင်းအခြေအနေ' (Ideal Speech Situation) ဖြစ်ပေါ်ဖို့လည်း အထောက်အကူ ပြုတယ်။ အပြန်အလှန်အားဖြင့် 'စံနမူနာစကားဝိုင်းအခြေအနေ' ဆိုတာက ပြောဆို ဆက်ဆံရေးမှာ ကျိုးကြောင်းတရားဟာ ထိန်းချုပ်လွှမ်းမိုးမှု တွေမခံရစေဘဲ ရှိအပ်တဲ့အတိုင်း လွတ်လပ်စွာ လည်ပတ် အလုပ်နိုင်တဲ့အခါမျိုးမှာ တစ်ခုထဲမှ ပေါ်ပေါက်လာတဲ့ အခြေအနေ ဖြစ်တယ်။

'စံနမူနာစကားဝိုင်း'

လူတိုင်း ပါဝင်ဆွေးနွေးခွင့်ရတယ်

လူတိုင်း စကားဝိုင်းထဲက ဆွေးနွေးချက်တွေအပေါ် မေးခွန်းထုတ်ခွင့်ရှိတယ်

လူတိုင်း သူတို့ရဲ့ ကိုယ်ပိုင်ဆွေးနွေးချက်တွေကိုလည်း တင်ပြခွင့်ရှိတယ်

လူတိုင်း သူတို့ရဲ့ သဘောထားအမြင်၊ စိတ်ဆန္ဒနဲ့ လိုအပ်ချက်တွေကို ထုတ်ဖော်ခွင့်ရှိတယ်

ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ စကားဝိုင်းအတွင်းနဲ့ စကားဝိုင်းပြင်ပက လွှမ်းမိုးချုပ်ကိုင်မှုတွေနဲ့ ကန့်သတ်ထားခြင်းမျိုးမရှိဘဲ လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့် အပြည့်အဝပေးအပ်တယ်

ဒါကြောင့် 'စံနမူနာစကားဝိုင်းအခြေအနေ' ဆိုတာ ကြောင်းကျိုး ဆင်ခြင်တရားကို အပြည့် အဝအသုံးချပြီး လွတ်လပ်စွာ ဆက်ဆံဆွေးနွေးခွင့် ရှိတဲ့နေရာလို့ ဆိုလိုနိုင်တယ်။ အမျိုးသမီးတစ်ယောက် ဖြစ်နေခြင်းကြောင့် မလေးမစား ပြက်ရယ်ပြုခံရတာမျိုးသော်လည်း၊ လူငယ်တစ်ယောက်ရဲ့ ဆွေးနွေးချက် အသက်အရွယ်ဝါနဲ့ယှဉ်ပြီး ပယ်ချခံရတာမျိုး သော် လည်းကောင်း မဖြစ်ပေါ်နိုင်ဘူး။ သာမန် လက်လုပ်လက်စားတစ်ယောက် ဟာလည်း အာဏာပိုင် တစ်ယောက်နဲ့ ထပ်တူထပ်မျှအခွင့်အရေးမျိုး ရရှိတယ်။ `စံနမူနာစကားဝိုင်း' အတွင်းမှာက အသက်အရွယ်ဝါစဉ်၊ လိင်၊ လူမျိုး စတဲ့ လူမှုသရုပ်တွေအားလုံးကို ဖျောက်ကွယ်ထားတယ်။

ဟားဘားမက်စ် ဖော်ညွှန်းခဲ့တဲ့ 'စံနမူနာစကားဝိုင်း'ဟာ အိုင်ဒီယာ အယူအဆသက်သက်မျှ ဖြစ်ကောင်းဖြစ်မယ်။ သို့သော် ဒီအခြေအနေက လူသားတွေရဲ့ ပြောဆိုဆက်ဆံရေးဟာ ရာရှင်နယ် အကျဆုံး အနေအထားကို ဘယ်လောက် အထိ ထိုးဖောက် နိုင်သလဲ ဆိုတဲ့ အတိုင်းအတာကို ပြဆိုနိုင်တယ်။ ဘာသာစကားရဲ့ အလုပ်လုပ်ပုံဟာ အတိမ်းအစောင်း အကင်းဆုံးပုံစံ၊ ကျိုးကြောင်းအပြည့်ဝဆုံးပုံစံ ဆောင်ခွင့်ရတယ်။ အထက်မှာဖွင့်ဆိုတဲ့ ဂုဏ်အင်္ဂါရပ် လေးရပ်တို့နဲ့အညီ ဘာသာစကားရဲ့ သဘာဝအစစ်ကိုလည်း ထင်ဟပ်မှုပေးတယ်။

ကျိုးကြောင်းခိုင်လုံမှု၊ ဆင်ခြင်နိုင်စွမ်းပြည့်ဝမှု၊ ဆီလျော်အပ်စပ်မှု စတာတွေကိုအခြေယူပြီး နောက်ဆုံးမှာ အများလက်ခံသဘောတူညီမှု တစ်ရပ်ထူထောင်နိုင်တဲ့ အနေအထားအထိ ရောက်အောင်သွားတယ်။

ဒါကြောင့် ဟားဘားမက်စ်ရဲ့ ဝေဖန်ရေးသီအိုရီက `ပြောဆိုဆက်ဆံရေးဆိုင်ရာ ရာရှင်နယ်ကျမှု' ကိုမြင့်တင်ပေးနိုင်မယ့် အဝန်းအဝိုင်းနယ်ပယ်တွေ ရှာဖွေဖန်တီးပေးရမယ်လို့ မြင်တယ်။ ဒါက ဆင်ခြင်တုံတရားကို လက်ခံအားပေးတဲ့ အဝန်းအဝိုင်းတွေ တည်ဆောက်ရင်း အဆုံးသတ် လွတ်မြောက်ရာလမ်းဆီ လက်လှမ်းနိုင်လိမ့်မယ်ဆိုတဲ့ မော်ဒန်နတီရဲ့ ကတိလည်းပဲ ဖြစ်တယ်။ ဒီလို မော်ဒန်ဖြစ်စဉ်ရဲ့ အပေါင်းလက္ခဏာဘက် အခြမ်းကို အာရုံစိုက်ခြင်း အားဖြင့် အနှုတ်လက္ခဏာဘက်ခြမ်းကို အလိုလို တိုင်းတာရှု မြင်ပြီးဖြစ်သွားလိမ့်မယ်။ အခုလို 'စံနမူနာ စကားဝိုင်း' ရယ်လို့ ပြောဆိုနေစဉ်မှာတောင် လက်မှုလူမှုအခြေအနေတွေက အဲဒီ 'စံနမူနာ စကားဝိုင်း'ကနေ ဘယ်လောက် အလှမ်းကွာနေသလဲ အလိုအလျောက် နှိုင်းယှဉ်မိလျက်သား ဖြစ်နေတာကိုး။

ဆက်သွယ်မှု့ စကားဝိုင်းထဲမှာ 'ပြောဆိုဆက်ဆံရေးဆိုင်ရာ ရာရှင်နယ်ကျမှု [illegible] အားနည်း သွားပြီဆိုတာနဲ့ အနာအဆာပါတဲ့ ဆက်သွယ်ရေးပုံစံတွေ ဝင်ရောက်နေရာယူလာ ကြလိမ့်မယ်။ Undistorted Communication ဟာ အချိုးပျက် တိမ်းစောင်းနေတဲ့ Distorted Communication အဖြစ် ပြောင်းလဲသွားတယ်။ 'စံနမူနာစကားဝိုင်း'ရဲ့ စည်းမျဉ်းတွေ ကျိုးပေါက်သွားတဲ့အခါ ပါဝါချုပ်ကိုင်မှုလက်ဝယ်ရှိနေတဲ့ အဖွဲ့အစည်းတွေ အင်အားစုတွေက သူတို့ရဲ့ အမြင်တွေကို စိတ်ကြိုက်လွှမ်းမိုးပို့ချခွင့် ရရှိသွားကြတယ်။ ဘာသာစကားကလည်း သူ့သဘာဝအတိုင်း ကြောင်း ကျိုးဆင်ခြင်မှုကို အခြေခံအလုပ်မလုပ်တော့ဘဲ လူတွေကို ဖိနှိပ်ခြယ်လှယ်ဖို့ အသုံးပြုတဲ့ပစ္စည်းတစ်ခု ဖြစ်သွားတော့တယ်။ ဒါကြောင့် သတင်းစာ စတဲ့ မီဒီယာတွေက အုပ်ချုပ်သူ လူတန်းစားရဲ့ အာဘော်တွေကို လူထုဆီ အတင်းအကြပ် ရိုက်သွင်းနေတဲ့ ဝါဒဖြန့်လက်နက်တွေ ဖြစ်ကုန်ကြတယ်လို့ ဟားဘားမက်စ်က ဆိုခဲ့တာပဲ။ သတင်းစာမှတင် မဟုတ်ဘူး၊ စာသင်ခန်းအတွင်းက ဆရာ-ကျောင်းသားဆက်ဆံရေး၊ မိသားစုတွင်း မိဘ-သားသမီးဆက်ဆံရေး စတာတွေမှာလည်း 'စံနမူနာ စကားဝိုင်းအခြေအနေ[illegible]ကို ဘယ်လောက် အားပေးသလဲ ဆိုတဲ့အချက်နဲ့တိုင်းတာပြီး အဆိုပါလူ့အဖွဲ့အစည်းရဲ့ လူမှုအခြေအနေကို အကြမ်းဖျဉ်းအကဲခတ်ကြည့် လို့ရတယ်။ သင်္ချာလို နည်းစနစ်ပိုင်းအရ တွက်ချက်ပုံအမျိုးမျိုး ကွဲပြားခွင့်ရှိတဲ့ ဘာသာရပ်တစ်ခုမှာ ကျောင်းသားဟာ ဆရာသင်ပြပုံကနေ ကွဲပြားတဲ့ တွက်ချက် နည်းသစ်တစ်ခု အဆိုပြုလာမယ်ဆိုရင် အဆိုပါကျောင်းသားဟာ သူ့ရဲ့ ထိုးထွင်းသိမြင်မှုအတွက် အသိအမှတ်ပြု ချီးကျူးခံရမလား၊ ဒါမှမဟုတ် ဆရာရဲ့ သင်ပြမှု့ ဩဇာအာဏာကို

စွက်ဖက်ဖိဆန်မှုနဲ့ ကြိမ်းမောင်း အပြစ်ပေးခံရမလား။ ဒုတိယအခြေအနေ ဆိုရင်တော့ ဆရာ-ကျောင်းသားဆက်ဆံတဲ့ သင်ပြရေး အဝန်းအဝိုင်းထဲမှာ ဆရာဖြစ်ခြင်းဆိုတဲ့အခွင့်အာဏာ လိုအပ်သည် ထက်ပိုကဲတဲ့ ပမာဏနဲ့ လွှမ်းမိုး ထားသလား မေးခွန်းထုတ် ရတော့မယ်။ ဘာကြောင့်လဲ ဆိုရင် ကျောင်းသား ဆီမှာ လုံလောက်တဲ့ကြောင်းကျိုးတရား ပြဆိုနိုင်ပါလျက်နဲ့ ဒါဟာ အသိအမှတ်ပြုမခံရဘူးဆိုရင် `ပြောဆိုဆက်ဆံရေး ရာရှင်နယ်ကျမှု'အနစ်သာရနဲ့ ကင်းဝေးနေပြီ။ ဒါဆို ဆရာနဲ့ကျောင်းသားတို့အကြားက ဆက်သွယ်ချက်ပုံစံဟာလည်း ပျက်ယွင်းမှုမရှိတဲ့ Undistorted Communication လို့ မခေါ်ဆိုထိုက်တော့ဘူး။ ဒီလိုအချိုးပျက်နေတဲ့ ဆက်ဆံရေးပုံစံ ထဲမှာ ကျိုးကြောင်းဆီလျော်မှုထက် အခွင့်အာဏာ'ဆိုတဲ့ ပါဝါဆိုင်ရာချုပ်ကိုင်မှုက ပိုအားကောင်းနေကြောင်း ပေါ်လွင်နေလို့ပဲ။ မိသားစုလို ယူနစ်ငယ် တွေမှာလည်း ထို့နည်းတူပဲ။ ယေဘုယျအခြေအနေမှာ ကလေးငယ်တွေဟာ ရှိသင့်ရှိအပ်တဲ့ ဆွေးနွေး ပြောဆိုမှုပုံစံဆက်ဆံရေး မရရှိဘဲ တစ်မိန့်တစ်သံအောက်မှာ မပြတ်နာခံနေရ တယ်ဆိုရင် ဒါဟာ အနာအဆာရှိနေပြီဖြစ်တဲ့ အချိုးပျက်ဆက်ဆံရေးလို့ သတ်မှတ်နိုင်လိမ့်မယ်။ မကြာခဏဆိုသလို ကလေးတွေ ကောင်းစေရေး အတွက်လို့ ခေါင်းစဉ်တပ်ထားတဲ့ အမိန့်အာဏာ ဆန်ဆန်ဆုံးဖြတ်ချက်တွေဟာ ကလေးတွေအတွက် တကယ်ကောင်းစေတဲ့အရာမဟုတ်ဘဲ မိဘတွေ သူတို့ ဘာသာကောင်းတယ်လို့ အတ္တနဲ့ယှဉ် ထိုးသတ်မှတ်ထားတဲ့ အရာတွေ ဖြစ်နေကြတယ်။ စာသင်ခန်းအတွင်း ဆရာရဲ့ အမိန့်အာဏာကို တသွေမတိမ်းနာယူရတာ၊ မိသားစုအတွင်း တင်းကြပ်တဲ့အာဏာရှင်ဆန်ဆန်အုပ်ချုပ်ရေးအောက် ခေါင်းငုံ့ရတာ စသဖြင့် ဒီလို အခြေအနေတွေဟာ ကြောင်းကျိုး ဆင်ခြင်မှု အခြေခံတဲ့ဆက်ဆံရေး စနစ်မျိုး မဖွံ့ဖြိုးခြင်းနဲ့လည်း တစ်စိတ်တစ်ပိုင်းအားဖြင့် သက်ဆိုင်တယ်။ ဟားဘားမက်စ်ကတော့ လူ့အဖွဲ့အစည်းအတွင်းမှာ 'စံနမူနာစကားဝိုင်း'လို ဒီမိုကရေစီဆန်တဲ့ အဝန်းအဝိုင်းမျိုးတွေ ဖန်တီးပေးရမယ်လို့ ဆိုခဲ့တယ်။ ပြဿနာရှိတာက ဆိုခဲ့ပြီးသလို မိသားစုယူနစ်ငယ်တွေ စာသင်ခန်း တွေကအစ ဒီအလေ့အကျင့်မျိုး ပျိုးထောင်မပေးဘူးဆိုရင် အဖွဲ့အစည်း တစ်ရပ်လုံး အလိုက် လူမှုအနေအထားအားဖြင့် ပြောင်းလဲဖို့ ဆိုတာတော့ ပိုလို့သာခက်ခဲပေလိမ့်မယ်။

ဟားဘားမက်စ်က မော်ဒန်ဖြစ်စဉ်ရဲ့ သဘာဝကို အလွှာအကန့်နှစ်ခုအဖြစ် ပိုင်းခြားပြတယ်။ ပထမအလွှာက 'စနစ်' (System) ဖြစ်ပြီး ဒုတိယတစ်ခုကတော့ `လူမှုက' (Lifeworld) ပဲ။ 'စနစ်' လို့ဆိုရာမှာ အင်စတီကျူးရှင်း၊ အရင်းရှင်ဈေးကွက် စတဲ့ အစိုးရ အုပ်ချုပ်ရေး ကိုယ်ထည် တစ်ခုလုံးကို ဆိုလိုတယ်။ ဒါကြောင့် 'စနစ်'ဆီက ထုတ်လုပ်ပေးလိုက်တဲ့ ရာရှင်နယ် လိုက်ဇေးရှင်းပုံစံဟာလည်း နိုင်ငံတော်ကို အသားပြုထားပြီး ဗျူရိုကရက်ဆန်တယ်။ `လူမှုကမ္ဘာ့'အလွှာအကန့်က ကျတော့ တသီးပုဂ္ဂလလူသားတွေအကြားက

လူမှုဆက်သွယ်ချက်နဲ့ ဖွဲ့စည်းထားတယ်။ အထက်မှာဆိုခဲ့တဲ့ 'ဆက်သွယ်ရေးဆိုင်ရာ ရာရှင်နယ်ကျမှု' လို အခြေအနေကို 'လူမှုကမ္ဘာ'အလွှာထဲမှာ တွေ့ရတယ်။ မော်ဒန်ဖြစ်စဉ်ရဲ့ ပြဿနာက 'စနစ်'အလွှာအကန့်က ဖြစ်တည်လာတဲ့ ပါဝါ (နိုင်ငံတော်ချုပ်ကိုင်မှု) နဲ့ ငွေကြေး (အရင်းရှင်ဈေးကွက်လည်ပတ်မှု) စတဲ့ လက်တံတွေက `လူမှုကမ္ဘာ'အလွှာထဲကို ထိုးဖောက်ဝင်ရောက်ပြီး နယ်မြေချဲ့ ထွင်မှုပြုခြင်းပဲ။ `လူမှုကမ္ဘာ'ထဲက ဆယ်သွယ်မှု ဆိုင်ရာကြောင်းကျိုးတရားဟာ ပိုမိုအချိုးပျက်လာပြီး အနုတ် လက္ခဏာသဘောဆောင် ရာရှင်နယ် လိုက်ဇေးရှင်းပုံစံတွေနဲ့ အစားထိုးခံ လိုက်ရတယ်။ အကျိုးဆက်ကတော့ 'လူမှုကမ္ဘာ'ထဲမှာ 'စံနမူနာစကားဝိုင်း' လို အဝန်းအဝိုင်းနယ်ပယ်တွေ ပေါ်ပေါက်နိုင်ရေးအလားအလာ ပိုမိုသေးကြုံ့လာခြင်းပဲ။ ဒါကြောင့် 'စံနမူနာစကားဝိုင်း'ဥပမာနဲ့ အလားသဏ္ဍာန်တူ အဝန်းအဝိုင်းမျိုးတွေ ဖန်တီးဖို့ဆိုရင် ဒီအနေအထားကို ပြောင်းပြန်လှန်ပစ် ဖို့လိုတယ်လို့ ဟားဘားမက်စ်က မြင်တယ်။ `စနစ်� ဟာ `လူမှုကမ္ဘာ့� ကို ကိုလိုနီပြု ချုပ်ကိုင်ထားတာမျိုး မဟုတ်စေရဘဲ `လူမှုကမ္ဘာ �ထဲက ဒီမိုကရေစီစံကိုအားပေးတဲ့ မျိုးစေ့တွေ၊ လှုံ့ဆော်ချက်တွေ၊ တွန်းအားတွေက 'စနစ်' ကို ပြန်လည်စောကြောပြီး ပြုပြင်တည်ဆောက် ယူတာမျိုး ဖြစ်ရမယ်။ ဒီနည်းလမ်းအားဖြင့် `သိမှုပို့ချချက်ဆိုင်ရာ ဒီမိုကရေစီ�ကို ဗဟိုပြုပြီး နိုင်ငံတော်ရဲ့ အင်စတီကျူးရှင်းတွေကို ဖွဲ့စည်းနိုင်မယ်။ 'စနစ်'ထဲမှာ ပါဝင်တဲ့ တရားဥပဒေလို အုပ်ချုပ်ရေးလက်တံတွေက 'လူမှုကမ္ဘာ�ကို ခြယ်လှယ်စိုးမိုးနေတဲ့မြင်ကွင်းမျိုး မဟုတ်တော့ဘဲ `လူမှုကမ္ဘာ့� ကို အကျိုးပြု ကာကွယ်ပေးမယ့် တရားဥပဒေပုံစံကို `စနစ်' ထဲ ထည့်သွင်းလိုက် တဲ့သဘော ဖြစ်သွားတယ်။ အလွယ်အားဖြင့်တော့ `လူမှုကမ္ဘာ� ကို အခြေတည်ပြီးမှ လိုအပ်ချက်အလိုက် 'စနစ်'ကို ဖွဲ့စည်းခြင်းပဲ။ ဒီအနေအထား ရောက်နိုင်ဖို့အတွက် ဝေဖန်ရေးသီအိုရီက ဖြစ်တန်ချေတွေနဲ့ အခွင့်အလမ်းတွေ ရှာဖွေပေးရမယ်လို့ ဟားဘားမက်စ်က ယူဆတယ်။

ကားလ်မာ့က်စ်တုန်းက အလုပ်သမား လူတန်းစားဟာ တော်လှန်ရေးဆီ လမ်းပြပေးမယ့် မီးရှူးတန်ဆောင် လို့ကင်ပွန်းတပ်ခဲ့ပေမယ့် ဟားဘားမက်စ်အတွက်ကတော့ The Green Movement လို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံရေးလှုံ့ဆော်မှု၊ အမျိုးသမီးနဲ့ဂေး အခွင့်အရေးဆိုင်ရာလှုပ်ရှားမှု စတာတွေသည်လည်း လူမှု အပြောင်းအလဲကို ဖော်ဆောင် ပေးနေတဲ့ အင်အားစုတွေလို့ သတ်မှတ်တယ်။ တစ်နည်းတစ်ဖုံအားဖြင့်တော့ အဆိုပါအင်အားစု တွေက 'စနစ်'ရဲ့ ပါဝါဆိုင်ရာချုပ်ကိုင်မှုကို သူ့နည်းသူ့ဟန် စိန်ခေါ်တွန်းလှန် ဖို့ကြိုးစားနေခြင်းဖြစ်တယ်။ ဒီလိုတွန်းလှန်မှုတွေက `စနစ်� အတွင်းမှာ လူမှုအပြောင်းအလဲတွေ ဖြစ်နိုင်ဖို့ အားပေးရာရောက်ပြီး နောက်ဆက်တွဲအရလည်း 'လူမှုကမ္ဘာ' ရဲ့ အလွှာထဲမှာ ပိုမိုကောင်းမွန်တဲ့ ကျိုးကြောင်းဆင်ခြင်မှုပုံစံဆက်သွယ်ချက်တွေ ထွန်းကားနိုင်လိမ့်မယ်။

ဂရမ်ရှီနှင့် ခြယ်လှယ်လွှမ်းမိုးမှုသဘော

အနောက်တိုင်းမာက်စ်ဝါဒလမ်းကြောင်းမှာ ဖရန့်ဖွတ်ကျောင်းတော်အပြင် အလွန်အမင်း လွှမ်းမိုးမှု ရှိသလောက် မပါမဖြစ် ကိုးကားခံရတာက အီတလီမာ့က်စ်ဝါဒီ အန်တိုနီယိုဂရမ်ရှီ (Gramsci) ပဲ။ ၁၉၂၀ ဝန်းကျင်ကာလမှာ အီတလီကွန်မြူနစ်ပါတီရဲ့ အထင်ကရတွေးခေါ်ပညာရှင်လို့ဆိုရင် သူကလွဲပြီး အခြားညွှန်ပြစရာမရှိဘူး။ မူဆိုလီနီရဲ့ ဖက်ဆစ်ပါတီအာဏာရလာချိန်မှာ ဂရမ်ရှီဟာ နှစ်ရှည်လများ ထောင်သွင်းအကျဉ်းခံရတယ်။ ထောင်ကပြန်လွတ်ပြီး မကြာခင်မှာပဲ ကွယ်လွန်ခဲ့တယ်။ သို့သော် သူ့ဘဝသက်တမ်းတစ်လျှောက် အရေးပါဆုံးကာလက ထောင်ကျခံနေရတဲ့ နှစ်တွေလို့ဆိုနိုင်တယ်။ နောင်တစ်ချိန် 'ထောင်မှတ်စုများ' (Prison Notebooks) လို့ အကြီးအကျယ်ထင်ရှားလာမယ့် မာ့က်စ်ဝါဒဆိုင်ရာ သီအိုရီအရေးအသားတွေကို အကျဉ်းကျခံနေစဉ်တစ်လျှောက် ရေးသားပြုစုခဲ့တာကြောင့်ပဲ။ "ဘယ်နေရာမှာ သေလို့သေရမှန်းမသိတဲ့ ယင်ကောင်တစ်ကောင်လိုမျိုး အကျဉ်းခန်းထဲမှာ ငါ တစ်ပတ်ပြီးတစ်ပတ် လည်နေခဲ့တယ်"လို့ ဂရမ်ရှီက သူ့အကျဉ်းစံဘဝကို ထုတ်ရေးခဲ့တယ်။ ထိုစဉ်အခါက အီတလီရဲ့ နိုင်ငံရေးဇာတ်ခုံပေါ်မှာ ဖက်ဆစ်ဝါဒ အောင်ပွဲရလာတာနဲ့အမျှ မာ့က်စ်ဝါဒီတွေ ခေါင်းမထောင်နိုင်အောင်နှိပ်ကွပ်ခံရတဲ့အခြေအနေကို ဂရမ်ရှီ ဟာ ကောင်းကောင်းသဘောပေါက်ပြီးသား။ သူကိုယ်တိုင်လည်း မလှုပ်သာမရှားသာ ကြိုးတုပ်ခံထားရသူနဲ့မခြား ထောင်ခန်းကျဉ်းလေးထဲ ပိတ်ပင်ခံထားရတယ်။ ဒီအခြေအနေမှာ သူ့ရဲ့ စိတ်ဓါတ်ခွန်အားကတော့ လျော့ကျမသွားဘူး။ "အသိအမြင်ကြောင့် ငါဟာ အဆိုးမြင်သမားဖြစ်နေရတယ်၊ သို့သော် စိတ်ဆန္ဒအားဖြင့်တော့ အကောင်းမြင်သမား ဖြစ်တယ်" ဆိုတဲ့ သူ့စကားဟာ ယနေ့တိုင်ထင်ရှားဆဲပဲ။ ဒီအမြင်က ဂရမ်ရှီရဲ့ အရေးအသားပို့ချချက်တွေမှာ ထင်ဟပ်နေတယ်။ ကိုယ်တိုင်ကြုံခဲ့ရတဲ့ အဆိုးဝါးဆုံးအခြေအနေတွေထဲမှာ အဆိုးမြင်ဝါဒီတစ်ဦးဖြစ်ခဲ့တာတော့ မှန်တယ်၊ သို့ပေမယ့် သူ့ရဲ့ စိတ်ဆန္ဒအဟုန်က အကောင်းဘက်ကို ဦးတည်မျှော်လင့်ချက်မျိုးထားတယ်။ အထူးသဖြင့် ပိုမိုကောင်းမွန်တဲ့အနာဂတ်အပြောင်းအလဲကို ပုံဖော်ယူဖို့ဖြစ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်မျိုး သူ့အရေးအသားတွေမှာ မြင်တွေ့ရတယ်။ ဖက်ဆစ်အစိုးရလက်အောက်မှာ ဂရမ်ရှီကို စီရင်ချက်ချတဲ့အခါ မူဆိုလီနီကိုယ်တိုင်က "ဒီခေါင်းကို နောက်ထပ်တွေးခေါ်တာတွေ မလုပ်နိုင်တော့အောင် ရပ်တန့်ပစ်ရမယ်" လို့တောင် ထုတ်ပြောခဲ့တာပါ။ သို့သော် ဂရမ်ရှီရဲ့ အတွေးအခေါ်တွေဟာ မရပ်တန့်ခဲ့ရုံသာမက အနောက်တိုင်းမာ့က်စ်ဝါဒလမ်းကြောင်းမှာ ယနေ့အထိလွှမ်းမိုးထားနိုင်ဆဲ ဖြစ်တယ်။

ဂရမ်ရှီရဲ့ အထင်ရှားဆုံးသီအိုရီအယူအဆက `ဟေဂမိုနီ' (Hegemony) ဖြစ်တယ်။ ဟေဂမိုနီကိုအကြမ်းဖျဉ်းဖွင့်ဆိုရင် `လွှမ်းမိုးခြယ်လှယ်မှုသဘော' လို့ အနက်ရလိမ့်မယ်။ ဂရမ်ရှီက လူသားတိုင်းဟာ တွေးခေါ်ပညာရှင်တွေဖြစ်ကြတယ် လို့ ဆိုတယ်။ သဘောက လူတိုင်းလူတိုင်းမှာ သူ့နည်းသူ့ဟန် ဖွင့်ဆိုသတ်မှတ်ထားတဲ့ လောကအမြင် ဘဝအမြင်တွေ ရှိနှင့်ပြီးသား။ ထို့အတူ ကိုယ်ပိုင် တွေးခေါ်မှုပြုလုပ်ဖို့အတွက် စိန်ခေါ်မှု ပြုလုပ်ဖို့အတွက် နေရာကွက်လပ်တွေ အမြဲတစေ ရှိတယ်။ အဓိပ္ပါယ်ပြည့်ဝတဲ့ လုပ်ငန်းဆောင်တာ တွေ ကြံဆတွေးခေါ်ဖို့လည်း စွမ်းဆောင်ရည်တွေ ရှိတယ်။ စွမ်းဆောင်ရည်လို့ ဆိုရာမှာ လူသားတွေဟာ ယဉ်ကျေးမှုအရ နိုင်ငံရေးအရ ထိန်းချုပ်ပြဋ္ဌာန်းခံ ထားရတဲ့ အပြုခံနေရာ သက်သက်မှာ ရှိနေနိုင်ခြင်းဆိုတဲ့အချက်ကို အလုံးစုံပယ် ချပစ်တာမျိုးမဟုတ်သော်ငြားလည်း အဲဒီ့ အခြေအနေတွေကနေ ထွင်းဖောက် တွေးခေါ်နိုင်စွမ်းလည်း ရှိနေနိုင်သေးတယ်လို့ ဆိုလို တာပါ။ ဂရမ်ရှီက အခြားသော မာ့က်စ်ဝါဒီတွေနည်းတူ လူသားဘဝဆိုတာ လူတန်းစားရုန်းကန်မှု ဆိုတဲ့အမြင်ကို ဆက်ခံတယ်။ လူတန်းစားရုန်းကန်မှု ဆိုတာ ဂရမ်ရှီ အတွက်ကတော့ လူတန်းစားနှစ်ရပ် တို့အကြားက မတူညီတဲ့လောကအမြင်တွေ၊ မတူညီတဲ့ အိုင်ဒီယာ တွေးခေါ်ပုံတွေ၊ မတူညီတဲ့ လူသားဘဝအပေါ် ဖွင့်ဆိုချက်တွေရဲ့ ပဋိပက္ခပဲ။ လူတန်းစားနှစ်ရပ် အကြားက စိတ်ပိုင်းဆိုင်ရာ အခြေပြု စစ်ဆင်နွှဲမှု (Mental Warfare) လို့လည်း ဆိုလို့ရတယ်။ အုပ်ချုပ်သူလူတန်းစားက သူတို့ ယုံကြည်လက်ခံထားတဲ့ အယူဝါဒတွေ၊ ယဉ်ကျေးမှုစံတွေကို အုပ်ချုပ်ခံလူတန်းစားရဲ့ အတွေးအခေါ်ထဲ သွတ်သွင်းဖို့ ကြိုးစားတယ်။ အုပ်ချုပ်ခံလူတန်းစားက လည်း သူတို့ရဲ့ ကိုယ်ပိုင်ဖွင့်ဆိုချက်တွေကိုင်စွဲရင်း အုပ်ချုပ်သူတွေရဲ့ လွှမ်းမိုးမှုကို ခုခံဖို့ သို့မဟုတ် တန်ပြန်ပြောင်းလဲပစ်ဖို့ ကြိုးစားတယ်။

လူတန်းစားတစ်ရပ်က အခြားတစ်ရပ်ကို ခြယ်လှယ်လွှမ်းမိုးဖို့ကြိုးစားရာမှာ အကြမ်းဖက်ဖိနှိပ်မှု ပုံစံသက်သက်က မလုံလောက်ဘူးလို့ အစောဆုံးထုတ်ဖော်တင်ပြခဲ့သူတွေ ထဲကတစ်ဦးဟာ ဂရမ်ရှီပဲ။ ကားလ်မာ့က်စ်ပြောခဲ့တဲ့အတိုင်းဆို အိုင်ဒီယိုလိုဂျီဆိုတာ အုပ်ချုပ်သူလူတန်းစားရဲ့ လွှမ်းမိုးကြီးစိုးဆဲစံနှုန်းတွေနဲ့ စိတ်ကြိုက် ပုံသွင်းထားတဲ့အရာသာလျှင် ဖြစ်တယ်။ အုပ်ချုပ်သူ လူနည်းစုက ပြဋ္ဌာန်းပေးထားတဲ့ တရားစီရင်ရေးတွေ၊ ဌာနဆိုင်ရာတွေ၊ အင်စတီကျူးရှင်းတွေ၊ သတင်းမီဒီယာတွေ၊ ယဉ်ကျေးမှု စံနှုန်းတွေအားလုံးက အဆိုပါလူတန်းစားအလိုကျ ဝါဒဖြန့် သဘောတရားတွေကို လူထုထဲ အဆက်မပြတ် ပို့ချပေးနေဖို့ ကြိုးစားတယ်။ ရေရှည်မှာ လူထုကိုယ်တိုင်က ဒီလိုစံနှုန်းတွေ၊ တွေးခေါ်ပုံတွေ၊ အိုင်ဒီယာတွေနဲ့ ယဉ်ပါးလာပြီး ဒါတွေဟာ အမှန်တွေပါလို့ ထင်ယောင်ယုံကြည်လာတော့တာပဲ။ ဒီနည်းလမ်းအားဖြင့် အုပ်ချုပ်သူတွေရဲ့ စံနှုန်းသတ်မှတ်ချက်တွေဟာ လူထုရဲ့တွေးခေါ်ပုံထဲ လွှမ်းမိုးခြယ်လှယ် ခွင့်ရတယ်။ ဂရမ်ရှီရဲ့ အယူအဆကနေ ချဲ့တွေးရင် `ဟေဂမိုနီ' အားကောင်း လေလေ

အုပ်ချုပ်ခံလူထုရဲ့ ယေဘုယျ တွေးခေါ်ဆင်ခြင်နိုင်စွမ်း ချို့ယွင်းလေလေလို့ ဆိုစရာရှိတယ်။

ဒီနေရာအထိ `ဟောဂမိုနီ'က အရှေ့မှာ အဒေါ်နိုနဲ့ဟော်ခိုင်းမားတို့ ဆွေးနွေးခဲ့တဲ့ 'အလုံးစုံ စောင့်ကြပ်ကွပ်ကဲမှု' (Total Administeration) နဲ့ များစွာ ကွဲပြားမှု မရှိသေးဘူး။ သို့သော် `ဟောဂမိုနီ'သဘောတရားမှာ နောက်ထပ် အဓိပ္ပါယ်တစ်ခု တွဲကပ်ပါနေတယ်။ အစောပိုင်း ဝေဖန်ရေး သီအိုရီမှာတွေ့ခဲ့ရတဲ့ ဖရွိုက်အမြင် ဆိုင်ရာနားလည်ပုံလိုမျိုး လူသားရဲ့ မသိစိတ် အတွင်းသားဟာ ပြင်ပလွှမ်းမိုးမှုသက်သက်နဲ့ပုံစံသွင်းပစ်လို့ရတဲ့ ဗလာထည်(Blank Slate) တစ်ခု ဆိုတဲ့ အမြင်မျိုးကို `ဟောဂမိုနီ' က မညွှန်းဆိုဘူး။ အဲဒီအစား လူသားတွေဆီမှာ ဖောက်ထွင်း တွေးခေါ်နိုင်တဲ့စွမ်းရည် သဘာဝအလျောက်ရှိနေပြီးသား၊ ဒါကြောင့် လူသားရဲ့ တွေးခေါ် ဆင်ခြင်စိတ်ဟာလည်း အုပ်ချုပ်သူလူ တန်းစားရဲ့ လွှမ်းမိုးဆဲအမြင်တွေ အောက်မှာ လုံးဝဥဿုံ အကျဉ်းကျခံနေရတာမျိုး မဟုတ်ဘူးလို့ ယူတယ်။ `ဟောဂမိုနီ' ဆိုတာက ဖြစ်နိုင်ချေတစ်ခုကို ပြောနေခြင်းဖြစ်တယ်၊ မလွှဲမသွေကြုံရမယ့် အခြေအနေရယ်လို့ မဆိုလိုဘူး။ တင်းကြပ်တဲ့ `ဟောဂမိုနီ' အရ နောက်ဆုံးမှာ အလုံးစုံလွှမ်းမိုးခြယ်လှယ်မှု ရယူလိုက်နိုင်တယ် ဆိုရင်တောင် ဒါဟာ ခြွင်းချက်အနေနဲ့ပဲ ဖြစ်လိမ့်မယ်။ ဒါကြောင့် `ဟောဂမိုနီ' ရဲ့ နောက်ထပ် အနက်ပြန်ပုံတစ်မျိုးက လူတန်းစားနှစ်ရပ်တို့အကြားက ခြယ်လှယ် လွှမ်းမိုးမှုသရုပ်ကို လက်ခံပေမယ့် အဆိုပါ အခြေအနေဟာ အမြဲအာမခံချက်ထားနိုင်တဲ့ အရာမဟုတ်ဘူးလို့ ဆင့်ပွား ဖွင့်ဆိုခြင်းဖြစ်တယ်။ အတိုင်းအတာတစ်ခုအထိ အုပ်ချုပ်သူလူတန်းစားဆီက လွှမ်းမိုးဆဲ အိုင်ဒီယာတွေ ကြီးစိုးနေရာယူနိုင်တာ မှန်ပေမယ့် တသီးပုဂ္ဂလလူသားရဲ့ ပုံစံခွက်အောက်က ကျော်လွန် ထိုးထွင်းနိုင်မှုစွမ်းရည်ကို မေ့ထားလို့မရဘူး။ ဒီတော့ကာ အုပ်ချုပ်သူလူတန်းစား ပြဋ္ဌာန်းပေးထားတဲ့ အိုင်ဒီယိုလိုဂျီဟာ လူထုရဲ့ ဖောက်ထွင်းတွေးခေါ်နိုင်စွမ်းအရ အမြဲစိန်ခေါ် ခြိမ်းခြောက်ခံနေရတယ်။ ဒါကြောင့် 'ဟောဂမိုနီ'ဆိုတာ မလှုပ်သာမရုန်းသာ ကွပ်ညှပ်ထားတဲ့ သံမဏိလက်တံကြီးတွေ မဟုတ်တော့ဘူး။ ခုခံမှုတစ်ခုရဲ့ ပြင်းအားပျော့အားအနေအထားအလို ကျိုးပဲ့ပျက်စီးသွားနိုင်တဲ့အရာသာလျှင် ဖြစ်တယ်။ အဒေါ်နိုတို့က ချုပ်ကိုင်လွှမ်းမိုးမှုဆိုတာ ရှောင်လွှဲဖို့ မစွမ်းသာတဲ့ အုပ်ချုပ်ကွပ်ကဲရေး `စနစ်' တစ်ခုအဖြစ် ဖော်ပြခဲ့ပေမယ့် ဂရမ်ရှီရဲ့ `ဟောဂမိုနီ'အယူအဆမှာတော့ ပိုမိုပျော့ပြောင်းပြီး ထွက်ပေါက်တစ်ခုဆီလမ်းပြပေးထားတဲ့ ချဉ်းကပ်ပုံကို ကိုင်စွဲခဲ့တယ်။ ဥပမာအနေနဲ့ နိုင်ငံတစ်နိုင်ငံအတွင်းမှာ စီးပွားရေးပျက်ကပ်တွေများလာတဲ့အခါ အလုပ်လက်မဲ့ဦးရေ အဆမတန်တိုးပွားလာမယ်၊ အဲဒီအခါအုပ်ချုပ်ခံ လူတန်းစားက အုပ်ချုပ်ရေးစနစ်ရဲ့ စီးပွားရေးပေါ်လစီတွေကို မေးခွန်းထုတ် လာကြမယ်၊ အုပ်ချုပ်သူတွေ အပေါ်မှာလည်း အယုံအကြည် ကင်းမဲ့လာမယ်၊ နိုင်ငံတွင်း အခွင့်ထူးခံ အီလစ်လူတန်းစားတစ်ရပ် ရှိနေခြင်းကို

ပြင်းပြင်းထန်ထန် ဆန့်ကျင်လာကြမယ်။ ဒီအနေအထား က လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး နယ်ပယ်အားလုံးတို့ကို မလွဲမသွေရိုက်ခတ်မှာပဲ။

နောက်ဆုံးမှာ လက်ရှိအုပ်ချုပ်ရေးစနစ်ဟာ လူထုတွန်းအားကြောင့် ပြိုလဲပျက်စီး သွားပြီး စနစ်သစ် တစ်ရပ်ပေါ်ထွက်လာ တဲ့အခြေအနေမျိုးဆီ ဦးတည်သွားနိုင်တယ်။ ဒီဖြစ်ရပ်မှာ အုပ်ချုပ်သူလူတန်းစားရဲ့ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးလမ်းကြောင်း၊ ယဉ်ကျေးမှုစံနှုန်း စတဲ့ လွှမ်းမိုးချုပ်ကိုင်မှုအပေါင်းကို တွန်းလှန်ပယ်ရှားတဲ့ တန်ပြန်ဟေဂမိုနီဆန်ဆန် (Counter-hegemonic) အင်အားစုတွေ ပေါ်ပေါက်မှာပဲ။ အဆိုပါအင်အားစုတွေကလည်း သူတို့ရဲ့ ခေါင်းဆောင်တွေ၊ တွေးခေါ်သူတွေ၊ အသိပညာရှင်တွေနဲ့ ဖွဲ့စည်းထားခြင်းဖြစ်ပြီး လွှမ်းမိုးကြီးစိုးဆဲအမြင်တွေနဲ့ ကွဲလွဲတဲ့ သူတို့ရဲ့ ကိုယ်ပိုင်အမြင်သစ် အတွေးအခေါ်သစ်တွေကို တင်ပြဖို့ ကြိုးစားလာကြလိမ့်မယ်။ မူလက ချုပ်ကိုင်ထားတဲ့ ခြယ်လှယ်လွှမ်းမိုးမှုကို ဖယ်ရှားပြီး အဲဒီနေရာမှာ `ဟေဂမိုနီ'အသစ်တစ်ခု ဖြစ်တည်လာတာလို့လည်း ဆိုကောင်းဆိုလို့ရမယ်။ ဘာပဲဖြစ်ဖြစ် ဒီအမြင်အရ လူ့အဖွဲ့အစည်းရဲ့ သဘောသဘာဝဟာ ပုံသေကားချပ်ဆန်မနေဘဲ ရုတ်တရက်ပြောင်းလဲနိုင်ချေအလားအလာတွေနဲ့အတူ ခန့်မှန်းဖို့ခက်နေလေ့ရှိတယ်။

အုပ်ချုပ်သူလူတန်းစားအနေနဲ့ အောက်ခြေက တန်ပြန်လာတဲ့ စိန်ခေါ်မှုတွေကို အမြဲရင်ဆိုင် နေရတဲ့အခါမှာ အဆိုပါ လူတန်းစား အကျိုးစီးပွားအတွက် ကာကွယ် အလုပ်လုပ်ပေးနေတဲ့ အာဏာပိုင်တွေ၊ ဝါဒရေးရာသမားတွေကလည်း လူထုကို ယခင်အတိုင်း ဆက်လက်ချုပ်ကိုင် ထားနိုင်ဖို့ နည်းလမ်းအသစ် လှည့်ကွက်အသစ်တွေ ရှာကြံရင်း မပြတ်ကြိုးပမ်းနေရတယ်။ ဂရမ်ရှီကတော့ အုပ်ချုပ်သူလူတန်းစားဟာ ဒီအခြေအနေကို ကိုင်တွယ်ထိန်းသိမ်းထားနိုင်ဖို့ ဘယ်လောက်ပဲကြိုးစားသည်ဖြစ်စေ ရေရှည်မှာ `ဟေဂမိုနီ'ဟာ အလုပ်တွင်နိုင်မှာမဟုတ်ဘူးလို့ မြင်တယ်။ ပဋိပက္ခတွေပေါ်ပေါက်ပြီး နောက်ဆုံးမှာ အပြောင်းအလဲတစ်ခု မုချဖြစ်မယ်ဆိုတဲ့ မာ့က်စ်ဝါဒ လူတန်းစားအမြင်ကို ဂရမ်ရှီက ပစ်ပယ်တာမျိုးမလုပ်ခဲ့ဘူး။ လူတန်းစားနှစ်ရပ်ကို ဆက်သွယ်ချက်ပေးထားတဲ့ 'ဟေဂမိုနီ' ရဲ့ ခိုင်မာမြဲမြံမှု မရှိနိုင်တဲ့သဘာဝကို ထောက်ပြ ဖို့ကြိုးစားတယ်။ နောက်ပိုင်းမှာ ဂရမ်ရှီရဲ့ သီအိုရီအမြင်တွေကို ဆက်ခံလေ့လာတဲ့ ပို့စ်မာ့က်စ်ဝါဒီ အာနက်စ်တိုလာက်လောင်း (Laclau) နဲ့ ရှန်တဲလ်မူးဖ် (Mouffe) တို့ကတော့ ဒီလူမှုအခြေအနေ ကို 'ဖာထေးရာ' (Suture) လို့ အမည်ပေးတယ်။ Suture ကို ဆေးပညာအဘိဓါန်မှာဖွင့်ဆိုရင် ဒဏ်ရာတစ်ခုမှာ တစ်သျှူးအသားစတွေ ပြန်လည်တွယ်ဆက်ဖို့သုံးတဲ့ ချုပ်ရိုးကို ပြောတာပဲ။ ဒီနေရာမှာတော့ လူတန်းစားနှစ်ရပ်တို့ အကြားက ပဋိပက္ခအက်ရာတွေ၊ မကြေလည်မှု အကွဲအပြဲတွေကို ပြန်လည်ဖာထေးကုစားခြင်းလို့ အဓိပ္ပါယ်ရတယ်။

သို့သော် `ဖာထေးရာ' ဆိုတာက ယာယီသဘောသာဆောင်တယ်၊ ဒဏ်ရာကို ခဏတာပြန်လည် တွယ်ချုပ်ပေး လိုက်ပေမယ့် ရေရှည် မြဲမြံဖို့တော့ အာမခံချက်မပေးဘူး။ အလားတူပဲ `ဟောဂမိုနီ' ဆိုတာသည်လည်း လူတန်းစား နှစ်ရပ်တို့အကြားမှာ စဉ်ဆက်မပြတ် အားဖြည်ပံ့ဖော်ပေးနေရတဲ့ ချုပ်ကိုင်မှုဖြစ်တယ်။ အုပ်ချုပ်သူ လူတန်းစားအလိုရှိတဲ့ ပုံစံအတိုင်း အတိအကျ အလုပ် ဖြစ်ချင်မှဖြစ်နိုင်လိမ့်မယ်။ စိန်ခေါ်မှုတွေ ပဋိပက္ခတွေနဲ့တကွ ပြောင်းလဲနိုင်ချေ အမြဲ ရှိနေတယ် ဆိုတာ မေ့ထားလို့မရဘူး။

ဒါကြောင့် `ဟောဂမိုနီ' ဆိုတာ လူတန်းစားတစ်ရပ်နဲ့ အခြားတစ်ရပ်တို့ ဆက်သွယ်ချက်အတွင်းက ပြုသူနဲ့ အပြုခံဆိုတဲ့ တစ်လမ်းသွားချုပ်ကိုင်မှုအဖြစ် ပုံသေမယူနိုင်ဘူး။ လူတန်းစားတွေအကြား ပဋိပက္ခက အားပြိုင်မှုအသွင်နဲ့ အလျှော့အတင်းအနေအထား အတိုင်း ဆက်လက် ရွေ့လျားဖြစ်ပေါ် နေတယ်။ `ဟောဂမိုနီ' ရှိနေတာ ဟုတ်တယ်၊ ထို့အတူ အဲဒါကို ပြန်လည်လွှမ်းမိုးဖို့ ကြိုးစားနေတဲ့ 'တန်ပြန်ဟောဂမိုနီ'လည်း ဒွန်တွဲတည်ရှိနေတယ်။ အထက်တုန်းက လူအုပ်ဥပမာနဲ့ ပြန်ကောက်ရရင် ဖရန့်ဖွတ်ကျောင်းတော်ရဲ့ သီအိုရီအမြင်မှာက လူထုဟာ သူတို့ရဲ့ အမြင်ချို့ယွင်းမှုကို မကုစားနိုင်ဘဲ အထက်ကလာတဲ့(အုပ်ချုပ်သူလူတန်းစားရဲ့) လမ်းညွှန်ချက်တွေနောက် အမြဲလိုက်ပါနေရတယ် ဆိုတဲ့ မျှော်လင့်ချက်ကင်းမဲ့မှုကို ပြတယ်။ ဂရမ်ရှီရဲ့ အမြင်မှာကျတော့ လူထုဟာ ရာနှုန်းပြည့် အမြင်ကန်းနေတာမဟုတ်သလို ဘယ်နေရာ၊ ဘယ်အရပ်၊ ဘယ်လမ်းကြောင်းအတိုင်းလျှောက် ဆိုတဲ့ ညွှန်ကြားချက်တွေကို ခုခံပြီး နောက်ဆုံးမှာ လွတ်မြောက်မှု ရယူနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်မျိုးထားရှိတယ်။ သို့သော် ဂရမ်ရှီသတိပေးခဲ့တာက အုပ်ချုပ်သူတွေရဲ့ လွှမ်းမိုးခြယ်လှယ်မှုက ရုန်းထွက်ဖို့ တန်ပြန် 'ဟောဂမိုနီ'တစ်ရပ် တည်ဆောက်ဖြစ်ပေါ်ဖို့ဆိုရင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး အတွင်းမှာရှိနေတဲ့ အခြားတပါးသောအုပ်စုဝင်တွေ၊ လူမှုအင်အားစုတွေရဲ့ အရေးကိုပါ ရေးရှုပြီး သူတို့နဲ့လက်တွဲ လုပ်ဆောင်ရလိမ့်မယ် ဆိုတာပဲ။

အုပ်ချုပ်သူလူတန်းစားရဲ့ ပါဝါကို တွန်းလှန်ဖို့ဆိုရင် လူနည်းစုအုပ်စုတွေ၊ လူမျိုးခြားတွေစတဲ့ လူမှုအင်အားစုတွေနဲ့ မဟာမိတ်ပြုနိုင်ရမယ်။ ဒီလိုအတူတကွ လက်တွဲရာမှာလည်း အုပ်စု တစ်ခုချင်းရဲ့ ကိုယ်ပိုင်လွတ်လပ်မှုနဲ့ အကျိုးစီးပွားကို လေးစားပေးခြင်းဖြင့် ကျယ်ပြန့်တဲ့ လူမှုကွန်ရက်တစ်ခု စိတ်ရှည်ရှည်ဖွဲ့စည်းရမယ်။ ဘာကြောင့်လဲဆိုရင် အုပ်ချုပ်သူလူတန်းစားရဲ့ ချုပ်ကိုင်မှုက လွန်မြောက်ပြီးနောက် အသစ်ပေါ်ထွန်းဖို့ အတူတကွအကောင်အထည်ဖော် နေကြတဲ့ လူ့အဖွဲ့အစည်းသစ် (ဒီနေရာမှာ မာ့က်စ်ဝါဒအမြင်အရ ဆိုရင် ဆိုရှယ်လစ် လူ့ဘောင်သစ်)မှာ အုပ်စုတစ်ခုချင်းစီက သူတို့ရဲ့ ကျရာအခန်းကဏ္ဍအသီးသီးအလိုက် အကျိုးပြု ထည့်ဝင်မှုတွေလုပ်ရမှာ ဖြစ်လို့ပဲ။

New Left လို့ခေါ်ဆိုတဲ့ လက်ဝဲသစ်နိုင်ငံရေးလှုပ်ရှားမှုအုပ်စုဝင် ရေမွန်ဝီလျံစ်က -

"မော်ဒန်လူ့အဖွဲ့အစည်းတွေအတွင်း လူမှုတော်လှန်ရေးအပြောင်းအလဲရဲ့ အဓိကသော့ချက်က မာ့က်စ်ခန့်မှန်းခဲ့သလို လူတန်းစားအသိနိုးကြားရေးအပေါ်မှာ မမူတည်တော့ဘဲ သူတို့ရဲ့ ကိုယ်ပိုင်အတွေးအခေါ်နဲ့ ကမ္ဘာ့သစ်တစ်ခု တည်ဆောက်ထားပြီးဖြစ်တဲ့ အကျိုးတူမဟာမိတ် အဖွဲ့သစ်တွေ ကြိုတင်ဖွဲ့စည်းနိုင်မှု၊ သို့တည်းမဟုတ် `ဟောဂမိုနီ' ပုံစံကွဲတစ်ရပ် ဖန်တီးနိုင်မှုတို့ အပေါ် မူတည်တယ်" (Williams, 1992:27)လို့ ဆိုခဲ့တယ်။

ဒီတော့ကာ တွေးလောက်ဖွယ်ဖြစ်လာတာက လူတွေအနေနဲ့ သူတို့ရဲ့ 'တန်ပြန်ဟောဂမိုနီ'အားဖြင့် အုပ်ချုပ်သူလူစုရဲ့ `ဟောဂမိုနီ'ကို ခုခံချေဖျက်ရာမှာ တိုက်ပွဲဝင်ရမယ့်စစ်မျက်နှာတွေက နိုင်ငံရေးနဲ့ စီးပွားရေးသက်သက် မကတော့ဘူး။ ယဉ်ကျေးမှုနဲ့ အိုင်ဒီယိုလိုဂျီတို့ဟာလည်း သတိကြီးကြီးထားပြီး အလေးအနက်ကိုင်တွယ်ရမယ့်ကဏ္ဍတွေ ဖြစ်လာတယ်။ လူထုအနေနဲ့ ယဉ်ကျေးမှုနဲ့ အိုင်ဒီယိုလိုဂျီဆိုင်ရာ အပြောင်းအလဲတွေကို မျိုးစေ့မချနိုင်သေးခင် နိုင်ငံရေးစစ်မျက်နှာသက်သက်မှာ ချွန်းဖွင့် တိုက်ဖို့ ဖြစ်ပါ့မလားလို့တောင် စဉ်းစားစရာ ဖြစ်လာရတယ်။ ပန်းတိုင်ကတော့ အုပ်ချုပ်သူလူတန်းစားရဲ့ ပါဝါလွှမ်းမိုးမှုကို ပြောင်းလဲပစ်ဖို့၊ လွယ်လွယ် ပြောရရင် အုပ်ချုပ်ရေးစနစ်နဲ့အစိုးရ အပြောင်းအလဲဖြစ်ဖို့ ဆိုတဲ့ ဦးတည်ချက်တစ်ခုတည်းပဲ။ သို့သော် အုပ်ချုပ်ရေးနဲ့အစိုးရအပြောင်းအလဲ ဖြစ်ပြီးမှ ယဉ်ကျေးမှုနဲ့ အိုင်ဒီယိုလိုဂျီတို့ကို ပြန်လှည့်ကိုင်တွယ်မလား၊ ဒါမှမဟုတ် တည်ဆဲယဉ်ကျေးမှုစံတွေနဲ့ အိုင်ဒီယိုလိုဂျီတို့ဆီက လွှမ်းမိုးမှုကို ဖြိုဖျက်ပြီးမှ အုပ်ချုပ်သူလူတန်းစားရဲ့ ခြယ်လှယ်ချုပ်ကိုင်မှုကို ပြန်လည် စိန်ခေါ်မလား ဆိုတာ ဆွေးနွေးကြည့်သင့်တဲ့အချက်ပဲ။

လူမှုသိပ္ပံပညာရှင် ဒိုမနစ်စထရီနာတီကတော့ -

"ပြုပြင်ပြောင်းလဲရေးအင်အားစုတွေဟာ နိုင်ငံတော်ကို မသိမ်းပိုက်ခင် ပြည်တွင်း လူ့အဖွဲ့အစည်း ကို အရင်ဆုံး အရယူရမယ်" လို့ ဆိုခဲ့တယ်။

ပြည်တွင်းလူ့အဖွဲ့အစည်းကို အရယူရေးလို့ဆိုရာမှာ လူထုအတွင်း အပြောင်းအလဲကိုရင်ဆိုင်ဖို့ ရှိသင့်ရှိအပ်တဲ့ အတွေးအခေါ်၊ အသိအမြင်တွေ ဖြန့်ဖြူးသွတ်သွင်းပေးခြင်းလို့ နားလည်နိုင်တယ်။ လက်တွေ့အပြောင်းအလဲတစ်ရပ် မဖော်ဆောင်ခင် ပြောင်းလဲမှုအတွက်အထောက်အပံ့ပြုမယ့် အသိပညာဆိုင်ရာ လက်နက်တွေ တပ်ဆင်ပေးခြင်းပဲ။ ပြောင်းလဲမှုဆီ တကယ်တက်လှမ်းပြီ ဆိုတဲ့အခါ အုပ်ချုပ်သူတွေဘက်က လုပ်မြဲထုံးစံအတိုင်း လှန့်လုံးခြောက်လုံးတွေ အသုံးပြုပြီး သူတို့ရဲ့ ချုပ်ကိုင်မှုပါဝါ လျော့ကျမသွားအောင် ကြိုးပမ်းမှာပဲ။ အဲဒီအခါ အမြင်ကန်းမှုကြောင့် အထိတ်အလန့်ဖြစ်ပြီး တကွဲတပြားအစုအစည်းပြေတာမျိုး

မဖြစ်ရလေအောင်၊ သို့မဟုတ်ရင် လည်း တကယ်မရှိတဲ့ မြွေကို ဖယ်ရှားရှင်းလင်းဖို့ကြိုးစားရင်းက လူအုပ်အတွင်း အချင်းချင်း အထိအခိုက် အနာတရတွေ မဖြစ်ရလေအောင် ကြိုတင်ကာကွယ်ဖို့အတွက် ဦးစွာပထမအားဖြင့် အမြင်စွမ်းရည်ချို့ငဲ့နေသူတွေကို ကုစားခြင်းအဆင့်လို့ ဆိုကောင်းဆိုလို့ရလိမ့်မယ်။

ဒါဟာ ဘာကြောင့် အရေးကြီးနိုင် သလဲ။ ဝေဖန်ရေးသီအိုရီပညာရှင် တွေက အုပ်ချုပ်ခံ လူတန်းစားကို ပို့ခံချသက်သက် လွှမ်းမိုးခံသက်သက် အပြုခံနေရာမှာထားပြီး ချဉ်းကပ်ခဲ့တယ်။ ဂရမ်ရှီကတော့ လူသားတိုင်းဟာ သူ့နည်းသူဟန်အရ တွေးခေါ်ပညာရှင်တွေဖြစ်တယ်ဆိုပြီး လွှမ်းမိုးမှုအပေါ် ထိုးဖောက်တွေးခေါ်နိုင်စွမ်းကို တင်ပြခဲ့တယ်။ ထို့နည်းအတူ လူသားတွေဟာ သူတို့အပေါ်ချုပ်ကိုင်ထားတဲ့ ခြယ်လှယ်လွှမ်းမိုးမှုကို တစ်ဖက်က နားလည်သိမြင်ထားပေမယ့် အခြားတစ်ဖက်ကကျတော့ အဆိုပါခြယ်လှယ်လွှမ်းမိုးမှုမှာ သူတို့ကိုယ်တိုင် အစိတ်အပိုင်းတစ်ရပ် အနေနဲ့ မသိမသာ ပါဝင်နေမိမယ် ဆိုရင်ရော။ ဒီနေရာမှာ တိုက်ရိုက်ဆီလျော် သက်ဆိုင်မှုမရှိပေမယ့် လူမှုဗေဒနဲ့ သမိုင်းပညာရှင် ဒုဘွား (Du Bois) ရဲ့ `ဒွိဟသိမှု' (Dual Consciousness) ဆိုတဲ့အယူအဆကို ပြောကြည့်မယ်။ `ဒွိဟသိမှု' ရဲ့ မူလအသုံးက ပို့စ်ကိုလိုနီယယ် လေ့လာချက်တွေမှာ ကွဲပြားတဲ့ယဉ်ကျေးမှုဆိုင်ရာအမှတ်လက္ခဏာ နှစ်ရပ် ရင်ဆိုင်ရတဲ့အခြေအနေကို ပြောတာဖြစ်ပေမယ့် လူမှုသီအိုရီတွေမှာ အထိ ယူငင်ကိုးကား ကြတယ်။ ကွဲပြားပေမယ့် ဒွန်တွဲနေတဲ့သိမှုနှစ်မျိုး ပိုင်ဆိုင်ထားတဲ့ အခြေအနေကို ယေဘုယျ ဖော်ညွှန်းတာပဲ။ လူမှုရေးနဲ့ယဉ်ကျေးမှုအရ လွှမ်းမိုးတည်ဆောက်ခံရထားတဲ့ ပထမသိမှု အခြေအနေကို ပိုင်ဆိုင်ထားစဉ်မှာ နေ့စဉ်ဘဝအတွေ့အကြုံတွေက ကွဲပြားတဲ့ နောက်ထပ် သိမှုတစ်ရပ်ကို ဖန်တီးပေးတယ်။ ဒါကြောင့် လူသားဟာ ကွဲပြားတဲ့သိမှုပုံစံနှစ်ရပ်တို့အကြားမှာ အကြပ်အတည်းဆိုက်နေရတယ်။ ဥပမာအနေနဲ့ အာဏာရှင်စနစ်ဆိုပါတော့။ နေ့စဉ်ဘဝထဲက အခက်အခဲနဲ့ရုန်းကန်မှုတွေက အာဏာရှင်စနစ်ရဲ့ ဆိုးမွေကိုထင်ထင်ရှားရှားပြသနေတယ်။ လူတွေဟာ အာဏာရှင်စနစ်ကို မုန်းတီးကြတယ်၊ အာဏာရှင်စနစ်ဆီက ရုန်းထွက်လိုကြတယ်။ သို့သော် လူမှုရေးနဲ့ယဉ်ကျေးမှုတို့အရဖြစ်တည်လာတဲ့ အာဏာရှင်ဆန်တဲ့အမှတ်လက္ခဏာတွေ သူတို့ကိုယ်တိုင်ဆီမှာပဲ ပြန်လည်မြင်တွေ့နေရတယ်။ ကလေးတွေအပေါ် တစ်မိန့်တစ်သံစနစ် ဩဇာအာဏာပြတဲ့ မိဘတွေ၊ ကျောင်းသားတွေကို ကြိမ်းလုံးသံအောက်ထားပြီး အုပ်ချုပ်ကွပ်ကဲ တဲ့ ဆရာတွေမှာ သိမှုဆိုင်ရာအရကိုက အာဏာရှင်ဆန်တဲ့အမှတ်လက္ခဏာတွေ ထည်သွင်း တည်ဆောက်ခံ ထားရပြီးဖြစ်တယ်။ ပထမသိမှုအရ အာဏာရှင်စနစ်ကို ဆန့်ကျင်နေစဉ်မှာပဲ ဒုတိယသိမှုမှာကျတော့ သူတို့ကိုယ်တိုင် အဲဒီအမှတ်လက္ခဏာတွေထဲက

မရှုန်းထွက်နိုင်ဘူး။ မိသားစု၊ စာသင်ခန်း၊ ရပ်ကွပ်အုပ်ချုပ်ရေး၊ မြို့နယ်ကောင်စီ စသဖြင့် အုပ်ချုပ်မှု အဆင့်ဆင့် အလိုက် သူတို့နေ့စဉ်ဘဝကို ပုံဖော်လမ်းကြောင်းနေတဲ့ ယဉ်ကျေးမှုစံတွေက အာဏာရှင် ဆန်ဆန် အုပ်ချုပ်ရေးဟာ မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ရယ်လို့ ထင်လာအောင် သိမ်းသွင်း နေတာကြောင့်ပဲ။ မိဘနဲ့ သားသမီးတို့အကြား ပြဿနာတစ်စုံတစ်ခုရှိလာတဲ့အခါ ဖွင့်ဟ ဆွေးနွေးတဲ့ပုံစံနဲ့ နှစ်ဦးနှစ်ဖက်ပြေလည်သဘောတူညီချက်မျိုး ရယူလိုက်ဖို့ထက် သားသမီး ဆိုတာ မိဘစီမံမှုအတိုင်း ခေါင်းညိတ်ရမယ်ဆိုတဲ့အယူအဆကို သူတို့ရဲ့ မိဘဖြစ်ခြင်း အခွင့်အရေးတစ်ရပ်လိုအသုံးပြုဖို့ကိုပဲ မိဘတွေဘက်က လိုလားကြတယ်။ ဆရာဟာလည်း ကျောင်းသားတွေရဲ့ သဘောကွဲလွဲခွင့်၊ ပြန်လည်မေးခွန်းထုတ်နိုင်ခွင့်ကို အပြန်အလှန် လေးစားပေးဖို့ထက် သူ့ရဲ့ကြိမ်လုံးသံအောက် ကျောင်းသားတွေ ပြားပြားဝပ် ကြောက်သွားရတာ မျိုး ကိုပဲ လိုချင်တယ်။ ဒီလို အရှိန့် စိတ်အငံ့စိတ်ကို ငယ်စဉ်ကတည်းက ပုံသွင်းဖန်တီးပေးလာတဲ့ လူ့အဖွဲ့အစည်းမျိုးထဲမှာ အာဏာပါဝါဆိုတာ အထက်အောက်ဖိစီးအလုပ်လုပ်ခွင့်ရထားတော့ အာဏာပိုင်တွေကလည်း သူတို့အာဏာကိုအသုံးပြုပြီး လူထုကို ခြိမ်းခြောက်အကြပ်ကိုင်ဖို့ ကြိမ်းမောင်းပြောဆိုဖို့ ဝန်မလေးကြတာ မထူးဆန်းဘူး။ အာဏာရှင်က သူ့ရဲ့ အာဏာကိုခြိမ်းခြောက်သူတွေ ပြတ်ပြတ်သားသား အပြစ်ပေးနှိပ်ကွပ်ခံရမယ်လို့ တီဗီဖန်သားပြင် ပေါ်မှာခြိမ်းခြောက်နေသလိုပဲ စာသင်ခန်းထဲမှာ ဆရာမက သူ့ရဲ့ သင်ပြပုံတွက်နည်းအတိုင်း မလိုက်နာသူတွေ စာမေးပွဲမှာအမှတ်လျှော့ခံရမယ်လို့ ခြိမ်းခြောက်နေတယ်။ ဒါတွေက လူသားတွေရဲ့ အမိန့်နာခံခြင်း မနာခံခြင်း၊ စည်ကမ်းသေဝပ်ခြင်း မသေဝပ်ခြင်း စတာတွေကို ပြောနေဖို့မဟုတ်ဘူး။ လူ့အဖွဲ့အစည်းရဲ့ လူမှုအဆောက်အအုံ ကျောရိုးထဲက အခွင့်အာဏာ ဆိုင်ရာ အကန့်တွေမှာ လည်ပတ်အသားကျနေပြီးဖြစ်တဲ့ ပါဝါရဲ့ အလုပ်လုပ်ပုံကို နားလည်ဖို့ပဲ။ ဒီလိုအသားကျနေပြီးဖြစ်တဲ့ အလေ့အကျင့်တွေ၊ အင်စတီကျူးရှင်းတွေမှာ အာဏာရှင်ဆန်မှု ဆိုတာ အဓိကဝိသေသတစ်ရပ်ဖြစ်နေပြီဆိုရင် ဒါတွေကို မပြောင်းလဲယူနိုင်ဘဲနဲ့ အုပ်ချုပ်ရေးစနစ် တစ်ခုလုံးကို ပြောင်းလဲဖို့ရာဖြစ်နိုင်ပါ့မလား။ အုပ်ချုပ်ရေးစနစ်ကိုပြောင်းလဲသလို ယဉ်ကျေးမှုနဲ့ အိုင်ဒီယိုလိုဂျီတို့ကိုပါ တစ်ချိန်တည်းလိုက်လံပြောင်းလဲနိုင်တယ်လို့ ငြင်းခုံလို့တော့ရတယ်။ သို့ပေမယ့် နိုင်ငံတော်ကိုမသိမ်းပိုက်ခင် ပြည်တွင်းလူ့အဖွဲ့အစည်းကိုအရင်အရယူပါ ဆိုတဲ့ စထရီနာတီရဲ့ စကားကလည်း တွေးဆကြည့်စရာအချက်တွေ ပါဝင်နေတာအမှန်ပဲ။

။

အသွင်လောကစိတ်ပညာဆိုင်ရာ ပါရာဒိုင်းများ

ကွန်တမ်ပိုရာရီ လူမှုသီအိုရီတွေ အကြောင်းပြောတဲ့အခါ အသွင်လောက စိတ်ပညာ (Phenomenology) ဆိုင်ရာ လူမှုဗေဒလမ်းကြောင်းကို မပါမဖြစ်ထည့်သွင်းရမှာပါ။ ဂရိဘာသာ စကားမှာ Phenomenon က အသွင်လောကဖြစ်ရပ် လို့ အကြမ်းဖျဉ်းအနက်ရပြီး Logos က တစ်စုံတစ်ခုအပေါ် လေ့လာချက်ကို ညွှန်းဆိုခြင်းဖြစ်တယ်။ ဒါကြောင့် အသွင်လောက ဖြစ်ရပ်ဆိုင်ရာလေ့လာချက်များ သို့မဟုတ် အတိုကောက်အားဖြင့် အသွင်လောကစိတ်ပညာရယ် လို့ ဆိုနိုင်တယ်။ အသွင်လောကစိတ်ပညာက ကမ္ဘာလောကဟာ လူသားတစ်ဦးတစ်ယောက် သို့မဟုတ် အုပ်စုတစ်စုတို့ရဲ့ ရှုထောင့်အမြင်အောက်မှာ ဘယ်လိုပုံဖော်နားလည်ခံရသလဲဆိုတာ လေ့လာဖို့ကြိုးစားတယ်။ လူသားတွေဟာ သူတို့ပတ်ဝန်းကျင်ကအရာတွေအပေါ် ဘယ်လိုသိမှတ် နားလည်နေကြသလဲဆိုတဲ့ ရှုမြင်စိတ်ကို ဖော်ထုတ်ရေးဟာ အသွင်လောကစိတ်ပညာအတွက် ပဓာနအကျဆုံးဦးတည်ချက်ပဲ။

အသွင်လောက စိတ်ပညာက လူတစ်ဦး သို့မဟုတ် လူအုပ်စုတစ်စု တို့ရဲ့ 'သိစိတ်' (Consciousness) ကို ဆန်းစစ်တယ်။ ဒီလိုဆန်းစစ်တယ်လို့ဆိုရာမှာ အဆိုပါလူတစ်ဦး သို့မဟုတ် လူတစ်စုဟာ သူတို့ပတ်ဝန်းကျင်ကမ္ဘာလောကအပေါ် ဘယ်လိုရှုမြင်နားလည်သလဲ၊ ဒီလိုရှုမြင် နားလည်မှုဖြစ်စဉ်အတွင်းမှာရော သူတို့အနေနဲ့ ဘယ်လိုခံစားချက်နဲ့ စိတ်အခြေအနေတွေ ကြုံတွေ့ဖြစ်ပေါ်သလဲ စတာတွေကို လေ့လာချက်ထုတ်ခြင်းဖြစ်တယ်။ အသွင်လောကဆိုင်ရာ ဖြစ်ရပ် အမျိုးမျိုးတို့အပေါ် လူသားရဲ့ သိမြင်မှု၊ ရှုမှတ်မှု၊ တွေ့ကြုံခံစားမှု၊ တုံ့ပြန်မှု၊ စိတ်ခံစားချက်ဝင်မှု စတဲ့အချက်တွေ အားလုံးတို့ကို စိတ်ဝင်စားတယ်။ ပြီးတဲ့အခါမှာ ဒီအချက်တွေကိုအခြေခံယူပြီး တသီးပုဂ္ဂလလူသားတွေရဲ့ အပြုအမူတွေနဲ့ ပြန်လည်တွဲစပ်တယ်။ ဆိုလိုတဲ့သဘောကတော့ လူသားတွေရဲ့ အသွင်လောကဆိုင်ရာ အမြင်တွေဟာ သူတို့ အချင်းချင်း ကူးလူးဆက်ဆံမှုဖြစ်စဉ်ကို ဘယ်လိုပုံဖော်ပေးနိုင်သလဲ ဆိုတဲ့ လက်ခံရှုမြင်မှု (Perception) နဲ့ ပြုမူဆောင်ရွက်မှု (Action) တို့အကြားက အဆက်အစပ်ကို လေ့လာဖို့ကြိုးစားတာပဲ။ ရုပ်ကြမ်းအဆင့်မှာတော့ အသွင်လောကစိတ်ပညာဟာ ပြုလုပ်သူအဓိကပြု (Actor-centered) လမ်းကြောင်းကို ကိုင်စွဲတယ်လို့ ဆိုနိုင်တယ်။

အသွင်လောက စိတ်ပညာလမ်းကြောင်းကနေ တူရှုချက် ပေးထားတာက လူသားတွေရဲ့ နေ့စဉ်ဘဝ အတွေ့အကြုံပဲ။ အဲဒီကမှတစ်ဆင့် လူသားရဲ့ `လက်တွေ့ကျသိစိတ်' (Practical Consciousness) ကို မိတ်ဆက်တယ်။

`လက်တွေ့ကျသိစိတ်' ဆိုတာ လူသားတွေဟာ သူတို့ရဲ့ နေ့စဉ်ဘဝအတွေ့အကြုံထဲက ပြုမူပုံ၊ တွေးခေါ်ပုံ စတာတွေ တော်တော်များများတို့ကို အပြည့်အဝသိစိတ် အခြေခံ လုပ်ဆောင်တာမဟုတ်ဘဲ လက်တွေ့ကျသိစိတ်လို့ခေါ်တဲ့ တစ်စိတ် တစ်ပိုင်းသိမှု အခြေအနေအောက်မှာ ဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတဲ့ အယူအဆပဲ။ အချို့အရာတွေက အဖန်တလဲလဲလုပ်ဆောင်လို့ပဲဖြစ်စေ၊ ကာလကြာရှည် အမြစ်တွယ်လာလို့ပဲ ဖြစ်စေ နေ့စဉ်လူမှုဘဝရဲ့ သဘာဝ အကြောင်းရင်းခံတစ်ရပ်လို ဖြစ်လာကြတယ်။ လူတွေဟာ များစွာရှုမြင်စဉ်းစားစရာမလိုတော့ဘဲ အဲဒီအရာတွေကို အလိုအလျောက် လုပ်ဆောင်နေမိ လျက်သား ဖြစ်တယ်။ ဆိုကြပါစို့၊ မနက်ခင်းမှာ လူတစ်ယောက်အလုပ်သွားတယ် ဆိုတဲ့ဖြစ်ရပ်မှာ လမ်းထိပ်ကားဂိတ်ဆီထွက်လာတာ၊ ကားစောင့်တာ၊ ဘတ်စ်ကားနဲ့အလုပ်ကိုသွားတာ စတာတွေ ကို သူ့ရဲ့ `လက်တွေ့ကျသိစိတ်' ကနေ ဆောင်ရွက်သွားခြင်းပဲ။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ နေ့စဉ်ဘဝအတွေ့အကြုံမှာ ဘတ်စ်ကားဂိတ်ဆီ လာဖို့၊ လာရာလမ်းမှာ သတိဝီရိယနဲ့ လမ်းဖြတ်ကူးဖို့၊ နံပါတ်အလိုက် ဘတ်စ်ကားရွေးချယ်စီးဖို့၊ ကားပေါ် ရောက်တဲ့အခါမှာလည်း ကျသင့်ငွေ အဖိုးအခပေးချေဖို့ စတဲ့ အဆင့်ဆင့်ကို အကြိမ်ပေါင်းများစွာ ထပ်ကျော့ လုပ်ဆောင်ပြီး ဖြစ်နေတယ်။ ဒါကြောင့် သူ့ရဲ့ဘတ်စ်ကားစီးခြင်းအတွေ့အကြုံက ဘာပြီးဘာလုပ်ရမယ် ဆိုတာ အထူးတလည်စဉ်းစားဖို့မလိုတော့ဘဲ `လက်တွေ့ကျသိစိတ်'အတိုင်း အလိုက်သင့် ရွေ့လျား သွားတယ်။ ကားပေါ်မှာ ဘတ်စ်ကားခပေးချေရမယ်ဆိုတာကိုလည်း အပြည့်အဝသိစိတ်အားဖြင့် စဉ်းစားတွက်ချက်နေတာမျိုးမဟုတ်တော့ဘဲ အသားကျပြီးသား သိမှုအောက်က အလုပ်လုပ် သွားခြင်းပဲ။ အသွင်လောကစိတ်ပညာအရ လူသားတွေရဲ့ နေ့စဉ်ဘဝက ပြုမူဆောင်ရွက်ချက် အများစုတို့ဟာ အဆိုပါ 'လက်တွေ့ကျသိစိတ်' ကို အခြေခံလုပ်ဆောင်နေခြင်း ဖြစ်တယ်။ အသွင်လောကစိတ်ပညာရှင်တွေကလည်း `လက်တွေ့ကျသိစိတ်'ဟာ လူတစ်ဦး တစ်ယောက် ချင်း စီအလိုက် ပြုမူဆောင်ရွက်ချက် တို့ကနေ လူ့အဖွဲ့အစည်းအလိုက် အချင်းချင်း အပြန်အလှန် ဆက်သွယ်ချက်အထိ ဘယ်လို လွှမ်းမိုးဖန်တီးပေးသလဲ စိတ်ဝင်စားတယ်။

အသွင်လောကစိတ်ပညာအပေါ် အကြီးမားဆုံးအကျိုးပြု ထည့်ဝင်ခဲ့သူက ဆယ့်ရှစ်ရာစုရဲ့ အထင်ကရ ဂျာမန်တွေးခေါ်ပညာရှင် ကန့် (Kant) ဖြစ်တယ်။ ကန့်က လူသားတွေဟာ ပြင်ပကမ္ဘာ လောကကို ပကတိအတိုင်း တိုက်ရိုက်ရှုမြင်နိုင်တာမျိုးမဟုတ်ဘူးလို့ ယူဆတယ်။ သိစိတ်ဆိုင်ရာရှုမြင်မှုစွမ်းရည်အားဖြင့် လူသားဟာ သူသိမြင်ရတဲ့ ပြင်ပကမ္ဘာကို သူ့ရဲ့ သိစိတ်အတွင်းမှာ ပြန်လည်အစီအစဉ်ချ တည်ဆောက်ယူရတယ်။ `ပကတိလောက' (Noumena) ကို တိုက်ရိုက် ထိတွေ့နိုင်စွမ်းမရှိဘူး။ အဲဒီအစား သူ့ရဲ့ သိစိတ်အတွင်းမှာ တည်ဆောက် ယူလိုက်တဲ့ 'အသွင်လောက

(Phenomena) ကိုသာ ထိတွေ့နိုင်တယ်။ အဲဒီအသွင်လောကသာလျှင် သူ ရှုမြင်တဲ့ ကမ္ဘာ၊ တစ်နည်းအားဖြင့် သိမှုမှာ ထုတ်လုပ်ဖန်တီးလိုက်တဲ့ ဓမ္မဓိဋ္ဌာန်ကျအမှန်တရား ဖြစ်လာတော့တယ်။ ကန့်အတွက်ကတော့ ဒီအယူအဆက ရှင်းတယ်။ လူသားရဲ့ သိစိတ်က သူ့အတွက် အစစ်အမှန်တရားတွေကို ဖန်တီးပေးနေခြင်းဖြစ်တယ်။ လူသားက ပကတိလောကကို မဖမ်းဆုပ်နိုင်ဘဲ အသွင်လောကအားဖြင့် အဲဒီအစစ်အမှန်တရားကို ဖန်တီးလိုက်ခြင်းဖြစ်တဲ့အတွက် အပြန်အလှန် အားဖြင့်လည်း တသီးပုဂ္ဂလလူသားတွေအမြင်မှာ ဖြစ်တည်နေတဲ့ ပြင်ပကမ္ဘာလောကဆိုတာကို အသွင်လောက စိတ်ပညာအရသာလျှင် နားလည်နိုင်တယ်။ ဒီအဆင့်မှာ သိစိတ်ဟာ 'ပကတိလောက'ကို ရှုမြင်ပြီး အဆိုပါရှုမြင်ပုံကတစ်ဆင့် 'အသွင်လောက' ကို ပြန်လည်ဖန်တီးပေးတယ်။ ဘာပဲဖြစ်ဖြစ် ဒီအနေအထားအထိ အသွင်လောကစိတ်ပညာရဲ့ အဓိကပြမဏ္ဍိုင်က လူသားရဲ့ သိစိတ်ကိုလေ့လာခြင်း ဘောင်အတွင်းမှာသာ ရှိနေသေးတယ်။

အားလ်ဖရက်ရှုတ်ဇ်စ်ရဲ့ လူမှုကမ္ဘာများ

နှစ်ဆယ်ရာစုမှာတော့ အသွင်လောက စိတ်ပညာက သိစိတ်လေ့လာမှုအပြင် `ယဉ်ကျေးမှု’ (Culture) နယ်နိမိတ် အထိ လက်လှမ်းမီရောက်ရှိလာတယ်။ လူအုပ်စုတစ်ခုမှာ ဖြစ်စေ လူ့အဖွဲ့အစည်းတစ်ရပ်လုံးမှာဖြစ်စေ ဘုံမျှဝေလက်ခံထားတဲ့ အစစ်အမှန်တရားဆိုင်ရာ အယူတွေ၊ လောကအမြင်တွေ၊ ရှုမြင်သတ်မှတ်ချက်တွေဟာ အဆိုပါ အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု ကောက်ကြောင်းကို ဆက်စပ်ပုံဖော်ပေးနေတာတာပဲ။ ယဉ်ကျေးမှုနောက်ခံ (Cultural Context) တစ်ခု အတွင်းဖြစ်တည်နေတဲ့ လူတွေကို ကွဲပြားတဲ့အခြားယဉ်ကျေးမှုနောက်ခံတွေက လူတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ သူတို့အကြားမှာ ကမ္ဘာလောကအပေါ် ဘယ်လိုဖွင့်ဆို နားလည်သလဲ ဆိုတဲ့ ရှုမြင်ပုံတွေ ကွဲပြားကြတာ တွေ့ရလိမ့်မယ်။

ဒီနေရာမှာ အသွင်လောကစိတ်ပညာရဲ့ အခန်းကဏ္ဍက ယဉ်ကျေးမှုဟာ တသီးပုဂ္ဂလလူသားရဲ့ တွေ့ကြုံခံစားမှုအပေါ် ဘယ်လိုသက်ရောက် လွှမ်းမိုးသလဲ လေ့လာဖို့ဖြစ်တယ်။ ဒီလေ့လာချက် မှာ မဖြစ်မနေထည့်သွင်းကိုးကားရမှာက လူမှုဗေဒပညာရှင် အားလ်ဖရက်ရှုတ်ဇ်စ်(Schutz)ရဲ့ အသွင်လောကစိတ်ပညာဆိုင်ရာအတွေးအခေါ်နဲ့ နည်းနာတွေပဲ။ နှစ်ဆယ်ရာစုလူမှုသိပ္ပံပညာရပ် ရဲ့ အရေးပါဆုံးတွေးခေါ်ပညာရှင်တွေထဲ တစ်ယောက်အဖြစ် ညွှန်းဆိုခံရတဲ့ ရှုတ်ဇ်စ်ရဲ့ အယူအဆတွေဟာ အသွင်လောက စိတ်ပညာနယ်ပယ်ကိုလည်း ထိထိရောက်ရောက် အကျိုးပြုခဲ့တယ်။ ရှုတ်ဇ်စ်က အချို့သောလူတွေဟာ အချို့သောလူမှုဘဝပုံစံတွေမှာ ဘာကြောင့်နေထိုင်ဖြစ်တည် နေသလဲဆိုတာနဲ့စပ်လျဉ်းပြီး အသေးစိတ်ကျအချက်အလက်တွေ ထုတ်နှုတ်လေ့လာသင့်တယ်လို့ မြင်တာ။ လူသားတွေရဲ့ နေ့စဉ်ဘဝနေထိုင်မှုကို `လူမှုကမ္ဘာ့’ (Lifeworld) လို့ ရှုတ်ဇ်စ်က အမည်ပေးတယ်။ အဲဒီလူမှုကမ္ဘာကို လူအုပ်စုတစ်စုရဲ့ တစ်ခုသောယဉ်ကျေးမှု အရ ဖွဲ့စည်းထားတာဖြစ်ပြီး လူသားရဲ့ လောကအမြင်ဆိုင်ရာ ရှုမြင်ပုံနည်းလမ်းတွေပါ ပါဝင်ကြတယ်။ ရှုတ်ဇ်စ် မြင်တာက ယဉ်ကျေးမှုဟာ လူသားတွေအတွက် နေ့စဉ်ဘဝဆိုင်ရာ ‘သိမှုထုံးစံ’ သို့မဟုတ် ‘အလွယ်သိမှတ်မှု’ တွေကို ဖန်တီးလိုက်တယ်။ ဒါကြောင့် လူမှုကမ္ဘာတစ်ခုအတွင်းက တွေးခေါ်ပုံနည်းလမ်းတွေ၊ စံနှုန်းတွေ၊ အယူအဆတွေကို လူသားတွေအနေနဲ့ နက်နက်နဲနဲ စဉ်းစားလေ့လာပြီးလက်ခံခြင်းဆိုတာထက် သူတို့အပေါ် လွှမ်းမိုးထားတဲ့ ယဉ်ကျေးမှု နောက်ကိုလိုက်ပြီး ‘အလွယ်သိမှတ်မှု’အရ လက်ခံလိုက်ခြင်းသာ ဖြစ်တယ်။ ဥပမာ ယနေ့ ရှေးရိုးစွဲဒေသတွေမှာ ထွန်းကားဆဲဖြစ်တဲ့ နတ်ကိုးကွယ်မှုလို အယူဝါဒတွေက အရပ်ဒေသတစ်ခု၊

လူအုပ်စုတစ်ခုတို့ရဲ့ ယဉ်ကျေးမှုအပေါ် မှီတည်ဖြစ်ပေါ်နေတဲ့ အလေ့အထသာလျှင်ဖြစ်တယ်။ နတ်ကိုးကွယ်မှုကို သက်ဝင်ယုံကြည်ပါတယ်ဆိုတဲ့သူတွေဟာ လေးလေးနက်နက် ပိုင်းခြားဆန်းစစ်ပြီး ယုံကြည်တာထက် သူတို့နေ့စဉ်ဘဝ ယဉ်ကျေးမှု အဝန်းအဝိုင်းအတွင်း မပြတ်ကြုံတွေ့နေရတဲ့ အလေ့အထတစ်ခု နောက်လိုက်ပြီး အလွယ် လက်သင့်ခံလိုက်ခြင်းတစ်မျိုးပဲ။ ဒီအတွက်လည်း များသောအားဖြင့် သူတို့ဆီမှာ တိကျတဲ့အကြောင်းပြချက်တစ်ခုခု တွေ့ရဖို့မရှိဘူး။ ထို့အတူပဲ မျက်မှောက်ကမ္ဘာမှာ လူမျိုးရေး ခွဲခြားမှု ဆိုတာကို နိမ့်ကျတဲ့ကိုယ်ကျင့်တန်ဖိုးနဲ့ ယှဉ်တွဲပြပြီး မလိုလားအပ်ဖွယ်အရာ၊ အရှက်ရဖွယ်အရာလို့ သတ်မှတ်ထားကြတယ်။ သို့ပေမယ့် ဘာကြောင့်များ လူမျိုးရေးခွဲခြားမှု အမြင်တွေဟာ လူ့အဖွဲ့အစည်းအများအပြားမှာ သုတ်သင်ပစ်ဖို့မစွမ်းသာတဲ့ ကပ်ရောဂါဆိုး တစ်ခုပမာ အမြစ်တွယ် နေနိုင်သေးတာလဲ။ ဘာကြောင့် လူတွေဟာ လူမျိုးရေးခွဲခြားမှု ဆန်တဲ့ဟာသပြက်လုံးတွေ၊ လူမျိုးရေးခွဲခြားမှုဆိုင်ရာလှုံ့ဆော်ချက်တွေကို သူတို့နှုတ်ဖျားက အလွယ်တကူထွက်ကျလာစေဖို့ ဝန်မလေးကြတာလဲ။ ပိုမိုအရေးကြီးတဲ့အဆင့်မှာဆိုရင် လူမျိုးရေးခွဲခြားမှု ဆိုတာကို ရှက်ဖွယ်အရာတစ်ခုရယ်လို့ ဘာကြောင့် သဘောမပေါက် နိုင်ကြသေးတာလဲ။ ဒီအချက်တွေအားလုံးကို ခြုံငုံဆန်းစစ် ကြည့်မယ်ဆိုရင် သူတို့ကျင်လည်ရာ လူမှုကမ္ဘာ့အပေါ်လွှမ်းမိုးထားတဲ့ ယဉ်ကျေးမှုကိုယ်တိုင်က လူမျိုးရေးခွဲခြားမှု အငွေ့အသက်တွေ မကင်းစင်တာကြောင့်လို့ ကောက်ချက်ချရလိမ့်မယ်။ ကလေးငယ်တွေဟာ သူတို့ရဲ့ နေ့စဉ်ဘဝမှာ ပတ်ဝန်းကျင်ကရိုက်ခတ်လာတဲ့ လူမျိုးရေးခွဲခြားမှုအမြင်တွေကို ဆက်ခံရင်း ကြီးပြင်းလာကြမယ် ဆိုရင် အသက်အရွယ် အားဖြင့် ပိုင်းခြားသိမြင်နိုင်စွမ်းရှိတဲ့ အရွယ်ရောက်လာသည်တိုင်အောင် လည်း သူတို့ရဲ့ လူမျိုးရေးခွဲခြားလိုစိတ်အပေါ် ကျိုးကြောင်းသင့်ဆန်းစစ်မှု (Rational Reflection) တစ်ခုနဲ့ ချိန်ထိုးတာမျိုး မလုပ်တော့ဘူး။ စွဲကပ်နေပြီးဖြစ်တဲ့ လူမျိုးရေးခွဲခြားမှု အမြင်ကို အမှန်တရားတစ်ရပ်လိုပဲ လက်ခံထားလိုက်တော့တယ်။ ဒါကို သဘာဝဆန်ဆန်ခံယူမှု (Natural Attitude) လို့ ရှွတ်ဇ်က ဆိုတယ်။ အဆိုပါသဘာဝခံယူချက်အမြင်တွေဟာ လူတစ်ယောက်ဆီမှာ တစ်ချိန်လုံးနီးပါး စွဲကပ်နေတဲ့အရာတွေလည်း ဖြစ်တယ်။ လူတစ်ယောက်က သဘာဝခံယူမှုကိုလက်ကိုင်ထားပြီး နေ့စဉ်လူမှုကမ္ဘာထဲမှာ သူ့အတွက် ပုံမှန်ဆန်မှု၊ ဖြစ်မြဲထုံးစံနဲ့နီးစပ်မှု၊ နေ့စဉ်ဘဝနဲ့လိုက်လျောညီထွေမှုတွေကို ရှာဖွေယူတယ်။ လူမျိုးရေးခွဲခြားသူအများနဲ့စုဖွဲ့ထားတဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ လူမျိုးရေးခွဲခြားမှုအမြင် ရှိခြင်းဆိုတာ သူ့အတွက်တော့ ပုံမှန်ဆန်ခြင်းပဲ။ မှားယွင်းတဲ့ အရာရယ်လို့လည်း သတ်မှတ်မှာ မဟုတ်ဘူး။ သို့သော် ဒီလိုမျိုး သဘာဝဆန်ဆန်ခံယူမှုအဖြစ် တသီးပုဂ္ဂလလူသား တည်ဆောက် နေတဲ့

အစစ်အမှန်တရား (လို့ သူယူဆတဲ့အရာ)တွေဟာ ပြိုကွဲသွားနိုင်စွမ်းလည်း ရှိနေတယ်။ ဒီလိုပြိုကွဲမှုဟာ တသီးပုဂ္ဂလလူသား နားလည်ထားတဲ့ သဘာဝခံယူမှုဘောင်ကို ကျော်လွန်တဲ့ ဖြစ်ရပ် တွေနဲ့ရင်ဆိုင်ရတဲ့အခါမျိုးမှာ ဖြစ်ပေါ်တယ်။

လူမျိုးရေးခွဲခြားမှုဟာ ရှိသင့်ရှိအပ်တဲ့ သာမန်စိတ်အခြေအနေတစ်ရပ်လို့ ခံယူထားသူတစ်ဦးဟာ လူမျိုးရေးခွဲခြားမှုကိုဆန့်ကျင်ထားတဲ့ ရုပ်ရှင်ဇာတ်လမ်း တစ်ခုကြည့်လိုက်ရရင် (သို့မဟုတ်) လူမျိုးရေးခွဲခြားမှုရဲ့ ဆိုးမွေသဘာဝကို သုံးသပ်ထောက်ပြထားတဲ့ ဆောင်းပါး တစ်ပုဒ်ဖတ် လိုက်ရရင် သူ မူလတုန်းက လက်ခံထားခဲ့တဲ့ အစစ်အမှန်တရားဟာလည်း စိန်ခေါ် ခံရတော့တာ ပဲ။ သိစိတ်အခံထဲက အစစ်အမှန်တရား ကိုင်လှုပ်ခံလိုက်ရတဲ့အခါ ဝေခွဲရခက်တွေ၊ စိတ်မလုံခြုံမှုတွေလည်း ကပ်ငြိပါလာတော့တယ်။ အဲဒီအခါကျမှသာ လူသားတွေဟာ သူတို့ရဲ့ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းဆီ ပြန်လှည့်ပြီး သူတို့ကြုံနေရတဲ့ပြဿနာကို ဝေဖန်ဆန်းစစ်ကြည့်ဖို့ ကြိုးစားလိမ့်မှာ။ ဒီတော့ ယေဘုယျအခြေအနေမှာက လူတစ်ယောက်ချင်းစီရဲ့ လက်တွေ့ကျ သိစိတ်နဲ့တကွ အတွေးအခေါ်၊ အပြုအမူတွေဟာ တစ်ခုသောလူမှုကမ္ဘာအပေါ် မှီတည်ဖြစ်ပေါ် နေတာလို့ သတ်မှတ်နိုင်တယ်။ ကွဲပြားတဲ့ လူမှုကမ္ဘာအသီးသီးတို့မှာလည်း ကွဲပြားတဲ့ အတွေးအခေါ်၊ အသိအမြင်တွေ ကွဲပြားစွာတည်ရှိနေနိုင်တယ်။ သတိပြုရမယ့်အချက်က အစပထမမှာတော့ လူမှုကမ္ဘာ့ာက သူ့အဝန်းအဝိုင်းထဲကလူသားတွေအတွက် အပြုအမူတွေ၊ ဆက်သွယ်ချက်တွေ ဖန်တီးပေးနေတာ။ အချိန်ကြာလာတဲ့ အခါမှာတော့ လူသားတွေရဲ့ အပြုအမူတွေ၊ ဆက်သွယ်ချက်တွေက လူမှုကမ္ဘာကို အပြန်အလှန်သဘော ပုံသွင်းလွှမ်းမိုးမှု ပြုသွားတယ်။

Typification သို့မဟုတ် နေ့စဉ်ဘဝအခြေပြု ပုံစံနမူနာ

အသွင်လောကစိတ်ပညာရဲ့ နောက်ထပ် အရေးပါတဲ့အယူအဆတစ်ရပ်က လူမှုဆက်သွယ်ချက် အတွင်းမှာ 'ပုံစံနမူနာ' (Typification) တွေ ဖန်တီးခြင်းပဲ။ လူမှုကမ္ဘာအတွင်းကျင်လည်နေတဲ့ တသီးပုဂ္ဂလလူသားဟာ သူ့ရဲ့ သိစိတ်ထဲမှာ တင်ကြိုသိုဝှက်ထားတဲ့ `ပုံစံနမူနာ'တွေ အပြည့်ရှိတယ်။ ဥပမာ ဘတ်စ်ကားလို့ဆိုတဲ့အခါ ဘတ်စ်ကားတစ်ဦးဟာ ဘယ်လိုပုံသဏ္ဍာန်၊ ဘယ်လိုအရွယ်၊ ဘယ်လိုအသွင်အပြင် စတဲ့ ဘတ်စ်ကားဖြစ်မှုရဲ့ ပုံစံနမူနာ' ရှိပြီးဖြစ်တယ်။ ရဲသားလို့ ဆိုရင်လည်း သေနတ်၊ ဦးထုပ်၊ လက်ထိပ်၊ နံပါတ်တုတ် စသဖြင့် ဝတ်စုံပြည့် ဆင်မြန်းမှုနဲ့ဆက်စပ်ထားတဲ့ 'ပုံစံနမူနာ'က ဒါဟာရဲသားဖြစ်တယ်လို့ သတ်မှတ်ပေးလိုက်တယ်။ ဒါကြောင့် လူတွေဟာ သူတို့ရဲ့ လက်တွေ့ကျသိစိတ် ထဲမှာရှိတဲ့ 'ပုံစံနမူနာ'တွေကို တစ်ချိန်လုံးအသုံးပြုပြီး သူ့တို့အတွက် အသွင်လောကကို တည်ဆောက်နေတာပဲ။ ဒီလို 'ပုံစံနမူနာ'တွေ မရှိခဲ့ရင်လည်း လူမှုဘဝဟာ အဓိပ္ပါယ်ကင်းမဲ့သွားလိမ့်မယ်။ ဘတ်စ်ကားဆိုတာ ဘယ်လို၊ ရဲသားက ဘယ်လို စတဲ့ 'ပုံစံနမူနာ'တွေ မပြုလုပ်နိုင်တော့ဘူးဆိုရင် လူသားတွေအနေနဲ့ လူမှုဘဝထဲရပ်တည်ဖို့နဲ့ အချင်းချင်း ပြန်လှန်ဆက်သွယ်တာတွေ လုပ်ဖို့ တတ်စွမ်း နိုင်တော့မှာမဟုတ်ဘူးပေါ့။ နေ့စဉ်ဘဝထဲက လူသားတွေရဲ့ အတွေးတွေ၊ အပြုအမူတွေ အားလုံးတို့ဟာ `ပုံစံနမူနာ'တွေကို အခြေပြုပြီးဖြစ်ပေါ်တယ်။ လက်တွေ့ကျသိစိတ်ထဲက `ပုံစံနမူနာ'အရ အဝါရောင် သို့မဟုတ် အဖြူရောင်မျဉ်းတွေကြောင့် ဒါဟာ လမ်းကူးဖို့ရာသတ်မှတ်ပေးထားတဲ့ လူကူးမျဉ်းကြားပဲလို့ သိတယ်။ လမ်းဆုံလမ်းခွမှာရပ်နေတဲ့ လူတစ်ယောက်ရဲ့ ဝတ်စုံ၊ ဖိနပ် စတာတွေကိုကြည့်ပြီး ဒါဟာ ယာဉ်ထိန်းရဲ ဖြစ်ခြင်းဆိုတဲ့ ပုံစံနမူနာကိုထုတ်ပေးတာကြောင့် မိမိမောင်းနှင်လာတဲ့ကားကို အရှိန်သတ်မှတ် နှုန်းမကျော်စေဖို့ နဲ့ မီးနီမှာ ဖြတ်မောင်းတာမျိုးမပြုမိစေဖို့ အလိုလိုသတိပေးလှုံ့ဆော်မှုရတယ်။ ဒီလို 'ပုံစံနမူနာ' တွေဟာ လူတစ်ယောက်ချင်းရဲ့ အပြုအမူတွေနဲ့ လူအုပ်စုတစ်ခုရဲ့ ဆက်သွယ်ချက်တွေထဲမှာ ဝင်ရောက်လွှမ်းမိုးဖို့ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ထားတဲ့ အရာတွေလည်းပဲ ဖြစ်တယ်။ ဒါ့အပြင်ကို လူမှုကမ္ဘာတစ်ခုအတွင်းမှာရှိကြတဲ့ လူသားတွေအားလုံးတို့ဟာလည်း တူညီတဲ့ `ပုံစံနမူနာ'တွေကို မျှဝေလက်ခံထားကြလေ့ ရှိတယ်။ ဒီနည်းလမ်းအားဖြင့် လူသားတွေ အချင်းချင်းအကြားမှာ အပြန်အလှန်ကူးလူးဆက်သွယ်မှုတွေလုပ်ဖို့

အဓိပ္ပါယ်တွေ မျှဝေ တည်ဆောက်ယူနိုင်တယ်။

ရွတ်ဇ်စ်က ဒီအချက်ကိုအခြေခံယူပြီး လူမှုကမ္ဘာမှန်သမျှတို့ရဲ့ ဗိသုကာကို အကြမ်းထည် ပုံစံထုတ်ဖို့ ကြိုးစားခဲ့တယ်။ လူမှုကမ္ဘာအတွင်း တသီးပုဂ္ဂလလူသားရဲ့ လူမှုဆက်ဆံရေး နယ်ပယ်မှာ အခြေခံအားဖြင့် လူအမျိုးအစား လေးမျိုးတို့နဲ့ ထိတွေ့ရတယ်လို့ ဆိုတယ်။ အဲဒါတွေကတော့ -

(၁) မိသားစု၊ သူငယ်ချင်းအပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်စသဖြင့် တိုက်ရိုက် ထိတွေ့ ဆက်ဆံရတဲ့ "အတွင်းလူ"တွေ (Consociates)

(၂) တူညီတဲ့ လူမှုကမ္ဘာထဲ တည်ရှိ နေပေမယ့် ခရီးသွား ဟန်လွဲဆက်ဆံရသူတွေ (ဥပမာ အရောင်းစာရေး၊ အငှားကားမောင်းသမား စတာတွေ) နဲ့ ပုဂ္ဂိုလ်ရေးအရ ထိတွေ့ကျွမ်းဝင်မှုမရှိသူ "အပြင်လူ"တွေ (Contemporaries)

(၃) အတိတ်ကာလတုန်းက "ရှေးလူတွေ (Predecessors) နဲ့

(၄) လာလတ္တံ့သောအနာဂတ်မှာ ဆက်လက်နေထိုင်ကြမယ့် "နောင်းလူ"တွေ (Successors)

တို့ ဖြစ်ကြတယ်။ လူသားတွေဟာ သူတို့နဲ့ထိတွေ့ဆက်ဆံရမယ့် အဆိုပါ အမျိုးအစား လေးမျိုးစလုံးတို့အတွက် 'ပုံစံနမူနာ' တွေကို လက်တွေ့ကျသိစိတ်ထဲမှာ အလိုလို သတ်မှတ်ထားပြီးသားလည်း ဖြစ်တယ်။ နေ့စဉ်မြင်တွေ့နေရတဲ့ မိသားစုဝင်၊ မိတ်ဆွေသူငယ်ချင်း စတဲ့ "အတွင်းလူ"တွေနဲ့ ဆက်ဆံနေစဉ်မှာတောင် အတွင်းလူတစ်ယောက်ချင်းစီရဲ့ အမူအကျင့်နဲ့ စရိုက်တွေ သိကောင်းသိထားပြီးဖြစ်နေပေမယ့် မိခင် သို့မဟုတ် ဖခင်ကဏ္ဍဟာ ဘယ်လို ဖြစ်သင့်တယ်၊ မိတ်ဆွေတစ်ဦးရဲ့ တာဝန်က ဘယ်လိုရှိသင့်တယ် စတဲ့ 'ပုံစံနမူနာ'တွေကို မသိမသာ အခြေခံပြီး ဆက်ဆံနေတာမျိုးပဲ။ မိတ်ဆွေလို့သတ်မှတ်ထားသူဟာ မိတ်ဆွေအတွက် 'ပုံစံနမူနာ ဖြစ်တဲ့ သစ္စာရှိခြင်းဂုဏ်အင်္ဂါရပ်နဲ့ပြည့်စုံသင့်တယ် ဆိုတဲ့ တွေးခေါ်ပုံမျိုးထားရှိတယ်။ အတွင်းလူအဝန်းအဝိုင်းကို ကျော်လွန်ပြီး "အပြင်လူ"တွေနဲ့ ဆက်ဆံရာ မှာလည်း ဆရာဝန် တစ်ယောက် ရဲ့ ပုံစံနမူနာ၊ စားပွဲထိုးတစ်ယောက်ရဲ့ ပုံစံနမူနာ စတာတွေကို အခြေတည်ပြီးမှ အပြန်အလှန် ဆက်သွယ်ချက်တွေ ဖော်ဆောင်ခြင်းဖြစ်တယ်။ ဖြစ်လာလတ္တံ့သော "နောင်းလူ" တွေအတွက် အနာဂတ်မှာ လူတွေဟာ ဘယ်လိုဘယ်ဝါ အနေအထားရှိ ကြလိမ့်မယ်ဆိုတဲ့ တင်ကြို'ပုံစံနမူနာ'တွေ ရှိကြသလို လွန်လေပြီးသွားတဲ့ "ရှေးလူ"တွေ အကြောင်း ပြောဆိုရာမှာ တောင် ဂရိခေတ်ကလူတွေ၊ ကျောက်ခေတ်ကလူတွေ စသဖြင့် အစွဲအမြင် (Stereotype) သိစိတ်တစ်မျိုးကို အခြေခံပြီး နားလည်ထားတဲ့

'ပုံစံနမူနာ'တွေအရ ပြောနေကြခြင်းပဲ။ ဒီတော့ကာ လူသားတွေရဲ့ ပြုမူချက်(Action) နဲ့ အပြန်အလှန်ဆက်သွယ်ချက် (Interaction) တွေဟာ လက်တွေ့ကျ သိစိတ်တွေရဲ့ မမြင်ရတဲ့ အစိတ်အပုန်းတွေထဲခိုဝင်နေတဲ့ 'ပုံစံနမူနာ' တွေကို အသုံးပြုဖြစ်ပေါ်ခြင်းလို့လည်း ဆိုလို့ရလိမ့်မယ်။

ဆက်လက်ပြီးတော့ `ပုံစံနမူနာ'တွေဟာ လူသားဘဝအပေါ် ဘယ်လိုလွှမ်းမိုးမှုရှိသလဲ ကြည့် ရအောင်။ သာမန်လူ တစ်ယောက်နဲ့မခြားနေထိုင်ပြီး လူမှုရေး၊ စီးပွားရေးတို့မှာ အောင်မြင်နေတဲ့ လိင်တူတိမ်းညွတ်သူဂေးတွေ ရှိကြတယ်။ သို့သော် ရုပ်ရှင် ဇာတ်လမ်းတွေထဲ ရောက်တဲ့ အခါမှာတော့ ဂေးတစ်ယောက်ဆိုတာ မိတ်ကပ်ခဲခဲ နှုတ်ခမ်းဆိုး ဆေးရဲရဲနဲ့ ကန့်ကလျ အမူအရာတွေပြုတတ်တဲ့ စက်ဆုပ်ရွံရှာဖွယ် သနားဖွယ်လူသားတွေအဖြစ် ပုံဖော်ခံရတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုရင် အဲဒီလူမှုကမ္ဘာထဲကလူတွေ ဘုံသဘောလက်ခံထားတဲ့ ဂေး ဖြစ်ခြင်း'ပုံစံနမူနာ'ဟာ အထက်ပါ လက္ခဏာရပ်တွေလို့ ယူဆတာကြောင့်ပဲ။ လူအများ နားလည်လက်ခံထားတဲ့ ဂေးဖြစ်ခြင်း ပုံစံနမူနာ'ကို သရုပ်ဖော်ဖို့ အဆိုပါ'ပုံစံနမူနာ 'နဲ့ကိုက်ညီမယ့် အပြုအမူ၊ အပြောအဆိုတွေကိုပါ ဇာတ်လမ်းထဲ ထည့်သွင်း တည်ဆောက် ကြတယ်။ လက်တွေ့ပြင်ပမှာ ဂေးတွေဆိုတာ စက်ဆုပ်ရွံရှာဖွယ် လူသားတွေလို့ အမြင် တိမ်းညွတ်ချက် ရှိနေသရွေ့တော့ ရုပ်ရှင်ထဲက 'ပုံစံနမူနာ'ပြုခံ ဂေးတွေဟာလည်း စက်ဆုပ်ရွံရှာဖွယ် ရှုထောင့်အောက်ကပဲ အမြဲတမ်း ပုံဖော်ခံနေရမှာပဲ။ ထို့နည်းတူပဲ အမြင်အာရုံချို့တဲ့သူ၊ မသန်စွမ်းသူတွေဟာ လူသားဆန်တဲ့ စာနာဖေးမ ကူညီမှုတွေ ရရှိကြမယ့် အစား ရုပ်ရှင်ပိတ်ကားပေါ်ရောက်တော့ မျက်ကန်း၊ ထော့ကျိုး စတဲ့ ချိုးနှိမ်ခံအမည်ပြောင် တွေနဲ့အတူ ကြည့်သူပရိသတ်ကို ရယ်ရွှင်လာအောင်ဖျော်ဖြေမှုပေးတဲ့ ဟာသဇာတ်ရုပ်တွေ ဖြစ်ကုန်ကြတယ်။ နေကာမျက်မှန် အမည်းကြီးတပ်ထားပြီး တုတ်တစ်ချောင်း အဖော်ပြုသွားလာ နေရတဲ့ အမြင်အာရုံချို့တဲ့သူဟာ တစမ်းစမ်းတဝါးဝါးလျှောက်ရင်း ဓါတ်တိုင်ကို ဝင်တိုက်မိတဲ့ ဇာတ်ဝင်ခန်းမှာ ပရိသတ်တွေ ထရယ်ကြတယ်၊ မင်းသားဖြစ်သူဟာ မင်းသမီးနောက်ကို လိုက်နေစဉ် ခြေတစ်ဖက် မသန်စွမ်းသူတစ်ယောက် သူ့အရှေ့မှာ ကားဆီးပိတ်ဆို့ပြီး ဖြည်းဖြည်းချင်း သွားနေတာကြောင့် စိတ်ဆိုးဒေါသဖြစ်ရာက အပြန်အလှန်စကားများကြတဲ့ ဟာသဇာတ်ဝင်ခန်းတစ်ခု ဖြစ်ရပြန်တယ်။ ဒါတွေအကုန်လုံးက လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း အများလက်ခံထားတဲ့ 'ပုံစံနမူနာ'တွေနဲ့ ဆက်စပ်နေတယ်။ ပရိသတ်တစ်ယောက်ဟာ ကန့်ကလျ လုပ်ပြနေတဲ့ ဖန်သားပြင်ပေါ်က ဂေးသရုပ်ဆောင်ကိုကြည့်ပြီး ဝါးလုံးကွဲရယ်ချင်ရယ်မှာပဲ။ အဲဒီအချိန် သူ့ရဲ့ လက်တွေ့ကျ သိမှုထဲမှာပေါ်လာတဲ့ ဂေးတစ်ယောက်ရဲ့ 'ပုံစံနမူနာ'နဲ့ တီဗီထဲကဂေး တို့ရဲ့ ဆက်စပ် ကိုက်ညီမှုအပေါ် သူ့ရဲ့ တုံ့ပြန်ချက်က ရယ်မောလိုက်ဖို့ ဖြစ်လာတယ်။ ဆိုခဲ့ပြီးသလို လက်တွေ့ကျ သိမှုဆိုတာက အပြည့်အဝသိစိတ်

အခြေအနေ အဆင့်မှာ အလုပ်လုပ်နေတာ မဟုတ်ဘူး။ ဒါကြောင့်လည်း ကြည့်ရှုသူတွေအနေနဲ့ ဂေးတွေဟာ လူသားတွေဖြစ်ပါလျက် လူသားဆန်မှု ဆီကတစ်ဆင့်နှိမ့် ပုံဖော်ခံရပါလားလို့ မတွေးတောမိ နိုင်ဘူး။ မသန်စွမ်းတာ အမြင်အာရုံချို့တဲ့တာတွေဟာ လှောင်ပြောင်စရာ အားနည်းချက် မဟုတ်ဘူးဆိုတာလည်း သတိမမူမိဘူး။ သူတို့နေထိုင်ရာလူမှုကမ္ဘာရဲ့ နေ့စဉ်ဘဝ ထပ်ကျော့ အတွေ့အကြုံတွေက ပုံသေကားချပ်ဆန်တဲ့ လက်တွေ့ကျသိစိတ် တစ်ခု ဖြစ်လာအောင် အားပေးနေလို့ပဲ။

အစစ်အမှန်တရားတည်ဆောက်မှု

၁၉၆၀ အလယ်ပိုင်းတစ်ဝိုက်လောက်မှာ လူမှုဗေဒပညာရှင်တွေဖြစ်ကြတဲ့ ပီတာဘာဂါနဲ့ သောမတ်စ်လာက်မန်းတို့က ရှုတ်ဖ်စ်ရဲ့ အသွင်လောကစိတ်ပညာဆိုင်ရာအယူအဆတွေကို ဆက်လက်ချဲ့ထွင်ဖို့ကြိုးစားလာကြတယ်။ သူတို့က လူမှုဖြစ်စဉ်အဝဝ မှန်သမျှတို့ရဲ့ အရေးပါဆုံးသော အကြောင်းရင်းခံပ သောအကြောင်းရင်းခံဟာ လူသားရဲ့ သိစိတ်လို့ ဆိုတယ်။ "လူမှုအစီအစဉ်ဟာ ဇီဝဗေဒနည်းလမ်းအရ ဖြစ်တည်လာတာမဟုတ်ဘူး" လို့ ငြင်းခုံတယ်။ ဘာဂါနဲ့လာက်မန်းတို့ရဲ့ အယူအဆတွေမှာ ဂန္ထဝင် လူမှုသီအိုရီတွေဆီပြန်လှည့်ပြီး နီးစပ်မှု တစ်ခုရှိနိုင်တာက 'အေလီယန်နေးရှင်း' သို့မဟုတ် စိမ်းခြင်းသက်ရောက်မှုအကျိုး (Alienation) ပဲ။ 'အေယီယန်နေးရှင်း' ကို မာ့က်စ်ဝါဒဆိုင်ရာပါရာဒိုင်းများ အခန်းမှာ ဟေဂယ်နဲ့မာ့က်စ်တို့ အယူအဆတွေနဲ့ ဖော်ပြခဲ့ပြီးပြီ။ အထွေထွေအနက်သဘောမှာ 'အေလီယန်နေးရှင်း' ကို စိမ်းခြင်း၊ သီးခြားဆန်ခြင်း၊ အခြားသောအရာဖြစ်ခြင်း စသဖြင့် အလွယ်ဖွင့်ဆို လို့ရတယ်။ လူ့အဖွဲ့အစည်းကို ချဉ်းကပ်ရာမှာတော့ 'အေလီယန်နေးရှင်း' ဆိုတာက တသီးပုဂ္ဂလ လူသားတွေဟာ သူတို့ထိန်းချုပ်ဖို့မစွမ်းသာတဲ့ လူမှုအင်အားစုတွေဆီက စိမ်းခြင်း သက်ရောက်မှုအကျိုးနဲ့ ရင်ဆိုင်ရတဲ့အခြေအနေမျိုးကို ပြဆိုတယ်။ ဟေဂယ်ရဲ့ ရှုထောင့်အမြင်အောက်က ကြည့်ရင် လူသားတွေဟာ အခြားသောလူသားတွေနဲ့ အမြဲမပြတ်ထိတွေ့ဆက်ဆံနေရတယ်၊ လူသားတွေအကြား အပြန်အလှန်ဆက်သွယ်ချက်တွေကတစ်ဆင့် ထုံးတမ်းအစဉ်အလာတွေ၊ ဒါကြောင့် စံနှုန်းတွေ ပေါ်ထွက်လာတယ်။ ဒီလိုထုံးတမ်းအစဉ်အလာတွေ၊ စံနှုန်းတွေလို လူမှုပါဝါတွေဟာ အချိန်ကာလကြာလာတာနဲ့အမျှ တဖြည်းဖြည်း အားကောင်းလာပြီး တစ်ချိန်က သူတို့ကိုဖန်တီးခဲ့တဲ့ လူသားတွေအပေါ် ပြန်လည်လွှမ်းမိုးချုပ်ကိုင်တော့ တာပဲ။ လူသားတွေက စံနှုန်းတစ်ခုကိုဖန်တီးလိုက်တယ်၊ ဒါပေမယ့် လူသားတွေကိုယ်တိုင် အဲဒီစံနှုန်းရဲ့ ထိန်းချုပ်မှုကို ပြန်လည်နာခံနေရတဲ့ အကြပ်အတည်းတစ်ခု ဆိုက်လာတယ်။ ဆိုလိုတာက သူတို့ ဖန်တီးခဲ့တဲ့ စံနှုန်းကို ဖန်တီးမှုလို့ မမြင်တော့ဘဲ အလိုအလျောက် ဖြစ်တည်နေတဲ့ သဘာဝ ဥပဒေသတစ်ရပ်ရယ်လို့ပဲ မြင်တော့တာ။ အဲဒီအခါမှာ စံနှုန်းတွေ ထုံးတမ်းစဉ်လာတွေဟာ မလွဲမသွေလိုက်နာရမယ့် သဘာဝအကြောင်းတရားတွေလို သူတို့နဲ့လူသားတွေ အကြား စိမ်းခြင်း သဘောဆောင်သွားတော့တယ်။

အစဉ်အလာ နတ်ကိုးကွယ်မှုကျင့်သုံးတဲ့ နေရာဒေသတွေမှာဆိုရင်

နတ်ကိုးကွယ်မှု ဖြစ်စဉ်တစ်ခုလုံး ဟာ သူတို့ရဲ့ လူနေမှုဘဝဆိုင်ရာ `အေလီယန်နေရှင်း’ ပဲ။ အစမူလမှာတော့ ရှေးမျိုးဆက်တွေက လက်ဆင့်ကမ်းပေးလာတဲ့ မိရိုးဖလာ ကိုးကွယ်မှု အဖြစ် လက်ခံကျင့်သုံး ခဲ့တာ။ သို့သော် ဒီလိုနတ်ယုံကြည်မှုဟာ သဘာဝလွန်စွမ်းပကားတစ်ရပ်အဖြစ် သူတို့ရဲ့ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍ မှန်သမျှတို့ကို ချုပ်ကိုင်ထားတဲ့အရာလို့ တဖြည်းဖြည်း ထင်ယောင် လာကြတယ်။ အဲဒီအခါ ကိုးကွယ်ယုံကြည်မှု ဆိုတာထက် ရှောင်လွှဲမရစွာ လက်ခံကျင့်သုံးရတဲ့ အလေ့အထတစ်ခုနဲ့သာ ပိုအလားတူလာတယ်။ ဘာကြောင့်လဲဆိုရင် ပညာရေး ကျန်းမာရေး စတဲ့ နယ်ပယ်တစ်ခုခုတို့မှာ အဆင်မပြေတိုင်း သူတို့ရဲ့ ပူဇော်ပသမှုမလောက်ငှတာကြောင့် နတ်တွေရဲ့ အပြစ်ပေးမှု ခံရခြင်းလို့ စိတ်မလုံခြုံမှု စွဲကပ်တဲ့အဆင့်အထိ ဖြစ်လာနိုင်တာကြောင့်ပဲ။ လူသားတွေကိုယ်တိုင် တီထွင်ဖန်တီးခဲ့တဲ့ ကိုးကွယ်ယုံကြည်မှု ဆိုင်ရာအစဉ်အလာတစ်ခုလို့ မမြင်နိုင်တော့ဘူး။ နတ်ဟာ လူသားတွေရဲ့ နေ့စဉ်ဘဝတစ်ရပ်လုံးကို ခြယ်လှယ်ပုံဖော်ပေးနေတဲ့ သဘာဝလွန်စွမ်းအားရှင်တွေလို့ ထင်လာကြတယ်။ အဲဒီအခါ လူသားမှန်သမျှတို့ဟာလည်း အဆိုပါ စွမ်းအားရှင်တွေရဲ့ အမျက်ဒေါသမှာ လည်စင်းခံရနိုင်တဲ့ အပြုခံ အခြေအနေ သက်သက်အောက် ကျရောက် သွားတယ်။ နတ်ကိုးကွယ်မှုက လူသားဘဝအပေါ် အပြောင်းအလဲ သက်ရောက်မှု ဖြစ်စေတယ်လို့ ယုံကြည်ခြင်းဟာ စိမ်းခြင်းသဘောပါဝင်တဲ့ ‘အေလီယန်နေးရှင်း’ ဖြစ်စဉ်ပဲ။

ဘာဂါနဲ့လာ့က်မန်းတို့က ‘အေလီယန်နေးရှင်း’သီအိုရီအမြင်ကို ရွှတ်ဇ်ရဲ့ အသွင် လောကစိတ်ပညာ နဲ့ ပြန်လည်တွဲစပ် ယူတယ်။ လူမှုဘဝဖြစ်စဉ်တစ်ခုလုံးရဲ့ အရေးပါဆုံး အကြောင်းတရားဟာ ‘အလေ့အထပြုခြင်း’ (Habitualization) လို့ ဆိုခဲ့တယ်။

“လူသားအမှုကိစ္စမှန်သမျှက ‘အလေ့အထပြုခြင်း (Habitualization) ဖြစ်စဉ် ပေါ် မှီတည် နေတယ်။ ထပ်ပြန်တလဲလဲ လုပ်ဆောင်တဲ့ ဘယ်လိုပြုမှုဆက်သွယ်ချက်မဆို ပုံစံခွက်တစ်ခုအဖြစ် သွန်းလောင်းခံလိုက်ရတယ်။ ... ။ ‘အလေ့အထပြုခြင်း’ကို ဖော်ဆောင်ရာမှာ သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အားသာချက်တစ်ခုက ရွေးချယ်ခွင့်အစားစားတို့ကို ဘောင်ကျဉ်းလိုက်တာပဲ။ သီအိုရီအရဆိုရင် မီးခြစ်ဆံတွေအသုံးပြုပြီး ကနူးလှေတစ်စင်း တည်ဆောက်ပုံဖော်တဲ့ ပရောဂျက် အတွက် လုပ်နိုင်တဲ့ နည်းစနစ်ပေါင်းတစ်ရာလောက်ရှိလိမ့်မယ်၊ ဒါပေမယ့် ‘အလေ့အထပြုခြင်း ကတော့ အဲဒီအထဲက နည်းစနစ်တစ်ခုတည်းကိုပဲ ရွေးချယ်ကန့်သတ်လိုက်တယ်” 1991 (1966):(Berger and Luckmann)

လူမှုဆက်ဆံရေးတွေက လူသားတွေအကြား အလေ့အထ (Habit) တွေကို

ဖန်တီးပေးတယ်။ ဒါပေမယ့် ရုတ်တရက် ကြည့်ရင်တော့ လူသားတွေဖန်တီးလိုက်တဲ့ အလေ့အထဆိုတာထက် ဖန်တီးမှုမပါဘဲ သဘာဝအားဖြင့် အစဉ်အဆက် တည်ရှိလာခဲ့တဲ့အလေ့အထတွေလို့သာ ထင်ရတယ်။ ဒါ့အပြင် လူသားရဲ့ လက်တွေ့ကျသိစိတ်ထဲက `ပုံစံနမူနာ' တွေကလည်း တစ်ချို့သော အခြေအနေအောက်မှာ တစ်ချို့သော ကိစ္စရပ်တွေကို ဘယ်လိုပြုမူ ဆောင်ရွက် သင့်တယ် ဆိုတာ ညွှန်ပြပေးနေတယ်။ ဥပမာ နတ်ကိုးကွယ်မှုအစွဲကြီးတဲ့ဒေသတွေမှာဆိုရင် လူတစ်ယောက်ဖျားနာတဲ့အခါ ကျန်းမာရေးရှုထောင့်ကအဖြေရှာရမယ့်အစား နတ်ကိုင်တယ်၊ နတ်တိုက်တယ် စတဲ့ ကောက်ချက်မျိုးတွေပြုလုပ်တယ်။ ဒါက အခြေအနေတစ်ရပ်အောက်မှာ ဘယ်လိုပြုမူရမလဲဆိုတဲ့ အခြေအနေပြဆိုင်ရာ 'ပုံစံနမူနာ' အတိုင်း တုံ့ပြန်နေခြင်း ဖြစ်တယ်။ ဒီတုံ့ပြန်မှုဟာ နတ်ကိုးကွယ်မှုမကျင့်သုံးတဲ့ဒေသတွေအတွက် ထူးဆန်းအံ့အားသင့်စရာ ဖြစ်နေလိမ့်မှာ မှန်ပေမယ့် ယုံကြည်သူတွေ အတွက်ကတော့ သူတို့ဟာ သဘာဝကျကျ တုံ့ပြန်နေခြင်းလို့ စွဲမှတ်ကြတယ်။ အထက်မှာ ဆိုခဲ့တဲ့ အလေ့အထပြုခြင်း' ကိုရှင်းလင်းဖွင့်ဆိုရရင် တစ်ချို့သောအရာတွေကို ဆောင်ရွက်ရာမှာ လူသားတွေဟာ တစ်ကြိမ်ချင်းစီအတွက် နည်းလမ်းအသစ်တွေ ဖော်ထုတ်ဖို့မလိုဘဲ သူတို့အတွက် အမှန်ဆုံး အကောင်းဆုံး (သို့မဟုတ် ပြုမြဲအဆန်ဆုံး) လို့ ယူဆတဲ့နည်းလမ်းတစ်ရပ် ကိုသာ ဆွဲကိုင် ထားလေ့ရှိတယ်။ ဘာဂါနဲ့ လာက်မန်းတို့ပေးခဲ့တဲ့ သာဓကလို မီးခြစ်ဆံတွေသုံးပြီး ကနူးလှေရုပ်တစ်ခု လုပ်ဖို့ နည်းလမ်းတစ်ရာလောက်ရှိနိုင်ပေမယ့် လူတစ်ယောက်က တစ်ခုသောနည်းလမ်းကိုသာ အကောင်းဆုံး (သို့မဟုတ် သူ့အတွက်ပြုမြဲအဆန်ဆုံး) အဖြစ် ယူတယ်။ အဲဒီလိုပဲ လူသားတစ်ယောက်မှာ သူ့ရဲ့ပြုမူပုံ တွေးခေါ်ပုံ စတာတွေအတွက် အလေ့အထပြုမြဲဆန်တဲ့နည်းလမ်းတွေ ရှိတယ်။ လူတစ်ယောက် ဖျားနာတဲ့ ဖြစ်ရပ်မှာ အနောက်တိုင်း ဆေးပညာတတ်ကျွမ်းထားတဲ့ ဆရာဝန်တစ်ယောက်သာဆိုရင် သူနားလည်တဲ့ ဆေးပညာရှုထောင့်ကနေ ရောဂါလက္ခဏာရှာဖွေရင်း ကုစားဖို့ကြိုးစားမှာ။ ဆရာဝန်အနေနဲ့ လူနာဟာ တစ်ခုခုအစားမှားခဲ့သလား၊ ရာသီအလိုက်ဖြစ်လေ့ရှိတဲ့ဖျားနာမှုလား၊ စိုးရိမ်ရတဲ့ ကူးစက်ရောဂါတစ်ခုနဲ့ ဆက်နွယ်နေ နိုင်မလား စတာတွေကိုသာ စစ်ဆေးလိမ့်မယ်။ သို့သော် နတ်ဆရာ သို့မဟုတ် နတ်ယုံကြည်သက်ဝင်သူ တစ်ယောက်ကကျတော့ ဒီဖျားနာမှုရဲ့ အကြောင်းရင်းခံကို နတ်ကိုးကွယ်မှုအစဉ်အလာဘောင်ထဲကနေ အဖြေထုတ်ဖို့စဉ်းစားတော့မှာ။ လူနာဟာ နတ်မကြိုက်တဲ့အပြောအဆိုတွေ လတ်တလောပြုခဲ့သလား၊ ဒါမှမဟုတ် အသွားအလာမှားခဲ့သလား၊ ဒါမှမဟုတ်ရင် ကျေနယ်ဖွယ်ရာ ပူဇော်ပသမှုတွေမလုပ်ခဲ့ဘူးလား စတဲ့အချက်တွေကိုပဲ ဦးစားပေး စဉ်းစားလိမ့်မယ်။ ဒီရှုထောင့်အမြင်နှစ်ရပ် တို့ကို ယှဉ်ကြည့် မယ်ဆိုရင် လူနှစ်ဦးတို့ရဲ့ အခြေအနေပြဆိုင်ရာ ပုံစံနမူနာ'တွေကတစ်ဆင့် သူတို့ ကျွမ်းဝင် အသားကျထားတဲ့

'အလေ့အထပြုခြင်း'ဖြစ်စဉ်အလိုက် ကွဲပြားသွားခြင်းပဲ။ ဆရာဝန်အနေနဲ့ ရောဂါကို ဆန်းစစ်ဖို့အတွက် သူတတ်ကျွမ်းထားတဲ့ ဆေးပညာဘောင်ကို ကျော်လွန်ပြီး နောက်ထပ် နည်းလမ်း အသစ်တစ်ရပ် ရှာဖွေမနေခဲ့ဘူး။ ထို့အတူ နတ်ဆရာဟာလည်း နတ် ကိုးကွယ်မှု အစဉ်အလာအောက်က သူ့ရဲ့ ချဉ်းကပ်ပုံကို ခက်ခက်ခဲခဲစဉ်းစားဖော်ထုတ်နေဖို့ မလိုခဲ့ဘူး။ သူတို့အတွက် ပြုမြဲအဆန်ဆုံး လုပ်ရိုးလုပ်စဉ်တွေမှာ ဒီအခြေအနေကို ဘယ်လို ချဉ်းကပ်ရမလဲဆိုတဲ့ တွေးခေါ်ပုံတွေ ရှိနှင့်နေပြီးသား။ ဒီလိုမျိုး သူတို့နည်းသူတို့ဟန် အသားကျ ပြီးသားဖြစ်နေတဲ့ အလေ့အထဆန်ဆန် ပြုမူပုံ၊ တွေးခေါ်ပုံ စတဲ့ ဖော်မြူလာတွေကို 'ပြုမြဲနည်းနာ' (Recipe) လို့ ဘာဂါနဲ့ လာ့က်မန်းတို့က အမည်ပေးခဲ့တယ်။

'ပုံစံနမူနာ'တွေနဲ့ 'ပြုမြဲနည်းနာ'တွေဟာ လူသားရဲ့ လက်တွေ့ကျသိမှုမှာ လည်ပတ်နေတယ်။ များသောအားဖြင့်လည်း လူသားဟာ သူ့ရဲ့လက်တွေ့ကျသိမှုကို ပြန်လည်ဆန်းစစ်နေစရာမလိုဘဲ တင်ကြိုရှိနေပြီးသား `ပုံစံနမူနာ'တွေအရသာ နေ့စဉ်ဘဝ အခြေအနေတွေကို တွေ့ကြုံ ကျော်ဖြတ်လေ့ရှိတယ်။ သူ့ရဲ့ 'ပြုမြဲနည်းနာ'တွေဟာ သူ့အတွက်ကျတော့ လူမှုရေးအရ တည်ဆောက်ခံတွေ ဆိုတာထက် သဘာဝကျတဲ့ ပြုမြဲအလေ့တွေအဖြစ် လက်ခံထားခြင်း ဖြစ်တယ်။ နတ်ဆရာဟာ သူသက်ဝင်တဲ့နတ်ကိုးကွယ်မှုအလေ့အရ လူနာဖျားနာရခြင်းဟာ နတ်မင်းများဆီက အမျက်သင့်မှု ဖြစ်လေနေမလားလို့ သုံးသပ်တာဖြစ်ပေမယ့် သူ့ရဲ့ လက်တွေ့ကျ သိစိတ်ထဲမှာကျတော့ ဒါဟာ ဖြစ်တန်ချေရှိတဲ့ အမှန်တရားလို့ နှစ်နှစ်ကာကာ ယုံကြည်နေတာဖြစ်တယ်။ သူ့ရဲ့ သုံးသပ်ချက်ဟာ သူနေထိုင်ရာလူမှုကမ္ဘာထဲက ကျမ်းဝင်ရာ ပုံစံနမူနာ'တွေနဲ့ ချိန်ထိုးလိုက်ရင် အလွန်သဘာဝကျ (သောလို့ သူထင်မှတ်နားလည်ထား) တဲ့ သုံးသပ်ပုံ 'ပြုမြဲနည်းနာ'သာလျှင် ဖြစ်နေတယ်။ ထို့အတူပဲ တစ်ချို့သောအရာတွေကို ဘာဖြစ်လို့ တစ်ချို့သောနည်းလမ်းတွေအရ ပြုမူကြသလဲလို့မေးတဲ့အခါ လူတွေက သဘာဝကြောင့်လို့ ဖြေတတ်ကြတယ်။ အမှန်တော့ လူသားတွေရဲ့ ပြုမူဆောင်ရွက်ချက်တော်တော်များများမှာ သဘာဝ သို့မဟုတ် ဇီဝဗေဒနဲ့ ဆက်စပ်မှုရှိနေတာမျိုးမဟုတ်ဘူး။ ယောကျ်ားတွေဟာ မိန်းမတွေထက် ပိုမိုသောက်စားမှုပြုတတ်ခြင်းက ယောကျ်ားမိန်းမဇီဝဖြစ်စဉ်နဲ့ မသက်ဆိုင်ဘူး။ ယောကျ်ားဖြစ်ခြင်းနဲ့ အသောက်အစားပြုခြင်းဆိုတာ ဒွန်တွဲနေတဲ့အရာလို့ သဘာဝအဖြစ် ရှုမြင်လာအောင် ပုံဖော်ပေးတဲ့ လူမှုရေးအရ တည်ဆောက်မှုတစ်ရပ်သာလျှင်ဖြစ်တယ်။ အဆိုပါ လူမှုတည်ဆောက်ချက်နောက်ကွယ်မှာ ဖိုဝါဒကြီးစိုးမှု (Patriarchy) အမြင်တစ်ရပ်လည်း တွဲပါနေနိုင်တယ်။ ယောကျ်ားတွေအနေနဲ့ သောက်စားမှုပြုတာဟာ သဘာဝလို့ပုံဖော်တဲ့အခါ မိန်းမတွေအနေနဲ့ကျတော့ အလားတူသောက်စားမှုပြုရင် သဘာဝကို ကျော်လွန်တဲ့သဘော ဖြစ်သွားတယ်။ ဒါကြောင့် ရှေးရိုးစွဲလူ့အဖွဲ့အစည်းတွေမှာဆိုရင် မိန်းမတစ်ယောက် ဟာ

ယောက်ျားတွေ နည်းတူ သောက်စားမှုပြုတဲ့အခါ ရှုတ်ချဆန့်ကျင်ခံရတာမျိုးတွေ ကြုံရတယ်။ သို့သော် ဒါဟာ သဘာဝတရားနဲ့ အမှန်တကယ် သက်ဆိုင်ပါရဲ့လား။ အချို့သော လူ့အဖွဲ့အစည်း တွေမှာ သောက်စားမှုပြုခြင်းဟာ လိင်မခွဲခြားဘဲ ယောက်ျားရော မိန်းမပါ ပြုခွင့်ရှိတဲ့အရာ ဖြစ်ပြီး အချို့လူ့အဖွဲ့အစည်းတွေမှာကျ ဒါဟာ မိန်းမတွေ မလုပ်သင့်မလုပ်အပ်တဲ့ အရာအဖြစ် တားမြစ်ထားတယ်။ ပထမလူ့အဖွဲ့အစည်းက မိန်းမတွေ သောက်စားခွင့်ဆိုတာ သဘာဝလို့ ပြောမယ်၊ ဒုတိယလူ့အဖွဲ့အစည်းကလည်း မိန်းမတွေသောက်စားခွင့်မရှိဆိုတာ သဘာဝပါလို့ ပြန်လည်ချေပမယ်။ ဒီမှာတင်ပဲ သဘာဝဆိုတဲ့အရာက နှစ်မျိုးနှစ်စားကွဲပြားနေပြီ။ ထို့အတူပဲ အချို့ လူ့အဖွဲ့အစည်းတွေက ထိမ်းမြားလက်ထပ်ခြင်းမှာ ယောက်ျားဖြစ်သူက မိန်းမဖြစ်သူကို ခန်းဝင်ကြေးနဲ့တောင်းရမ်းယူရခြင်းဟာ သဘာဝလို့ ထင်မြင်လာအောင် ပြဌာန်းပေးထားတယ်။ သို့သော် မိန်းမက ယောက်ျားဖြစ်သူကို ပြန်လည်တင်ကြေးငွေပေးရတဲ့ အရပ်ဒေသတွေ၊ လူ့အဖွဲ့အစည်းတွေမှာကျတော့ ဒီအမြင်က ပြဿနာရှိနေပြန်တယ်။ ဒီတော့ ဒါတွေဟာ သဘာဝနဲ့မသက်ဆိုင်ဘဲ လူသားတွေဖန်တီးတဲ့အလေ့အထတွေသာ ဖြစ်ကြောင်း ပေါ်လွင်တယ်။ ဒါကြောင့်လည်း ဘာဂါနဲ့ လာ့က်မန်းတို့က လူသားအပြုအမူနဲ့ အလေ့အထဆိုတာ ဇီဝဗေဒ နည်းလမ်း အရ ပြဌာန်းသတ်မှတ်ထားတာ မဟုတ်ဘူးလို့ ဆိုခဲ့ကြခြင်းပဲ။ စောစောနက ဆိုခဲ့ပြီးသလို လူသားတွေဟာ အပြန်အလှန် ကူးလူးဆက်ဆံကြရာကနေ စံနှုန်းတွေ၊ အစဉ်အလာတွေ ထုတ်လုပ် ဖန်တီးမိ ကြတယ်။ အဲဒီစံနှုန်းနဲ့ အစဉ်အလာတွေ သက်တမ်း ကြာမြင့်လာတာ နဲ့အမျှ လူသားတွေ ကိုယ်တိုင်လည်း သူတို့ရဲ့ ပြဌာန်းလွှမ်းမိုးမှုအောက် နာခံမှန်းမသိနာခံရင်း နောက်ဆုံး ဒါတွေဟာ လူသားဖန်တီးမှု ဆိုတာ မေ့လျော့ပြီး သဘာဝ တရားလို့ ထင်ယောင်လာတဲ့ စိမ်းခြင်းအကျိုး ဖြစ်ပေါ်လာတော့တယ်။

အလေ့အထပြုမှုဖြစ်စဉ်နှင့် အင်စတီကျူးရှင်းသွင်းခြင်း

'ပုံစံနမူနာတွေ' နဲ့ 'ပြုမြဲနည်းနာတွေ' ဟာ ပုံမှန်အလေ့အထပြုခြင်းအောက်မှာ အချိန်ကာလနဲ့ အညီ တဖြည်းဖြည်းချင်း အသွင်ပြောင်းလဲလာတယ်။ ဒီဖြစ်စဉ်ကို 'အင်စတီကျူးရှင်းသွင်းမှု' (Institutionalization) လို့ ခေါ်ဆိုတယ်။ ဒီအမြင်အရကြည့်ရင် လူမှုအင်စတီကျူးရှင်းတွေ ဖြစ်ကြတဲ့ မိသားစုဆက်သွယ်ချက်၊ လူမှုလိင်ဆက်သွယ်ချက်၊ အမိန့်အာဏာပေးသူနဲ့ နာခံသူတို့ အကြားဆက်သွယ်ချက် စတာတွေအကုန်လုံးဟာ စိမ်းခြင်းသဘောဆောင်နေတဲ့ လူသားလုပ်ထုတ်ကုန်တွေသက်သက်ပဲ။ အဆိုပါ အင်စတီကျူးရှင်းတွေအောက် ကျရောက်နေတဲ့ လူသားတွေကတော့ ဒါတွေဟာ ရှောင်လွှဲလို့မရ ပြုပြင်လို့မရတဲ့ သဘာဝဖြစ်စဉ်တွေ လို့သာ မြင်ကြတယ်။ လူသားတစ်ယောက်ရဲ့ အလေ့အထဆန်ဆန် ပြုမြဲနည်းနာ' က လေ့ရှပ်လုပ်နည်းပေါင်းမြောက်များစွာထဲက နည်းလမ်းတစ်ခုကို ရွေးချယ် ဆွဲထုတ်လိုက်သလိုပဲ အခြားသောလူမှုအခြေအနေတွေမှာလည်း လူသားဟာ သူ့အလေ့အကျင့်ရှိထားတဲ့ တစ်ခုသော ပြုမြဲနည်းလမ်းကိုပဲ အသုံးပြုမှာ။ ဆိုလိုတာကတော့ 'အလေ့အထပြုခြင်း' ကတစ်ဆင့် ဖြစ်တည်လာတဲ့ တွေးခေါ်ပုံ၊ ပြုမူဆောင်ရွက်ပုံတွေကို သဘာဝကျစွာဖြစ်တည်နေတဲ့ အစစ်အမှန်တရားတစ်ရပ်လို့ ယုံကြည်ခြင်းပဲ။ ဒါဟာ ပြုမြဲအလေ့အထကိုကျော်လွန်ပြီးနောက် `အင်စတီကျူးရှင်းသွင်းမှု'အဆင့်မှာ ဖြစ်ပေါ်တယ်။ အင်စတီကျူးရှင်း သွင်းမှုအဆင့်မှာက လူမှုဆက်သွယ်ချက်တွေဆီကပေါက်ဖွားလာတဲ့ အင်စတီကျူးရှင်းတွေကို လူသားဖန်တီးမှုလို့ မမြင်တော့ဘဲ ရှောင်လွှဲမရစွာဖြစ်တည်နေတဲ့သဘာဝတရားလို့ လူသားတွေကိုယ်တိုင် လက်ခံယုံကြည်သွားကြပြီ။ ပညာရေးနယ်ပယ်က အင်စတီကျူးရှင်းသွင်းမှု တစ်ခုကိုပဲ နမူနာကြည့်ရအောင်။ ကြိမ်လုံးကိုင်ပြီး စာသင်ကြားခြင်းဟာ သင်ကြားမှုဆိုင်ရာ သဘာဝတရား မဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ် စတဲ့ လူမှုကမ္ဘာတစ်ခုနဲ့သာ သက်ဆိုင်တဲ့ အလေ့အထပဲ။ သို့သော် အဲဒီလူမှုကမ္ဘာထဲကလူတွေအတွက်ကျ ဒါဟာ မလွှဲမရှောင်သာ ကျင့်သုံးရမယ့် အလေ့အထတစ်ရပ်လို့မြင်တာ။ သင်ကြားရေးဖြစ်စဉ်နဲ့ဆက်နွှယ်နေတဲ့ ဆရာတွေ၊ ကျောင်းသားတွေ၊ မိဘတွေ ဟာလည်း သင်ကြားမှုနဲ့ ကြိမ်လုံးကိုင်ခြင်း အလေ့အထ တို့ဟာ သဘာဝအလျောက်

ဆက်သွယ်ချက်ရှိနေတဲ့အရာတွေလို့ ရှုမြင်ကြတယ်။ ဆရာတွေ အနေနဲ့က ကြိမ်လုံးဆိုတာ ကျောင်းသားကလေးငယ် ြင်းသားကလေးငယ်တွေဆီက ကြောက်ရွံ့ရိုကျိုးမှုကို စုစည်းပေးခြင်းအားဖြင့် သူတို့ရဲ့ သင်ကြားရေးကို ပိုမိုလွယ်ကူအောင် ကူညီပေးတဲ့အရာလို့ မြင်တယ်၊ မိဘတွေကလည်း ကလေးငယ်တွေဟာ ကြိမ်လုံးအကိုင်ပြပြီး ခြောက်လှန့်တိုက်တွန်းခံရမှသာလျှင် ပညာရေးကို လေးလေးနက်နက် လိုက်စားနိုင်စွမ်း ရှိလိမ့်မယ်လို့ မြင်တယ်၊ နောက်ဆုံး ကလေးငယ်တွေ ကိုယ်တိုင်တောင်မှ သူတို့ရဲ့ ရိုကျိုးလိုက်နာလိုမှု အတွက် ကြိမ်လုံးအထိန်းအကွပ်လိုတယ်လို့ အတွေးဝင်လာတော့တယ်။ ဒီ 'အင်စတီကျူးရှင်းသွင်းမှုနဲ့ စပ်လျဉ်းပြီး မေးဖို့ရှိလာတာက ပညာသင်ကြားရေးမှာ ကြိမ်လုံးဟာ မဖြစ်မနေလိုအပ်တဲ့အရာတစ်ခုလားဆိုတဲ့ မေးခွန်းပဲ။ ဒါဟာ သဘာဝကျစွာလိုအပ်ဖြစ်ပေါ်နေတဲ့ အစစ်အမှန်တရားတစ်ရပ်လို့ဆိုရင် နေရာဒေသမရွေး၊ လူမျိုးမရွေး၊ လူ့အဖွဲ့အစည်း မရွေး ဘယ်လိုကွဲပြားတဲ့လူမှုကမ္ဘာအသီးသီးကိုပဲကြည့်ကြည့် ကြိမ်လုံးကိုင်သင်ကြားတဲ့ အလေ့အထကို မလွဲမသွေ တွေ့ရလိမ့်မယ်။ ဒီလိုမှမဟုတ်ဘဲ အချို့သောလူမှုကမ္ဘာတွေမှာသာ ကြိမ်လုံးကိုင် စနစ်မျိုး ကျင့်သုံးပြီး အချို့ကတော့ ဒီအလေ့အထမရှိပေမယ့် ပုံမှန်အတိုင်း စွမ်းဆောင်ရည် ပြည့်ဝတဲ့ ပညာသင်ကြားရေးမျိုး ဖော်ဆောင်နိုင်တယ်လို့ဆိုရင် ဒါဟာ သဘာဝတစ်ရပ်၊ အစစ်အမှန်တရားတစ်ရပ် မဟုတ်တော့ဘဲ လူတွေဖန်တီးမှုနဲ့သာအဓိကသက်ဆိုင်တဲ့ အလေ့အထဆိုတာထက် မပိုဘူး။ ကြိမ်လုံးအသုံးမပြုရင် ကလေးငယ်တွေကို ဘယ်လိုကိုင်တွယ် သင်ကြားမလဲလို့ ပြန်လည်မေးခွန်းထုတ်နေတဲ့ ဆရာတွေ မိဘတွေဟာ အင်စတီကျူးရှင်း အသွင်းခံထားရတဲ့ အလေ့အထအခြေအနေ တစ်ရပ်အောက်က ပြောဆိုနေခြင်းသာဖြစ်တယ်။ သူတို့ ရင်းနှီးကျွမ်းဝင်ထားတဲ့ ပြုမြဲအလေ့အထက ကြိမ်လုံးကိုင်ခြင်း ဆိုတာ မဖြစ်မနေ လိုအပ်ချက်တစ်ရပ်ရယ်လို့ ထင်မြင်လာအောင် လွှမ်းမိုးထားတာကြောင့်ပဲ။ သူတို့က ကြိမ်လုံးဆိုတာ သင်ထောက်ကူပစ္စည်းတစ်ခုရယ်လို့ပဲ မြင်တာ။ တကယ်တမ်းက ကြိမ်လုံးဟာ သူတို့မြင်သလို သင်ထောက်ကူပစ္စည်း သက်သက် ထက်မကဘဲ ဆရာဖြစ်သူရဲ့ အကြွင်းမဲ့ အာဏာချုပ်ကိုင်မှုကို သွယ်ဝိုက်ဖွင့်ဆိုပေးနေတဲ့ ပါဝါဆိုင်ရာ ပြယုဂ်သဘောဆိုတာကို သဘောမပေါက်ကြဘူး။ ဆရာဟာ ကြိမ်လုံးသံတရွှမ်းရွှမ်းနဲ့ အကြွင်းမဲ့အာဏာကို ပြဆိုရင်း အတန်းထဲမှာ စကားများတဲ့ကျောင်းသားကို ကြမ်းခင်းသမံတလင်းကို လျှာနဲ့လျက်စေတာလို လူသားမဆန်တဲ့ အပြစ်ပေးနည်းမျိုး ကျင့်သုံးခွင့် ရလာနိုင်တယ်။ သူသင်ကြားထားတဲ့ တွက်ချက်နည်းစနစ်ကို မလိုက်နာဘဲ အခြား တွက်ချက်နည်းစနစ် အသုံးပြုတဲ့ ကျောင်းသား တွေကို အမိန့်မနာခံမှုနဲ့ အပြစ်ပေးပိုင်ခွင့်ရလာနိုင်တယ်။ အများအားဖြင့် ဆရာတွေရော မိဘတွေပါ လက်ခံထားကြတဲ့ အမြင်က ရိုက်နှက်ဆုံးမခြင်းဟာ ကျောင်းသားကလေးငယ်တွေ

ကောင်းစေရေးအတွက်သာဖြစ်တယ်။ သို့သော် ရိုက်နှက်ဆုံးမမှုတိုင်းဟာ ကောင်းစေရေးဆိုတဲ့ ရည်ရွယ်ချက်သန့်သန့် ပါဝင်ပါရဲ့ လား။ ဒီလိုမှမဟုတ်ဘဲ တမင်တကာ အညှိုးထားမှုနဲ့ ရည်ရွယ်ချက်ရှိရှိ ရိုက်နှက် ညှင်းပန်းတဲ့ဖြစ်ရပ်မျိုးဆိုရင် ကလေးငယ်တွေဆီမှာ စိတ်ပိုင်းဆိုင်ရာ ထရော်မာ (Psychological Trauma) တွေ ထင်ကျန်ခဲ့စေလိမ့်မယ်။ ကလေးငယ်တွေအဖို့ သူတို့နုနယ်စဉ်အရွယ်မှာ စာသင်ခန်းတွေဆီကရလာတဲ့ စိတ်ဒဏ်သင့်မှုတွေကြောင့် သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကို တစ်နည်းတစ်ဖုံ ထိခိုက်မှုဖြစ်စေနိုင်တာ မေ့ထားလို့ မရဘူး။ (ဒီလိုပြောရတာက ရိုက်နှက်မှုလို ရုပ်ပိုင်းဆိုင်ရာအပြစ်ပေးခြင်း Corporal Punishment ကို လုံးလုံးလျားလျားတိုက်ဖျက်ပစ်ရေး တိုက်တွန်းတာ မဟုတ်ဘူး။ ဥရောပနိုင်ငံအားလုံးတို့နီးပါးမှာ စာသင်ခန်းတွေအတွင်း ရိုက်နှက်အပြစ်ပေးခြင်းစနစ်ကို ဥပဒေအရ တားမြစ်ထားတာမှန်ပေမယ့် အာရှနဲ့ အာဖရိကနိုင်ငံတွေမှာ ယနေ့တိုင် ကျင့်သုံးနေဆဲ အလေ့အထဖြစ်တယ်။ အမေရိကန် လိုနိုင်ငံမျိုးမှာလည်း ဒီလိုအပြစ်ပေးနည်းမျိုး အတွေ့ရရှားပေမယ့် ပြည်နယ် ၁၁ တို့မှာ ဥပဒေအရ တော့ တရားဝင် နေသေးတယ်။ သို့သော် သတိချပ်သင့်တဲ့အချက်က ဥပဒေအရ ခွင့်ပြု ပေးထားတယ်ဆိုရာမှာတောင် ဘောင်အတွင်းကသာ နည်းလမ်းတကျ ဆောင်ရွက်စေတာမျိုး ဖြစ်တယ်။ အများအားဖြင့်မှာ ပြစ်မှုပြစ်ဒဏ်အတွက် ရိုက်နှက်မှုအချက်ရေ၊ ရိုက်နှက်ရာမှာ အသုံးပြုပစ္စည်း စတာတွေကို စံသတ်မှတ်ထားတယ်။ မကြာခဏဆိုသလို ဆရာတစ်ယောက် အနေနဲ့ ရိုက်နှက်အပြစ်ပေးနည်းကိုအသုံးပြုတော့မယ်ဆိုရင် အခြားဆရာတစ်ယောက်ရှေ့မှာ သက်သေခံမှုရယူပြီးမှ ဆောင်ရွက်တာ မျိုးတောင် တွေ့ရလေ့ရှိတယ်။ ဆိုလိုတာက အပြစ်ပေးမှုကို တရားနည်းလမ်း အကျဆုံးနဲ့အမျှတဆုံး ဖြစ်စေဖို့ ပြဌာန်းပေးထားတယ်။ ဆရာအနေနဲ့ လိုအပ်လာတဲ့အခါ Corporal Punishment ကို အသုံးပြုခွင့်ရှိတာမှန်ပေမယ့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးပြီး မတရားသဖြင့် ညှင်းပန်းမှုမျိုးလုပ်နိုင်ဖို့ အခွင့်အလမ်းနည်း သွားတယ်။ ဒါက အလွန်ကို အရေးကြီးတဲ့အချက်ပါ။ ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက် နာကျင်စေခြင်းအားဖြင့် အပြစ်ပေးနည်းဟာ လိုအပ်တဲ့အတိုင်းအတာထက် ကျော်လွန်သွားရင် အပြစ်ပေးခံရတဲ့ ကလေးငယ်တွေမှာ စိတ်ဒဏ်သင့်မှုအပါအဝင် အခြားသော စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးတွေ ဖြစ်ပေါ်စေနိုင်တယ်လို့ ဆေးပညာရှုထောင့်၊ စိတ်ပညာရှုထောင့်တို့ကနေ ထောက်ပြမှုတွေရှိတယ်။ အကြမ်းနည်းအသုံးပြု အပြစ်ပေးခံရတဲ့ ကလေးငယ်တွေမှာ ကြမ်းတမ်းရန်လိုစိတ်တွေ၊ အဖျက်အဆီးလုပ်လိုစိတ်တွေ ပိုမိုအတွေ့ရများတယ်။ ဒါ့အပြင် စိတ်ဖိစီးမှုများတာ၊ မိမိကိုယ်ကိုယုံကြည်မှုလျော့ကျတာ၊ စာသင်ခန်းကိုကြောက်ရွံ့စိတ်ဝင်တာ၊ ပိုမိုဆိုးရွားတဲ့ပညာရေးစွမ်းဆောင်ရည်မျိုး ရရှိတာ၊ ပတ်ဝန်းကျင်ကို အနှောက်အယှက်ပြုလိုစိတ် ပိုမိုလွန်ကဲတာ စတဲ့ လက္ခဏာတွေဟာလည်း

ရုပ်ပိုင်းဆိုင်ရာ အပြစ်ပေးမှုနဲ့ တစ်နည်းတစ်ဖုံ ဆက်နွယ်နေတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် အခွင့်အာဏာကို အသုံးချပြီး တရားသည် မတရားသည် မရွေး လက်လွတ်စပယ်ရိုက်နှက်အပြစ်ပေးမှုတွေက ကလေးငယ်တွေအပေါ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဘယ်လောက်များဖြစ်စေနိုင်မလဲ မှန်းဆကြည့်လို့ရတယ်။ စိတ်ဒဏ်သင့်မှုတွေနဲ့ကြီးပြင်းလာရမယ့် ကလေးငယ်တွေဟာ တစ်ချိန် အရွယ်ရောက်လာတဲ့ အခါမှာလည်း အကြမ်းဖက်ရန်လိုစိတ်ကြီးမားပြီး ပတ်ဝန်းကျင် အပေါ် အဖျက်သဘောမြင်တဲ့ လူသားတွေဖြစ်လာအောင် တွန်းပို့လိမ့်မယ်။ အကြောင်းအရာအားဖြင့် တိုက်ရိုက် သက်ဆိုင်မှု မရှိတာကြောင့် ဒီအငြင်းအခုံကိုတော့ ဒီလောက်အထိသာ ဖော်ပြလိုပါတယ်)

ဘာဂါနဲ့ လာက်မန်းတို့ရဲ့ အသွင်လောက စိတ်ပညာဆိုင်ရာ သီအိုရီတွေအရ ကြည့်ရင် လူ့အဖွဲ့အစည်း (Society) ဆိုတာဟာ လူသားတွေ ဆီကကွဲထွက်ပြီး သီခြား ဖြစ်တည်မှု သဘောဆောင်နေတဲ့ 'အေလီယန်နေးရှင်း ဖြစ်စဉ်လို့ ထင်ရတယ်။ အစစ်အမှန်တရားဟာ တသီးပုဂ္ဂလ လူသားအပေါ် အုပ်မိုးလွှမ်းခြုံထားတယ်။ လူ့အဖွဲ့အစည်းဆိုတဲ့ အိုင်ဒီယာ ကိုယ်တိုင်က တသီးပုဂ္ဂလလူသားရဲ့ အထက်မှာသီခြားဖြစ်တည်နေပြီး အဆိုပါလူသားရဲ့ အပြုအမူတွေ အတွေးအခေါ်တွေကို လွှမ်းမိုးပုံသွင်းပေးနေတဲ့အရာအဖြစ် မြင်လို့ရတယ်။ ၁၉၆၀ တဝိုက်ကာလမှာတွေတော့ ဒီအယူအဆတွေဆီကကွဲပြားပြီး Ethnomethodology အမည်ရတဲ့ အသွင်လောကစိတ်ပညာဆိုင်ရာနယ်ပယ်ခွဲတစ်ခု ပေါ်ထွက်လာတယ်။ Ethnomethodology ကို လျော့ရဲစွာအနက် ပြန်ဖလှယ်ရင် `လူမှုနည်းနာဗေဒ� လို့ ဖွင့်ဆိုနိုင်လိမ့် မယ်။ အုပ်စုတစ်ခုအတွင်း မှာရှိတဲ့ လူသားတွေအတွက် နေ့စဉ်ဘဝလူမှုအစီအစဉ်တွေရဲ့ ကျောရိုးသရုပ်ကို ချဉ်းကပ်တဲ့ နည်းနာတွေအပေါ် လေ့လာခြင်းဖြစ်တာကြောင့်ပဲ။ `လူမှုနည်းနာဗေဒ� ဟာလည်း အခြားသော အသွင်လောစိတ်ပညာ လမ်းကြောင်းတွေနည်းတူ ရွှတ်ဖ်စ်ရဲ့ လွှမ်းမိုးမှုတွေ မကင်းခဲ့ဘူး။

ဘာဂါနဲ့ လာက်မန်းတို့က လူသားတွေဟာ သူတို့ရဲ့ အလေ့အထ ပြုကျင့်၊ ပုံစံနမူနာ၊ အင်စတီကျူးရှင်းသွင်းမှု စတာတွေဆီကနေ နောက်ဆုံး အစစ်အမှန်တရားတစ်ရပ် တည်ဆောက် ရယူပုံကို အလေးထားပြောခဲ့တယ်။ `လူမှုနည်းနာဗေဒ� ကတော့ အဆိုပါအစစ်အမှန်တရား စုစည်းဖြစ်ပေါ်လာရေးမှာ လူသားရဲ့ ကိုယ်တိုင်ကိုယ်ကျထည့်ဝင်မှုကို အဓိကသုံးသပ်တယ်။ ဒီအယူအဆနှစ်ရပ်က သဘောချင်းတူတူလို့ထင်ရပေမယ့် ဘာဂါနဲ့လာ့က်မန်းတို့ သရုပ်ဖော်ခဲ့တဲ့ လူသားဟာ သူယူဆတဲ့ အစစ်အမှန်တရားအောက် ပိတ်ဆို့မိနေတဲ့ အပြုခံ (Objective) အနေမှာရှိပြီး 'လူမှုနည်းနာဗေဒ ပညာရှင်တွေရဲ့ အမြင်မှာတော့ လူသားဟာ အစစ်အမှန်တရား ဖြစ်ပေါ်ရေးကို ကိုယ်တိုင် အဆက်မပြတ်တည်ဆောက် ထည့်ဝင်နေတဲ့ ပြုသူ(Subjective) သဘော

ပိုဆန်တယ်။ 'လူမှုနည်းနာဗေဒ' ရှုထောင့်အောက်မှာ လူ့အဖွဲ့အစည်းဆိုတာသည်လည်း တွေးခေါ်ပုံစနစ်တွေ ပြုမူဆက်သွယ်ပုံစနစ်တွေရဲ့ ပြင်ပမှာ သီးခြားကွဲထွက်နေတဲ့ စိမ်းခြင်း အကျိုးဆန်ဆန်အရာတစ်ခု မဟုတ်ဘူး။ အဲဒီအစား လူသားတွေရဲ့ နေ့စဉ်ပြုမူ ဆက်သွယ်ချက်တွေအားဖြင့် မပြတ်ပုံဖော်ရင်းကသာ ရရှိလာတဲ့ အရာ ဖြစ်တယ်။ ဘာဂါနဲ့ လာ့မန်းတို့ပြောခဲ့တာက `ပုံစံနမူနာ' နဲ့ 'ပြုမြဲနည်းနာ' တို့လို လူသားဆက်သွယ်ချက်တွေက တစစနဲ့ စိမ်းခြင်းသဘောဆန်လာပြီး လူသားတွေကို ပြန်လည်ထိန်းချုပ်တာ။ ဒီအခြေအနေမှာ လူသားအဖို့ လွတ်မြောက်ရာမရှိဘဲ အစစ်အမှန်တရားဆိုတဲ့ အရာအောက်မှာ လှောင်ပိတ် ခံရတယ်။ `လူမှုနည်းနာဗေဒ' နဲ့ ကွဲလွဲမှု ရှိတာက ဒီအချက်ပါပဲ။ `လူမှုနည်းနာဗေဒ' အရ ဘယ်လိုလူမှုကမ္ဘာ့ပဲဖြစ်ဖြစ် တသမတ်တည်း မြဲမြဲခိုင်မာနေလိမ့်မှာ မဟုတ်ဘဲ ကျိုးလွယ် ကြေလွယ် (Fragile) သဘာဝမျိုး ပိုင်ဆိုင်ထားတယ်လို့ ဆိုတယ်။ လူသားတွေဟာ သူတို့တည်ဆောက်ယူလိုက်တဲ့ အစစ်အမှန်တရားအောက် ပိတ်မိနေတယ်ဆိုတာထက် သူတို့ကိုယ်တိုင်က အဲဒီအစစ်အမှန်တရား ဆက်လက်တည်တံ့နေအောင် အဆက်မပြတ် ထည့်ဝင်ကြိုးပမ်းမှုပြုနေခြင်းသာဖြစ်တယ်။ တစ်ဆက်တည်းမှာ ဒီလိုအဆက်မပြတ် စုစည်း တည်ဆောက်မှု မပြုနိုင်ဘူး ဆိုရင် မူလရှိနှင့်နေပြီးတဲ့ `အစစ်အမှန်တရား' ဟာ ပြိုကွဲသွားမှာပဲ။ `လူမှုနည်းနာဗေဒ'ပညာရှင်တွေက ဒီလိုတည်ဆောက်မှုဟာ ရေရှည် လုပ်ငန်း တစ်ရပ်လို့ မြင်တယ်။ ဆိုခဲ့ပြီးသလို အစစ်အမှန်တရားဆိုတာ တွေက ပြုမြဲအလေ့အထဆန်ဆန် ဖြစ်တည်လာကြတာ။ ပြုမြဲအလေ့အထဆိုတာလည်း လူတွေရဲ့ တစ်စိတ်တစ်ပိုင်းသိမှုမှာ အလိုက်သင့် လက်ခံထားမိတဲ့ လက်တွေ့ကျ သိစိတ်ကနေ ဆောင်ရွက်နေတာ။

'အစစ်အမှန်တရား' ကို ပုံဖော်ပေးနေတဲ့ ပြုမြဲအလေ့အထတွေကို အဆက်မပြတ် ထိန်းသိမ်းမှု မပြုနိုင်ရင် အစစ်အမှန်တရားဆိုတဲ့ အိုင်ဒီယာအယူအဆတစ်ခုလုံး ပြိုလဲသွားနိုင်တဲ့ အကျိုးဆက်ကို ရင်ဆိုင်ရနိုင်တယ်။ ပညာရေး အင်စတီကျူးရှင်း အတွင်း ပြုပြင် ပြောင်းလဲရေးပေါ်လစီတွေနဲ့ တွေ့ကြုံလာရပြီး မလိုလားအပ်တဲ့ ရှေးရိုးစွဲ အစဉ်အလာတွေထဲက တစ်ချို့ကို လျှော့ပယ်ပစ်ဖို့ အသိရလာကြမယ်ဆိုရင် မူလလက်ခံ ထားတဲ့ ကြိမ်လုံးကိုင် သင်ကြားရေးစနစ်ဟာ စိန်ခေါ်ခံရလိမ့်မယ်။ နတ်ကိုးကွယ်မှုဟာ ပဓာနအကျဆုံး ဘာသာရေးပုံစံ အဖြစ် ထင်မြင်လက်ခံချက်ကို မတိမ်ကောအောင် ကြိုးပမ်းမှု မပြုနိုင်ရင် တည်ဆဲကိုးကွယ် ယုံကြည်ချက်ဓလေ့ဟာ တစစ စိန်ခေါ်ခံလာရလိမ့်မယ်။ ဒီသဘောသာလျှင် ဖြစ်တယ်။ ဒါကြောင့် `လူမှုနည်းနာဗေဒ' ရဲ့ ချဉ်းကပ်ပုံက အစစ်အမှန်တရားတည်ဆောက်ခြင်းဆိုတဲ့ အဆင့်မှာတင် ရပ်တန့်မသွားဘူး။ တည်ဆောက်လိုက်တဲ့ အစစ်အမှန်တရား ပြိုပျက်သွားနိုင်ခြင်းဆိုတဲ့ ဖြစ်တန်ချေတစ်ခုကိုပါ ညွှန်ပြထားတယ်။

အဆောက်အအုံဝါဒနှင့် အဆောက်အအုံလွန်ဝါဒဆိုင်ရာ ပါရာဒိုင်းများ

၂၀ရာစု အစောပိုင်းမှာ လူမှုရေးနဲ့ယဉ်ကျေးမှုနယ်ပယ် တွေအတွက် ရက်ဒီကယ်ကျတဲ့ အတွေးအခေါ် လမ်းကြောင်းသစ် တစ်ရပ် ပေါ်ထွက်လာခဲ့တယ်။ အဲဒါကတော့ အဆောက်အအုံဝါဒ (Structuralism) ပဲ။ အစောဆုံး အဆောက်အအုံဝါဒ ဆိုင်ရာတွေးခေါ်ပုံ တွေဟာ ပြင်သစ်လူမှုဗေဒပညာရှင် အမ်မီလ်ဒါ့ခ်ီယမ် (Durkheim) ဆီက စတင်ခဲ့တယ်လို့ ဆိုကြတာတွေရှိတယ်။ ဂန္တဝင်လူမှုသီအိုရီသမားဖြစ်တဲ့ ဒါ့ခ်ီယမ်ကို အဆောက်အအုံဝါဒီတစ်ဦးလို့ သတ်မှတ်ခြင်းဟာ အနည်းငယ်တော့ ထူးဆန်းတယ်လို့ထင်စရာပဲ။ သို့ပေမယ့် ဒါ့ခ်ီယမ်ရဲ့ လူမှုသီအိုရီတွေဟာ အဆောက်အအုံဝါဒနဲ့ အခြေခံကျောရိုးအားဖြင့် ဆက်စပ်နေတဲ့ အစိတ်အပိုင်းတွေရှိတယ်။ ဒါ့ခ်ီယမ်က ယဉ်ကျေးမှုနဲ့ ဘာသာရေးတို့လို ပုံစံကိုယ်ထည်တွေဟာ ကျောရိုးအဆောက်အအုံတစ်ခုပေါ်မှာ မှီတည်ဖွဲ့စည်းထားတာလို့မြင်တာ။ ဘာသာတရားလို့ ဆိုကြပါစို့။ ဘာသာတရားက ကမ္ဘာလောကကြီးကို မြင့်မြတ်သန့်စင်ခြင်းနဲ့ ညစ်နွမ်း ဆိုးယုတ်ခြင်း ဆိုပြီး အပိုင်းနှစ်ပိုင်းနဲ့ ကန့်သတ်ပစ်လိုက်တယ် (အဆောက်အအုံဝါဒအမြင်မှာ ဆိုရင် အဖြူ/အမည်း၊ သက်ရှိ/သက်မဲ့ စသဖြင့် ပိုင်းခြားတဲ့ ဆန့်ကျင်ယှဉ်တွဲမှုအစုံ Binary Opposition သဘောပဲ)။ ဒီလိုဆန့်ကျင်ယှဉ်တွဲမှုအစုံက ကိုယ်ပိုင်အမှတ်လက္ခဏာ တည်ဆောက်မှု သို့မဟုတ် ကွဲပြားခြားနားမှု တို့အတွက် ပုံစံတွေ (Pattern) ထုတ်ပေးတယ်။ တစ်ဖက်မှာက ကောင်းမွန်သော၊ သန့်စင်သော၊ ကိုယ်ကျင့်ပြည့်ဝသော စတဲ့ အရာတွေရှိပြီး အခြားတစ်ဖက်မှာ ဆိုးယုတ်သော၊ ညစ်ညမ်းသော၊ ကိုယ်ကျင့်မညီသော စတဲ့ ဆန့်ကျင်ဘက်အရာတွေကို ပြဋ္ဌာန်းထားတယ်။ ဒီလိုနှစ်ခုတွဲ အဆောက်အအုံပုံစံက သက်ဝင်ယုံကြည်သူတွေအတွက် ကမ္ဘာလောကအပေါ် ရှုမြင်ပုံသိမှုတစ်ခု ဖန်တီးပေးတယ်။ သူတို့ဟာ ကောင်းခြင်း/ဆိုးခြင်း မှန်ခြင်း/မှားခြင်း စတဲ့ ဆန့်ကျင်ယှဉ်တွဲမှုအစုံတွေအရ ကမ္ဘာလောကကို ရှုမြင်နေရင်း သူတို့ကိုယ်ကိုပါ ပြန်လည်ထင်ဟပ်နေနိုင်တာဖြစ်တယ်။ သူတို့ဟာ ဆန့်ကျင်ယှဉ်တွဲမှုအစုံတွေရဲ့ ဘယ်အခြမ်းမှာ ရှိနေသလဲဆိုတာ ဘာသာတရားက တစ်ဆင့် ချိန်ထိုးနားလည် ကြည့်လို့ ရနေတယ်။ ဒါ့ခ်ီယမ်ကတော့ ဘာသာတရား အပြင်ကို လောကီဆန်တဲ့ ယဉ်ကျေးမှုပုံစံတွေ ဟာလည်း အလားတူ အဆောက်အအုံစနစ်စုဖွဲ့မှုမျိုး ပိုင်ဆိုင်ကြတယ်လို့ ဆိုတယ်။

အဆောက်အအုံဝါဒဆိုင်ရာ ဘာသာဗေဒအမြင်

အဆောက်အအုံဝါဒဟာ ဆွစ်လူမျိုးဘာသာဗေဒပညာရှင် ဖာဒီနန်ဒီဆောဆူး (Saussure) ရဲ့ ဘာသာဗေဒ အမြင်တွေကို အခြေခံပေါ်ပေါက်လာတာလို့ဆိုကြတယ်။ ဆောဆူးနဲ့ ဒါ့ခ်ီယမ်တို့က တစ်ချိန်တည်းနီးပါးလောက်ကျတဲ့ ခေတ်ပြိုင်တွေ ဖြစ်ကြပေမယ့် သူတို့အသုံးပြုတဲ့ အဆောက်အအုံဝါဒ အခြေခံယူဆချက်တွေက လုံးလုံးလျားလျား ကွဲပြားမှုရှိတာတွေ့ရလိမ့်မယ်။ သူတို့ရဲ့အယူအဆ ပြိုင်ဆိုင်မှုတွေနဲ့ ပတ်သက်လို့လည်း နှောင်းပိုင်းခေတ်အထိ ငြင်းခုံတာ တွေရှိခဲ့ကြတယ်။ ဒါ့ခ်ီယမ်ကို လူမှုအဆောက်အအုံဝါဒီ (Social Structuralist) လို့ ပြောမယ်ဆိုရင် ဆောဆူးကိုတော့ ဘာသာဗေဒ အဆောက်အအုံဝါဒီ (Linguistic Structuralist) လို့ သတ်မှတ်ရမယ်။ နှစ်ဦးစလုံးက ၂၀ ရာစုရဲ့ ပြင်သစ်ပညာတတ် ယဉ်ကျေးမှုနယ်ပယ် တစ်ခုလုံးကို ကြီးကြီးမားမား လွှမ်းမိုးအကျိုးပြုခဲ့ကြတယ်။

ဆောဆူးရဲ့ အထင်ရှားဆုံး ဘာသာဗေဒဆိုင်ရာ အယူအဆက `ဘာသာစကား အဆောက်အအုံ စနစ်' (langue) နဲ့ `အသုံးဘာသာစကား' (parole) တို့ပဲ။ ဒီဝေါဟာရအသုံးတွေက ပြင်သစ်ဘာသာဆီက တိုက်ရိုက်ယူငင်သုံးစွဲတာ ဖြစ်တယ်။ langue ဆိုတဲ့သဘောက ဘာသာစကားရဲ့ နောက်ကွယ်က အဆောက်အအုံစနစ် တစ်ခုကို ရည်ညွှန်းတာ။ အဆောက်အအုံစနစ်ဆိုတာက ဘာသာစကား နယ်နိမိတ်တစ်ခုလုံးကို ချုပ်ကိုင်ထားတဲ့ ကျယ်ပြောမှုအနက်ပါဝင်တယ်။ မြန်မာဘာသာ၊ ဂျပန်ဘာသာ၊ ပြင်သစ်ဘာသာ စတဲ့ ဘာသာစကားတစ်ရပ်ရပ်ရဲ့ နောက်ခံအဆောက်အအုံစနစ် တစ်ခုလုံးဟာ langue ဖြစ်တယ်။ ဒီတော့ langue ဟာ နေ့စဉ်ဘဝထဲမှာ လူတွေအသုံးပြု ပြောဆိုနေကြတဲ့ ဘာသာစကား စွမ်းရည်အားလုံးတို့ထက် ကျော်လွန်နေတဲ့ မူလရင်းမြစ်စနစ်ပဲ။ လူသားတွေ လက်ကုန်နိုက် နိုင်သမျှ စွမ်းရည်စုစုပေါင်းတို့ထက်လည်း ပိုတယ်။ အဲဒီအဆောက်အအုံစနစ်က ဘာသာစကား အသုံးပြုနေတဲ့လူသားတွေရဲ့ အထက်မှာတည်ရှိတယ်။ `ဘာသာစကားအဆောက်အအုံစနစ်' (langue) ထဲမှာ သိုမှီးထားတဲ့စကားလုံးတွေနဲ့တကွ သူတို့ကိုဘယ်လိုတွဲစပ်အသုံးပြုရမလဲဆိုတဲ့ စည်းမျဉ်းစည်းကမ်းတွေလည်း ပါဝင်တယ်။ ဒါကြောင့် တူညီတဲ့ 'အဆောက်အအုံစနစ်' (langue) တစ်ခုတည်းကို မျှဝေထားတဲ့လူသားတွေအကြားမှာ သူတို့အသုံးပြုလိုတဲ့ ဘာသာစကားကို အဓိပ္ပါယ် ပေါက်ရောက်ပြည့်ဝအောင် ဘယ်လိုတွဲစပ်ရမယ်ဆိုတဲ့ နားလည်ပုံအခံ ရှိထားပြီး ဖြစ်သလို သူတို့ပြောဆိုလိုက်တဲ့ စာသားတွေ ဝါကျတွေကလည်း ပြောသူနဲ့

နားထောင်သူ တို့အကြား အဓိပ္ပါယ်တစ်ခုနဲ့ ပေါင်းကူးဆက်သွယ်ပေးတယ်။ အဲဒီလိုမျိုး လူတစ်ဦးတစ်ယောက် ချင်းစီ အသုံးပြုတဲ့ ဘာသာစကားအစုအဝေးကိုတော့ `အသုံးဘာသာစကား' (parole) လို့ ခေါ်တယ်။ ဒါပေမယ့် 'အသုံးဘာသာစကား' (parole) ဟာ သူ့ကိုချုပ်ကိုင်ထားတဲ့ 'အဆောက်အအုံစနစ်' (langue) တစ်ခုလုံးရဲ့ လက်အောက်ခံအစိတ်အပိုင်းတစ်ခုသာပဲ။ စနစ်တစ်ခုလုံးဖြစ်တဲ့ langue က သူ့အထဲမှာအသုံးပြုပြောဆိုတဲ့ parole ထက် ပိုမိုအရေးပါမှုရှိတယ်။ အသုံးဘာသာစကားတိုင်းဟာ အဆောက်အအုံစနစ်ရဲ့ ပြဋ္ဌာန်းမှုဘောင် ထဲက စည်းမျဉ်းစည်းကမ်းတွေအတိုင်း ပေါ်ထွက်လာတဲ့စကားလုံးအစုအဝေး သာပဲ ဖြစ်တယ်။

ဘာသာစကားရဲ့ အမှတ်အသားသင်္ကေတ (Sign) တစ်ခုစီမှာ အညွှန်း (Signifier) နဲ့ အဓိပ္ပါယ်အညွှန်းခံ (Signified) တို့ ပါဝင်တယ်။ ယေဘုယျကြည့်ရင်တော့ ဘာသာစကား ဆိုတဲ့အရာက စကားလုံးတွေရယ်၊ အဲဒီစကားလုံးတွေကို ဘယ်လို အသုံးပြုရမယ်ဆိုတဲ့ စည်းမျဉ်းနည်းလမ်းတွေရယ်နဲ့ ဖွဲ့စည်းထားတာ။ ဒါပေမယ့် စကားလုံးတွေက ဘာလဲ၊ ဘယ်လိုအလုပ်လုပ်သလဲ ဆိုတာကို နက်နက်ရှိုင်းရှိုင်း ခွဲခြမ်းစိတ်ဖြာကြည့်ဖို့လိုမယ်။ ဆောဆူးက စကားလုံးတွေ ကိုယ်တိုင်က အမှတ်အသားသင်္ကေတ (Sign) တွေပဲလို့ ဆိုတယ်။ အမှတ်သင်္ကေတ (Sign) တစ်ခုစီမှာ အညွှန်းနဲ့ အဓိပ္ပါယ်အညွှန်းခံဆိုတဲ့ အစိတ်အပိုင်းနှစ်ရပ် ပါဝင်ဖွဲ့စည်းထားတယ်။ အညွှန်း (Signifier) က အသံဆိုင်ရာဖော်ပြချက် တစ်ခု ဖြစ်နိုင်သလို အရေးအသားဖော်ပြချက်လည်းပဲ ဖြစ်နိုင်တယ်။ အဲဒီလို အသံ သို့မဟုတ် အရေးအသားတစ်ခုက ရည်ညွှန်းမှုပေးတဲ့ စိတ်ထဲကသိမှတ်မှုပုံရိပ်ကိုတော့ အဓိပ္ပါယ်အညွှန်းခံ (Signified) လို့ ခေါ်ဆိုတယ်။ 'ကြောင်' လို့ ရေရွတ်လိုက်တဲ့ အသံဆိုင်ရာအညွှန်းဖြစ်စေ၊ `ကြောင်� လို့ ချရေးလိုက်တဲ့ အရေးအသားဆိုင်ရာ အညွှန်းဖြစ်စေ ကြောင်ဖြစ်ခြင်းဆိုတဲ့ အိုင်ဒီယာပုံရိပ် ကိုပေးပြီး အဓိပ္ပါယ်အညွှန်းခံ ရရှိလာစေတယ်။ သို့သော် ဆောဆူးပြောခဲ့တာက အညွှန်း 'ကြောင်' က ရည်ညွှန်းလိုက်တဲ့ အဓိပ္ပါယ်အညွှန်းခံ 'ကြောင်' ဟာ ပြင်ပလောကထဲ က ကြောင်တစ်ကောင်ကို ဖော်ပြနေတာမဟုတ်ဘူး။ အဲဒါနဲ့ဆန့်ကျင်စွာပဲ အညွှန်းနဲ့အညွှန်းခံတို့ ပေါင်းစပ်ဖွဲ့စည်းလိုက်တဲ့ 'ကြောင်' ဆိုတဲ့ အမှတ်အသားသင်္ကေတ (Sign) ဟာ သက်ရှိတိရစ္ဆာန်တစ်ကောင်နဲ့မသက်ဆိုင်တဲ့ အိုင်ဒီယာပုံရိပ်သာလျှင်ဖြစ်တယ်။ ဆောဆူးရဲ့ ရက်ဒီကယ်ကျတဲ့ ဒီဘာသာဗေဒအမြင်က အစဉ်အလာ ဘာသာဗေဒ အယူအဆ တော်တော် များများ ကို ပြောင်းပြန်လှန် တည်ဆောက်ပစ်လိုက်နိုင်တယ်။ 'ကြောင်' လို့ ပြောလိုက်တဲ့အခါ အဆိုပါအမှတ်သင်္ကေတက နံဘေးမှာထိုင်နေတဲ့ အိမ်မွေးတိရစ္ဆာန်ကို ရည်ညွှန်းမှုမလုပ်ဘူး။ ဒီလိုဆိုရင်ဖြင့် ဘာသာစကားအားလုံးတို့ ဟာလည်း ကမ္ဘာလောကထဲကအရာတွေဆီ ရည်ညွှန်းမှု ပေးတဲ့

စကားလုံးအစုအဝေးတွေ မဟုတ်ကြတော့ဘူးပေါ့။ အဲဒီအစား ဘာသာစကားက ဆက်စပ်မှုရှိသလို သီခြားလည်းဆန်နေတဲ့ အဆောက်အအုံစနစ်နှစ်ခုတို့ အပေါ် အခြေခံ ထားတယ်။ တစ်ခုက အသံတွေနဲ့အရေးအသားတွေ ပါဝင်တဲ့ ‘အညွှန်းပြုစနစ်’ ဖြစ်ပြီး အဲဒီအညွှန်းတွေက ရည်ညွှန်းလိုက်တဲ့ အိုင်ဒီယာအယူအဆတွေက `အဓိပ္ပါယ်အညွှန်းခံစနစ်’ ဖြစ်တယ်။ အဲဒီစနစ်နှစ်ခုတို့အကြားဆက်သွယ်မှုက သူတို့က အပြန်အလှန်အားဖြင့် အချင်းချင်းပုံဖော်တည်ဆောက်နေကြတာ။ အဓိပ္ပါယ်အညွှန်းခံကို အညွှန်းဆီကနေ ခွဲထုတ်တာ လုပ်လို့မရဘူး။ ဒါကြောင့် ‘ကြောင်’ ဆိုတဲ့ အရေးအသား သို့မဟုတ် အပြောစကားဟာ တိရစ္ဆာန်တစ်ကောင်ကို ရည်ညွှန်းနေတာမဟုတ်တော့ဘဲ ကြောင်ဖြစ်ခြင်းလို့လက်ခံထားတဲ့ အိုင်ဒီယာတစ်ခုကို ညွှန်းဆိုနေခြင်းသာဖြစ်တယ်။ အဲဒီအိုင်ဒီယာရဲ့ နောက်ကွယ်မှာ `ဘာသာစကားအဆောက်အအုံစနစ်’ (langue) ရှိနေတယ်။ အဆောက်အအုံစနစ် (langue) ဟာ ကြောင်ဆိုတဲ့ အမှတ်အသားသင်္ကေတကနေ အိုင်ဒီယာဖြစ်ပေါ်မှုကို တည်ဆောက် ပေးလိုက်တာပဲ။ လူတစ်ယောက်ဟာ ကြောင်ဆိုတဲ့အမှတ်အသား (ဝါ) စကားလုံးကို မြင်လိုက်ရတဲ့အခါ သူ့စိတ်ထဲမှာ ကြောင်လို့ သိမှတ်လက်ခံထားတဲ့အိုင်ဒီယာပုံရိပ်တစ်ခု ဖြစ်ပေါ်လာတယ်။ ဒါပေမယ်လို့ အဆောက်အအုံစနစ် (langue) တစ်ခုရဲ့ `ကြောင်’ ဆိုတဲ့ အိုင်ဒီယာအယူအဆက ပြင်ပလောကထဲမှာ နေထိုင်တဲ့ တကယ့်ကြောင်တွေဆီက ထုတ်ယူထားတာ မဟုတ်ဘူး။ အိုင်ဒီယာတိုင်းဟာ အဆောက်အအုံစနစ်ရဲ့ ထုတ်ကုန်တစ်ခုသာ ဖြစ်တယ်။

အဆောက်အအုံစနစ် (langue) က ‘ကြောင်’ ဆိုတဲ့ အိုင်ဒီယာအယူအဆ ဟာ ဘာဖြစ် ပါတယ်ဆိုတာ ဖော်ညွှန်းတယ် လို့ ဆိုတယ်။ တစ်ခုသောအဆောက်အအုံစနစ်မှာ ကြောင်တွေဟာ သိမ်မွေ့တဲ့အိမ်မွေးတိရစ္ဆာန်ငယ်တွေဆိုတဲ့ အိုင်ဒီယာမျိုးရှိကောင်းရှိမယ်။ အဲဒီအခါ အဆိုပါအဆောက်အအုံစနစ်ကို အသုံးပြုကြတဲ့သူတွေက ‘ကြောင်’ ဆိုတာကို တစ်ခုသောအိုင်ဒီယာအမြင်အရ ကြည့်တယ်။ နောက်ထပ်အဆောက်အအုံစနစ်မှာတော့ ကြောင်တွေဟာ ကြမ်းရိုင်းတဲ့ တိရစ္ဆာန်တွေဆိုတဲ့ နောက်ထပ်အိုင်ဒီယာတစ်မျိုးရှိမယ်။ အဲဒီအခါ အဆိုပါအဆောက်အအုံစနစ်ထဲက လူတွေက ပထမစနစ်ကို အသုံးပြုသူတွေနဲ့ အလွန် ကွဲပြားခြားနားစွာ ကြောင်တွေကိုရှုမြင်လိမ့်မယ်။ ကွဲပြားတဲ့အဆောက်အအုံ စနစ်နှစ်ခုတို့မှာ ‘ကြောင်’ ဟာ ကွဲပြားတဲ့အိုင်ဒီယာတွေအဖြစ် တည်ဆောက်ခံရတယ်။ အပြင်လောကမှာ တကယ့်ကြောင်တွေရှိကြတာမှန်တယ်၊ ဒါပေမယ့် လူတွေက ‘ကြောင်’ လို့ ပြောလိုက်ရေးလိုက်တဲ့အခါ သူတို့အနေနဲ့ တကယ်ကြောင်တွေကိုရည်ညွှန်းနေတာမဟုတ်ဘူး။ သူတို့ရဲ့ ဘာသာစကားအဆောက်အအုံစနစ်က တည်ဆောက် ပေးလိုက်တဲ့ ‘ကြောင်’

ဖြစ်ခြင်း အိုင်ဒီယာအဓိပ္ပါယ်ဆီကိုပဲ ရည်ညွှန်းခြင်းဖြစ်တယ်။ ဘာသာစကားမှာ အညွှန်း (Signifer) တွေဟာ အဓိပ္ပါယ်အညွှန်းခံ (Signified) တွေကိုသာ ညွှန်းဆိုတာမျိုးလုပ်နိုင်တယ်။ လူတွေက သူတို့ပြောဆိုနေတာ ပြင်ပကတကယ့်အရာတွေကို ထင်နေကြပေမယ့် တကယ်ကတော့ အဲဒီအရာတွေဖြစ်ခြင်းလို့ ဘာသာစကားစနစ်က သတ်မှတ်ပေးထားတဲ့ အိုင်ဒီယာတွေ မျှသာ ဖြစ်တယ်။ အဲဒါထက်ကျော်လွန်ပြီး ပြင်ပက အရာတွေဆီကို မရောက်ရှိဘူး။ ဒီတော့ အရင်းပြန်ချုပ်ရရင် လူမှုအုပ်စုတစ်စုရဲ့ ဘာသာစကားက အဆိုပါအုပ်စုရဲ့ အစစ်အမှန်တရားဆိုတဲ့ အသိကို ပုံဖော်လွှမ်းမိုးနေတာ။ ဘာသာစကားထက် တင်ကြိုတည်ရှိတဲ့ အိုင်ဒီယာတွေရယ်လို့ အသုံးပြုပြီး အမျိုးမျိုးသောအဓိပ္ပါယ်အညွှန်းခံတွေ ဖွင့်ဆိုနိုင်တယ်။ ဘယ်လိုအညွှန်းက ဘယ်လိုအညွှန်းခံကို ရည်ညွှန်းသလဲဆိုတာ အဆောက်အအုံစနစ်ရဲ့ အစဉ်အလာပြဋ္ဌာန်းမှုနဲ့ ပဲသက်ဆိုင်တယ်။ ပိုပြီးရှင်းလင်းစေဖို့ ဥပမာပေးရရင် တစ်ချိန်တုန်းက `စော်� ဆိုတဲ့အညွှန်း (Signifier) ဟာ 'မိန်းမတို့ရဲ့မအပ်မရာ' ဆိုတဲ့ အညွှန်းခံ (Signified) ကို ရည်ညွှန်းမှုပေးတယ်။ ယနေ့ခေတ်မှာတော့ အဲဒီစကားလုံးရဲ့အညွှန်းခံဟာ မိန်းမတွေကိုယ်တိုင် ဖြစ်သွားတယ်။ `စော်� ဆိုတဲ့ အညွှန်းတစ်ခုတည်းမှာ 'မိန်းမတို့ရဲ့ မအပ်မရာ' ဆိုတဲ့ အညွှန်းခံကနေ 'မိန်းမ' ဆိုတဲ့ အညွှန်းခံဆီကို ပြောင်းလဲသွားတာကို တွေ့ရလိမ့်မယ်။ ယနေ့ခေတ်မှာ 'စော်' လို့ အသံအရဖြစ်စေ စာသားအရဖြစ်စေ ဖော်ပြလိုက်တဲ့အခါ စိတ်မှာ ပေါ်လာတဲ့ အဓိပ္ပါယ်အညွှန်းခံက မိန်းမ တစ်ယောက်ရဲ့ ပုံရိပ်သာဖြစ်တယ်၊ တစ်ချိန်ကလို ဒီအညွှန်းကို မိန်းမတို့ရဲ့ မအပ်မရာလို့ တွဲမမြင်ကြတော့ဘူး။ ဒါကြောင့်လည်း ကြမ်းတမ်းသော၊ လူအများရှေ့မှောက် မသုံးနှုန်းသင့်သော စသဖြင့် သတ်မှတ်ထားတဲ့စကားလုံးကနေ ယောကျ်ားမိန်းမမရွေး လွယ်လွယ်ကူကူပေါ့ပေါ့ပါးပါး ထုတ်ဖော်သုံးစွဲကြတဲ့ သာမန်စကားလုံးတစ်လုံးဖြစ်လာခဲ့တယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲ ဆိုရင် ဘာသာစကား အဆောက်အအုံစနစ် (langue) တစ်ခုကို အသုံးပြုပြောဆို နေကြတဲ့လူတွေအတွင်းမှာ `စော်' ဆိုတဲ့ စကားလုံးအတွက် လက်ရှိပြဋ္ဌာန်းမှုဟာ `မိန်းမ' ဆိုတဲ့ အိုင်ဒီယာတစ်ခုဖြစ်နေလို့ပဲ။ အနာဂတ်မှာ အဆောက်အအုံစနစ် (langue) အတွင်း ဘာသာစကားပြောင်းလဲမှုတစ်ရပ်ဖြစ်ခဲ့ရင် `စော်' ဆိုတဲ့အညွှန်းဟာလည်း ယခုလိုမျိုး 'မိန်းမ� ဆိုတဲ့အညွှန်းခံကို မဖော်ပြတော့ဘဲ နောက်ထပ် အညွှန်းခံအသစ်တစ်ခုဆီ ပြောင်းလဲ သွားတာ လည်း ဖြစ်နိုင်နေသေးတယ်။ ဒါကြောင့် `စော်' ဆိုတာရယ်လို့ မရှိဘူး၊ 'စော်' ဆိုတာ ဘာဖြစ်တယ် လို့ သတ်မှတ်ပေးထားတဲ့ အိုင်ဒီယာသာလျှင်ပဲရှိတယ်။

ဒီလိုဆိုတော့ ဘာသာစကားအဆောက်အအုံစနစ် (langue) ဟာ အလွန်အမင်း ပရမ်းပတာဆန် နေတဲ့ အရာတစ်ခုလိုပဲ။ ဒါပေမယ့် အဆောက်အအုံစနစ်တစ်ခုမှာက သူ့ရဲ့ စည်းမျဉ်းစည်းကမ်း တွေရှိတယ်၊

အဲဒီစည်းမျဉ်းစည်းကမ်းတွေက ဝရုန်းသုန်းကားအခြေအနေတွေဖြစ်ပေါ်မလာစေဖို့ တားဆီးပေးထားတယ်။ အဆောက်အအုံစနစ် (langue) က သူ့ကို အသုံးပြုနေတဲ့ လူသားတွေ အပေါ်မှာ အလေ့အထနဲ့ ထုံးစံတွေကို ဖန်တီးပေးတယ်။ ဘယ်လိုအညွှန်းတွေဟာ ဘယ်အညွှန်းခံ တွေဆီ ရည်ညွှန်းသလဲဆိုတာဟာ တဖြည်းဖြည်းချင်းပဲ အလေ့အထနဲ့သက်ဆိုင်တဲ့ထုံးတမ်းတွေ ဖြစ်လာကြတယ်။ 'ကြောင်' ဆိုတဲ့ အညွှန်းဟာ ဘယ်လိုအဓိပ္ပါယ်အညွှန်းခံဆီ ဖော်ပြပေးသလဲဆိုတာ တသီးတသန့် ရှင်းလင်းပြ နေစရာမလိုတော့ဘဲ လူတွေရဲ့ စိတ်မှာ အလိုလို နားလည် လက်ခံလိုက်ကြတယ်။ ဘာကြောင့် ဒီလိုလက်ခံ လိုက်သလဲလို့မေးကြည့်ရင် လူတွေအနေနဲ့က ဒါဟာ ဘာသာစကားရဲ့ သဘာဝအရမို့ လက်ခံလိုက်တာဆိုတဲ့အဖြေမျိုး ပေးလိမ့်မယ်။ သူတို့အတွက်က ဘယ်အညွှန်းက ဘယ်အညွှန်းခံကို ရည်ညွှန်းသလဲဆိုတာ သဘာဝတရားတစ်ခုလို ဖြစ်နေတာ။ တကယ်ကတော့ အညွှန်းနဲ့ အညွှန်းခံတို့အကြားမှာ ဘယ်လို သဘာဝဆက်သွယ်ချက်မျိုးမှ မရှိဘူး။ အထက်မှာပြောခဲ့တဲ့ 'စော်' ဆိုတဲ့ စကားလုံး တစ်လုံးတည်းက ကွဲပြားတဲ့အဓိပ္ပါယ်နှစ်ခုကို ရည်ညွှန်းကြောင်း ကြည့်ခြင်းအားဖြင့် အညွှန်းနဲ့ အညွှန်းခံတို့ဟာ သဘာဝအားဖြင့် ဆက်စပ်နေတာမဟုတ်ကြောင်း သိနိုင်တယ်။ ဒါပေမယ့် အတိတ်ကာလတစ်နေရာရာမှာ လူတစ်ယောက်ကို `စော်� ဟာ ဘာကြောင့်မိန်းမတွေရဲ့ မအပ်မရာကို ရည်ညွှန်းသလဲမေးကြည့်ရင် သူက ဒီရည်ညွှန်းမှုဟာ သဘာဝအရပဲလို့ ဖြေကောင်းဖြေမယ်၊ ယခုပစ္စုပ္ပန်မှာလည်း 'စော်'ဆိုတာ ဘာကြောင့်မိန်းမတစ်ယောက်ကို ရည်ညွှန်းတဲ့ အသုံးအနှုန်းဖြစ်သလဲလို့ တစ်ယောက်ယောက်ကိုမေးရင် အလားတူပဲ ဒီစကားလုံးရဲ့ သဘာဝကိုက ဒီအဓိပ္ပါယ်မျိုး ဖြစ်နေတာလို့ ပြန်ဖြေကောင်းဖြေမယ်။ တကယ်ကတော့ သူတို့နားလည်ထားတဲ့ သဘာဝဆိုတဲ့အရာဟာ သဘာဝမဟုတ်ဘဲ အဆောက်အအုံစနစ် (langue) တစ်ခုရဲ့ ဘာသာဗေဒ တည်ဆောက်ချက်တစ်ခုသာ ဖြစ်တယ်။

ဒါတွေက လူမှုသီအိုရီနဲ့သက်ဆိုင်မှုမရှိတဲ့ ပျင်းရိဖွယ်ရာ ဘာသာဗေဒအယူအဆတွေလို့ ထင်ကောင်းထင်စရာရှိတယ်။ သို့သော် နှစ်ဆယ်ရာစုတစ်လျှောက်လုံးမှာ ပြင်သစ်ရဲ့ လူမှုသီအိုရီအများစုတို့ဟာ ဆောဆူးရဲ့ ဘာသာဗေဒအယူအဆ တွေဆီက မြစ်ဖျားခံလာခဲ့တာပဲ။ ဒါကြောင့် အဆောက်အအုံဝါဒအကြောင်း ပြောတဲ့အခါမှာ ဘာသာဗေဒအမြင်တွေကို ချန်လှပ်ထားခဲ့လို့မရဘူး။ အဆောက်အအုံဝါဒနောက်ပိုင်း အဆောက်အအုံလွန်ဝါဒ (Post-structuralism) အထိလည်း ဆောဆူးရဲ့ အယူအဆတွေကို ကျောရိုးအဖြစ်ယူပြီး ဆင့်ပွား ဖြစ်တည်လာတာလို့ ပြောလို့ရတယ်။ အထူးသဖြင့် လူမှုဘဝ(Social Life) ဆိုတာ အမျိုးမျိုးသော ဘာသာစကားအဆောက်အအုံစနစ် (langue) တွေ အသုံးပြုဖွဲ့စည်းထားတာ ဆိုတဲ့အမြင်မျိုးဟာ ဘာသာဗေဒဆိုင်ရာတည်ဆောက်ချက်တွေဆီက တိုက်ရိုက်ကောက်နှုတ် တာပဲ။

အထူးသဖြင့် ဆောဆူးရဲ့ အဆောက်အအုံစနစ် (langue) အယူအဆက နှောင်းပိုင်း လူမှုသီအိုရီတွေအပေါ် တစ်နည်းမဟုတ်တစ်နည်း သက်ရောက်လွှမ်းမိုးမှုရှိခဲ့တယ်လို့ ဆိုနိုင်တယ်။

လူမှုသီအိုရီနယ်ပယ်မှာတော့ ဒီလိုအဆောက်အအုံစနစ်တွေကို Discourse သို့မဟုတ် 'သိမှုဆိုင်ရာပို့ချချက်များ' လို့ အမည်တပ်တယ်။ မီရှယ်ဖူးကိုးက Discourse ရဲ့ အဓိပ္ပါယ်ကို 'ကျွန်ုပ်တို့ ကမ္ဘာကြီးအပေါ် နားလည်ရှုမြင်ပုံဖြစ်စေတဲ့ ချိတ်ဆက်ထားသော အိုင်ဒီယာတွေရဲ့ စနစ်အစုအဝေးများ' လို့ ဖွင့်ဆိုဖူးတယ်။ အလွယ်ကူဆုံးအနက်ပြန်ရင်တော့ နေ့စဉ်ဘဝထဲက စကားပြောဆိုပုံ၊ သိမြင်ပုံ၊ စဉ်းစားတွေးခေါ်ပုံ စတာတွေအားလုံးတို့ကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့ အရာဟာ Discourse ပဲ။ လူသားတစ်ဦးရဲ့ ပြောဆိုပုံ၊ တွေးခေါ်ပုံ စတာတွေအကုန်လုံးဟာ သူသင်ယူခဲ့ရတဲ့ သိမှုဆိုင်ရာပို့ချချက် (ဝါ) Discourse ထဲကသာ ဖြစ်တည်လာတယ်။ ဆိုလိုတာက လူသားဟာ သူပို့ချခံထားရတဲ့ သိမှုဆိုင်ရာအမြင်ထက်ကျော်လွန်ပြီး မသိနိုင်ဘူး၊ လူသားက ဘယ်လိုပြော၊ ဘယ်လိုသိ၊ ဘယ်လိုတွေး စတဲ့ သူ့ရဲ့ သိမှုအမြင်ကို ဘာသာစကား (Language) တစ်ခု သင်ယူပုံနည်းလမ်းအတိုင်း တသွေမတိမ်း သင်ယူရရှိလာတာ။ `သိမှုဆိုင်ရာပို့ချချက်' (Discourse) တွေဟာ လူမှုဘဝရဲ့ အခြေခံအရင်းအမြစ်ကျဆုံး အဆောက်အအုံ စနစ်တစ်မျိုးပဲ။

ဘာသာစကားလိုပဲ `သိမှုဆိုင်ရာပို့ချချက်'တွေဟာ အညွှန်းစနစ်နဲ့ အညွှန်းခံစနစ်တွေ အသုံးပြုဖွဲ့စည်းထားတယ်။ ဘာသာစကားလိုပဲ 'သိမှုဆိုင်ရာပို့ချချက်'တွေဟာလည်း ပြင်ပကမ္ဘာ ကို ရည်ညွှန်းတဲ့အဓိပ္ပါယ်တွေ မထုတ်လုပ်နိုင်ဘူး။ လူတွေက အကြောင်းအရာတစ်ခုအကြောင်း ပြောဆိုကြတဲ့အခါ သူတို့အနေနဲ့ ကမ္ဘာလောကထဲက အရာဝတ္ထု အစစ်တွေကို ရည်ညွှန်း နေတာပါလို့ ထင်ကောင်းထင်ကြလိမ့်မယ်။ အမှန်ကတော့ သူတို့ဟာ အစစ်အမှန်တရားဆိုတဲ့ အရာဆီကို ဘယ်သောအခါမှမရောက်ရှိနိုင်ဘူး။ `သိမှုဆိုင်ရာပို့ချချက်' (Discourse) တွေက ဖန်တီးပေးလိုက်တဲ့ အစစ်အမှန်တရားလို့ထင်ရတဲ့ အဓိပ္ပါယ်အညွှန်းခံ (Signified) တွေကိုသာ ထိတွေ့နေခြင်းဖြစ်တယ်။ ဆိုလိုတာက သူတို့ရဲ့ ပြောဆိုပုံတွေ၊ တွေးခေါ်ပုံတွေအားလုံးတို့ဟာ တစ်ခုသော 'သိမှုဆိုင်ရာပို့ချချက်'အရ ကန့်သတ်ခံထားရတယ်။ ဆိုကြပါစို့၊ လူအုပ်စုတစ်စုက စစ်ပွဲတစ်ပွဲအကြောင်းပြောဆိုတဲ့အခါ နောက်ကွယ်မှာ သူတို့အပေါ်လွှမ်းမိုးထားတဲ့ 'သိမှုဆိုင်ရာ ပို့ချချက်'တစ်ခု ရှိနေတယ်။ နောက်ထပ်လူအုပ်စုတစ်စုကလည်း နောက်ထပ် 'သိမှုဆိုင်ရာ ပို့ချချက်' တစ်ခု အရ အဆိုပါစစ်ပွဲအကြောင်း ပြောဆိုမယ်။ အုပ်စုနှစ်စုစလုံးတို့ကတော့ သူတို့ဟာ ပြင်ပက တကယ့် အရာတွေနဲ့ အစစ်အမှန်တရားတွေကို ဆွေးနွေးပြောဆိုနေတာပါလို့ ထင်ကြ မှာချည်းပဲ၊ သို့သော် သူတို့ပြောဆိုနေကြတဲ့ အစစ်အမှန်တရားတွေကိုယ်တိုင်ဟာ မတူညီကြဘူး။ ဘာကြောင့်လဲဆိုရင် သူတို့ရဲ့ တွေးခေါ်ပုံတွေကို နောက်ကွယ်က

`သိမှုဆိုင်ရာပို့ချချက်� တစ်ခုစီက ပုံသွင်းကန့်သတ်ထားလို့ပဲ။ ဒါကြောင့် သူတို့ဟာ အစစ်အမှန်တရားဆိုတဲ့အရာဆီ မရောက်ကြဘူး၊ သူတို့ကို လွှမ်းမိုးထားတဲ့ 'သိမှုဆိုင်ရာပို့ချချက်'ကသာ သူတို့အတွက် အစစ်အမှန်တရားတစ်ခုကို ဖန်တီးပေးခြင်းဖြစ်တယ်။

ဆောဆူးရဲ့ ဘာသာဗေဒအမြင်တုန်းက အသုံး ဘာသာစကားဟာ (parole) ဟာ အဆောက် အအုံစနစ် (langue) လောက် အရေးပါမှုမရှိဘူးလို့ ယူတယ်။ အဲဒီအယူအဆအတိုင်းပဲ အဆောက်အအုံဝါဒကလည်း တသီးပုဂ္ဂလ လူသားတွေရဲ့ 'သိမှုဆိုင်ရာပို့ချချက်' အသုံးပြုမှုတွေဟာ 'သိမှုဆိုင်ရာပို့ချချက်'တွေ ကိုယ်တိုင်လောက် အရေးမပါဘူလို့ သတ်မှတ်တယ်။ ဒီအမြင်အရ လူသားတွေဟာ 'သိမှုဆိုင်ရာပို့ချချက်'တွေ အောက်မှာ ကျခံနေရတဲ့ အကျဉ်းသားတွေ ဆိုတာနဲ့ မခြားတော့ဘူး။ သူတို့က `သိမှုဆိုင်ရာပို့ချချက်'တွေရဲ့ လွှမ်းမိုးစေခိုင်းမှုဆီက ရုန်းမထွက်နိုင်ဘူး။

ဒါကြောင့်လည်း အဆောက်အအုံဝါဒအမြင်က လူသားတွေရဲ့ တွေးခေါ်ပုံ ပြောဆိုပုံ စတဲ့ လူမှုဘဝတစ်ခုလုံးကို အဆောက်အအုံ ကျောရိုးတစ်ခုတည်းနဲ့ နားလည် ရှင်းလင်းနိုင်တယ် ဆိုတဲ့သဘောမျိုးအထိ သက်ရောက်သွားစေတယ်။

Myth သို့မဟုတ် အစုအဖွဲ့ယုံကြည်ချက်များကို ချဉ်းကပ်ခြင်း

၁၉၅၀ နဲ့ ၁၉၆၀ တဝိုက်လောက်မှာအစပျိုးခဲ့ပြီး ယနေ့ခေတ်ထိ ကျယ်ကျယ်ပြန့်ပြန့်လွှမ်းမိုးနေဆဲ အဆောက်အအုံဝါဒ ဆိုင်ရာအရေးအသားတွေကို ထုတ်လုပ်ခဲ့သူတစ်ဦးက စာပေသီအိုရီပညာရှင် ရိုလန်ဘာ့တ် (Barthes) ပဲ။ ဘာ့တ်ရဲ့ အဆောက်အအုံဝါဒဆိုင်ရာ လေ့လာချက်ပုံစံက စာသားတွေကို ဘယ်လိုမျိုး ဝေဖန်ရေးနည်းလမ်းတကျ ဖတ်ရှုရမလဲ ဆိုတာ လမ်းညွှန်မှု ပေးတယ်။ ဒါ့အပြင် မော်ဒန်လူ့အဖွဲ့အစည်းတွေ အတွင်း လည်ပတ် အလုပ်လုပ်နေတဲ့ အမှတ်အသား သင်္ကေတစနစ်တွေရဲ့ အရေးပါမှုကို ဘယ်လိုအနက်ပြန်ဆိုရမလဲဆိုတာ ဘာ့တ်က ဖော်ထုတ်ပြတယ်။ ဘာ့တ်ရဲ့ သီအိုရီတွေက ဆောဆူးရဲ့ ဘာသာဗေဒအယူဆကို မာ့က်စ်ဝါဒ ဆိုင်ရာနားလည်ပုံတွေထဲက ပါဝါ၊ အိုင်ဒီယိုလိုဂျီ စတဲ့ ဖွင့်ဆိုချက်အမြင်တွေနဲ့ ပြန်လည်တွဲစပ်တာပဲ။ အမှတ်အသားသင်္ကေတစနစ် သို့မဟုတ် သိမှုဆိုင်ရာပို့ချချက်တွေမှာ လွှမ်းမိုးဆဲလူတန်းစားရဲ့ အမြင်တွေလည်း ရောယှက်ပါဝင်နေတယ်ဆိုတာမျိုး ဘာ့တ်က ယူဆတာ။ ဒါကြောင့် အဆောက်အအုံဝါဒဆိုင်ရာလေ့လာချက် (Structuralist Analysis) က နိုင်ငံရေးဆန်တဲ့ကိုယ်ထည်တစ်ခုကို ရယူထားတယ်။ နိုင်ငံရေးဆန်တယ်လို့ဆိုရခြင်းက အဆောက်အအုံဝါဒ လေ့လာချက်က အမှတ်အသားသင်္ကေတစနစ် (Sign-system) တွေက တစ်ဆင့် ထုတ်လုပ်ပေးလိုက်တဲ့ ပါဝါဆက်သွယ်ချက်ကို ရှာဖွေဖို့ကြိုးစားတာကြောင့်ပဲ။ အဆောက်အအုံဝါဒလေ့လာချက်အမြင်အရကြည့်ရင် ကမ္ဘာလောကအပေါ် ရှုမြင်ပုံတွေဟာ လူတွေထင်ထားသလို သဘာဝဆန်တဲ့အရာမဟုတ်ဘဲ သိမှုဆိုင်ရာပို့ချချက်တွေအသုံးပြုပြီး ခြယ်လှယ်ထားတဲ့ လွှမ်းမိုးဆဲလူတန်းစားရဲ့ အိုင်ဒီယိုလိုဂျီတွေ ရောယှက်ပါဝင်နေတယ်။ သိမှုဆိုင်ရာပို့ချချက် (Discourse) တွေဟာ သူတို့အထဲမှာပါဝင်နေတဲ့ ပါဝါဆက်သွယ်ချက်ကို အပေါ်ယံကွယ်မြှုပ်ပေးထားပြီးမှ တစ်ဖက်တစ်လမ်းကနေ မသိမသာပို့ချသိမ်းသွင်းတာမျိုးတွေ လုပ်နိုင်တယ်။

၁၉၇၇ ခုနှစ်ထုတ်လက်ရာ Mythologies မှာ ဘာ့တ်က သိမှုဆိုင်ရာပို့ချချက်တွေရဲ့သဘာဝကို ကိုင်တွယ်တယ်။ သိမှုဆိုင်ရာပို့ချချက်တွေက စားသုံးသူဝါဒ (Consumerism) နဲ့ ကြော်ငြာလုပ်ငန်းတို့ကို သွယ်ဝိုက်စွာသွားရောက် ဆက်နွယ်နေတယ်လို့ ဘာ့တ်က မြင်တာ။ အပေါ်ယံအားဖြင့်ကြည့်ရင်

အရေးမပါဘူးလို့ထင်ရနိုင်တဲ့ စာသား (Text) တွေထဲမှာ အများဆိုင်ရာယုံကြည်ချက်တစ်မျိုးကို တည်ဆောက်ပေးတဲ့အဓိပ္ပါယ် (Mythical Meaning) တွေ ပိုင်ဆိုင် ထားကြတယ်။ ဥပမာ ဆပ်ပြာမှုန့်ကြော်ငြာတစ်ခုက ကြည်ရှုသူပရိသတ်အပေါ် သူတို့ရဲ့ ကုန်ပစ္စည်းဟာ အခြားပြိုင်ဖက် ဆပ်ပြာမှုန့်တွေထက် ပိုမိုဖြူစင်တောက်ပြောင်စေတယ်ဆိုတဲ့ အာမခံချက်မျိုးနဲ့ ဆွဲဆောင်မယ်။ ဒီဖြစ်ရပ်မှာ အညွှန်း (Signifier) ဖြစ်တဲ့ 'ကြော်ငြာ' ဟာ အဓိပ္ပါယ်အညွှန်းခံ(Signified) ဖြစ်တဲ့ `ဆပ်ပြာမှုန့်ဆိုတဲ့ ကုန်ပစ္စည်းရဲ့ စင်ကြယ်မှုဆိုင်ရာ အခြေခံအနက်' ကို ရည်ညွှန်းမှုပေးတယ်။ သို့ပေမယ့် ဒါက တစ်ခုတည်းသော ဆိုလိုရင်းမဟုတ်ဘူး။ အညွှန်းနဲ့ အညွှန်းခံတို့ဟာ အတူတကွပေါင်းစပ်ပြီး သွယ်ဝိုက်ညွှန်းဆိုမှု အဓိပ္ပါယ်ဆိုင်ရာအလွှာအဆင့် (Connotative Level) တစ်ခုဆီ ပို့ဆောင်ပေးမယ့် နောက်ထပ်အမှတ်အသား(Sign) တစ်ခုကို တည်ဆောက်လိုက်တယ်။ အဆိုပါ အမှတ်အသားက မစ်သ် (သို့မဟုတ်) အများဆိုင်ရာအစုအဖွဲ့ယုံကြည်ချက်တစ်မျိုးကို ထပ်ဆင့်ထုတ်လုပ်တယ်။ ကြော်ငြာမှာက သစ်လွင်တောက်ပတဲ့ အဝတ်အစားတွေအသုံးပြုပြီး ဆပ်ပြာမှုန့်ရဲ့ စင်ကြယ်စွာ လျှော်ဖွတ်နိုင်စွမ်းကို ပြသဖို့ကြိုးစားမှာ။ တိုက်ရိုက်ညွှန်းဆိုမှုအဓိပ္ပါယ်က ဆပ်ပြာမှုန့်ရဲ့ အရည်အသွေးမြင့်မားကောင်းမွန်မှုဖြစ်တယ်။ သို့သော် သွယ်ဝိုက်ညွှန်းဆိုတဲ့ အိုင်ဒီယိုလိုဂျီ အဓိပ္ပါယ် (သို့မဟုတ်) ကြော်ငြာရဲ့ မစ်သ်ဆန်မှုက ပျော်ရွှင်ချမ်းမြေ့မှုဟာ အဝတ်အစားလို အသုံးအဆောင်ပစ္စည်းတွေ ဝယ်ယူခြင်းမှာ မှီတည်နေတယ်၊ စားသုံးသူဝါဒဟာ လူမှုဘဝဆိုင်ရာ ကျေနပ်ပျော်ရွှင်မှုကိုဖြည့်ဆည်းပေးနိုင်တယ်ဆိုတဲ့ သဘောကို တည်ဆောက် ပေးတယ်။ ကြော်ငြာရဲ့ တိုက်ရိုက် ညွှန်းဆိုမှု ဘာသာစကားမှာ သုံးစွဲသူဝါဒရဲ့မစ်သ်ဆန်တဲ့ သွယ်ဝိုက် ညွှန်းဆိုမှု ဘာသာစကားအဖြစ်နဲ့ အဓိပ္ပါယ်တွေ တွဲကပ်ပါနေတယ်။ ဒါကြောင့် ကြော်ငြာ လုပ်ငန်းဟာ အညွှန်းပြုစနစ်(Signifying System) တစ်မျိုးပဲ။ ကြော်ငြာတွေက လူတွေအနေနဲ့ ကုန်ပစ္စည်းတွေကို စဉ်ဆက်မပြတ်ဝယ်ယူသုံးစွဲဖို့ လှုံ့ဆော်နေတဲ့အပြင် အဲဒီလို ဝယ်ယူသုံးစွဲမှုကလည်း မှန်ကန်ပြီး သဘာဝကျတဲ့အရာလို့ ထင်မြင်လာအောင် ပုံဖော် ပေး နေတယ်။ "ဤအသုံးအဆောင်ကို သုံးစွဲခြင်းဖြင့် ဂုဏ်ယူပါ"၊ "ဤကုန်ပစ္စည်းကိုအသုံးပြုခြင်းဖြင့် မိမိကိုယ်ကိုယုံကြည်မှုမြှင့်တင်ပါ"၊ "သင်၏ဘဝအောင်မြင်မှုအတွက် ဤနည်းပညာထုတ်ကုန်၏ အကူအညီကိုရယူပါ" စတဲ့ ကြော်ငြာစာသားတွေက စားသုံးသူဝါဒဟာ လူတွေအဖို့ ရှောင်လွှဲခြင်းငှာမစွမ်းသာတဲ့ သဘာဝဖြစ်စဉ်ကြီးလို့ ထင်လာစေတယ်။ အရင်းရှင်စနစ် အောင်မြင်ဖို့အတွက်က စားသုံးသူဝါဒသည်သာလျှင် လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးနဲ့ အကျိုးပြုမှု အရှိဆုံးလို့ မပြတ်ဖော်ပြနေမှာပဲ။ ဒါကြောင့် ကြော်ငြာလုပ်ငန်းလို အမှတ်အသား

သင်္ကေတစနစ်တွေရဲ့ နောက်ကွယ်မှာ အိုင်ဒီယိုလိုဂျီအမြင်တွေ ရောယှက်နေတယ်လို့ ဆိုရခြင်းပဲ။

သို့သော် အဆောက်အအုံဝါဒရဲ့ အမှတ်အသားသင်္ကေတစနစ်တွေလေ့လာချက်က ဖရန့်ဖွတ် ကျောင်းတော်လိုမျိုး အိုင်ဒီယိုလိုဂျီဟာ ရည်ရွယ်ချက် ရှိရှိထုတ်လုပ်ပို့ချခံရတဲ့အရာလို့ မယူဆဘူး။ ဆပ်ပြာမှုန့် အရောင်းမြှင့်တင်ရေးဝန်ထ တွေက အထက်ပါအတိုင်း ကြံ့ကြံ ရိုက်ကူးပြီး ဆပ်ပြာမှုန့်သုံးစွဲမှုရဲ့ နောက်ကွယ်က စားသုံးသူဝါဒကို အသိရှိရှိ ပုံဖော်မြှင့်တင်ပေးဖို့ကြိုးစားတာမျိုး မဟုတ်ဘူး။ အဆောက်အအုံဝါဒအမြင်မှာက သူတို့ကိုယ်တိုင်ဟာ လည်း သင်္ကေတစနစ်တွေအတွင်းမှာ ပိတ်လှောင်ခံထားရသူတွေဖြစ်ကြတယ်။ ဒါကြောင့် သင်္ကေတစနစ်တွေရဲ့ အလုပ်လုပ်ပုံက လွှမ်းမိုးဆဲ လူတန်းစားရဲ့ အိုင်ဒီယိုလိုဂျီတွေကို မြှင့်တင် ပေးဖို့ ဦးတည်တာမဟုတ်ဘဲ သူတို့ရဲ့အမြင်တွေ ထုတ်လုပ်ပို့ချခံရတယ်ဆိုရင်တောင် လွှမ်းမိုးသူလူတန်းစားအနေနဲ့လည်း ဒီအချက်ကိုသတိပြုမိဖို့ခဲယဉ်းတယ်။ ဒီအခြေအနေက သာမန်ညွှန်းဆိုတဲ့ အေလီယန်နေးရှင်းဖြစ်စဉ်ထက် ဒီဂရီမြင့်မားတဲ့ စိမ်းခြင်းအကျိုးလွန်ကဲမှု (Hyper-alienation) ကို ဖြစ်စေတယ်။ အဆောက်အအုံဝါဒမှာက သိမှုဆိုင်ရာပို့ချချက်တွေဟာ အစစ်အမှန်တရား (Reality) ကို ဖန်တီးတယ်ဆိုတာ မှန်တယ်။ သို့သော် လွှမ်းမိုးသူရော လွှမ်းမိုးခံရော၊ ပါဝါရှိသူရော ပါဝါမဲ့သူရော နှစ်မျိုးစလုံးဟာ အမှတ်အသားသင်္ကေတစနစ်တွေက ထုတ်လုပ်ပေးလိုက်တဲ့ အဓိပ္ပါယ်ကွန်ယက်တွေထဲမှာနစ်မြုပ်ပြီး ဒီဖြစ်စဉ်ကို သတိမပြုမိနိုင်ဘူး။

အလားတူအယူအဆကို နောက်ထပ် အဆောက်အအုံဝါဒီတစ်ဦးဖြစ်တဲ့ မာ့က်စ်ဝါဒ တွေးခေါ် ပညာရှင် လူဝီအော်သူဆယ် (Althusser) ရဲ့ အရေးအသားတွေမှာလည်း တွေ့ရမယ်။ အော်သူဆယ်ရဲ့ အဆောက်အအုံဝါဒဆိုင်ရာ သီအိုရီ အမြင်တွေက ၁၉၇၀ တဝိုက်မှာ အလွန် အမင်း လွှမ်းမိုးမှု ရှိခဲ့တယ်။ အော်သူဆယ်က လွှမ်းမိုးအုပ်ချုပ်သူ လူတန်းစားရဲ့ အိုင်ဒီယိုလိုဂျီ တွေဟာ သင်္ကေတစနစ်တွေအားဖြင့် အများစုလူထုတွေးခေါ်ပုံတွေထဲ ဘယ်လို ဝင်ရောက် လွှမ်းမိုးသလဲ ဆိုတာ လေ့လာတယ်။ သူဟာလည်း ဂရမ်ရှီလိုပဲ လူတန်းစားနှစ်ရပ်တို့အကြားက ရုပ်ကြမ်းဆိုင်ရာအကြမ်းဖက်မှု မဟုတ်တဲ့ စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးခြယ်လှယ်မှုကို စိတ်ဝင်စားတယ်။ ဘုရားကျောင်းတော်၊ မိသားစု၊ ပညာရေးစနစ် စတဲ့ အင်စတီကျူးရှင်းတစ်ခုစီ တို့ဟာ တစ်ခုသော သိမှုဆိုင်ရာပို့ချချက်အောက်မှာ ရှိနေကြတာချည်းပဲ။ အဲဒီလိုပဲ သိမှုဆိုင်ရာ ပို့ချချက်တစ်ခုစီတို့ကလည်း သူ့နည်းသူ့ဟန်အားဖြင့် အစစ်အမှန်တရားတွေကို ဖန်တီး ပြဋ္ဌာန်းတယ်။ ဥပမာဆိုရင် မိသားစုအင်စတီကျူးရှင်းနဲ့ စပ်ဆိုင်တဲ့ သိမှုဆိုင်ရာပို့ချချက် (Discourse) က အမျိုးသမီးတွေအားလုံးရဲ့

ကိုယ်ပိုင်အမှတ်အသား တည်ဆောက်မှုကို လွှမ်းမိုးထားနိုင်တယ်။ ဒါကြောင့် အမျိုးသမီးတစ်ယောက်ကိုမေးရင် သူ့ရဲ့ အရေးပါဆုံးလူမှုဘဝတာဝန်ဟာ အိမ်ထောင်မှု ထိန်းသိမ်းဖို့ ဖြစ်တယ်လို့ ဖြေကြလိမ့်မယ်။ ပြီးတော့ ဒါဟာ သဘာဝပဲလို့လည်း ဆိုကြလိမ့်မယ်။ တကယ်ကတော့ ဒီယုံကြည်ချက်ဟာ သဘာဝ ဆန်ခြင်း မဆန်ခြင်းနဲ့ လားလားမျှ မသက်ဆိုင်ဘူး။ ဒါဟာ လူမှုဘဝကပြဋ္ဌာန်းထားတဲ့ မိသားစုဆိုင်ရာ အိုင်ဒီယိုလိုဂျီတစ်ခု သာလျှင် ဖြစ်တယ်။ ဒါကြောင့် လူမှုအဆောက်အအုံ အတွင်းက လူမှုလိင် မညီမျှချက်လို ပြဿနာတွေဟာ သိမှုဆိုင်ရာပို့ချချက်တွေအားဖြင့် ပုံဖျက်ခံထားရတာ ဖြစ်ပြီး ဒါကိုလည်း ဖြစ်ရိုးဖြစ်စဉ် တွေးရိုးတွေးစဉ် စတဲ့ သဘာဝတရားတွေလို့ ထင်မြင်လာစေတယ်။ သို့သော် ဆိုခဲ့ပြီးသလိုပဲ အဆောက်အအုံဝါဒဆိုင်ရာအမြင်မှာက ဒီလိုမညီမျှချက်တွေဆိုတာ အုပ်စုတစ်စုက ရည်ရွယ်ချက်ထားပြီး ဖန်တီးတာမျိုးမဟုတ်ဘူး။ လွှမ်းမိုးသူရော လွှမ်းမိုးခံပါ သိမှုဆိုင်ရာပို့ချချက်တစ်ခုအောက်မှာ ပုံသွင်းခံထားရသူတွေ ဖြစ်ကြတယ်။ ယောကျ်ားတွေက သိမှုဆိုင်ရာပို့ချချက်ကို ရယူဆုပ်ကိုင်ထားပြီး အမျိုးသမီးတွေနဲ့ သက်ဆိုင်တာဟာ မီးဖိုချောင်သာ ဖြစ်တယ်လို့ ညွှန်ကြားနေတာမျိုးမဟုတ်ဘူး။ ခွဲခြားသူ နေရာမှာရှိတဲ့ ယောကျ်ားတွေ ကိုယ်တိုင်မှာလည်း သူတို့ရဲ့ သိမှုဆိုင်ရာပို့ချချက်ကို ကျော်လွှားနိုင်တဲ့ ပါဝါမျိုး မရှိဘူး။ အမျိုးသမီးတွေနည်းတူ သူတို့ဟာလည်း သိမှုဆိုင်ရာ ပို့ချချက်တစ်ခုထဲက ပြဋ္ဌာန်းမှုတွေအလိုက် ပြုမူတွေးခေါ်နေကြခြင်းသာဖြစ်တယ်။

ဆောဆူးရဲ့ ဘာသာဗေဒအမြင်ကို အခြေခံထားတဲ့ အဆောက်အအုံဝါဒမှာ ပြဿနာတစ်ရပ် တွေ့ရှိတယ်။ ဘာသာစကားရဲ့ အဆောက်အအုံစနစ် (langue) နဲ့ အသုံးဘာသာစကား (parole) အစိတ်အပိုင်းနှစ်ရပ်တို့မှာ အဆောက်အအုံစနစ်ကိုပဲ အဓိကကျောရိုးအဖြစ် ယူပြီး အစီအစဉ်နဲ့ အလုပ်လုပ်ပုံတွေကို နားလည်ရှင်းလင်းနိုင်တယ်လို့ ယူတယ်။ အဆောက်အအုံစနစ် (langue) သာလျှင် အခရာဖြစ်တယ်။ ဒီလိုဆိုရာမှာ အသုံးဘာသာစကား (parole) ရဲ့ အရေးပါမှု အခန်းကဏ္ဍဟာလည်း အလိုလိုလျော့ကျသွားရတယ်။ မေးဖို့ရှိလာတာက အသုံးဘာသာစကား (parole) ဟာ အကယ်၍များ ဆောဆူးတွက်ဆထားခဲ့တာထက် ပိုမိုဖန်တီးနိုင်စွမ်းအား ပိုင်ဆိုင်နေခဲ့ရင်ရောဆိုတဲ့ကိစ္စပဲ။ အဆောက်အအုံဝါဒ လူမှုသီအိုရီအမြင်မှာ ဆိုရင်လည်း လူသားတွေရဲ့ ပြုမူပုံ တွေးခေါ်ပုံ စတာတွေကတစ်ဖက်၊ သိမှုဆိုင်ရာပို့ချချက် (Discourse) တွေတစ်ဖက် ရှိကြရာမှာ ပထမအရာတွေက ဒုတိယရဲ့ ချုပ်ကိုင်မှုအောက် အလုံးစုံ ကျရောက်နေတယ်လို့ ယူတယ်။ ဒါပေမယ့် လူသားတွေဟာ သူတို့ရဲ့ ဖန်တီးနိုင်စွမ်းအားကို အသုံးပြုပြီး သူတို့အပေါ် ကျရောက်နေတဲ့ သိမှုဆိုင်ရာပို့ချချက်တွေကို ပြန်လှန်ထည့်ဝင်တာမျိုး မလုပ်နိုင်ဘူးလားဆိုတာ မေးစရာရှိတယ်။ ဒီလိုမျိုးလူသားဖန်တီးမှုကို တစ်နေရာစာ

ပေးလိုက်ရင်လည်း မူလနားလည်ထားခဲ့တဲ့ သိမ္မဆိုင်ရာပို့ချချက်ရဲ့ ကဏ္ဍဟာ ပိုမိုဝေဝါးမှု ရှိသွားပြီ။ သိမ္မဆိုင်ရာ ပို့ချချက်ဆိုတာ လူမှုဘဝရဲ့ လုပ်ငန်းဆောင်တာအဝဝ တို့ကို ချုပ်ကိုင်ထားတာမျိုး မဟုတ်တော့ဘဲ သူကိုယ်တိုင်ဟာလည်း အချိန်ကာလနဲ့အတူ ရွေးလျားပြောင်းလဲမှု ဖြစ်နိုင်တယ်ဆိုတဲ့သဘော သက်ရောက်သွားပြီ။ ဒီလိုဆိုရင်ဖြင့် လူတွေအနေနဲ့ ဒါတွေကတော့ သိမ္မဆိုင်ရာပို့ချချက်တွေပဲ ဆိုတဲ့ ဖောက်ထွင်း တွေးခေါ်နိုင်စွမ်းမျိုး ရရှိသွားခဲ့ရင် အဲဒီသိမ္မဆိုင်ရာပို့ချချက်တွေကို ငြင်းပယ်တာ၊ ဒါမှမဟုတ် ပြန်လည်စိန်ခေါ်ဖို့ ကြိုးစားတာတွေ လုပ်တော့မှာ။ အသုံးဘာသာစကား (parole) ဟာ အဆောက်အအုံစနစ် (langue) ရဲ့ လက်အောက်ခံသက်သက်မဟုတ်ဘဲ အဆောက်အအုံစနစ်ကိုပါ ပြန်လည်ပြောင်းလဲ နိုင်စွမ်းရှိတယ်ဆိုတဲ့ သဘောတရားမျိုးပဲ။ အနည်းဆုံးတော့ ဒီအမြင်က လူသားတွေဟာ သိမ္မဆိုင်ရာအရ အဆောက်အအုံစနစ်တစ်ခု အတွင်း အကျဉ်းကျခံ နေရတယ်ဆိုတဲ့ အဆောက်အအုံဝါဒ ဆိုင်ရာအယူအဆကို ဆန့်ကျင်မေးခွန်းထုတ်နိုင်တာတော့ အမှန်ပဲ။

အဆောက်အအုံလွန်ဝါဒ (Post-structuralism) ဆီသို့

၁၉၆၀ နှောင်းပိုင်းမှာ အဆောက်အအုံဝါဒအတွင်းမှာလည်း ပြဿနာတွေ အငြင်းပွားမှုတွေနဲ့ ရင်ဆိုင်လာရပြီ။ တစ်ချိန်တုန်းက အဆောက်အအုံဝါဒအမြင်ကို ဆက်ခံခဲ့ကြတဲ့ သီအိုရီပညာရှင် တွေကိုယ်တိုင် နည်းနာအသစ်တွေ အယူအဆလမ်းကြောင်း အသစ်တွေ ထုတ်လုပ်ဖို့ လိုအပ်နေပြီဆိုတဲ့ အမြင်မျိုး ရှိလာကြတယ်။ တစ်နည်းအားဖြင့်တော့ အဆောက်အအုံဝါဒဟာ တစ်ချိန်ကယူဆခဲ့ကြသလို လူ့မှုဘဝကိုချဉ်းကပ်ဖို့အတွက် သိပ္ပံနည်းကျအမှန်တရားကို မပေးစွမ်း နိုင်တော့ဘူး။ လူ့မှုဘဝအဓိပ္ပါယ်ကို ဓမ္မဓိဋ္ဌာန်ကျ ခွဲခြမ်းလေ့လာဖို့ကြိုးစားတဲ့ အဆောက်အအုံဝါဒ ကိုယ်တိုင်က တင်းကြပ်လွန်းပြီး မေးခွန်းထုတ်စရာတွေလည်းရှိတယ်။ ဒါကြောင့် ၁၉၆၀ နောက်ပိုင်းမှာ အဆောက်အအုံလွန်ဝါဒ (Post-structuralism) လို့ သတ်မှတ်တဲ့ အတွေးအခေါ် ဆိုင်ရာလမ်းကြောင်းသစ်တစ်ရပ် စတင်ဖွံ့ဖြိုးလာခဲ့တယ်။

အဆောက်အအုံဝါဒတုန်းက လူ့မှုဘဝဆိုတာကို အဆောက်အအုံစနစ်တစ်ခု အခြေခံယူပြီး နားလည်ဖို့ ကြိုးစားတယ်။ လူ့မှုအဆောက်အအုံကို ပုံစံတစ်ရပ်ထုတ်ယူပြီး လူ့မှုဘဝအတွင်းက အဓိပ္ပါယ်နဲ့အမှန်တရားတည်ဆောက်မှုတွေကို လေ့လာချဉ်းကပ်တာ။ အဆောက်အအုံလွန်ဝါဒ မှာတော့ ဒီအယူအဆတွေဟာ ငြင်းပယ်ခံရတယ်။ အဆောက်အအုံလွန် ဝါဒက အဓိပ္ပါယ်စနစ် တွေကို ရယူ ဆုပ်ကိုင်ထားဖို့မဟုတ်ဘဲ အဓိပ္ပါယ်တွေရဲ့ တည်ငြိမ်မှုမရှိပုံနဲ့ အမျိုးမျိုးကွဲပြားနိုင်ချေ တို့အပေါ်မှာပဲ အာရုံစိုက်တာ။ ဆောဆူးရဲ့ ဘာသာဗေဒအမြင်မှာ အညွှန်း (Signifer) တစ်ခုဟာ တစ်ခုသော အညွှန်းခံ (Signified) ဆီကို ရည်ညွှန်းတယ်။ ဘာသာစကားအဆောက်အအုံစနစ် (langue) ရဲ့ အစဉ်အလာဖြစ်မှုက အညွှန်းဟာ အညွှန်းခံတစ်ခုဆီ ပြဆိုတယ်ဆိုတဲ့သဘောပဲ။ ဒါကြောင့် အညွှန်းနဲ့ အညွှန်းခံတို့အကြားမှာ ဆက်သွယ်ချက်တစ်စုံတရာ ရှိနေတယ်။ အဆောက်အအုံလွန်ဝါဒမှာကျတော့ အညွှန်းဟာ အညွှန်းခံနဲ့ဆက်စပ်မှု ရှိတယ်ဆိုတဲ့အချက်ကို အယူအဆဘောင်ထဲကနေ အပြီးပိုင်ဖယ် ထုတ်ပစ်လိုက်တယ်။ အညွှန်းတွေဟာ ပြင်ပလောကထဲက တကယ့်အရာတွေကို ညွှန်းဆိုဖို့မဆိုထားနဲ့၊ သူညွှန်းဆိုလိုက်တဲ့ အဓိပ္ပါယ် အညွှန်းခံနဲ့ တောင် အဆက်အစပ်မရှိဘူးလို့ သတ်မှတ်တယ်။ ၂၀ ရာစုနှောင်းပိုင်းရဲ့ အရေးပါဆုံး တွေးခေါ်ပညာရှင်တွေထဲကတစ်ဦးဖြစ်တဲ့ ပြင်သစ်အဆောက်အအုံလွန်ဝါဒီ ဒဲရီဒါ

(Derrida) ရဲ့ အဆိုအတိုင်းပြောရရင် တကယ်က ကမ္ဘာလောကအစစ် ဆိုတာတောင် လုံးလုံးမရှိဘူး၊ အဲဒီကမ္ဘာလောကကိုညွှန်းဆိုထားတဲ့ ပုံရိပ်တွေပဲရှိတယ်။ ဒါက ရက်ဒီကယ်ကျတဲ့ အဆိုပြုချက် တစ်ခုပဲ။ ဘာသာစကားနဲ့တကွသော အမှတ်အသားသင်္ကေတစနစ်တွေက ကမ္ဘာလောကကို ညွှန်းဆိုတာ မဟုတ်ဘဲ သူတို့ကိုယ်ကိုသာပြန်လည်ညွှန်းဆိုမှု လုပ်နိုင်ကြတယ်။ အမှတ်အသား (Sign) တစ်ခုဟာ အစစ်အမှန် ဆိုတဲ့အရာတစ်ခုဆီ ညွှန်ပြနေတာမဟုတ်ဘဲ နောက်ထပ်သော အမှတ်အသားတွေဆီ ကိုပဲ ညွှန်ပြနေတာဖြစ်တယ်။ အဘိဓါန်တစ်အုပ်ကိုလှန်ပြီး Beautiful ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပါယ်ကို ကြည့်ရှုတဲ့အခါ အနက်တွေထဲကတစ်ခုအဖြစ် Wonderful ဆိုတဲ့ နောက်ထပ်စကားလုံးကိုညွှန်းဆိုတယ်။ Wonderful ကို ရှာဖွေကြည့်ရင် Excellent ဆိုတဲ့ နောက်ထပ်စကားလုံးအမှတ်အသားတစ်ခု ထွက်ကျလာမယ်။ တဖန် Excellent ဆိုတဲ့ သင်္ကေတအမှတ်အသားက Extraordinary ဆီက ညွှန်ပြနေပြန်တယ်။ အဲဒီတော့ 'လှပသော' (Beautiful) ဆိုတဲ့ မူလအမှတ်အသားဟာ နောက်ထပ်အမှတ်အသားတွေ နဲ့ဆင်ပွားခံ လိုက်ရတယ်။ ရုတ်တရက်တော့ အလွန်ရှုပ်ထွေးသယောင် ထင်ရတယ်။ ဒါပေမယ့် အဆောက်အအုံလွန်ဝါဒရဲ့ ရက်ဒီကယ်ကျလှတဲ့ ဒီအမြင်အရကြည့်မယ်ဆိုရင် 'လှပသော' ဆိုတာဟာ ပြင်ပကမ္ဘာထဲက အစစ်အမှန်အရာတစ်ခုခုကို ညွှန်ပြတာ မဟုတ်ဘူး။ 'လှပသော� ဆိုတဲ့အရာရယ်လို့ မရှိဘူး။ 'လှပသော' ဆိုတာဟာ ဘယ်လိုအရာဖြစ်ပါတယ်ဆိုတဲ့ လက်ဆုပ်လက်ကိုင်ပြနိုင်မှု လည်းမရှိဘူး။ 'လှပသော' ဆိုတာ ဘာရယ်ပါလို့ ဘယ်လိုများ ပြောမလဲ။ အဲဒီလိုပြောဖို့ဆိုရင်လည်း 'လှပသော� ကို ဖွင့်ဆိုချက်ပေးမယ့် နောက်ထပ်သော အမှတ်အသားတွေကို ရည်ညွှန်းရတော့မှာ။ လှပသောဆိုတာဟာ ကောင်းမွန်မှု၊ မျက်စိပသာဒ ဖြစ်မှု စသဖြင့် ဖွင့်ဆိုရင် အဲဒီ ကောင်းမွန်သော၊ မျက်စိပသာဒဖြစ်သော စတဲ့စကားလုံးတွေ ကိုယ်တိုင်ဟာလည်း အလားတူတဲ့ အမှတ်အသားသင်္ကေတတွေပဲ။ အရင်းပြန်ချုပ်လိုက်ရင် အမှတ်အသား (Sign) တစ်ခုဟာ ပြင်ပကမ္ဘာထဲက အစစ်အမှန်တရားတွေကို ညွှန်းဆိုမှု မလုပ်နိုင်ဘူး။ အဲဒီအစား အမှတ်အသားတွေဟာ အမှတ်အသားတွေကိုပဲ ညွှန်ပြပြီး အဲဒီအမှတ်အသားတွေကလည်း နောက်ထပ်သောအမှတ်အသားတွေဆီကိုပဲ ပို့ဆောင်ပေးတယ်။ အဲဒီအခါမှာ အဆုံးမရှိနိုင်တဲ့ အညွှန်းပြုမှုကွင်းစက် (Chain) တစ်ခု ဖြစ်လာတော့တယ်။ အဆောက်အအုံလွန်ဝါဒအရ အမှတ်သင်္ကေတစနစ် တွေဟာ တည်ငြိမ်မှုမရှိဘဲ အမြဲတစေ ပြောင်းလဲ သွားနိုင်စွမ်းဆီ ဦးတည်နေတာဖြစ်တယ်။

အဲဒီတော့ အညွှန်း (Signifier) တစ်ခုဟာ အဓိပ္ပါယ်အညွှန်းခံ (Signified) တစ်ခုဆီကိုပဲ ဆက်နွယ်နေတာမျိုး မဟုတ်တော့ဘဲ တစ်ခုထက်ပိုတဲ့ အဓိပ္ပါယ်အညွှန်းခံပေါင်းများစွာတို့ကို ညွှန်ပြနိုင်တယ်။ နောက်တစ်ချက်အနေနဲ့

ဒဲရီဒါဆိုခဲ့တာက ဘာသာစကားရဲ့ပင်ကိုသဘာဝဟာ အပြောစကား (Speech) မဟုတ်ဘဲ အရေးအသား (Writing) မှာ ဖြစ်တည်တယ်။ ဒါပေမယ့် အရေးအသားတွေဟာ ပြင်ပကမ္ဘာကို ကိုယ်စားပြုထင်ဟပ်နေတာ မဟုတ်ဘူး။ အရေးအသားတွေ က သူ့ရဲ့အမှတ်သင်္ကေတတွေမှာ အမျိုးမျိုးကွဲပြားပြီး တစ်ခုထက်ပိုတဲ့အစစ်အမှန်တရားတွေကို ဖန်တီးနေတာ။ အရေးအသားတွေထဲမှာ ညွှန်းဆိုဖော်ပြတဲ့ ကမ္ဘာလောကဟာ အမျိုးမျိုးသော စာသား (Text) တွေနဲ့ ဖန်တီးခံရတဲ့အရာပဲ။ အဲဒီစာသားတွေ ကိုယ်တိုင်ကလည်း အမြဲမပြတ် ပြောင်းလဲနေနိုင်ပြီး တစ်ခုထက်ပိုတဲ့ အဓိပ္ပါယ်တွေ ထုတ်လုပ်ပေးနိုင်တယ်။ အဓိပ္ပါယ်တွေဟာ အမှတ်အသားတွေက နောက်ထပ်အမှတ်အသားတွေဆီ ရွေ့လျားသွားရာက ဖြစ်တည်လာဖြစ်ပြီး နောက်ဆုံးမှာ အညွှန်းပြုစက်ကွင်းထဲက ခုန်ထွက်နိုင်ခြင်းမရှိဘူး။ ဒါကြောင့် အဓိပ္ပါယ်ဆိုတာဟာ ဘယ်တော့မှတည်ငြိမ်မှုမရှိတဲ့အရာပဲ ဖြစ်တယ်။

အဆောက်အအုံလွန်ဝါဒဆီ အကူးအပြောင်းအတွက် နောက်ထပ်အရေးပါတဲ့ ပုဂ္ဂိုလ်က ယက်လာကန် (Lacan) ပဲ။ လာကန်ကို ဖရွိုက်နောက်ပိုင်းမှာ လွှမ်းမိုးနိုင်မှု အရှိဆုံးနဲ့ အငြင်းပွားဖွယ် အကောင်းဆုံး စိတ်ခွဲပညာရှင်လို့ ဆိုကြတယ်။ ၁၉၅၀ တဝိုက်လောက်က လာကန်ရဲ့ စိတ်ခွဲပညာဆိုင်ရာအရေးအသားတွေမှာ တစ်ချိန် အဆောက်အအုံလွန်ဝါဒဆီ ပြောင်းလဲလာမယ့် အတွေးအခေါ်ပိုင်းဆိုင်ရာကို အရိပ်အမြွက် မြင်နေခဲ့ရပြီ။ အဲဒီအချိန် လောက်ကတည်းက လာကန်ရဲ့ လက်ရာတွေဟာ လွှမ်းမိုးဆဲဖြစ်တဲ့ အဆောက်အအုံဝါဒ ထက်စာရင် အဆောက်အအုံလွန်ဝါဒဘက်ဆီ ပိုယိမ်းခဲ့တယ်။ လာကန်က အမှတ်အသား သင်္ကေတစနစ် (Sign system) တွေက ထုတ်လုပ်ပေးတဲ့ အဓိပ္ပါယ်တွေဟာ တည်ငြိမ်မှု မရှိနိုင်ဘူးလို့ အခိုင်အမာဆိုတာ။ ဒီအမြင်ကို သူ့ရဲ့ စိတ်ခွဲပညာအယူအဆတွေမှာ ထင်ထင်ရှားရှား တွေ့နိုင်တယ်။ လာကန်က လူသားရဲ့ မသိစိတ် (Human Unconscious) ဟာ ဘာသာစကားတစ်ခုနဲ့ အလားသဏ္ဍာန် တူတယ်လို့ ဆိုတယ်။ ကလေးတစ်ယောက် မွေးဖွားလာတဲ့အခါ ပတ်ဝန်းကျင်ကမ္ဘာလောကကို စတင်ထိတွေ့ပြီး လေ့လာသင်ယူ ရတယ်၊ ဘာသာစကားတစ်ခုခု စတင်ပြောဆိုရတယ်၊ အဲဒီအချိန်ကစလို့ ကလေးဟာ သူမွေးဖွားရာ လူ့အဖွဲ့အစည်းရဲ့ သင်္ကေတအခြေပြု လူမှုအစီအစဉ် (Symbolic Order) တစ်ခုထဲ ထည့်သွင်းခံ ရတော့တာပဲ။ သင်္ကေတအခြေပြု လူမှုအစီအစဉ်ဆိုတာက သူ့ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းကို လွှမ်းမိုးပုံဖော်ပေးနေတဲ့ သိမှုဆိုင်ရာပို့ချချက် (Discourse) အသီးသီးဖြစ်တယ်။ ကလေးငယ်ဟာ အဆိုပါသိမှုဆိုင်ရာ ပို့ချချက်တွေထဲမှာ ဖြတ်သန်းလာရတယ်။ ဒီအခြေအနေမှာ သိမှုဆိုင်ရာ ပို့ချချက်တွေက သိစိတ်အပြင် မသိစိတ်ကိုပါ ပုံဖော်တည်ဆောက် ပေးတယ်။ လာကန်အတွက်ကတော့ မသိစိတ်ဆိုတာဟာ လျှို့ဝှက်ဆန်းကြယ်တဲ့ အရာဖြစ်တယ်၊ အဓိပ္ပါယ်တစ်ခု သတ်မှတ်ချက်တစ်ခုနဲ့ ပုံသေပြဆိုဖို့ မဖြစ်နိုင်တဲ့

အရာဖြစ်တယ်။ လာကန်ယူဆတဲ့ မသိစိတ် (the Unconscious) ဆိုတာဟာ အထက်မှာ ဒီရီဒါပြောခဲ့တဲ့ အညွှန်းပြုဖြစ်စဉ် (Signification) နဲ့ မခြားလှဘူး။ အညွှန်းပြုဖြစ်စဉ်ထဲမှာ အညွှန်းတွေဟာ နောက်ထပ်အညွှန်းတွေ ဆီကို ညွှန်ပြရင်း မဆုံးနိုင်တဲ့အညွှန်းပြုမှုကွင်းစက်ထဲက ရုန်းမထွက်နိုင်သလိုပဲ မသိစိတ်ဆိုတာဟာလည်း အဆုံးမရှိဘူး၊ တည်ငြိမ်မှုမရှိဘူး။ သိမှုဆိုင်ရာပို့ချချက် (Discourse) ပေါင်းများစွာတို့နဲ့ တည်ဆောက်ခံထားရတဲ့ မသိစိတ်ဟာ စဉ်ဆက်မပြတ်ပြောင်းလဲနေတယ်၊ ရေရှည်တည်မြဲမှုကင်းမဲ့နေတယ်၊ တစ်နေရာက နောက်တစ်နေရာကို ရွေ့လျားနေတယ်။ လာကန်ရဲ့ အဆိုအရဆိုရင် တသီးပုဂ္ဂလလူသားဟာ တည်ငြိမ်စုစည်းမှုရှိနိုင်မယ့် သူ့ရဲ့အတွင်းအတ္တ (Ego) တစ်ခုကို ရှာဖွေဖို့ကြိုးစားနေပေမယ့် မအောင်မြင်နိုင်ဘူး။ လူသားတွေဟာ ဘယ်သောအခါမှ စုစည်းညီညွတ်ပြီး ကျေနပ် ပြည့်စုံလောက်ဖွယ်ရာ သူ့ရဲ့ အတ္တသရုပ်ကို မရရှိနိုင်ဘူး။ ဘာကြောင့်လဲဆိုရင် သာမန်အားဖြင့် မမြင်နိုင်တဲ့ မသိစိတ်ဟာ အညွှန်းတွေပြောင်းလဲပုံလို စဉ်ဆက်မပြတ်ရွေ့ လျားမှုဖြစ်စဉ်တစ်ခုထဲ ပါဝင်နေရလို့ပဲ။ ဒါကြောင့်လည်း လူသားတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာ(Identity) နဲ့ အတ္တ(Ego) တို့ကို စုစည်းဖမ်းဆုပ်တာမျိုး မလုပ်နိုင်ဘဲ ထပ်ပြန်တလဲလဲ ပြိုကွဲမှုတွေ ရွေ့လျားမှုတွေထဲ ထပ်ပြန်တလဲလဲ တည်ဆောက်ယူဖို့ကြိုးစားနေရတယ်။

လာကန်ရဲ့ လွှမ်းမိုးမှုခံရတဲ့ ယူလီယာခရစ္စတီဗာ(Kristeva)တို့လို အဆောက်အအုံလွန်ဝါဒီ တွေကလည်း နောက်ပိုင်းမှာ ဒီအမြင်တွေကိုအခြေခံယူရင်း အဆောက်အအုံဝါဒဆီက တဖြည်းဖြည်းလမ်းခွဲထွက်လာကြတယ်။ ၁၉၇၀ တဝိုက်မှာ ရိုလန်ဘာ့တ်ဟာလည်း မူလအဆောက်အအုံဝါဒအမြင်တွေနဲ့ကွဲပြားတဲ့ လမ်းကြောင်းသစ်တစ်ခုပေါ်ကို ရောက်နေခဲ့ပြီ။ ခမ္ဘမိဠာန်ကျတဲ့ တစ်ခုတည်းသောအကြွင်းမဲ့အမှန်တရားဆိုတဲ့ အယူအဆမျိုးတွေဟာ ကြီးစိုးနိုင်ခြင်းမရှိတော့ဘူး။ လူသားအတ္တ (Ego) ဆိုတာ အပွင့်သဘောဆန်ပြီး အဆုံးမရှိနိုင်တဲ့ ပြောင်းလဲရွေ့လျားမှုဖြစ်စဉ်ထဲ ပါဝင်နေရတယ် ဆိုတဲ့သဘောကို လက်ခံလာကြပြီ။ အထူးသဖြင့် အသီးသီးသောသိမှုဆိုင်ရာပို့ချချက်တွေရဲ့ ပြောင်းလဲမှုအကြားမှာ သူတို့တည်ဆောက်လိုက်တဲ့ လူသားအတ္တလည်း လိုက်လံပြောင်းလဲနေတယ်ဆိုတာ အလေးပေးတင်ပြလာကြတယ်။ ဘာ့တ်က “ငါ” ကတ္တား (I) ဆိုတာဟာ အခြားသောစာသားတွေရဲ့ အများဆန်ကိန်း (Plurality) တစ်ခုဖြစ်တယ်လို့ ဆိုခဲ့တယ်။ သဘောကတော့ လူသားတစ်ယောက်ရဲ့ စိတ်ဟာ သိမှုဆိုင်ရာပို့ချချက်အများအပြားတို့အားဖြင့် ရေးထွင်းလိုက်တဲ့စာသား (Text) တစ်ခုဖြစ်တယ်။ စာသားရဲ့ အဓိပ္ပါယ် ချို့ငဲ့ပြောင်းလဲနိုင်ချေတွေလိုပဲ စိတ်ဟာလည်း စုစည်းညီညွတ်မှု ကင်းမဲ့ခြင်းတွေ၊ ဝေခွဲရခက်ခြင်းတွေ၊ အဆုံးမရှိရွေ့လျားခြင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အရာဖြစ်တယ်။ အဆောက်အအုံဝါဒတုန်းက အဆောက်အအုံ ကျောရိုးစနစ်တစ်ခုကို အခြေခံယူပြီး တိကျတဲ့ဖွင့်ဆိုသတ်မှတ်ချက်တွေ၊

အဓိပ္ပါယ်တွေကို ရှာဖွေဖို့ကြိုးစားခဲ့တယ်၊ အဆောက်အအုံလွန်ဝါဒကတော့ ဒါဟာ မဖြစ်နိုင်တဲ့အချင်းအရာလို့ယူဆပြီး အဓိပ္ပါယ်တွေရဲ့ တည်ငြိမ်မှုမရှိတဲ့သဘော၊ စုစည်းဖမ်းဆုပ်ဖို့မဖြစ်နိုင်တဲ့သဘောတွေကိုပဲ အလေးပေးခဲ့တယ်။ အဆောက်အအုံလွန်ဝါဒ အထူးဖွံ့ဖြိုးခဲ့တာကတော့ ပြင်သစ်တွေးခေါ်ပညာရှင် မီရှယ်ဖူးကိုး (Foucault) ရဲ့ တမူထူးခြား ဖောက်ထွက်နိုင်ခဲ့တဲ့ အတွေးအခေါ်လမ်းကြောင်းမှာပဲ။ အဆောက်အအုံလွန်ဝါဒကို နားလည်နိုင်ဖို့ဆိုရင် ဖူးကိုးရဲ့ သီအိုရီအယူအဆတွေကို မဖြစ်မနေ လေ့လာချဉ်းကပ်ဖို့လိုလိမ့်မယ်။

သိမှုပို့ချချက်နှင့် ပါဝါအပေါ်ဖွင့်ဆိုမှုများ

အဆောက်အအုံလွန်ဝါဒ အကြောင်းပြောတဲ့အခါတိုင်း မလွဲမသွေမြင်ရမယ့် တွေးခေါ်ပညာရှင် အမည်စာရင်းထဲမှာ မီရှယ်ဖူးကိုး (Foucault) ကို ထိပ်ဆုံးနေရာလောက်က တွေ့ရလိမ့်မယ်။ ဖူးကိုးဟာ ၁၉၆၀ နောက်ပိုင်း လူမှုသီအိုရီနဲ့ ဒဿနနယ်ပယ်တွေမှာ လွှမ်းမိုးမှု အကြီးဆုံးပညာရှင်တွေထဲက တစ်ယောက်လို့ ဆိုနိုင်တယ်။ ၁၉၆၀ တဝိုက်တုန်းက သူ့ရဲ့လက်ရာတွေက အဆောက်အအုံဝါဒနဲ့ ပိုမိုနီးစပ်မှုရှိခဲ့ပေမယ့် အဲဒီနောက်မှာတော့ အခြားသူ တွေနည်းတူ အဆောက်အအုံလွန်ဝါဒဘက်ကို ပိုမိုယိမ်းယိုင်ခဲ့တယ်။ တစ်ခုသတိပြုစရာက ဖူးကိုးရဲ့ အတွေးအခေါ်တွေ အကြောင်း ပြောတဲ့အခါ (ဒီနေရာမှာဆိုရင် အဆောက်အအုံလွန် ဝါဒလို) အယူဝါဒတစ်ရပ် သို့မဟုတ် လှုပ်ရှားမှုရေစီးတစ်ခုထဲက အစိတ်အပိုင်းအဖြစ်ဖော်ပြသလို သူ့ချည်းသက်သက်ရပ်တည်မှုရှိတဲ့ သီးခြားအယူအဆလမ်းကြောင်းတစ်ခု အနေနဲ့လည်း ဖော်ညွှန်းတာတွေရှိတယ်။ အဆောက်အအုံလွန်ဝါဒဆိုတဲ့ တံဆိပ်တစ်ခု မတွဲစပ်ဘဲနဲ့လည်း ဖူးကိုးကို သီအိုရီပညာရပ်တစ်ခု အဖြစ် သူ့ချည်းသက်သက် လေ့လာနိုင်တယ်။ ပညာရပ်နယ်ပယ် အသီးသီးအတွင်းမှာ ဖူးကိုးရဲ့ လွှမ်းမိုးမှုက အဲဒီလောက်အထိ ကြီးမားအားကောင်းခဲ့တယ်။

အခြားသောအဆောက်အအုံဝါဒီနဲ့ အဆောက်အအုံလွန်ဝါဒီတွေလိုပဲ ဖူးကိုးရဲ့ ရပ်တည်ချက်က မော်ဒန်လူ့အဖွဲ့အစည်း အတွင်းက တည်ဆဲလူမှုသီအိုရီအမြင်တွေကို စိန်ခေါ်တာပဲ။ အထူးသဖြင့် လူသားရဲ့ သိမှု (Knowledge) ဆိုတာဟာ အကြွင်းမရှိ ဓမ္မဓိဋ္ဌာန်ကျတဲ့အရာဖြစ်နိုင်တယ် ဆိုတဲ့ မော်ဒန်ဝါဒတွေးခေါ်ပုံမျိုးကို ဖူးကိုးက ငြင်းဆန်တယ်။ ဖူးကိုးက လူမှုအဆောက်အအုံအတွင်းက ပါဝါဆက်သွယ်ချက် (Power Relations) တွေကို အဓိကထားပြီးကိုင်တွယ်ခဲ့တယ် ဆိုပေမယ့် ပါဝါဆက်သွယ်ချက်ဟာ လူတန်းစားအမြင်မှာအခြေခံထားတယ်ဆိုတဲ့ မာ့က်စ်ဝါဒဆိုင်ရာ 'မဟာဇာတ်ပြော' (Metanarrative) ပုံစံတွေကိုတော့ လက်မခံခဲ့ဘူး။ မာ့က်စ်ဝါဒရဲ့ မဟာဇာတ်ပြောက ဖိနှိပ်ထားတဲ့ ပါဝါချုပ်ကိုင်မှုကို အလုပ်သမားလူတန်းစားရဲ့ တော်လှန်ရေး အားဖြင့် ရှန်းထွက်တိုက်ဖျက်ပစ်ရေးဆီ လမ်းကြောင်းပေးထားတာ။ သို့သော် ဖူးကိုးက လူတန်းစားအမြင်သက်သက်တင်မကဘဲ အသေးစိတ်ကျတဲ့ မိုက်ခရိုအလွှာအဆင့်တွေအထိ ပါဝါရဲ့ ဆက်သွယ်ချက်သဘောကို သရုပ်ခွဲဖို့ကြိုးစားတယ်။ ဖူးကိုးအတွက်က ဖိနှိပ်မှုဆိုတာသည် လူတန်းစားသက်သက်ကို အခြေပြုထားတဲ့ ပါဝါဆိုင်ရာ ဆက်သွယ်ချက် မဟုတ်ဘူး။ ဖိနှိပ်ခံအုပ်စုဆိုတာသည်လည်း ဘောဂအမြင်အခြေပြုတဲ့

အလုပ်သမားလူတန်းစားတစ်ရပ်တည်း မကဘူး။ လူ့အဖွဲ့အစည်းရဲ့ အတွင်းပိုင်းကျတဲ့ အသေးငယ်ဆုံး အလွှာအဆင့် တွေအထိ တိုးဝင်ကြည့်ရင် လူတန်းစားအမြင်အရမဟုတ်တဲ့ အခြားသောဖိနှိပ်ခံအုပ်စုတွေဟာလည်း အထက်အောက် ဖိစီးထားတဲ့ပါဝါအောက်မှာ ကျရောက်နေရတယ်။ အမျိုးသမီးတွေနဲ့ ဂေး၊ လက်စဘီယံတို့လို လိင်တူ တိမ်းညွတ်သူတွေ အပြင် အကျဉ်းသားနဲ့ စိတ်ပိုင်းဆိုင်ရာ မူမမှန်သူတွေလို့ သတ်မှတ်ထားတဲ့ စိတ္တဇဆေးရုံတွေက လူနာတွေအထိလည်း အဆိုပါ ပါဝါဆက်သွယ်ချက်အလုပ်လုပ်ပုံအတွင်းမှာ ပါဝင်နေတာကို တွေ့ရလိမ့်မယ်။

ဖူးကိုးရဲ့ အစောပိုင်းကာလလက်ရာတွေက အဆောက်အအုံဝါဒနဲ့ ပိုမိုနီးနွယ်မှုရှိတယ်လို့ ဆိုခဲ့တယ်။ ဖူးကိုးက အနောက်တိုင်းလူ့အဖွဲ့အစည်း သမိုင်းကြောင်းဟာ ကွဲပြားခြားနားတဲ့ သိမှုစနစ် (Knowledge-system) ဆိုင်ရာ အလွှာတွေနဲ့ ဖွဲ့စည်းထားတာလို့ ဆိုတယ်။ အဲဒီလိုအလွှာတစ်ခုစီကို 'သိမှုအဆောက်အအုံ' (Episteme) လို့ အမည်ပေးတယ်။ 'သိမှုအဆောက်အအုံ' က အထက်မှာဖော်ပြခဲ့တဲ့ ဘာသာစကားအဆောက်အအုံစနစ် (langue) နဲ့ သဘောတရားချင်းဆင်တူတယ်။ သို့သော် ဖူးကိုးက `သိမှုအဆောက်အအုံ� (Episteme) ဟာ ပင်မကျောရိုးတစ်ခု မဟုတ်ဘဲ အလွှာအကန့်သဘောဆောင်တဲ့ သိမှုစနစ်တွေသာဖြစ်တယ်လို့ ဆိုတယ်။ ဆိုလိုတာက သမိုင်းကာလတစ်ခု အတွင်းမှာ တစ်ခုသော `သိမှုအဆောက်အအုံ� က နေရာယူစိုးမိုးထားတယ်။ လူသားတွေရဲ့ သိမှုအမြင်အားလုံးတို့ဟာ အဆိုပါ 'သိမှုအဆောက်အအုံ' အတွင်းမှာ ကျရောက်နေရတယ်။ အချိန်ကာလတစ်ခုအတွင်းမှာရှိတဲ့ လူသားတွေရဲ့ တွေးခေါ်ပုံတွေ အသိအမြင်တွေအား လုံးတို့ကိုလည်း `သိမှုအဆောက်အအုံ� က အဆုံးအဖြတ်ပေးတယ်။ လူသားတွေ အနေနဲ့ 'သိမှုအဆောက်အအုံ' က ခွင့်ပြုပေးသလောက် အတိုင်းအတာအားဖြင့်သာ သူတို့ရဲ့ သိမှုအမြင်တွေကို ချဲ့ထွင်နိုင်မှာဖြစ်ပြီး အဲဒီ အဆောက်အအုံစနစ်ကို ကျော်လွန်ပြီး ထိုးထွင်းသိမြင်တာမျိုး မလုပ်နိုင်ဘူး။ မော်ဒန်ဝါဒ အခြေတည်ခဲ့စဉ်အခါတုန်းက လူသားတွေဟာ ဓမ္မဓိဋ္ဌာန်ကျအမှန်တရားကို ရှာဖွေနိုင်တယ်ဆိုတဲ့ အမြင်မျိုးတွေ ဖြစ်ထွန်းခဲ့တယ်။ ဒါကို လူသားသမိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုလို့လည်း ရှုမြင်ကြတယ်။ ဖူးကိုးကတော့ လူသား သမိုင်းမှာ တိုးတက်ပြောင်းလဲမှုဆိုတာမရှိဘူးလို့ အခိုင်အမာဆိုတယ်။ တကယ်က လူသားတွေရဲ့ သိမှုဆိုင်ရာမှာ တိုးတက်မှုအရွေ့ ဖြစ်ပေါ်တာမဟုတ်ဘဲ 'သိမှုအဆောက်အအုံ' (Episteme) တစ်ခုပြိုလဲသွားပြီး သူ့နေရာမှာ နောက်ထပ် `သိမှုအဆောက်အအုံ� တစ်ခု အစားထိုး ပေါ်ထွက်လာခြင်းသာ ဖြစ်တယ်။ အနောက်တိုင်းရဲ့ လူသား သမိုင်းကြောင်း တစ်လျှောက်လုံးမှာ တည်ရှိလာတဲ့ သိမှု အဆောက်အအုံစနစ်တွေကို ခွဲခြမ်းစိတ်ဖြာကြည့်ရင် လူ့အဖွဲ့အစည်းဟာ မျဉ်းဖြောင့်တစ်ခု ပေါ်မှာ ရွေ့လျားတိုးတက်လာတာမရှိဘူး။ 'သိမှုအဆောက်အအုံ'

တစ်ခု နေရာမှာ နောက်ထပ်တစ်ခုက အစားထိုးဝင်ရောက်လာတာပဲရှိတယ်။

ဆေးဝါးပညာ (Medicine)၊ ပြစ်မှုဗေဒ (Criminology) နဲ့ စိတ်ကုပညာ (Psychiatry) တို့လို ပညာရပ်တွေကို သိမှုအဆောက်အအုံတစ်ခုထဲက သိမှုဆိုင်ရာပို့ချချက်(Discourse)တွေအဖြစ် နမူနာယူလို့ရတယ်။ အဆိုပါသိမှုဆိုင်ရာပို့ချချက်တွေဟာ သူတို့ဟာ ဓမ္မဓိဋ္ဌာန်ကျ အမှန်တရားကို ဖော်ထုတ်တဲ့ သိပ္ပံပညာရပ်တွေပါလို့ အဆိုပြုကောင်းပြုမယ်။ တကယ်ကတော့ သိမှုဆိုင်ရာပို့ချချက်တွေဟာ `အစစ်အမှန်တရား'ကိုဖော်ပြတာမဟုတ်ဘဲ သူတို့အလိုရှိအပ်တဲ့ အစစ်အမှန်တရားကို သူတို့ဘာသာ ပြန်လည်တည်ဆောက်ယူတဲ့သဘောပဲ။ ဒါကြောင့် သိမှုဆိုင်ရာပို့ချချက်တစ်ခု ပြောင်းလဲသွားတဲ့အခါ အမှန်တရားဆိုတဲ့အမြင်ဟာလည်း လိုက်လံပြောင်းလဲသွားတယ်။ ဆေးဝါးပညာနယ်ပယ် အတွင်းမှာ သိမှုဆိုင်ရာပို့ချချက်အသစ်တွေ ပေါ်ပေါက်လာတဲ့အခါ လူသားကိုယ်ခန္ဓာဆိုင်ရာ လေ့လာပုံတွေအတွက် ရှိနေနှင့်ပြီးသား အမှန်တရားတွေနေရာမှာ နောက်ထပ်အမှန်တရားအသစ်တွေနဲ့ အစားထိုးခံလိုက်ရတယ်။ ၁၈ ရာစု နှောင်းပိုင်းလောက်ကအစပြုပြီး ရေပန်းစားလာတဲ့ လူမှုသိပ္ပံပညာရပ်တွေဟာ လူ့အဖွဲ့အစည်းအတွက် သိမှုဆိုင်ရာ ပို့ချချက်အသစ်တွေ အများအပြားထုတ်လုပ်ပေးတယ်။ ပြစ်မှုဗေဒ (Criminology) ခေါင်းစဉ်အောက်မှာ ဘယ်လိုလူ အမျိုးအစားတွေကို အပြစ်သားအဖြစ် သတ်မှတ်နိုင်သလဲဆိုတာ စစ်ဆေးတယ်၊ စိတ်ကုပညာ (Psychiatry) က လူအုပ်စုဝင်တွေအတွင်းမှာ စိတ်ရောဂါရှိသူအမျိုးအစားဆိုတဲ့ သတ်မှတ်ချက်တစ်ခုထားပြီး ခွဲထုတ်ပစ်တယ်။ အပြစ်သား၊ စိတ်ရောဂါရှိသူ စတဲ့ သတ်မှတ်ချက်တွေဟာလည်း တစ်ခုသောသိမှုဆိုင်ရာပို့ချချက် (Discourse) က ဖန်တီးလိုက်တဲ့တံဆိပ်တွေပဲ။ တစ်ချိန်တုန်းက တစ်ကိုယ်ရေအာသာဖြေခြင်းလို အလေ့အထကို မူမှန်မဟုတ်တဲ့ စိတ်ရောဂါတစ်ခုလို့ သတ်မှတ်ခဲ့ကြဖူးတယ်၊ ယနေ့ထိတိုင်အောင်လည်း ရှေးရိုးစွဲလူ့အဖွဲ့အစည်းတွေမှာ တစ်ကိုယ်ရေ အာသာဖြေခြင်းကို တဏှာစိတ်လွန်ကဲဖောက်ပြန်မှုလိုမျိုး စိတ်ပိုင်းဆိုင်ရာပြဿနာတစ်ခုနဲ့ ယှဉ်တွဲပြလေ့ရှိသေးတယ်။ တကယ်က ဒါဟာ စိတ်ရောဂါမဟုတ်ဘူး၊ စိတ်ရောဂါ ဖြစ်ကြောင်း အမည်တပ်ဖို့ကြိုးစားလာတဲ့ သိမှုဆိုင်ရာပို့ချချက်က ထုတ်လုပ်ပေးလိုက်တဲ့ အမှတ်တံဆိပ် ဖြစ်တယ်။ ဒီဖြစ်ရပ်မှာဆိုရင် သိမှုဆိုင်ရာပို့ချချက်ရဲ့ လုပ်ငန်းက မူမမှန်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရောဂါရှိခြင်း စတဲ့ အစစ်အမှန်တရား (လို့ ယူဆတဲ့အရာ) တွေကို ထုတ်လုပ်ရင်း လူသားရဲ့ သိမှုအပေါ် လွှမ်းမိုးပို့ချဖို့ကြိုးစားတာ။ သို့တိုင်အောင်လည်း တစ်ကိုယ်ရေအာသာဖြေခြင်းဟာ သာမန်လိင်စိတ်သဘာဝတစ်ခုသာ ဖြစ်တယ်ဆိုတဲ့ နောက်ထပ်သိမှုဆိုင်ရာပို့ချချက်အသစ်တစ်ခု ဖြစ်တည်လာတဲ့အခါ မူလသိမှုဆိုင်ရာပို့ချချက်က သတ်မှတ်ထားတဲ့ မူမှန်စိတ်မဟုတ်ခြင်း ဆိုတဲ့တံဆိပ်က

အလိုလိုကွာကျသွားတယ်။ ဒီတော့ကာ ပါဝါဆိုတဲ့အရာက မဲ့ဘ်က်စ်ဝါဒက ယူဆသလို လူတန်းစားတစ်ရပ်က အခြားတစ်ရပ်ကိုဖိနှိပ်ထားဖို့ အသုံးပြုတဲ့ အဖျက်သဘော၊ အနုတ်လက္ခဏာသဘော (Negative) မဟုတ်ဘူး။ ပါဝါဟာ ဖန်တီးနိုင်တဲ့သဘော သို့မဟုတ် အပေါင်းလက္ခဏာ (Positive) သဘော အသွင်ကိုဆောင်တယ်။ သိမှုဆိုင်ရာပို့ချချက်တွေထဲမှာ ပါဝါက လူအမျိုးအစားအမှတ်တံဆိပ် အသစ်တွေ ဖန်တီးထုတ်လုပ်ပေးနိုင်စွမ်းရှိနေလို့ပဲ။ ဖူးကိုးပြောခဲ့တဲ့ "သိမှုမှ ပါဝါသို့၊ ပါဝါဆီမှ သိမှုသို့" ဆိုတဲ့ Knowledge/Power ဆက်သွယ်ချက်က သူတို့အချင်းချင်း အပြန်အလှန်ထိုးဖောက်မှီခိုနေကြတဲ့ အခြေအနေကို ပြဆိုတယ်။

ဖူးကိုးရဲ့ အရေးအသားတွေကိုကြည့်ရင် ပါဝါဆိုတာသည် ဖိနှိပ်မှုအဖျက်သဘောမဟုတ်ဘဲ ဖန်တီးနိုင်မှုသဘော ဖြစ်တယ်ဆိုတဲ့အမြင်ကို တွေ့ရလိမ့်မယ်။ ဒီဆိုလိုရင်းကို နားလည်နိုင်ဖို့ အတွက် လိင်မှုသဘာဝ (Sexuality) နဲ့ စပ်လျဉ်းတဲ့ သူ့ရဲ့ သီအိုရီအယူအဆတွေကို ပြန်ကြည့် နိုင်တယ်။ ဖရွိုက်ကနေစလို့ ၂၀ ရာစုတစ်ခုလုံးရဲ့ ယေဘုယျ လက်ခံချက်အမြင်တစ်ခုက မော်ဒန်လူ့အဖွဲ့အစည်းအတွင်းမှာ လူသားတွေရဲ့ ဇီဝဗေဒဆိုင်ရာ လိင်စိတ် (Sex Drive) ဟာ ထုံးတမ်းစံနှုန်းတွေအောက်မှာ ဖိနှိပ်ခံရထားရတဲ့အရာဖြစ်တယ် ဆိုတာပဲ။ သို့ပေမယ့် ဖူးကိုးရဲ့ အမြင်အရကြည့်ရင် လိင်သဘာဝဟာ ပါဝါဆက်သွယ်ချက်တွေ အောက်မှာ ဖိနှိပ်ခံထားရတာ မဟုတ်ဘူး။ တစ်ခုသောသိမှုဆိုင်ရာပို့ချချက်နဲ့ ဆက်နွယ်နေတဲ့ ထုံးတမ်းစံနှုန်းတွေအောက်မှာ လိင်သဘာဝဟာ ပုံစံအသစ် အမြင်အသစ်တွေ ဖန်တီးခံနေရခြင်းသာ ဖြစ်တယ်။ လူသားတွေက လိင်ကိစ္စဆိုတာသည် လူသားသမိုင်းနဲ့ချီပြီးတည်ရှိလာတဲ့ ဇီဝသဘာဝတစ်ရပ်လို့မြင်တာ။ တကယ်က အခြားသောအရာတွေလိုပဲ လိင်မှုသဘာဝဟာလည်း လူ့အဖွဲ့အစည်းအတွင်းမှာ သိမှုဆိုင်ရာပို့ချက်တွေ အားဖြင့် တည်ဆောက်ဖန်တီး ယူထားတဲ့အိုင်ဒီယာ အယူအဆပဲ။ လိင်မှုသဘာဝအပေါ် ဖွင့်ဆိုတဲ့ မှန်ကန်တယ် မှားယွင်းတယ် ဆိုတဲ့ တံဆိပ်တွေဟာလည်း မှန်ခြင်းမှားခြင်းဆီက ဖြစ်တည်လာတာမဟုတ်ဘဲ တစ်ချို့သော သိမှုဆိုင်ရာပို့ချက်ချက်တွေအရ တည်ဆောက်ခံအမြင်တွေပဲ ဖြစ်တယ်။ ဖူးကိုးမြင်တာက သမိုင်းကာလတစ်ခုဟာ သူ့အတွင်းမှာရှိတဲ့ လိင်မှုသဘာဝဆိုင်ရာ သတ်မှတ်ချက်တွေကို ပြဋ္ဌာန်း ပေးတယ်။ လိင်တူ တိမ်းညွတ်မှု (Homosexuality) လို သဘာဝကနေသွေဖီတယ်လို့ သတ်မှတ်ခံရတဲ့ လိင်စိတ် သဘာဝတွေဟာလည်း လိင်မှုကိစ္စက ဘာဖြစ်သင့်တယ် ဘာတော့မဖြစ်သင့်ဘူး စသဖြင့် ဖွင့်ဆိုချက်ပေးဖို့ ကြိုးစားတဲ့ သိမှုဆိုင်ရာ ပို့ချချက် တွေအောက်ကပဲ ဖြစ်တည် လာတယ်။ ဒီအယူအဆမှာ အရေးပါတဲ့ အချက်က ပါဝါဟာ ဇီဝဗေ ဒအားဖြင့် အလိုလျောက် ဖြစ်တည် နေနှင့်ပြီး ဖြစ်တဲ့ လိင်စိတ်သဘာဝလိုအရာအပေါ်မှာ နောက်ထပ်ဖိနှိပ်ခြယ်လှယ်တာမျိုး မလုပ်နိုင်ဘူး။ ဆန့်ကျင်စွာနဲ့ ပါဝါရဲ့ ဆောင်ရွက်ချက်က ဖန်တီးမှုအပိုင်းမှာ တာဝန်ယူရေးပဲ။ ပါဝါဟာ `လိင်မှုသဘာဝ

လို့ အမည်တပ်ထားတဲ့ လိင်စိတ်ဆိုင်ရာပုံစံကွဲတွေကို ဖန်တီး ထုတ်လုပ်ပေးလိုက်တယ်။ ဥပမာ မိန်းမတွေရဲ့လိင်မှုသဘာဝကို ဖွင့်ဆိုချက်က တစ်ခုသော လူ့အဖွဲ့အစည်းအုပ်စုအတွင်း သိမှုဆိုင်ရာပို့ချချက်တွေအပေါ် ပါဝါအလုပ်လုပ်တွေပုံအရ ရရှိလာတယ်။ ယောကျ်ားတွေအတွက် တစ်ဦးထက်မကတဲ့အဖော်နဲ့ လိင်မှုဆက်ဆံရေး မျိုးထားရှိတာဟာ သဘာဝလို့လက်ခံပေမယ့် မိန်းမတွေအနေနဲ့ အဖော်တစ်ဦးထက် ပိုပြီး လိင်မှုဆက်ဆံရေးရှိနေရင် ဒါကို လိင်စိတ်လွန်ကဲမှုလို စိတ်ရောဂါအဖြစ် သတ်မှတ်ခံရတယ်။ လိင်စိတ်လွန်ကဲမှု (Nymphomania)၊ လိင်စိတ်မမှန်မှု (Sexual Hyster) စတဲ့ လက္ခဏာတွေက မိန်းမတွေအပေါ်မှာသာ အကြုံးဝင်တဲ့ စိတ်ရောဂါသတ်မှတ်ချက်တွေ ဖြစ်ကြတယ်။ အမှန်မှာကတော့ သဘာဝလို့ဖွင့်ဆိုသတ်မှတ်ထားတဲ့ မိန်းမတွေရဲ့ လိင်မှုသဘာဝ (Female Sexuality) ဆိုတာက သဘာဝမဟုတ်ဘူး။ ဖိုဝါဒအမြင် လွှမ်းမိုးထားတဲ့ သိမှုဆိုင်ရာ ပို့ချချက်တွေက ပြဋ္ဌာန်းထားကြတာ။ အဆိုပါသိမှုဆိုင်ရာ ပို့ချချက်တွေက သူ့အတွင်းမှာ ကျရောက်နေတဲ့ မိန်းမတွေအားလုံးတို့ကို စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာအရ ချုပ်ကိုင် ထားတယ်။ လည်ပတ် အလုပ်လုပ်နေတဲ့ ပါဝါဆက်သွယ်ချက်တွေကလည်း မိန်းမတွေရဲ့ လိင်မှုသဘာဝဟာ ဘာဖြစ်သင့်တယ် ဘာမဖြစ်သင့်ဘူးဆိုတဲ့ အမှတ်တံဆိပ်တွေကို ထုတ်လုပ် ပို့ချပေးနေတော့တယ်။

နောက်တစ်ချက် ဖူးကိုး ထောက်ပြခဲ့တာက ပါဝါဟာ ဒီလိုမျိုး ဖန်တီးထုတ်လုပ်မှု အဆင့်မှာ တင်ရပ်တန့်မသွားဘူး။ ပါဝါက ဖန်တီးထုတ်လုပ်ပေးလိုက်တဲ့ သိမှုဆိုင်ရာပို့ချချက်တွေကပဲ ပါဝါအပေါ်မှာ တန်ပြန်လာမယ့် ခုခံအား (Resistance) တစ်ခုကို မွေးဖွားလာစေတယ်။ ၁၉ ရာစု လိင်မှုဗေဒ (Sexology) အပေါ် လွှမ်းမိုးခဲ့တဲ့ သိမှုဆိုင်ရာပို့ချချက်တွေက လိင်တူ တိမ်းညွတ်မှု ဆိုတာကို ရောဂါတစ်ခု၊ လိင်စိတ်ဖောက်ပြန်မှုတစ်ခုလို့ အမည်တပ်ခဲ့ဖူးတယ်။ ဂေး လက်စဘီယံ စတဲ့ လိင်တူ တိမ်းညွတ်သူအဖြစ် အမည်တပ်ခံရသူတွေဟာ အလွန်အမင်းအဆိုးမြင် ရှုတ်ချထားတဲ့ ရှုထောင့်တွေက ပုံဖော်ခံရတယ်။ သို့ပေမယ့် လိင်တူတိမ်းညွတ်ခြင်းဆိုတာသည် သဘာဝမဟုတ်တဲ့ လိင်စိတ်ဖောက်ပြန်မှုဖြစ်တယ်လို့ အမည်တပ်လိုက်တဲ့အချိန်မှာပဲ ပါဝါ အလုပ်လုပ်ပုံအတွင်း ခုခံအားတစ်ခုပေါ်ပေါက်သွားစေတယ်။ ဒီလိုအမည်တပ်မှုရဲ့ ရည်ရွယ်မထားတဲ့ အကျိုးဆက်အနေနဲ့ နောက်ထပ်သောသိမှုဆိုင်ရာ ပို့ချချက်အသစ်တစ်ရပ် ပေါက်ဖွားလာတယ်။ မူလသိမှုဆိုင်ရာပို့ချချက်က လိင်တူတိမ်းညွတ်မှုဟာ သဘာဝမ ဟုတ်တဲ့အရာလို့ ဖော်ပြလိုက်တဲ့အခါ နောက်ထပ် ပေါ်ထွက်လာတဲ့ သိမှုဆိုင်ရာ ပို့ချချက် အသစ်က ဒါဟာ သဘာဝဖြစ်တယ်ဆိုပြီး ခုခံကာကွယ်ရမယ့် ရပ်တည်ချက် ရှုထောင့် တစ်ခုကို အလိုလိုရောက်ရှိသွားတော့တာ။ ဒါကြောင့် သွေဖီဖောက်ပြန်တယ်လို့ တံဆိပ် ကပ်ခံထားရတဲ့ လိင်တူတိမ်းညွတ်မှုက သူ့ရဲ့တရားဝင်တည်ရှိနိုင်ခွင့်၊

သဘာဝအဖြစ်ရပ်တည် နိုင်ခွင့်တွေကို တောင်းဆိုလာတော့မှာ။ ဆိုလိုချင်တဲ့သဘောကတော့ အချိန်ကြာလာတာနဲ့အမျှ လိင်တူတိမ်းညွတ်သူ (တစ်နည်းအားဖြင့် လိင်စိတ်သွေဖီသူ) ဆိုတဲ့ခေါင်းစဉ်အောက်ကသူတွေက သူတို့ကိုဖန်တီးထုတ်လုပ်ပေးလိုက်တဲ့ မူလသိမှုဆိုင်ရာပို့ချချက်ကို ခုခံဖို့ ကြိုးစားလာကြမှာပဲ။ ဒီလိုခုခံဖို့ကြိုးစားရာမှာ သူတို့က သူတို့ကိုကပ်နှိပ်ပေးလိုက်တဲ့ ‘လိင်တူတိမ်းညွတ်သူ’ ဆိုတဲ့ အမှတ်တံဆိပ်ကို လက်ခံတယ်၊ အဲဒီလိုလက်ခံရင်းပဲ ဒီအမှတ်တံဆိပ်ကို အသုံးချပြီး လိင်တူတိမ်းညွတ်ခြင်းဆိုတာ သွေဖီဖောက်ပြန်မှု မဟုတ်ဘဲ ပုံစံကွဲလိင်မှု သဘာဝတစ်ခုသာ ဖြစ်ကြောင်း ဖော်ထုတ်လာတယ်။ သူတို့ကို လိင်စိတ်သွေဖီသူတွေ အဖြစ် ပြဋ္ဌာန်းလိုက်တဲ့ မူလသိမှုဆိုင်ရာ ပို့ချချက်ကို ပြန်လည်စိန်ခေါ်တယ်။ လိင်တူတိမ်းညွတ်သူ ဆိုတဲ့ တံဆိပ်ဟာ သူတို့ကိုပြန်လည် တွန်းလှန်ခွင့်ပေးလိုက်တဲ့ လက်နက်တစ်ခုလိုတောင် ဖြစ်လာတယ်။ မူလသိမှုဆိုင်ရာပို့ချက်က ထုတ်လုပ်ပေးလိုက်သလို အရှက်ရဖွယ် ခေါင်းစည်းတစ်ခု မဟုတ်တော့ဘဲ အရှက်ရဖွယ်ဆိုတဲ့ အခြေအနေကိုပြောင်းလဲပစ်ဖို့ ဂုဏ်ယူဝံ့ကြွားစွာ ကပ်နှိပ်ခံလိုက်တဲ့ အမှတ်အသားတစ်ခုဖြစ်သွားတော့တယ်။ ဒါကြောင့် ဖူးကိုးရဲ့ ပါဝါအပေါ် ဖွင့်ဆိုပုံက အစဉ်အလာနားလည်ပုံတွေလို တသမတ်ဖိနှိပ်မှုအင်အားအဖြစ် ယူတာမဟုတ်ဘူး။

ပါဝါဟာ ရှုပ်ထွေးတယ်၊ အသွင်ပြောင်းလဲနိုင်တဲ့ ဆက်သွယ်ပုံတွေနဲ့ ဖွဲ့စည်းထားတယ်၊ ထိန်းကွပ်ချုပ်ကိုင်မယ့် အင်အားစုတွေ ထုတ်လုပ်ပေးသလို တစ်ချိန်တည်းမှာ အဆိုပါ ထိန်းကွပ်ချုပ်ကိုင်မှုကို တန်ပြန်မယ် ခုခံအားတွေကိုလည်း ဖြစ်ပေါ်စေတယ်။ အဆောက်အအုံ လွန်ဝါဒ အခြေပြုချက် ဖြစ်တဲ့အတိုင်း ရှုပ်ထွေးမှု၊ တည်ငြိမ်ခြင်းကင်းမဲ့မှု၊ အမျိုးအစား များပြောင်းကွဲပြားမှုတွေက ဖူးကိုးရဲ့ ရှုမြင်ပုံထဲမှာ ထင်ရှားတယ်။

Body Fetishism နှင့် ဖူးကိုးအမြင်ဆိုင်ရာ ဣတ္ထိယဝါဒ

ဖူးကိုးက ၂၀ ရာစု ဇီဝဆေးပညာ (Bio-medicine) ရဲ့ ပါဝါကြီးထွားလာမှုကို အရင်းရှင်ဝါဒ ဖွံ့ဖြိုးမှုနဲ့ ယှဉ်တွဲလေ့လာခဲ့တယ်။ အထူးသဖြင့် ဇီဝဆေးပညာက လူသားတွေအပေါ်မှာ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာအရ ပိုမိုစွက်ဖက်လွှမ်းမိုးမှုတွေရှိလာတာ ငြင်းလို့မရဘူး။ ဒါကလည်း အရင်းရှင် စီးပွားရေးယန္တရားရဲ့ အလုပ်လုပ်ပုံအားဖြင့် နားလည်နိုင်တယ်။ အရင်းရှင်စနစ်က ကုန်ထုတ်လုပ်ငန်းတွေ အမြဲမပြတ်လည်ပတ်နေနိုင်ရေးအတွက် လုံလောက်တဲ့ လူသားအရင်းအမြစ်တွေ လိုအပ်တယ်။ လူသားအရင်းအမြစ်ချည်းသာလျှင်လည်း မကဘူး၊ စက်မှုလုပ်ငန်းတွေမှာ အသုံးပြုမယ့် အဆိုပါလူသားတွေဆီမှာ ကျန်းမာသန်စွမ်းမှုရှိနေဖို့လည်း လိုအပ်တယ်။ ဒါမှသာပဲ ကုန်ထုတ်လုပ်ငန်း အတွက် အမြင့်မားဆုံးသော လုပ်အားစွမ်းဆောင်ရည် ကို ရနိုင်လိမ့်မယ်။ ဒါကြောင့် မော်ဒန်အရင်းရှင် လူ့အဖွဲ့အစည်းတွေအတွင်းမှာ ခန္ဓာကိုယ်ဆိုင်ရာ ကျန်းမာရေး မြှင့်တင်ဖို့ကြိုးစားတဲ့ သိမှုပို့ချချက်ဆိုင်ရာ အလေ့အထ တွေဟာ ရှောင်လွှဲလို့မရတဲ့ ယဉ်ကျေးမှုတစ်ရပ်လိုတောင် ဖြစ်လာတယ်။ ဇီဝဆေးပညာက လူသားတွေအဖို့ သူတို့ရဲ့ ခန္ဓာကိုယ်တွေကို ကျန်းမာသန်စွမ်းမှုရှိအောင် ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာ စဉ်ဆက်မပြတ် ပို့ချပေးနေတယ်။ ဆေးလိပ်၊ အယ်ကိုဟောလ်စတဲ့ ကျန်းမာရေးကိုဆိုးကျိုးပြုစေမယ့် အလေ့အထတွေ ကို စွန့်ပစ်လိုက်ဖို့ရာလည်း မပြတ် တိုက်တွန်းနေတယ်။ ဇီဝဆေးပညာက သူ့ရဲ့ ပါဝါဆိုင်ရာအလုပ်လုပ်ပုံတွေကတစ်ဆင့် လူဦးရေတစ်ရပ်လုံးကို ဆေးပညာဆိုင်ရာ စည်းမျဉ်း စည်းကမ်းတွေနဲ့ ကန့်သတ်ပစ်လိုတာ။ အယ်ကိုဟောလ်လို မူးယစ်စေတတ်တဲ့အရာတွေ ရှောင်ကြဉ်ဖို့ ပို့ချချက်တွေဟာ မော်ဒန်ဇီဝဆေးပညာ ပေါ်မလာမီ ကတည်းက ဘာသာရေး အဆုံးအမတွေမှာလည်း ရှိနေနှင့်ပြီးတာမှန်တယ်။ သို့ပေမယ့် မော်ဒန်အကြိုခေတ်ရဲ့ လူမှုကမ္ဘာတွေအတွင်းမှာ ဘာသာရေးပို့ချချက်တွေက လူသားတွေကို သူတို့ရဲ့ စိတ်နှလုံးဝိဉာဉ် အပေါ် အဓိကအာရုံစိုက် ရှုမှတ်ဖို့ပဲ တိုက်တွန်းခဲ့တယ်။ သောက်စားမှုပြုခြင်းလို အလေ့အထကို ရှောင်ကြဉ်ခိုင်းတာသည်လည်း ခန္ဓာကိုယ်အပေါ် ဥပါဒ်ဖြစ်စေလို့ဆိုတာထက် မူးယစ်မှုလွန်ကဲပြီး အခြားမလိုလားအပ်တဲ့ ဒုစရိုက်မှုတွေဆီ ဦးတည်သွားမှာစိုးလို့ တားဆီးတဲ့သဘောပဲ။ ဘာသာရေးအဆုံးအမတွေ မှန်ကန်တဲ့ စိတ်ထားမွေးမြူဖို့၊ အကုသိုလ်ကင်းစင်စေဖို့၊ စိတ်ဝိဉာဉ်ကို သန့်ရှင်းကြည်လင်စွာထားဖို့ စတဲ့

စိတ်ပိုင်းဆိုင်ရာ ကျင့်ဝတ်တွေကိုပဲ အဓိက မီးမောင်း ထိုးပြ ခဲ့တယ်။ မော်ဒန်ဖြစ်စဉ်နဲ့တကွ ပေါ်ပေါက်လာခဲ့တဲ့ ဇီဝဆေးပညာကတော့ ဆန့်ကျင်ဘက် ရှုထောင့်တစ်ခု ကနေပြီး ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကို အသားပေးထားတယ်။ လူသားတွေဟာ မိမိတို့ရဲ့ ကိုယ်ခန္ဓာတွေကို ကြည့်ရှုစောင့်ရှောက်ကြဖို့ ဘယ်လောက်ထိအောင်အရေးပါကြောင်း အလေးအနက်ပို့ချတယ်။ လူမှုဘဝရဲ့ အကောင်းဆုံးသော အကျိုးအမြတ်အသီးအပွင့်ဟာ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအားဖြင့်သာ ရယူနိုင်တယ်ဆိုတဲ့ တွေးခေါ်ပုံအထိ လမ်းပြပေးတယ်။

ဆေးပညာအခြေခံထားတဲ့ ရုပ်ခန္ဓာအခြေပြု (Body-centered) လူ့အဖွဲ့အစည်းတွေမှာ လူသားတွေအနေနဲ့လည်း သူတို့ရဲ့ ခန္ဓာကိုယ်တွေနဲ့ပတ်သက်ပြီး ရှေးယခင်ကထက် ပိုမိုစွဲလမ်းစိတ် ကြီးမားလာတယ်လို့ ဖူးကိုးကမြင်တယ်။ ကောင်းမွန်ပျော်ရွှင်တဲ့ဘဝ တစ်ခုနေထိုင်ဖို့ဆိုတာ စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုရှာဖွေရေး မဟုတ်တော့ဘဲ ရုပ်ပိုင်းဆိုင်ရာ လိုလား တောင့်တချက်တွေကို ဖြည့်ဆည်းနိုင်ရေး ဖြစ်လာတယ်။ ခန္ဓာကိုယ်ဆိုင်ရာစွဲလမ်းစိတ် (Body Fetishism) ကြောင့် မိမိတို့ခန္ဓာကိုယ်တွေအပေါ် အခြားသူတွေဘယ်လို ရှုမြင်ကြသလဲ ဆိုတဲ့အချက်က အလွန်အမင်းအရေးပါမှု ရှိလာတယ်။ ဒီလိုရုပ်ဝတ္ထုဆန်မှုဆီက အကျိုးအမြတ်ကြီးကြီးဖြစ်ထွန်းတာကတော့ စားသုံးသူဝါဒနဲ့တကွ သူ့ရဲ့ နောက်ကွယ်က အရင်းရှင်ဈေးကွက်တို့ပဲ။ လူတွေက သူတို့ရဲ့ ခန္ဓာကိုယ်တွေကို ဘယ်လိုအလှဆင်ပြုပြင်မလဲ တစ်ချိန်လုံး တွေးတောနေတဲ့အခါ ဒါနဲ့ဆက်စပ်နေတဲ့ ခန္ဓာကိုယ်ဆိုင်ရာ အလှပြုပြင်ရေး ဈေးကွက်တွေလည်း အလိုလို လိုက်လံကြီးထွားလာတော့တယ်။ ယနေ့ သတင်းစာနဲ့ ဂျာနယ်မဂ္ဂဇင်းတွေကို လှန်လိုက်တဲ့အခါ ခန္ဓာကိုယ်အလှဆင် ပြုပြင်မှုတို့အတွက် ကြော်ငြာကဏ္ဍက အံ့သြဖွယ်ကောင်းလောက်အောင် စာမျက်နှာပေါင်း များစွာ နေရာယူ ထားနိုင်တာ အသစ်အဆန်းမဟုတ်တော့ဘူး။ ထို့အတူ ဈေးဝယ်ထွက်ခြင်းကို အလွန်အကျွံ နှစ်သက်ခုံမင်တဲ့ Shopaholism လို အလေ့အထတွေ ဒီနေ့ခေတ်မှာ ပိုမိုမြင်တွေ့လာရတာလည်း တိုက်ဆိုင်မှုတစ်ခုမဟုတ်ဘူး။

အတ္တစွဲလမ်းစိတ် (Narcissism) နဲ့လည်း ဆက်စပ်နေတဲ့ ခန္ဓာကိုယ်အဓိကပြုမှုဟာ အဝတ်အစား အသုံးအဆောင်တွေ၊ အလှကုန်ပစ္စည်းတွေ ပြည့်နှက်နေတဲ့ အဝတ်ဗီရိုတွေ၊ အံဆွဲတွေ မှာတင်လည်း ရပ်တန့်မသွားဘူး။ အိပ်ခန်းနဲ့ ရေချိုးခန်းတို့လို အခန်းတွေရဲ့ လုပ်ငန်းဆောင်တာက အစဉ်အလာအသုံးပြုပုံအတိုင်း အိပ်စက်ဖို့ သို့မဟုတ် သန့်စင်ဖို့ သက်သက် မဟုတ်တော့ဘဲ ခန္ဓာကိုယ်တွေကို အသွင်ပြောင်းလဲရေးမှာလိုအပ်တဲ့ မြောက်များစွာသော ကုန်ပစ္စည်းတွေ သိုမှီးရာနေရာတွေ ဖြစ်လာကြတယ်။

ပိုမိုကျယ်ပြန့်လာနေတဲ့ အလှကုန်လုပ်ငန်း၊ ဖက်ရှင်လုပ်ငန်း၊ ကိုယ်ကာယ ပြုပြင်ရေးလုပ်ငန်း စတာတွေကလည်း ခန္ဓာကိုယ်စွဲလမ်းမှု (Fetishism) ကို အရှိန်အဟုန်မြှင့်ပေးနေတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်တွေ ဘယ်လိုဟန် ပေါ်လွင်နေကြသလဲဆိုတဲ့အချက်ကို လူတွေက လွန်လွန်ကျူးကျူးစွဲလမ်းစိတ် ဖြစ်လာတော့တာ ပဲ။ ငွေကြေးကုန်ကျခံရတဲ့ အလှပြင်ဆလွန်းတွေဆီ ပုံမှန်သွားရောက်တယ်၊ မျက်နှာအပါအဝင် ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို အလိုရှိအပ်တဲ့ပုံစံရစေဖို့ ပြုပြင်တယ်၊ လိုအပ်တဲ့အခါမှာ တွန့်ဆုတ်ခြင်း ကင်းစွာနဲ့ ခွဲစိတ်မှုတွေတောင် ပြုလုပ်ကြတယ်၊ ငွေကြေးတတ်နိုင်သူတွေ အတွက်ဆိုရင် သားဖွားမှုကြောင့် သူတို့ရဲ့ ကိုယ်ခန္ဓာ အပေါ် ထိခိုက်မှုလျော့ချနိုင်ဖို့ နည်းပညာအကူအညီတွေ ရယူလာကြတယ်၊ သဘာဝကိုယ်ဝန်ဆောင်မှုကို စွန့်ပစ်ပြီး ဖန်ပြွန်သန္ဓေသားလို နည်းစနစ်တွေကို ရွေးချယ်လာတာမျိုးတောင် ရှိကြတယ်။ မဲ့က်စ်ဝါဒီ တစ်ဦး ကတော့ (အရှေ့ပိုင်း အခန်းမှာဖော်ပြခဲ့တဲ့ အဒေါ်နိုတို့အမြင်နဲ့ ဆင်တူတဲ့ ကောက်ချက်လိုမျိုး) ဒီဖြစ်ရပ်ဟာ အရင်းရှင်ဈေးကွက်က တစ်ဆင့် အကျိုးအမြတ်ရယူ ရှာဖွေဖို့ကြိုးစားတဲ့ ဆေးဝါးကုမ္ပဏီတွေ၊ ဆေးပညာအတိုင်ပင်ခံ လုပ်ငန်းတွေ၊ အလှပြုပြင်မှုဆိုင်ရာ အရောင်းမြှင့်တင်ရေး ကဏ္ဍတွေရဲ့ ဈေးကွက်အပေါ် လက်ဝါးကြီးအုပ်မှု ရလဒ်လို့ ဆိုကောင်းဆိုမယ်၊ ဣတ္ထိယဝါဒီတွေ ကလည်း ဒါဟာအမျိုးသမီးတွေရဲ့ ခန္ဓာကိုယ် ပုံပန်းသွင်ပြင် အပေါ်အသားပေးထားတဲ့ ရုပ်ပိုင်းအဓိကပြု စားသုံးသူဝါဒကို လက်ညှိုးထိုး ကောင်းထိုးမယ်။ အဲဒီလိုပဲ ဖူးကိုးဝါဒအမြင်ဆိုင်ရာ ရှုထောင့်ကကြည့်ရင် ဒါဟာ ကွန်တမ်ပိုရာရီ လူသား ဖြစ်တည်မှုမှာ ခန္ဓာကိုယ်စွဲလမ်းမှုကိုအဓိကပြုထားတဲ့ သိမှုဆိုင်ရာပို့ချချက်တွေဆီ ပေါက်ဖွားလာတဲ့အလေ့အထတွေ ဖြစ်တယ်။ နောက်တစ်နည်း ပြောရရင်တော့ မော်ဒန်ဝါဒနဲ့ အတူပေါ်ထွက်လာခဲ့တဲ့ ဇီဝဆေးပညာရဲ့ ပါဝါဆိုင်ရာ လွှမ်းမိုးမှုအထိ နောက်ကြောင်း ပြန်ကောက်လို့ ရတယ်။

ဖူးကိုးပြောခဲ့တဲ့ ပါဝါဆက်သွယ်ချက်နဲ့ ခန္ဓာကိုယ်စွဲလမ်းမှုဆိုင်ရာဖွင့်ဆိုချက် အမြင်တွေက ဣတ္ထိယဝါဒ အပေါ်မှာလည်း အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးမှုရှိတယ်။ သိမှုပို့ချချက် ဆိုင်ရာပါဝါ (Discursive Power) ကို ဣတ္ထိယဝါဒ ရှုထောင့်အောက်က ခွဲခြမ်းစိတ်ဖြာ ဖို့ကြိုးစားတဲ့ လေ့လာချက်ပုံစံတွေမှာ ဖူးကိုးရဲ့ လွှမ်းမိုးမှုအမြင်တွေ တစ်နည်းမဟုတ် တစ်နည်း တွေ့ရလိမ့်မယ်။ ဥပမာအဖြစ်ပေးနိုင်တာ လူမှုလိင်လေ့လာချက်ကိုအထူးပြုတဲ့ ဆန်ဒရာဘာ့ကီ (Bartkey) တို့လို နှောင်းပိုင်း ဣတ္ထိယဝါဒီတွေရဲ့ အရေးအသားတွေပဲ။ ဘာ့ကီက အသွင်လောက စိတ်ပညာ (Phenomenology) အခြေခံပြီး ဖိုဝါဒလွှမ်းမိုးမှုပုံစံတို့ကို ချဉ်းကပ်တာ မှန်ပေမယ့် အမျိုးသမီးတွေရဲ့ ကိုယ်ခန္ဓာအပေါ် ဖွင့်ဆိုချက်ထုတ်ရာမှာ တော့ ဖူးကိုးဝါဒ ဆိုင်ရာ အရိပ်အငွေ့တွေ မကင်းဘူး။ ဘာ့ကီ ပြင်းပြင်းထန်ထန် အဆိုပြုတဲ့အချက်က မ သဘာဝ (Feminity) အပေါ် ပြဋ္ဌာန်းထားတဲ့ သိမှုဆိုင်ရာ

ပို့ချချက်တွေ ထဲမှာ ခြယ်လှယ် ဖိနှိပ်မှု ပြုထားတဲ့ ပါဝါဆက်သွယ်မှုတွေ ပါဝင်နေတယ် ဆိုတာပဲ။ မ သဘာဝရယ်လို့ ဖွင့်ဆိုထားတဲ့ သိမှုဆိုင်ရာ ပို့ချချက်ထဲမှာ ပါဝါဆက်သွယ်ချက်အရ ကိုက အမျိုးသမီးတွေဟာ အမျိုးသားတွေ အောက် အလိုအလျောက် တစ်ဆင့် နိမ့်ခံထား ရတယ်။ အမျိုးသမီးတွေရဲ့ သိမှုအမြင် ထဲမှာ `ခန္ဓာကိုယ် ဆိုင်ရာ အရှုံ့စိတ် (Bodily Shame) တစ်မျိုး သွတ်သွင်း ပေးထားခံရတယ်လို့ ဘာကီက မြင်တယ်။ ဒီလိုအရှုံ့စိတ်က လူမှုလိင်အခြေခံတဲ့ ပါဝါဆက်သွယ်ချက်တွေဆီက ပေါက်ဖွား လာတာပဲ။ ဒီအယူအဆက နောက်ထပ်ဖြည်တွေးစရာ အခြေအနေတော်တော်များများကို ပေးတယ်။ နမူနာသာဓကအနေနဲ့ ဆွဲထုတ်လို့ရတာက မိန်းမတွေအသုံးပြုတဲ့ ထဘီဆိုတဲ့ အဝတ်အစားဟာ ညစ်နွမ်းသောအရာ၊ ဘုန်းနိမ့်စေတတ်သောအရာ၊ ယောကျ်ားသားများနဲ့ မထိတွေ့စေအပ်သောအရာ စတဲ့ အယူအစွဲမျိုးတွေပဲ။ အိမ်တွင်းအိမ်ပြင်မှာထားရှိတဲ့ ထဘီတန်း ဆိုတဲ့နေရာသည်ပင် ညစ်နွမ်းမှု သဘောပါဝင်တဲ့ဖော်ပြချက်အနက်မျိုး ရှိနေတယ်။ နောက်တစ်ချက် အနေနဲ့က မြင့်မြတ်တယ်လို့သတ်မှတ်တဲ့ ဘာသာရေးနယ်မြေတွေမှာ အမျိုးသမီးများ ဝင်ရောက်ခွင့်မရှိ ဆိုတဲ့ တားမြစ်ချက်တွေ တွေ့ရတယ်။ အပေါ်ယံတွေးရင် ဒါဟာ ဘယ်သူမှ အမေးအမြန်းမရှိလက်ခံလာတဲ့ အစဉ်အလာတစ်ရပ်ဖြစ်နေပေမယ့် ဒီတားမြစ်ချက်မှာ ဘာသာရေးနယ်မြေရဲ့ 'မြင့်မြတ်ခြင်း" ဆိုတာကို အမျိုးသမီးတွေရဲ့ 'ယုတ်နိမ့်ခြင်း' ဆိုတာနဲ့ ယှဉ်တွဲ မီးမောင်းထိုးထားတဲ့ ကွယ်ဝှက်မှုအနက် ပါဝင်တယ်။ လူ့အဖွဲ့အစည်းတစ်ရပ် အတွင်းမှာက ဒီလိုမျိုးပို့ချချက်တွေ၊ ထုံးတမ်းအစဉ်အလာတွေဟာ ဘာ့ကီပြောခဲ့သလိုပဲ အမျိုးသမီးတွေအတွက် သူတို့ရဲ့မသဘာဝအပေါ် ရှုမြင်ပုံကို လွှမ်းမိုးပုံဖော်ပေးနေတယ်။ သူတို့အမြဲအသုံးပြုတဲ့ ထဘီလို အဝတ်အစားအသုံးအဆောင်ကို ဘုန်းနိမ့်စေတတ်သော အရာလို့ သတ်မှတ်ခြင်းဟာ (သိလျက်ဖြစ်စေ မသိစိတ်အရဖြစ်စေ) သူတို့ရဲ့ ခန္ဓာကိုယ်တွေအပေါ် 'အရှုံ့ စိတ်' တစ်မျိုး ဖြစ်တည်လာစေတယ်။ ဒါကြောင့် နိစ္စဓူဝသဘော မပြတ်လုပ်ဆောင်နေတဲ့ မိတ်ကပ်လိမ်းကျံတာ၊ အမျိုးမျိုးသော အလှကုန်ပစ္စည်းတွေအသုံးပြုတာ စတဲ့ အလေ့အကျင့်တွေဟာ သာမန်အားဖြင့် ကြည့်သလို ကျားသဘာဝနဲ့ မသဘာဝတို့ကို ခွဲခြားပေးရုံသက်သက် ဆိုတာထက်ပိုတယ်။

ဘာ့ကီက "အောက်ခံမိတ်ကပ် အရာများယွင်းသွားလေပြီလားလို့ တစ်နေ့ကို အကြိမ်ရေ ဒါဇင်ဝက်လောက် မိတ်ကပ် အနေအထား စစ်ဆေးကြည့်တတ်တဲ့သူ (ဒါမှမဟုတ်) လေဒဏ် မိုးဒဏ်ကြောင့် ဆံပင်ပုံစံပျက်သွားမှာ ပူပန်နေတဲ့သူ (သို့မဟုတ်) အသားကပ်ဘောင်းဘီဟာ ခြေကျင်းဝတ်နေရာမှာ လျောကျနေသလားမကြာခဏ ပြန်ကြည့်နေတတ်သူ (သို့မဟုတ်) အလေးချိန်တိုးနေတယ်လို့ ခံစားရပြီး စားသမျှအစာတိုင်းကို စီစစ်ရွေးချယ်နေတဲ့သူ စတဲ့ အမျိုးသမီးတွေဟာ Panopticon* ထဲက

အကျဉ်းသားတစ်ယောက် မလွဲမသွေ ဖြစ်လာ တော့တာပဲ။ မိမိကိုယ်ကို စည်းမျဉ်းကန့်သတ်နေတဲ့ အထိန်းချုပ်ခံအရာတစ်ခု၊ မပြတ်တမ်း စောင့်ကြည့်ကွပ်ကဲမှုအောက် ရှိနေဖို့လိုတဲ့ အရာတစ်ခု ဖြစ်သွားတယ်။ မိမိကိုယ်ကို စောင့်ကြည့်ကွပ်ကဲမှုဟာ ဖိုဝါဒလွှမ်းမိုးမှု (Patriarchy) ကို နာခံမှုပုံစံတစ်မျိုးပဲ" – (Bartkey, 1999: 80) လို့ ဆိုခဲ့တယ်။

(Panopticon* ဂရိဘာသာစကားမှာ 'အလုံးစုံမြင်နိုင်သော မျက်လုံး' လို့ အဓိပ္ပါယ်ရတဲ့ ဒီဝေါဟာရဟာ ဂျယ်ရမီးဘန်သမ်ရဲ့ ဆယ်ကိုးရာစုအစောပိုင်း က ထောင် အဆောက်အဦးပုံစံ ဒီဇိုင်းကို ရည်ညွှန်းထားတာဖြစ်တယ်။ စက်ဝိုင်းသဏ္ဍာန်ဆောက်လုပ်ထားတဲ့ အကျဉ်းထောင်ရဲ့ ဗဟိုချက်တည့်တည့်မှာ အရပ်မျက်နှာအားလုံးကို မြင်နိုင်တဲ့ မျှော်စင်တစ်ခု ရှိတယ်။ အလယ်မျှော်စင်ဆီက ကြည့်တဲ့အခါ ပတ်ပတ်လည် အကျဉ်းခန်းအားလုံးကို တစ်ပြိုက်နက်တည်း မြင်နေနိုင်တယ်။ ဒါကြောင့် အကျဉ်းသားအားလုံးတို့ကလည်း သူတို့ရဲ့ အပြုအမူတွေ မှန်သမျှတို့ကို ထောင်အာဏာပိုင် တစ်ယောက်ယောက်က အမြဲ မြင်နေရနိုင်တယ်လို့ သိထားတယ်။ အကယ်၍ မျှော်စင်မှာ တစ်ယောက်ယောက်မရှိခဲ့ ရင်တောင်မှ သူတို့ဟာ စောင့်ကြည့်ခံနေရတယ်ဆိုတဲ့အသိမျိုး ဝင်နေပြီးသား။ ဒီအလေ့အထနဲ့ အသားကျနေတဲ့ အကျဉ်းသားတွေကလည်း သူတို့ရဲ့ အပြုအမူတွေ မှန်သမျှတို့ကို စောင့်ကြည့်ခံနေရတယ်ဆိုတဲ့ အသိအောက်က ပြုလုပ်တော့မှာ။ ဒီအခြေအနေက မိမိဘာသာစောင့်ကြည့်ကွပ်ကဲမှု (Self-surviellance) နဲ့ မိမိကိုယ်ကို အနေအထိုင်ကြပ်မတ်ဖို့စည်းမျဉ်းချမှု (Self-regulation) တို့ဆီ ဦးတည်သွားစေတယ်။ နောက်ဆုံးမှာ အကျဉ်းထောင်ဆိုတဲ့ အင်စတီကျူးရှင်းတစ်ခုက အလိုရှိတဲ့ သိမှုဆိုင်ရာ ပို့ချချက်အတိုင်း မိမိကိုယ်ကို အလိုက်အလျောက်ထိန်းညှိ နေတဲ့ အကျင့် ဖြစ်ပေါ်သွားတယ်။ ဖူးကိုးက Panopticon ကို ဥပမာအဖြစ်ယူပြီး မော်ဒန်လူ့အဖွဲ့အစည်းမှာ ထောင်၊ ဆေးရုံ၊ မိဘမဲ့ဂေဟာ စတဲ့ အင်စတီကျူးရှင်းတွေဟာ အလားတူ စည်းမျဉ်းတွေ အသုံးပြုပြီး မိမိကိုယ်ကိုစောင့်ကြည့် ကွပ်ကဲမှုကို အားပေးခြင်းဖြင့် လူသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာနှစ်ရပ်စလုံးတို့ ပါဝါဆိုင်ရာအရ လွှမ်းမိုးမှုယူထားတယ် လို့ တင်ပြခဲ့တယ်)

ဖူးကိုးရဲ့ အမြင်ကိုဆက်ခံတဲ့ ဘာ့ကီက အရွံ့တရားစိတ် တစ်ခုနဲ့ ပုံနှိပ်ခံထားရတဲ့ အမျိုးသမီးတွေဟာ Panopticon တစ်ခုထဲက အကျဉ်းသားတွေလိုမျိုး စိတ်ပိုင်းဆိုင်ရာအရ မိမိတို့ရဲ့ ခန္ဓာကိုယ်တွေကို မပြတ်စောင့်ကြည့်ကွပ်ကဲမှု ရှိနေတယ်လို့ ဆိုခဲ့တယ်။ ဒီလိုမျိုး မသဘာဝဆိုတာကို နိမ့်ကျမှုတစ်ရပ်နဲ့ ယှဉ်တွဲပြားထားတဲ့ အရွံ့စိတ်ဆိုင်ရာ သိမှုပို့ချချက် တွေကြောင့် အမျိုးသမီးအားလုံးတို့ဟာ ဣတ္ထိယဝါဒီတွေဖြစ်လာနိုင်မှာ မဟုတ်ဘူးလို့လည်း

ဘာ့ကြီက မှတ်ချက်ချခဲ့တယ်။

စထရပ်ချာရေးရှင်းသီအိုရီဆိုင်ရာ ပါရာဒိုင်းများ

စထရပ်ချာရေးရှင်း (Structuration) သီအိုရီဟာ ယနေ့ခေတ်ပြိုင်လူမှုသီအိုရီတွေထဲမှာ အဓိကထောက်တိုင်တစ်ခုပဲ။ စထရပ်ချာရေးရှင်းရဲ့ အဓိပ္ပါယ်ကို လူမှုဗေဒဝေါဟာရတစ်ရပ်အဖြစ် တိုက်ရိုက်ဖွင့်ဆိုဖို့ခက်တယ်။ Structuration ဆိုတဲ့ ဝေါဟာရကိုယ်တိုင်မှာ 'အဆောက်အအုံ' (Structure) နဲ့ ပြုမူဆောင်ရွက်ချက် (Action) တို့ ပေါင်းစပ်ထားတဲ့ သဘော သက်ရောက် နေလို့ပဲ။ စထရပ်ချာရေးရှင်းသီအိုရီသမားတွေက နှစ်ဆယ်ရာစုရဲ့ လူမှုသီအိုရီအများစုတို့ဟာ လူ့အဖွဲ့အစည်းရဲ့ သဘောသဘာဝကို ရှင်းလင်းရာမှာ စိတ်ကျေနပ်လောက်ဖွယ်ချဉ်းကပ်ပုံတွေ ထုတ်မပေးနိုင်ဘူးလို့ မြင်ကြတယ်။ အချို့က လူမှုအဆောက်အအုံဟာ တသီးပုဂ္ဂလလူသားတွေရဲ့ အပြုအမူနဲ့ အတွေးအခေါ်တွေကို ပုံဖော်လွှမ်းမိုးတယ်ဆိုတဲ့ အဆောက်အအုံ အခြေပြု (Structure-based) လမ်းကြောင်းကို ကိုင်စွဲတယ်။ အချို့ကတော့ တသီးပုဂ္ဂလလူသားရဲ့ အပြုအမူအားဖြင့် လူမှုအဆောက်အအုံ ဘယ်လိုဖြစ်ထွန်းလာသလဲဆိုတာ လေ့လာတဲ့ ပြုမူ ဆောင်ရွက်ချက် အခြေပြု (Action-based) လမ်းကြောင်းကို အသားပေးတယ်။ ဒီအယူအဆ နှစ်ရပ်တို့ရဲ့ အစွန်းအသီးသီးကို ရှောင်ပြီး အလယ်အလတ်ကျသလောက် ခိုင်မာလုံလောက်တဲ့ လူမှုသီအိုရီမျိုးကို ရှာဖွေသင့်တယ် ဆိုတဲ့အမြင်ဟာ စထရပ်ရေးရှင်းသီအိုရီဖြစ်ထွန်းမှုရဲ့ နိဒါန်းပဲ။

ဆယ်ကိုးရာစု အလယ်တုန်းက ကားလ်မာ့က်စ်ရဲ့ ထင်ရှားတဲ့ စကားတစ်ခွန်း ရှိတယ်။ "လူသားတွေဟာ သမိုင်းကို ဖန်တီးကြတယ်၊ သို့သော် သူတို့ရဲ့ ကိုယ်ပိုင် ရွေးချယ်ခွင့် အခြေအနေ အောက်ကတော့ မဟုတ်ဘူး" ဆိုတဲ့စကားပဲ။ ဒီအဆိုအမိန့်ဟာ မျက်မှောက်ခေတ် အကျဆုံး အခြေအနေတွေအထိ ထင်ဟပ်နေတယ်ဆိုတာ မငြင်းနိုင်ဘူး။ လူသားတွေဟာ သူတို့နေထိုင်ရာ လူ့အဖွဲ့အစည်းအသီးသီးတို့ကို ဖန်တီးကြတယ်၊ သို့သော် သူတို့ ကိုယ်တိုင်လည်း ဖန်တီးလိုက်တဲ့ လူ့အဖွဲ့အစည်းအပေါ် အပြည့်အဝချုပ်ကိုင်မှုရယူနိုင်တာ မဟုတ်ဘူး။ လူ့အဖွဲ့အစည်းက သူတို့အပေါ် တန်ပြန် လွှမ်းမိုးမှုတစ်ရပ်နဲ့ အထောက်အကန့် ပြုထားတာဖြစ်တယ်။ ဘာကြောင့် ဒီလိုပြောရသလဲတော့ ပစ္စုပ္ပန်လူသားတွေကို ကြည့်မယ်ဆိုရင် သူတို့ယခင်မျိုးဆက်တွေရဲ့ အတိတ်ကာလတုန်းက ထုံးတမ်းစဉ်လာတွေ၊ လူမှုဝိသေသလက္ခဏာတွေ၊ စံနှုန်းတွေကို တစ်စိတ်တစ်ပိုင်း ဆက်ခံထားကြရတယ်။ မဟာအမျိုးသားကြီးဝါဒအမြင် လွှမ်းမိုးတဲ့ မျိုးဆက်တစ်ဆက်ဆီက

ပေါက်ဖွားလာမယ့် နောက်မျိုးဆက်သစ် တစ်ရပ်ဟာ အမျိုးသားရေး အမြင်လွှမ်းတဲ့ တွေးခေါ်ပုံတွေကို အနည်းနဲ့အများ ရှောင်လွှဲမရစွာဆက်ခံရမှာပဲ။ လူမျိုးရေး ခွဲခြားမှုနဲ့ အသားကျနေပြီးဖြစ်တဲ့ လူ့အဖွဲ့အစည်းထဲတစ်ခုထဲက မျိုးဆက်သစ်တွေဆီမှာ လူမျိုးရေးအစွဲအမြင်တွေ မွေးရာပါလက္ခဏာတစ်ရပ်လို စွဲကပ်ပါလာမှာပဲ။ ဒါကြောင့် အတိတ်ကာလတုန်းက လူတွေရဲ့ တွေးခေါ်ပုံတွေ၊ ထုံးတမ်းတွေ၊ စံနှုန်းတွေဟာ မျက်မှောက်ခေတ် မျိုးဆက်တွေကို လွှမ်းမိုးသင့်သလောက် လွှမ်းမိုးမှု ရှိတယ်လို့ ဆိုရခြင်းပဲ။ သို့ဆိုသော်ငြားလည်း လူသားတွေဟာ အတိတ်ကာလရဲ့ အစဉ်အလာစံနှုန်းတွေအောက် ပိတ်လှောင်ခံထားရတဲ့ အကျဉ်းသားတွေဖြစ်တယ် လို့တော့ ယတိပြတ် ဆိုလို့မရဘူး။ ပစ္စုပ္ပန် ကာလအတွင်းက လူသားတွေအကြားမှာ သူတို့အချင်းချင်း အပြန်အလှန် ဆက်သွယ် ဆောင်ရွက်ချက် တွေကတစ်ဆင့် လူမှုအဆောက်အအုံကို ဆက်လက် ထုဆစ်ကြတယ်။ ဒီလိုထုဆစ်ရာမှာ ဖြစ်တန်ချေနှစ်မျိုး ရှိလာတယ်။ ပထမဖြစ်တန်ချေမှာ အတိတ်က လက်ဆင့်ကမ်း ဆက်ခံလာတဲ့ အစဉ်အလာတွေဟာ ဆက်လက် အသက်ဝင်နေသလို လက်ရှိ မျိုးဆက်ကလည်း အဆိုပါအစဉ်အလာစံနှုန်းတွေ ဆက်လက် တည်တံ့အောင် သူတို့ကိုယ်တိုင် အားဖြည့်ပံ့ပိုးကြတယ်။ အတိတ်ရဲ့ လူမှုစံနှုန်းတွေက ပစ္စုပ္ပန်မှာလက်ခံကျင့်သုံးခံရပြီး အနာဂတ် အထိလည်း လက်ဆင့်ကမ်းသွားမယ့်သဘောပဲ။ ဒါက လူမှုဆိုင်ရာအရ ထပ်ဆင့်ဖန်တီးမှု (Social Reproduction) ကို ဖြစ်စေတယ်။ ဒုတိယဖြစ်တန်ချေမှာတော့ ယခင်မျိုးဆက်တွေဆီက အတွေးအခေါ်တွေ၊ အယူအဆတွေဟာ မျက်မှောက်လူ့အဖွဲ့အစည်း အတွင်းမှာတော့ ပြောင်းလဲမှုတွေနဲ့ ကြုံရတယ်။ အကြောင်းတရား အမျိုးမျိုးတို့ကြောင့် မသိမသာ ရွေ့လျားပြောင်းလဲသွားတာ ဖြစ်နိုင်သလို တိုက်ရိုက်စိန်ခေါ်မှုနဲ့ ရည်ရွယ်ချက်ရှိရှိ ပြောင်းလဲ ခံရတာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ဒါက လူမှုဆိုင်ရာအရ အသွင်ပြောင်းလဲမှု (Social Transformation) လို့ ဆိုနိုင်တယ်။ စထရပ်ချာရေးရှင်းသီအိုရီက လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ သရုပ်ကိုနားလည်နိုင်ဖို့ အဆိုပါအနေအထားနှစ်ရပ်စလုံးတို့ကို ကိုင်တွယ်ရမယ်လို့ မြင်တယ်။ ဒါကြောင့် စထရပ်ချာရေးရှင်းသီအိုရီမှာ အဓိကလက်ကိုင်ထားတဲ့အယူအဆက `လူသားတွေဟာ လူ့အဖွဲ့အစည်းကို ဖန်တီးတယ်၊ လူ့အဖွဲ့အစည်းအားဖြင့်လည်း ဖန်တီးခံရတယ်� ဆိုတဲ့ အမြင်ပဲ။ စထရပ်ချာရေးရှင်းသီအိုရီသမားတွေ အတွက် လူ့အဖွဲ့အစည်းဟာ အစဉ်အလာစံနှုန်းတွေအရ လူသားတွေအပေါ် ဘယ်လိုလွှမ်းမိုးချုပ်ကိုင်ပြီး လူမှုဆိုင်ရာ ထပ်ဆင်ဖန်တီးမှု(Social Reproduction) တွေ ဖြစ်စေသလဲ စိတ်ဝင်စားသလို အစဉ်အလာစံနှုန်းတွေ ဘယ်လို ပြောင်းလဲ သွားသလဲဆိုတဲ့ လူမှုဆိုင်ရာအသွင်ပြောင်းလဲမှု (Social Transformation) ကိုလည်း အလေးအနက်ယူတယ်။ ယနေ့မှာ အကိုးကားခံရဆုံးနဲ့ လွှမ်းမိုးမှုအရှိဆုံး

စထရပ်ချာရေးရှင်း သီအိုရီ ပညာရှင်နှစ်ဦးတို့ ကတော့ ပီယာဘော်ဒျူး (Pierre Bourdieu) နဲ့ အန်သိုနီဂစ်ဒင်းစ် (Anthony Giddens) တို့ပဲ။ လူသားဟာ လူ့အဖွဲ့အစည်းကိုထုဆစ်တယ် ဆိုတဲ့အယူအဆနဲ့ လူ့အဖွဲ့အစည်းက လူသားကို ပုံသွင်းဖန်တီးတယ်ဆိုတဲ့ အယူအဆ နှစ်ဖက်အစွန်း တို့ကို ရှောင်ရှားပြီး မျှတတဲ့လူမှုဗေဒလမ်းကြောင်းကို ဖော်ဆောင်နိုင်ဖို့ သူတို့နှစ်ဦးစလုံး ကြိုးပမ်းခဲ့ကြတယ်။

စထရပ်ချာရေးရှင်းသီအိုရီရဲ့ အစိတ်အပိုင်းတစ်ချို့ဟာ အသွင်လောကစိတ်ပညာ ဆီကလွှမ်းမိုးမှု့ တွေနဲ့ မကင်းဘူး။ ၁၉၇၀ တဝိုက်မှာ စတင်ထင်ရှားလာတဲ့ စထရပ်ချာရေးရှင်းသီအိုရီ အယူအဆတွေမှာ အသွင်လောက စိတ်ပညာနဲ့ သဘောသဘာဝတူတဲ့ တွေးခေါ်ပုံတွေ တွေ့ရတယ်။ ဘော်ဒျူးရော ဂစ်ဒင်းစ်ရော နှစ်ဦးစလုံးတို့က ‘လူမှုအလေ့အထ’ (Social Practice) တွေရဲ့ အရေးပါမှုကို အလေးအနက်ထားကိုင်တွယ်ကြတယ်။ ‘လူမှုအလေ့အထ’ ဆိုတာ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းက လူသားတွေအကြားမှာ ပုံမှန်ဆန်မှုတစ်ခုနဲ့အသားကျနေတဲ့ နေ့စဉ်ဘဝ တွေးခေါ်ပုံတွေ၊ ပြုမူဆက်သွယ်ချက်တွေပဲ။ အဆိုပါ `လူမှုအလေ့အထတွေကပဲ လူ့အဖွဲ့အစည်းရဲ့ ကျောရိုး အဆောက်အအုံကို ပြဋ္ဌာန်းပေးတယ်။ ဒါကြောင့် လူမှုအဆောက်အအုံ (Structure) ဆိုတာ တသီးပုဂ္ဂလလူသား (Individual) တွေရဲ့ ပြင်ပမှာ သီးခြား တည်ရှိနေတဲ့ အရာမဟုတ်ပဲ လူသားတွေအကြားက ပြုမြဲ ‘အလေ့အထ’တွေ သာလျှင်ဖြစ်တယ်လို့ နားလည်နိုင်တယ်။ ဒီအချက်ကိုဖော်ပြရာမှာ အသွင်လောကစိတ်ပညာလိုပဲ လူသားရဲ့ ‘လက်တွေ့ကျသိစိတ်’ (Practical Consciousness) ဆိုတာကို ယူတယ်။ လူသားတွေဟာ သူတို့ နေ့စဉ်ဘဝထဲက ပြုမြဲ လူမှုအလေ့အထတွေကို မသိစိတ် လှုံ့ဆော်မှုမဟုတ် အပြည့်အဝ သိစိတ်လည်း မမည်တဲ့ တစ်စိတ်တစ်ပိုင်းသိမှု အခြေအနေ (Semi-conscious) မှာ လုပ်ဆောင်ခြင်းပဲ။ လူသားတွေအနေနဲ့ သူတို့ဟာ ဘယ်လိုတွေးခေါ်တယ်၊ ဘယ်လိုပြုမူတယ် စတာတွေကို သိကောင်းသိတယ်၊ သို့သော် ဘာကြောင့် ဒီလိုနည်းလမ်းအားဖြင့် တွေးခေါ်သလဲ ပြုမူသလဲ ဆိုတာတွေကိုတော့ သိစိတ်မှာ အပြည့်အဝဆန်းစစ်တာမျိုးမလုပ်ဘူး။ သူတို့ရဲ့ `လက်တွေ့ကျသိစိတ် ထဲမှာအသားကျပြီးဖြစ်နေတဲ့ ပြုမြဲတွေးမြဲ အလေ့အထတွေအတိုင်း အလိုက်သင့် ဆောင်ရွက်သွားတာမျိုးပဲ။ အခြားသူတွေနဲ့တွေ့ဆုံတဲ့အခါ ဘယ်လို နှုတ်ဆက်ရမလဲ ဆိုတာ ‘သိ’ ကြတယ်၊ ဘတ်စ်ကားဂိတ်ဆီသွားပြီး ဘယ်လို ဘတ်စ်ကားစီးရသလဲဆိုတာ ‘သိ’ ကြတယ်။ ဒါက လက်တွေ့ကျ သိမှုအတိုင်း ပြုလုပ်သွားတဲ့ အလေ့အထတွေပဲ။ လူသားတွေ အကြားမှာ မျှဝေလက်ခံထားကြတဲ့ တန်ဖိုးစံနှုန်းတွေ၊ ဓလေ့ထုံးတမ်းတွေနဲ့တကွ အဆိုပါ `လူမှုအလေ့အထ တွေက လူ့အဖွဲ့အစည်းတစ်ရပ်အတွက် လူမှုအစီအစဉ် (Social Order) ကို ခင်းကျင်းပေးတယ်။

ဘော်ဒျူးနဲ့ဂစ်ဒင်းစ်တို့နှစ်ဦးစလုံးက စထရပ်ချာရေးရှင်းသီအိုရီကို အခြေပြုတာမှန်သော်လည်း သီအိုရီတွေအရတော့ ကွဲပြားမှုရှိတယ်။ ဒါက သီအိုရီပညာရှင်တစ်ယောက်က ဘယ်လို ရည်ရွယ်ချက်နဲ့ လူမှုသိပ္ပံပညာကို အသုံးချသလဲဆိုတဲ့ အချက်ပေါ် မူတည်နေတယ်။ ဘော်ဒျူး အတွက်က လူမှုဗေဒ (Sociology) အသုံးပြုပြီး လူ့အဖွဲ့အစည်းတစ်ရပ် အတွင်း လွှမ်းမိုး ခြယ်လှယ်မှု (Domination) ပုံစံအရပ်ရပ်ရဲ့ သဘာဝကို ဖော်ထုတ်ဖို့ရည်ရွယ်တာ။ ဒါကြောင့် ဘော်ဒျူးရဲ့ ဦးတည်ချက်က နိုင်ငံရေးဆန်တယ်။ သူ့ကို မာ့က်စ်ဝါဒီတစ်ဦး လို့သတ်မှတ်လို့ မရနိုင်ပေမယ့် သူ့ရဲ့ အယူအဆတွေ မာ့က်စ်ဝါဒနဲ့ ဆက်သွယ်ချက် တစ်ချို့ အထင်အရှား တွေ့ရတယ်။ ဥပမာ ဘော်ဒျူးရဲ့ လူသိများတဲ့အယူအဆ Symbolic Violence က အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလူတန်းစားတို့အကြားက ဖိနှိပ်လွှမ်းမိုးမှုအပြင် ယောကျ်ားနဲ့မိန်းမတို့အကြား ဖိနှိပ်မှု၊ လူများစုလူဦးရေနဲ့ လူနည်းစု လူမျိုးတို့အကြား ဖိနှိပ်မှု စတာတွေရဲ့ ပုံစံသဘာဝတို့ကို လေ့လာခြင်းဖြစ်တယ်။ အခြားတစ်ဖက်မှာတော့ အန်သိုနီဂစ်ဒင်းစ်ရဲ့ စထရက်ချာရေး ရှင်းသီအိုရီက ဂလိုဘယ် အရင်းရှင်ခေတ်ရဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာအပြောင်းအလဲ တွေကို ထုတ်ဖော်လေ့လာဖို့ အဓိက ရည်ရွယ်တယ်။

ပီယာဘော်ဒျူး၏ စထရပ်ချာရေးရှင်းအယူအဆ

ဘော်ဒျူးက လူမှုအခြေအနေမှန်သမျှတို့ကို ပါဝါဆက်သွယ်ချက် (Power Relation) တွေ အားဖြင့်သာ နားလည်နိုင်တယ်လို့ ဆိုတယ်။ အခွင့်ထူးခံ အုပ်ချုပ်သူလူတန်းစားက လူများစု လူဦးရေအပေါ် လွှမ်းမိုးချုပ်ကိုင်ထားခြင်း လို အခြေအနေကို ပါဝါဆက်သွယ်ချက်သဘောအရ လူမှုဗေဒရှုထောင့်ကနေ လေ့လာဆန်းစစ်ကြည့် လို့ရနေတယ်။ နှောင်းပိုင်းဝေဖန်ရေး ပညာရှင်တွေကတော့ ဘော်ဒျူးရဲ့ သီအိုရီက မာ့က်စ်ဝါဒနဲ့ နီးစပ်နေပြီး လူမှုအဆောက်အအုံရဲ့ လူသားတွေအပေါ် လွှမ်းမိုးနိုင်မှုကို အာရုံစိုက်လွန်းတယ်လို့ ထောက်ပြကြတယ်။ သို့သော် ဘော်ဒျူးရဲ့ အယူအဆက လူမှုအဆောက်အအုံနဲ့ အိုင်ဒီယိုလိုဂျီတွေက တသီးပုဂ္ဂလ လူသားတွေကို ဘယ်လိုလွှမ်းမိုးပြဌာန်းသလဲ ဆိုတာချည်း သက်သက် ကိုင်တွယ်တာတော့ မဟုတ်ဘူး။ ဘော်ဒျူးက Habitus လို့ ခေါ်ဆိုတဲ့ လူမှုအလေ့အထဟန်ချက်တစ်ရပ်ကို သူ့ရဲ့ အဓိကထောက်တိုင်အနေနဲ့ အသုံးပြုတယ်။ Habitus ဖြစ်တဲ့ `လူမှုအလေ့အထဟန်ချက်' ဆိုတာက လူမှုအဆောက်အအုံဟာ တသီးပုဂ္ဂလလူသားတွေရဲ ပြုမူဆောင်ရွက်ချက်တွေကို လွှမ်းမိုးထားတာမှန်ပေမယ့် လူသားတွေဘက်ကလည်း အဆိုပါတည်ဆဲအနေအထားကို ဆက်လက်ထိန်းသိမ်းခြင်းဖြစ်စေ၊ ပြောင်းလဲ ပုံဖော်ခြင်းဖြစ်စေ အတိုင်းအတာတစ်ခုအားဖြင့် တုံ့ပြန်ခွင့်ရရှိထားတယ်ဆိုတဲ့ အယူအဆပဲ။ လူမှုအဆောက်အအုံနဲ့ လူသားတွေအကြားမှာ ပုံဖော်ဖန်တီးမှုနဲ့ တန်ပြန်ပုံဖော်ဖန်တီးမှုတို့ကို ဟန်ချက်တစ်ရပ်နဲ့ ထိန်းညှိပေးထားတယ်။ အစဉ်အလာလူမှု လမ်းကြောင်းအရ ပြဌာန်းချက်တွေရှိနေသလို လူသားတွေရဲ့ တက်ကြွစွာ ပါဝင်တုံ့ပြန်မှုလည်းပဲ ရှိနေတယ်။ ဒါက ဘော်ဒျူးဆိုလိုခဲ့တဲ့ Habitus ရဲ့ အနှစ်သာရပဲ။

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းမှာ လူမှုဆက်ဆံရေး (Socialization) ဆိုတာက လူသား တစ်ဦးတစ်ယောက်ချင်းစီကို Habitus သို့မဟုတ် `လူမှုအလေ့အထဟန်ချက်' သွတ်သွင်း ပေးခြင်းတစ်မျိုးပဲ။ လူတစ်ယောက် စတင်မွေးဖွားလာတဲ့ အချိန်ကစလို့ သူမွေးဖွားရာ လူ့အဖွဲ့အစည်းရဲ့ တန်ဖိုးစံတွေ၊ သဘောထားတွေ၊ အယူအဆတွေအားလုံး ထည့်သွင်းပေး ခံရတယ်။ ဒါက အဆိုပါလူသားကို မွေးကင်းစအရွယ်ကစလို့ သူသက်ဆိုင်တဲ့ လူအုပ်စုတစ်စုတို့ရဲ့ စံနှုန်းတွေနဲ့ ကိုက်ညီလိုက်နာတဲ့အုပ်စုဝင်တစ်ယောက်ဖြစ်လာအောင် ပြဌာန်းလိုက်တာပဲ။ စိတ်ပိုင်းဆိုင်ရာအဆင့်သာမက ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ခန္ဓာကိုယ်ပိုင်းဆိုင်ရာအဆင့်အထိ ပြုပြင်ပုံသွင်းမှုတွေက ရောက်ရှိတယ်။ စားသောက်ရာမှာ ဘယ်လိုပြုမူရမယ်ဆိုတာ၊

မိမိထက်အသက်အရွယ်ကြီးသူတစ်ယောက်နဲ့ဆက်ဆံရာမှာ ဘယ်လိုပြုမူရမယ်ဆိုတာ စသဖြင့် စိတ်ပိုင်းဆိုင်ရာအပြင် ခန္ဓာကိုယ်ပိုင်း အပြုအမူတွေပါ သင်ကြားသွတ်သွင်းခံရတယ်။ ဒါကြောင့် ကလေးဘဝရဲ့ လူမှုဆက်ဆံရေးဖြစ်စဉ်ကစလို့ အဆိုပါကလေးငယ်ဆီမှာ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ‘လူမှုအလေ့အထဟန်ချက်’ တစ်ခု ပိုင်ဆိုင်သွားတယ်။ အသေးမွှားဆုံးလို့ထင်ရတဲ့ စကားပြောဟန်၊ လမ်းလျှောက်ဟန်တွေကအစ သူ ကြီးပြင်းရာ လူ့အုပ်စု သို့မဟုတ် လူ့အဖွဲ့အစည်းရဲ့ ‘လူမှုအလေ့အထဟန်ချက်’ နဲ့ ဆက်စပ်ထင်ဟပ်မှုရှိနေတာ တွေ့ရလိမ့်မယ်။ ဒါကြောင့် လူတစ်ဦးတစ်ယောက် ပြုမူပုံ၊ တွေးခေါ်ပုံ တို့ဟာ သူ ပုံစံသွန်းလောင်းခံခဲ့ရတဲ့ ‘လူမှုအလေ့အထဟန်ချက်’ နဲ့ မကင်းနိုင်ဘူး။ သို့သော် အများအားဖြင့်တော့ လူသားတွေ ကိုယ်တိုင်တောင်မှ ဒီအချက်ကို သတိမမူမိကြဘူး။ သူတို့အတွက်ကတော့ သူတို့ တွေးခေါ်သမျှဟာ သဘာဝကျကျဖြစ်တည်နေတဲ့ သာမန်အသိ၊ ယေဘုယျအသိ(Common Sense) လို့သာ မှတ်ယူကြတာ။ သူတို့နားလည်လက်ခံထားတဲ့ အစစ်အမှန်တရား ဆိုတာ တွေကလည်း ခြွင်းချက်မရှိမှန်ကန်တယ်လို့ မြင်တာ။ ဒီလိုမျိုး ပိုင်းခြားဆန်းစစ်မှုမပြုဘဲ အလိုအလျောက် လက်ခံထားတဲ့ လောကအမြင်၊ ဘဝအမြင်နဲ့ တွေးခေါ်ပုံ အယူအဆ လမ်းကြောင်း ကို doxa လို့ခေါ်တယ်။ ဂရိဘာသာစကား doxa မှာ ကွဲပြားတဲ့ဝေါဟာရအသုံးနဲ့ အဓိပ္ပါယ် အမျိုးမျိုးရှိပေမယ့် ဒီနေရာမှာတော့ ယေဘုယျအားဖြင့် ယုံကြည်ချက်အမြင်လို့ ပြန်ဆိုနိုင်လိမ့်မယ်။ doxa က `လူမှုအလေ့အထဟန်ချက်’ ကတစ်ဆင့် လူသားရဲ့ သိမှုဘောင်ကို အနည်းနဲ့အများ ဖိစီးလွှမ်းမိုးနေတယ်။

သာဓကတစ်ခု အနေနဲ့ပြောရရင် သမိုင်းစာမျက်နှာတွေပေါ်က သက်ဦးဆံပိုင်စနစ် အကြောင်း ပြောတဲ့အခါ ဘယ်လို ရှုထောင့်လမ်းကြောင်း ကိုင်စွဲပို့ချသလဲဆိုတဲ့အချက်က ပို့ချခံရတဲ့ လူသားတွေရဲ့ `လူမှုအလေ့အထဟန်ချက်’ ကို လွှမ်းမိုး ပြောင်းလဲ သွားစေနိုင်တယ်။ သက်ဦးဆံပိုင်စနစ် ကိုဖော်ပြရာမှာ အဆိုပါစနစ်ရဲ့ ဆိုးဝါးတဲ့အစဉ်အလာအယူတွေ၊ ဆုတ်ယုတ်ဖောက်ပြန်မှုတွေကို မီးမောင်းထိုးလို့ရတယ်။ ဒီလိုမှမဟုတ်ဘဲ ဘုရင်တွေရဲ့ တစ်မိန့်တစ်သံ အုပ်ချုပ်ရေးကို တန်ခိုးရှင်အခွင့်အာဏာ (Divine Right) အဖြစ် ဖုံးကွယ် ညွှန်းဆိုပြီး လိုလားအပ်ဖွယ် ရွှေရောင်အတိတ် အဖြစ်လည်း တစ်ဖက်စောင်းနင်း ဖော်ပြ လို့ရတယ်။ စာမျက်နှာတွေပေါ်ရောက်တဲ့အခါ အလွန်ဆုတ်ယုတ် ဖောက်ပြန်တဲ့ သက်ဦးဆံပိုင် အုပ်ချုပ်ရေးလို အကြွင်းမဲ့ အာဏာရှင်စနစ်သည်ပင်လျှင် လိုလားအပ်ဖွယ်အရာလို့ ထင်မှတ် သွားရတယ်။ ဒီလိုသမိုင်းဆိုင်ရာအသိမှားတွေကို သွတ်သွင်းပို့ချမှုဟာ ပို့ချခံရတဲ့လူတွေရဲ့ တွေးခေါ်ပုံအပေါ် လွှမ်းမိုးနိုင်တယ်။ ကိုလိုနီဝါဒအကြောင်းပြောဆိုစဉ်မှာတောင် မိမိရဲ့ တိုင်းပြည် ကျူးကျော်သိမ်းယူခံရတဲ့အခါ ကိုလိုနီပြုမှု၊ နယ်ချဲ့မှုလို့ လက်ညှိုးထိုးညွှန်ပြီး မိမိတိုင်းပြည်က ကျူးကျော်တဲ့အခါမှာတော့ တကွဲတပြား

ဖြစ်နေတဲ့ အိမ်နီးချင်းနယ်မြေ ဒေသတွေကို တည်ငြိမ်မှု ရအောင် စုစည်းပေးခြင်း ဖြစ်သွားတယ်။ နယ်မြေကျူးကျော်မှုဖြစ်ရပ်တွေအတွင်းက လူလူချင်း သုတ်သင်သတ်ဖြတ်မှုတွေဟာလည်း ထိတ်လန့်ဖွယ် သမိုင်းဖြစ်ရပ်ဆိုး မဟုတ်တော့ဘဲ ပစ္စုပ္ပန်ကာလ အထိဂုဏ်တင် ပြောဆိုစရာဝံ့ကြွားမှုတွေ ဖြစ်သွားကြတယ်။ ဒီနေရာမှာ ပုံသွင်းခံလောကအမြင် ဖြစ်တလဲ doxa ရဲ့ အခန်းကဏ္ဍကို ထည့်တွက် ရတော့မယ်။ 'လူမှုအလေ့အထဟန်ချက်' ရဲ့ လုပ်ငန်းတာဝန်တစ်ရပ်က လူတစ်ယောက်ရဲ့ ပုံသွင်းခံသိမှုကို အစစ်အမှန်တရားလို့ထင်လာအောင် ညှိယူပေးတာပဲ။ တစ်နည်းအားဖြင့်တော့ လူတစ်ယောက်ရဲ့ ပုဂ္ဂလအမြင် (Subjective) ဆန်တဲ့ သိမှုအမြင်ကို ဓမ္မဓိဋ္ဌာန်ကျ (Objective) အစစ်အမှန်တရားလို့ ထင်ယောင်လာ စေတယ်။ တစ်ဖက်စောင်းနင်း သမိုင်းပို့ချချက်တွေနဲ့ ကြီးပြင်းလာသူတွေဟာ သူတို့ ထိတွေ့နားလည်ခဲ့ရသလောက်နဲ့ သူတို့တည်ဆောက်လိုက်တဲ့ အမြင်တွေဟာ အကြွင်းမဲ့ အမှန်တရားလို့ ပုံသေသတ်မှတ်တော့တာပဲ။ အရှက်ရဖွယ်ကိစ္စ လို့ သိနေပါလျက် တမင်တစင် ဂုဏ်တင်လုပ်ယူနေတာမဟုတ်ဘူး၊ သူတို့ကိုယ်တိုင်က ဒါဟာ ဂုဏ်ယူစရာပါလို့ နှစ်နှစ်ကာကာ ယုံကြည်လက်ခံထားကြတာ။ ဒါကလည်း သူတို့ရဲ့ သိမှုဆိုတာ သူတို့သွတ်သွင်း ပို့ချခံထားရတဲ့ `လူမှုအလေ့အထဟန်ချက်' က ခွင့်ပြုသလောက် အတိုင်းအတာထဲမှာ ပိတ်မိ နေကြလို့ ပဲဖြစ်တယ်။

`လူမှုအလေ့အထဟန်ချက်' (Habitus) ရဲ့ အလုပ်လုပ်ပုံက ရိုးစင်းသော်လည်း ထိရောက်မှု ရှိတယ်။ ဆင်းရဲချို့တဲ့သူ တစ်ယောက်ဟာ နံနက်မိုးလင်းလာချိန်မှာ နတ်သုဒ္ဓါတမျှ ပြည်စုံ ကြွယ်ဝတဲ့ နံနက်စာဝိုင်းမျိုး မမျှော်လင့်ဘူး။ သူ့ရဲ့ `လူမှုအလေ့အထဟန်ချက်� က ဒီလိုစိတ်ကူးမျိုးဆီ မရောက်ရှိစေဖို့ ထိန်းချုပ်ပေးထားတယ်။ ဒါကြောင့်လည်း သူ ရွေးချယ်ခွင့် ရှိသလောက် အကန့်အသတ်ထဲက သာမန်စားဖွယ်ရာအမျိုးအမည်တွေသာ သူ့ရဲ့ ခေါင်းထဲ အစီအစဉ်တကျ ပေါ်လာတယ်။ အလားတူပဲ လူမျိုးရေးခွဲခြားမှု အမြင်တွေနဲ့ ကျွမ်းဝင်နေသူ တစ်ယောက်ဟာ လူမျိုးရေးခွဲခြားတဲ့ ပြက်လုံးတွေ၊ ဟာသတွေကို ကိုယ်ကျင့်အရ မှားယွင်းတယ်လို့ မယူဆဘူး။ လူမျိုးရေးခွဲခြားမှု ဟာသတွေဟာ ယုတ်နိမ့်တယ်ဆိုတဲ့ အတွေးမျိုးလည်း သူ့ဆီမှာမဖြစ်ပေါ်ဘူး။ ပြက်လုံးတွေအတိုင်း အလိုက်သင့် ရယ်မောလိုက်ဖို့ သာပဲ သူ့ရဲ့ သာမန်အသိအရ ပေါ်လာတယ်။ သို့သော် အနေအထားကွဲပြားတဲ့ အခြား လူမှုအခြေအနေတွေမှာ သူတို့ရဲ့ မူလ `လူမှုအလေ့အထဟန်ချက်� ကို ဟန်ချက်ညီညီ မထိန်းသိမ်းနိုင်တော့တဲ့အခါ လူသားတွေဟာလည်း သူတို့ရဲ့ သုံးသပ် ဆင်ခြင်နိုင်စွမ်းကို အသုံးပြုလာကြရတယ်။ လူမျိုးရေးခွဲခြားသူဟာ လူမျိုးရေးခွဲခြားမှုကိုလက်မခံတဲ့ လူ့အဖွဲ့အစည်း တစ်ခုထဲရောက်သွားတဲ့အခါ သူ မူလတည်ဆောက် ထားခဲ့တဲ့ အစစ်အမှန်တရားက အဆိုပါ အဖွဲ့အစည်းကပုံဖော်တဲ့ 'လူမှုအလေ့အထဟန်ချက်� နဲ့ မလွဲမသွေပဋိပက္ခဖြစ်မှာပဲ။ သူပြောတဲ့

လူမျိုးရေးပြက်လုံးတွေကို အခြားသူတွေက မရယ်မောကြဘူး၊ သူနားလည်ထားတဲ့ လူမျိုးရေးအမြင်တွေကို အခြားသူတွေက လက်မခံကြဘူး၊ သူလက်ခံထားတဲ့ စံနှုန်းတွေ ဟာလည်း အခြားသူတွေနဲ့ သိသိသာသာကွဲပြားနေတယ်။ အဲဒီအခါမှ သူ့ရဲ့ ဓမ္မဓိဋ္ဌာန်ကျ အမှန်တရားလို့ မြင်နေတဲ့သိမှုဘောင်ဟာ ကိုင်လှုပ်ခံလိုက်ရတယ်။ သို့သော် မူလတုန်းက လူမှုအဝန်းအဝိုင်းထဲမှာဆိုရင်တော့ သူ နေ့စဉ်ကြုံတွေ့သမျှဟာ လူမျိုးရေးခွဲခြားမှုအမြင် တွေသာဖြစ်တဲ့အတွက် သူ့ရဲ့ `လူမှုအလေ့အထဟန်ချက်'က နောက်ထပ် လူမျိုးရေးခွဲခြားမှု အမြင် တွေကိုသာ ဆက်လက်တည်ဆောက်နေမိဦးမှာ ဖြစ်တယ်။ ဒါကြောင့် လူသားတွေရဲ့ သိမှုအမြင်တွေဟာ စိန်ခေါ်ခံရနိုင်တာတော့ မှန်တယ်၊ သို့သော် အဲဒီလိုစိန်ခေါ်ပြောင်းလဲနိုင်ဖို့ လှုံ့ဆော်အားတစ်ခုခု၊ အခြေအနေတစ်ခုခုလည်း လိုအပ်လိမ့်မယ်။ နောက်တစ်ချက် ဘော်ဒျူး ပြောခဲ့တာက အဆိုပါပြောင်းလဲနိုင်ချေ ဆိုတာကလည်း တသီးပုဂ္ဂလလူသားရဲ့ ရွေးချယ်နိုင်ခွင့်မှာ ကန့်သတ်ခံထားရတယ်။ ဒီအချက်ကတော့ အငြင်းပွားစရာ ရှိတယ်။ လူသားရဲ့ သိမှုကို ပြောင်းလဲနိုင်ချေလမ်းစ အဖြစ် အဖွင့်သဘောပြထားပေမယ့် ပြောင်းလဲဖို့အတွက်ကိုတော့ ရွေးချယ်ခွင့်တွေထပ်မံကန့်သတ်ခံထားရတယ်ဆိုရင် အကျဉ်းခန်းထဲကလွတ်မြောက်လာပြီးမှ အကျဉ်းထောင်ကြီး အတွင်းက လွတ်မြောက်ဖို့ မစွမ်းသာတဲ့သဘောဖြစ်နေတယ်။ လူသားဟာ အပြည့်အဝဆင်ခြင်သုံးသပ်နိုင်စွမ်းအထိ မရောက်ရှိဘဲ 'လူမှုအလေ့အထဟန်ချက်� က ခွင့်ပြုပေးတဲ့ အတိုင်းအတာအားဖြင့်သာ သူ့ရဲ့ သိမှုကို ပြောင်းလဲနိုင်တယ် ဆိုတာနဲ့မခြားဘူး။ ဒီနေရာမှာတော့ ဘော်ဒျူးက လူသားရဲ့ သိမှုဆိုင်ရာပြင်လွယ်ပြောင်းလွယ်နိုင်စွမ်း (Reflexivity) ကို လျှော့ပေါ့တွက်ဆခဲ့တာလို့ ဝေဖန်သူတွေဘက်က ငြင်းခုံတာတွေရှိတယ်။ တကယ်လည်း ဒါက စဉ်းစားကြည့်သင့်တဲ့ အချက်ပဲ။ လူသားရဲ့ လက်တွေ့ကျသိစိတ်မှာ သဘာဝလို့ ထင်မြင် တည်ဆောက်ယူလိုက်တဲ့ အစစ်အမှန်တရားဟာ ကိုင်လှုပ်ခံလိုက်ရတယ်ဆိုရင် လူသားအနေနဲ့က ယိမ်းယိုင်သွားတဲ့ အခြေအနေကိုသုံးသပ်နိုင်တဲ့ 'အပြည့်အဝသိစိတ်' အဆင့်ဆီ မတက်လှမ်းနိုင်ဘူးလားလို့ မေးစရာရှိတယ်။ အပြည့်အဝသိစိတ်မှာ ပိုင်းခြား သုံးသပ်ကြည့် ပြီးနောက် သူအနေနဲ့ မူလတုန်းကလက်ခံထားတဲ့ အစစ်အမှန်တရားဆိုတဲ့ အရာဟာ 'လူမှုအလေ့အထဟန်ချက်' အရ ဖြစ်တည်မှု လို့ နားလည်သွားနိုင်မယ်ဆိုရင် သူ့ရဲ့ သိမှုကို သူ့ဘာသာပြောင်းလဲ ပစ်နိုင်စွမ်းမရှိဘူးလားလို့လည်း နောက်ထပ်မေးလို့ ရတယ်။ ဘော်ဒျူးရဲ့ သီအိုရီမှာ ဒီအတွက်တိကျတဲ့ အဖြေတစ်ရပ်မထုတ်ယူနိုင်ပေမယ့် ဂစ်ဒင်းစ်ရဲ့ Post-traditional အယူအဆမှာတော့ ဒီအကြောင်းအရာနဲ့စပ်လျဉ်းပြီး ကိုင်တွယ်ထားတာ တွေ့ရမယ်။

'ကစားပွဲ'သီအိုရီ

'လူမှုအလေ့အထဟန်ချက်' (Habitus) ကို အပြည့်အဝသရုပ်ဖော်ဖို့အတွက် ဘော်ဒျူးက `ကစားပွဲ' (Game) ကို တင်စားချက် ဥပစာသဘောအဖြစ် ခိုင်းနှိုင်းခဲ့တယ်။ လူမှုနောက်ခံ အခြေအနေတစ်ခုချင်းစီကို `ကစားကွင်း' (Field) လို့ ယူမယ်ဆိုပါစို့။ ကစားပွဲတစ်ခုလုံးရဲ့ အရေးပါမှု အတိုင်းအတာက ကစားသမားဖြစ်တလဲ တသီးပုဂ္ဂလလူသားတစ်ဦးရဲ့ မသိစိတ်မှာ အခြေခံထားတာဖြစ်ပေမယ့် ကစားဖို့ရာဆိုတဲ့အသိကတော့ သူ့ရဲ့ `လူမှုအလေ့အထဟန်ချက် ထဲမှာ ရှိနှင့်နေပြီးသား ဖြစ်တယ်။ လူသားတွေအနေနဲ့ အခြားသောလူသားတွေနဲ့ အပြန်အလှန် ဆက်သွယ်မှုပြုနိုင်တာ ကိုက ကစားပွဲမှာ ပါဝင်နိုင်စွမ်းရှိခြင်းပဲ။ ကစားပွဲဖြစ်စဉ် တစ်ခုလုံးကတော့ သူ့ရဲ့ လက်တွေ့ကျသိစိတ် (Practical Consciousness) အဆင့်မှာ ဖြစ်ပေါ်တယ်လို့ ဘော်ဒျူးကဆိုတယ်။

တစ်ယောက်ချင်းစီကလည်းကစားပွဲအပေါ်ခံစားထိတွေ့နိုင်စွမ်းရှိတယ်။ ကစားနည်း ကစားဟန် တစ်ရပ်က မှန်ကန်တယ်လို့ ခံစားမိရင် အဆိုပါကစားဟန်အတိုင်း ဆက်လက် ကစားနေမိမှာပဲ။ ကစားနည်း'အလေ့အထ' (Practice) တွေက `လူမှုအလေ့အထဟန်ချက် ထဲမှာမြှုပ်နှံ ထားတာဖြစ်ပြီး လက်တွေ့ကျသိစိတ်က ဘယ်လိုကစားရမယ်ဆိုတာ ညွှန်ကြားပေးနေတယ်။ `ကစားကွင်း' (Field) တွေဟာ မော်ဒန်လူ့အဖွဲ့အစည်းတွေ အတွင်း သီခြားစီ တည်ရှိနေကြတဲ့ အဝန်းအဝိုင်းတွေလို့ ဘော်ဒျူးကသတ်မှတ်တယ်။ ဆိုကြပါစို့၊ မော်ဒန်ဖြစ်စဉ်တစ်ခုလုံးမှာ နိုင်ငံရေး၊ ကိုးကွယ်ယုံကြည်မှု၊ ပညာရေး၊ မီဒီယာ စသဖြင့် နယ်ပယ်အသီးသီးတို့ဟာ ဘော်ဒျူးဆိုလိုခဲ့တဲ့ သီခြားအဝန်းအဝိုင်းတွေပဲ။ ဘော်ဒျူးအတွက်ကတော့ လူမှုဗေဒဆိုတာ အဆိုပါ အဝန်းအဝိုင်းငယ်တွေအကြားက ဆက်သွယ်ချက်တွေကို နားလည်ဖို့နဲ့ အဝန်းအဝိုင်း တစ်ခုချင်းစီမှာ ဘယ်လို 'ကစားပွဲ'တွေ ဖြစ်ပေါ်သလဲဆိုတာ ဖော်ထုတ်ဖို့ပဲ။ `ကစားကွင်း' ဖြစ်တလဲ နယ်ပယ်တွေ အကြားမှာ တစ်ခုကနေတစ်ခုအပေါ် အထက်အောက် လွှမ်းမိုးမှု တွေ့ရှိနိုင်တာ မှန်ပေမယ့် နယ်ပယ်တစ်ခုစီတို့ရဲ့ 'ကစားပွဲ'တွေအတွက် သီသန့် ပြဋ္ဌာန်း ထားတဲ့ စည်းမျဉ်း ကန့်သတ်ချက်တွေ ရှိတယ်။ ဥပမာ ဘာသာရေးကို နိုင်ငံရေး၊ လူမှုရေးတို့နဲ့ တွဲစပ်ကြည့်လို့ရတာ မှန်ပေမယ့် ဘာသာရေးက အဆိုပါနယ်ပယ်တွေနဲ့ သိသိသာသာကွဲပြားတဲ့ သီးသန့်အဝန်းအဝိုင်းမျိုးအဖြစ် ဖြစ်တည်နေနိုင်သေးတယ်။ ဒီတော့ ကစားပွဲတစ်ခုမှာက ဘယ်လို ကစားရမယ်ဆိုတဲ့ စည်းမျဉ်း (Rules) တွေ၊ ကစားရာမှာအသုံးပြုဖို့ အရင်းအမြစ် (Resource) တွေနဲ့ ကစားပွဲမှာပါဝင်မှုကြောင့်ရလာမယ့် အကျိုးခံစားခွင့်(Stakes) တွေရယ်လို့ အသီးသီး

ရှိနေကြတယ်။ ဘော်ဒျူးက လူသားတွေက တစ်ဦးတစ်ယောက်ချင်း ဖြစ်ဖြစ်၊ အုပ်စုတစ်စုလိုက် အနေနဲ့ဖြစ်ဖြစ် ကစားပွဲတစ်ခုမဟုတ် တစ်ခုတို့မှာ ပါဝင်နေရသူတွေချည်း ဖြစ်တယ်လို့ မြင်တယ်။ ကစားသမားတွေရဲ့ စိတ်မှာက ကစားပွဲအနိုင်ရဖို့ဆိုတာနဲ့ အခြားကစားသမားတွေကို လွှမ်းမိုး နိုင်ဖို့ဆိုတာ အပြည့်အဝသိစိတ်ကြောင့် မဟုတ်ဘဲ အလိုလိုရှိထားပြီးဖြစ်တယ်။ ဘော်ဒျူးရဲ့ နောက်ထပ် ကြိုးပမ်းချက်တစ်ခုက နယ်ပယ်တစ်ခုမှာကစားပွဲတွေ ဘယ်လိုဖြစ်ပေါ် အလုပ် လုပ်သလဲဆိုတာ ပုံစံမိုဒယ်တွေထုတ်ယူဖို့ ကြိုးစားတာပဲ။ ကစားပွဲမှာပါဝင်ဖို့ကို ကစားသမားတွေ အသီးသီးက `နေရာယူမှု’ (Position-taking) တွေ ပြုလုပ်ရတယ်။

ကစားပွဲတစ်ခုမှာ ကစားသမား တစ်ယောက် နေရာယူမှုတစ်ခု ပြုလုပ်လိုက်ခြင်း ဟာ အကြောင်းအရာ (၂)ရပ်တို့ကြောင့် ဖြစ်နိုင်တယ်။ ပထမတစ်ခုက ကစားသမားရဲ့ `လူမှု အလေ့အထ ဟန်ချက်� က နေရာယူမှုတစ်ခု အတွက် ပုံဖော်လမ်းကြောင်း ပေးလိုက်တာပဲ။ ဥပမာ အချက်အလက် ခိုင်လုံမှုနဲ့တကွ ကျိုးကြောင်းဆင်ခြင်မှုရှိရှိ ပြောဆိုနိုင်စွမ်းရှိသူတစ်ယောက်ဟာ အုပ်စုတစ်စု၊ အဖွဲ့အစည်းတစ်ခုတို့မှာဆိုရင် စကားပြောကောင်းသူ၊ စကားပြော လည်ဝယ်သူအဖြစ် သတ်မှတ်ခံရတယ်။ ဒါကြောင့် မကြာခဏဆိုသလို ပြောရေးဆိုမှု ကိစ္စ ရှိလာတဲ့အခါတိုင်း သူ့ရဲ့ အားသာချက်အရ အခြားသူတို့ကို ကျော်လွန်ပြီး နေရာတစ်ခု ရယူနိုင်တယ်။ စကားပြောဆိုဖို့ တွန့်ဆုတ်ဝန်လေးသူ၊ စကားပြောမကောင်းသူကတော့ အဆိုပါ ‘ကစားပွဲ’ထဲမှာ စကားပြောကောင်းသူထက် ပိုမိုနိမ့်တဲ့တစ်နေရာကိုပဲ ရရှိတယ်။ ဒါကြောင့် တစ်ဦးတစ်ယောက်ချင်းစီရဲ့ `လူမှုအလေ့အထဟန်ချက်’ကလည်း ကစားပွဲ တစ်ခုမှာ ကစားသမား နဲ့ သူ့ရဲ့ နေရာယူနိုင်မှုတို့အပေါ် လွှမ်းမိုးနိုင်စွမ်း ရှိနေတယ်။ တစ်ချို့သော `လူမှုအလေ့အထဟန်ချက်’တွေက တစ်ချို့သော’နေရာ’ တွေနဲ့ အလိုအလျောက် ကိုက်ညီ သင့်တော်မှုကို ဖန်တီးပေးလိုက်တယ်။ ဒီလိုနေရာယူမှုတွေနဲ့ ဆက်စပ်နေတာက ဘော်ဒျူးရဲ့ နောက်ထပ် အယူအဆတစ်ရပ်ဖြစ်တဲ့ ‘အရင်း’ (Capital) ပဲ။ ‘အရင်း’ ဟာ ဘောဂဗေဒဆိုင်ရာ အသုံးအနှုန်းတစ်ရပ် ဖြစ်ပေမယ့် ဒီနေရာမှာတော့ ပိုင်ဆိုင်မှုအခြေအနေလို့ ဖြည့်စွက် နားလည် နိုင်တယ်။

ဘော်ဒျူးက ‘အရင်း� ဆိုတဲ့ အယူအဆကို -

ဘောဂအရင်း (Economic Capital)

လူမှုအရင်း (Social Capital)

ယဉ်ကျေးမှုအရင်း (Cultural Capital) ရယ်လို့ သုံးမျိုးသုံးစားခွဲတယ်။

`ဘောဂအရင်း’ က လူတစ်ယောက်ရဲ့ ပစ္စည်းဥစ္စာအရင်းအနှီးပိုင်ဆိုင်မှုကို ဖော်ညွှန်းတယ်။ `လူမှုအရင်း’ ကတော့ လူတစ်ယောက်ဟာ အခြားသူတွေနဲ့ထိတွေ့ဆက်ဆံရာမှာ ဘယ်လောက် ကျယ်ပြန့်တဲ့ ပေါင်းသင်းဆက်ဆံရေး ကွန်ယက်မျိုး ပိုင်ဆိုင်ထားသလဲဆိုတာပဲ။ သူ ပေါင်းသင်း ဆက်ဆံမှု နယ်နိမိတ်ထဲပါဝင် နေသူတွေက ဩဇာအာဏာ ကြီးမားသူတွေ၊ ဘောဂအရင်း ရှိသူတွေ၊ အဆက်အသွယ်ကောင်းသူတွေ များလေလေ သူ့ရဲ့ ‵လူမှုအရင်း’ ကြွယ်ဝမှုက တန်ဖိုးမြင့်တက်လေလေဖြစ်တယ်။ နောက်ဆုံးတစ်ခုဖြစ်တဲ့ `ယဉ်ကျေးမှုအရင်း’ ကတော့ လူတစ်ယောက်ရဲ့ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးကို ဆုံးဖြတ်ပေးတယ်။ `ယဉ်ကျေးမှုအရင်း’လို့ ဆိုရာမှာ လူတစ်ဦးတစ်ယောက်အတွက် အများ လက်ခံသတ်မှတ် ပေးထားတဲ့ အရည်အချင်း တွေကို ဆိုလိုတယ်။ လူတစ်ယောက်ဟာ ပညာဗဟုသုတ ကြွယ်ဝသလား၊ စကားပြော ကောင်း သလား၊ အနုပညာ ခံစားအကဲဖြတ်နိုင်မှုရှိသလား စတဲ့ စွမ်းဆောင်ရည်တွေက သူပိုင်ဆိုင်တဲ့ ‘ယဉ်ကျေးမှုအရင်း’ကို ပြဆိုပေးတယ်။

‘အရင်း’ သုံးမျိုးစလုံးတို့ဟာ လူတစ်ယောက်ရဲ့ ‘လူမှုအလေ့အထဟာန်ချက်’ နဲ့ ဆက်စပ်နေတယ်။ လူတစ်ယောက်ဟာ လူမှုအဆင့်အတန်း မြင့်မားလေလေ သူ့ဆီမှာ ‘အရင်း’ပိုင်ဆိုင်မှု မြင့်မားလေလေလို့ အချိုးချပြီးယူတယ်။ အဲဒီလိုပဲ ‘အရင်း’ပိုင်ဆိုင်မှုမြင့်မားလေလေ လူမှုဘဝရဲ့ ‘ကစားပွဲ’ သို့မဟုတ် နယ်ပယ်တွေအတွင်းမှာ အောင်မြင်စွာပါဝင်နိုင်စွမ်း ရှိလေလေဖြစ်တယ်။ နယ်ပယ်တစ်ခုဟာ တစ်ခုသော ‘အရင်း’ပိုင်ဆိုင်မှုနဲ့ တိုက်ရိုက်ဆက်နွှယ်နေနိုင်တယ်။ ဥပမာ ပညာရေးနယ်ပယ်မှာဆိုရင် ‘ယဉ်ကျေးမှုအရင်း’ပိုင်ဆိုင်မှုကို အဓိက အခြေပြုတာကြောင့် ကစားပွဲအတွင်းမှာ ယဉ်ကျေးမှုအရင်း များတွေသူက ပိုမိုသာလွန်တဲ့ ‘နေရာယူမှု’ တွေ ပြုလုပ်နိုင်ကြတယ်။ ‘ယဉ်ကျေးမှုအရင်း မကြွယ်ဝမှုကြောင့် နေရာကောင်း တစ်ခုမရရှိသူတွေ ကတော့ အဆိုပါကစားပွဲမှာ လွှမ်းမိုးခံကြရတယ်။ ဒါကြောင့် ပိုင်ဆိုင်တဲ့ ‘အရင်း’ပမာဏက လူတစ်ယောက်ဟာ ကစားပွဲအတွင်း ဘယ်လောက်အောင်မြင်မှုရယူနိုင်သလဲ ဆိုတဲ့အချက်ကို ဆုံးဖြတ်ပေးတယ်။ ကြီးမားတဲ့စီးပွားရေးလုပ်ငန်းတွေမှာဆိုရင် `ဘောဂအရင်း‵ က အခရာပဲ။ `ဘောဂအရင်း’ ဘယ်လောက်များများ ပိုင်ဆိုင်သလဲ၊ ဘယ်လောက်များများ ရင်းနှီးမြှုပ်နှံ နိုင်သလဲ ဆိုတဲ့အချက်က စီးပွားရေးနယ်ပယ် မှာ လူတစ်ယောက်ရဲ့ ပုံရိပ်ကို ပြောင်းလဲ စေနိုင်စွမ်းရှိတယ်။ အခြားသူတွေဆီက စီးပွားရေးအရ ယုံကြည်မှု၊ လက်တွဲ ဆောင်ရွက်လိုမှု တွေကိုပါ `ဘောဂအရင်း’ က အဆုံးအဖြတ်ပေးသွားတယ်။ သို့သော် အသိပညာတတ်ကျွမ်းမှုကို ဦးစားပေးတဲ့နယ်ပယ်တစ်ခုမှာတော့ `ဘောဂအရင်း‵ ဟာ စီးပွားရေးနယ်ပယ်မှာလောက် တန်ခိုးဩဇာမရှိတော့ဘူး။ `ယဉ်ကျေးမှုအရင်း’ က ‘ဘောဂအရင်း’ ကို လွှမ်းမိုးသွားတယ်။ တစ်ချို့သောနယ်ပယ်တွေမှာကျတော့

တစ်ခုထက် ပိုတဲ့ ‘အရင်း’ပိုင်ဆိုင်မှုကို တောင်းဆိုတာတွေလည်း ဖြစ်နိုင်တယ်။ ဥပမာ ကြွယ်ဝတဲ့ ‘ဘောဂအရင်း’ ပိုင်ဆိုင်ထားပြီး တစ်ဖက်မှာလည်း အနုပညာခံစားနားလည်တတ်တဲ့ `ယဉ်ကျေးမှုအရင်း’မျိုး အခံရှိထားတဲ့ လူကုံထံတစ်ယောက်က အနုပညာနဲ့ စပ်ဆိုင်တွေလုပ်ငန်းတွေမှာ ပါဝင်မယ်ဆိုရင် အထွေအထူး ပြောစရာမရှိဘူး။ ပန်းချီကားစုဆောင်းခြင်းလို ဝါသနာတစ်ရပ်ရပ် သူ့မှာရှိနေနိုင်တာကိုလည်း နားလည်လို့ရတယ်။ သို့ပေမယ့် ရုတ်တရက် ကြွယ်ဝချမ်းသာလာသူ တစ်ယောက်က ရှေးယခင် ကလည်း အနုပညာနယ်ပယ်တွေနဲ့ထိစပ်မှုမရှိခဲ့ပါဘဲ ယခုမှသာ စိတ်ဝင်စားမှုပြသပြီး အနုပညာပစ္စည်းတွေကို တန်ဖိုးကြီးကြီး ပုံအောဝယ်ယူတာမျိုးလုပ်မယ်ဆိုရင် ဒါကို အပေါ်ယံ ဝါကြွားမှု သက်သက်လို့ အမည်တပ်ခံရမှာအသေအချာပဲ။ သူ့ဆီမှာက အနုပညာနယ်ပယ်အတွက် လုံလောက်တဲ့ ‘ယဉ်ကျေးမှုအရင်း’မျိုး ရှိမထားခဲ့လို့ပဲ။ သူပိုင်ဆိုင်တဲ့ `ဘောဂအရင်း’ ကို အသုံးပြုလာပေမယ့် `ယဉ်ကျေးမှုအရင်း’ ကို အားပြုထားတဲ့ နယ်ပယ်တစ်ခုထဲမှာ သူ့အတွက်နေရာဟာ အကန့်အသတ် ရှိနေတော့တယ်။ အဲဒီလိုပဲ အချို့သော ရုပ်ရှင်သရုပ်ဆောင် တွေမှာ ‘ရုပ်ရည်သွင်ပြင်ဆိုင်ရာအရင်း’ တွေ၊ ‘ဘောဂအရင်း’ တွေ၊ ‘ပညာရေးအရင်း’ တွေ ပိုင်ဆိုင်ကောင်း ပိုင်ဆိုင် ထားမယ်။ သို့သော် ရုပ်ရှင်ဆိုတာသည် အနုပညာတစ်ရပ် ဖြစ်တာကြောင့် သရုပ်ဆောင်ခြင်း အတတ်ပညာဖြစ်တဲ့ `ယဉ်ကျေးမှုအရင်း’ ချို့ငဲ့နေသမျှ ကာလပတ်လုံး သူ့အတွက် နေရာကောင်းတစ်ခု ရယူနိုင်မှာမဟုတ်ဘူး။ သူ့ကိုယ်သူ အနုပညာရှင် တစ်ယောက်လို့ကြွေးကြော်နေစဉ် မှာတောင် ‘ယဉ်ကျေးမှုအရင်း’ ကြွယ်ဝသူတွေက သူ့ကို အနုပညာသမားအဖြစ် အသိအမှတ်ပြုလက်ခံလိမ့်မှာမဟုတ်ဘူး။

ဒီနေရာမှာတော့ ဘော်ဒျူးရဲ့ အရေးပါဆုံးအယူအဆတစ်ရပ်ကို ရောက်ရှိလာပြီ။ ဘော်ဒျူးက လူ့အဖွဲ့အစည်းရဲ့ စထရပ်ချာရေးရှင်း ဖြစ်စဉ်တစ်ခုလုံးဟာ `အလေ့အကျင့်’ (Practice)၊ `နယ်ပယ်’ (Field)၊ ‘အရင်း’ (Capital) နဲ့ ‘လူမှုအလေ့အထဟန်ချက်’(Habitus) တို့ တစ်သားတည်း ပေါင်းစပ်ပါဝင်နေတဲ့အရာလို့ ဆိုတယ်။ လူမှုအပြောင်းအလဲ (Social Transformation) တွေဟာ မဖြစ်နိုင်ဘူးမဟုတ်၊ ဖြစ်နိုင်တယ်။ သို့သော် ကွန်တမ်ပိုရာရီ လူ့အဖွဲ့အစည်းရဲ့ စထရပ်ချာရေးရှင်း ဖြစ်စဉ်က လူမှုအပြောင်းအလဲ ဆိုတာထက် တည်ဆဲ လူမှုအနေအထားကို ဆက်လက်လည်ပတ် ထုတ်လုပ်မှု (Social Reproduction) တွေ ဖြစ်ဖို့ကိုသာ ပိုမိုအားသာချက် ရှိနေတယ်။ လူတန်းစားအခြေခံတဲ့ လူမှုမညီမျှချက်တွေကို ဘော်ဒျူးရဲ့ ‘ကစားပွဲ’တင်စားချက်အတိုင်း ကြည့်ရင် နယ်ပယ်အားလုံးတို့က ကစားပွဲတွေထဲမှာ ယခင်အနိုင်ရပြီးသူတွေက ဆက်လက် နိုင်မြဲနိုင်နေဖို့ အားသာချက်မျိုး ရယူထားပြီး ဖြစ်သလို ရှုံးနိမ့်သူတွေကလည်း ဆက်လက်လို့သာ ရှုံးနိမ့်နေဖို့ များတယ်။ ဒီယူဆချက်အတိုင်း ကောက်ချက်ချရင် လူတန်းစား မညီမျှချက်ဆိုတာလည်း

လူ့အဖွဲ့အစည်းအတွင်း ရှောင်လွှဲမရစွာ ရှိမြဲရှိနေဦးမယ့် အရာလို့ အဓိပ္ပါယ်သက်ရောက်တယ်။

ဘော်ဒျူးရဲ့ ဒီအမြင်က မာ့က်စ်ဝါဒီအများစုလက်ခံယုံကြည်ကြတဲ့ လူထုတော်လှန်ရေး မဖြစ်မနေ ပေါ်ပေါက်ရမယ်ဆိုတဲ့ အယူအဆနဲ့တော့ ရာနှုန်းပြည့်နီးပါး ကွဲလွဲဆန့်ကျင်နေတာအမှန်ပဲ။ လူတန်းစားပဋိပက္ခကို ဘော်ဒျူးရဲ့ စထပ်ရပ်ချာရေးရှင်းသီအိုရီအရ ကြည့်ရင် လူမှုအပြောင်းအလဲ (သို့မဟုတ် လူထုတော်လှန်ရေး) မဖြစ်ပေါ်ဖို့ ဖိနှိပ် ကန့်သတ်ထားတဲ့ အတားအဆီးတွေ ပိုမို ပေါ်လွင် လာတယ်။ အုပ်ချုပ်သူလူတန်းစားနဲ့ အုပ်ချုပ်ခံလူထုတို့ကို လူတန်းစားအခြေခံ အုပ်စုနှစ်စုတို့အဖြစ် မြင်ကြည့်ရအောင်။ အဆိုပါအုပ်စုနှစ်ခုတို့ပါဝင်နေရတဲ့ နိုင်ငံရေး ကစားပွဲက ဘက်မမျှတဲ့ 'နယ်ပယ်'တစ်ခု ဖြစ်နေတယ်။ ဒီကစားပွဲက အုပ်ချုပ်သူ လူတန်းစားရဲ့ အသာစီးရမှုကို မျက်နှာသာ ပေးထားပြီးဖြစ်တယ်။ များသောအားဖြင့် အုပ်ချုပ်ခံ လူထုဟာ `ဘောဂအရင်း' အားဖြင့် အုပ်ချုပ်သူ အီလစ်အလွှာကို မယှဉ်နိုင်ဘူး။ အုပ်ချုပ်သူတွေက တိုင်းပြည်ရဲ့ ဘဏ္ဍာရေးကဏ္ဍာတစ်ခုလုံးကို လက်ဝါးကြီးအုပ်ခြယ်လှယ်ထားပြီး ဖြစ်နေတယ်။ `လူမှုအရင်း' အရ ကြည့်မယ်ဆိုရင်လည်း အုပ်ချုပ်သူတွေက လက်ရှိအာဏာကို ပိုင်ဆိုင်ထား ကြသူတွေပဲ။ စစ်တပ်၊ ရဲတပ်ဖွဲ့ စတဲ့ လက်နက်ကိုင်အင်အားစုတွေအပြင် တရားသူကြီးတွေလို တရားစီရင်ရေး နယ်ပယ်ထဲက ပုဂ္ဂိုလ်တွေကိုပါ သူတို့ရဲ့ `လူမှုအရင်း� ဖြစ်တဲ့ ဆက်သွယ်ရေး ကွန်ယက်ထဲ အလွယ်တကူထည်သွင်းချုပ်ကိုင်ထားလို့ရနေတယ်။ ဒါကြောင့် ကစားပွဲအတွင်းမှာ မမျှတတဲ့နည်းလမ်းတွေကိုအသုံးပြုပြီး အုပ်ချုပ်ခံလူထုအပေါ် နှိပ်ကွပ် အနိုင်ယူစွမ်း ရှိနေတယ်။ အုပ်ချုပ်ခံလူထုက စုစည်းညီညွတ်တဲ့အင်အားစုတစ်ရပ် ဖော်ဆောင်ပြီး တန်ပြန် စိန်ခေါ် လာရင် တောင်မှ သူတို့ရဲ့ 'လူမှုအရင်း'အားသာချက်ကို အသုံးချပြီး အကြမ်းဖက် နှိမ်နင်းဖြိုခွဲပစ်လို့ ရနေတယ်။ ဒီလိုမျိုး `ဘောဂအရင်း� နဲ့ `လူမှုအရင်း� တို့မှာ အထက်စီးယူထားနိုင်တဲ့ အုပ်ချုပ်သူ အစိုးရဟာ 'ယဉ်ကျေးမှုအရင်း'အရလည်း အလိုလိုအသာရ သွားတာ မထူးဆန်းဘူး။ အုပ်ချုပ်ခံ လူထုရဲ့ ပညာရေးစနစ်လို 'ယဉ်ကျေးမှုအရင်း'ဆိုင်ရာ အရင်းအမြစ်တစ်ခုကို စနစ်တကျ ဖျက်လိုက်ခြင်းအားဖြင့် သူတို့ကိုစိန်ခေါ်လာမယ့် အတိုက်အခံအင်အားစုဟာ ပညာရေးအရာမှာ နိမ့်ကျပြီး အသိအမြင်ချို့တဲ့သူတွေ ဖြစ်သွားကြတယ်။ အသိပညာနဲ့ အတတ်ပညာ ကဏ္ဍာနှစ်ခု စလုံးတို့ ချို့ယွင်းနေပြီဆိုရင်လည်း အုပ်ချုပ်ခံ လူထုအနေနဲ့ နိုင်ငံရေး ကစားပွဲအတွင်းမှာ အုပ်ချုပ်သူအစိုးရကို ထိထိရောက်ရောက်ယှဉ်ပြိုင်နိုင်သူတွေ ဖြစ်လာတော့မှာမဟုတ်ဘူး။ အစကတည်းကိုက သူတို့ ထိတွေ့ကြီးပြင်းလာရတာက `အရင်း သုံးမျိုးစလုံး တစ်နည်း မဟုတ် တစ်နည်း နိမ့်ပါးချို့ ယွင်းချက်ရှိနေတဲ့ 'လူမှုအလေ့အထဟန်ချက်' မျိုး ဖြစ်နေတော့တယ်။ ဒါကြောင့် ဘော်ဒျူးရဲ့

‘ကစားပွဲ’ဥပမာက လူ့အဖွဲ့အစည်းတစ်ရပ်မှာ လူမှုမညီမျှချက်တွေဟာ အပြောင်းအလဲဖြစ်နိုင်ဖို့ခဲယဉ်းပြီး ပိုနေမြဲ ကျားနေမြဲ အတိုင်းသာ ဆက်လက်စခန်းသွားဖို့ အားသာ တိမ်းညွတ်မှု့ ရှိနေတယ်လို့ ဆိုခြင်းဖြစ်တယ်။

သင်္ကေတသရုပ်ပြပါဝါ သို့မဟုတ် Symbolic Violence

ဘော်ဒျူးရဲ့ အခြားထင်ရှားတဲ့အယူအဆတစ်ရပ်က 'သင်္ကေတသရုပ်ပြပါဝါ' (Symbolic Power) ဖြစ်တယ်။ အပျော့စားပါဝါ (Soft Power) လို့လည်း အလွယ် သဘောသုံး ကြတယ်။ လူ့အဖွဲ့အစည်းရဲ့ ကျောရိုးအဆောက်အအုံ ထဲမှာ သင်္ကေတဆန်ဆန် အသွင်ယူ အလုပ်လုပ်နေတဲ့ လူမှုဆိုင်ရာ မညီမျှချက်တွေ၊ အထက်အောက်ပါဝါ ဖိစီးမှုတွေ ရှိကြတယ်။ ဒါတွေဟာ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံမဟုတ်စေရဘဲ လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံတွေ၊ အစဉ်အလာ စံနှုန်းတွေအတွင်းမှာ စနစ်တကျသွတ်သွင်းခံထားရတာ၊ အကျိုးဆက်ကတော့ အဆိုပါ ဖိနှိပ်မှုကြောင့် ထိခိုက်မှု ရှိသူတွေ ကိုယ်တိုင်တောင် ဒါကို ဖိနှိပ်မှုပုံစံ တစ်ရပ်လို့မမြင်နိုင်တော့ဘဲ မလွဲမသွေလက်သင့်ခံရမယ် ထုံးစံတစ်ရပ်လို့ မြင်လာခြင်းပဲ။ ဒီလို ပါဝါဆိုင်ရာ အထက်အောက် ဖိစီးမှုအရ ဖြစ်ပေါ်လာတဲ့ လူမှုမညီမျှချက်တွေကို `သင်္ကေတသရုပ်ပြဖိနှိပ်မှု' (Symbolic Violence) လို့ ခေါ်တယ်။

`သင်္ကေတသရုပ်ပြဖိနှိပ်မှု� မီးရောင်အောက်မှာ -

"ဘယ်လိုမှ လက်သင့်ခံနိုင်ဖွယ်ရာမရှိတဲ့ အခြေအနေတောင်မှ လက်ခံလောက်ဖွယ် အရာ (သို့မဟုတ်) သဘာဝကျတဲ့ အရာလို့ မကြာခဏ ရှုမြင်ခံရတယ်" (Bourdieu in Emirbayer and Johnson, forthcoming, 46)

Symbolic Violence ဆိုတာကို သာဓကတစ်ခု ဆောင်ပြီး ဖော်ပြရမယ်ဆိုရင် သက်ဦး ဆံပိုင်ခေတ်မှာ ဘုရင်တွေဟာ ရေမြေတောတောင်အပြင် သတ္တဝါအပေါင်းတို့ အပေါ်မှာပါ အစိုးရတဲ့ ဘုန်းတန်ခိုးရှင် နတ်ဘုရားတွေပမာ ပုံဖော်ခံရ တယ်။ လင်္ကာကဗျာတွေစပ်ဆိုပြီး ဘုရင်တွေရဲ့ ဘုန်းတော်ဘွဲ့ တွေကို အမွှန်းတင်ကြတယ်။ တစ်ချိန်တည်းမှာပဲ သာမန် တိုင်းပြည်သူသား တွေတော့ ဘုရင်ရဲ့ ဘုန်းတန်ခိုးအာဏာကို ရှိကျိုးဖူးမြော်ရတဲ့ တစ်ဆင့်နိမ့် လူသားတွေလို့ သတ်မှတ်ခံရတာ။ ဘုရင်တွေဟာ တန်ခိုးရှင်နတ်ဘုရားအာဏာ (Divine Right) အရ သူတို့ အလိုရှိအပ်တဲ့အတိုင်း သာမန်လူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ထင်သလို စီရင်ပိုင်ခွင့် ရရှိထားကြတယ်။ ဒီလိုစီရင်ရာမှာ တရားမျှတမှု ရှိခြင်း မရှိခြင်း ဆိုတာ အရေးမပါတော့ဘူး။ ဘုရင်ရဲ့ အမျက်ဒေါသကြောင့် ကွပ်မျက်ခံလိုက်ရသူဟာ သေမိန့်ကျခံရ လောက်ဖွယ် ပြစ်မှုမျိုး ကျူးလွန်ခဲ့လို့လား ဆိုတာလည်း

အရေးမကြီးဘူး။ ဘုရင်အမျက် ဒေါသဖြစ်တဲ့အခါ သူ့ရဲ့ သက်ဦးဆံပိုင် အာဏာအသုံးပြုပြီး ဘယ်သူကိုမဆို သတ်ဖြတ်ခွင့် ရှိတယ်ဆိုတဲ့ ပါဝါက တရားစီရင်ရေးရဲ့ အစဉ်အလာ ထုံးတမ်းတစ်ရပ် ဖြစ်လို့နေတယ်။ သေဒဏ်စီရင်ခံလိုက်ရသူ ကိုယ်တိုင်က သူဟာ ဘုရင့်အမျက်သင့်မှုခံရတဲ့အတွက် သေမိန့် ပြစ်ဒဏ်နဲ့ထိုက်တန်တယ်လို့ပဲ မြင်တာ။ ဒါ့အပြင် သူ့ရဲ့ပြစ်မှုတစ်ခုကြောင့် ကလေးသူငယ် တွေမကျန် ဆွေစဉ်မျိုးဆက်တစ်ခုလုံးပါ အလားတူ သေဒဏ်စီရင်ခံရရင်တောင် ဒါကို အပြစ်မဲ့သူတွေ သေကြေပျက်စီးရတဲ့ လူမဆန်တဲ့ ရက်စက်ကြမ်းကြုတ်မှုလို့ မမြင်တော့ဘူး။ ဘုရင်ရဲ့ သက်ဦးဆံပိုင်အခွင့်အာဏာလို့ပဲ မြင်တယ်။ စီရင်သူနဲ့ အစီရင်ခံရသူတွေအကြား ဆက်သွယ်ထားတဲ့ 'သင်္ကေတသရုပ်ပြပါဝါ' (Symbolic Power) က ဒီလိုမြင်လာစေဖို့သာ အားပေးထားတာကြောင့်ပဲ။ သက်ဦးဆံပိုင်စနစ်အတွင်းမှာက လူတစ်ဦးတစ်ယောက် ရဲ့ အသက်ဇီဝကို စိတ်ထင်သလို နှုတ်ယူခွင့်ရှိထားတဲ့ 'သင်္ကေတသရုပ်ပြဖိနှိပ်မှု' ဟာ ပြုမြဲ ဆန်နေပြီးသား ထုံးတမ်းအစဉ်အလာ တစ်ရပ်ဖြစ်နေတော့ တယ်။ တစ်ခါတရံတွေမှာ `သင်္ကေတသရုပ်ပြပါဝါ' ကို အခြေခံထားတဲ့စံနှုန်းတွေဟာ အခြားသောစံနှုန်းအယူတွေကိုပါ လွှမ်းမိုးချုပ်ကိုင်ထားနိုင်တဲ့အထိ အားကောင်းတယ်။ ဥပမာ ဘုရင်ဟာ သူ့ရဲ့ အာဏာစက် ကို အသုံးပြုပြီး ကာမပိုင် လင်ယောကျ်ားရှိတဲ့ အမျိုးသမီးတွေကိုပါ သိမ်းပိုက်ခွင့် ရှိနေတယ်။ ကာမပိုင်ရှိသူ အမျိုးသမီးတွေကို အဓမ္မသိမ်းယူခြင်း ဆိုတာ ကိုယ်ကျင့်အမြင်အရ မှားယွင်းသလို ဘာသာရေးအဆုံးအမတွေနဲ့လည်း သွေဖီနေတယ်။ သို့သော် ဒီနေရာမှာကျတော့ 'သင်္ကေတ သရုပ်ပြပါဝါ' က ဘာသာရေး စံနှုန်းတွေ ကိုယ်ကျင့်စံနှုန်းတွေကို ကျော်လွန်လွှမ်းမိုး သွားတယ်။ ကာမပိုင်အမျိုးသမီးတွေကို သိမ်းယူခွင့်ဆိုတာ သက်ဦးဆံပိုင်ဘုရင် ဖြစ်ခြင်းရဲ့ မွေးရာပါ အခွင့်အရေးအဖြစ် ရှုမြင်လာအောင် အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံတွေအကြား 'သင်္ကေတသရုပ်ပြပါဝါ' က လွှမ်းမိုးဖိစီးထားတယ်။ ကျူးလွန်သူတွေက ကျူးလွန်သလို ကျူးလွန်ခံရသူကလည်း ထုံးတမ်းတစ်ခုအဖြစ် လက်ခံထားတဲ့အမြင်ကို Paradox of Doxa လို့ ခေါ်တယ်။ လူမှုမညီမျှချက်တွေအားလုံးဟာ သဘာဝဖြစ်စဉ်တွေလို့ထင်မှတ်လာအောင် ပုံဖော်ပေးနေတဲ့ ပါဝါဆိုင်ရာဖိစီးမှုသဘောကို `သင်္ကေတသရုပ်ပြဖိနှိပ်မှု� လို့ ဖွင့်ဆိုနိုင်တယ်။

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းမှာ လူတန်းစားဖိနှိပ်မှု၊ လိင်အရဖိနှိပ်မှု စတဲ့ မညီမျှချက် မှန်သမျှတို့ဟာ ပြောင်တင်းတဲ့ အမိန့်အာဏာနဲ့ ပြဋ္ဌာန်းထားတာမဟုတ်ဘဲ ပျော့ပျောင်းတဲ့ 'သင်္ကေတသရုပ်ပြဖိနှိပ်မှု' (Symbolic Violence) သဘော ဆောင်တယ်။ မိန်းမတွေဟာ ယောကျ်ားတွေထက် ယုတ်နိမ့်သူတွေ ဖြစ်တယ်ဆိုတဲ့ အယူအဆမှာ ယောကျ်ားတွေဟာ ဘုန်းတန်ခိုးရှိပြီး ပိုမိုမြင့်မြတ်တဲ့ လူသားတွေဖြစ်ကြောင်း သိပ္ပံနည်းကျအရရော ဇီဝဗေဒအရပါ သက်သေပြလို့မရဘူး။ ထုံးတမ်းအစဉ်အလာအားဖြင့်

အစဉ်အဆက်ကျင့်သုံးလက်ခံလာခဲ့တဲ့ လူတစ်စုတို့ရဲ့ ‘လူမှုအလေ့အထဟာန်ချက် အတွင်းမှာ သွတ်သွင်းထားတဲ့ အယူဓလေ့တစ်ရပ် မျှသာဖြစ်တယ်။ သို့သော် အစဉ်အလာစံနှုန်းတစ်ခုအဖြစ် အကာအကွယ်ယူ အလုပ်လုပ်နေတဲ့ `သင်္ကေတသရုပ်ပြဖိနှိပ်မှု ကတော့ ဒါကို လူမှုအစစ်အမှန်တရားလို့ ထင်မှတ်လာအောင် ဖုံးကွယ်ပေးနေတယ်။ ဒါကြောင့် ‘သင်္ကေတသရုပ်ပြဖိနှိပ်မှု’ အားဖြင့် လွှမ်းမိုးခံထားရတဲ့ အမျိုးသမီးတွေ ကိုယ်တိုင်မှာတောင် သူတို့ဟာ ယောက်ျားတွေထက် နိမ့်ကျသူတွေဖြစ်တယ် ဆိုတဲ့အချက်ကို စဉ်းစားတွေးခေါ်မှုမပြုဘဲ သဘာဝတရားအဖြစ် လက်ခံလိုက်ကြတာပဲ။ ယောက်ျားနဲ့မိန်းမအကြားက ကွာခြားချက်လို့ဆိုတဲ့ ‘ဘုန်းတန်ခိုး’ ဆိုတဲ့ အယူအဆဟာ သင်္ကေတသဘောဆောင်ပြီး လွှမ်းမိုးထားတဲ့ ပါဝါဆက်သွယ်ချက်တစ်ခုပဲ။ ဒါ့အပြင် ဘာသာရေး နယ်မြေတွေမှာ တွေ့ရတဲ့ “အမျိုးသမီးများဝင်ရောက်ခွင့်မရှိ” ဆိုတဲ့ သတိပေး တားမြစ်ချက်တွေ ကအစ၊ “သားကိုသခင်၊ လင်ကိုဘုရား” စတဲ့ စကားပုံဆိုရိုးတွေအလယ်၊ အမျိုးသမီးတွေရဲ့ အမှတ်လက္ခဏာကို မီးဖိုချောင်နဲ့ ယှဉ်တွဲဖော်ပြတဲ့ တီဗီကြော်ငြာတွေအဆုံး အားလုံးတို့ဟာ နေ့စဉ်ဘဝထဲက လိင်မှုဆိုင်ရာကွဲပြားချက်အမြင်ကို ဆက်လက်လည်ပတ်အောင်ပံ့ဖော်ပေးနေတဲ့ သင်္ကေတသရုပ်တွေအဖြစ် အလုပ်လုပ်တယ်။ အမျိုးသမီးတွေ အနေနဲ့ သူတို့ဟာ အမျိုးသား တွေထက် တစ်ဆင့်နိမ့်ကျသူတွေ ဖြစ်တယ်ဆိုတဲ့ အစစ်အမှန်တရားဟာ သူတို့ရဲ့ နေ့စဉ်ဘဝ အတွေ့အကြုံထဲမှာ ထပ်ပြန်တလဲလဲ တည်ဆောက်ခံနေရတယ်။

ရုပ်ရှင်ဇာတ်ကားတွေထဲမှာလည်း `သင်္ကေတသရုပ်ပြပါဝါ’ (Symbolic Power) ဟာ မကြာခဏ ပုံဖော်တည်ဆောက်ခံ ရတယ်။ တစ်ကိုယ်ရည်ရုန်းကန်ရပ်တည်နေရတဲ့ အမျိုးသမီးတစ်ယောက် ဟာ ရုပ်ရှင်ဇာတ်လမ်းသဘောအရ ထိပါးစော်ကားခံရတာ၊ သို့မဟုတ် လိင်အကြမ်းဖက်ခံရမှုတွေကြုံရတာ စတဲ့ သာဓကတွေကိုပဲ ကြည့်ပါစို့။ ကလေးတစ်ယောက်မိခင်ဖြစ်စေ၊ လင် ယောက်ျား အဝေးရောက်နေသူ အမျိုးသမီးဖြစ်စေ သူတို့ရဲ့ နေ့စဉ်ဘဝထဲမှာ တစ်ကိုယ်တည်း ဖြစ်မှုအပေါ် အမြတ်ထုတ်ဖို့ ကြိုးစားနေတဲ့ အခြားသော ယောက်ျားတွေရဲ့ စက်ကွင်းဆီက ရှောင်လွှဲလို့ မရဘူးဆိုတာ ရုပ်ရှင်ဇာတ်ဝင်ခန်းတော်တော်များများတို့မှာ ပုံဖော်ခံရလေ့ရှိတယ်။ ဇာတ်ဆောင် အမျိုးသမီးအပေါ် စာနာကူညီသယောင်နဲ့ အခွင့်အရေးယူ ထိပါးဖို့ အမြဲတစေ ကြံရွယ်နေတတ်တဲ့ ဇာတ်ပို့ဇာတ်ရံတွေလည်း အမြဲပါလေ့ ရှိတယ်။ ဒါက ယေဘုယျ လက်ခံချက်တစ်ခု ဖြစ်တဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ အဖော်သဟဲပြုဖွယ် ယောက်ျား တစ်ယောက် မရှိရင် မတင့်တယ်နိုင်ဘူးဆိုတဲ့ အချက်ကို ထိပါးနှောင့်ယှက်ခံရမှုက တစ်ဆင့် သွယ်ဝိုက်ညွှန်းဆိုတာပဲ။ အမျိုးသမီးတွေဟာ အားနွဲ့ပျော့ညံ့သူတွေဖြစ်တယ်၊ အမျိုးသမီးတွေဟာ တစ်ကိုယ်တည်း ရပ်တည်ဖို့ မသင့်တော်သူတွေဖြစ်တယ်၊ တစ်ဦးတည်း

နေထိုင်တဲ့ အမျိုးသမီးတွေဟာ ပတ်ဝန်းကျင်ဆီက လေးစားမှုတန်ဖိုးကိုရဖို့ ခဲယဉ်းတယ်၊ အမှီပြုဖွယ် ယောကျာ်းတစ်ယောက်မရှိရင် လူ့အဖွဲ့အစည်းအတွင်း လိင်အကြမ်းဖက်မှုလို ဖြစ်ရပ်တွေနဲ့ ကြုံရနိုင်တဲ့ အခွင့်အလမ်းတွေလည်းရှိတယ် စတဲ့ အမြင်မျိုးတွေအထိ ဖြစ်တည်လာစေတယ်။ ဒီနေရာမှာ အဓိကမီးမောင်းထိုးပြခံရတာက မိမိဘာသာ တစ်ကိုယ်ရည်တစ်ကာယရပ်တည်နေသူ အမျိုးသမီးအပေါ် ထိပါးဖို့ကြံတဲ့ အမျိုးသားယောကျာ်းတွေရဲ့ လိင်စိတ်ဖောက်ပြန်မှုမဟုတ်ဘူး။ အဓိက ပုံဖော်ခံရတဲ့အချက်ဖြစ်တဲ့ အကြမ်းဖက် နှောင့်ယှက်ခံရနိုင်မှုဆိုတဲ့ ဖြစ်တန်ချေရဲ့ နောက်ကွယ်မှာက ယောကျာ်းနဲ့မိန်းမတို့အကြား `သင်္ကေတသရုပ်ပြဖိနှိပ်မှု (Symbolic Violence) ပါဝင်နေတာ။ ရုပ်ရှင်ဇာတ်ကွက်သဘောအရ ဒါကတော့ဖြင့် ဖြစ်သွားနိုင်တယ်လို့ ဆိုထားတာ။ အမှန်မှာက လိင်အရအကြမ်းဖက်မှုဆိုတာသည် ခြွင်းချက်မရှိတဲ့ ကိုယ်ကျင့် ဖောက်ပြန်မှု့ သာလျှင်ဖြစ်တယ်။ တစ်ဦးတည်း နေထိုင်တဲ့အမျိုးသမီးမှာလည်း သူ့ရဲ့ လူသားအခွင့်အရေးနဲ့ လွတ်လပ်ခွင့်တို့ အပြည့်အဝ ရှိတယ်။ ဒါဟာ ထိပါးစော်ကားခံရဖို့အတွက် အကြောင်းပြချက်မျိုး မဖြစ်စေသင့်ဘူး။ ဖြစ်စားဖြစ်ရင် ဒီလိုအခြေအနေတစ်ရပ် အပေါ် အခွင့်အရေး ယူလိုသော ယောကျာ်းတွေ အမြဲရှိနေတတ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးရဲ့ မဟာဖိုဝါဒကြီးစိုးမှု့ အမြင်ကို ပြန်လည်သုံးသပ်ဖို့လိုတာ။ ဒီလိုမှမဟုတ်ဘဲ လူမှုလိင်အုပ်စု နှစ်ခုတို့အကြားမှာ တီဗီဖန်သားပြင်တွေက ပုံဖော်သလို အမျိုးသမီးတွေဆိုတာ သဘာဝအရ အကာအကွယ်မဲ့ပြီး အားနည်းပျော့ညံ့သူတွေဖြစ်တယ်ဆိုတဲ့ အမြင်မျိုးဖြစ်တည် နေပြီဆိုရင် ဒါဟာ ‘သင်္ကေတသရုပ်ပြဖိနှိပ်မှု’ဆီ တစ်နည်းနည်းနဲ့ ဦးတည်သွားမှာပဲ။ ဒါကြောင့် တစ်ကိုယ်တည်း ရပ်တည်မှု့ အပေါ်အကြောင်းပြုပြီး ထိပါးစော်ကားမှုပြုတာက ကိုယ်ထိ လက်ရောက် လိင်အကြမ်းဖက်ခြင်းလို့ သတ်မှတ်မယ်ဆိုရင် ထိပါးစော်ကားနိုင်မှုကို ဖြစ်တန်ချေ တစ်ခုအနေနဲ့ဖော်ပြတဲ့ ပါဝါဆက်သွယ်ချက်ကတော့ ယောကျာ်းနဲ့မိန်းမတို့အကြားက လိင်အရ မညီမျှချက်နဲ့တကွသော အခြားဖိနှိပ်မှုတွေဆီ သင်္ကေတဆန်ဆန် သွယ်ဝိုက်ပို့ချမှုသာလျှင် ဖြစ်တယ်။

လွှမ်းမိုးသူတွေဘက်ကရော သူတို့ချုပ်ကိုင်ထားတဲ့ `သင်္ကေတသရုပ်ပြပါဝါ’ ကို ဘယ်လို ဖြန့်ဝေ ပုံဖော်သလဲဆိုတာ ဂရုပြုကြည့်စရာကောင်းတယ်။ မြင်သာတဲ့ အချက်တစ်ချက်က အာဏာရှင် အုပ်ချုပ်ရေးစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေမှာ အာဏာရှင်တွေဟာ အများပြည်သူပိုင် နေရာတွေ ဆီသွားရောက်တဲ့အခါ အာဏာရှင်ဖြစ်ခြင်းဆိုတဲ့ သူတို့ပိုင်ဆိုင်တဲ့ `သင်္ကေတအရင်း’ (Symbolic Capital) ကို လိုအပ်တဲ့အတိုင်းအတာထက် မီးမောင်းထိုးပြဖို့ ကြိုးစားလေ့ရှိတယ်။ သူတို့ဟာ ပြည်သူလူထုဆီက ဝပ်တွားရိုကျိုးမှုကို တောင်းဆိုဖို့ ဘုန်းတန်ခိုးကြီးမြတ် သူတွေ ပမာ ဟန်ဆောင်ပြတယ်။ အထူးသဖြင့် ဒီမိုကရေစီနည်းကျ

ရွေးချယ်တင်မြှောက်ခံထားရတဲ့ ပြည်သူ့ ခေါင်းဆောင်မျိုး မဟုတ်လေတော့ကာ အာဏာဆိုတာကို ဘုန်းတန်ခိုးကြီးမြတ်မှု နဲ့ ညီမျှခြင်း ထိုးဖို့အတွက် ပကာသနအဆောင်အယောင်အခမ်းအနားတွေကို ထည်ထည်ဝါဝါအသုံးပြုတယ်။ Divine Right အခြေခံတဲ့ သက်ဦးဆံပိုင်အုပ်ချုပ်ရေးစနစ်မျိုးကို သဘောတွေ့ကြတယ်။ ဒါကြောင့် ပညာရေး သင်ရိုးညွှန်းတမ်းတွေ သမိုင်းစာအုပ်တွေမှာ ဆိုရင် ထီးနန်းမျိုးဆက်နဲ့ သာမန်ပြည်သူ တို့ကို ပြတ်ပြတ်သားသား စည်းခြားထားတဲ့ သက်ဦးဆံပိုင်အုပ်ချုပ်ရေးဆိုတာ ကို ရွှေရောင်လွှမ်းတဲ့ အတိတ်ကာလတွေအဖြစ် ထပ်တလဲလဲဖော်ပြတယ်။ ဒီလိုမျိုး သက်ဦးဆံပိုင် ဘုရင်စနစ် ထီးနန်းစနစ်ကို လိုလားအပ်ဖွယ်အရာ အဖြစ်ဖော်ပြရင်း တစ်ဖက်မှာ သူတို့လက်ရှိ ကျင့်သုံးနေတဲ့ အကြွင်းမဲ့အာဏာရှင်စနစ်ဆီ ဖော်ညွှန်းပေးနိုင်မယ့် `သင်္ကေတသရုပ်ပြပါဝါ ကို ထပ်ကျော့ပုံစံထုတ်ယူဖို့ ကြိုးစားတယ်။ ဒါကြောင့် သင်ရိုးညွှန်းတမ်းတွေမှာ အလွန်အကျူး အသားပေးဖော်ပြခံရတဲ့ သက်ဦးဆံပိုင်စနစ်ဆိုတာဟာ အုပ်ချုပ်သူ လူတန်းစားနဲ့ အုပ်ချုပ်ခံ ပြည်သူ တို့အကြားက Symbolic Violence သရုပ်ကို သွယ်ဝိုက် တည်ဆောက်တဲ့ ကြားခံ နယ်တစ်ခုပဲ။

`သင်္ကေတသရုပ်ပြပါဝါ' မှာ လွှမ်းမိုးသူနဲ့ လွှမ်းမိုးခံအဖြစ် နှစ်ဦးနှစ်ဖက် ပါဝင် ဆက်သွယ်ချက် ရှိတယ်။ လွှမ်းမိုးခံအုပ်စု ဘက်ကလည်း မညီမျှချက်ဟာ ရှောင်လွဲမရတဲ့အစဉ်အလာတစ်ရပ် အမှန်တရားတစ်ရပ်လို့ လက်ခံထားတယ်။ ဒီလိုလက်ခံမှု ရှိနေတဲ့အတွက်လည်း တည်ဆဲ လူမှုအစီအစဉ် (Social Order) မှာ အလှုပ်အရမ်း အပြောင်းအလဲ မရှိဘဲ ဆက်လက်ပြီး အထက်အောက်ဖိစီးမှု ပြုနိုင်မှာဖြစ်တယ်။ `သင်္ကေတသရုပ်ပြဖိနှိပ်မှု ကို အထိန်းအကွပ်မပြုဘဲ အလိုရှိသလောက် လွှမ်းမိုး ခွင့်ပြုထားရင်ရော လူ့အဖွဲ့အစည်းအပေါ် ဘယ်လို အကျိုးသက် ရောက်မှု ဖြစ်စေမလဲဆိုတာ ထည်တွက်ရလိမ့်မယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တရားစီရင်ရေးကို လူတန်းစားအမြင်နဲ့ချဉ်းကပ်မယ် ဆိုပါစို့။ ယေဘုယျ အခြေအနေတစ်ရပ်မှာ သြဇာအာဏာရှိပြီး ခနကြွယ်ဝတဲ့ အထက်တန်းလွှာ လူတန်းစားက ပြစ်မှုတစ်ခုကျူးလွန်တဲ့အခါ ဘော်ဒျူးရဲ့ 'Capital' အယူအဆမှာ တင်ပြခဲ့ပြီးသလို သူပိုင်ဆိုင်ထားတဲ့ ငွေကြေးဥစ္စာ (သို့မဟုတ် `ဘောဂအရင်း') အသုံးပြုပြီးဖြစ်စေ၊ သြဇာအာဏာနဲ့အဆက်အသွယ် (သို့မဟုတ် `လူမှုအရင်း') အသုံးပြုပြီးဖြစ်စေ ကျခံသင့်တဲ့ ပြစ်ဒဏ်ကို လျှော့ပေါ့စေနိုင်တယ်။ အခြားတစ်ဖက်မှာကျတော့ သာမန် အောက်ခြေလူတန်းစားက အလားတူပြစ်မှု ကျူးလွန်မယ်ဆိုရင် ခြွင်းချက် မရှိဘဲ အပြည့်အဝ ပြစ်ဒဏ်ကျခံရတယ်။ ဒီတော့ လူတန်းစားနှစ်ရပ် ကွာခြားချက်အကြား တရားဥပဒေဆိုတာသည် ဘောဂအရင်း သို့မဟုတ် လူမှုအရင်း အသုံးပြုပြောင်းလဲနိုင်တဲ့အရာ ဖြစ်လာတယ်။ အာဏာရှိသူ ငွေကြေးခနရှိသူတွေဟာ ဥပဒေကိုချိုးဖောက်ဖို့လည်း ရှိသင့် သလောက် အတွန့်အဆုတ် မရှိကြတော့ဘူး။ သူတို့က တရားဥပဒေအထက်မှာ

လက်တစ်လုံးခြား နေထိုင်နိုင်တဲ့ အခွင့်အရေးတစ်ရပ် ရရှိသွားကြတယ်။ ဒီနေရာမှာ အသွင်တစ်မျိုးဆောင်တဲ့ Symbolic Power ဝင်ရောက်လာတော့တာပဲ။ အုပ်ချုပ်သူအလွှာနဲ့ သာမန် လူတန်းစားတို့ အမှုအခင်း ဖြစ်တဲ့အခါ ဥပဒေဆိုတာသည် မှန်ကန်သော တရားမှုကို စောင့်ထိန်းတဲ့ အရာ မဟုတ်တော့ဘဲ အာဏာပါဝါ အလိုက် မျက်နှာသာပေးမှု တွေ လုပ်လာတယ်။ ပါဝါရှိသူတွေဟာ သာမန် လူတန်းစားအပေါ် ထင်သလို ဖိနှိပ်မှုတွေ လုပ်ခွင့်ရလာကြတယ်။ နောက်ဆက်တွဲ အနေနဲ့ကတော့ အုပ်ချုပ်သူလူတန်းစားက သူတို့ဟာ အထက်အောက်ဖိစီးမှု ပါဝါအရ အလို အလျောက် အသာရထားတဲ့ အခွင့်ထူးခံလူတန်းစား အဖြစ် သူတို့ကိုယ်သူတို့မြင်လာကြသလို သာမန်လူထုရဲ့ အမြင်မှာလည်း ငွေကြေးချမ်းသာ ရှိသူ အာဏာရှိသူတွေဟာ သူတို့အပေါ် ထင်သလို ဖိနှိပ်ခွင့်ရှိတယ်၊ ဖိနှိပ်တဲ့အခါမှာလည်း တရားဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ပြစ်ဒဏ် ကင်းလွတ်နိုင်တယ် ဆိုတာမျိုး မြင်လာတယ်။ လူတန်းစားနှစ်ရပ်တို့ အကြားမှာ ဒီလိုအမြင်မျိုး ဖြစ်တည်နေပြီဆိုရင် ဒါဟာ 'သင်္ကေတသရုပ်ပြဖိနှိပ်မှု' ဆီ တစ်နည်းနည်းနဲ့ ဦးတည်သွားမှာပဲ။ အာဏာပိုင်တစ်ဦးက သာမန်ပြည်သူတစ်ဦးကို ကိုယ်ထိလက်ရောက်ရိုက်နှက်ရင် ဒါကို ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုလို့ ခေါ်နိုင်တယ်။ သို့သော် ဒီရိုက်နှက်ခွင့်ရှိခြင်းကို လက်ခံ သတ်မှတ် ပေးထားတဲ့ ပါဝါဆက်သွယ်ချက်ကတော့ 'သင်္ကေတသရုပ်ပြဖိနှိပ်မှု' (Symbolic Violence) သာလျှင် ဖြစ်တယ်။

အန်သိုနီဂစ်ဒင်းစ်နှင့် မိရိုးဖလာခေတ်လွန်လူမှုအစီအစဉ်များဆီ မျှော်ကြည့်ခြင်း

ဘော်ဒျူးရဲ့ လူမှုသီအိုရီတွေက ယနေ့ ကွန်တမ်ပိုရာရီ လူမှုဗေဒနယ်ပယ်မှာ အကြီးအကျယ် လွှမ်းမိုးဆဲ ဖြစ်သလို ဘာသာပေါင်း နှစ်ဒါဇင်ကျော်အထိ ပြန်ဆိုခံရတယ်။ ဘော်ဒျူးကို မီရှယ်ဖူးကိုး၊ ရိုလွန်ဘာ့တ်တို့လို တွေးခေါ်ပညာရှင် အကျော်အမော်တွေနဲ့ တောင် တစ်တန်းတည်း ထားဖော်ပြကြတယ်။ သူ့ရဲ့ အထင်ရှားဆုံးစာအုပ်ဖြစ်တဲ့ ၁၉၇၉ မှာ ထုတ်ဝေခဲ့တဲ့ Distinction: A Social Critique of the Judgement of Taste ဆိုရင်လည်း နှစ်ဆယ်ရာစုရဲ့ အရေးပါဆုံး လူမှုသီအိုရီလက်ရာတွေထဲကတစ်ခုလို့ ညွှန်းဆိုသတ်မှတ်ကြတယ်။ ဘော်ဒျူးရဲ့ အထင်ကရသီအိုရီ အယူအဆတွေဖြစ်ကြတဲ့ Capital, Habitus, Symbolic Power, Field စတာတွေကို ယနေ့လူမှုဗေဒလမ်းကြောင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ကိုးကားသုံးစွဲတာတွေလည်း ဆက်လက် တွေ့မြင်နေရဆဲပဲ။ ဒီလိုပြောပေမယ့် ဘော်ဒျူးရဲ့ အယူအဆတွေဟာ စင်းလုံးချော ပြည့်စုံတဲ့လေ့လာချက်တွေလို့ ဆိုလိုတာတော့မဟုတ်ဘူး။ အခြားသော လူမှုသီအိုရီ အားလုံး တို့နည်းတူ ဘော်ဒျူးရဲ့ လက်ရာတွေဟာလည်း အနည်းနဲ့အများဝေဖန်မှုတွေနဲ့ မကင်းဘူး။ ဥပမာ ဘော်ဒျူးရဲ့ အမြင်အရကြည့်ရင် `လူမှုအလေ့အထဟန်ချက်’ (Habitus) ဆိုတာဟာ လူသားတွေရဲ့ နေ့စဉ်ဘဝအလေ့အထတွေကို ထုတ်လုပ် ပေးနေတဲ့အရာပဲ။ ဒီတော့ လူသားတွေ ရဲ့ အလေ့အထမှန်သမျှတို့ဟာ Habitus ရဲ့ လွှမ်းမိုးမှုအောက်က ဖြစ်တည်လာတာလို့ သဘော သက်ရောက်နေတယ်။ လူမှုအဆောက်အအုံ (Social Structure) က လူသားတွေရဲ့ ပြုမူဆောင်ရွက်ချက် (Action) ကို အဆုံးအဖြတ်ပေးတယ်လို့ လည်း တစ်နည်းတစ်ဖုံ အဓိပ္ပါယ်ရတယ်။ ဒီအယူအဆက စထရပ်ချာရေးရှင်းသီအိုရီရဲ့ မူလရည်ရွယ်ချက် ဖြစ်တဲ့ Objectivitism နဲ့ Subjectivitism အစွန်းနှစ်ဖက်ကို ရှောင်ရှားရေးဆိုတဲ့ လားရာကနေ သွေဖီ နေတယ်။ လူသားတွေဟာ သူတို့နေထိုင်ရာလူ့အဖွဲ့အစည်းအတွင်း လည်ပတ်အလုပ်လုပ်နေတဲ့ ပါဝါဆက်သွယ်ချက်တွေအောက်မှာ လွှမ်းမိုးခံနေရတာဖြစ်ပေမယ့် ဒီအခြေအနေကို ကျော်လွှားပြီး အပြောင်းအလဲတစ်ခု ဖော်ဆောင်ရေးဆိုတဲ့ လမ်းကြောင်းဆီ မျှော်ကြည့် နိုင်တာမျိုးလည်း ဖြစ်သင့်တယ်။ ‘လူမှုအလေ့အထဟန်ချက်� က လူသားတွေရဲ့ ပြုမူတွေးခေါ်ပုံတွေကို ဆုံးဖြတ်ပေးတာဆိုရင် အဲဒီ လူမှု လူမှုအလေ့အထ ဟန်ချက်ကိုရော ဘယ်လောက်အထိ

ပြုပြင်ပြောင်းလဲယူဖို့ရနိုင်သလဲဆိုတာ စဉ်းစားဖို့ဖြစ်လာတယ်။ ဘော်ဒျူးဟာ လူသားတွေရဲ့ ဖောက်ထွင်း တွေးခေါ်နိုင်စွမ်းနဲ့ အပြောင်းအလဲ ဖော်ဆောင်နိုင်စွမ်းတို့ကို လျှော့ တွက်ခဲ့ဟန်ရှိတယ်။ ဘော်ဒျူးနဲ့ ခေတ်ပြိုင်ဖြစ်တဲ့အပြင် နောက်ထပ် စထရပ်ချာရေးရှင်း သီအိုရီသမားတစ်ဦးဖြစ်တဲ့ အန်သိုနီဂစ်ဒင်းစ် ကတော့ ဘော်ဒျူးရဲ့ အမြင်တွေကနေ ကွဲပြား ခြားနားတဲ့လူမှုဗေဒလမ်းကြောင်းကို ကိုင်စွဲတယ်။

ဗြိတိသျှလူမှုဗေဒပညာရှင် အန်သိုနီဂစ်ဒင်းစ်ဟာ ဘော်ဒျူးလိုပဲ ပိုမိုအလယ်အလတ်ကျတဲ့ လူမှုသီအိုရီတစ်ရပ်ကို ဖော်ထုတ်နိုင်ဖို့ ရည်ရွယ်ခဲ့တယ်။ ဂစ်ဒင်းစ်ရဲ့ ၁၉၇၀ တဝိုက်က အရေးအသားတွေမှာ ယခင်ရှိနှင့်ပြီး လူမှုသီအိုရီတွေရဲ့ အစွမ်းရောက်မှုတွေ၊ မပြည့်စုံမှုတွေ၊ လက်တွေ့မဆန်မှုတွေကို ကိုင်တွယ်လေ့လာချက်တွေထုတ်တယ်။ ဒါ့အပြင် လူသားဘဝရဲ့ သဘာဝဥပဒေသတွေကို ပြဋ္ဌာန်းဖို့ကြိုးစားတဲ့ ယထာဘူတဝါဒ (Positivism) လမ်းကြောင်းကို ဂစ်ဒင်းစ်က ဆန့်ကျင်တယ်။ လူမှုဘဝ (Social Life) ဆိုတာဟာ အထွေထွေဥပဒေသတွေ ထုတ်ယူကြည့်ရုံနဲ့ နားလည်နိုင်တဲ့အရာမဟုတ်ဘူး၊ လူသားတွေဟာ တွေးခေါ် မြော်မြင် တတ်တယ်၊ အသိပညာ ရယူလက်ခံနိုင်စွမ်းရှိတယ်၊ ထို့အတူပဲ တီထွင်ဖန်တီး နိုင်စွမ်း လည်း ရှိတယ်၊ လူသားရဲ့အပြုအမူနဲ့ အတွေးအခေါ်တို့ကို ပုံသေနည်းတစ်ရပ်ရပ်နဲ့ တရားသေ တွက်ယူလို့မရဘူးလို့ ဂစ်ဒင်းစ်က မြင်တယ်။ ဂစ်ဒင်းစ်ရဲ့ စထရပ်ချာရေးရှင်းသီအိုရီမှာ လူသားတွေဟာ အခြေအနေတစ်ရပ်အောက်မှာ လိုက်နာပြုမူနေရသူ (Actor) တွေအစား ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းရှိသူ အေးဂျင့် (Agent) တွေအဖြစ် ဖော်ပြခံရတယ်။ အော်သိုဒေါက်စ်မာ့က်စ်ဝါဒ၊ အဆောက်အအုံဝါဒ၊ ယထာဘူတဝါဒတွေနဲ့တော့ သိသိသာသာ ဆန့်ကျင်တယ်။ ဂစ်ဒင်းစ်က လူသားအေဂျင်စီရဲ့ မိမိကိုယ်ကိုပိုင်စိုးမှုနဲ့ ပြုပြင် ပြောင်းလဲ နိုင်စွမ်းရှိမှုတို့ကို အသားပေးတယ်။ လူသားတွေဟာ ဒီပုံဒီနည်းအတိုင်း ပြုမူဆောင်ရွက် လိမ့်မယ်လို့ ကြိုတင်တွက်ဆထားတဲ့ ခန့်မှန်းချက်တွေနဲ့ ကွဲပြားစွာပြုမူနိုင်စွမ်းရှိတယ်။ သဘောကတော့ လူသားရဲ့ပြုမူပုံ၊ တွေးခေါ်ပုံ စတာတွေကို တစ်စုံတစ်ခုသော ချုပ်ကိုင်မှု အောက်မှာ ပုံသေဆန်ဆန်စုစည်းထားဖို့ မဖြစ်နိုင်ဘူး။ လူသား အေးဂျင့်တွေမှာက "ကွဲပြားမှုတစ်ခု ပြုလုပ်နိုင်စွမ်း" (Capacity to make a difference) ဆိုတာ အလိုအလျောက် ရှိနေတယ်။

အဆိုပါကွဲပြားမှုဆိုတာကို အပြည့်အဝသိစိတ်အောက်က ဆောင်ရွက်တာမျိုးမဟုတ်ရင် တောင်မှ အချို့သော အခြေအနေတွေအောက်မှာ တစ်စိတ်တစ်ပိုင်းသိမှုကို အခြေခံပြီး အပြောင်းအလဲ ဖြစ်စေတဲ့ အပြုအမူတွေကို ထုတ်လုပ်နိုင်စွမ်းရှိတယ်။ ဒီနေရာမှာ ဂစ်ဒင်းစ်ဦးတည်နေတာ လူမှုအသွင်ပြောင်းလဲချက် (Social Transformation) ဆိုတဲ့ ဖြစ်တန်ချေပဲ။

လူသားတွေရဲ့ `အလေ့အထ (Practice) တွေဟာ အပြောင်းအလဲမရှိဘဲ အချိန်ကာလ ရွေ့လျားမှုအတိုင်း ဆက်လက် တည်ရှိသွားမယ်ဆိုတဲ့ အာမခံချက်မရှိဘူး။ 'အလေ့အထ' တွေဟာ ဆက်လက် တည်တံ့ သွားမလား၊ ပြောင်းလဲသွားမလား ဆိုတဲ့မေးခွန်းက ဘယ်လို လူ့အဖွဲ့အစည်းမျိုး ဖြစ်သလဲဆိုတဲ့ အဖွဲ့အစည်းရဲ့ သဘာဝ အပေါ် မူတည်နေတယ်။ ဂစ်ဒင်းစ်က လူ့အဖွဲ့အစည်းရဲ့ သရုပ်ကို အမျိုးအစားနှစ်ခုနဲ့ ယှဉ်တွဲပြတယ်။ မိရိုးဖလာ အယူကြီးတဲ့ ရှေးရိုးစွဲ လူ့အဖွဲ့အစည်း (Traditional Society)တွေဟာ လက်ဆင့်ကမ်း ဆက်ခံလာတဲ့ ဓလေ့ထုံးတမ်းတွေ ကို လိုက်နာ ကျင့်သုံးမှုများပြီး အပြောင်းအလဲဖြစ်ပေါ်ဖို့ထက် တည်ဆဲအနေအထားကို ဆက်လက် ထိန်းသိမ်း သွားတဲ့ လူမှုအခြေအနေဆင့်ပွားချက် (Social Reproduction) သာပဲ အတွေ့ရများတယ်။ နှောင်းပိုင်း မော်ဒန်လူ့အဖွဲ့အစည်း တွေမှာတော့ လူမှုအလေ့အထ တွေဟာလည်း ရှေးရိုးစွဲဆန်မှု နည်းပါးသွားပြီး လူမှုအသွင်ပြောင်းလဲချက် (Social Transformation) တွေကို တွေ့ရဖို့ ပိုမိုလမ်းစများတယ်။

လူသားတွေက လူ့အဖွဲ့အစည်းကို ပြုလုပ်တယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် ဒီလိုပြုလုပ်တယ်လို့ ဆိုရာမှာ `ဖန်တီးမှု' အပြင် `ထပ်ဆင့်ဖန်တီးမှု'လို့လည်း သဘောသက်ရောက်တယ်။ ထပ်ဆင့်ဖန်တီးမှုလို့ ဆိုရခြင်းက လူသားတွေဟာ သူတို့ရဲ့ 'အလေ့အထ' အားဖြင့် လူ့အဖွဲ့အစည်းကို ပြုလုပ်တယ်လို့ဆိုရင် အဆိုပါ 'အလေ့အထ' ဆိုတဲ့အရာတွေက အတိတ် ကာလဆီက လက်ဆင့်ကမ်း ဆက်ခံလာမှုတွေဖြစ်တယ်။ အဲဒီအတိတ်ကာလရဲ့ မျိုးဆက် ကလည်း သူတို့ရဲ့ ရှေးယခင်မျိုးဆက်တစ်ခုဆီက 'အလေ့အထ'တွေကို ဆက်ခံခဲ့ရတာပဲ။ ဒီလို မျိုးဆက်အလိုက် ဆက်ခံလာတဲ့ 'အလေ့အထ'တွေကို ဆက်လက် အသုံးပြုပြီး သူတို့နေထိုင်ရာ လက်ရှိကမ္ဘာကို ပြုလုပ်ရတာကြောင့် ဖန်တီးမှုအပြင် ထပ်ဆင့်ဖန်တီးမှုလည်း ပါဝင်နေတယ်လို့ ဆိုရခြင်းပဲ။ သို့ပေမယ့် ဒီလိုဆိုလိုက်ခြင်းက လူသားတွေရဲ့ အပြောင်းအလဲ ဖော်ဆောင်နိုင်စွမ်း (Make a difference) ဆိုတဲ့အယူအဆကို ဆန့်ကျင်ရာရောက်မသွားဘူး။

"လူမှုအဆောက်အအုံဟာ လူတွေ ဘာလုပ်သလဲဆိုတာ အပေါ်မူတည်ပြီး ထုတ်လုပ်မှုနဲ့ ထပ်ဆင့် ထုတ်လုပ်မှုတို့ကို ကြုံရတယ်" (Giddnes and Pierson, 1998, 77)

ဂစ်ဒင်းစ်က လူမှုဆိုင်ရာအသွင်ပြောင်းလဲမှု (Social Transformation) နဲ့ လူမှုဆိုင်ရာ ဆင့်ပွားထုတ်လုပ်မှု (Social Reproduction) တို့နှစ်ခုစလုံးအတွက် ဖြစ်တန်ချေ တွေပြပေးထားတယ်။ ဆင့်ပွားထုတ်လုပ်မှု (Reproduction) မှာက လူသားအေဂျင်စီတွေရဲ့ အပြုအမူတွေဟာ အချိန်ကာလတရားအောက် အလှုပ်အရမ်းမရှိဘဲ ဆက်လက်တည်ငြိမ်နေ တယ်၊ တည်ဆဲ အလေ့အထတွေဟာ အလိုက်သင့်ပဲ ဆက်လက် ဖြစ်တည်သွားတယ်။ လူမှုအင်စတီကျူးရှင်းတွေဟာ

ဒီလိုနည်းလမ်းအားဖြင့် ပေါ်ပေါက်လာကြတာပဲ။ ‘တက္ကသိုလ်’ ဆိုတဲ့ အင်စတီကျူးရှင်းမှာ ပါဝင်တဲ့လူသားအေးဂျင့်တွေ အကြား ‘ဆရာဖြစ်ခြင်း’ နဲ့ `ကျောင်းသားဖြစ်ခြင်း’ဆိုတဲ့ အပြန်အလှန်သိမှုကို အခြေပြုထားတဲ့ အလေ့အထတွေအလိုက် ပြုမူဆောင်ရွက်ကြတယ်။ ဒီအလေ့အထတွေဟာ ကာလံဒေသံမရွေးဘဲ တည်မြဲနေတယ်။ ဆိုလိုတာက ကျောင်းသား တွေဟာ စာသင်ခန်းထဲက ထွက်လိုက်ရုံနဲ့ ကျောင်းသား ဖြစ်ခြင်းဆိုတဲ့ သိမှုသဘော ပျောက်မသွားဘူး။ စာသင်ခန်းပြင်ပ ပန်းခြံ၊ စားသောက်ဆိုင်၊ ရုပ်ရှင်ရုံ စတဲ့နေရာအမျိုးမျိုးတို့မှာလည်း ကျောင်းသားဖြစ်ခြင်းဟာ အမြဲ တွဲကပ်ပါနေတယ်။ ဆရာတွေအတွက်လည်း အလားတူပဲ။ အကယ်၍သာ လူသားတွေအကြား အပြန်အလှန် သိမှုသဘောဆောင်တဲ့ အလေ့အထတွေကို ရုပ်တန့်ပစ်လိုက်မယ်ဆိုရင် တက္ကသိုလ်ဆိုတဲ့ လူမှုအင်စတီကျူးရှင်းရဲ့ အနှစ်သာရ ကွယ်ပျောက် သွားမှာပဲ။ လူမှုအင်စတီကျူးရှင်းတိုင်းဟာ ပါဝင်နေတဲ့ လူသားအေဂျင်စီတွေဆီက အဆက်မပြတ်ဆောင်ရွက်နေတဲ့ အလေ့အထတွေ ကြောင့်သာလျှင် တည်ရှိနေနိုင်တာဖြစ်တယ်။ `လူမှုအဆောက်အအုံ (Structure) ဟာလည်း ထို့နည်းတူပဲ။ `လူမှုအဆောက်အအုံ’ ကို ဖွင့်ဆိုရာမှာ ဂစ်ဒင်းစ်က ယခင် လူမှုသီအိုရီတွေ နဲ့အလုံးစုံကွဲပြားတဲ့ ရက်ဒီကယ်လမ်းကြောင်းကို ကိုင်စွဲခဲ့တယ်။ ဂစ်ဒင်းစ်သတ်မှတ်တဲ့ ‘လူမှုအဆောက်အအုံ’ (Structure) ဆိုတာက လူမှုအလေ့အထတွေကို ဖြစ်ပေါ်စေတဲ့ ကြားခံနယ်’(Medium) ဖြစ်တယ်။ တစ်ချိန်တည်းမှာ လူမှုအလေ့အထတွေကြောင့်ဖြစ်ပေါ်တဲ့ ‘ရလဒ်’ (Outcome) လည်းပဲ ဖြစ်တယ်။ လူမှုအဆောက်အအုံက လူမှုအလေ့အထတွေ ဖြစ်ပေါ်ဖို့ ခွင့်ပြုပေးတယ်။ ကျောရိုးအဖြစ် လူမှုအဆောက်အအုံသာမရှိခဲ့ရင် လူသားတွေဟာ သူတို့ရဲ့ လူမှုအလေ့အထတွေကို ပြုလုပ်ဆက်သွယ်ဖို့ ‘ကြားခံနယ်’ ရှိမှာမဟုတ်ဘူး။ ဒါပေမယ့် လူမှုအလေ့အထတွေကို ဆက်လက်ဆင့်ပွား ထုတ်လုပ်နေလို့လည်း လူမှုအဆောက်အအုံဆိုတာ ဆက်လက်တည်ရှိနေတာပဲ။ ဒါကြောင့် လူမှုအဆောက်အအုံဟာ လူမှုအလေ့အထတွေ ဖြစ်ပေါ်ရာ ‘ကြားခံနယ်’ ဖြစ်သလို လူမှုအလေ့အထတွေဆီကပေါ်ပေါက်လာတဲ့ ‘ရလဒ်’ တစ်ခုလည်းပဲ ဖြစ်တယ်။ လူမှုအလေ့အထတွေကြောင့် လူမှုအဆောက်အအုံဖြစ်လာသလို အပြန်အလှန်အားဖြင့် လူမှုအဆောက်အအုံကြောင့်ပဲ လူမှုအလေ့အထတွေ ဖြစ်တည် နေနိုင် တာဖြစ်တယ်။ ဒီတော့ လူမှုအလေ့အထတွေ ပြောင်းလဲသွားတဲ့အခါ လူမှုအဆောက်အအုံလည်း လိုက်လံပြောင်းလဲသွားလိမ့်မယ်လို့ သဘောသက်ရောက်တယ်။

ဂစ်ဒင်းစ်ရဲ့ သီအိုရီတွေဟာ လူသားအေဂျင်စီတွေရဲ့ အပြောင်းအလဲ ဖော်ဆောင်နိုင်စွမ်းရှိမှု (Capacity to make a change) ကို အသားပေးလွန်းရာရောက်တယ်လို့ ဝေဖန်သူတွေက ထောက်ပြကြတယ်။ အထူးသဖြင့် လူမှုဆိုင်ရာ ဆင့်ပွားထုတ်လုပ်မှု (Social Reproduction) နဲ့

လူမှုဆိုင်ရာ အသွင်ပြောင်းလဲမှု (Social Transformation) အခြေအနေနှစ်ရပ်တို့မှာ အသွင်ပြောင်းလဲမှုဘက်ကို ပိုမိုအားပြု ထားသယောင်ရှိတယ်။ ဂစ်ဒင်းစ်နဲ့သဘောကွဲလွဲတဲ့ အခြားလူမှုသီအိုရီသမားတွေအတွက်ကျတော့ လူသားအေဂျင်စီဆိုတာ ဂစ်ဒင်းစ် အဆိုပြုသလောက် လွတ်လပ်ခွင့် အတိုင်းအတာနဲ့ `လူမှုအလေ့အထ'တွေ ဖော်ဆောင်ခွင့် ရရှိတာမျိုး မဟုတ်ဘူး။ အစဉ်အလာစံနှုန်းတွေအရ ပေါ်ပေါက်လာတဲ့ ဆင့်ပွားထုတ်လုပ်မှု (Social Reproduction) တွေက တင်းကြပ်တဲ့ 'လူမှုအစီအစဉ်'တစ်ခုပြဋ္ဌာန်းပြီး လူသားတွေအပေါ် လွှမ်းမိုးထိန်းချုပ် ထားခြင်းသာလျှင် ဖြစ်တယ်။ သို့ပေမယ့် ဒီဝေဖန်မှုတွေကြောင့် ဂစ်ဒင်းစ်ရဲ့ သီအိုရီတွေဟာ လက်တွေ့မကျတဲ့ လေ့လာချက်တွေ အဖြစ်တော့ ရောက်မသွားဘူး။ အထူးသဖြင့် ဂစ်ဒင်းစ်ဟာ ဘာကြောင့် လူမှုအဆောက်အအုံထက် လူသားအေဂျင်စီအပေါ် အမိကအားရုံစိုက်ခဲ့သလဲ နားလည်ဖို့ဆိုရင် သူ့ရဲ့ အယူအဆတစ်ခု ဖြစ်တဲ့ Post-traditional Order ကို ဦးစွာတီးခေါက်ကြည့်ဖို့လိုတယ်။ ဂစ်ဒင်းစ်က ကွန်တမ်ပိုရာရီလူမှုဘဝကို 'နှောင်းပိုင်းမော်ဒန်ဖြစ်စဉ်'(Late Modernity)လို့ အမည်ပေးတယ်။ ဂစ်ဒင်းစ်ရဲ့ `နှောင်းပိုင်းမော်ဒန်ဖြစ်စဉ်' က အစဉ်အလာအရ နားလည်ထားခဲ့တဲ့ မူလမော်ဒန်ဖြစ်စဉ်နဲ့ ကွဲပြားတဲ့ သွင်ပြင်လက္ခဏာတွေကို ဆောင်ယူလာတယ်။ ယခင်မော်ဒန်အကြိုဖြစ်စဉ်တုန်းက လူ့အဖွဲ့အစည်းတွေဟာ မိရိုးဖလာသဘောဆောင်တဲ့ Traditional Society တွေ ဖြစ်ကြတယ်။ မျက်မှောက်လူမှုဘဝကတော့ ယခင်နားလည်ထားတဲ့ မိရိုးဖလာ လူ့အဖွဲ့အစည်းရဲ့ ဝိသေသတွေဆီက ကွဲပြားတဲ့ လူမှုအစီအစဉ်တစ်ရပ်ပေါ်ထွက်လာစေတယ်။ ဒါက ဂစ်ဒင်းစ်ပြောခဲ့တဲ့ 'မိရိုးဖလာခေတ်လွန်လူမှုအစီအစဉ်' (Post-traditioanl Order) ပဲ။ မိရိုးဖလာ လူ့အဖွဲ့အစည်း တုန်းက လူသားတွေဟာ အတိတ်ကာလက ဆက်ခံထားတဲ့ အလေ့အထတွေအတိုင်း အမေး အမြန်းမရှိ လိုက်နာဆောင်ရွက်ပြီး တည်ဆဲလူမှုအဆောက်အအုံကို ဆက်လက် ထိန်းသိမ်း သွားတယ်။ ဒါကြောင့် လူမှုအခြေအနေဟာ ဆင့်ပွားထုတ်လုပ်မှု (Reproduction) ဆီကိုသာ ဦးတည်သွားတယ်။ မော်ဒန် လူ့အဖွဲ့အစည်းတွေမှာတော့ ဒီမြင်ကွင်းမျိုး အတိုင်းအတိအကျ မဖြစ်ပေါ်တော့ဘူး။ အစဉ်အဆက်လက်ဆင့်ကမ်းလာခဲ့တဲ့ ထုံးတမ်းစဉ်လာတွေ ဟာလည်း ပုံသေကားချပ်ဆန်ဆန် အလုပ်မလုပ်တော့ဘူး။ 'နှောင်းပိုင်းမော်ဒန်ဖြစ်စဉ်' လို့ ဂစ်ဒင်းစ် အမည် ပေးထားတဲ့ ၁၉၇၀ ကာလအလွန်ကစပြီး လူမှုအဆောက်အအုံဟာ ပိုမိုအရှိန်အဟုန်ပြင်းစွာနဲ့ လှုပ်ခတ်လာတော့တယ်။ လူ့အဖွဲ့အစည်းဟာ အစဉ်အလာလမ်းကြောင်းလို တည်ငြိမ်မှု တစ်ခုနဲ့ ချုပ်ကိုင်မထားနိုင်တော့ဘဲ ထိန်းချုပ်ရခက်တဲ့လူမှုအင်အားစုတွေနဲ့ ရင်ဆိုင်လာရတယ်။ ဒါက လူ့အဖွဲ့အစည်းအတွင်းမှာ အလေ့အထအပြောင်းအလဲတွေ ကြောင့် လူမှုအဆောက်အအုံတစ်ခုလုံးပါ အပြောင်းအလဲတွေ ပေါ်ပေါက်ခြင်းပဲ။ အလုပ်ခွင်၊ မိသားစုဘဝ၊

အိမ်ထောင်ရေး၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း စတဲ့ နယ်ပယ်အသီးသီးတို့က လူသားရဲ့ ‘အရှိတရားဆိုင်ရာလုံခြုံမှု’ (Ontological Security) ဟာ လှုပ်ပြောင်းလှုပ်ရမ်းနေတဲ့ လူမှုအစီအစဉ်တွေ ကြားမှာ ခြိမ်းခြောက်ခံလာရတယ်။

ဂစ်ဒင်းစ်က ဒီလိုကွန်တမ်ပိုရာရီလူမှုဘဝမှာ အသွင်အပြင်အသစ်တစ်မျိုးဆောင်တဲ့ `စွန့်စားမှု’ (Risk) နဲ့တကွ စိန်ခေါ်ချက်အသစ်တွေ ပေါ်ထွက်လာတယ်လို့ ဆိုတယ်။ နှောင်းပိုင်း မော်ဒန်ဖြစ်စဉ်ထဲမှာက နျူကလီယလက်နက် တပ်ဆင်မှုလို လူသားမျိုးနွယ်ဆိုင်ရာအန္တရာယ်တွေ၊ ကမ္ဘာပူနွေးမှုလို ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေ ပြည့်နှက်နေ တယ်။ တစ်ဖက်မှာလည်း သတင်းအချက်အလက် နည်းပညာလိုမျိုး လျင်လျင်မြန်မြန်ရွေ့လျားနေတဲ့ ဂလိုဘယ် လိုက်ဇေးရှင်း ဖြစ်စဉ်နဲ့အညီ လူသားတွေရဲ့ နေ့စဉ်ဘဝ အတွေ့အကြုံတွေဟာလည်း လိုက်လံ ပြောင်းလဲနေရတယ်။ အဲဒီအခါ အစဉ်အလာလက်ခံကျင့်သုံးလာခဲ့ကြတဲ့ စံနှုန်းအမြင်တွေ၊ ဘဝနေထိုင်မှုပုံစံတွေဟာလည်း စိန်ခေါ်ခံရတော့ တာပဲ။ လူသားတွေဟာ အသွင်ပြောင်းလဲ လာတဲ့လူမှုဘဝထဲမှာ သူတို့ကိုယ်ကို ဟန်ချက်ယိမ်းယိုင်မသွားရအောင် ထိန်းညှိဖို့အတွက် နည်းလမ်းအသစ်တွေ စဉ်းစားရှာကြံလာရတယ်။ မော်ဒန်နဲ့ မော်ဒန် အကြိုခေတ်တို့တုန်းကတော့ အစဉ်အလာ ပုံစံခွက်ထဲ မျောလိုက်သွားဖို့ပဲ လိုခဲ့တယ်။ သူတို့နေထိုင်ရာ လူ့အဖွဲ့အစည်းရဲ့ လူမှုအဆောက်အအုံဟာ တသမတ်တည်း တည်ငြိမ်ရွေ့လျားနေတဲ့အစီအစဉ်ဖြစ်နေပြီးသား။ တစ်နည်းအားဖြင့်တော့ တင်ကြိုရေးသားထားတဲ့ ဇာတ်ညွှန်း တစ်ခုရဲ့ လိုအပ်ချက်အတိုင်း အလိုက်သင့် ပါဝင်သရုပ်ဆောင်ရုံပဲ။ အလုပ်အကိုင်ပုံစံသဘာဝကအစ မိသားစုနဲ့ အိမ်ထောင်ရေးတို့အဆုံး အရာရာဟာ သူတို့အတွက် အဆင်သင့် နေသားတကျဖြစ်နေတယ်။ လူသားတွေ အနေနဲ့ မိရိုးဖလာ လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာ သူတို့ရဲ့ ကိုယ်ပိုင်အမှတ် လက္ခဏာကို တည်ဆောက်ဖို့ အခက်အခဲရယ်လို့ မရှိခဲ့ဘူး။ သူတို့ရဲ့ အနာဂတ်ကို အတိအကျမျှော်ကြည့်ဖို့လည်း ဝန်လေးပူပန်နေစရာ မလိုခဲ့ဘူး။ သူတို့ရဲ့ ဘိုးဘွားတွေတုန်းက အလုပ်၊ မိသားစု၊ အိမ်ထောင်ရေး စတာတွေကို အစဉ်အလာ ပုံစံလမ်းကြောင်းတစ်ခုနဲ့ ဖြတ်သန်းခဲ့တယ်။ သူတို့ရဲ့ မိဘတွေဟာလည်း များစွာကွဲလွဲမှုမရှိလှတဲ့ ပုံစံလမ်းကြောင်း တစ်ခုနဲ့ပဲ ဖြတ်သန်းနေတယ်။ သူတို့ရဲ့အလှည့်မှာလည်း သူတို့ရဲ့ လူနေမှုဘဝအတွက် အဆိုပါ ပုံစံလမ်းကြောင်းကိုပဲ ဆက်ခံကြလိမ့်ဦးမယ်။ သို့သော် `နှောင်းပိုင်းမော်ဒန်ဖြစ်စဉ်’ ကစပြီး ဒီလိုမိရိုးဖလာနေထိုင်မှုပုံစံတွေအကုန် စိန်ခေါ်ခံရတော့တာပဲ။

ဂစ်ဒင်းစ်က -

"လွန်ခဲ့တဲ့မျိုးဆက်နှစ်ဆက် သို့မဟုတ် သုံးဆက်တို့အထိ အိမ်ထောင်ပြုရေးမှာ လူတွေဟာ သူတို့လုပ်နေတဲ့အရာက ဘာဆိုတာကို သိကြတယ်။ အများအားဖြင့် ထုံးတမ်းစဉ်လာ နဲ့ဓလေ့တို့အရ သတ်မှတ်ထားတဲ့ အိမ်ထောင်ရေး ဆိုတာသည်လည်း သဘာဝနဲ့ ဆက်စပ် နေတဲ့အရာဖြစ်တယ် (ဒီအမြင်မျိုးဟာ နိုင်ငံအများအပြား တို့အတွက်လည်း မှန်ကန်လျက် ရှိသေးတယ်)။ သို့သော်ငြားလည်း ရှေးရိုးစွဲတွေးခေါ်ဆောင်ရွက်ပုံတွေ ပျက်ပြယ်လာရာမှာ လူတွေ အိမ်ထောင်ပြုကြတဲ့အခါမျိုးမှာ သူတို့ဘာလုပ်နေသလဲဆိုတာ သူတို့ဘာသာလည်း မသိကြတော့ဘူး ဆိုတဲ့သဘောမျိုး ဆန်လာတယ်။ ဘာကြောင့်လဲဆိုရင် အိမ်ထောင်ရေးနဲ့ မိသားစု အင်စတီကျူးရှင်းတွေဟာ (အစဉ်အလာပုံစံတွေကနေ) အလွန်ကို ကွဲပြားခြားနား သွားတာကြောင့်ပဲ။ ဒီနေရာမှာ တသီးပုဂ္ဂလလူသားတွေဟာ စွန့်ဦးစွန့်စားသူတွေလို အသစ်ကနေ ပြန်လည်စတင်ရတော့တယ်။ အိမ်ထောင်ရေးလို အရေးကိစ္စပြုဖို့အတွက် သိလျက်နဲ့ဖြစ်စေ မသိဘဲနဲ့ဖြစ်စေ ဘယ်လောက် အတိုင်းအတာအားဖြင့် စွန့်စားရမလဲဆိုတဲ့ Risk ကို ပိုမိုအလေးထားထည့်တွက်လာခြင်း က ရှောင်လွှဲမရတဲ့ အခြေအနေမျိုးဖြစ်လာတယ်" –(Giddens 1999: 27-28) လို့ ဆိုခဲ့တယ်။

ဂစ်ဒင်းစ်က `စွန့်စားမှု' (Risk) ဆိုတဲ့အချက်ကို ထည့်သွင်းသုံးသပ်သွားတာ သတိပြုမိလိမ့်မယ်။ ကွန်တမ်ပိုရာရီ လူမှုဘဝမှာ စွန့်စားမှုယူခြင်းဆိုတာ အရေးပါတဲ့ ဝိသေသလက္ခဏာ တစ်ရပ်ဖြစ်လာတယ်လို့ ဂစ်ဒင်းစ်က မြင်တာ။ လွန်လေပြီးခဲ့တဲ့မျိုးဆက်တွေတုန်းက အိမ်ထောင်ရေးဆိုတာ အရွယ်ရောက်ပြီးသူတိုင်း ပြုလေ့ရှိတဲ့ သာမန်အရေးကိစ္စ တစ်ခုဆိုတာ ထက် မပိုခဲ့ဘူး။ ဒါကို လူသားသဘာဝအဖြစ်သာရှုမြင်ကြပြီး အိမ်ထောင်ပြုရေးဆိုတာသည်လည်း တမျှော်တခေါ်အချိန်ယူစဉ်းစားနေစရာ မလိုခဲ့ဘူး။ သားသမီးတွေ သင့်တော်တဲ့ ပညာရေးအဆင့်တစ်ခု ရောက်တဲ့အခါ အိမ်ထောင်ရေး အတွက် မိဘတွေကိုယ်တိုင် ဝင်ရောက် စီမံပေးကြတယ်။ ကာယကံရှင်တွေရဲ့ ရွေးချယ်မှုမဟုတ်ဘဲ နှစ်ဖက်အသိုင်းအဝိုင်းဆီက သင့်တော်သလို တွဲစပ်ပေးတဲ့ Arranged Marriage အိမ်ထောင်ရေးဆိုတာတွေလည်း အထူးအဆန်းမဟုတ်ခဲ့ဘူး။ မိရိုးဖလာလူ့အဖွဲ့အစည်းတွေမှာ အိမ်ထောင်ရေးဆိုတာ ထမင်းစားရေသောက်ပမာ လွယ်ကူတဲ့ အရေးကိစ္စမျှသာ ဖြစ်တယ်။ သို့သော်လည်း နှောင်းပိုင်း မော်ဒန်လူ့အဖွဲ့အစည်းတွေမှာတော့ ဒီလို တွေးခေါ်ပုံ မျိုးတွေဟာ ပြောင်းလဲခံလိုက်ရပြီ။ ကွန်တမ်ပိုရာရီလူမှုဘဝမှာ လူသားတွေဟာ လူမှုအဆောက်အအုံဆိုင်ရာ အပြောင်းအလဲ တွေကြား သူတို့ကိုယ်ကို တည်ဆောက်နေရင်းပဲ ထပ်ဆင့်တည်ဆောက်နေရတယ်။ တသီးပုဂ္ဂလ လူသားတွေဟာ တစ်ချိန်တုန်းကလို မိရိုးဖလာ လူ့အဖွဲ့အစည်းတွေက တံဆိပ်ကပ် ပုံဖော် ပေးလိုက်တဲ့ ကိုယ်ပိုင်အမှတ် လက္ခဏာတစ်ခုနဲ့ ပုံသေကားချပ်ဆန်ဆန်

စခန်းသွား နေနိုင်တာမျိုးမဟုတ်တော့ဘူး။ ပုံသေမဆန်နိုင်တော့တဲ့ လူမှုအခြေအနေတွေအကြားမှာ သူတို့ရဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာတွေကို သူတို့ကိုယ်တိုင် ထုဆစ်ရှာဖွေဖို့ ကြိုးစားနေ ရတယ်။ ယနေ့အတွက် သင့်တော်ဖွယ်ရှိတဲ့ အင်္ကျီတစ်ထည်လို ကောက်စွပ်လိုက်တဲ့ ပုဂ္ဂလအမှတ်လက္ခဏာဟာ ရေတိုကာလတစ်ခုအတွက် အလုပ်ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် မနက်ဖြန်ဆီက လွန်မြောက်တဲ့ အနာဂတ်တစ်ခုဆီမှာ တိကျတဲ့အာမခံချက် မရထားတော့ဘူး။ ဒါကြောင့် လူသားတွေဟာ တစ်ချိန်လုံး ရွေ့လျားပြောင်းလဲနေတဲ့ လူမှုအခြေအနေတွေနဲ့အညီ 'ပြင်လွယ် ပြောင်းလွယ် နိုင်စွမ်းရှိမှု' (Reflexivity) ကို ဆုပ်ကိုင်လာရတယ်။ အဲဒီအခါ တစ်စုံတစ်ခု ပြုမူ ဆောင်ရွက်တိုင်း သူ့အတွက် `စွန့်စားမှုယူခြင်း' (Taking risk) ဆိုတဲ့ တွေးခေါ်ပုံက တစ်ဆက်တည်း ကပ်ငြိပါလာတော့တာပဲ။ လူသားဟာ သူ့ရဲ့ နေ့စဉ်ဘဝကနေ ကွဲပြားတဲ့ ပုံစံလမ်းကြောင်းသစ် တစ်ခုဆီ ရှေးရှုတိုင်း သူ့ရဲ့ ဆုံးဖြတ်ချက်အတွက် စွန့်စားမှုဆိုတဲ့ ခေါင်းစဉ်အောက်က ပြန်လည်ချိန်ထိုးလာရတယ်။ တစ်ချိန်တုန်းက လွယ်လင့်တကူ ဆုံးဖြတ်လို့ ရနေခဲ့တဲ့ အိမ်ထောင်ရေးလို သဘာဝတရားတစ်ရပ်သည်ပင် ကွန်တမ်ပိုရာရီလူမှုဘဝမှာ ကျတော့ အပြန်ပြန်အလှန်လှန် ချိန်ဆသုံးသပ်ရမယ့်အရာ ဖြစ်လာတော့တယ်။ နောက်ထပ်ထည့်တွက်ရမယ့်အချက်က De-traditionalization လို့ခေါ်တဲ့ 'မိရိုးဖလာ ထုံးတမ်းပြုမှု့ ပြယ်ပျက်ခြင်း' အခြေအနေပဲ။ နောက်တစ်နည်း ပြောရရင် ပြောင်းလဲလာတဲ့ လူမှုအဆောက် အအုံက မိရိုးဖလာ ထုံးတမ်းအယူဟောင်းတွေကို ဖြိုခွဲ ပစ်လိုက်ခြင်းပဲ။ ကွန်တမ်ပိုရာရီ လူမှုဘဝထဲမှာ စံနှုန်းတွေ၊ ထုံးတမ်းဓလေ့တွေဟာ ရှေးယခင်ကလိုမျိုး လူသားတွေအပေါ် တင်းကြပ်တဲ့ချုပ်ကိုင်မှုမျိုးနဲ့ လွှမ်းမိုး မထားနိုင်တော့ဘူး။ လူသားတွေဟာ မိမိရဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာကို မိမိဘာသာပုံဖော်ဖန်တီးဖို့အတွက် ပိုမိုလွတ်လပ်ခွင့်ရလာကြတယ်။ ရှေးရိုးစွဲလူ့အဖွဲ့အစည်းတွေရဲ့ ရိုးစင်းတဲ့မိသားစုဆက်သွယ်ချက်ပုံစံက အများအားဖြင့် အရွယ်ရောက်ပြီး သူတစ်ယောက်အတွက် ပဓာနအကျဆုံး အရာဟာ အိမ်ထောင်ပြုရေးလို့ ပြဋ္ဌာန်းပေးထားတယ်။ လူသားဘဝရဲ့တန်ဖိုးဟာ မျိုးဆက်ပွားတာဝန်နဲ့ တိုက်ရိုက် ချိန်ထိုးခံရတယ်။ နှောင်းပိုင်း မော်ဒန်ဖြစ်စဉ်မှာကျတော့ လူမှုဘဝဆိုတာကို ဒီလိုပုံသေဆန်တဲ့ အခန်းကဏ္ဍတွေနဲ့ ကန့်သတ် မထားနိုင်တော့ဘူး။ အိမ်ထောင်ပြုရေးဆိုတာဟာ ရွေးချယ်ခွင့် တစ်ခုဖြစ်တယ် ဆိုရင် တစ်ကိုယ်တည်း နေထိုင်မှုဆိုတာသည်လည်း ရွေးချယ်ခွင့် ရှိတဲ့ လူမှုဘဝပုံစံတစ်ရပ် ဖြစ်လာတယ်။ ဒါ့အပြင် တစ်ချိန်တုန်းက ယဉ်ကျေးမှုစံနှုန်းတွေ အရ မဖြစ်နိုင်ခဲ့တဲ့ လက်မထပ်ဘဲအတူနေထိုင်ခြင်း (Living Together)လို၊ လိင်တူ ထိမ်းမြားခြင်း(Gay/Lesbian Marriage) လို ကွဲပြားတဲ့နေထိုင်မှု ပုံစံတွေ အတွက်လည်း လမ်းကြောင်းတွေ ပိုမိုပွင့်လာခဲ့တယ်။ ပြောချင်တာကတော့ အစဉ်အလာ

လက်ခံသတ်မှတ် ထားခဲ့ကြတဲ့ လူမှုသဘာဝ၊ လိင်မှုသဘာဝတွေဟာ နှောင်းပိုင်း မော်ဒန်ဖြစ်စဉ် အတွင်းမှာ ပြောင်းလဲမှုအရွေ့တွေ ကြုံခဲ့တယ်ဆိုတာပဲ။ ဒီလိုမျိုး လူမှုအလေ့အထဆိုင်ရာမှာ အပြောင်းအလဲတွေဖြစ်တဲ့အခါ လူမှုအဆောက်အအုံတစ်ခုလုံးပါ လိုက်လံပြောင်းလဲ သွားတယ်။ ဘော်ချူးရဲ့ စထရပ်ချာရေးရှင်းသီအိုရီတုန်းက လူမှုအလေ့အထတွေရဲ့ ပြင်လွယ် ပြောင်းလွယ် နိုင်စွမ်း (Reflexivity) ကို အတိအကျကိုင်တွယ်တာ မျိုးမလုပ်ခဲ့ပေမယ့် ဂစ်ဒင်းစ်ရဲ့ နှောင်းပိုင်း မော်ဒန်ဖြစ်စဉ် အယူအဆမှာတော့ လူသားတွေဟာ သူတို့ရဲ့ လူမှုအလေ့အထဆိုင်ရာ ပြင်လွယ် ပြောင်းလွယ် နိုင်စွမ်းနဲ့တကွ လူမှုအဆောက်အအုံဆိုင်ရာ အပြောင်းအလဲဆီ ဦးတည်ပေးနိုင်တဲ့ အေဂျင်စီတွေအဖြစ် သတ်မှတ်ခံရတယ်လို့ ဆိုနိုင်တယ်။

ပို့စ်မော်ဒန် ပါရာဒိုင်းများ

၁၉၈၀ တဝိုက်မှာ လူမှုဗေဒနယ်ပယ်တစ်ခုလုံးမှာ ပို့စ်မော်ဒန်ဝါဒ ဆိုတဲ့အသုံး စတင် ရေပန်းစားလာခဲ့တယ်။ ဒီဝေါဟာရပေါ်ပေါက်လာဖို့ အစချီတဲ့နိဒါန်းကတော့ လူမှုဗေဒ နယ်ပယ်အတွင်းက တွေးခေါ်ပုံဆိုင်ရာ အပြောင်းအလဲ တွေပဲ။ ၁၉၈၀ ပြည့်နှစ်များကစလို့ လူမှုဗေဒပညာရှင် တော်တော်များများက `မော်ဒန်ဖြစ်စဉ်' (Modernity) ဟာ ခေတ်ပြိုင် လူမှုဘဝကိုနားလည်ဖို့ လုံလောက်တဲ့ ထင်ဟပ်မှုတွေ မပေးနိုင်တော့ဘူးလို့ ယေဘုယျသဘောမျိုး လက်ခံရှုမြင်လာခဲ့ကြတယ်။ သူတို့ယုံကြည်တာက နှစ်ဆယ်ရာစုနှောင်းပိုင်းရဲ့ ဆယ်စုနှစ် အနည်းငယ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ လူမှုအခြေအနေတွေက မော်ဒန်ဖြစ်စဉ်ကနေ လွန်မြောက်တဲ့ နောက်ထပ် ကာလသစ်တစ်ရပ် အခြေအနေသစ်တစ်ရပ်ဆီ တွန်းပို့လိုက်ပြီဆိုတာပဲ။ ဒါကြောင့် ဂန္ထဝင်လူမှုသီအိုရီတွေကတည်းက သုံးစွဲလာခဲ့တဲ့ မော်ဒန်ဆိုတာဟာ မျက်မှောက်ခေတ်ဆီက မျက်ချေပြတ်ကျန်ခဲ့တဲ့ အယူအဆဟောင်းတစ်ခုလို ဖြစ်သွားတယ်။ ခေတ်ပြိုင်လူမှုဘဝရဲ့ အခြေအနေသစ်၊ အပြောင်းအလဲသစ် တွေကို နားလည်ဖို့ဆိုရင် `မော်ဒန်ဖြစ်စဉ်' က လွန်မြောက်တဲ့ လမ်းကြောင်းသစ်တစ်ခုဖောက်လုပ်ရမယ်၊ အဲဒီလိုဖောက်လုပ်ရာမှာလည်း လက်ရှိမှာလွှမ်းမိုးထားဆဲ ဖြစ်တဲ့ သီအိုရီတွေ အယူအဆတွေ အားလုံးတို့ကို ပြန်လည် စိန်ခေါ်ပစ်ပြီး ရက်ဒီကယ်ကျတဲ့ အပြောင်းအလဲတစ်ရပ်ဆီ ဦးတည်ရမယ်ဆိုတဲ့ အမြင်တွေ ရှိလာကြတယ်။ ဒါကြောင့် မော်ဒန်ခေတ်လွန်လို့ အမည်ပွါယ်ရတဲ့ 'ပို့စ်မော်ဒန်ဖြစ်စဉ်' (Post-modernity) ဟာ လူမှုရေး၊ နိုင်ငံရေးနဲ့ ယဉ်ကျေးမှု နယ်ပယ်အသီးသီးတို့မှာ စတင် ဝင်ရောက် နေရာယူလာ ကြတော့တယ်။ ၁၉၈၀ နဲ့ ၁၉၉၀ အစောပိုင်းကာလတွေမှာ ဆိုရင် လူမှုဗေဒ နယ်ပယ်ထဲက လွှမ်းမိုးဆဲသီအိုရီတွေ အားလုံးတို့ဟာ ပို့စ်မော်ဒန်ပါရာဒိုင်းတွေရဲ့ ခြိမ်းခြောက်မှု ကိုင်လှုပ်မှုတို့ကို အကြီးအကျယ်ရင်ဆိုင်ရတယ်။ သို့သော် ၁၉၉၀ နှောင်းပိုင်းနဲ့ ၂၀၀၀ ပြည့်နှစ်တွေမှာ ပို့စ်မော်ဒန်ဆိုတဲ့ ဝေါဟာရအသုံးဟာလည်း တဖန်ပြန်လည် မှိန်ဖျော့ သွားရပြန်တယ်။ နှစ်ဆယ့်တစ်ရာစုမှာတော့ 'ပို့စ်မော်ဒန်ဝါဒ' ကိုယ်တိုင်ဟာလည်း ခေတ်နဲ့ တပြေးညီ ရင်ဘောင် မတန်းနိုင်တော့တဲ့ အယူအဆဟောင်းတစ်ရပ် အဖြစ် ပြန်လည် သတ်မှတ်ခံရပြီး နောက်ထပ် အမြင်သစ်တွေ ဆက်လက်ဖြစ်တည်စပြုနေကြပြီ။

ပို့စ်မော်ဒန်ဆိုတဲ့ အသုံးအနှုန်းနေရာမှာ ဂလိုဘယ်လိုက်ဇေးရှင်းဟာ အနည်းနဲ့အများ ဝင်ရောက် နေရာယူစပြုနေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ရေပန်းစားမှုလျော့ကျ သွားခဲ့ပြီဆိုရင်တောင် လူမှုသီအိုရီတွေ

အကြောင်းပြောတဲ့အခါမှာတော့ ပို့စ်မော်ဒန်ဆိုတာ မပါမဖြစ် ထည့်သွင်းဖော်ပြခံရတဲ့ ခေါင်းစဉ်တစ်ခု အနေနဲ့တော့ ကျန်ရှိနေသေးတယ်။ ကွန်တမ်ပိုရာရီလူမှုသီအိုရီကို နှံ့နှံ့စပ်စပ် တီးခေါက်မိဖို့ဆိုရင် မကြာသေးမီအတိတ်ရဲ့ ပို့စ်မော်ဒန်ဖြစ်စဉ်ကို ချန်လှပ် ထားခဲ့လို့မရဘူး။ ဟောင်းနွမ်းသွားပြီဖြစ်တဲ့ ပါရာဒိုင်းတစ်ခု မှန်ပေမယ့် ပို့စ်မော်ဒန်ဝါဒအရွေ့ဟာ ချဉ်းကပ် လေ့လာကြည့်သင့်တဲ့ လူမှုဗေဒ လမ်းကြောင်းတစ်ခုအဖြစ် ရပ်တည်နေနိုင်သေးတယ် လို့တော့ တစ်ဖက်တစ်လမ်းက ဆိုနိုင်တယ်။ ခိုင်ခိုင်မာမာ မဟာဇာတ်ပြောများကို ငြင်းပယ်ခြင်း မကြာခဏမှားယွင်းတတ်ကြတဲ့အမြင်တစ်ခုက ပို့စ်မော်ဒန်ဆိုတာ တိကျတဲ့ဖွင့်ဆိုမှုတစ်ခုခုနဲ့ ပုံသေသတ်မှတ်လို့ရတဲ့ အယူဝါဒတစ်ရပ်လို့ ယူဆခြင်းပဲ။ ဒါက ပို့စ်မော်ဒန်ရဲ့ မူရင်းအနှစ်သာရ သဘောကနေ ဖြောင့်ဖြောင့်ကြီး သွေဖီနေတယ်။ တကယ်ကတော့ ပို့စ်မော်ဒန်ဆိုတာ ဒါပါပဲလို့ ရေရာတဲ့ဖွင့်ဆိုမှုနဲ့ လက်ဆုပ်လက်ကိုင်ပြလို့ မရဘူး။ ပို့စ်မော်ဒန်ဖြစ်ခြင်းဟာ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုထုတ်ပေးခြင်း မဟုတ်ဘူး။ ပို့စ်မော်ဒန်ဆိုတာက သူ့ရဲ့အခြေခံသဘော သဘာဝအရကိုက တည်ဆဲဘောင်တွေ စံသတ်မှတ်ချက်တွေကို ဆန့်ကျင်ခြင်းသာဖြစ်တယ်။ ဘောင်တွေ နယ်နိမိတ်တွေက ပြဋ္ဌာန်းထားတဲ့ ဖွင့်ဆိုချုပ်ကိုင်မှုတွေကို ချဲ့ထွင် ဖောက်ထွက် ခြင်းသာ ဖြစ်တယ်။ ရိုးစင်းတဲ့ ဖွင့်ဆိုမှုတစ်ရပ်နဲ့ တင်ပြရရင်တော့ ပို့စ်မော်ဒန်ဟာ မော်ဒန်ဖြစ်စဉ်ဆိုင်ရာ တွေးခေါ်ပုံ ထောက်တိုင်တစ်ခုဖြစ်တဲ့ `လူသားတွေဟာ ဓမ္မဓိဋ္ဌာန်ကျ အမှန်တရားကို ရှာဖွေနိုင်တယ်’ ဆိုတဲ့အမြင်ကို တော်လှန်တာပဲ။ တရားသေပြဋ္ဌာန်းသတ်မှတ်မှုဆောင်တဲ့ အတွေးအခေါ်လမ်းကြောင်းအားလုံးတို့ကို ပို့စ်မော်ဒန်က ဆန့်ကျင်တယ်။ သူ့ရဲ့အနှစ်သာရ အတွင်းသားအရဆိုရင် (မော်ဒန်ဝါဒလိုပဲ) လွတ်မြောက်မှု လမ်းစတစ်ခုဆီ ဦးတည်ထားတာတော့ မှန်တယ်။ သို့ပေမယ့် မော်ဒန် ဖြစ်စဉ်ဆိုင်ရာ သိမှုလိုမျိုး ‘အစစ် အမှန်တရား’ အားဖြင့် လွတ်မြောက်မှုကို ဆိုလိုတာမဟုတ်ဘူး၊ အဆိုပါ ‘အစစ်အမှန်တရား’ ဆိုတဲ့ အိုင်ဒီယာအယူအဆကြီးဆီက လွတ်မြောက်ခြင်းသာ ဖြစ်တယ်။ The Postmodern Condition နဲ့ ထင်ရှားခဲ့တဲ့ ပို့စ်မော်ဒန်ဝါဒီ ဖရန်ဆွာလီယိုတာ (Lyotard) ကတော့ ပို့စ်မော်ဒန်ဝါဒဆိုတာ `မဟာဇာတ်ပြောများကို ငြင်းပယ်ခြင်း’ (Incredulity towards Metanarratives) လို့ထင်ရှားတဲ့ အဆိုအမိန့်ပြုခဲ့ဖူးတယ်။ လူသားသမိုင်းနဲ့သိမှုဆိုင်ရာကိုလွှမ်းမိုးထားတဲ့ မဟာဇာတ်ပြော (Metanarrative) တွေဟာ အကျိုးအကြောင်း ကျနမှန်ကန်တဲ့ ယူနီဗာဆယ် အမှန်တရားတစ်ခုကိုရယူဖို့ ဖော်မြူလာတွေ့ထားပြီလို့ ကြွေးကြော်ရင်း တစ်ဖက်မှာ သူတို့ဖွင့်ဆိုတဲ့ ‘ယူနီဗာဆယ်အမှန်တရား’ ဆိုတဲ့အရာ အသုံးချပြီး လွှမ်းမိုး ချုပ်ကိုင်ဖို့ ကြိုးစားကြတယ်လို့ ပို့စ်မော်ဒန်ဝါဒီတွေက မြင်တယ်။ ဥပမာ ဉာဏ်အလင်းပွင့်ခေတ်တွေးခေါ်ပုံလိုမျိုး ကျိုးကြောင်းဆင်ခြင်မှု၊ ယုတ္တိဗေဒ၊ အမှန်အမှားသတ်မှတ်ချက်

စတာတွေကိုကြည့်မယ်ဆိုရင် လူသားဟာ မိမိကိုယ်ကိုသိမှု (Self-consciousness) ကို ဖမ်းဆုပ်နိုင်တယ်၊ မိမိပတ်ဝန်းကျင်ကို သိပ္ပံနည်းကျအသိသညာနဲ့ ဆန်းစစ်ချိန်ထိုးနိုင်တယ်၊ အဲဒီကနေမှ ပိုမိုကောင်းမွန်တဲ့ လူမှုဆိုင်ရာ တိုးတက်ပြောင်းလဲမှုအဆင့်တစ်ဆင့်ကို တက်လှမ်းနိုင်တယ် စသဖြင့် ယူနီဗာဆယ် သဘောဆန်တဲ့ မဟာဇာတ်ပြော (သို့မဟုတ်) အမှန်တရားဆိုင်ရာယုံကြည်ချက်တစ်ခုခုကို တွေ့ရလိမ့်မယ်။ လီယိုတာ တို့လို ပို့စ်မော်ဒန်ဝါဒီတွေကတော့ မော်ဒန်သမားတွေပြောတဲ့ ယူနီဗာဆယ်သဘောဆောင်တဲ့ အမှန်တရားဆိုတာ တကယ်မရှိဘူးလို့ပဲ ယုံကြည်ကြတယ်။ ပို့စ်မော်ဒန်ဝါဒမှာ လူသားဟာ သူ့အပေါ် ဖိစီးချုပ်ကိုင်ထားတဲ့ ဘာသာစကားနဲ့ ယဉ်ကျေးမှုတို့ရဲ့ လွှမ်းမိုးခြင်းကနေ ရုန်းမထွက်နိုင်ဘူး (လီယိုတာ ဆက်လက်ချဲ့ထွင်ထားတဲ့ ဝစ်ဂန်စတိန်းရဲ့ Language-game လို ဒဿန အယူအဆတွေမှာ အကျယ်တွေ့နိုင်တယ်)။ ဒါကြောင့် လူသား သိမှု ဆိုတာသည်လည်း ယဉ်ကျေးမှုတစ်ခုအတွင်း၊ ဘာသာစကားဘောင်တစ်ခုအတွင်း ကန့်သတ် ခံထားရတဲ့အရာနဲ့ မခြားဘူး။ ဒီလိုအကန့်အသတ်ကို ကျော်လွန်ပြီးတော့လည်း အခြားသော ယဉ်ကျေးမှုနဲ့ ဘာသာစကားဘောင် တစ်ခုအတွင်းက ကွဲပြားတဲ့အလေ့အကျင့် တစ်ခုခုကို ယူနီဗာဆယ်အမှန်တရားသဘော ပြဆိုဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဖြစ်စားဖြစ်ရင် ယူနီဗာဆယ် အမှန်တရားလို့ ခေါင်းစဉ် တပ်ပြီး အထက်စီးရတဲ့ အုပ်စုတစ်ခုက အခြားအုပ်စုတစ်စုကို သိမှုဆိုင်ရာ ချုပ်ကိုင် လွှမ်းမိုးဖို့ ကြိုးစားတာမျိုးပဲ ဖြစ်နိုင်လိမ့်မယ်။ ဒါကြောင့် ပို့စ်မော်ဒန်ဝါဒက နှိုင်းရဝါဒ အသွင်ဆောင်သလို တန်ဖိုးစံများအားလုံးကို ဖြိုခွဲဖျက်ဆီးလိုက်တဲ့ နတ္ထိကဝါဒပုံစံ တစ်မျိုးလည်းပဲ ဖြစ်နေတယ်။

မော်ဒန် ဖြစ်စဉ်က သေချာမှု(Certainty)ကို အလေးပေးတယ်။ ပို့စ်မော်ဒန်က သေချာမှု ကင်းမဲ့တဲ့ အဖြစ် (Uncertainty) ကို ဖော်ညွှန်းတယ်။ မော်ဒန်က ကျိုးကြောင်းဆင်ခြင်မှုအခြေခံထိန်းချုပ်မှု (Rational Control) နဲ့ အစီအစဉ်တကျရှိမှု တို့ဆီ လမ်းကြောင်းတယ်။ ပို့စ်မော်ဒန်က မင်းမဲ့ဝါဒ (Anarchy) နဲ့ အစီအစဉ်အချိုးပျက်မှုတို့ကို ဖော်ထုတ်တယ်။ မော်ဒန်က စုစည်းညီညွတ်မှု (Uniformity) တစ်ခုကို ဖမ်းဆုပ်တယ်။ ပို့စ်မော်ဒန်က အများသဘောဆန်တဲ့ ကွဲပြားစိတ်ဖြာမှု (Multiplicity) ကို အားပေးတယ်။ မော်ဒန်က ဓမ္မဓိဋ္ဌာန်ကျသိမှု (Objective Knowledge) ကို ယုံကြည်တယ်။ ပို့စ်မော်ဒန်က အသိ (Knowledge) ဆိုတဲ့ အိုင်ဒီယာ အယူအဆ ကိုယ်တိုင် ကိုတောင် ပစ်ပယ်တယ်။ မော်ဒန်ဖြစ်စဉ်တုန်းက လူမှုအစီအစဉ် (Social Order) ဆိုတာ ကျိုးကြောင်းဆင်ခြင်မှု (Rationality) အခြေခံပြီး ထိန်းချုပ်ကွပ်ကဲထားတဲ့အရာလို့ ယူတယ်။ ပို့စ်မော်ဒန် ဖြစ်စဉ်မှာတော့ စုစည်းညီညွတ်တဲ့လူမှုအစီအစဉ်ရယ်လို့ မရှိတော့ဘဲ အပိုင်းပိုင်းအစစ ကွဲပြားပြီး တစ်ခုသော ပုံသေသတ်မှတ်ချက်

အခြေအနေအောက် စုစည်းထားဖို့မဖြစ်နိုင်တဲ့ အစီအစဉ်ပျက်ယွင်းမှု (Disorder) တွေသာပဲ ရှိတယ်လို့ သတ်မှတ်တယ်။ အရင်းချုပ် လိုက်ရင်တော့ လူ့အဖွဲ့အစည်း ဆိုတာ ပုံဆောင်ခဲသဘောဆန်တဲ့ အဓိပ္ပါယ်ဖွင့်ဆိုမှုတွေနဲ့ ချိန်ထိုးလို့ မရတော့ဘဲ အပွင့်အဟသဘော လှုပ်ရှားနေတဲ့ အရာအဖြစ်သာ နားလည်ရမယ်လို့ ပို့စ်မော်ဒန်သမားတွေက မြင်ကြတယ်။

ပို့စ်မော်ဒန်ဝါဒတွေးခေါ်ပုံလမ်းကြောင်းဟာ ၁၉၈၀ တဝိုက်မှာ ကျယ်ပြန့် ရေပန်းစားလာတာ မှန်ပေမယ့် ပို့စ်မော်ဒန်ရဲ့ မြစ်ဖျားခံရာကိုတော့ ၁၉၆၀ ပြည့်နှစ်များအထိ ခြေရာ ပြန်ကောက်လို့ ရတယ်။ ၁၉၆၀ တဝိုက်လောက်စပြီး လူ့အဖွဲ့အစည်းနဲ့ ယဉ်ကျေးမှုနယ်ပယ်တို့အတွင်း ပြောင်းလဲမှုတွေဟာ ပိုမိုမြင်သာလာခဲ့တယ်။ အထက်မှာဆိုခဲ့သလို စက်မှုခေတ်လွန် (Post-industrial) လူ့အဖွဲ့အစည်းရဲ့ အမြင်သာဆုံးသော ပြောင်းလဲမှုတစ်ရပ်က အလုပ်ခွင်အတွင်း ကွန်ပြူတာလို စက်ပစ္စည်းကိရိယာတွေနဲ့တကွ နည်းပညာအသုံးပြုမှုတွေ တဟုန်ထိုး အတက်ပြ လာခဲ့တာပဲ။ တစ်ချိန်တည်းမှာ စားသုံးသူဝါဒနဲ့ တိုက်ရိုက်ဆက်နွှယ်နေတဲ့ ကြော်ငြာလုပ်ငန်း (Advertising Culture) ဟာလည်း လူမှုအဆောက်အအုံရဲ့ မျက်နှာစာတစ်ခုလို ဖြစ်လာတယ်။ အဲဒီအပြောင်းအလဲတွေမတိုင်မီ လူ့အဖွဲ့အစည်းကို မော်ဒန်ဖြစ်စဉ်လို့ အမည်တပ်မယ်ဆိုရင် လက်ရှိစက်မှုခေတ်နှောင်း လူ့အဖွဲ့အစည်းကို ပို့စ်မော်ဒန်လို့ သတ်မှတ်ရမယ်ဆိုတဲ့ အမြင်တွေ လည်း စတင်ဖြစ်ထွန်းလာခဲ့တယ်။ အနုပညာနယ်ပယ်ကို ဥပမာတစ်ခုအနေနဲ့ ကြည့်မယ်ဆိုရင်ပဲ မော်ဒန်ဝါဒ လို့လက်ခံထားတဲ့ နှစ်ဆယ်ရာစုအစောပိုင်းရဲ့ အနုပညာလက်ရာတွေဆီကနေ အလုံးစုံ ကွဲထွက်လာခဲ့တဲ့ အနုပညာလမ်းကြောင်းသစ်တစ်ရပ်ဟာ ၁၉၆၀ တဝိုက်ကစပြီး မြင်သာတဲ့လှိုင်းလုံးတစ်ခု ဖြစ်နေခဲ့ပြီ။ အစဉ်အလာမော်ဒန် အနုပညာလက်ရာတွေဆီက ရက်ဒီကယ်ကျကျ ခွဲထွက်မှုကြောင့် ပို့စ်မော်ဒန်ဆိုတာက အနုပညာ ရေစီးအသစ်ကို ရည်ညွှန်းတဲ့ဝေါဟာရတစ်ခု ဖြစ်လာခဲ့တယ်။

မော်ဒန်ကနေ ပို့စ်မော်ဒန်ဖြစ်စဉ်ဆီကူးပြောင်းမှုမှာ အထင်ရှားဆုံးသောနယ်ပယ်တွေက စာပေ၊ ဗိသုကာနဲ့ ဒဿန ပညာတို့ပဲ။ ပြောင်းလဲမှုတွေဟာ ဘယ်လို အသွင်ယူအလုပ်လုပ်ခဲ့သလဲ နားလည်ဖို့ ဗိသုကာနယ်ပယ်ကို ဥပမာအနေနဲ့ ကြည့်ရအောင်။ ၁၉၂၀ လောက်က အစပျိုးတဲ့ မော်ဒန် ဗိသုကာပညာဟာ နှစ်ဆယ်ရာစုတစ်ဝက်ကျော်အထိ အကြီးမားဆုံး လွှမ်းမိုးထား နိုင် ခဲ့တယ်။ မော်ဒန်ဗိသုကာက ရိုးရှင်းတဲ့ဒီဇိုင်းတွေ၊ အဖြောင့်မျဉ်းတွေနဲ့ ပုံသဏ္ဍာန်အချိုးအစား ကျနမှု တို့ကို မဏ္ဍိုင်ပြုထားတယ်။ အချိုးမညီတဲ့ဒီဇိုင်းပုံစံတွေ အသုံးပြုတာ၊ တောက်ပတဲ့ အသွေးအရောင် လှည့်ပြောင်းဆော့ကစားမှုတွေလုပ်တာ စတာတွေဟာ မော်ဒန်ဗိသုကာမှာတော့

မတွေ့ခဲ့ရသလောက်ပဲ။ ဆွစ်လူမျိုး မော်ဒန်ဗိသုကာပညာရှင် လာကော်ဘူဇီယေ (Le Corbusier) ပြောခဲ့သလို 'အစီအစဉ်ကျနမှုအသက်ဝိဉာဉ်' (Spirit of Order) မှာပဲ အဓိကမဏ္ဍိုင် တည်ထား ခဲ့တယ်။ ကော်ဘူဇီယေတို့လို ဗိသုကာရေစီးရဲ့ အထင်ကရခေါင်းဆောင်တွေ ယူဆတာက ဗိသုကာပညာဆိုတာ အစီအစဉ်အချိုးဖျက်မှုမှန်သမျှ ပယ်ရှားပြီး စုစည်းညီညွတ်မှုမှာပဲ အခြေခံယူသင့်တယ်လို့မြင်တာ။ `နည်းနည်းဟာ များများ' (Less is More) ဆိုတဲ့ မီနီမယ်လစ်ဇင် အသားပေးတွေးခေါ်ပုံတွေသာပဲ မော်ဒန်ဗိသုကာကို လွှမ်းမိုးထားခဲ့တယ်။ သို့သော် ၁၉၂၀ ခန့်ကစပြီး ဗိသုကာနယ်ပယ်တစ်ဝှမ်းလုံး နာယူလိုက်နာ ခဲ့ကြတဲ့ ဒီလိုတွေးခေါ်ပုံတွေဟာ ၁၉၆၀ နဲ့ ၁၉၇၀ ပြည့်နှစ်များမှာတော့ တင်းကြပ်လွန်းတဲ့ဘောင်တွေ ဖြစ်လာကြ တယ်။ အထူးသဖြင့် အမေရိကမှာငယ်ရွယ်တဲ့ဗိသုကာပညာရှင်မျိုးဆက်တစ်ခု ပေါ်ထွက်လာခဲ့ချိန်မှာတော့ မော်ဒန် ဗိသုကာပညာဟာ ရိုးအီနေတဲ့ပင်မရေစီးတစ်ခုလို ရှုမြင်ခံလာရတယ်။ ရောဘတ်ဗန်ကျူးရီ (Robert Venturi) လို ငယ်ရွယ်တဲ့ဗိသုကာပညာရှင်တွေအတွက်ကျ ပို့စ်မော်ဒန်ဟာ ဟောင်းနွမ်းနေပြီဖြစ်တဲ့ မော်ဒန်ဗိသုကာနေရာမှာ အကောင်းဆုံး အစားထိုးနိုင်မယ့် ရှေ့ရောက် ဆန်းသစ်တဲ့လှုပ်ရှားမှုတစ်ခုဆီ လမ်းပြပေးနေတယ်။ အစီအစဉ်ကျနမှု တစ်ရပ်နဲ့ပုံဖော်ထားတဲ့ ရှေးရိုးစွဲလူ့အဖွဲ့အစည်းတွေအတွက် ရိုးစင်းတဲ့ မော်ဒန်ဗိသုကာလက်ရာတွေက ထင်ဟပ်မှု ပေးကောင်းပေးမယ်။ သို့သော် မျက်မှောက် ပို့စ်မော်ဒန်လူ့အဖွဲ့အစည်းဟာ ရိုးစင်းတဲ့ အစီအစဉ် ကျနမှုမှာ အခြေယူထားတာမဟုတ်တော့ဘဲ ရှုပ်ထွေးသလောက် အစီအစဉ်ပြန့်ကြဲမှုနဲ့ ဝရုန်းသုန်းကားဆန်နေတာဖြစ်တယ်။ ဒါကြောင့် ရိုးရှင်းမှုကိုအသားပေးလွန်းတဲ့ မော်ဒန်ဗိသုကာပညာအစား ခေတ်နဲ့ပိုမိုထင်ဟပ်မှုပေးတဲ့ ဝါဒသစ်တစ်ရပ် လိုအပ်တယ်လို့ မြင်ခဲ့ကြတယ်။ ပို့စ်မော်ဒန်ခေတ်ရဲ့ ဗိသုကာဒီဇိုင်းတွေက ကြည်လင်မှုအနက် (Clarity of Meaning) ကို ဆက်လက် ထုတ်ဖော်နေဖို့ထက် ကြွယ်ဝမှုအနက် (Richness of Meaning) ကိုပဲ အာရုံစိုက်သင့်တယ်လို့ မြင်တယ်။ “နည်းနည်းဟာ များများ” (Less is More) ဆိုတဲ့ ဆိုရိုးစကားနေရာမှာ “နည်းနည်းဆိုတာ ပျင်းစရာ” (Less is Bore) ရယ်လို့ ဖြစ်လာတယ်။ ဒီလိုနဲ့ တစ်ချိန်တုန်းက မအပ်စပ်ဘူးလို့ သီခြားခွဲထုတ်ထားခဲ့ကြတဲ့ ဟန်နဲ့ပုံစံတွေကို တွဲစပ်အသုံးပြုတာ၊ ကော်လာ့ဂျ် (Collage) ဆန်ဆန် အထူးပြုလုပ်ချက်တွေကို ပေါင်းစပ်တီထွင်ကြည့်ဖို့ ကြိုးစားတာ၊ အစီအစဉ်ကျနမှုအစား အစီအစဉ်ပြန့်ကြဲမှုကို ပုံဖော်ပြတာ၊ ခေးအော့စ်ဆန်တဲ့ စမ်းသပ်မှုတွေ နဲ့လှည့်ပြောင်းကစားတာ စတာတွေကို မော်ဒန်အလွန် ဗိသုကာလမ်းကြောင်းမှာ မြင်တွေ့ လာရတယ်။ ပို့စ်မော်ဒန်ဝါဒ လွှမ်းမိုးမှုအောက်က အစောပိုင်း ဗိသုကာလက်ရာတွေကို လက်စ်ဗီးဂတ်စ်ရဲ့ ကာစီနိုအဆောက်အအုံတွေမှာ တွေ့နိုင်တယ်။ Pastique လို ဟန်နဲ့ဒီဇိုင်း တွဲစပ်ပုံအသစ်တွေက ရှေးခေတ် အီဂျစ်ပြည်ဗိသုကာ နောက်ခံမှာ

၁၉၅၀ စု ပြင်သစ်ရဲ့ အငွေ့အသက် တွေ ပေါင်းထည်ဖွဲ့စည်းထားတာလည်း ဖြစ်ကောင်းဖြစ်သွားမယ်။ ယခင်က တွဲစပ် အသုံးပြုလို့မရဘူး သတ်မှတ်ထားခဲ့ကြတဲ့ ဟန်နဲ့အယူအဆတွေကို တမင်တစင်ပဲပေါင်းစပ်ဖို့ ကြိုးစားတယ်။ Pastique ဆိုတဲ့သဘောမှာက မူလဗိသုကာကို ယူငင်တုပထားတဲ့ ဗိသုကာဒီဇိုင်းတွေ အချင်းချင်းစုတွဲပြီး မော်ဒန်ဗိသုကာပညာရဲ့ အစီအစဉ်အချိုးကျ ညီညွတ်မှု ဆိုတဲ့ အယူအဆကို ဖျက်ဆီးပစ်လိုက်တယ်။ စုစည်းမှုနေရာမှာ အချိုးဖျက်မှုနဲ့ ပြန့်ကျဲမှုတွေ ဝင်ရောက်လာတယ်။ တစ်နည်းအားဖြင့်တော့ မော်ဒန်ဗိသုကာပညာ ပြဋ္ဌာန်းထားခဲ့တဲ့ ဘောင်တွေ အားလုံးကို ချိုးဖောက်လိုက်တာပဲ။ 'ပို့စ်မော်ဒန်မြို့ တော်' လို့တင်စားကြတဲ့ ၁၉၈၀ နှောင်းပိုင်းလက်စ်ဗီးဂတ်စ်မှာက အဆောက်အအုံမျက်နှာစာတွေဟာ အစပ်အဟပ်မရှိဘဲ သီခြားဆန်မှုကိုယ်စီနဲ့ပြန့်ကျဲနေကြတယ်။ အရာအားလုံးတို့ဟာ အပေါ်ယံမျက်နှာပြင်ပေါ်မှာပဲ တည်ရှိနေသလိုခံစားရစေတယ်။ တစ်ချိန်တုန်းက မော်ဒန်အနုပညာလက်ရာတွေမှာတွေ့ရခဲ့တဲ့ နားလည်ဖို့ခက်ခဲတဲ့ အနက်တွေ၊ အချိန်ယူခံစားထုတ်ဖော်ဖို့လိုတဲ့ ကွယ်ဝှက်ထားတဲ့အနက်တွေ (Hidden Meaning) ဆိုတာမျိုး မရှိတော့ဘူး။ အဲဒီအစား အဓိပ္ပါယ် ထုတ်ဖော်ဖို့ အလွန် လွယ်ကူသော (သို့မဟုတ်) လုံးလုံးလျားလျား အဓိပ္ပါယ်ကင်းမဲ့ နေသော အပေါ်ယံ ဆန်လွန်းတဲ့ အနက်တွေပဲရှိတယ်။ ပို့စ်မော်ဒန်သမားတွေက လက်စ်ဗီးဂတ်စ်အဆောက်အအုံတွေ ရဲ့ ဗိသုကာတွေဟာ ဘာအဓိပ္ပါယ်တစ်ခုခုကိုမှ ဖော်ပြဖို့မကြိုးစားဘူးဆိုတဲ့ အချက်ကို သဘောတွေ့ ကြတယ်။ အဓိပ္ပါယ် အားလုံးတို့ဟာ မျက်နှာပြင်ပေါ်မှာပဲရှိနေတယ်၊ အဲဒီမျက်နှာပြင်တွေကနေ ကျော်လွန်တူးဆွကြည့်လိုက်ရင် အထဲမှာ ဝှက်ကွယ်ထားတဲ့အခြားဘာအနက်မှ မရှိတော့ဘူး။ ဒီနေရာမှာ ပို့စ်မော်ဒန်တွေးခေါ်ပုံကို အနည်းငယ်တီးခေါက်ကြည့် လို့ ရတယ်။ လက်စ်ဗီးဂတ်စ် ဗိသုကာလက်ရာတွေရဲ့ အပေါ်ယံတိမ်ပြီး မျက်နှာပြင်တစ်ခုပေါ်မှာ စုပြုံပြန့်ကျဲမှုဟာ အဓိပ္ပါယ် အားလုံး ကွယ်ပျောက်ခမ်းခြောက်သွားပြီလို့ သဘောသက်ရောက်တယ်။ အဓိပ္ပါယ်သေဆုံးခြင်း (Death of the Meaning) ဆိုတဲ့အယူက လူမှုဘဝအခြေအနေနဲ့ကမ္ဘာလောကတစ်ခုလုံးတို့ကို ထင်ဟပ်တယ်။ နောက်တစ်နည်း ကြည့်ရင်တော့ လက်စ်ဗီးဂတ်စ်အဆောက်အအုံတွေမှာ ဟန် အမျိုးမျိုး ဒီဇိုင်းအဖုံဖုံ ရောထွေးဆော့ကစားတာဟာ အဓိပ္ပါယ်ပျောက်ဆုံးမှုကို ရည်ညွှန်းတာ မဟုတ်ဘဲ အဓိပ္ပါယ်ပေါင်းများစွာ တစ်ပြိုင်နက်ပူးတွဲတည်ရှိနေနိုင်တဲ့အဖြစ်ကို ရည်ညွှန်းတာပဲ။ အဓိပ္ပါယ်ဟာ တသတ်မတ်တည်းတည်ငြိမ်မနေတော့ဘူး။ တစ်ခုထက်ပိုတဲ့ အဓိပ္ပါယ်တွေဟာ တစ်ချိန်တည်းမှာ ခွဲဖြာ ပြန့်ကျဲ နေကြတယ်။ အဆိုပါပြန့်ကျဲနေတဲ့ အဓိပ္ပါယ်တွေကို အလို ရှိအပ်သလို တွဲစပ်နားလည်ဖို့ လမ်းကြောင်းဖွင့်ပေးထားတယ်။ အကောင်းမြင်ဆန်တဲ့ မျက်လုံးတွေနဲ့ကြည့်မယ် ဆိုရင်တော့ ပို့စ်မော်ဒန်ဟာ မော်ဒန်

ဝါဒထက် ဒီမိုကရက်တစ်ဆန် တယ်လို့ ငြင်းခုံလို့ရတယ်။ ဗိသုကာသက်သက်အရကြည့်ရင်ပဲ မော်ဒန်အနုပညာတုန်းက ဖန်တီးသူဟာ အနုပညာလက်ရာကို ချုပ်ကိုင်ထားတယ်။ အဆောက်အအုံတစ်ခုဟာ ဗိသုကာ ပညာရှင်ပုံဖော်လိုက်တဲ့ အနက်အဓိပ္ပါယ်အောက်မှာပဲ ရှိနေရတယ်။ ဗိသုကာပညာရှင်က သူ့အလိုရှိရာ အနက်ဖြစ်စေဖို့ စေစားလို့ရတယ်။ သို့သော် ပို့စ်မော်ဒန်ဗိသုကာရဲ့ ဟန်အမျိုးမျိုး တွဲစပ်မှုတွေ၊ ပုံသဏ္ဌာန်ဆိုင်ရာ လှည့်ပြောင်းဆော့ကစားမှုတွေအောက် မှာတော့ တိကျတဲ့ အဓိပ္ပါယ်တစ်ခုခု ကန့်သတ်ထားဖို့ မဖြစ်နိုင်တော့ဘူး။ အဓိပ္ပါယ်တွေဟာ ဖန်တီးသူရဲ့ သတ်မှတ်ချက် အောက် ကျရောက်နေတာမျိုး မဟုတ်တော့ဘဲ ကြည့်ရှုသူ (သို့မဟုတ် ခံစားသူ)တွေရဲ့ အနက်ပြန်မှု ဆိုင်ရာ စိတ်ကူးစိတ်သန်းတွေနောက်ကို လိုက်ပြီး အမျိုးမျိုး ပြောင်းလဲနေနိုင်တယ်၊ အမျိုးမျိုးပြောင်းလဲခွင့်လည်း ရှိနေတယ်။ ဒါကြောင့် ပို့စ်မော်ဒန်ဝါဒရဲ့ လွတ်လပ်မှုအပေါ်ဖွင့်ဆိုပုံက လွတ်လပ်စွာ စိတ်ကူးတွေးခေါ်နိုင်ခြင်းကို လမ်းဖွင့်ပေးတာပဲ။ နည်းနည်းအဆိုးမြင်မှုပါတဲ့မျက်လုံးတွေနဲ့ကြည့်ရင်တော့ သူတို့ပြဆိုတဲ့ စိတ်ကူးတွေးခေါ်နိုင်ခြင်း ဆိုတဲ့အယူအဆ ကိုယ်တိုင်က လိုအပ်သည်ထက်ပိုကဲတဲ့ အဓိပ္ပါယ်စု ပြုပြင်နှံ့ကျဲမှုတွေထဲမှာ ပျောက်ကွယ်သွားသလို ဖြစ်နေနိုင်တယ်။ အဓိပ္ပါယ်ဆိုင်ရာ ပွင့်ဟမှု အများအပြားထဲမှာ စစ်မှန်တဲ့ အဓိပ္ပါယ်ဆိုတာလည်း ရှာဖွေလို့မရတော့ဘူးပေါ့။

လီယိုတာဖွင့်ဆိုတဲ့ ပို့စ်မော်ဒန်ဖြစ်ခြင်းအခြေအနေ

ပို့စ်မော်ဒန်ဝါဒ လို့ဆိုရင် မပါမဖြစ် တွဲမြင်တတ်ကြတာက ပြင်သစ်တွေးခေါ်ပညာရှင် ဖရန်ဆွာလီယိုတာ ပဲ။ လီယိုတာက မော်ဒန်နဲ့ပို့စ်မော်ဒန်အနုပညာအပါအဝင် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ဝေဖန်ရေး၊ လူမှုဗေဒနဲ့ ဒဿနနယ်ပယ်တွေအထိ ယနေ့တိုင် အကြီးအကျယ် ကိုးကားခံရဆဲဖြစ်တယ်။ ၁၉၇၉ ခုနှစ်မှာ သူ့ရဲ့ အလွှမ်းမိုးနိုင်ဆုံး လက်ရာတွေထဲက တစ်ခု ဖြစ်တဲ့ The Postmodern Condition: A Report on Knowledge ကို ထုတ်ဝေတယ်။ TPC မှာ လီယိုတာ အဓိက ငြင်းခုံခဲ့တာက သိမှု(Knowledge)အပေါ် ဖွင့်ဆိုသတ်မှတ်ချက်တွေရဲ့ တည်ငြိမ်မှုမရှိတဲ့ သဘာဝပဲ။ လီယိုတာက လူ့အဖွဲ့အစည်းကို 'ပို့စ်မော်ဒန်ဖြစ်ခြင်းအခြေအနေ' လို့ တင်စားတယ်။ ပို့စ်မော်ဒန်ဖြစ်ခြင်း အခြေအနေမှာက လူသားရဲ့ သိမှုဆိုင်ရာသဘာဝဟာ အစိတ်စိတ် အမွှာမွှာ ကွဲအက်သွားပြီလို့ ဆိုတယ်။ လီယိုတာရဲ့ အယူအဆတွေအပေါ် လွှမ်းမိုးတာက ရှေ့ပိုင်း တွေးခေါ်ပညာရှင်တွေဖြစ်ကြတဲ့ နီချာ (Nietzsche) နဲ့ ဝစ်ဂန်စတိန်း (Wittgenstein) တို့ပဲ။ သူတို့နှစ်ဦးစလုံးက မော်ဒန်ဝါဒရဲ့ အထင်ကရဒဿနဖြစ်တဲ့ လူသားတွေဟာ သဘာဝတရားနဲ့ လူမှုကမ္ဘာတို့ဆီက ဓမ္မဓိဋ္ဌာန်ကျ အမှန်တရားကိုထုတ်ယူနိုင်တယ်ဆိုတဲ့ အမြင်ကို သူ့နည်းသူ့ဟန် ငြင်းခုံခဲ့ကြသူတွေလည်း ဖြစ်တယ်။ သူတို့နှစ်ဦးစလုံးက ဓမ္မဓိဋ္ဌာန်ကျ အမှန်တရားဆိုတာကို လက်မခံဘူး။ သိပ္ပံပညာက အကြွင်းမဲ့အမှန်တရားဆီ လမ်းပြပေးနိုင်တယ်ဆိုတဲ့ အမြင်ကိုလည်း သဘောမတူဘူး။ သူတို့က ယူနီဗာဆယ်ဆန်တဲ့ တစ်ခုတည်းသောအမှန်တရား (One Single Truth) ရယ်လို့ မရှိနိုင်ဘဲ ဗဟုသဘောဆောင်နေတဲ့ အမှန်တရားပေါင်း များစွာသာရှိတယ်လို့ မြင်ကြတယ် (ဒီအမြင်က လီယိုတာအပြင် မီရှယ်ဖူးကိုးတို့လို အဆောက်အအုံလွန် ဝါဒီတွေအထိ လွှမ်းမိုးတယ်)။ ဘယ်လို အယူဝါဒတစ်ရပ်ရပ်ကမှ အမှန်တရားအပေါ် မိုနိုပိုလီချုပ်ကိုင် ထားလို့မရဘူးဆိုတဲ့ ဒီအမြင်က ပို့စ်မော်ဒန်ဝါဒရဲ့ အထင်ကရလမ်းကြောင်းတစ်ရပ် ဖြစ်လာ ခဲ့တယ်။ ပို့စ်မော်ဒန်အမြင်မှာ အမှန်တရားဆိုတာသည် တစ်ခုတည်းကို ကိုယ်စားပြုတဲ့ ဧကသဘော မဟုတ်ဘူး၊ တစ်ခုထက်ပိုတဲ့ အမှန်တရားပေါင်းများစွာဆီ လမ်းဖွင့်ထားတဲ့ ဗဟုသဘောသာလျှင်ဖြစ်တယ်။ အမှန်တရားဟာ ကာလံဒေသံအရ ရွေ့လျားပြောင်းလဲနိုင်တယ်၊ အမှန်တရားဟာ နှိုင်းရသဘော ဆောင်တယ်။ နောက်ခံတစ်ခုအတွင်းမှာ အမှန်တရားလို့ လက်ခံ ထားတဲ့ သတ်မှတ်ချက်က ကွဲပြားတဲ့အခင်းအကျင်း တစ်ခုဆီ ရောက်ရှိသွားတဲ့အခါမှာတော့ အမှန်တရား ဖြစ်ချင်မှ ဖြစ်နိုင်လိမ့်မယ်။ ဒီတော့ကာ ဘယ်အမှန်တရားက ပိုမိုစစ်မှန်ပါတယ် ဆိုတာမျိုး ပုံသေ ဆုံးဖြတ်လို့

မရဘူး။ ဒီအမြင်တွေအကုန်လုံးကိုအခြေခံပြီး လီယိုတာက ပို့စ်မော်ဒန်ဖြစ်ခြင်း အခြေအနေမှာ သိမှု (Knowledge) ဟာ စိတ်မှာ ကွဲပြားသွားပြီ ဆိုတဲ့ အယူအဆကို ပုံဖော်ခဲ့တာပဲ။

လီယိုတာရဲ့ အထင်ရှားဆုံးအဆိုအမိန့်ဖြစ်တဲ့ `မဟာဇာတ်ပြောများကို ငြင်းပယ်ခြင်း’ (Incredulity towards Metanarratives) ဟာ ပို့စ်မော်ဒန်အတွေးအခေါ်ရဲ့ အသက်သွေးကြောပဲ။ နှစ်ဆယ်ရာစုရဲ့ လစ်ဘရယ်အမြင်၊ သိပ္ပံပညာ၊ မာ့က်စ်ဝါဒ အစရှိတဲ့ မဟာဇာတ်ပြောတွေဟာ ကမ္ဘာလောကနဲ့ လူသားဘဝတို့ရဲ့ အစစ်အမှန်တရားကို လမ်းပြနိုင်တယ် (သို့မဟုတ်) နားလည် ရှင်းလင်းနိုင်တယ်ဆိုတဲ့ ရပ်တည်မှုကို ရယူတယ်။ ဥပမာ လစ်ဘရယ်ဝါဒ အမြင်မှာ မော်ဒန်ဖြစ်စဉ်ကနေ ဒီမိုကရေစီနဲ့ တိုးတက်ပြောင်းလဲမှုအရွေ့ တို့ကို ယုံကြည်မှုပြတယ်၊ သိပ္ပံပညာကလည်း လူမှုဘဝရဲ့ ယူနီဗာဆယ်အမှန်တရားကို သိပ္ပံနည်းကျ လက်ဆုပ်လက်ကိုင် ပြနိုင်တယ်ဆိုတဲ့ အမြင်မျိုး စွဲကိုင်တယ်၊ မာ့က်စ်ဝါဒဆိုရင်လည်း လူမှုဘဝရဲ့ နောက်ဆုံး ပန်းတိုင်ဟာ တော်လှန်ရေးအားဖြင့် ကွန်မြူနစ် လူ့အဖွဲ့အစည်းဆီ လှမ်းချီခြင်း ဆိုတဲ့ လူတန်းစားအမြင်ကို အမှန်တရားတစ်ခု အနေနဲ့ သက်ဝင်ယုံကြည်တယ်။ ဒါတွေအကုန်လုံးက သူ့နည်းသူ့ဟန်နဲ့ အမှန်တရားတစ်ခုခု ဖွင့်ဆိုသတ်မှတ်ကြတဲ့ မဟာဇာတ်ပြော (Metanarrative) တွေပဲ။ ပို့စ်မော်ဒန်က ဒီလိုမဟာဇာတ်ပြောတွေကို ငြင်းပယ်တယ်။ မဟာဇာတ်ပြောတွေဟာ သူတို့ဖွင့်ဆိုချက်ကို ကိုင်စွဲပြီး အမှန်တရားအပေါ် မိုနိုပိုလီလုပ်ခြင်း တစ်မျိုးလို့ မြင်တယ်။ မဟာဇာတ်ပြောတိုင်းက သူတို့ဟာ ဓမ္မဓိဋ္ဌာန်ကျတဲ့ ယူနီဗာဆယ်အမှန်တရား ကို တင်ပြနေတာ ပါလို့ ယုံကြည်ကြတာ ချည်းပဲ။ ပြဿနာက လီယိုတာတို့လို ပို့စ်မော်ဒန်ဝါဒီသမားတွေ အတွက်ကျတော့ ယူနီဗာဆယ် အမှန်တရား ဆိုတာဟာ အုပ်စုတစ်စုနဲ့သာ စပ်ဆိုင်တဲ့ သတ်မှတ်ချက် ဆိုတာထက် မပိုဘူး။ အုပ်စုတစ်စု လက်ခံယုံကြည်တဲ့ အစစ်အမှန်တရား ဆိုတာဟာ နောက်ထပ်အုပ်စုတွေ အတွက်ကျ စစ်မှန်ချင်မှ စစ်မှန်တော့မယ်။ ဒါမှမဟုတ် အုပ်စုတစ်စု ပြဋ္ဌာန်းလိုက်တဲ့ အစစ်အမှန်တရား ဆိုတာဟာ အခြားသောအုပ်စုတွေ အပေါ်လွှမ်းမိုးချုပ်ကိုင်ပြီး အတင်းအကြပ် လုပ်ယူထားတာမျိုးလည်း ဖြစ်ချင်ဖြစ်နေမယ်။ ဒီလိုဆိုတော့ အစစ်အမှန်တရား ဆိုတဲ့ဖွင့်ဆိုချက်သည် ယဉ်ကျေးမှုနယ်ချဲ့ ဝါဒနဲ့ သိပ်မခြား တော့ဘူး။ ဒါကြောင့် အစစ်အမှန်တရားဆိုတာ ဘယ်သောအခါမှ ဓမ္မဓိဋ္ဌာန်ကျမှုကို ရရှိမှာ မဟုတ်ဘူးလို့ ပို့စ်မော်ဒန်ဝါဒီတွေက ပြောကြတာပဲ။

လီယိုတာက သိမှု (Knowledge) ဟာ ပုဂ္ဂလဆန်တယ်လို့ ဆိုတယ်။ ကွဲပြားတဲ့ အုပ်စုတွေမှာ ကမ္ဘာလောကအပေါ် လက်ခံနားလည်ထားတဲ့ ကွဲပြားတဲ့ ဇာတ်ပြောတွေရှိကြတယ်။ မဟာ ဇာတ်ပြော မဟုတ်ဘဲ အသီးသီး ကွဲပြားနေကြတဲ့

ဇာတ်ပြောအငယ်စား (Mini-narratives) တစ်ခုချင်းစီကိုလည်း အသိအမှတ်ပြုပေးဖို့ လိုတယ်။ သူတို့ဟာလည်း သူတို့ရဲ့ ကိုယ်ပိုင် အစစ်အမှန်တရားတစ်ခုကို ကိုင်စွဲထားတာဖြစ်လို့ပဲ။ လီယိုတာရဲ့အမြင်မှာက သိမှု (Knowledge) ဆိုတာဟာ သဘာဝအရကိုက အမြဲတမ်း အစိတ်စိတ်အမွှာမွှာ ပြန့်ကျဲနေမှာပဲ။ ဒါက ပို့စ်မော်ဒန် ဖြစ်စဉ်မှာမှ ပေါ်ပေါက် လာတဲ့ အခြေအနေ မဟုတ်ဘူး။ လူသားသမိုင်း တစ်လျှောက်လုံး အစဉ်အဆက် တည်ရှိလာတဲ့ သိမှုဆိုင်ရာသဘာဝပဲ။ အချို့သောလူ့အဖွဲ့အစည်းတွေမှာသာ လွှမ်းမိုးကြီးစိုးဆဲ မဟာဇာတ်ပြောတွေရဲ့ ချုပ်ကိုင်မှုကြောင့် ဒီအချက်ဟာ ဖုံးကွယ်ခံ ထားရခြင်းဖြစ်တယ်။ သို့သော် ပို့စ်မော်ဒန် အခြေအနေမှာတော့ ဒါကိုဆက်လက် ဖုံးကွယ်ထားဖို့ ခက်ခဲလာတယ်။ ဘာကြောင့်လဲဆိုရင် ကွန်တမ်ပိုရာရီ လူသားတွေအများစုတို့ဟာ (သိပ္ပံပညာ၊ လစ်ဘရယ်အမြင်၊ မာ့က်စ်ဝါဒ စတဲ့) မဟာဇာတ်ပြောတစ်ခုတည်း အပေါ် အလေးအနက် ယုံကြည်သက်ဝင်မှု နည်းပါးလာတာကြောင့်ပဲ။ ဒါကြောင့် ပို့စ်မော်ဒန်အခြေအနေဆိုတာဟာ 'မဟာဇာတ်ပြောများကို သက်ဝင်မှုပြယ်ပျက်ခြင်း' (Incredulity towards Metanarratives) လို့ လီယိုတာက ဆိုခဲ့တာပဲ။

လီယိုတာရဲ့ 'ပို့စ်မော်ဒန်အခြေအနေ (Postmodern Condition) ဟာ လူမှုသီအိုရီတွေအပေါ်မှာ အတိုင်းအတာတစ်ခု လွှမ်းမိုးမှုရှိတယ်။ စက်မှုခေတ်လွန်နဲ့ သတင်းအချက်အလက် နည်းပညာအသားပြု ကွန်တမ်ပိုရာရီလူ့အဖွဲ့အစည်းက သိမှု (Knowledge) ကို ဖမ်းဆုပ် နားလည်ပုံ ဘယ်လိုပြောင်းလဲသွားသလဲဆိုတာ ပို့စ်မော်ဒန်အခြေအနေမှာ တွေ့ရမယ်။ သိမှု ဆိုင်ရာ အထွေထွေအပြားပြားကွဲပြားချက်တွေကို တစ်ခုသော စုစည်းမှုအမှန်တရားအဖြစ် ထုတ်ယူလျှော့ချဖို့ ကြိုးစားတဲ့ မဟာဇာတ်ပြောတွေဟာ ပို့စ်မော်ဒန်အခြေအနေအောက်မှာ အလုပ်မဖြစ်နိုင်တော့ဘူးလို့ လီယိုတာက ဆိုတယ်။ အဓိပ္ပါယ်တစ်ရပ်ရပ် ပုံသေပြဋ္ဌာန်းဖို့ ကြိုးစားချက်တွေဟာ အန္တရာယ်ကြီးသလို မမျှတမှုတွေပါ ယူဆောင်လာ နိုင်တယ်။ ဥပမာ လိင်မှုသဘာဝ (Sexuality) နဲ့ လူမှုလိင် (Gender) စတဲ့ စကားလုံးတွေဆိုပါစို့၊ ဒီစကားလုံးတွေကို တည်ငြိမ်တဲ့အဓိပ္ပါယ်တစ်ခုနဲ့ သတ်မှတ်ဖွင့်ဆိုလို့မရဘူး။ မိန်းမတစ်ယောက်ရဲ့ လိင်မှုသဘာဝဟာ ဒါပါလို့ ယတိပြတ် ဆိုလိုက်ရင် အဲဒီအပိတ်သဘောဆန်တဲ့ဖွင့်ဆိုမှုဟာ အုပ်စုတစ်စု သို့မဟုတ် အချိန်ကာလအတိုင်းအတာတစ်ခု အတွင်းမှာသာ မှန်ကန်နိုင်လိမ့်မယ်။ အဲဒီကနေကျော်လွန်ပြီး ယူနီဗာဆယ်ဆန်တဲ့ အစစ်အမှန်တရားတစ်ခု ဖြစ်လာမှာတော့ မဟုတ်ဘူး။ အစိတ်စိတ် အမွှာမွှာ ကွဲပြားနေတဲ့ သိမှုက နောက်ထပ် အခြေအနေတစ်ခုအောက်မှာ နောက်ထပ် အစစ်အမှန်တရား တစ်ခု ဖန်တီးပေးနေဦးမှာပဲ။ ပို့စ်မော်ဒန် အခြေအနေမှာက လူသားရဲ့ သိမှုဟာ အထွေထွေ အပြားပြား ကွဲပြားမှုတွေနဲ့အတူ နှိုင်းရအသွင်ဆောင်ပြီး အလုပ်လုပ်နေတဲ့

အရာသာလျှင် ဖြစ် တယ်။

Hyperreality နှင့် အစစ်အမှန်တရားသေဆုံးခြင်း

လီယိုတာနဲ့ခေတ်ပြိုင် ပို့စ်မော်ဒန် ဖလော်ဆော်ဖီအပေါ် နောက်ထပ် အကြီးမားဆုံးထည်ဝင်မှု ပြုခဲ့သူက ပြင်သစ်လူမျိုး ပို့စ်မာ့က်စ်ဝါဒီ ယောန်ဘိုဒရီယာ (Jean Baudrillard) ပဲ။ ဘိုဒရီယာရဲ့ တွေးခေါ်ပုံလမ်းကြောင်းက ပို့စ်မာ့က်စ်ဝါဒကို အခြေပြုပြီး ပို့စ်မော်ဒန်အခြေအနေထဲက လူမှုရေးနဲ့ ယဉ်ကျေးမှုနယ်ပယ်တွေကို ကိုင်တွယ်ဖို့ကြိုးစားတယ်။ ၁၉၆၀ နဲ့ ၁၉၇၀ တဝိုက်လောက် ဘိုဒရီယာရဲ့ အရေးအသားတွေကို ကြည့်ရင် အဆောက်အအုံလွန်ဝါဒရဲ့ လွှမ်းမိုးမှုတွေနဲ့လည်း မကင်းတာတွေ့ရလိမ့်မယ်။ သူ့ကို သင်္ကေတဗေဒ အခြေပြုတဲ့ အဆောက်အအုံဝါဒသမားလို့တောင် သတ်မှတ်ကြတယ်။ ပို့စ်မာ့က်စ်ဝါဒလမ်းကြောင်းမှာ လွှမ်းမိုးမှု ရှိသလောက် အတော်အရေးပါတဲ့လက်ရာတွေကို ထုတ်လုပ်ခဲ့တယ်။ ဥပမာ ၁၉၆၈ ခုနှစ်လက်ရာ The Systems of Objects ၊ ၁၉၇၂ ခုနှစ်မှာ The Consumer Society ၊ ၁၉၇၃ ရဲ့ The Mirror of Production စတဲ့ စာအုပ်တွေမှာ သင်္ကေတဗေဒအခြေခံယူပြီး လူထုမီဒီယာ၊ ကြော်ငြာလုပ်ငန်း၊ ဖက်ရှင်ဒီဇိုင်း စတဲ့ ကွန်တမ်ပိုရာရီလူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုမျက်နှာစာတွေကို ကိုင်တွယ် ခဲ့တယ်။

ဘိုဒရီယာက ကွန်တမ်ပိုရာရီလူမှုဘဝမှာ ရုပ်ဝတ္ထုဆိုင်ရာအစစ်အမှန်တရား(Material Reality) ပျောက်ကွယ်သွားပြီလို့ မြင်တာ။ ဆိုလိုတဲ့သဘောက ကွန်တမ်ပိုရာရီ လူ့အဖွဲ့အစည်းအတွင်း ထုတ်လုပ်နေဆဲ ထုတ်လုပ်နေတဲ့ ကုန်ပစ္စည်းတွေမှာ သူတို့တစ်ချိန်က ပိုင်ဆိုင်ခဲ့ကြတဲ့ ရုပ်ဝတ္ထုအရှိတရားရယ်လို့ မတွေ့ရတော့ဘဲ သင်္ကေတစနစ်တွေနဲ့ အစားထိုးခံလိုက်ရတယ်။ အဆုံးမရှိ လှည့်လည်နေတဲ့ သင်္ကေတအညွှန်း (Signifier) တွေကပဲ လူမှုကမ္ဘာကို တည်ဆောက် လာကြတယ်။ ဘိုဒရီယာမြင်တာက မာ့က်စ်ဟာ စက်မှုခေတ် လူ့အဖွဲ့အစည်းရဲ့ ကုန်ပစ္စည်းထုတ်လုပ်မှု (Production of Commodities) အပေါ် လေ့လာ ဆန်းစစ်ချက်တွေ ထုတ်ခဲ့သော်လည်း အဆိုပါလေ့လာချက်ဟာ ပို့စ်မော်ဒန်လူ့အဖွဲ့အစည်းရဲ့ အခြေအနေတွေနဲ့ ရင်ဘောင်မတန်းနိုင်ဘူး။ အထူးသဖြင့် ပို့စ်မော်ဒန်အခြေအနေဆိုတာ ရုပ်ဝတ္ထုထုတ်လုပ်မှုအပြင် သင်္ကေတထုတ်လုပ်မှု (Production of Signs) ပါ တွဲစပ်နေတယ်။ စက်မှုခေတ်တုန်းက ကုန်ပစ္စည်းတစ်ခုဟာ သူ့ရဲ့အသုံးချတန်ဖိုး (Use-value) သက်သက်နဲ့သာ ချိန်ထိုးခံရတယ်။ အင်္ကျီတစ်ထည်မှာ ရာသီဥတုဒဏ်က အကာအကွယ်ပေးခြင်း၊ လုံခြုံမှုပေးခြင်း စတဲ့ အသုံးချ တန်ဖိုးကသာလျှင် ပဓာနကျတယ်။ စက်မှုခေတ်နှောင်းကာလမှာတော့ ကုန်ပစ္စည်းတွေဟာ သူတို့ရဲ့ အသုံးချတန်ဖိုးအပြင် ပစ္စည်းတန်ဖိုး (Commodity-value) နဲ့ပါ ယှဉ်ကြည့်ခံလာရတယ်။ အင်္ကျီတစ်ထည်ရဲ့ တန်ဖိုးဟာ သူ

ကပ်နှိပ်ခံလိုက်ရတဲ့ ကုန်ပစ္စည်းအမှတ်တံဆိပ် ပေါ်မှာပဲ မူတည်တော့တယ်။ ကုန်ပစ္စည်းအမှတ်တံဆိပ်ပေါ်က သင်္ကေတတွေကသာလျှင်ပဲ အဆိုပါ ကုန်ပစ္စည်းရဲ့ တန်ဖိုးကို အဆုံးအဖြတ်ပေးလာကြတယ်။ တစ်နည်းအားဖြင့်ကတော့ ကုန်ပစ္စည်း အရည်အသွေး ကောင်းခြင်းမကောင်းခြင်းဆိုတာထက် သူပိုင်ဆိုင်တဲ့သင်္ကေတတန်ဖိုး (Symbolic Value) သာ အလေးထားခံရခြင်းပဲ။ လူတစ်ယောက်က အင်္ကျီတစ်ထည်ကို ဝယ်ယူဖို့ကိုင်ကြည့် လိုက်တဲ့အခါ အနွေးဓါတ်ပေးနိုင်သလား၊ အရည်အသွေး ကောင်းသလား ဆိုတာထက် အာမားနီး တံဆိပ်လား၊ ဖရက်ဒ်ပယ်ရီလား ဆိုတာကိုပဲ အဓိကအာရုံစိုက်တော့တယ်။ ဒါကြောင့် ဘိုဒရီယာ က ရုပ်ဝတ္ထုအရှိတရားတွေ တစစပျောက်ကွယ်လာပြီး သူ့ရဲ့နေရာမှာ သင်္ကေတစနစ် တွေက အစားထိုး နေရာယူလာကြတယ်လို့ ဆိုခြင်းပဲ။ အင်္ကျီနှစ်ထည်တို့ဟာ ကုန်ပစ္စည်းဆိုင်ရာ အရည်အသွေးချင်း ကွာချင်မှ ကွာလိမ့်မယ်၊ သို့သော် လူတွေအတွက်က ဒါဟာ အရေးမပါ သလောက်နီးနီး ဖြစ်သွားပြီ။ ဘယ်အင်္ကျီအမှတ်တံဆိပ်မှာ သင်္ကေတတန်ဖိုးပါနေသလဲ၊ အဲဒီ သင်္ကေတတန်ဖိုးကရော ဝတ်ဆင်သူအပေါ်မှာ ဘယ်လိုပုံရိပ်ထင်စေသလဲ စတာကိုပဲ အဓိက ကြည့်တော့တယ်။ မျက်မှောက်ခေတ်အရင်းရှင်စနစ်မှာက လူသားဟာ သူဝယ်ယူ အသုံးပြုတဲ့ ကုန်ပစ္စည်းရဲ့ သင်္ကေတတန်ဖိုးကို လိုက်ပြီး သူ့ရဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာကို တည်ဆောက် တယ်။ ဒါကြောင့် ကုန်ပစ္စည်းတစ်ခုရဲ့ အစစ်အမှန်တရား (Reality) ဟာ ရုပ်ဝတ္ထုပေါ်မှာ ထပ်ဟပ်နေတာ မဟုတ်ဘဲ သူထုတ်လုပ်လိုက်တဲ့ သင်္ကေတတန်ဖိုး အပေါ်မှာပဲ မှီတည်တဲ့ အဖြစ်ကို ရောက်သွားတယ်လို့ ဆိုခြင်းပဲ။

ဘိုဒရီယာရဲ့ ပို့စ်မာ့က်စ်ဝါဒအမြင်အရ ကွန်တမ်ပိုရာရီအရင်းရှင်စနစ် ဖြစ်တလဲ စက်မှု ခေတ်နှောင်း အခြေအနေဟာ မာ့က်စ် လက်လှမ်းမီကိုင်တွယ်ခဲ့တဲ့ အရင်းရှင်စနစ်မျိုးထက် ပိုမိုရှုပ်ထွေးတယ်၊ ပိုမိုထိန်းချုပ်ရခက်တယ်၊ ပိုမိုအစီအစဉ်ပြန့်ကျဲမှု ဆောင်တယ်။ သာဓကအနေနဲ့ ပြောရရင် အစဉ်အလာမာ့က်စ်ဝါဒရဲ့ ဘောဂဗေဒအမြင်လို မျိုး ကုန်ပစ္စည်းတစ်ခုရဲ့ တန်ဖိုးဆိုတာ အဆိုပါ ကုန်ပစ္စည်းထုတ်လုပ်ရေးအတွက် ထည့်ဝင်ရတဲ့ လုပ်အားပေါ်မူတည်ပြီး ဆုံးဖြတ်ပေးနိုင်တယ်လို့ ယတိပြတ် တွက်ဆလို့ မရတော့ဘူး။ ကွန်တမ်ပိုရာရီလူမှုဘဝမှာက ကုန်ပစ္စည်းတစ်ခုရဲ့ တန်ဖိုးဆိုတာ လုပ်အားသက်သက်အပြင် အဆိုပါပစ္စည်းရဲ့ သင်္ကေတတံဆိပ်အပေါ်မှာပါ အများကြီးမူတည်နေလို့ပဲ။ သင်္ကေတစနစ်တွေက လူမှုဘဝထဲဝင်ရောက်လွှမ်းမိုးလာတာနဲ့အမျှ အမှတ်အသားလက္ခဏာ (Sign) နဲ့ သင်္ကေတ (Symbol) တွေဟာလည်း တစ်စိတ်တစ်ပိုင်းအားဖြင့် မိမိကိုယ်ကို ပိုင်စိုးမှုရလာတယ်။ သက်ရှိအရာ တစ်ခုလိုပဲ သီခြားရပ်တည်မှုရယူရင်းက လူသားတွေရဲ့ ထိန်းချုပ်မှုဆီကပါ တဖြည်းဖြည်းကင်းလွတ်လာတယ်။ ဘိုဒရီယာက ဒါဟာ ပို့စ်မော်ဒန်ခေတ်ရဲ့ စိမ်းခြင်း အကျိုး သက်ရောက်မှုဖြစ်စဉ် (Alienation) လို့

သတ်မှတ်တယ်။ လူသားတွေ ကိုယ်တိုင်ထုတ်လုပ် လိုက်တဲ့ အမှတ်အသားတွေနဲ့ သင်္ကေတတွေဟာ လူသားတွေဆီက သီခြားကင်းလွတ်မှု ရယူပြီး နောက်ဆုံး လူသားတွေအပေါ်မှာပါ ပြန်လည်လွှမ်းမိုးထိန်းချုပ်လာခြင်းပဲ။ သို့သော် သတိပြုဖို့ လိုတဲ့တစ်ချက်က အစဉ်အလာမော့က်စ်ဝါဒမှာနားလည်ထားတဲ့ အေလီယန်နေးရှင်းနဲ့တော့ အဓိပ္ပါယ်ချင်းကွဲပြားတယ်။ မော့က်စ်ဝါဒတုန်းက အရာဝတ္ထုတစ်ခု သို့မဟုတ် အခြေအနေတစ်ခုမှာ အပေါ်ယံဖုံးလွှမ်းထားတဲ့ အိုင်ဒီယိုလိုဂျီဆိုင်ရာကိုယ်စားပြုချက် (Ideological Representation) နဲ့ နောက်ကွယ်က တကယ့်အမှန်တရား (Actual Truth) ရယ်လို့ သီခြားစီခွဲထားတယ်။ ဘိုဒရီယာ တို့လို ပို့မော်ဒန်ဝါဒီတွေ အတွက်ကတော့ ပို့စ်မော်ဒန်ဖြစ်ခြင်း အခြေအနေမှာ ကိုယ်စားပြုချက် ဆိုတာမရှိသလို ဖုံးကွယ်ခံထားရတဲ့အမှန်တရား ဆိုတာလည်း မရှိဘူး။ အရာအားလုံးတို့ဟာ အပွင့်သဘောဆောင်တဲ့ မျက်နှာပြင်တစ်ခုပေါ်မှာပဲ ရှိတယ်။ အဲဒီ မျက်နှာပြင်ကနေ ဘာကိုမှ ကျော်လွန်တူးဆွလို့ မရဘူး။ ဘာကြောင့်လဲဆိုတော့ အပေါ်ယံမျက်နှာပြင်ပေါ်မှာ စီရီထားတဲ့ သင်္ကေတစနစ်တွေရဲ့နောက်မှာ ကွယ်ဝှက်ထားတဲ့ အခြားဘာအဓိပ္ပါယ်မှလည်း မရှိတော့တာ ကြောင့်ပဲ။ ပို့စ်မော်ဒန် အခြေအနေမှာက အပေါ်ယံ မျက်နှာပြင်တွေမှာ လျှပ်တိုက်ပြေးလွှားနေတဲ့ သင်္ကေတစနစ်တွေ၊ အမှတ်အသားစနစ်တွေနောက် တောက်လျှောက် လိုက်ပါပြီး သူတို့ရဲ့ အသွင်ယူအလုပ်လုပ်ပုံတွေ၊ ဆင့်ကဲပြောင်းလဲပုံတွေကို တူးဆွနားလည်ကြည့်တာ မျိုးပဲ လုပ်နိုင်တယ်။ ပို့စ်မော်ဒန်အခြေအနေအတွက် တွေးခေါ်ပုံအသစ်တစ်ရပ် လိုအပ်တယ် ဆိုရင် အဲဒီတွေးခေါ်ပုံအရ လူမှုဘဝကို ခြယ်လှယ်ထားတဲ့ သင်္ကေတစနစ်တွေ နောက်ကွယ်က အစစ်အမှန်တရား ရှာဖွေမှုကို စွန့်လွှတ်လိုက်ဖို့ပဲ။

ဘိုဒရီယာက ဒီအယူအဆတွေကို လူထုမီဒီယာ (Mass Media) အပေါ် လေ့လာခွဲခြမ်းရာမှာ အသုံးပြုခဲ့တယ်။ ယနေ့ လူထုမီဒီယာတွေပေါ်မှာ တစ်ချိန်လုံး လှုပ်ရှားသွားလာနေတဲ့ အမှတ်အသားနဲ့ သင်္ကေတတွေဟာ ပိုမိုပြန့်ကျဲတဲ့ အသွင်ဆောင်လာတယ်၊ ပိုမိုခန့်မှန်းရခက် လာတယ်။ သူတို့ဟာ တစ်ချိန်တည်းမှာ အရှိန်အဟုန်ပြင်းပြင်းနဲ့ တိုးဝင်လာတဲ့ သတင်း အချက် အလက်တွေလိုပဲ။ သင်္ကေတစနစ်တွေအတွင်းမှာကို အဓိပ္ပါယ်ဆိုတာ ပုံသေမဆန်တော့ဘဲ နောက်ထပ် အဓိပ္ပါယ်ပေါင်းများစွာအဖြစ် စဉ်ဆက်မပြတ်ရွေ့လျားမှုနောက်မှာ လိုက်ပါ ပြောင်းလဲနေရတယ်။ မီဒီယာတွေဟာ အတုအယောင်ပုံရိပ်တွေ ထုတ်လုပ်နေတာလို့တော့ မဆိုနိုင်ဘူး၊ ပို့စ်မော်ဒန်ဖြစ်ခြင်းအခြေအနေမှာ အပေါ်ယံပုံရိပ် အတုအယောင်ရယ်လို့မရှိသလို နောက်ကွယ်က ပုံရိပ်အစစ်အမှန် ဆိုတာလည်း မရှိတော့ဘူး။ အရာအားလုံးတို့ဟာ သင်္ကေတစနစ်တွေ အားဖြင့် အဓိပ္ပါယ်ဆင့်ပွားပြောင်းလဲနေခြင်းသာဖြစ်တယ်။ ဒီအယူအဆက အနည်းငယ် ရှုပ်ထွေးကောင်း ရှုပ်ထွေးနိုင်တယ်။ ဘိုဒရီယာဆိုလိုတာက လူသားတွေဟာ

သူတို့လူမှုဘဝရဲ့ အစိတ်အပိုင်းတစ်ရပ်ကို လူထုမီဒီယာတွေမှာ အလုံးအရင်း ရွှေ့လျား ပြန့်ကြဲ နေတဲ့ သင်္ကေတတွေ အမှတ်အသားတွေက တစ်ဆင့် တည်ဆောက်ယူနေခြင်းဖြစ်တယ်။ လူသားတွေအတွက် အစစ်အမှန်တရား (Reality) နဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာ (Identity) ဆိုတာ လူထုမီဒီယာဖြစ်တဲ့ ကြော်ငြာကဏ္ဍတွေ၊ ပေါ်ပြူလာဂီတတွေ၊ ရုပ်သံအစီအစဉ်တွေ ဆီက အနည်းနဲ့အများ ဖြစ်တည်လာတာပဲ။ လူထုမီဒီယာဟာ လူသားတွေအတွက် ကမ္ဘာကို ပိုပိုသေးငယ်သလို ထင်ရအောင် ဆွဲချုံ့ပေးလိုက်နိုင်တယ်။ သို့သော် ‘အစစ်အမှန်တရား’ ဆိုတဲ့ အယူအဆကတော့ ရှေးယခင်ကလို တည်ငြိမ်တဲ့ အဓိပ္ပါယ်တစ်ခုနဲ့ ကန့်သတ်ထားတဲ့အရာ မဟုတ်တော့ဘူး။ လူထုမီဒီယာက အစစ်အမှန်တရားပေါင်းများစွာ တို့ကို ထပ်ကျော့ ကြိမ်ရေနဲ့အတူ တောက်လျှောက် ထုတ်လုပ်ပေးတော့တာပဲ။ နောက်ဆုံးမှာ အစစ်အမှန်တရား ဆိုတဲ့ သဘောကွယ်ပျောက်ပြီး ကိုယ်စားပြုချက် (Representation) ဆိုတာသာလျှင် ကျန်ရစ် တယ်။ ပို့စ်မော်ဒန်အခြေအနေမှာက အမှတ်အသား (Sign) နဲ့ သင်္ကေတ (Symbol) တွေဟာ သူတို့ရည်ညွှန်းတဲ့ အရာဝတ္ထုတွေကို ကိုယ်စားပြု ထင်ဟပ်တာမျိုး မလုပ်တော့ဘူး။ အဲဒီအစား သူတို့ရည်ညွှန်းလိုတဲ့ အရာဝတ္ထုတွေကို ကိုယ်တိုင်ဖန်တီးယူတော့တယ်။ အဲဒီလိုအမှတ်အသားနဲ့ သင်္ကေတတွေကို ‘ဆင်မြူလာခရာ’ (Simulacra) သို့မဟုတ် ‘ပုံတူ’ လို့ ဘိုဒရီယာက ခေါ်ဆိုတယ်။‘တကယ့်အစစ်အမှန်တရား’ နဲ့ `မီဒီယာတွေက ထင်ဟပ်ရည်ညွှန်းတဲ့ အစစ် အမှန်တရား’ တို့အကြားက ဘောင်တံတိုင်းတွေဟာ ပြိုလဲသွားပြီ။ နောက်ထပ် တစ်နည်း ပြောရရင် အစစ်အမှန်တရားဟာ ပုံရိပ် (Image) တွေထဲမှာ ထင်ဟပ်နေတဲ့အရာ မဟုတ်တော့ ဘူး၊ ပုံရိပ်တွေကိုယ်တိုင်က သူတို့ကိုယ်စားပြုမယ့် အစစ်အမှန်တရားကို ပြန်လည် ဖန်တီးနေခြင်းပဲ။ ဒီအခြေအနေကို ‘အစစ်အမှန်လွန်ကဲမှု’ (Hyperreality) လို့ ဘိုဒရီယာက အမည်ပေးတယ်။ အဲဒီ ‘အစစ်အမှန်လွန်ကဲမှု’ နောက်ကွယ်မှာ အခြားဘာအစစ်အမှန်တရားမှ မရှိတော့ဘူးလို့ သတ်မှတ်တယ်။ လူသားတွေ ထိတွေ့နေတဲ့ အစစ်အမှန်တရားဆိုတာက မီဒီယာတွေမှာ ခိုဝင်ကပ်တွယ်နေတဲ့ သင်္ကေတစနစ်တွေဆီက ထုတ်လုပ်ပေးလိုက်တဲ့ အစစ် အမှန်တရားသာလျှင်ဖြစ်တယ်။ ဒါက ဘိုဒရီယာ မြင်တဲ့ ‘အစစ်အမှန်တရားသေဆုံးခြင်း’ (Death of the Real) ဖြစ်စဉ်ပဲ။

‘အစစ်အမှန်လွန်ကဲမှု’ (Hyperreality) ကို နားလည်ဖို့ လက်စ်ဗီးဂတ်စ်နဲ့ ဒစ္စနေးပန်းခြံတို့ကို နမူနာအဖြစ်ယူလို့ရတယ်။ လက်စ်ဗီးဂတ်စ်မှာဆိုရင် လူတစ်ယောက်ဟာ ပါရီ၊ လန်ဒန် စတဲ့ အထင်ကရမြို့ကြီးတွေအတိုင်း ပုံစံတူဆောက်လုပ် ထားတဲ့နေရာတွေကို တစ်မိုင်ပတ်လည် အတွင်း ထိတွေ့ လည်ပတ်လို့ရနေတယ်။ ခဏတွင်းချင်း အီဖယ်မျှော်စင်ရှိရာ အရောက် သွားနိုင်သလို နောက်တစ်ခဏမှာ အီဂျစ်ပြည်ရဲ့ ပိရမစ်တွေကို တွေ့ရပြန်တယ်။

ဒစ္စနေးပန်းခြံမှာဆိုရင်လည်း နန်းတော်အတုတွေ၊ ရဲတိုက်အတုတွေနဲ့တကွ အစစ်လို့ ယုံမှားနိုင်စရာဖန်တီးထားတဲ့ ကာတွန်းဇာတ်ကောင်တွေရဲ့ အံ့ဩဆန်းကြယ်ကမာတွေဟာ `အစစ်အမှန်လွန်ကဲမှု' အခြေအနေကို ဖော်ညွှန်းနေတယ်။ သင်္ကေတတွေ ဖန်တီးပေးလိုက်တဲ့ ဆင်မြူလာခရာ သို့မဟုတ် ပုံတူအခြေအနေမှာ အစစ်အမှန်တရားဟာ လွန်ကဲပိုလျှံကျနေတယ်။ အလွန်အမင်း အစစ်အမှန် ဆန်သယောင်ပြုလုပ်ထားတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အထူး ပြုလုပ်ချက်တွေ၊ အဆောက်အဦး အတုတွေ၊ တိရစ္ဆာန်တွေနဲ့ ကာတွန်းဇာတ်ကောင်တွေဟာ လာရောက်လည်ပတ်သူတွေကို သူတို့ရောက်ရှိနေတာက အစစ်အမှန်နေရာတစ်ခု လို့ မြင်လာစေတယ်။ ဒစ္စနေးပန်းခြံပြင်ပမှာ တကယ်မရှိနိုင်တဲ့ စိတ်ကူးယဉ်ဆန်းကြယ်ကမ္ဘာကို ဖန်တီးပေးထားတာဖြစ်သော်လည်း ပုံစံတူဖန်တီးပြုလုပ်ချက်တွေအရ လူတွေအနေနဲ့ သူတို့ ရောက်ရှိထိတွေ့နေတာ အစစ်အမှန်နေရာတစ်ခုလို့တောင် ထင်ယောင် လာရတယ်။ ဘိုဒရီယာ အတွက်က ဒါ အစစ်အမှန် (Real) မဟုတ်ဘူး၊ အစစ်အမှန်လွန်ကဲမှု (Hyperreal) သာလျှင် ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အစစ်အမှန်တရား ထင်ရတာတွေက မျက်နှာပြင် တစ်ခုပေါ်မှာ စုပြုံတင်ထားတဲ့ သင်္ကေတတွေ အမှတ်အသားတွေသာလျှင်ဖြစ်တယ်။ သူတို့နောက်ကွယ်မှာ အစစ်အမှန်တရား မပါဝင်သလို အခြား အနက်အဓိပ္ပါယ်တွေလည်း မတွေ့ရဘူး။ အထူးပြုလုပ်ချက်နဲ့ ဖန်တီးထားတဲ့ နန်းတော်အတုတစ်ခုရဲ့ နောက်ကွယ်မှာ ဘာအဓိပ္ပါယ်အစစ်မှ မရှိဘူး၊ ကလေးတွေရှေ့မှောက် ကပြဖျော်ဖြေနေတဲ့ ကာတွန်းဇာတ်ရုပ်ရဲ့ နောက်ကွယ်မှာ ဘာအဓိပ္ပါယ်အစစ်မှမရှိဘူး။ ဒါတွေဟာ အစစ်အမှန်မဟုတ်သော်လည်း အစစ်အမှန်လို့ ထင်နေရတဲ့ အရာတွေသာဖြစ်တယ်။ ဘိုဒရီယာက ဒစ္စနေးပန်းခြံရဲ့ ‘အစစ်အမှန်လွန်ကဲမှု' ကို သာဓက အဖြစ်ယူပြီး ပို့စ်မော်ဒန်အခြေအနေကို ရှင်းလင်းပြတယ်။ ပို့စ်မော်ဒန်ဖြစ်ခြင်း အခြေအနေဆိုတာက ဒစ္စနေးပန်းခြံလိုပဲ မျက်နှာပြင်တစ်ခုမှာ ပေါ်ပေါ်ထင်ထင်စီရီထားတဲ့ သင်္ကေတစနစ်တွေလည်ပတ်အလုပ်လုပ်ပုံနဲ့ များစွာမခြားလှဘူး။ ပို့စ်မော်ဒန်ခေတ်ရဲ့ 'အစစ်အမှန်လွန်ကဲမှု'အခြေအနေအောက်မှာက အဓိပ္ပါယ်တွေဟာ အနက်ကွယ်ဝှက်မှုတွေ မလုပ်တော့ဘူး။ ပုံရိပ်တွေ၊ သတင်းအချက်အလက်တွေ အားလုံးတို့ဟာ အလွန်အမင်းအပေါ်ယံ ဆန်လာကြတယ်။ တစ်ချိန်တည်းမှာ ပြောင်တင်းထင်ပေါ်လာတဲ့ 'အစစ်အမှန်လွန်ကဲမှု'ကြောင့်ပဲ ပိုမိုဝေခွဲရခက်တဲ့အနေအထားမျိုး ကြုံလာရတယ်။ မီဒီယာတွေမှာ တောက်လျှောက် ထုတ်လုပ် နေတဲ့ သတင်းအချက်အလက်တွေ အလွန်အမင်းများပြားလာတာနဲ့အမျှ ဘယ်အရာကို လက်ခံ ယုံကြည်ရမလဲဆိုတဲ့ မရေရာအကြပ်အတည်းဆိုက်မှုပါ တစ်ဆက်တည်း တွဲကပ် ပါလာတယ်။ လူထုမီဒီယာတွေကတစ်ဆင့် ၂၄ နာရီ ၇ ရက်ပတ်လုံး စဉ်ဆက်မပြတ် ပေါ်ထွက်နေတဲ့ သတင်းအချက်အလက်တွေကြားမှာ

အစစ်အမှန်တရား ဆိုတဲ့သဘောလည်း တဖြည်းဖြည်း ကွယ်မြုပ်လာတော့တယ်။ ကြော်ငြာတွေ၊ စာတမ်းစာစောင်တွေ၊ ရုပ်သံဇာတ်လမ်းတွေ၊ သတင်းချန်နယ်တွေဆီက စုပြုံကျလာတဲ့ အဓိပ္ပါယ်တွေဟာ ကွယ်ဝှက်စရာ မရှိတော့ဘဲ ပိုမိုထင်ရှားပေါ်လွင်လာတာနဲ့အမျှ တစ်ပြိုက်နက်မှာပဲ အဓိပ္ပါယ်တွေဟာ များစွာရေရာမှုမရှိ ကြတော့ဘူး။ အလိုရှိသလောက် အချိန်မရွေးဒေသမရွေး ထုတ်ယူနေနိုင်တဲ့ သတင်း အချက်အလက်တွေ အကြားမှာ ဘယ်အရာမှတိတိကျကျ အဓိပ္ပါယ်မရှိတော့သလို ဖြစ်လာ ရတယ်။ ပို့စ်မော်ဒန်အခြေအနေမှာ “အာရုံခံစားသိမှုမှန်သမျှ ပျောက်ကွယ်သွားပြီ" (All sense is lost) လို့ ဘိုဒရီယာက ရေးခဲ့တယ်။ 'အစစ်အမှန်လွန်ကဲမှု' အနေအထားကြောင့် လူထုဟာလည်း သူတို့နေ့စဉ်ဘဝထဲက အဓိပ္ပါယ်တွေ၊ သတင်းအချက်အလက်တွေကို ယုံကြည်မှု စိတ်ဝင်စားမှု လျော့ကျလာတယ်။ လူထုဟာ အပြုခံနေရာ (Passive) မဟုတ်တော့ဘူး။ မီဒီယာတွေ ဆီက ပြန့်ကျဲလာတဲ့ သတင်းအချက်အလက်တွေဟာ -

'သူတို့ကို တိုးဝင်ဖြတ်သွားတယ်၊ ဒါပေမယ့် ဘယ်လိုခြေရာ အကြွင်းအကျန်မှမထားခဲ့ဘဲ သူတို့အထဲမှာ ပျံ့နှံ့ ပျောက်ကွယ်သွားတော့တယ်" (Baudrillard, 1983a: 2)

သူတို့ဟာ သတင်းအချက်အလက်တွေ၊ အဓိပ္ပါယ် တည်ဆောက်မှုတွေ၊ အစစ်အမှန်တရား ဆိုတဲ့ အိုင်ဒီယာတွေကနေ ဖျားယောင်းခံရတာမျိုး မရှိတော့ဘူး။ ဘာကြောင့်လဲဆိုရင် ပို့စ်မော်ဒန်ခေတ် ရဲ့ 'အစစ်အမှန်လွန်ကဲမှု’ကမ္ဘာမှာက အဓိပ္ပါယ်တွေအားလုံးကို အပေါ်ယံမျက်နှာပြင် တစ်ခုမှာ စုပြုံပြသထားတာ ဖြစ်ပြီး အဲဒီကလွဲလို့ ဖျားယောင်းစရာ ဘယ်လို အစစ်အမှန်တရားမှ မကျန် ရှိတော့တာ ကြောင့်ပဲ။

"စစ်ဟာ တကယ်ဖြစ်ခဲ့သလား"

"The Gulf War did not take place" Jean Baudrillard

၁၉၉၀ ဩဂုတ်လ ၂ ရက်နေ့ကစတင်တဲ့ အီရတ်စစ်တပ်တွေရဲ့ ကူဝိတ်နိုင်ငံအတွင်း ဝင်ရောက် ကျူးကျော်မှုဟာ ပထမအကြိမ်အီရတ်စစ်ပွဲ (First Iraq War) လို့အသိများတဲ့ ပင်လယ်ကွေ့ စစ်ပွဲမီးစကို စတင်တောက်လောင်စေခဲ့တဲ့ ဖြစ်ရပ်ပဲ။ အီရတ်ရဲ့ ကျူးကျော်မှုဟာ ကမ္ဘာတစ်ဝှမ်းလုံးက ကန့်ကွက်ရှုတ်ချမှုတွေကြုံရတယ်။ ဒါ့အပြင် အီရတ်-ကူဝိတ် နှစ်နိုင်ငံ သာမက အခြားကမ္ဘာ့နိုင်ငံတွေပါဝင်တဲ့ စစ်ပွဲအကြီးစားတစ်ခု ဖြစ်လာလိမ့်မယ်ဆိုတဲ့ ဟောကိန်း တွေလည်း အများအပြားပဲ။ အထူးသဖြင့် ကူဝိတ်ကျူးကျော်မှုအပေါ် အမေရိကန်နိုင်ငံအနေနဲ့ မလွဲမသွေစွက်ဖက်တုံ့ပြန်လိမ့်မယ် ဆိုတာ တစ်ကမ္ဘာလုံးကမီဒီယာတွေ ကြိုတင် ခန့်မှန်းခဲ့ပြီး သား။ စစ်ဖြစ်မှာလား စစ်မဖြစ်ဘူးလား တွက်ဆနေဖို့ မလိုတော့ဘဲ အမေရိကန်ပြည်ထောင်စုရဲ့ ၄၁ ယောက်မြောက်သမ္မတ ဂျော့ချ် အိတ် ဒဗလျူ ဘုရှ် (George H.W. Bush) ဟာ အီရတ်ကိုစတင်တိုက်ခိုက်ဖို့ ဘယ်နေ့မှာ မီးစိမ်းပြမလဲဆိုတာကိုပဲ စောင့်မျှော်နေရတဲ့ အခြေအနေ ဖြစ်တယ်။ အဲဒီလိုမျိုး စစ်မီးဟာ အနေးနဲ့အမြန် တောက်လောင်တော့မယ်လို့ ယုံကြည်နေကြ တုန်းမှာပဲ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ထုတ် ပြင်သစ်သတင်းစာ Liberation မှာ ဘိုဒရီယာက "ပင်လယ်ကွေ့စစ်ပွဲ တကယ်ဖြစ်လိမ့်မှာမဟုတ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါး တစ်ပုဒ် ရေးခဲ့တယ်။ ဘိုဒရီယာရဲ့ ဆောင်းပါးထွက်ရှိပြီး များမကြာမီ ဇန်နဝါရီလ ၁၆ ရက် နေ့မှာပဲ အမေရိကန်လေကြောင်းတပ်တွေက အီရတ်ကို ဝင်ရောက်တိုက်ခိုက်တယ်။ အံ့အားသင့် စရာကောင်းတာက ဘိုဒရီယာအနေနဲ့ သူ့ရဲ့ အစောပိုင်းအဆိုပြုချက်ကို ပြန်လည် ရုတ်သိမ်း တာမျိုး မလုပ်ဘူး။ မလုပ်တဲ့အပြင် မတ်လ ၂၉ ရက်နေ့ထုတ် Liberation သတင်းစာမှာပဲ "ပင်လယ်ကွေ့စစ်ပွဲဟာ တကယ်မဖြစ်ခဲ့ဘူး" (The Gulf War did not take place) ဆိုတဲ့ နောက်ထပ် ဆောင်းပါးတစ်ပုဒ် ထပ်မံရေးသားခဲ့တယ်။

ဘိုဒရီယာရဲ့ ဆောင်းပါးနှစ်ပုဒ်ဟာ နိုင်ငံရေး၊ လူမှုဗေဒနဲ့ အခြား အကယ်ဒမစ်နယ်ပယ်တွေ အားလုံးမှာ အကြီးအကျယ် ဂယက်ရိုက်တော့တာပဲ။ ဘိုဒရီယာရဲ့ ပို့စ်မော်ဒန်အမြင်တွေဟာ ပြင်းပြင်းထန်ထန်ဝေဖန်ခံရတယ်၊ အထူးသဖြင့်လည်း ပင်လယ်ကွေ့စစ်ပွဲဆိုတာ အမေရိကန်နိုင်ငံ ရဲ့ သမိုင်းမှာ အမြောက်များဆုံးသော စစ်လက်နက်ပစ္စည်းတွေအသုံးပြုခဲ့တဲ့ စစ်ပွဲလို့တောင် အဆိုရှိကြတယ်။ ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျသလို လူ့အသက်ပေါင်းများစွာလည်းပဲ ဆုံးရှုံးခဲ့ရတယ်။ အဲဒီလိုအနေအထားမှာ

"ပင်လယ်ကွေ့စစ်ပွဲတကယ်မဖြစ်ခဲ့ဘူး" ဆိုတဲ့ ဘိုဒရီယာ ရဲ့ စကားဟာ အလွန် မဆီမလျော်နိုင်သလောက် အလွန်အံ့ဩစရာကောင်းတဲ့ မှတ်ချက်မျိုး ဖြစ်နေတယ်။ စစ်ပွဲအတွင်း ကိုယ်တိုင်ပါဝင်ခဲ့ရသူတွေရဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို မထေမဲ့မြင်ပြယ်ချဖို့ကြိုးစားတာလား ဆိုတဲ့ မေးခွန်းပေါင်းများစွာပေါ်ခဲ့တယ်။ ဝေဖန်သူအများစုနားမလည် နိုင်ခဲ့တာက ဘိုဒရီယာရဲ့ "စစ်ဟာတကယ်မဖြစ်ခဲ့ဘူး" ဆိုတဲ့ ကောက်ချက်ပြုပုံဟာ ဘယ်လို အနက် အဓိပ္ပါယ်ဆီရည်ညွှန်းမှုပေးသလဲ ဆိုတဲ့အချက်ပဲ။

ဘိုဒရီယာရဲ့ မှတ်ချက်ပြုပုံကိုနားလည်ဖို့ဆိုရင် သူ့ရဲ့ ပို့စ်မော်ဒန်ဝါဒဆိုင်ရာ တွေးခေါ်ပုံ လမ်းကြောင်းကို ဦးစွာတီးခေါက်ဖို့ လိုမယ်။ ပထမဦးစွာအနေနဲ့ "စစ်ဟာတကယ်မဖြစ်ခဲ့ဘူး" ဆိုတဲ့စကားကိုယ်တိုင်က တုံ့ပြန်လာမယ့်မေးခွန်းတွေကို အပွင့်သဘော ပြန်လည် ထောက်ကန် ထားတဲ့ တန်ပြန်မေးခွန်းတစ်ခုပဲ။ တကယ်မဖြစ်ခဲ့ဘူးလို့ ဆိုထားတဲ့အတွက် ဒီနေရာမှာ သုံးသပ်ကြည့်ဖို့လိုလာတာက ဖြစ်ရပ် (Event) တစ်ခု တကယ်ဖြစ်ခြင်းမဖြစ်ခြင်းဆိုတာ ဘယ်လို အကြောင်းတရားကအဆုံးအဖြတ်ပေးသလဲ၊ အဲဒီလိုအဆုံးအဖြတ်ပေးမှုအပေါ်မှာရော လူတွေ ဘယ်လိုနားလည်ထားသလဲဆိုတဲ့ သိမှုဆိုင်ရာယူဆချက်ပဲ။ ဘိုဒရီယာ မေးခွန်းထုတ်ဖို့ ကြိုးစားတာက တီဗီဖန်သားပြင်ပေါ်က ရုပ်မြင်သံကြားစစ်ပွဲ (Televisual Wars) တွေဟာ ကမ္ဘာလောကအတွင်းက တကယ့်စစ်ပွဲတွေရဲ့ အစစ်အမှန်တရားကို ဘယ်လိုတုပပြီး အစစ်အမှန် လွန်ကဲမှု (Hyperrealization) ဖြစ်ပေါ်စေသလဲဆိုတာပါ။ နောက်ဆုံးပေါ်နည်းပညာ အကူအညီ တွေ ရယူထားတဲ့ မီဒီယာကမ္ဘာမှာက စစ်ပွဲ(ဖြစ်ရပ်) ဟာ မီဒီယာပုံရိပ်တွေအသွင် တမုဟုတ်ချင်း ပြောင်းလဲခံ နေရပြီး သူတို့အလိုရှိအပ်တဲ့ အစစ်အမှန်လွန်ကဲမှုပုံရိပ်တွေအဖြစ် ဖော်ပြခံရတယ်။ ဒါကြောင့် တီဗီဖန်သားပြင်ပေါ်က စစ်ပွဲဟာ လက်တွေ့ကမ္ဘာထဲမှာ ဖြစ်ပွားနေတဲ့ ပင်လယ်ကွေ့စစ်ပွဲထက်တောင်မှ ပိုလို့စစ်မှန်နေသယောင်ရှိတယ်။ နောက်တစ်ခုအလေးအနက် စဉ်းစားဖို့ လိုတာက စစ်မက်ဝါဒ (Militarism) ရဲ့ နောက်ကွယ်ကသဘာဝပဲ။ ဘိုဒရီယာရဲ့ အမြင်မှာ ပင်လယ်ကွေ့စစ်ပွဲဟာ မဖြစ်ပွားခဲ့တဲ့ဖြစ်ရပ် (Non-event) တစ်ခုနဲ့ မခြားဘူး၊ ဆိုလိုတဲ့သဘာ ကတော့ စစ်ပွဲအတွင်းက စစ်ဆင်နွှဲမှုတွေဟာ ကြိုတင်ရေးဆွဲထားပြီးသားအစီအစဉ်အတိုင်း အတိအကျလုပ်ဆောင်သွားတာ၊ အမေရိကန်စစ်တပ်ကြီးကြပ်ကွပ်ကဲမှုအောက် အလိုက်သင့် ဇာတ်ညွှန်းရေးထားပြီးသား ပရိုဂရမ်တစ်ခုလို အဆင့်ဆင့် လုပ်ဆောင်သွားတဲ့သဘောပဲ။ အမေရိကန်ရဲ့ စစ်ရေးအပြင်အဆင်မှာက ရန်သူဟာ ကွန်ပြူတာပုံရိပ်ဆန်ဆန် ပစ်မှတ်တွေ အဆင့်မှာပဲရှိတယ်၊ ဘယ်လိုစစ်လက်နက် အသုံးပြုချေမှုန်းမလဲဆိုတဲ့ အပြင်အဆင်ထဲမှာ အမေရိကန်ရဲ့ လက်နက်အင်အားအရသာလွန်မှု ပေါ်လွင်နေပြီးဖြစ်သလို တစ်ချိန်တည်းမှာ

ကွန်ပြူတာပုံရိပ်အသွင်အမှတ်အသားအပြခံထားရတဲ့ရန်သူပစ်မှတ်တွေဟာလည်း မတိုက်ခိုက်မီ ကတည်းက သေဆုံးပြီးလို့ ယူဆခံထားရတဲ့အသွင်ရှိတယ်။ ဒါကြောင့်လည်း ပင်လယ်ကွေ့ စစ်ပွဲမှာဖြစ်ပျက်ခဲ့တဲ့အရာတွေက စစ်ပွဲဆိုတာထက် ကြိုတင်တွက်ကိန်းထုတ်၊ ကြိုတင် ဂရိုဂရမ်ရေးပြီး ကြိုတင်ရလဒ်သိရှိနေပြီးသား စစ်ပွဲအသွင်ဆောင်ကိုယ်စားပြုချက် (Simulation of War) တစ်ခုနဲ့သာ ပိုအလားသဏ္ဍာန်တူတယ်လို့ ဘိုဒရီယာကဆိုခဲ့ခြင်းပဲ။ ကပွဲရုံတစ်ခုထဲက ပြဇာတ်လိုမျိုး လုပ်ဆောင်သွားသမျှအတွက် ကြိုတင်ရေးဆွဲထားတဲ့ ဇာတ်ညွှန်းတစ်ခု ရှိနေနှင့်ပြီးဖြစ်တယ်။ ဒီလိုမျိုး အသင့်ပြင်ဆင်ပြီးသားစစ်မက် အစီအစဉ်တွေ မီဒီယာတွေပေါ် ရောက်ရှိလာချိန်မှာ ရုပ်သံဖြစ်ရပ်တစ်ခုအနေနဲ့ တဖန်ဖော်ပြခံရတယ်။ အဆုံးမသတ်နိုင်တဲ့ တိုက်ရိုက်ထုတ်လွှင့်ချက်တွေ၊ မေးဖြေခန်းတွေ၊ အငြင်းအခုံဆွေးနွေးမှုတွေ အကြားမှာ နောက်ဆုံးပေါ်နည်းပညာတွေ အသုံးပြုပြီး စစ်ပွဲကို မီဒီယာတွေပေါ်မှာ အချိန်နဲ့တပြေးညီ ကိုယ်စားပြုတင်ဆက်ဖို့ ကြိုးစားကြပြန်တယ်။ သို့သော် ဘိုဒရီယာအတွက်ကတော့ စစ်ပွဲကို ဒီလိုမျိုးအချိန်နဲ့ တပြေးညီကိုယ်စားပြုဖို့ကြိုးစားခြင်းဟာ ဆန့်ကျင်ဘက်ရလဒ်ကိုပဲ ယူလာ ပေးတယ်လို့မြင်တာ။ စစ်ဟာ မီဒီယာတွေဖော်ပြနေသလို အချိန်နဲ့တပြေးညီဖြစ်ပွား နေတဲ့အနေအထား မဟုတ်တော့ဘူး၊ မီဒီယာတွေကတစ်ဆင့် ထိတွေ့နေရတာက စစ်ပွဲ မဟုတ်တော့တဲ့ သင်္ကေတနဲ့သတင်းအချက်အလက် အစုအပုံကြီးသာဖြစ်သွားတယ်။ရုပ်သံ မီဒီယာ တွေမှာ ပုံဖော်ခံရတဲ့စစ်ပွဲက `တကယ်ဖြစ်ရပ်� တစ်ခုဆိုတာထက် ရုပ်ရှင်ဇာတ်ကားတစ်ခု သို့မဟုတ် ဗီဒီယိုဂိမ်းတစ်ခုရဲ့သရုပ်ကို ဆောင်နေတယ်။တကယ့် စစ်ပွဲဆိုတဲ့ ဖြစ်ရပ်ကို ပုံဖော်ဖို့ အသုံးပြုထားတဲ့ အမှတ်အသားနဲ့ သင်္ကေတတွေဟာ `ဆင်မြူလာခရာ� သို့မဟုတ် ပုံတူပုံရိပ်တွေချည်းပဲ။ သူတို့ဟာ ပြင်ပရဲ့ စစ်ပွဲဖြစ်ရပ် ဆီက အစစ်အမှန်တရားကို ကိုယ်စားပြုထင်ဟပ်နေတာ မဟုတ်တော့ဘူး၊ သူတို့ကိုယ်တိုင်က သူတို့အလိုရှိတဲ့ အစစ်အမှန်တရား တစ်ခုတည်ဆောက်ယူပြီး စစ်ပွဲဖြစ်ရပ်လို့ ပြန်လည် ပုံဖော်နေတာပဲဖြစ်တယ်။ ဒီယူဆချက်က နောက်ဆုံးမှာ "ပင်လယ်ကွေ့စစ်ပွဲ တကယ်မဖြစ်ခဲ့ဘူး" ဆိုတဲ့ ဘိုဒရီယာရဲ့ အငြင်းပွားဖွယ်မှတ်ချက်ဆီ ဦးတည်သွားတော့တယ်။

ဘိုဒရီယာရဲ့ စကားဟာ စစ်ပွဲအတွင်းမှာ ပါဝင်ခဲ့ရတဲ့ လူသားတွေရဲ့ ထိခိုက်ပျက်စီးမှုတွေကို လျစ်လျူရှုခြင်းလို့တော့ ယူဆလို့မရဘူး။ ဒီစကားရဲ့ အဓိပ္ပါယ်ဟာ သေကြေပျက်စီးမှုနဲ့ ထိခိုက်ဒဏ်ရာရမှုတွေ မရှိခဲ့ပါဘူးလို့ ငြင်းဆန်ချက်လည်းပဲ မဟုတ်ဘူး။ ဒါနဲ့ဆန့်ကျင်စွာပဲ ဘိုဒရီယာပြောခဲ့သလို "စစ်ဟာတကယ်မဖြစ်ခဲ့ဘူး" ဆိုတဲ့စကားသာမှန်ခဲ့ရင် စစ်ရဲ့ ကြောက်မက် ဖွယ်ဆိုးကျိုးတွေဟာ မူလကထင်ထားခဲ့တာထက်တောင် ပိုမိုပမာဏ ကြီးမားနေတယ် ဆိုတဲ့အဓိပ္ပါယ် သက်ရောက်သွားတယ်။ ဘာကြောင့်လဲဆိုတော့

“စစ်ဟာ တကယ်မဖြစ်ခဲ့ဘူး” ဆိုတဲ့အနက်အဓိပ္ပါယ်နောက်မှာက စစ်ဆိုတာ အချိန်နဲ့တပြေးညီအလိုက် ဖြစ်ပွားချက် မျိုး မဟုတ်ဘဲ တကယ်ဖြစ်ပွားစရာမလိုတဲ့ဖြစ်ရပ် (Non-event) အသွင် ကြိုတင်ပြင်ဆင်၊ ကြိုတင်ပရိုဂရမ်ရေးဆွဲပြီး ကြိုတင်ရလဒ်သိနေတဲ့ စစ်ပွဲပုံစံတူဖြစ်ရပ် (Simulation) တစ်ခု အနေနဲ့လည်း ပေါ်ပေါက်နိုင်ကြောင်း ထင်ရှားလို့ပဲ။

ပို့စ်မာ့က်စ်ဝါဒလမ်းကြောင်းနှင့် ပို့စ်မော်ဒန်ဖြစ်စဉ်

ပို့စ်မော်ဒန်ဖြစ်စဉ်ဟာ နှောင်းပိုင်းခေတ်မာ့က်စ်ဝါဒ သို့မဟုတ် ပို့စ်မာ့က်စ်ဝါဒ (Post-Marxism) လမ်းကြောင်းနဲ့လည်း တစ်နည်းတစ်ဖုံ ဆက်သွယ်ချက်ရှိနေတယ်။ အချို့ကဆိုရင်ဖြင့် ပို့စ်မော်ဒန်ဟာ ပို့စ်မာ့က်စ်ဝါဒဆိုင်ရာ တွေးခေါ်ပုံတွေထဲက တစ်ခုသော အစိတ်အပိုင်းလို့ တောင်မြင်ကြတာ။ ဒီအချက်ကိုလက်မခံနိုင်တဲ့ အချို့ကလည်း မာ့က်စ်ဝါဒနဲ့ ပို့စ်မော်ဒန်ဝါဒ တို့ဟာ ဒဿနအမြင်အရရော ရပ်တည်ချက် အရပါ ပြဒါးတစ်လမ်း သံတစ်လမ်းလို့ ငြင်းကောင်းငြင်းကြ လိမ့်မယ်။ သို့ပေမယ့် တစ်ဖက်က ပြန်လှည့်တွေးမယ်ဆိုရင် ၂၀ ရာစု ပို့စ်မာ့က်စ်ဝါဒတွေးခေါ်ပုံ လမ်းကြောင်းတွေထဲကဖြစ်တည်လာတဲ့ အပြောင်းအလဲသစ်တွေဟာ ပို့စ်မော်ဒန်ဝါဒနဲ့ ဆက်နွယ်မှုရှိနေတယ်။ ၁၉၆၀ တဝိုက်က ပြင်သစ်နိုင်ငံဟာ သမ္မတချားလ်စ်ဒီဂေါလ် ဦးဆောင်တဲ့ ကွန်ဆာဗေးတစ်အင်အားစုတွေကတစ်ဖက် ကွန်မြူနစ် လွှမ်းမိုး တဲ့အလုပ်သမားသမဂ္ဂတွေနဲ့ ကျောင်းသားလှုပ်ရှားမှုတွေကတစ်ဖက် ကွဲပြားနေခဲ့တယ်။ ၁၉၆၈ ခုနှစ် မေလမှာတော့ နှစ်ပေါင်းများစွာ မျိုသိပ်လာခဲ့ကြတဲ့ နိုင်ငံရေးတင်းအားတွေ ပေါက်ကွဲထွက်ပြီး တော်လှန်ရေးလှိုင်းလုံး အဖြစ် ကူးပြောင်းသွားတယ်။ လူထုဆန္ဒပြပွဲတွေ၊ အုံကြွမှုတွေပေါ်ပေါက်ပြီး နောက်ဆုံးမှာ အစိုးရရဲတပ်ဖွဲ့ဝင်တွေနဲ့ အလုပ်သမား၊ ကျောင်းသား တွေအကြားက အကြီးအကျယ်ပဋိပက္ခဖြစ်မှုဆီပါ ဦးတည်သွားတယ်။ ၁၉၆၈ ခုနှစ်ရဲ့ မေလ တော်လှန်ရေးဖြစ်ရပ်တွေဟာ ပြင်သစ်တစ်နိုင်ငံလုံးအတွက် မီးရှူးတန်ဆောင်ပဲ၊ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို အခြေပြုရင်း ပိုမိုလွတ်လပ်ပြီး ပိုမိုဒီမိုကရေစီနည်းလမ်း ကျတဲ့ ပြင်သစ်နိုင်ငံကို ဆောင်ယူလာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေလည်း အပြည့်ပဲ။ လူထုတော်လှန်ရေး မလွဲမသွေ ပေါ်ပေါက်ရမယ်ဆိုတဲ့ မာ့က်စ်ရဲ့ ဟောကိန်းအတိုင်း အပ်ချမတ်ချဖြစ်လာခဲ့ပြီလို့ ထင်ရတယ်။ မာ့က်စ်ရဲ့ အဆိုအမိန့်တွေ သီအိုရီတွေကိုလည်း ကျယ်ကျယ်လောင်လောင် ကြွေးကြော် လာကြတယ်။ သို့ပေမယ့် အစောပိုင်းတော်လှန်ရေးကာလတွေမှာ အသာစီးရယူထားနိုင်ခဲ့တဲ့ အစိုးရ ဆန့်ကျင်ရေးအင်အားစုတွေဟာ နောက်ပိုင်းမှာ သူတို့အချင်းချင်းအကြား သဘောထားအကွဲအလွဲတွေဖြစ်လာတယ်။ အစိုးရတစ်ရပ်လုံးကိုဖြုတ်ချပြီး ရက်ဒီကယ်ကျကျ အပြောင်းအလဲဖော်နိုင်တော့မယောင်အခြေအနေဟာ ရုတ်ချည်း ကွယ်ပျောက်သွားပြီး အစိုးရရဲ့ တန်ပြန် ထိန်းချုပ်မှုအောက်ကို ကျရောက်သွားရတယ်။ နောက်ဆုံးရလဒ် ကတော့ ချားလ်စ်ဒီဂေါလ် အစိုးရဟာ နိုင်ငံရေး အလှုပ်အရမ်းတွေကြားက အစိုးရအုပ်ချုပ်ရေး ယန္တရားကြီးကို

ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့တာပဲ။ လူထုတော်လှန်ရေးလည်း အစိတ်စိတ် အမွှာမွှာပြိုကွဲသွားရတယ်။ မေလတော်လှန်ရေးရဲ့ ရှုံးနိမ့်မှုဟာ တော်လှန်ရေးထဲမှာ ကိုယ်တိုင် ကိုယ်ကျထိတွေ့ပါဝင်ခွင့်ရခဲ့တဲ့ ငယ်ရွယ်တဲ့ ပြင်သစ်ပညာတတ်မျိုးဆက် တစ်ခုအပေါ်မှာ အကြီးအကျယ်အကျိုးသက်ရောက်မှုဖြစ်သွားစေတယ်။ ဒါကြောင့် ၁၉၇၀ တဝိုက်မှာပေါ်လာခဲ့တဲ့ ထင်ရှားတဲ့ ပို့စ်မော်ဒန်တွေးခေါ်ပညာရှင်တွေက တော်လှန်ရေးနှောင်းပိုင်းက ငယ်ရွယ်တဲ့ ပြင်သစ်မျိုးဆက်တစ်ခုပဲ။ သူတို့ဟာ ဝေဝေဝါးဝါးနိုင်ငံရေးမုန်တိုင်းထဲမှာ ရပ်ရင်း ရက်ဒီကယ် နိုင်ငံရေး (Radical Politics) လမ်းစဉ်တွေအပေါ် သံသယရှိလာခဲ့ကြတယ်။ သူတို့အတွက်ကျ မာ့က်စ်ဝါဒဟာ သူ့ရဲ့ကတိအတိုင်းအသီးအပွင့်တွေ မဖြစ်ထွန်းခဲ့ဘူး။ တော်လှန်ရေး ပေါ်ပေါက် လာပြီးပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဆီ ပို့ဆောင်ပေးလိမ့်မယ်ဆိုတဲ့ ယုံကြည်ချက် ဟာလည်း ဒဏ္ဍာရီသက်သက်မျှသာဖြစ်သွားတယ်။ ဒါကြောင့်လည်း ပညာတတ် တော်တော် များများက မာ့က်စ်ဝါဒအမြင်ကိုကျော်လွန်ပြီး ပို့စ်မာ့က်စ်ဝါဒတွေးခေါ်ပုံတွေဆီ ခြေဦးလှည့် သွားကြတယ်။ ပို့စ်မာ့က်စ်ဝါဒရဲ့ ထင်ရှားတဲ့လက္ခဏာတစ်ရပ်က အစဉ်အလာလက်ခံလာကြတဲ့ အော်သိုဒေါက်စ်မာ့က်စ်ဝါဒအမြင် အများစုတို့ကို ငြင်းပယ်တာပဲ။ အဓိကအားဖြင့်တော့ မာ့က်စ် ဝါဒကသာ တစ်ခုတည်းသော သိပ္ပံနည်းကျ အမှန်တရားဖြစ်တယ် ဆိုတဲ့ အမြင်ကို ပို့စ်မာ့က်စ်ဝါဒီတွေက လက်မခံကြဘူး။ လူသားဘဝရဲ့ ဓမ္မဓိဋ္ဌာန်ကျအမှန်တရားဆိုတာကို မာ့က်စ်ဝါဒ အမြင်အားဖြင့်သာ နားလည်သိမြင်နိုင်တယ်ဆိုတဲ့ ယူဆပုံမျိုးကိုလည်း သဘော မတူဘူး။ ပို့စ်မာ့က်စ်ဝါဒီတွေက မာ့က်စ်ဝါဒရဲ့ ကြွေးကြော်မှုတွေ၊ သေချာမှု အရှိတရားတွေ အားလုံးနဲ့တကွ အစစ်အမှန်တရား (Reality) ရဲ့ သဘာဝကို ဖွင့်ဆိုချက်ပေးဖို့ကြိုးစားတဲ့ အခြားသောမဟာဇာတ်ပြောများအားလုံးကို ငြင်းဆန်တယ်။ ဒါကြောင့် ပို့စ်မော်ဒန်ဝါဒဟာ ၁၉၆၈ ဖြစ်ရပ်တွေနှောင်းပိုင်းမှာ ပေါ်ထွက်လာတဲ့ ပို့စ်မာ့က်စ်ဝါဒလမ်းကြောင်းနဲ့ တစ်နည်းတစ်ဖုံ ထိစပ်မှုရှိနေတယ်လို့ ပြောရခြင်းပဲ။

အတို့အပြန်အားဖြင့် မာ့က်စ်ဝါဒီတွေကလည်း ပို့စ်မော်ဒန်ဝါဒအပေါ် ပြင်းပြင်းထန်ထန် ဝေဖန် ကြတယ်။ မာ့က်ဝါဒီ အများစုအတွက်က ပို့စ်မော်ဒန်ဝါဒဆိုတာသည် အရင်းရှင် လူ့အဖွဲ့အစည်းနောက်ကွယ်က အစစ်အမှန်တရားတွေကို ဖော်ထုတ်ရေး အတွက် လက်တွေ့ မကျတဲ့ တွေးခေါ်ပုံသက်သက်ပဲ။ မာ့က်စ်ဝါဒအမြင်အရ ကွန်တမ်ပိုရာရီလူ့အဖွဲ့အစည်း တွေအတွင်းမှာ သမိုင်းတစ်လျှောက်တည်ရှိလာတဲ့ လူမှုမညီမျှချက်တွေ၊ အိုင်ဒီယိုလိုဂျီဖိနှိပ် မှုတွေဟာ အသွင်သစ် တစ်မျိုးနဲ့ ဆက်လက်ဖြစ်ပေါ်နေကြသေးတယ်။ အရင်းရှင်စီးပွားရေးစနစ်နဲ့ အရင်းရှင်လူ့အဖွဲ့အစည်းတို့နောက်ကွယ်မှာ ဖုံးဖိကွယ်မြှုပ်ထားတဲ့ လူမှုအစစ်အမှန်တရားတွေကို ဖော်ထုတ်ရေးဆိုတာသည်

မော်ဒန်ဝါဒရဲ့အဓိကဦးတည်ချက်ပဲ။ ဒါကြောင့် အစစ်အမှန်တရား ဆိုတာမရှိဘူးလို့ ငြင်းဆန်တဲ့ပို့စ်မော်ဒန်အမြင်ဆိုတာက လက်တွေ့လည်းမကျ၊ ဝေဖန်ရေး လည်းမဆန်တဲ့ တွေးခေါ်ပုံလမ်းကြောင်းတစ်ခုထက်မပိုဘူး။ ဒေးဗစ်ဟာဗေး (Harvey) တို့လို မော်ကစ်ဝါဒီ လူမှုဗေဒပညာရှင်တွေကျတော့လည်း ပို့စ်မော်ဒန်တွေးခေါ်ပုံကို ယတိပြတ် ရှုတ်ချတာမျိုးမလုပ်ဘဲ ပို့စ်မော်ဒန်ဆိုတာ ကွန်တမ်ပိုရာရီလူမှုဘဝရဲ့ ယဉ်ကျေးမှု မျက်နှာစာ တစ်ခုအဖြစ် အသိအမှတ်ပြုတယ်။ ဟာဗေးက မျက်မှောက်ခေတ်မှာ အရင်းရှင်စီးပွားရေးဟာ အဆင့်တစ်ဆင့်တိုးတက်ပြောင်းလဲသွားပြီဆိုတာ လက်ခံတယ်၊ ဘိုဒရီယာပြောသွားခဲ့သလို ပြောင်းလဲသွားတဲ့ ပို့စ်မော်ဒန်ယဉ်ကျေးမှုအတွင်းမှာ အမှတ်အသားတွေ သင်္ကေတစနစ်တွေ ဟာလည်း အလျင်အမြန် လိုက်လံရွေ့လျား ပြောင်းလဲနေကြတယ်ဆိုတဲ့ အချက်ဟာလည်း မှန်ကန်တယ်လို့မြင်တယ်။ ဟာဗေးယူဆတာက ပို့စ်မော်ဒန်ယဉ်ကျေးမှုဆိုတာသည် ၁၉၇၀ လောက်ကစတင်ပြီး အသွင်ပြောင်းအရင်းရှင်စနစ်ပုံစံသစ်က မွေးထုတ်ပေးလိုက်တဲ့အရာပဲ။ မျက်မှောက်ကာလမှာ ယခင်စက်မှုခေတ်တုန်းကလိုပဲ ကုန်ပစ္စည်းတွေ ဆက်လက် ထုတ်လုပ် နေကြတယ်၊ ဈေးကွက်တွေဟာလည်း ဆက်လက်တည်ရှိနေတယ်။ သို့သော် ယခင် နားလည် ထားတဲ့ မော်ဒန်အရင်းရှင်စနစ်ကို ချဉ်းကပ်ပုံအတိုင်း တသွေမတိမ်းသွားလို့မရတော့ဘူး။ ပြင်လွယ်ပြောင်းလွယ်နိုင်စွမ်း (Flexible) ဆိုတာဟာ စက်မှုခေတ်နှောင်း ကွန်တမ်ပိုရာရီ အရင်းရှင်စနစ်နဲ့ ပို့စ်မော်ဒန်ယဉ်ကျေးမှုကို ရည်ညွှန်းပေးတဲ့ စကားလုံးတစ်ခုဖြစ်လာတော့တယ်။ ဈေးကွက်အသစ်တွေ၊ အခွင့်အလမ်းအသစ်တွေဟာ တစ်ချိန်လုံးပေါ်နေတယ်၊ စက်မှုလုပ်ငန်း တွေနဲ့ ကုမ္ပဏီတွေကလည်း ဒီအခြေအနေတွေကို အလွန်လျင်လျင်မြန်မြန် တုံ့ပြန်နိုင်စွမ်း ရှိလာကြတယ်။ အရင်းရှင်ကုန်ထုတ်လုပ်ငန်းဟာ ပထဝီဝင်အနေအထားအရ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ပိုမိုကျယ်ပြန့်ပြီး ပိုမိုပြင်လွယ်ပြောင်းလဲ ဆန်လာတော့တာပဲ။ နိုင်ငံ တစ်နိုင်ငံမှာအခြေတည်ထားတဲ့ ကုန်ထုတ်လုပ်ငန်းတစ်ခုဟာ အခွန်နဲ့လုပ်အားခ ပိုမိုသက်သာ ချောင်ချိနိုင်တဲ့ အခြားနိုင်ငံတစ်ခုကို အချိန်မရွေး ရွှေ့ပြောင်းသွားလို့ ရနေတယ်။ နည်းပညာခေတ်ရဲ့ အကျိုးကျေးဇူးကို ကောင်းကောင်း ခံစားခွင့်ရထားတဲ့ စက်မှုခေတ်နှောင်း အရင်းရှင် စီးပွားရေးမှာ ပထဝီဝင် အကန့်အသတ်ရယ်လို့ အဟန့်အတား မရှိတော့ဘူး။ ကွန်တမ်ပိုရာရီ အရင်းရှင်စနစ်က တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ပျံ့နှံ့လွှမ်းမိုးနိုင်မှု သဘောဆောင် နေတော့တယ်။

၁၉၉၀ နှစ်များမှာတော့ ပို့စ်မော်ဒန်ဝါဒနဲ့ ပို့စ်မော်ဒန်ဖြစ်စဉ် ဆိုတဲ့ အသုံးအနှုန်းတွေဟာ လူမှုဗေဒ နယ်ပယ်အတွင်းမှာ များစွာရေပန်းစားခြင်း မရှိတော့ဘူး။ အဲဒီအစား ကွန်တမ်ပိုရာရီ လူမှုအခြေအနေတွေကို ရည်ညွှန်းဖို့အတွက် ‘ဂလိုဘယ်လိုက်ဇေးရှင်း’ (Globalization) ဆိုတဲ့ဝေါဟာရ

အသစ်တစ်ရပ် ပေါ်ထွက်လာတယ်။ ပို့စ်မော်ဒန်အလွန် လူမှုအခင်းအကျင်းထဲမှာ ဒီဝေါဟာရအသုံးက ဘယ်လိုစတင် ဖြစ်တည်လာပြီး ဘယ်လိုအဓိပ္ပါယ် ညွှန်းဆိုမှုတွေ ပြုလုပ် သလဲဆိုတာပါ ဆက်လက်လေ့လာကြည့်ဖို့ ဖြစ်လာရတယ်။

ဂလိုဘယ်လိုက်ဇေးရှင်း ပါရာဒိုင်းများ

ဂလိုဘယ်လိုက်ဇေးရှင်းနိဒါန်း

မကြာသေးခင်နှစ်များကစလို့ စာမျက်နှာတွေနဲ့ သတင်းမီဒီယာတွေမှာ ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ဟာ ရှောင်လွှဲဖို့ခက်ခဲတဲ့ ဝေါဟာရတစ်ရပ် ဖြစ်လာခဲ့တယ်။ နယ်ပယ် အသီးသီးတို့မှာ လူအမျိုးမျိုးတို့က ကွဲပြားတဲ့ အဓိပ္ပါယ်တွေနဲ့ ရည်ညွှန်းအသုံးပြုကြတဲ့ ဒီဝေါဟာရ အသုံးတွင်ကျယ်လာမှုမှာ နောက်ကွယ် အကြောင်းရင်းခံ ကြီးကြီးမားမားရှိတယ်။ အလွယ် ပြောရင်တော့ ယနေ့ခေတ် ၂၁ ရာစုကမ္ဘာဟာ ဂလိုဘယ်လိုက်ဇေးရှင်းခေတ် ဆိုတဲ့ သတ်မှတ်ချက် တံဆိပ်တစ်ခုနဲ့ ကပ်နိုပ်ခံထားရလို့ပဲ။ ဒါကြောင့် မျက်မှောက်ခေတ် အခြေအနေတွေကို ရည်ညွှန်းပြောဆိုမှုတွေလုပ်တိုင်း ဂလိုဘယ်လိုက်ဇေးရှင်းဟာ မပါမဖြစ်အသုံးပြုခံရတဲ့ စကားလုံး ဖြစ်လာတော့တယ်။ အခြေခံအဆင့်မှာ ဂလိုဘယ်လိုက်ဇေးရှင်းအတွက် ဖွင့်ဆိုပုံနှစ်ရပ် တွေ့ရတယ်။ တစ်ကမ္ဘာလုံးသဘောသက်ဆိုင်တဲ့ ဂလိုဘယ်အရင်းရှင်စနစ် (Global Capitalism) နဲ့တကွ နိုင်ငံတကာကော်ပိုရေးရှင်းတွေ အကြီးစားစီးပွားရေး ငတဲ့ လုပ်ငန်းတွေကို ထောက်ခံတဲ့ လက်ယာအုပ်စုတွေက ဂလိုဘယ်လိုက်ဇေးရှင်းကို အပေါင်းလက္ခဏာဆောင် ဝေါဟာရအဖြစ် ရည်ညွှန်း အသုံးပြုတယ်။ အရင်းရှင်စနစ် လက်တံတွေဟာ နိုင်ငံတကာ နယ်နိမိတ်တွေ ကျော်ဖြတ်ပြီး ကမ္ဘာလုံးဆိုင်ရာဈေးကွက်ချဲ့ ထွင်မှုအဖြစ် ကြီးထွားလာခြင်း လို့ရှုမြင်တဲ့ လက်ဝဲအုပ်စုတွေနဲ့ ရက်ဒီကယ်သမားတွေ ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းကို ဝေဖန်မှုအသွင် ယူတဲ့ အနုတ်လက္ခဏာရှုထောင့်ကနေ ချဉ်းကပ်တယ်။ ဒါကြောင့် ဂျာနယ်လစ်တွေ၊ နိုင်ငံရေးသမားတွေ၊ လူ့အခွင့်အရေးလှုပ်ရှားသူတွေ၊ စီးပွားရေးပညာရှင်တွေ စသဖြင့် လူမျိုးမျိုးတို့ ကိုင်စွဲနေကြတဲ့ ဒီစကားလုံးအသုံးရဲ့ နောက်ကွယ်မှာက မတူညီတဲ့ လူမှုရေးနိုင်ငံရေး နောက်ခံ (Context) တွေ ရှိနေတာကို သတိပြုမိဖို့လိုတယ်။ ဘာပဲဖြစ်ဖြစ် သေချာပေါက် ပြောနိုင်တာတစ်ခုက ဂလိုဘယ်လိုက်ဇေးရှင်းလို့ ဆိုလိုက်တဲ့အခါ ဒါဟာ ကမ္ဘာနဲ့ချီပြီး ကျယ်ပြန့်လာတဲ့ အရင်းရှင်ဝါဒပုံစံသစ်တစ်မျိုးကို ဆိုလိုခြင်းပဲ။

မူလအားဖြင့်တော ဒီစကားလုံးဟာ ဘောဂဗေဒနဲ့ ပိုမိုနီးစပ်တဲ့အသုံး ဖြစ်ကောင်းဖြစ်မယ်။ သို့သော် ဂလိုဘယ်လိုက်ဇေးရှင် စီးပွားရေးဖြစ်စဉ် သက်သက်အရပဲ ကြည့်စေဦးတော့၊ အရင်းရှင်ဈေးကွက်တွေ ကမ္ဘာတစ်လွှားမှာ ပိုမိုကြီးမား အားကောင်းလာတဲ့အခါ စီးပွားရေးအပြင် အခြားဆက်စပ်ယှက်နွယ်နေတဲ့ နိုင်ငံရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု မျက်နှာစာတွေမှာလည်း အရွေ့အပြောင်းတွေ ဖြစ်ပေါ်လာမှာမုချပဲ။ ဒါကြောင့်

ဂလိုဘယ်လိုက်ဇေးရှင်းပါရာဒိုင်းဟာ လူမှုဖြစ်စဉ်ဆိုင်ရာအပြောင်းအလဲတစ်ရပ်လုံးလို့ ခြုံငုံသတ်မှတ်နိုင်တယ်။ နယူးယော့ခ်တိုင်းမ် င်းမ်စ်ထဲမှာပါတဲ့ သောမတ်စ်ဖရိုင်းဒ်မန်းရဲ့ ဆောင်းပါးတစ်ပုဒ်နဲ့ မော့က်ဝါဒီလူမှုဗေဒသမား အန်တိုနီယိုနက်ဂရီရဲ့ အရေးအသားတစ်ခု ခုကို နှိုင်းယှဉ်ကြည့် လိုက်ရင်ပဲ ဂလိုဘယ်လိုက် ဇေးရှင်းကို ဆန့်ကျင်ဘက်အသွင်ယူတဲ့ရှုထောင့်နှစ်မျိုးတို့က ဘယ်လို ကိုင်တွယ်ကြသလဲ ဆဝါးမိနိုင်တယ်။ ရှုထောင့်တစ်ရပ်ကကြည့်ရင် ဂလိုဘယ်လိုက်ဇေးရှင်းကို လိုလားထောက် ဝက်ခံ သူတွေအတွက်ကတော့ ဂလိုဘယ်အရင်းရှင်စနစ်ဟာ လူ့အဖွဲ့အစည်းအတွက် ကောင်းတဲ့ အကျိုးပြုမှုတွေကို ယူလာပေးတယ်။ ကုန်ထုတ်လုပ်ငန်းနဲ့ စားသုံးသူဝါဒ ပိုမိုကြီးထွားလာတာ နဲ့အမျှ လုပ်ငန်းခွင်လိုအပ်ချက်ကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးပွားလာမယ်၊ လူနေမှုအဆင့်အတန်းတွေ မြင့်တက်လာမယ်လို့ သူတို့က ထောက်ပြကြတယ်။ ဒီအချက်ကို တစ်ဖက်ရှုထောင့်က တုံ့ပြန်ရင်တော့ ဂလိုဘယ်အရင်းရှင်စနစ်ဟာ လူသားတွေကို ပိုမို ခိုင်မာအားကောင်းတဲ့ အရင်းရှင်ဝါဒလက်တံတွေအောက် မလှုပ်သာ အောင် ချုပ်နှောင် လိုက်တာပဲ။ ဂလိုဘယ်အရင်းရှင်ဝါဒကြောင့် ယခင်ထက် အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးပွားလာနိုင်တာမှန်တယ်၊ သို့သော် အရင်းရှင်ဈေးကွက်ကို ချုပ်ကိုင်ထားသူ လက်တစ်ဆုပ်စာ လူတန်းစားနဲ့ လူများစုပြည်သူတွေအကြား ချမ်းသာကြွယ်ဝမှု ကွာဟချက်ဟာ ပိုလို့သာ ကြီးထွားလာမှာပဲ။ နောက်တစ်ချက်က အကျိုးအမြတ်ရယူနိုင်မှုတစ်ခုကိုပဲ အာရုံစိုက်ထားတဲ့ အရင်းရှင်ဝါဒဟာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာပေါင်းများစွာကိုလည်း ကမ္ဘာတစ်လွှားမှာ ဖန်တီးပေးနေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ ဝေါဟာရရဲ့ ရေပန်းစားမှုကတော့ ဆက်လက် မြင့်တက် နေဆဲရှိတယ်။ ယနေ့ပညာရပ်နယ်ပယ်အသီးသီးတို့မှာ ဒီစကားလုံးကိုမတွေ့မြင်ရဖို့ ရှောင်ရှားမယ်ဆိုရင်တောင် မဖြစ်နိုင်သလောက်ပဲ။ ၂၀ ရာစုအကုန်နဲ့ ၂၁ ရာစုတို့မှာ ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်း ရေးသားတဲ့ စာအုပ်စာတမ်းပေါင်းများစွာလည်း ပေါ်ထွက် ခဲ့တယ်။ ဒီစာအုပ်တွေကိုကြည့်မယ်ဆိုရင် ဦးတည်ချဉ်းကပ်ပုံက လမ်းကြောင်းနှစ်ခုတို့ဆီ ခွဲဖြာသွားတယ်။ ပထမတစ်ခုက ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ဖွင့်ဆိုပုံ၊ အလုပ်လုပ်ပုံနဲ့ အကျိုး သက်ရောက်ပုံတွေကို လေ့လာခြင်း ဖြစ်တယ်။ ဒုတိယတစ်ခုမှာကတော့ ဂလိုဘယ်လိုက်ဇေးရှင်း ဆိုတာကို အယူအဆသစ်တစ်ရပ်လို အသုံးပြုပြီး ယခင်ရှိထားနှင့်ပြီး လူမှုသီအိုရီတွေရဲ့ သဘောသဘာဝတွေကို ပြန်လည် ဖွင့်ဆိုနားလည်ပုံ အသစ်တွေနဲ့ မွမ်းမံဖို့ ကြိုးပမ်းခြင်းပဲ ဖြစ်တယ်။ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကို ထောက်ခံသည် ဖြစ်စေ၊ ဝေဖန်ဆန့်ကျင်သည် ဖြစ်စေ ယနေ့ကွန်တမ်ပိုရာရီလူမှုဘဝဟာ

အဆိုပါဖြစ်စဉ်တစ်ခုလုံးနဲ့ တစ်နည်းမဟုတ်တစ်နည်း ထိစပ်နေတယ်ဆိုတာ ငြင်းလို့မရနိုင်ဘူး။ အဲဒီအခါ ပြောင်းလဲလာတဲ့ လူမှုအခြေအနေတွေ အားလုံးတို့ကိုလိုက်ပြီး လူမှုသီအိုရီနယ်ပယ် မှာလည်း ချဉ်းကပ်ပုံအသစ်တွေ နားလည်ဖွင့်ဆိုပုံ အသစ်တွေ ထုတ်လုပ်ပေးရတော့မယ်။ ဥပမာအားဖြင့် ဂန္ထဝင်လူမှုသီအိုရီတွေက ဖွင့်ဆိုခဲ့တဲ့ 'လူ့အဖွဲ့အစည်း' (Society) ဆိုတဲ့ ဝေါဟာရသည်ပင်လျှင် ယနေ့ခေတ်ကို ထင်ဟပ်ဖို့ ပြဿနာတစ်ချို့ရှိနေပြီ။ ပထမကမ္ဘာစစ်နှောင်းလူမှုအနေအထားတွေအောက်မှာ လူ့ အဖွဲ့အစည်း ဆိုတာကို တိကျတဲ့ဖွင့်ဆိုမှုတွေနဲ့နားလည်လို့ ရကောင်းရခဲ့မယ်။ ဒါပေမယ့် ဂလိုဘယ် လိုက်ဇေးရှင်းနဲ့အတူ လုံးလျားရစ်ပတ် လာတဲ့ လက်ရှိလူမှုအနေအထားတွေမှာတော့ ဒီလို ဖွင့်ဆိုချက်အသေတွေမှာ လျှပ်ခါမှုတွေ ဖြစ်ပေါ်လာတယ်။

ဂျာမန်လူမှုသီအိုရီပညာရှင် အူးရစ်ရှ်ဘက်ခ် (Ulrich Beck) က -

"(သူတို့အကြားက ကွဲပြားချက်တွေကိုကျော်လွန်ပြီးကြည့်ရင်) အမ်မီလ်ဒါ့ခ်ီယမ်၊ မက်စ်ဝက်ဘာနဲ့ ကားလ်မာ့က်စ်တို့လို သီအိုရီပညာရှင်တွေက မော်ဒန်လူ့အဖွဲ့အစည်းရဲ့ နယ်နိမိတ်ဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက်တစ်ခုတည်းကို ဝေမျှလက်ခံ ထားတယ်။ သူတို့က လူ့အဖွဲ့အစည်းရဲ့ ပုံစံမော်ဒယ်ကို နိုင်ငံတော်အပေါ်မှာ ဗဟိုပြုထားတာ။ ယနေ့မှာတော့ ဒီလိုဖွင့်ဆိုချက်က တစ်ကမ္ဘာလုံးသဘောသက်ဆိုင်မှုရှိတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ရဲ့ ကိုင်လှုပ်ခြင်း ကို ခံနေရပြီ" (Beck 2000:24) လို့ ရေးခဲ့တယ်။

ဆိုလိုတာကတော့ အစဉ်အလာနားလည်ထားပုံမှာ လူ့အဖွဲ့အစည်းဆိုတာ နိုင်ငံတစ်နိုင်ငံ၊ နယ်နိမိတ်ဘောင်တစ်ခုတို့ရဲ့ အကန့်အသတ်အတွင်းမှာ ကျရောက်နေတယ်။ သို့သော် ဂလိုဘယ်လိုက်ဇေးရှင်းက ဒီလိုနားလည်ထားပုံကို ပြောင်းလဲ ပစ်လိုက်တယ်။ 'နိုင်ငံတစ်နိုင်ငံ အုပ်စုတစ်စုတို့နှင့် သက်ဆိုင်သော' ဆိုတဲ့ သတ်မှတ်ချက်နေရာမှာ 'တစ်ကမ္ဘာလုံး သဘောဆောင်သော၊ နိုင်ငံနယ်နိမိတ်တို့ကိုကျော်လွန်သော' စတဲ့ ဖွင့်ဆိုမှုတွေ ဝင်ရောက် လာတယ်။ ဒါကြောင့် လူမှုဗေဒနယ်ပယ်မှာလည်း လူမှုသီအိုရီတွေဟာ ဗြိတိန်လူ့အဖွဲ့အစည်း၊ ပြင်သစ်လူ့အဖွဲ့အစည်း၊ ဂျပန်လူ့အဖွဲ့အစည်း စသဖြင့် အုပ်စုတစ်စုတည်းနဲ့သက်ဆိုင်မှုရှိတဲ့ အိုင်ဒီယာတွေးခေါ်ပုံတွေကို စွန့်ပယ်ပစ်ပြီး ပိုမိုအပွင့်သဘောဆောင်ပြီး တစ်ကမ္ဘာလုံး သက်ဆိုင်မှုရှိခြင်း ဆိုတဲ့ ကျယ်ပြောမှုအထိ လက်လှမ်းမီရောက်ရှိသင့်ကြောင်း တိမ်းညွတ်မှုတွေ ဖြစ်လာကြတယ်။ မျက်မှောက်ခေတ်ရဲ့ လူမှုဖြစ်ရပ်တော်တော်များများဟာ နိုင်ငံတစ်နိုင်ငံ အတွင်းက နယ်နိမိတ် အကန့်အသတ်တစ်ခုအတွင်းမှာပဲ ဖြစ်ပေါ်နေတာမျိုးမဟုတ်တော့ဘဲ ကမ္ဘာနဲ့ချီတဲ့ နိုင်ငံတကာအလွှာအဆင့်အထိသက်ရောက်မှုရှိနေတယ်လို့ ထောက်ပြလာကြတယ်။ ဒါဟာ မှန်သင့်သလောက်တော့ မှန်ကန်မှုရှိတယ်။ လွန်ခဲ့တဲ့

ငါးနှစ်ခြောက်နှစ်တာကာလအတွင်း အင်တာနက်အသုံးပြုမှုတွင်ကျယ်လာခြင်းရဲ့ အကျိုးဆက်အဖြစ် ပေါ်ထွက်လာတဲ့ Social Network လို့ခေါ်တဲ့ လူမှုကွန်ရက်တွေဟာ မြင်သာစေတဲ့ သာဓကပဲ။ လူမှုကွန်ယက်တွေရဲ့ ဂယက်ဟာ နယ်မြေတစ်ခု၊ အုပ်စုတစ်စုတို့ အကန့်အသတ်ဘောင်ကိုကျော်လွန်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ချီတဲ့ လူမှု အပြောင်းအလဲတစ်ရပ်ပဲ။ အချိန်၊ နေရာ စတဲ့ ကန့်သတ်ချက်တွေဟာ ပြိုလဲကျသွားတယ်။ ကမ္ဘာတစ်ဖက်ကနေ အခြားကမ္ဘာတစ်ဖက် စွန်းအထိ လူမှုကွန်ယက်ရဲ့ အကူအညီနဲ့ လွယ်လင့်တကူချိတ်ဆက်လို့ရနေတယ်။ မိုင်ပေါင်း ထောင်သောင်းချီကွာဝေးတဲ့နယ်မြေဒေသတစ်ခုက သတင်းဖြစ်ရပ်တစ်ခုကို ကမ္ဘာအနှံ့အပြား မှာရှိတဲ့ နေရာအသီးသီး တို့ကနေ တစ်ချိန်တည်းတစ်ပြိုင်တည်း ချိတ်ဆက်သိရှိနေနိုင်တယ်။ ဂျွန်အာရီ (Urry) ကဆိုရင် လူမှုသီအိုရီတွေဟာ အချိန်နဲ့ အမျှရွေ့လျားနေတဲ့ ဂလိုဘယ် လိုက်ဇေးရှင်းရေစီးနဲ့ ရင်ဘောင်တန်းနိုင်ဖို့ဆိုရင် လူ့အဖွဲ့အစည်းအလွန် (Post-societal) ပါရာဒိုင်းတစ်ခုကို ဖမ်းဆုပ်မိဖို့လိုလိမ့်မယ်လို့ သတိပေးခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ကွန်တမ်ပိုရာရီ လူမှုသီအိုရီတွေဟာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နေရတာတော့ အမှန်ပဲ။ ဒါကြောင့်လည်း ဂလိုဘယ်လိုက်ဇေးရှင်းပါရာဒိုင်းတွေကို အလေးအနက် ထည့်ဝင် ချဉ်းကပ်ကြည့်ဖို့ လိုလာတယ်။

ရပ်တည်တုံ့ပြန်မှုတွေ ဆန့်ကျင်ကွဲပြားပေမယ့် လက်ဝဲလက်ယာနှစ်ဖက်အုပ်စု တို့က ဂလိုဘယ် လိုက်ဇေးရှင်းဆိုတာဟာ ယနေ့ကမ္ဘာရဲ့ အသွင်ပြောင်းလဲလာတဲ့စီးပွားရေးဖြစ်စဉ်တစ်ခုလို့ လက်ခံထားတယ်။ ဂလိုဘယ်အရင်းရှင်စနစ်က တသီးပုဂ္ဂလလူသားမှန်သမျှတို့ကို ကုန်ထုတ်လုပ်မှုမှာပါဝင်ပြီး သူတို့အတွက် အကျိုးအမြတ်ရှာဖွေရယူပေးမယ့် အလုပ်သမားတွေအနေနဲ့ဖြစ်စေ၊ အဆိုပါကုန် ပစ္စည်းတွေကို တရှိုက်မက်မက်ဝယ်ယူမယ့် စားသုံးသူတွေအနေနဲ့ဖြစ်စေ တစ်ဖက် တစ်ချက်စီက ကွပ်ညှပ်သိမ်းသွင်းဖို့ ကြိုးစားတယ်။ တစ်ချိန်တည်းမှာ တစ်ချိန်လုံး ကျယ်သထက် ကျယ်ပြန့် လာနေတဲ့ အရင်းရှင်ဈေးကွက်ကလည်း တစ်ကမ္ဘာလုံးအတိုင်းအတာ အားဖြင့် ကြီးထွားလာနေတယ်။ ဆယ့်ကိုးရာစု အလယ်မှာထုတ်ဝေခဲ့တဲ့ မာ့က်စ်နဲ့အိန်ဂျယ်တို့ရဲ့ ကွန်မြူနစ်ပါတီကြေညာစာတမ်း (Manifesto of the Communist Party) က ဒီအချက်ကို ရာစုနှစ်တွေ စောပြီးတော့တောင် ကြိုမြင်ခဲ့တယ်လို့ ဆိုနိုင်တယ်။ “ကုန်ပစ္စည်းတွေအတွက် တစ်ချိန်လုံးကြီးထွားလာနေတဲ့ ဈေးကွက်လိုအပ်ချက်က အရင်းရှင်ဘူဇွာတွေကို ကမ္ဘာ့မျက်နှာပြင်တစ်လွှားတို့ဆီ တွန်းပို့လိမ့်မယ် (1848: 38)” ဆိုတဲ့စကားကိုကြည့်ခြင်းအားဖြင့် မာ့က်စ်ဟာ မျက်မှောက်ခေတ်ရဲ့ ဂလိုဘယ် လိုက်ဇေးရှင်းဖြစ်စဉ်တစ်ခုလုံးကို အတိအကျ ဟောကိန်းထုတ်နိုင်ခဲ့တာလို့

ပြောရလိမ့်မယ်။ အရင်းရှင်စနစ်ဟာ အနောက်ကမ္ဘာကိုအခြေပြုပြီး ကမ္ဘာ့အစိတ်အပိုင်းအသီးသီးတို့ကို လွှမ်းမိုးပျံ့နှံ့သွားလိမ့်မယ်ဆိုတဲ့ မာ့က်စ်ရဲ့ အမြင်ကို ယနေ့လက်ဝဲလက်ယာအုပ်စုတွေ ဆက်ခံကြတယ်။ ဖရိုင်းဒ်မန်းရဲ့ ဖွင့်ဆိုပုံအရဆိုရင် -

"ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာက ဈေးကွက်တွေ၊ ပြည်ထောင်စုနိုင်ငံတွေနဲ့ နည်းပညာတွေဟာ ယခင်ကမကြုံဖူးခဲ့တဲ့ အတိုင်းအတာအားဖြင့် ရှောင်လွှဲမရစွာ တစ်စုတည်းတစ်ဝှမ်း တည်းသဘော အသွင်ကူးပြောင်းပေါင်းစည်းသွားမှု ဖြစ်တယ်။ အကျိုးဆက်ရလဒ် အနေနဲ့ လွတ်လပ်တဲ့ ဈေးကွက် အရင်းရှင်စနစ်ဟာ ကမ္ဘာမှာရှိတဲ့ နိုင်ငံတိုင်းကို ကူးစက်ရောက်ရှိ သွားတယ်" – (Friedman, 1999: 7-8)

ဝေါလာစတိန်းရဲ့ World-system နှင့် ဂလိုဘယ်အရင်းရှင်ဝါဒ

ဂလိုဘယ်အရင်းရှင်စနစ်နဲ့ ရာစုနှစ်သစ်ရဲ့ စီးပွားရေးတို့အပေါ် လေ့လာချဉ်းကပ်မှုပြုလုပ်ခဲ့တဲ့ ပညာရှင်စာရင်းမှာ လွှမ်းမိုးမှုရှိသူတွေထဲကတစ်ယောက်က အီမန်နျူရယ်ဝေါလာစတိန်း (Wallerstein) ပဲ။ တစ်ခုသတိပြုစရာက ဝေါလာစတိန်းက သူ့ရဲ့ အရေးအသားတွေထဲမှာ ‘ဂလိုဘယ်လိုက်ဇေးရှင်း’ ဆိုတဲ့ ဝေါဟာရအစား ‘ကမ္ဘာ့စနစ်’ (World-system) ဆိုတဲ့ အသုံးအနှုန်းနဲ့အစားထိုးခဲ့တယ်။ သဘောတရားအရတော့ တူညီတယ်။ ဝေါလာစတိန်းဖွင့်ဆိုခဲ့တဲ့ `ကမ္ဘာ့စနစ်’ ဆိုတာက ဝင်ရိုးစွန်းတစ်ခုအပေါ် အခြေပြုထားတဲ့ နိုင်ငံရေးပေါင်းစုံ ယဉ်ကျေးမှု ပေါင်းစုံတို့ ဆက်စပ် ယှက်နွှယ်နေတဲ့ စနစ်တစ်ခုဖြစ်တယ်။ ဝေါလာစတိန်းရဲ့ ‘ကမ္ဘာ့စနစ်’ မှာ ဗဟိုချက် (Core)၊ ပြင်ပအလွှာ (Peripheral) နဲ့ ထပ်ဆင့်ခံပြင်ပအလွှာ (Semi-peripheral) ဆိုတဲ့ နယ်နိမိတ်သုံးရပ်တို့နဲ့ ဖွဲ့စည်းထားတယ်။ `ဗဟိုချက်’ ဟာ ‘ပြင်ပအလွှာ’မှာရှိတဲ့ အရင်းအမြစ်တွေကို ရယူအသုံးပြုပြီး စနစ်တစ်ခုလုံးကို ချုပ်ကိုင်တယ်။ `ထပ်ဆင့်ပြင်ပအလွှာ’ ရဲ့ လုပ်ငန်းတာဝန်ကတော့ ကမ္ဘာ့စနစ်တစ်ခုလုံး ချောချောမွေ့မွေ့လည်ပတ်စေနိုင်ရေးအတွက် `ဗဟိုချက်’ နဲ့ ‘ပြင်ပအလွှာ’ တို့ကို ထိန်းညှိဆက်သွယ်ထားပေးဖို့ပဲဖြစ်တယ်။ ဝေါလာစတိန်းက ဂလိုဘယ်အရင်းရှင်စီးပွားရေးစနစ်ကို အထက်ပါ အတိုင်းပုံဖော်ထားတဲ့ ‘ကမ္ဘာ့စနစ်’ နဲ့ ခိုင်းနှိုင်းထပ်တူပြုတယ်။ အနောက်ဥရောပနဲ့ အမေရိကတို့ဟာ ကမ္ဘာ့စနစ်ရဲ့ `ဗဟိုချက်’ နိုင်ငံတွေပဲ။ အဆိုပါဗဟိုချက်နိုင်ငံတွေက ကမ္ဘာ့စီးပွားရေးမှာ အကျိုးအမြတ်အဖြစ်ထွန်းဆုံးသော စီးပွားရေး လုပ်ငန်းတွေကို ပိုင်ဆိုင်ထားတယ်။ စနစ်ရဲ့ ‘ပြင်ပအလွှာ’မှာတော့ အကျိုးအမြတ် ရယူနိုင်မှုနည်းပါးတဲ့ လက်တင်အမေရိကနဲ့ အာဖရိကနိုင်ငံတွေပါဝင်တယ်။ ဗဟိုချက်နိုင်ငံတွေ က အကျိုးအမြတ်အများပြားဆုံးဖြစ်ထွန်းတဲ့ စီးပွားရေးလုပ်ငန်းတွေကို ချုပ်ကိုင်ထားခြင်း အားဖြင့် စနစ်ရဲ့ ဗဟိုချက်ထဲမှာ ဆက်လက်ရှိနေနိုင်ဖို့ ကြိုးပမ်းတယ်။ တစ်ချိန်တည်းမှာပဲ သူတို့အတွက် အကျိုးအမြတ်ရယူနိုင်မှု ကျဆင်းလာတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြင်ပအလွှာ ထဲက နိုင်ငံတွေဆီ ရွှေ့ပြောင်းဖို့ကြိုးပမ်းတယ်။ ဘရာဇီးလ်နဲ့ အိန္ဒိယတို့လို ‘ထပ်ဆင်ပြင်ပအလွှာ’ မှာရှိတဲ့ နိုင်ငံတွေကတော့ ဗဟိုချက်နဲ့ပြင်ပအလွှာတို့ကို ထိန်းညှိပေးနေရင်း အကျိုးအမြတ်ရ ယူနိုင်တာရှိသလို ဆုံးရှုံးမှုတွေလည်းပဲ ကြုံရတယ်။

လက်ရှိကမ္ဘာ့စီးပွားရေးစနစ်တစ်ခုလုံးကို လက်ဝါးကြီးအုပ်ရယူထားနိုင်တဲ့

ထိပ်သီးဗဟိုချက်နိုင်ငံ ကတော့ အမေရိကန်ပြည်ထောင်စုပဲ။ ဒီလိုမျိုး ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ အရေးပါတဲ့ ဇာတ်ကောင်တွေနေရာ ရယူထားနိုင်တဲ့နိုင်ငံတွေဟာ သူတို့လိုချင်တဲ့ အကျိုးအမြတ်တွေ ရယူဖို့အတွက် အကြမ်းဖက်နည်းလမ်းတွေ အမြဲတစေအသုံးပြုနေစရာမလိုပါဘဲ သိမ်မွေ့တဲ့ နည်းလမ်းတွေ အားဖြင့် လွှမ်းမိုးထားနိုင်တယ်လို့ ဝေါလာစတိန်းက မြင်တယ်။

ဝေါလာစတိန်းလို မာ့က်စ်ဝါဒီတစ်ဦးရဲ့ ရှုမြင်သုံးသပ်ချက်အရတော့ ဂလိုဘယ်အရင်းရှင်စနစ်ဟာ သူ့ရဲ့ကျဆုံးခန်းကို သူကိုယ်တိုင် ဇာတ်ညွှန်းရေးဆွဲနေခြင်းသာ ဖြစ်တယ်။ ဗဟိုချက်၊ ပြင်ပအလွှာနဲ့ ထပ်ဆင့်ပြင်ပအလွှာတို့မှာ လည်ပတ်နေတဲ့ ကမ္ဘာ့စနစ်တစ်ခုလုံးဟာ နောက်ဆုံးမှာတော့ ရှောင်လွှဲမရစွာ ပြိုလဲပျက်စီးမှုဆီ ဦးတည်လိမ့်မယ်လို့ ဝေါစလာစတိန်းက ဆိုခဲ့တယ်။ အထူးသဖြင့် အကျိုးအမြတ်ရယူရေးတစ်ခုတည်းကို ရှေးရှုထားတဲ့ စနစ်တစ်ခုလုံးဟာ နောက်ဆုံးအဆင့် ကိုရောက်နေပြီ။ ကုန်ထုတ်လုပ်မှုအတွက် အရင်းအနှီးဟာလည်း ရှေးယခင် ကနဲ့မတူဘဲ မြင့်သထက် မြင့်တက်နေပြီး အကျိုးအမြတ်အရတော့ အကျဘက်ကိုပြနေတယ်။ တစ်ချိန်တုန်းက အရင်းရှင်ကုန်ထုတ်လုပ်ငန်းတွေ ဟာ လုပ်အားခသက်သာချောင်ချိတဲ့ နယ်မြေဒေသတွေကို အဓိကပစ်မှတ်ထားတယ်။ နိုင်ငံတစ်နိုင်ငံမှာ အခြေစိုက် နေရင်းပဲ လုပ်အားခနဲ့ ကုန်ထုတ်လုပ်မှုတို့ ပိုမိုသက်သာတဲ့ အခြားတစ်နိုင်ငံတစ်ခုကို တွေ့တာနဲ့ တစ်ပြိုက်နက် အဆိုပါ နိုင်ငံဆီ ရွှေ့ပြောင်းသွားတယ်။ သို့ပေမယ့် ဝေါလာစတိန်းရဲ့ အဆို အရတော့ ကမ္ဘာတစ်လွှားမှာ ဒီလိုမျိုးလုပ်အားခ သက်သာချောင်ချိတဲ့နယ်မြေတွေနိုင်ငံတွေ တစစရှားပါးလာခဲ့ပြီလို့ ဆိုတယ်။ ဒါကြောင့် အရင်းရှင်ကုန်ထုတ်လုပ်ငန်း တွေဟာ အနည်းပါးဆုံး လုပ်အားခအသုံးပြုပြီး အကြီးမားဆုံးအကျိုးအမြတ်ရှာဖွေရေးမှာ ရှေးယခင်ကနဲ့မတူဘဲ ပိုမိုအကြပ်အတည်း ကြုံလာရတယ်။ နောက်ထပ် ဂလိုဘယ်အရင်းရှင်စနစ်ကို ပြဿနာ ပေးတာကတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုတွေပဲ။ တစ်ချိန်က အရင်းရှင် ကုန်ထုတ်လုပ်ငန်းတွေဟာ သူတို့ရဲ့ စက်ရုံအလုပ်ရုံတွေ ဆီက တာဝန်မဲ့စွန့်ပစ်ပစ္စည်းတွေကြောင့် ရေထုညစ်ညမ်းတာ၊ လေထုညစ်ညမ်းတာတွေစတဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆိုးကျိုးတွေကို အတိုင်းအတာတစ်ခု ဖုံးဖိထားနိုင်ခဲ့တယ်။ ယနေ့ခေတ်မှာတော့ ကမ္ဘာ့နိုင်ငံအများအပြားတို့မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေဆိုးတွေကို ပိုမိုသိမြင်ကြုံတွေ့ လာတာနဲ့အမျှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြှင့်တင် လုပ်ဆောင်ဖို့ လိုအပ်နေပြီဆိုတာ နားလည် သဘောပေါက် လာကြတယ်။ ကုန်ထုတ်လုပ်ငန်းတွေဟာ အကျိုးအမြတ်ရယူရေးတစ်ခုတည်းကို ရှေးရှုထားလို့မရတော့ဘဲ ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးလို အဖွဲ့အစည်း ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာလာရတယ်။ အမှန်စင်စစ်မှာ ဂလိုဘယ်အရင်းရှင်စနစ်နဲ့ တွဲကပ်ပါနေတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်ကြောင့်

လူသားတွေဟာ ကမ္ဘာတစ်လွှား အခြေအနေ ဖြစ်ရပ်တွေနဲ့ ပိုမိုထိတွေ့လာနိုင်တာဖြစ်သလို အကျိုးဆက်အဖြစ် နောက်ဆုံးမှာ ဂလိုဘယ်အရင်းရှင်စနစ်အပေါ် မနှစ်မြို့မှုဆီ ပြန်လည် ဦးတည်သွား လိမ့်မယ်လို့ ဝေါလာစတိန်း က ဆိုခဲ့တယ်။

“ဒီကနေ့မှာ လူတွေက ဒီလိုအရေးကိစ္စတွေကို လွန်ခဲ့တဲ့ရာစုနှစ်တစ်ခုကထက် အပြည့်အဝ သတိပြုမိလာကြတယ်။ သူတို့က ပိုမိုသတိထားမိလာတယ်၊ သူတို့ရဲ့ အခွင့်အရေးတွေ အတွက် တိုက်ပွဲဝင်ဖို့ ပိုမိုဆန္ဒရှိလာတယ်၊ ပါဝါရှိသူတွေရဲ့ ဆွဲဆောင်ဟောပြောချက်တွေကိုလည်း ပိုမိုအယုံအကြည်ကင်းမဲ့လာကြတယ်”- (Wallerstein, 2004: 89)

ကမ္ဘာ့လှည့်ခရီးသွားများ၊ အိမ်ခြေယာမဲ့များ၊ ၂၁ ရာစု လူသားအကျိုးဆက်များ

ဝေါလာစတိန်းလိုပဲ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တစ်ခုလုံးရဲ့ စီးပွားရေးဆိုင်ရာ နောက်ဆက်တွဲ အခြေအနေတွေကို လေ့လာချက်ထုတ်ခဲ့သူက လူမှုဗေဒပညာရှင် ဇစ်မွန့်ဘောင်းမန်း (Bauman) ပဲ။ ဘောင်းမန်းက ဂလိုဘယ်လိုက်ဇေးရှင်းဟာ မျှတမှုမရှိတဲ့ ဘောဂဗေဒဆိုင်ရာ အခင်းအကျင်းတွေကို ကမ္ဘာတစ်လွှားမှာ ဖြန့်ဖြူးပေးလိုက်တယ်လို့ မြင်တာ။ ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်း ပြောမယ်ဆိုရင် ဂလိုဘယ်အရင်းရှင်စနစ်ကြောင့်ပေါ်ပေါက်လာတဲ့ လူသားဆိုင်ရာ အကျိုးဆက် (Human Consequences) တွေကို လေ့လာချက်ထဲကနေ ချန်လှပ်ထားခဲ့လို့ မရဘူး။ ဘောင်းမန်းရဲ့ ချဉ်းကပ်ပုံရှုထောင့်က အခြားသောဂလိုဘယ်လိုက်ဇေးရှင်းသီအိုရီသမားတွေနဲ့ ကွဲပြားခြားနားတယ်။ သူ့ရဲ့အမြင်မှာက ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် လူသားတွေ၊ ငွေကြေးတွေ၊ ကုန်ပစ္စည်းတွေဟာ နိုင်ငံနယ်နိမိတ်ဘောင်တွေ ကျော်လွန်ပြီး ကမ္ဘာ့အနှံ့ လည်ပတ်ရောက်ရှိနေနိုင်တယ်ဆိုတာ မှန်တယ်၊ သို့သော် ဒါဟာ မျှတမှုရှိတဲ့ရွေးချယ်ခွင့်ကို အခြေခံဖြစ်ပေါ်လာတဲ့ လူမှုရေးစီးပွားရေးအရွေ့ မဟုတ်ဘူး။ ဆိုလိုတာကတော့ ဂလိုဘယ်လိုက် ဇေးရှင်းဖြစ်စဉ်ဟာ ကမ္ဘာ့လူဦးရေမှာ လူ့အမျိုးအစားနှစ်ရပ်တို့ကို ခွဲခြားပေးလိုက်တယ်။ ဝေါလာစတိန်းပြောခဲ့တဲ့ `ဗဟိုချက်' နိုင်ငံတွေမှာနေထိုင်သူတွေဟာ ဂလိုဘယ်အရင်းရှင်စနစ်ထဲ မှာ အလိုအလျောက်အသာစီးရပြီးဖြစ်နေတယ်။ သူတို့အတွက်က ကမ္ဘာအနှံ့ရွေ့လျားသွား လာတယ် ဆိုတာ စီးပွားရေးလုပ်ကိုင်ဖို့ဦးတည်ချက်ကြောင့်ပဲ၊ တစ်နည်းအားဖြင့်တော့ သူတို့ရဲ့ လွတ်လပ်စွာရွေးချယ်ခွင့်အရ အခြားနိုင်ငံတွေဆီသွားရောက်ပြီး စီးပွားရေးလုပ်ငန်းတစ်ရပ် အစပျိုးခြင်းပဲ။

သို့ပေမယ့် `ဗဟိုချက်' နိုင်ငံတွေမဟုတ်တဲ့ အခြားနိုင်ငံအများစုတို့မှာ နေထိုင် နေရတဲ့ ကမ္ဘာ့လူဦးရေ အများစုကြီးအတွက် ကျတော့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ် အတွင်း အခြားနိုင်ငံတွေကို ရွှေ့ပြောင်းနေထိုင်ရတယ်ဆိုတာ ဆန္ဒကြောင့်မဟုတ်ဘဲ အတင်းအကြပ် တွန်းပို့ခံရတဲ့ စီးပွားရေးအခြေအနေတွေကြောင့်သာဖြစ်တယ်။ သူတို့ဟာ စီးပွားရေးအရ ရှေ့တန်းရောက်မှု မရှိသေးတဲ့ သူတို့ မိခင်နိုင်ငံတွေမှာ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးတာကြောင့် သူတို့အတွက် ပိုမိုသက်သာချောင်ချိနိုင်မယ့်

နိုင်ငံတွေ ကို အစုလိုက်အပြုံလိုက်ရွှေ့ ပြောင်းနေထိုင်ကြရတယ်။ ပြီးခဲ့တဲ့ဆယ်စုနှစ် အနည်းငယ်အတွင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်းအရွေ့နဲ့အတူ နိုင်ငံတွေအကြား ယခင်ကထက်အဆပေါင်းများစွာပိုတဲ့ လူဦးရေကိန်းဂဏန်းတွေ အရွှေ့အပြောင်း ဖြစ်ပေါ်ခဲ့တယ်။ ဘောင်းမန်းရဲ့ ရပ်တည်မှု ရှုထောင့်ကကြည့်ရင် လူဦးရေ အများပြားရွှေ့ပြောင်းမှု (Mass Migration) ကို ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ လက္ခဏာတစ်ရပ်လို့ သတ်မှတ်မယ်ဆိုရင် အဲဒီနောက်ကွယ်မှာ ရှိနေတဲ့အမှန်တရားက ကမ္ဘာ့လူဦးရေဟာ ကြွယ်ဝချမ်းသာသူလူနည်းစုနဲ့ ရုန်းကန်ကြပ်တည်းသူ လူများစုတို့အဖြစ် ပိုမိုသိသိသာသာ နှစ်ခြမ်းကွဲသွားခဲ့ပြီဆိုတာပဲ။ ဘာကြောင့်လဲဆိုရင် နိုင်ငံရွှေ့ပြောင်းနေထိုင်သူ တွေရဲ့ရာခိုင်နှုန်းအများစုဟာ ပညာနဲ့ရပ်တည်အသက်မွေးဖို့မဟုတ်ဘဲ မလွှဲသာတဲ့ စီးပွားရေးအခြေအနေအရ ရွေးချယ်လိုက်ရတဲ့ ထွက်ပေါက်တစ်ခုဖြစ်နေတယ်။ သူတို့ထဲက အများအပြားဟာ လုပ်ခနည်းပါးတဲ့ အလုပ်ကြမ်းတွေ၊ အန္တရာယ်များတဲ့ အလုပ်ခွင်တွေ၊ အိမ်အကူလုပ်ငန်းတွေနဲ့ ပြည်တန်ဆာလုပ်ငန်းလိုမျိုး တရားမဝင်အသက်မွေးမှု အလုပ်အကိုင်တွေဆီကိုသာ ဦးတည်သွားကြတယ်။

ဘောင်းမန်းရဲ့ ၁၉၉၈ ခုနှစ်လက်ရာ Globalization မှာ သူ့ရဲ့ သုံးသပ်ချက်အမြင်တွေကို တွေ့နိုင်တယ်။ ဘောင်းမန်းက ‘ကမ္ဘာလှည့်ခရီးသွားသူ’ (Tourist) နဲ့ `ခြေသလုံးအိမ်တိုင်’ (Vagabond) ဆိုပြီး တံဆိပ်နှစ်ခုတို့နဲ့ ခွဲခြားပြတယ်။ ကမ္ဘာ့လှည်ခရီးသွားသူရော ခြေသလုံးအိမ်တိုင်ရော နှစ်မျိုးနှစ်စားစလုံးတို့ဟာ အခြေတကျမရှိဘဲ လှည့်လည် သွားလာနေသူ တွေ ချည်းပဲ။ ဒါပေမယ့်လည်း သူတို့အကြားက အနှစ်သာရကတော့ဖြင့် အလွန့်ကိုကွဲပြားတယ်။ လူတိုင်းဟာ ကမ္ဘာ့လှည့်ခရီးသွားသူပဲ ဖြစ်ချင်ကြတယ်၊ ဘယ်သူတစ်ဦး တလေမှ ခြေသလုံး အိမ်တိုင် မဖြစ်လို ကြဘူး။ ကမ္ဘာ့လှည်ခရီးသွားသူဆိုတာက နယူးရော့ခ်၊ လန်ဒန်၊ ပါရီ၊ စင်ကာပူ စသဖြင့် ခေါက်ပြန်သွားလာနေကြတဲ့ စီးပွားရေးသမားတွေနဲ့အလားတူတယ်။ ပထမတစ်လ တိုကျိုမှာ ကုန်ဆုံးပြီး နောက်ထပ်တစ်လမှာ ရှန်ဟိုင်းကို ရောက်ရှိနေတာ မျိုးလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် ကမ္ဘာလှည့်ခရီးသွားသူအနေနဲ့က ဒီလိုဘဝပုံစံထဲမှာ ယောင်ချာချာ ဖြစ်မနေဘူး။ သူ့အနေနဲ့က ကူးလူးသွားလာနေကျဖြစ်တဲ့ နိုင်ငံတွေနဲ့ ကျွမ်းဝင် ရင်းနှီးမှုရှိထားတယ်။ သူကျင်လည်ရာနိုင်ငံတွေမှာ ဘယ်လိုရာသီဥတုတွေ၊ ဘယ်လို လမ်းပမ်း ဆက်သွယ်ရေးတွေ၊ ဘယ်လိုနေ့စဉ်ဘဝတွေ ရှိထားတယ်ဆိုတာ ကိုလည်း ကောင်းကောင်း သိတယ်။ သူဟာ တစ်နေရာကနေ တစ်နေရာ ကူးပြောင်းသွားလာမှုကို အသားကျနေပြီးသား။ ကမ္ဘာလှည့်ခရီးသွားသူဆီမှာက အိမ်ကိုလွမ်းဆွတ်သတိရခြင်းဆိုတဲ့ စိတ်ခံစားချက်မျိုးလည်း တွေ့ရလိမ့်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင် သူ့ရဲ့ သက်သောင့်သက်သာ ရှိပြီး ဘဝနေထိုင်မှု ပုံစံက သူ့ရဲ့ ရွေးချယ်မှု ဖြစ်နေလို့ပဲ။ ဆန့်ကျင်စွာနဲ့ ခြေသလုံးအိမ်တိုင်သမားအတွက်ကကျတော့ လှည့်လည်သွားလာနေရမှုဟာ

မတူညီတဲ့ နောက်ထပ် အကြောင်းတရားတစ်မျိုးကြောင့် ဖြစ်တယ်။ သူဟာ စိတ်ဆန္ဒရှိလို့ ရွှေ့ပြောင်းနေရတာမဟုတ်ဘဲ နောက်က တွန်းပို့နေတဲ့ ဖိအားတွေကြောင့် ပြောင်းလဲရွှေ့လျားနေရခြင်းပဲ။ သူတို့လာခဲ့တဲ့ မူလအရပ်ဒေသတွေက သူတို့အတွက် ခက်ခဲကြမ်းတမ်းနေခဲ့တယ်၊ သူတို့မှာ ရွေးချယ်ခွင့်တွေ ကန့်သတ်ခံထားရတယ်၊ ဒါကြောင့် ရေကြည်ရာမြက်နုရာ အရပ်တွေဆီ ရွှေ့ပြောင်းလာမှုဟာ တွန်းအားကြောင့်ဖြစ်တယ်။ ဘောင်းမန်းကတော့ ခြေသလုံးအိမ်တိုင်တွေကို `မော်ဒန်ခေတ်နှောင်း အီဖော်လူရှင်းရဲ့ မျိုးစိတ်အသစ်(Mutant) တွေ' လို့ တင်စားတယ်။ သူတို့တတွေဟာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအတွက်ပဲ ရည်ရွယ်နှစ်မြုပ်ထားတဲ့ကမ္ဘာကြီးရဲ့ စွန့်ပစ်ပစ္စည်းတွေနဲ့မခြားဘူးလို့ ဘောင်းမန်းက ဆိုခဲ့တယ်။ ဒီလိုဆိုတော့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တစ်ခုတည်းမှာပဲ ဂလိုဘယ်လူတန်းစားဟာ နှစ်မျိုးနှစ်စား ကွဲသွားတယ်။ ကမ္ဘာလှည့်ခရီးသွားသူလို့တင်စားတဲ့ ပထမတစ်မျိုးက စီးပွားရေးလို ဦးတည်ချက်တစ်ခုခု ကိုင်စွဲပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ် ရှာဖွေရေးမှာ လွတ်လပ်စွာရွေးချယ်ခွင့် နဲ့အတူ ရွှေ့ပြောင်းသွားလာသူတွေ ဖြစ်တယ်။ သူတို့က ဒီလိုရွှေ့ပြောင်းသွားလာဖို့ အတင်းအကြပ်တွန်းပို့ခံရသူတွေမဟုတ်သလို မူလအရပ်ဒေသဆီက စွန့်ခွာခဲ့ရလို့လည်း ဝမ်းနည်းစိတ်၊ လွမ်းဆွတ်စိတ်တွေ ဖြစ်ပေါ်လိမ့်မှာမဟုတ်ဘူး။ သူတို့ဟာ ခရီးသွားတွေလိုပဲ အရပ်ဒေသ တစ်ခုကနေတစ်ခုဆီ ကူးပြောင်းသွားလာမှုကို ကျေနပ်နှစ်သက် နေတယ်။ ဒုတိယအမျိုးအစားကတော့ အခြေအနေအရ မူလအရပ်ကို မစွန့်ခွာချင်ဘဲ စွန့်ခွာခဲ့ရတဲ့ အိမ်ခြေယာမဲ့လို့ တင်စားခံရသူတွေဖြစ်တယ်။ မကြာခဏဆိုသလိုလည်း သူတို့ဟာ နိမ့်ပါးတဲ့ အခြေအနေတွေကြားမှာ ရုန်းကန်ရင်ဆိုင်နေရလေ့ရှိတယ်။ သို့သော် ဘောင်းမန်း အလေးအနက်ပြောခဲ့တဲ့အချက်တစ်ခုက ဒီလိုနှစ်မျိုးကွဲနေတယ် ထင်ရပေမယ့် တကယ်တမ်း ကတော့ အိမ်ခြေယာမဲ့က ကမ္ဘာလှည့်ခရီးသွားရဲ့ အတ္တကိုယ်ခွဲ (Alter Ego) တစ်ခု ဖြစ်နေ ပြန်တယ်။

"ကမ္ဘာ့လှည့်ခရီးသွားခြင်းနဲ့ အိမ်ခြေယာမဲ့ခြင်းတို့ဟာ အကြွေစေ့တစ်စေ့ရဲ့ ခေါင်းနဲ့ပန်းပဲ" (Bauman, 1998: 96) လို့ ဘောင်းမန်းက ဆိုခဲ့တယ်။ ဆိုလိုတဲ့သဘောက ဂလိုဘယ်လိုက်ဇေးရှင်းဟာ ဒီလိုမျိုး အမျိုးအစား နှစ်ရပ်ကို ပုံသေဆန်ဆန် ပြဌာန်း ပေးထားလိမ့်မှာ မဟုတ်ဘူး။ ကမ္ဘာ့လှည့်ခရီးသွားဟာ ခြေသလုံးအိမ်တိုင်တစ်ယောက်ကို မြင်တဲ့အခါ စိုးရွံ့ ထိတ်လန့်မှုဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာလှည့်ခရီးသွားသူဘဝမှာ ဘယ်လောက်ကြာကြာ ရပ်တည် နေနိုင်မလဲဆိုတာ အာမခံချက်ကောင်းကောင်း မရှိမှန်း သိနေလို့ပဲ။ စီးပွားရေးသမားတစ်ယောက်ဆိုရင်လည်း သူ့မှာ အောင်မြင်မှုအတွက် အကန့်အသတ်ရှိတယ်။ မတည်ငြိမ်တဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ထဲမှာ အခြေအနေ ရုတ်ချည်းပြောင်းလဲသွားတာမျိုးဖြစ်ခဲ့ရင် သူ့ရဲ့ လက်ရှိနေရာမှာ

တည်မြဲလိမ့်မှာမဟုတ်တော့ဘူး။ ကမ္ဘာလှည့်ခရီးသွား အဖြစ် လွတ်လပ်စွာလှုပ်ရှားနေသူတစ်ဦးဘဝကနေ မိမိစိတ်ဆန္ဒမပါဘဲ ဖိအားကြောင့် အခြေအနေ ပေးရာနောက် လိုက်လံရွှေ့ပြောင်းနေရတဲ့ ခြေသလုံးအိမ်တိုင် သမားဘဝ ရောက်သွားလိမ့်မယ်။ ဒါကြောင့် ကမ္ဘာလှည့်ခရီးသွားနဲ့ အိမ်ခြေယာမဲ့တို့ကို အတ္တကိုယ်ခွဲ တွေအဖြစ် ဘောင်းမန်းက တင်စားခဲ့တာပဲ။ ဘောင်းမန်းရော ဝေါလာစတိန်းရော နှစ်ဦးစလုံးတို့ရဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုင်ရာ စီးပွားဖြစ်စဉ်ကို ချဉ်းကပ်ပုံတွေက အဆိုးမြင် ဆန်နေတယ် ထင်ရပေမယ့် တွေးဆကြည့်ဖွယ်ရှုထောင့်တွေကို ချပြသွားခဲ့နိုင်တယ်လို့ တော့ ဆိုရလိမ့်မယ်။

ကွန်တမ်ပိုရာရီလူသားဘဝနှင့် လူမှုဆက်သွယ်ချက်အပြောင်းအလဲ

ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ထိစပ်နေတဲ့ နောက်ထပ်နယ်ပယ်တစ်ခုကတော့ လူမှုရေးကဏ္ဍပဲ။ ဂလိုဘယ်လိုက်ဇေးရှင်း လှိုင်းလုံးတွေဟာ ကွန်တမ်ပိုရာရီလူသားတွေရဲ့ လူမှုဆိုင်ရာ ဆက်သွယ်ချက်တွေအပေါ် ဘယ်လောက်အထိ လွှမ်းမိုး ပြောင်းလဲစေနိုင်စွမ်းရှိသလဲဆိုတာ တွက်ဆသုံးသပ်ကြည့်ရမယ့်အချက်တစ်ချက် ဖြစ်လာတယ်။ ပထမဆုံးအနေနဲ့ ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ ဝေါဟာရအသုံးကို လက်ခံလိုက်တာနဲ့တစ်ပြိုင်နက် လူမှုမျက်နှာစာတွေကို တိုင်းတာရာမှာအသုံးပြုတဲ့ ယူနစ်တွေပါ အလိုအလျောက် လိုက်လံပြောင်းလဲရလိမ့်မယ်။ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ကွန်တမ်ပိုရာရီ လူသားဘဝ အခြေအနေကို လွှမ်းမိုးထားတဲ့ ပါရာဒိုင်းတစ်ခုအဖြစ် သတ်မှတ်မယ်ဆိုရင် လူမှုအင်အားစု တွေကိုချဉ်းကပ်ရာမှာ ဒေသဆိုင်ရာ (Local) အဆင့် နဲ့ နိုင်ငံဆိုင်ရာ (National) အဆင့် တို့မှာတင် ရပ်တန့်ထားလို့ မရတော့ဘူး။ လူမှုအပြောင်းအလဲတွေကို တစ်ကမ္ဘာလုံးဆိုင်ရာ (Global) ဆိုတဲ့ ပိုမိုကြီးမားကျယ်ပြန့်တဲ့ နောက်ထပ် လူမှုအခင်းအကျင်းသစ်တစ်ခု နောက်ခံထားပြီးရှုမြင်ဖို့ လိုလာတယ်။ အထူးသဖြင့်ကတော့ ယခင်က ဒေသဆိုင်ရာ အဆင့် သို့မဟုတ် နိုင်ငံဆိုင်ရာအဆင့်အဖြစ် သတ်မှတ်ထားခဲ့ကြတဲ့ နယ်နိမိတ် အကန့်အသတ် တစ်ခုအတွင်းက လူမှုဆက်သွယ်ချက်တွေဟာ ဂလိုဘယ်အဆင့်မှာ ဘယ်လိုအသွင် ပြောင်းလဲသွားသလဲဆိုတာ စိတ်ဝင်စားစရာပဲ။ နယ်နိမိတ်ဘောင်အရံအတားတွေ လျော့ကျ လာတဲ့အခါ တစ်နေရာက အဖြစ်အပျက်တစ်ခုဟာ မိုင်းပေါင်းများစွာ ကွာလှမ်းတဲ့ အခြား တစ်နေရာက အဖြစ်အပျက်တစ်ခုအပေါ် အကျိုးသက်ရောက်မှုရှိနေတာမျိုးလည်း ဖြစ်ကောင်း ဖြစ်လာမယ်။ ဒါက ဒေသအဆင့်နဲ့ နိုင်ငံအဆင့်တို့ဆီက ကျော်လွန်ထိုးထွက်လာတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ရဲ့ ဝိသေသလက္ခဏာတွေက တစ်ခုပဲ။ အန်သိုနီဂစ်ဒင်းစ်ကတော့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ ‵ဒေသအကွာအဝေးတွေကို ချိတ်ဆက်ပေးထားတဲ့ ကမ္ဘာ့ တစ်လွှား လူမှုဆက်သွယ်ချက်တွေ မြဲမြံအားကောင်းလာမှု′ လို့ ဖွင့်ဆိုခဲ့တယ်။ ဒါကြောင့် ‵ဒေသပတ်ဝန်းကျင်တစ်ခုက အဖြစ်အပျက်တွေဟာ ကမ္ဘာ့ငွေကြေးစနစ်နဲ့ ကုန်ထုတ် ဈေးကွက် တို့လိုမျိုး အတိုင်းမသိအကွာအဝေးတစ်ခုမှာ လည်ပတ်နေတဲ့ အရာတွေအားဖြင့် လွှမ်းမိုးခံရတာ တွေရှိလာနိုင်တယ် (Giddens, 1990: 64)’။

မာတင်အဲဘရိုး (Albrow) ကတော့ ကွန်တမ်ပိုရာရီ လူသားဘဝကို အစိတ်အပိုင်း တော်တော်များများ လွှမ်းမိုးထားတဲ့ အရာတွေထဲမှာ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ အတူပေါ်ထွက်လာတဲ့ `ဂလိုဘယ်အလေ့အထ' (Global Practice) တွေ ပါဝင်နေတယ်လို့ ဆိုတယ်။ ဂလိုဘယ်အလေ့အထဆိုတာက ဂလိုဘယ်လိုက်ဇေးရှင်း နဲ့ဆက်စပ်နေတဲ့ ဘယ်လိုစီးပွားရေးလူမှုရေးဆိုင်ရာ ဖြစ်ရပ်မျိုးကိုမဆို ရည်ညွှန်းတယ်။ ဥပမာ အကြီးစားကော်ပိုရေးရှင်းတစ်ခုက နိုင်ငံဒေသတစ်ခုမှာ မူလအခြေစိုက်ထားတဲ့ သူ့ရဲ့ စက်ရုံလုပ်ငန်းတွေကို ပိုမိုသက်သာချောင်ချိတဲ့အခြားနိုင်ငံတစ်ခုဆီ ရွှေ့ပြောင်းသွားခြင်းလို အဖြစ်အပျက်တွေဟာ မျက်မှောက်ခေတ်လူမှုကမ္ဘာမှာကြုံဖို့မခဲယဉ်းတဲ့ ဂလိုဘယ်အလေ့အထ တွေထဲကတစ်ခုပဲ။ ဒါကို စီးပွားရေးဖြစ်စဉ်သက်သက်အဖြစ် သတ်မှတ်မယ်ဆိုရင်တောင် တစ်ဖက်တစ်လမ်းမှာက အဆိုပါ ကော်ပိုရေးရှင်းနဲ့ဆက်စပ်နေတဲ့ အလုပ်သမားတွေရဲ့ လူမှုဘဝတွေအပေါ် မလွဲမသွေ အကျိုးသက်ရောက်မှု ဖြစ်စေမှာပဲ။ ကော်ပိုရေးရှင်းဟာ နိုင်ငံတစ်နိုင်ငံမှာ အခြေစိုက်တာ ဖြစ်ကောင်းဖြစ်မယ်၊ သို့သော် သူ့ရဲ့ စက်ရုံတွေကို အခြားနိုင်ငံတစ်ခုမှ လည်ပတ် ခိုင်းထားတယ်။ ဈေးကွက်နဲ့ကုန်ထုတ်လုပ်ငန်းတို့အရ ပိုမို အကျိုးအမြတ်ဖြစ်ထွန်းမယ် အနေအထားမျိုးတွေ့ရှိလာတဲ့အခါ အဆိုပါနိုင်ငံကိုစွန့်ပစ်ပြီး နောက်ထပ်တစ်နိုင်ငံဆီ ရွှေ့ပြောင်းသွားဦးမှာပဲ။ ဒီလို ရွှေ့ပြောင်းမှုဖြစ်စေဖို့ လှုံ့ဆော်မှုတွေထဲမှာ သူ့ရဲ့ ဖြစ်နိုင်ချေတွက်ဆမှုထဲအကြုံးဝင်နေတဲ့ အခြားအခြားသောနိုင်ငံ အားလုံးတို့ရဲ့ လူမှုရေး နိုင်ငံရေးအခြေအနေတွေလည်း အပြန်အလှန်အားဖြင့် ပါဝင်နေတယ်။ ဒီလိုမျိုးဆက်စပ်ကြည် တဲ့အခါ ဂလိုဘယ်လိုက်ဇေးရှင်းအခြေအနေမှာက 'ဒီမှာ'ဖြစ်ပျက်နေတဲ့ သို့မဟုတ် ဖြစ်ပျက်လာချေရှိတဲ့ အရာတိုင်းဟာ 'ဟိုမှာ'ဖြစ်ပျက်နေတဲ့ အကြောင်းအရာတစ်ခု တင်မက နောက်ထပ် 'ဟိုမှာ'ပေါင်းများစွာတို့ဆီ သွားရောက်ချိတ်ဆက် နေတာတွေ့ရမယ်။ ဟိုက်ဒေဂါး (Heidegger) ရဲ့ ဒုတိယကမ္ဘာစစ်နှောင်းပိုင်းက အရေးအသားတွေမှာ ပြောင်းလဲလာတဲ့ ဆက်သွယ်ရေးနည်းပညာတွေဟာ အနာဂတ်မှာ အချိန်နဲ့နေရာတွေကို ကောင်းကောင်း ဆွဲချုံ့နိုင်လိမ့်မယ်လို့ ခန့်မှန်းချက်ထုတ်ခဲ့ဖူးတယ်။ အစဉ်အလာလူမှုဆက်သွယ်ချက် ပုံစံတွေ တုန်းက အများအားဖြင့် အရပ်ဒေသတစ်ခုကို အခြေခံဗဟိုပြု ထားလေ့ ရှိခဲ့တယ်။ ဂလိုဘယ် လိုက်ဇေးရှင်းဖြစ်စဉ်မှာတော့ ဒေသအဆင့်ကိုကျော်လွန်တာနဲ့အမျှ လူမှုဆက်သွယ်ချက်တွေဟာ အရပ်ဒေသတစ်ခု နိုင်ငံတစ်ခုတို့ရဲ့ နယ်နိမိတ်တွေအတွင်းမှာပဲ ကန့်သတ်ပုံဖော်ခံထား ရတာမျိုး မဟုတ်တော့ဘူး။ လူတစ်ယောက်အတွက်က အတူတကွလက်တွဲအလုပ်လုပ်နေသူတွေ၊ နေ့စဉ်ထိတွေ့ ဆက်ဆံနေတဲ့မိတ်ဆွေအပေါင်းအသင်းတွေ၊ သိကျွမ်းရင်းနှီး သူထားသူတွေဟာ သူနဲ့ အလှမ်းကွာဝေးတဲ့အရပ်ဒေသ တွေမှာ နေထိုင်သူတွေလည်း ဖြစ်နေနိုင်တယ်။

လူတစ်ယောက်ရဲ့ ပေါင်းသင်းဆက်ဆံမှု ကွန်ယက်ကို ပထဝီဝင် အနေအထားအရ ကန့်သတ်ထားဖို့မဖြစ်နိုင်တော့ဘူး။ နိုင်ငံတစ်နိုင်ငံမှာနေထိုင်သူဟာ အခြားနိုင်ငံတွေမှာ နေထိုင်နေကြတဲ့သူတွေနဲ့ နေ့စဉ်နဲ့အမျှ ပြောဆို ဆက်ဆံလို့ရနေတယ်။ ဒါကြောင့် ကွန်တမ်ပိုရာရီလူသားကမ္ဘာရဲ့ လူမှုဆက်သွယ်ချက်တွေဟာ ဂလိုဘယ်အဆင့်မှာဖြစ်ပေါ် နေတာ လို့ ဆိုရခြင်းပဲ။ တစ်ချိန်တုန်းက ရေလမ်းခရီး ကုန်လမ်းခရီးတို့နဲ့ အလွန်အမင်းဝေးလံတဲ့ အရပ်ဒေသတွေဆီ ခက်ခဲပင်ပန်းစွာသွားရောက်လာတဲ့ ခရီးသွားလာမှု ပုံစံတွေ ယနေ့ခေတ်မှာရှားပါးသွားပြီ။ ၁၉ ရာစုတုန်းက အနောက်ဥရောပကနေ အမေရိကတိုက်ဆီ ခရီးနှင်ဖို့ ရေလမ်းခရီးအားဖြင့် ရက်သတ္တပတ်ပေါင်းများစွာကြာမြင့်ခဲ့တယ်။ ယနေ့မှာတော့ ဒါဟာ နာရီပိုင်းအတွင်း ဆက်သွယ် ပေါက်ရောက်နေတဲ့ လေယာဉ်ခရီးစဉ်တစ်ခုထက်မပိုတော့ဘူး။ ဒီလိုမျိုး အချိန်ဒေသအကန့်အသတ်တွေ ကျဉ်းမြောင်းလာတဲ့အခါ လူမှုဆက်သွယ်ရေးအပေါ် လူတွေထားရှိတဲ့ အမြင်တွေလည်း ပြောင်းလဲကုန်ကြတယ်။ ကုန်းကြောင်းခရီးနဲ့ တစ်လ ကိုး သီတင်း သွားရောက်ရတဲ့ အရပ်ဒေသတစ်ခုမှာနေထိုင်တဲ့ မိတ်ဆွေတစ်ဦးဟာ အလွန်တရာ ဝေးလံခြားနားတဲ့ကမ္ဘာထဲမှရောက်ရှိနေသူလိုမျိုး ခံစားရနိုင်တယ်။ ဒီလိုမှမဟုတ်ဘဲ လေယာဉ်တစ်စီးပေါ် တက်သွားပြီး နာရီအနည်းငယ်အတွင်း အဆိုပါအရပ်ဒေသကို ရောက်ရှိ နိုင်ပြီဆိုရင်တော့ များစွာအလှမ်းမကွာလှတဲ့ နေရာဒေသတစ်ခုမှာ နေထိုင်နေသူလို့သာ ထင်မြင်လာမှာပဲ။ ဒါ့အပြင်ကို အင်တာနက်လိုနည်းပညာအကူအညီတွေနဲ့ အလွယ်တကူ ဆက်သွယ်လို့ရနေတာကြောင့် မိုင်ပေါင်းထောင်သောင်း ချီကွာလှမ်းနေသူတွေ ကြားမှာတောင် အချိန်ကာလမရွေးတဲ့ နီးကပ်မှုတစ်ခုကို ခံစားမိနေနိုင်တယ်။ လက်ရေးမူစာ တစ်စောင် ပို့စကတ်တစ်ကတ် ရရှိဖို့ ရက်ပေါင်းများစွာ စောင့်ဆိုင်းနေရတဲ့ ဝန်ထုပ်ဝန်ပိုးမျိုးဟာ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်မှာတော့ အတိတ်သက်သက် ဖြစ်သွားခဲ့ပြီ။

အူးရစ်ရှ်ဘက်ခ်ကတော့ ဒါဟာ ပထမမော်ဒန်ဖြစ်စဉ် (First Modernity) ကနေ ဒုတိယမော်ဒန်ဖြစ်စဉ် (Second Modernity) ဆီ ကူးပြောင်းလာခြင်းလို့ သတ်မှတ်တယ်။ ဘက်ခ်ဆိုလိုခဲ့တဲ့ ပထမမော်ဒန် ဖြစ်စဉ်ဆိုတာက ၂၀ ရာစုရဲ့ လူမှုသီအိုရီတွေမှာ ကိုင်တွယ်အမည်တပ်ခဲ့ပြီးဖြစ်တဲ့ စက်မှုအရင်းရှင်စနစ်အခြေပြုလူ့အဖွဲ့အစည်းကို ပြောချင်တာ။ ပထမမော်ဒန်ဖြစ်စဉ်တုန်းက လူ့အဖွဲ့အစည်းတွေဟာ အစီအစဉ်ကျနမှုရှိတယ်၊ တည်ငြိမ်မှု ရှိတယ်။ တစ်ဖက်မှာ စက်မှုကုန်ထုတ်လုပ်ငန်းကို အခြေပြုထားပြီး အခြားတစ်ဖက်မှာ လူတန်းစားအခြေပြုနိုင်ငံရေးတွေ၊ နိုင်ငံတော်ဆိုင်ရာ နယ်နိမိတ် ကန့်သတ်ချက်တွေ၊ လူသားအမှတ်လက္ခဏာတွေဟာ သမာရိုးကျဆန်တဲ့ လူမှုအစီအစဉ်ထဲမှာ အံဝင်ခွင်ကျ ရှိနေခဲ့တယ်။ သို့သော် ဘက်ခ်ရဲ့ အဆိုအရတော့ ပထမမော်ဒန်ဖြစ်စဉ်ဟာ သူ့ဘာသာ ပြန်လည်ဖြိုခွဲဖျက်ဆီး လိုက်ပြီး

သူကိုယ်တိုင်မျှော်လင့်မထားတဲ့ လျင်မြန်မှုနဲ့အတူ ဒုတိယမော်ဒန် ဖြစ်စဉ်ထဲကို ကျရောက်သွားတယ်။ ဘက်ခ် ဖွင့်ဆိုခဲ့တဲ့ ဒုတိယမော်ဒန်ဖြစ်စဉ်ရဲ့ အရေးပါဆုံး ဝိသေသလက္ခဏာက စွန့်စားမှု (Risk) ပဲ။ ပထမမော်ဒန်ဖြစ်စဉ်ကနေ လမ်းခွဲထွက်လာတဲ့ မျက်မှောက်ခေတ်လူမှုဘဝအခြေအနေကို `စွန့်စားမှုအခြေပြုလူ့အဖွဲ့အစည်း' (Risk Society) လို့ ဘက်ခ်က အမည်ပေးတယ်။ စွန့်စားမှုအခြေပြုလူ့အဖွဲ့အစည်းရဲ့ ကျောထောက် နောက်ခံမှာက တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် လွှမ်းမိုးချုပ်ကိုင်ထားတဲ့ ဂလိုဘယ် အရင်းရှင်စနစ်ရှိတယ်။ Risk Society ဟာ ရှုပ်ထွေးမှုတွေနဲ့ ရစ်ပတ်နွယ်နေပြီး လူမှုဘဝနယ်ပယ်အသီးသီးတို့မှာ စွန့်စားမှုတွေ အနည်းနဲ့အများရယူထားရတယ်။ အထိန်းအကွပ် မဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွေကြောင့် ကမ္ဘာကြီးပူနွေးမှု၊ လေထုရေထုညစ်ညမ်းမှု စတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေ ရှိလာတယ်။ နျူကလီယလက်နက်စမ်းသပ်မှုလို လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်နိုင်တဲ့ အန္တရာယ်ပုံစံအသစ်တွေ တွေ့မြင်လာရတယ်။ သိပ္ပံပညာနယ်ပယ်မှာဆိုရင်လည်း သုတေသနနဲ့စမ်းသပ်မှုတွေမှာ လူသားတွေ သို့မဟုတ် တိရစ္ဆာန်တွေအသုံးပြုခြင်းလို ကိုယ်ကျင့်ရှုထောင့်အမြင်အရ အငြင်းပွားဖွယ်ရှိတဲ့ခေါင်းစဉ်တွေ ပေါ်လာတယ်။ ဒါကြောင့် နိုင်ငံပေါင်းစုံတို့ရဲ့ အစိုးရအသီးသီးတို့ဟာ ဂလိုဘယ်လိုက်ဇေးရှင်း လှိုင်းလုံးတွေကို ဘက်ပေါင်းစုံကစိန်ခေါ်လာတဲ့ ဘယ်လိုရင်ဆိုင်ဖြေရှင်းပြီး မိမိအကျိုးအမြတ် ရရှိမှုဆီရောက်အောင် ဘယ်လိုမျိုး ပုံစံပြောင်းလဲထုတ်ယူမလဲဆိုတာ အဖြေရှာရတော့မယ်။

ဘက်ခ်အနေနဲ့ ကွန်တမ်ပိုရာရီလူသားကမ္ဘာကို စွန့်စားမှုအခြေပြုလူ့အဖွဲ့အစည်း (Risk Society) လို့ အမည်ပေးရခြင်း အတွက် သူ့ဆီမှာ လုံလောက်တဲ့ကျိုးကြောင်းပြမှုရှိတယ်။ ပထမမော်ဒန်ဖြစ်စဉ်ရဲ့ ဘေးထွက်ဆိုးကျိုးရလဒ်တွေကို မျက်မှောက်ကမ္ဘာက ရင်ဆိုင်ဖြေရှင်း နေရတယ်လို့ ဘက်ခ်ကမြင်တာ။ အရင်းရှင်စီးပွားရေးစနစ်က ကမ္ဘာတစ်ဝှမ်းလုံး ခြုံလွှမ်းထားနိုင်တဲ့ ဂလိုဘယ်သဘောဆောင်နေပေမယ့် စီးပွားရေးပျက်ကပ်လို အခြေအနေဆိုးတွေ ဖြစ်တန်ချေ ကို အရင်းအနှီးပြုထားရတယ်။ တစ်ချိန်တည်းမှာ အရင်းရှင်စနစ်လက်တံတွေ ပိုမိုတွင်ကျယ်လာတာ မှန်ပေမယ့် လုပ်အားဈေးကွက်ကတော့ ပိုမိုကျဉ်းမြောင်းလာနေတယ်။ ကမ္ဘာကြီးပူနွေးလာမှုလို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာနဲ့ နျူကလီယအန္တရာယ်တွေ ကိုလည်း မျက်မှောက်ကမ္ဘာက ရင်ဆိုင်နေရတယ်။ ဒီလိုမျိုး စီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲတွေဟာ လူသားတွေရဲ့ လူမှုဆက်သွယ်ရေးပုံစံတွေအပေါ် အကျိုးသက်ရောက်မှု ဖြစ်စေမှာအမှန်ပဲ။ ၂၀ ရာစုတုန်းက အလုပ်သမားတစ်ယောက်ဟာ သူရယူထားတဲ့ အလုပ်အကိုင်တစ်ခုကို တစ်သက်တာပတ်လုံး ဆုပ်ကိုင်သွားနိုင်တယ်ဆိုတဲ့ လုပ်ငန်းခွင်ဆိုင်ရာ

အာမခံချက်မျိုး ရှိခဲ့သေးတယ်။ ၂၁ ရာစု မှာတော့ အလားတူအလုပ်အကိုင် လူမှုဘဝဆိုင်ရာ တည်ငြိမ်မှုကို မျှော်လင့်လို့မရတော့ဘူး။ ဂလိုဘယ်လိုက်ဇေးရှင်း ပါရာဒိုင်းတွေကြောင့်ဖြစ်ပေါ်တဲ့ လူမှုအပြောင်းအလဲတွေကို နောက်ထပ်အရှိန်အဟုန် မြှင့်ပေးလိုက်တာကတော့ သတင်းအချက်အလက်နည်းပညာ (Information Technologies) တွေရဲ့ကဏ္ဍပဲ။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုစာ အတွင်းမှာ အလွန်တရာမြန်ဆန်ကြီးထွားလာခဲ့တဲ့ အင်တာနက်အခြေပြု ဆက်သွယ်ရေးပုံစံတွေက သမာရိုးကျ လူမှုဆက်ဆံရေးပုံစံတွေကို အသွင်တစ်မျိုး ပြောင်းလဲ စေခဲ့တယ် ဆိုတာ ငြင်းလို့မရဘူး။ Facebook နဲ့ Twitter တို့လို လူမှုကွန်ယက်တွေ ပေါ်မလာခင်နဲ့ ပေါ်လာပြီး နှစ်အနည်းငယ်တို့အကြားမှာတောင် ဖြစ်ပေါ်လာတဲ့ လူမှုဆက်ဆံရေး အပြောင်းအလဲကွာဟမှုတွေက အလွန်သိသာထင်ရှားနေတယ်။ ပထဝီဝင်အနေအထားဆိုင်ရာ နေထိုင်မှုအရပ်ဒေသ၊ နိုင်ငံသားအမှတ်လက္ခဏာ စတာတွေ အကုန်ကျွတ်ကွာကျသွားခဲ့ပြီး သတင်းအချက်အလက်အခြေပြုကွန်ယက် တစ်ခုထဲမှာ ကမ္ဘာ့အရပ်ဒေသအသီးသီးတို့က လူမျိုးပေါင်းစုံတို့ဟာ တစ်ချိန်တည်းမှာ တစ်နေရာတည်းမှာ ပြောဆို ဆက်သွယ်ခွင့်တွေ ရလာကြတယ်။ ကမ္ဘာကြီး ကျဉ်းမြောင်းသွားခြင်းလို့တော့ ဆိုလို့ရချင်မှရလိမ့်မယ်။ ကိုယ်ပိုင်သီးသန့် ကမ္ဘာငယ်တွေအစား အခြားကမ္ဘာပေါင်းများစွာတို့နဲ့အချိတ်အဆက်ပြုထားတဲ့ ဆက်သွယ်ရေးကွန်ယက်ပုံစံသစ်တွေ ပွင့်ဟလာခဲ့ခြင်းလို့ဆိုရင် ပိုပြီးတိကျမှန်ကန်လိမ့်မယ်။ စပိန်လူမျိုး လူမှုသီအိုရီပညာရှင် မန်နူရယ်ကက်စတဲလ်စ် (Castells) ကတော့ ‘ကွန်ယက် လူ့အဖွဲ့အစည်း’ (Network Society) လို့ မျက်မှောက်ကမ္ဘာကို ခိုင်းနှိုင်းသုံးနှုန်းတယ်။ ကက်စတဲလ်စ်ရဲ့ တွေးခေါ်ပုံက စက်မှုခေတ်နှောင်းပိုင်းလူမှုပါရာဒိုင်းတွေဆီ ဦးတည်ထားတာ။ စက်မှုခေတ်မှာတုန်းက အရင်းရှင်စီးပွားရေးလည်ပတ်ပုံဟာ ကုန်ထုတ်လုပ်မှုအဓိကပြုပြီး လွှမ်းမိုးခြယ်လှယ်ခဲ့တဲ့သဘောပဲ။ စက်မှုခေတ်လွန် ကာလမှာတော့ ကုန်ပစ္စည်းတွေအစား အီလက်ထရောနစ်မီဒီယာတွေ အကူအညီနဲ့ သတင်းအချက်အလက်ထုတ်လုပ် ဖြန့်ဖြူးမှုဟာ ပိုမိုပဓာနကျလာတဲ့ဖြစ်စဉ် ဖြစ်လာခဲ့တယ်။ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ ကို ဒီအမြင်ရှုထောင့်က ဖွင့်ဆိုရင်တော့ စက်မှုခေတ် နေရာမှာ သတင်းအချက်အလက်နည်းပညာ ခေတ် အစားထိုး ဝင်ရောက်လာခြင်းပဲ။

ဂလိုဘယ်လိုက်ဇေးရှင်းကို ယဉ်ကျေးမှုဖြစ်စဉ်အဖြစ် ရှုမြင်ခြင်း

နောက်တစ်ချက်ထည်တွက်ဖို့လိုတာက ဂလိုဘယ်လိုက်ဇေးရှင်းဟာ ယဉ်ကျေးမှု ကဏ္ဍတွေမှာ ရော ဘယ်လောက်အထိအရေးကြီးတဲ့အပြောင်းအလဲတွေ ဖော်ဆောင် ပေးနိုင်သလဲ ဆိုတာပဲ။ ဝေါ်လာစတိန်းနဲ့ ဘောင်မန်းတို့လို ပညာရှင်တွေက ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ စီးပွားရေးဖြစ်စဉ် အပေါ် အသေးစိတ်ကျလေ့လာချက်တွေ ပြလုပ်ခဲ့တယ်။ ဘက်ခ်နဲ့ ဂစ်ဒင်းတို့ကလည်း လူမှုရေး နယ်ပယ်အတွင်း တွန်းတိုက်ရွေ့လျားသွားတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းပါရာဒိုင်းတွေကို သူတို့ရဲ့ လူမှုသီအိုရီတွေအတွင်း ထည့်သွင်းချဉ်းကပ်ခဲ့တယ်။ ထို့အတူ နောက်ထပ်မဖြစ်မနေ ကိုင်တွယ် ရမှာကတော့ ယဉ်ကျေးမှုဖြစ်စဉ်တစ်ခုအနေနဲ့ပဲ။ ဒီကွက်လပ်ကိုဖြည့်စွက်ပေးမယ့် အရေးအသားတွေကို ရိုလန်ရောဘတ်ဆင် (Robertson) တို့လို ကွန်တမ်ပိုရာရီယဉ်ကျေးမှုလေ့လာသူ သီအိုရီသမားတွေဆီမှာ တွေ့ရတယ်။ ရောဘတ်ဆင်က ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာဟာ လူမှုဘဝထဲက ရုပ်ဝတ္ထုပိုင်းဆိုင်ရာအပြောင်းအလဲတွေကိုချည်း ဆိုလိုတာ မဟုတ်ဘဲ လူသားရဲ့ တွေးခေါ်ပုံပြောင်းလဲမှုတွေအထိ ရည်ညွှန်းတယ်လို့ ဆိုတယ်။ အမြင်သာဆုံးသော ယဉ်ကျေးမှု ဆိုင်ရာဖွံ့ဖြိုးချက်ကတော့ `ဂလိုဘယ်ဆန်မှု (Globality) ဟာ လူတွေရဲ့ သိမှုအမြင်တွေထဲကို ဝင်ရောက်လာခြင်းပဲ။ ဂလိုဘယ်ဆန်မှုက ကမ္ဘာဆိုတာဟာ ခေါင်းမိုးစွန်း တစ်ခုအောက် ဆွဲချုံ့ယူထားတဲ့ တစ်ခုတည်းသော နေရာအဖြစ် မြင်လာစေတယ်။

ဂလိုဘယ်ဆန်မှုရဲ့ စိတ်ခံစားချက်ကို တစ်စုတစ်ပေါင်းတည်းမြင်တွေ့နိုင်တာက အိုလံပစ် အားကစားပြိုင်ပွဲနဲ့ ကမ္ဘာ့ဖလား တို့လို ကမ္ဘာ့နိုင်ငံအသီးသီးတို့ ပါဝင်ပြီး ကမ္ဘာတစ်ဝှမ်း ထုတ်လွှင့်ပြသနေတဲ့ ပွဲတော်တွေပဲ။ ယနေ့ခေတ်အခါမှာ ဒီလို တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်နေတဲ့ ပွဲတော်အစီအစဉ်တွေကို ကျင်းပရာနိုင်ငံဒေသတွေအထိ တကူးတကသွားရောက် ကြည့်ရှုနေဖို့မလို၊ နောက်တစ်နေ့ သတင်းစာတွေအထိ စောင့်မျှော်ဖတ်ရှုနေစရာမလိုဘဲ နောက်ဆုံးရ သတင်းမှန်သမျှ မိနစ်ပိုင်းနာရီပိုင်းနောက်ကျမခံရစေဘဲ အချိန်နဲ့တပြေးညီတည်းမှာ သိရှိနေနိုင်တယ်။ ကမ္ဘာဟာ ကွဲပြားတဲ့အရပ်ဒေသ အသီးသီးတို့ကို တစ်ပြိုင်တည်း ဆက်သွယ်ချိတ်ဆက်မှုပေးထားနိုင်တဲ့ တစ်ခုတည်းသော နေရာဒေသကြီးတစ်ခုနဲ့ အသွင်တူ သွား တယ်။ ရောဘတ်ဆင်အတွက်က အဆိုပါအတိုင်း

ဂလိုဘယ်ဆန်မှုဟာ လူသားတွေရဲ့ သိမြင်ပုံတွေထဲ ဝင်ရောက်လာတာနဲ့အမျှ ကမ္ဘာလောက အပေါ် သူတို့ရဲ့ ရှုမြင်ပုံတွေလည်း တစစကွဲပြားလာကြတယ်။ တသီးပုဂ္ဂလ ဖြစ်တည်မှုသည်ပင်လျှင် ကမ္ဘာမြေတစ်ခုတည်းပေါ်မှာ ဖြစ်တည်နေတဲ့ အခြားသူအားလုံး အခြားအရာအားလုံးတို့ဆီကို တစ်စုံတစ်ခုသော ဆက်သွယ်ချက် ၏မျိုးနဲ့ ထိစပ်ရစ်ပတ်နေသယောင် ခံစားချက်ကို ဂလိုဘယ်ဆန်မှုက ဖန်တီးပေးတယ်။ ဒီလိုပြောတော့ လူတိုင်းလူတိုင်းဟာ တွေးခေါ်မှုပုံစံခွက်တစ်ခုထဲမှာပဲ ကျရောက်နေတယ်လို့ အဓိပ္ပါယ်မရဘူး။ ပြောချင်တဲ့အချက်က ဂလိုဘယ်လိုက်ဇေးရှင်းဟာ လူမှုနံရံတွေကို ဖြိုလှဲပစ်ခဲ့တယ် လို့ဆိုရင် အပွင့်သဘောဆောင် သွားတဲ့ကမ္ဘာက ပိုမိုအပြော ကျယ်တဲ့ကွန်ယက်ကြီးတစ်ခုအဖြစ် အချိန်တွေ နေရာတွေ နယ်နိမိတ်တွေကို ကျော်လွှန် ဆက်သွယ်ပေးလိုက်တယ်။ လူသားတစ်ယောက်ဟာ သူ့အနေနဲ့ ယခင်ကလက်လှမ်းမမီနိုင်ခဲ့တဲ့ အခြားလူသားတွေဆီ ဆက်သွယ်ရောက်ရှိဖို့ အခွင့်အလမ်းပွင့်သွားတယ်။ ဒါကြောင့်လည်း လူတွေက သူတို့ရဲ့တွေးခေါ်ပုံအမြင်တွေ၊ တသီးပုဂ္ဂလဖြစ်တည်မှုတွေ၊ ကိုယ်ပိုင်အမှတ်လက္ခဏာ တွေကို သူတို့ထိတွေ့ဆက်သွယ်ခွင့်ရနေတဲ့ အခြားလူအုပ်စု တွေနဲ့ ချိန်ထိုးနှိုင်းယှဉ် ကြည့်တာမျိုးတွေ လုပ်လို့ရနေတယ်။ လူတွေအနေနဲ့ သူတို့ဟာ အပိတ်သဘောဆောင်တဲ့ နေရာဒေသအဝန်းအဝိုင်းလေးထဲမှာ သီးသီးသန့်သန့်ဖြစ်တည်နေကြတာဆိုတဲ့တွေးခေါ်ပုံကနေ ဝေးကွာလာကြတယ်။ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာတွေနဲ့ သတင်းမီဒီယာတွေရဲ့ အကူအညီကြောင့် သူတို့ဟာ သူတို့ချည်းမဟုတ်ဘူး၊ သူတို့လိုပဲ ကမ္ဘာပေါ်မှာရှိတဲ့ အခြားသော လူမှုအုပ်စုပေါင်းများစွာတို့ထဲက အုပ်စုတစ်ခုသာဖြစ်တယ်ဆိုတဲ့ သိမြင်မှုကို ဂလိုဘယ်လိုက်ဇေး ရှင်း က လမ်းဖွင့်ပေးလိုက်တယ်။

လူတွေရဲ့ ကိုယ်ပိုင်အမှတ်အသားတည်ဆောက်မှုမှာ ဂလိုဘယ်ဆန်မှုဆိုတဲ့ ရှုပ်ထွေးတဲ့ ဆက်သွယ်ချက် ပုံစံတစ်ရပ် ဝင်ရောက်လာတယ်။ လူတွေက ရပ်ကွက်တစ်ခု၊ မြို့နယ်တစ်ခု စတဲ့ ကျဉ်းမြောင်းတဲ့အစုအဖွဲ့ဒေသငယ်တွေကို ကျော်လွှန်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ချီတဲ့ လူမှုကွန်ယက်ကြီးတစ်ခုထဲမှာ သူတို့ကိုယ်ကိုယ်ချိတ်ဆက်ထားလို့ ရနေတယ်။ အဲဒီအခါမှာ အစဉ်အလာတွေးခေါ်ပုံတွေ အပြုအမူတွေဟာလည်း အထိုက်အလျောက်ပြောင်းလဲသွားကြ တယ်။ အစဉ်အလာအတိုင်းနားလည်လက်ခံလာခဲ့တဲ့ 'လူ့အဖွဲ့အစည်း' ဆိုတဲ့ အဓိပ္ပါယ် သတ်မှတ်ချက်မျိုးမှာ တည်ငြိမ်မှုတွေ ပုံသေဆန်မှုတွေ မရှိတော့ဘူး။ `ယဉ်ကျေးမှု' (Culture) ဆိုတာသည်လည်း ထိုနည်းလည်းကောင်းပဲ။ အမေရိကန်ယဉ်ကျေးမှု၊ တရုတ်ယဉ်ကျေးမှု၊ မြန်မာယဉ်ကျေးမှု စသဖြင့် ဆက်လက်သုံးစွဲနေလို့တော့ရတယ်၊ သို့သော် ဂလိုဘယ်လိုက်ဇေးရှင်း မှာတော့ ယဉ်ကျေးမှုဆိုတဲ့ဖွင့်ဆိုချက်ထဲကို

ဂလိုဘယ်ဆန်မှုက အနည်းနဲ့အများ ဝင်ရောက် လာပြီ။ ဒီတော့ကာ ယဉ်ကျေးမှုထုံးစံတစ်ရပ်ကိုချဉ်းကပ်ရာမှာ အဆိုပါယဉ်ကျေးမှုဟာ နယ်နိမိတ်တစ်ခုအတွင်းမှာ ဘယ်လိုဖန်တီးပုံသွင်းခံရသလဲ ကြည့်သလို အဲဒီနယ်နိမိတ်ကို ကျော်လွန်တဲ့ပြင်ပအနေအထားမှာရော ဘယ်လို ရှိနိုင်မလဲ သုံးသပ်ကြည့်စရာဖြစ်လာတယ်။ စဉ်းစားကြည့်မယ်ဆိုရင် မြန်မာပြည်တွင်းက အလှူခံမဏ္ဍပ်တွေမှာ အလွန်အမင်း ကျယ်လောင်တဲ့ ပမာဏနဲ့ အသံချဲ့စက် အသုံးပြုကြတဲ့ဖြစ်ရပ်ကို နမူနာယူကြည့်လို့ရတယ်။ ဒါဟာ ဘာသာရေးဆိုင်ရာယဉ်ကျေးမှုတစ်ရပ်၊ ဓလေ့ထုံးတမ်းတစ်ရပ်အဖြစ် အစဉ်အလာ ဖြစ်နေခဲ့တာမှန်တယ်၊ မြန်မာနိုင်ငံ ဆိုတဲ့နယ်နိမိတ်တစ်ခု လူ့အဖွဲ့အစည်းတစ်ခုအတွင်းတို့မှာ ကာလကြာရှည်တည်မြဲလာခဲ့တဲ့ ယဉ်ကျေးမှုပုံစံမျိုး ဖြစ်နေတာလည်းမှန်တယ်။ သို့သော် ယနေ့မှာတော့ အသံချဲ့ စက်ယဉ်ကျေးမှုကို ပြန်လည်ဖွင့်ဆိုတဲ့အခါ အစဉ်အလာ ဖြစ်ခြင်း၊ နှစ်ကာလကြာရှည်တည်ခဲ့ခြင်း စတာတွေက လုံလောက်တဲ့ ခုခံချေပချက်တွေဖြစ်လာမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုရင် လူတွေဆီမှာက ဂလိုဘယ်ဆန်မှုဟာ သူတို့ရဲ့ လက်ခံ သိမြင်ပုံတွေ တွေးခေါ်ပုံတွေကို ဝင်ရောက် လွှမ်းမိုးနေရာယူထားပြီးဖြစ်နေပြီ။ သူတို့ဟာ မြန်မာနိုင်ငံဆိုတဲ့ နယ်နိမိတ်ဘောင်တစ်ခုတည်းက ယဉ်ကျေးမှုစံနှုန်းတွေ အောက်မှာချည်း ပိတ်လှောင်ခံထားရသူတွေ မဟုတ်ကြတော့ဘူး။ မြန်မာနိုင်ငံနယ်နိမိတ်ဘောင်ကိုကျော်လွန်တဲ့ ဂလိုဘယ်အဆင့်က ယဉ်ကျေးမှုသတ်မှတ်ချက်တွေ ကိုလည်း အလွယ်တကူလက်လှမ်းမီ နေနိုင်တယ်။ လူတွေကို ဒါကတော့ဖြင့် ယဉ်ကျေးမှုဖြစ်တယ်ဆိုတဲ့ စကားနဲ့ အတင်းအကြပ် ချုပ်ကိုင်ထားလို့မရတော့ဘူး။ သူတို့က ဒါဟာ မြန်မာ့ယဉ်ကျေးမှုဖြစ်တယ်ဆိုတဲ့ သတ်မှတ်ချက် အမှတ်တံဆိပ်တွေမှာပဲ အလိုက်သင့်လက်ခံကျေနပ်သွားကြမှာ မဟုတ်ဘူး။ ယနေ့ ဖွံ့ဖြိုး တိုးတက်မှု အထွတ်အထိပ်ရောက်နေတဲ့ နိုင်ငံတွေကိုအသာထားဦးတော့၊ သူတို့နဲ့နီးစပ်မှုရှိတဲ့ အိမ်နီးချင်းအနီးအနားနိုင်ငံတွေမှာတောင် အသံချဲ့စက်ယဉ်ကျေးမှုလို အရာမျိုးက အများပြည်သူ ကို အနှောင့်အယှက် ပြုခြင်းအဖြစ် လက်ခံသတ်မှတ်ထားကြတာကို သူတို့သိနေတယ်။ ယဉ်ကျေးမှုနဲ့ဆန့်ကျင်စွာပဲ ဒါဟာမယဉ်ကျေးတဲ့ အပြုအမူဖြစ်တယ်။ လမ်းဆုံလမ်းခွတွေမှာ အသံချဲ့စက်တွေကျယ်လောင်စွာအသုံးပြုဖို့ မဆိုထားနဲ့၊ အိမ်နီးနား တဝိုက်မှာတောင် ပတ်ဝန်းကျင်ကိုအနှောင့်အယှက်ဖြစ်စေသည်အထိ ဆူညံမှု ပြုလုပ်ခြင်းက သက်ဆိုင်ရာကို တိုင်ကြားခွင့်ရှိတဲ့ အသေးစား ပြစ်မှုတစ်ခုပဲ။ ဒီနေရာမှာတော့ ယဉ်ကျေးဖွယ်ရာမှုဆိုတာက လူအများရဲ့ လွတ်လပ်မှုကို လေးစားပေးခြင်းဖြစ်တယ်။ လူတစ်ယောက်ဟာ နေမကောင်းလို့ စိတ်လက်မကြည်မသာ ဖြစ်နေတာ ရှိကောင်းရှိမယ်၊ ဒါမှမဟုတ်

စာရေးစာဖတ်ခြင်းလို အာရုံစူးစိုက် ရတဲ့ အရာတစ်ခု လုပ်ကောင်းလုပ်နေမယ်၊ ဒါမှမဟုတ် အားလပ်ချိန်မှာ အိပ်စက်အနားယူနေတာ ဖြစ်ကောင်းဖြစ်မယ်။ အဲဒီအချိန်မှာ အသံချဲ့ စက်ကျယ်လောင်စွာ အသုံးပြုခြင်းလိုအပြုအမူက လူတစ်ဦးတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို ထိပါးနှောင့်ယှက်တာပဲ။ ဒေသဆိုင်ရာ (Local) အဆင့်မှာတော့ ဒါကို ယဉ်ကျေးမှုလို့လက်ခံချင်လက်ခံကြမယ်၊ သို့သော် ဂလိုဘယ်(Global) အဆင့်မှာတော့ ဒါဟာ မယဉ်ကျေးမဖွယ်ရာတဲ့ အပြုအမူဖြစ်တယ်။ လွန်ခဲ့တဲ့ရာစုနှစ်တစ်ခုတုန်းက မြန်မာပြည်အနေအထားဆိုရင်တော့ ဘယ်လောက်ထိအောင် ပတ်ဝန်းကျင်ကိုအနှောင့်အယှက်ပြုပြု ဒါဟာ ပြဿနာတစ်ရပ်ဖြစ်လာမှာမဟုတ်ဘူး။ သို့သော် ယနေ့မှာတော့ လူတွေက ဒါကို မနှစ်မြို့ဖွယ်ရာအလေ့အထ အဖြစ် ဆန့်ကျင်လိုတဲ့ အမြင်တွေ ရှိလာကြပြီ။ သူတို့ရဲ့တွေးခေါ်ပုံတွေကို မြန်မာ့ယဉ်ကျေးမှုဆိုတာ တစ်ခုတည်းနဲ့ ကန့်သတ်ထားလို့ မရတော့ဘူး။ စင်ကာပူမှာ ဒါမျိုးလုပ်ခွင့်ရှိသလားလို့ သူတို့ မေးမယ်၊ ဂျပန်နိုင်ငံမှာ ဒါမျိုးလုပ်လို့ရသလား သူတို့မေးမယ်။ နိုင်ငံတကာစံတွေမှာ မယဉ်ကျေးတဲ့အပြုအမူဖြစ်နေတဲ့ အလေ့အထဟာ ဘာကြောင့်များ သူတို့ရဲ့ နေ့စဉ်ဘဝထဲကို ဝင်ရောက်နှောင့်ယှက်ခွင့် ရှိနေတာလဲလို့ သူတို့တွေးမယ်။ ဒါဟာ ယဉ်ကျေးမှုအပေါ်သူတို့ရဲ့ ဖွင့်ဆိုချက်မှာ တစ်နည်း တစ်ဖုံအားဖြင့် ဂလိုဘယ်ဆန်တဲ့သဘောပါလာခြင်းပဲ။ ဒါဟာ မြန်မာနိုင်ငံပဲ မြန်မာ့ယဉ်ကျေးမှုပဲ ဆိုတဲ့ သိမှုအကန့်အသတ်ဘောင်ကကျော်ပြီး အခြားနိုင်ငံတွေမှာဆိုရင်ရော ဆိုတဲ့ ပြန်လည် မေးခွန်းထုတ်မှုသဘောရှိလာတယ်။ အင်တာနက်ပေါ်က သတင်းတစ်ပုဒ်မှာ အခြားနိုင်ငံ တစ်ခုဆီက ဖြစ်ရပ်မှာ ကျယ်လောင်ဆူညံစွာသီချင်းဖွင့် ကခုန်တဲ့အတွက် အိမ်နီးချင်းတွေရဲ့ တိုင်ကြားမှုကြောင့် သက်ဆိုင်ရာရဲများလာရောက် သတိပေးတားမြစ် ဆိုတဲ့ ခေါင်းစဉ်မျိုး ဖတ်လိုက်ရရင် သူတို့ကြုံနေရတဲ့အခြေအနေနဲ့နှိုင်းယှဉ်ပြီး ပိုလို့တောင် စိတ်မကျေနပ်ချက် ကြီးထွားလာလိမ့်ဦးမယ်။ လူသားတွေရဲ့တွေးခေါ်ပုံမှာ ဂလိုဘယ်ဆန်မှုပိုမိုဝင်ရောက်ခြင်းက ကျိုးကြောင်းဆီလျော်မှုမရှိဘဲ အမြစ်တွယ်လာတဲ့ ယဉ်ကျေးမှု ထုံးတမ်းစံနှုန်း တွေဟာ အနာဂတ်မှာ တဖြည်းဖြည်းချင်း ဆန့်ကျင်စိန်ခေါ်ခံလာရလိမ့်မယ် ဆိုတဲ့ အရိပ်အယောင် တစ်ခုလည်းပဲ ဖြစ်တယ်။

ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ဆက်စပ်တဲ့ ယဉ်ကျေးမှုဆိုင်ရာ နောက်ထပ်အသုံးအနှုန်းတစ်ခုကတော့ `လူမှုနယ်နိမိတ် ဘောင်များ ပြယ်ပျက်မှု' (Deterritorialization) ပဲ။ ဒီဝေါဟာရရဲ့ ဖွင့်ဆိုမှုက ယဉ်ကျေးမှုဆိုတာဟာ လူမှုဆိုင်ရာနဲ့ ပထဝီဆိုင်ရာ နယ်မြေကန့်သတ်ချက်တွေပေါ်မှာ မမှီတည်တော့ဘူးလို့ အဓိပ္ပါယ်ရတယ်။ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ် အတွင်းမှာ ယဉ်ကျေးမှုပုံစံ တွေက နယ်မြေအကန့်အသတ်ပါဝင်တဲ့ပိတ်လှောင်မှုတွေဆီက

လျှော့ထွက်လာခဲ့ တယ်။ ယဉ်ကျေးမှု တစ်ခုဟာ မူလစတင်ပေါက်ဖွားရာအရပ်ဒေသမှာပဲ စွဲမြဲစွာခြေကုပ်ယူနေတာမျိုး မဟုတ်တော့ဘဲ မိုင်ပေါင်းများစွာကွာဝေးတဲ့အရပ်ဒေသတွေမှာ သွားရောက်အခြေတည်တာမျိုးလည်း ဖြစ်နိုင် တယ်။ လူငယ်တွေအကြား ပျံ့နှံ့နေတဲ့ ဟစ်ဟော့ပ်ယဉ်ကျေးမှု၊ ပန့်ခ်ယဉ်ကျေးမှု စတဲ့ လှုပ်ရှားမှုတွေဟာ သူတို့ရဲ့ မူလအရပ်ဒေသတွေအပြင် အလွန်အမင်းအလှမ်းကွာတဲ့ ကမ္ဘာ့အရပ် ဒေသအသီးသီးတို့မှာ ရှင်သန်ဖြစ်ထွန်းနေနိုင်တာ ဒီသဘောပဲ။ ယနေ့မှာ ဆိုရင်လည်း ကိုရီးယား ပေါ့ပ် ယဉ်ကျေးမှုဟာ အခြားအာရှနိုင်ငံအများအပြားတို့အထိ အရှိန်အဟုန်ပြင်းပြင်း ရိုက်ခတ် လွှမ်းမိုးလာတာဟာ ယဉ်ကျေးမှုကူးပြောင်းဖြစ်စဉ်ရဲ့ ပုံစံတစ်မျိုးလို့ ဆိုနိုင်တယ်။ ဒီလို ယဉ်ကျေးမှု ကူးပြောင်းဖြစ်စဉ်တွေ တွင်ကျယ်လာမှုအပေါ် မကြာခဏဆိုသလို ဝေဖန်ထောက်ပြ မှုတွေလည်း မနည်းလှဘူး။ အဓိကအချက်ကတော့ ယဉ်ကျေးမှုကူးပြောင်းဖြစ်စဉ်ဟာ ယဉ်ကျေးမှုတစ်ရပ်ရဲ့ ထိုးဖောက်နယ်ချဲ့မှု (Cultural Imperialism) အသွင် အလုပ်လုပ်ပုံနဲ့ နီးစပ်မှုရှိနိုင်သလားဆိုတဲ့ စိုးရိမ်ပူပန်မှုပဲ။ ကူးပြောင်းရောက်ရှိလာတဲ့ယဉ်ကျေးမှုအသစ်တွေဟာ မူလရှိနေနှင့်ပြီးသား ယဉ်ကျေးမှုပုံစံဟောင်းတွေအပေါ် ခြယ်လှယ်လွှမ်းမိုးသွားနိုင်သလားဆိုတဲ့ အငြင်းအခုံတွေလည်း တွေ့ရတယ်။ အထူးသဖြင့် ဝေါလာစတိန်းရဲ့ 'ကမ္ဘာ့စနစ်' (World-system) အယူအဆအထိ ပြန်သွားကြည့်ရင် အမေရိကန်ပြည်ထောင်စုလို 'ဗဟိုချက်'နိုင်ငံ တွေဟာ မီဒီယာထုတ်ကုန် အများဆုံးထုတ်လုပ်ပို့ချနိုင်တဲ့နိုင်ငံတွေ ဖြစ်တယ်။ အနောက်ကမ္ဘာရဲ့ မီဒီယာကော်ပိုရေးရှင်းတွေက တင်ပို့လိုက်တဲ့ ပေါ့ပ်ယဉ်ကျေးမှုနဲ့ ရုပ်သံစီးရီးစ်တွေဟာ ယဉ်ကျေးမှုပုံစံတွေအဖြစ် 'ပြင်ပအလွှာ' နဲ့ 'ထပ်ဆင့်ပြင်ပအလွှာ' နိုင်ငံတွေမှာရှိတဲ့ ဒေသခံမီဒီယာတွေထဲကို အလုံးအရင်း ဝင်ရောက်လာနိုင်တယ်။ ဒါကြောင့် ယဉ်ကျေးမှု သက်သက်အရ ရှုမြင်ရင်ပဲ ဂလိုဘယ်စီပွားရေးလူမှုရေး ဖြစ်စဉ်မှာပါဝင်တဲ့ `ဗဟိုချက်' နိုင်ငံတွေဟာ ကျန်တဲ့အခြားကမ္ဘာ့နိုင်ငံတွေအပေါ် ယဉ်ကျေးမှုဆိုင်ရာလွှမ်းမိုးပို့ချမှုတွေ ပြုလုပ်ဖို့ အားသာချက်ရှိနေတာဖြစ်တယ်။ ဒီလိုမျိုး `ဗဟိုချက်'နိုင်ငံတွေရဲ့ ကမ္ဘာတစ်လွှားလွှမ်းမိုးနိုင်မှုကာ မီဒီယာ နယ်ပယ်မှာတင်မကဘူး၊ စားသုံးသူဝါဒနဲ့ဆက်စပ်တဲ့ ကုန်ပစ္စည်းအမှတ်တံဆိပ်တွေ အထိလည်း ပါဝင်တယ်။ တစ်ကမ္ဘာလုံးဆိုင်ရာသဘော အသိအမှတ်ပြုခံရတဲ့ ကိုကာကိုလာ၊ လီဗိုက်စ်၊ ဆိုနီ စတဲ့ စားသောက်ကုန်နဲ့ အခြားကုန်ပစ္စည်းအမှတ်တံဆိပ်တွေဟာ သီခြားဆန်ပါတယ်ဆိုတဲ့ ကမ္ဘာ့အရပ်ဒေသ အစိတ်အပိုင်းတွေအထိပျံ့နှံ့နိုင်တာ အမှန်ပဲ။ "အောက်ဘာဗာရီယာရဲ့ ကျေးရွာတွေကစလို့ ကာလကတ္တား၊ စင်ကာပူ သို့မဟုတ် ရီယိုဒီဂျနေရိုးရဲ့ ဆင်းရဲသားရပ်ကွက်တွေ အထိလည်း လူတွေဟာ Dallas ရုပ်သံစီးရီးစ် ကြည့်တယ်၊ ဂျင်းဘောင်းဘီ အပြာဝတ်တယ်၊

မာလ်ဘိုရိုလ်ဆေးလိပ်သောက်တယ်” လို့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ရဲ့ ကုန်ပစ္စည်းအမှတ်တံဆိပ် ယဉ်ကျေးမှုကို ဘက်ခ်က ဖွင့်ဆိုခဲ့တယ်။ ဒါကို ယူနီဗာဆယ်သဘောဆောင်လာတဲ့ ကမ္ဘာ့လုံးဆိုင်ရာယဉ်ကျေးမှုပြယုဂ် တစ်ခုလို့ သတ်မှတ်လို့ရတယ်။ ဒါမှမဟုတ် ဂလိုဘယ်လိုက်ဇေးရှင်းဟာ ယဉ်ကျေးမှု အားလုံးတို့ အပေါ် စစ်ကြေညာပြီး သူ့ရဲ့ သီးခြားယဉ်ကျေးမှုအသစ်တစ်ရပ်နဲ့ ခြယ်လှယ်လွှမ်းမိုးလာတာလို့ ငြင်းခုံလို့လည်းရတယ်။ သို့သော်ငြားလည်း ရက်ဒီကယ် ဝေဖန်ရေးသမားတွေ ဆန့်ကျင် ရှုတ်ချနေသလိုမျိုး ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာကို ယဉ်ကျေးမှုနယ်ချဲ့ ဝါဒသက်သက်အဖြစ် ရှုမြင်ဖို့တော့ခက်တယ်။ အနောက်တိုင်းယဉ်ကျေးမှု၊ အနောက်တိုင်းစားသုံးသူဝါဒ စတာတွေဟာ ကမ္ဘာ့နိုင်ငံအများအပြားရဲ့ ယဉ်ကျေးမှုတွေဆီ ဝင်ရောက်လွှမ်းမိုးတယ်ဆိုတဲ့ ဝေဖန်ချက်မျိုးဟာ ခြေမြစ်ခိုင်မာမှုမရှိဘူး။ မီဒီယာတွေဆီက စိမ့်ဝင်ပျံ့နှံ့လာတဲ့ အနောက်တိုင်းယဉ်ကျေးမှုတွေမှာက သူတို့ရဲ့ ကောင်းကျိုးကောင်းကွက် သက်သက်ချည်းမဟုတ်ဘဲ နောက်ဆက်တွဲဆိုးကျိုးတွေပါ တစ်ဆက်တည်းတွဲကပ်ပါလာတာကြောင့်ပဲ။ နိုင်ငံပေါင်းများစွာတို့မှာ ဆိုင်ခွဲပေါင်းများစွာတို့နဲ့ တွင်တွင်ကျယ်ကျယ်မြင်တွေ့နေရတဲ့ `မက်ဒေါ်နယ်’ လို အမြန် စားသောက်လုပ်ငန်းတွေဟာ အမေရိကန် စားသောက်ကုန်ယဉ်ကျေးမှုရဲ့ လွှမ်းမိုးနိုင်စွမ်းကိုပြသနေတဲ့ လက္ခဏာ ဖြစ်ကောင်း ဖြစ်လိမ့်မယ်။ သို့သော် Junk Food လို့ခေါ်ဆိုတဲ့ ကျန်းမာရေးနဲ့ ညီညွတ်မှုမရှိတဲ့ အမြန်စားသောက်ဖွယ် တွေကြောင့်ဖြစ်ပေါ်လာတဲ့ အမေရိကန်လူမျိုးတွေအကြား အဝလွန်မှု (Obesity) ပြဿနာဟာလည်း `မက်ဒေါ်နယ်� အမှတ်တံဆိပ်နဲ့အတူ ယှဉ်တွဲပါလာပြီးသားပဲ။ လူတွေဟာ မက်ဒေါ်နယ်ဆိုတဲ့ အမေရိကန်ယဉ်ကျေးမှုအမှတ်တံဆိပ် အပြင်ကို အဆိုပါ အမှတ်တံဆိပ်နဲ့ ဆက်စပ်နေတဲ့ ကျန်းမာရေးပြဿနာတွေ ကိုလည်း အလိုလို မြင်တွေ့ နေရတယ်။ မက်ဒေါ်နယ်ကို ယဉ်ကျေးမှုပြယုဂ်တစ်ခုအဖြစ် ယူရင်တောင်မှ ‘ခေတ်မီသူတိုင်း မက်ဒေါ်နယ်စားကြသည်’ ဆိုပြီး တစ်ဖက်စောင်းနင်းလွှမ်းမိုးဖော်ပြတာမျိုး လုပ်လို့မရတော့ဘူး။ မက်ဒေါ်နယ်လို အစားအသောက်တွေ အလွန်အကျွံ မှီဝဲမှုရဲ့ နောက်ဆက်တွဲ အခြေအနေတွေဟာလည်း ယဉ်ကျေးမှုကူးပြောင်းဖြစ်စဉ်ထဲမှာ ပါဝင်လာတာဖြစ်လို့ပဲ။

ဒါကြောင့် လွှမ်းမိုးကြီးစိုးဆဲဖြစ်တဲ့ ကမ္ဘာ့ယဉ်ကျေးမှုအမှတ်တံဆိပ် တွေဟာ ဒေသခံ ယဉ်ကျေးမှုတွေကိုဖြိုခွဲပြီး အလုံးစုံ ဝင်ရောက်အစားထိုးဖို့ဆိုတာဟာ မဖြစ်နိုင်ဘူး။ ယဉ်ကျေးမှု အသစ်တစ်ခုက နယ်မြေဒေသအသစ်တစ်ခုအတွင်း ချဉ်းနင်းဝင်ရောက်လာတဲ့အခါ အဆိုပါ နယ်မြေဒေသမှာ ရှိနေနှင့်ပြီးသား လူမှုရေးနောက်ခံ ယဉ်ကျေးမှုနောက်ခံတို့ကို ဖြတ်သန်းရတယ်။ ဂလိုဘယ်ယဉ်ကျေးမှုဟာ ဒေသခံယဉ်ကျေးမှု (Local Culture) တွေကို လုံးဝဥဿုံ

ပစ်လိုက်တာမျိုး မလုပ်နိုင်ဘူး။ တည်ဆဲဖြစ်တဲ့ယဉ်ကျေးမှုတွေနဲ့ သူ့နည်းသူ့ဟန် ရောနှောပြီးမှ သာ ဂလိုဘယ်သဘောနဲ့ဒေသခံသဘော နှစ်မျိုးစလုံးပေါင်းစပ်ထားတဲ့ ယဉ်ကျေးမှု ဟိုက်ဘရစ် ပုံစံတစ်မျိုး ပေါ်ထွက်လာတယ်။ ဥပမာတစ်ခု ထုတ်ပြရမယ်ဆိုရင် ဟစ်ဟော့ပ်ယဉ်ကျေးမှုဆိုတာ အမေရိကရဲ့ အာဖရိကန်-အမေရိကန် လူမည်းတွေဆီက စတင်လာတာဖြစ်တယ်။ လူမည်းတွေရဲ့ လူမျိုးရေးခွဲခြား ဆက်ဆံခံရမှုတွေ၊ ဖိနှိပ်ခံရမှုတွေနဲ့ များစွာဆက်စပ်မှုရှိနေတဲ့ လူမည်းဂီတ အမျိုးအစားတစ်ခုပဲ။ သို့သော် ဟစ်ဟော့ပ်ဟာ အမေရိကအပြင် ဥရောပနဲ့အာရှအပါအဝင် တစ်ကမ္ဘာလုံးတို့အထိ အရှိန်အဟုန်ပြင်းပြင်း ကူးပြောင်းရောက်ရှိလာခဲ့တယ်။ ဒီယဉ်ကျေးမှု ကူးပြောင်းဖြစ်စဉ်ကိုကြည့်ရင် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ သဘောသဘာဝကို တီးခေါက်မိ နိုင်တယ်။ အာရှနိုင်ငံတွေမှာဆိုရင် အမေရိကလိုမျိုး လူဖြူလူမည်းကွဲပြားမှု မရှိဘူး၊ ဒါကြောင့် အသားအရောင်နဲ့ပတ်သက်တဲ့ လူမျိုးရေးခွဲခြားမှုပြဿနာတွေလည်း မရှိဘူး။ အကယ်၍သာ အာရှတိုက်ဟာ လူမည်းတွေအများဆုံးနေထိုင်တဲ့ အရပ်ဒေသဖြစ်ခဲ့မယ်ဆိုရင် အမေရိကဆီက လူမည်းဂီတဟာ သူတို့လူမျိုးတူတွေ စုဝေးရာဆီ ပေါက်ရောက်ပျံ့နှံ့လာခဲ့တာကို အလွယ်တကူ နားလည်လို့ရတယ်။

သို့သော် လူမည်းလူဦးရေမရှိတဲ့ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်ဝမ်၊ မြန်မာ၊ အင်ဒိုနီးရှား စသဖြင့် အာရှနိုင်ငံတွေမှာလူမည်းဂီတဟာ ဘာကြောင့်များ ရှင်သန်ပေါက်ဖွားလာခဲ့သလဲ ဆိုတာ တွေးဆကြည့် ဖို့ကောင်းတယ်။ အမေရိကနဲ့အာရှတို့ဟာ ရေခံမြေခံမတူဘူး၊ ယဉ်ကျေးမှုချင်း မတူသလို လူမှုရေးနိုင်ငံရေးနောက်ခံတွေလည်း ကွဲပြားကြတယ်။ ဒါဆိုရင် ဘာကြောင့်များ လူမည်းဂီတဖြစ်တဲ့ ဟစ်ဟော့ပ်ယဉ်ကျေးမှုက ကုန်းမြေနယ်နိမိတ်သစ်တစ်ခုဆီ ကျော်လွှန်ပြီး ခိုင်မာအားကောင်းစွာနဲ့ အမြစ်တွယ်နိုင်ခဲ့တာလဲ။ ဒါကို အနောက်ပုံစံပြုခြင်း၊ ဒါမှမဟုတ်ရင် အမေရိကန်နိုက်ဇေးရှင်းစသဖြင့် ခပ်လွယ်လွယ်ခေါင်းစဉ်တပ်လိုက်ရင် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ယဉ်ကျေးမှုကူးပြောင်းဖြစ်စဉ်ဆိုင်ရာသဘောသဘာဝကို အပေါ်ယံဆန်ဆန်အကဲဖြတ်သလို ဖြစ်နေလိမ့်မယ်။ အမေရိကန်မဟုတ်တဲ့ အခြားသောကမ္ဘာ့နိုင်ငံတွေမှာ ဟစ်ဟော့ပ်ရေစီးကြောင်း ဖြစ်ထွန်းနိုင်ခဲ့တာက ယဉ်ကျေးမှုပုံစံတစ်ရပ်ဟာ တည်ဆဲဖြစ်တဲ့ ဒေသခံ ယဉ်ကျေးမှုတွေနဲ့ ပေါင်းစပ်ပြီးမှ လိုအပ်သလိုပြုပြင်ယူထားတဲ့ ဟိုက်ဘရစ်ယဉ်ကျေးမှုတစ်ရပ် အသွင်အသွင် ပြောင်းလဲမှုပြုနိုင်ခဲ့တာကြောင့်ပဲ။ တစ်နည်းအားဖြင့်တော့ ဂျပန်နည်း ဂျပန်ဟန် မြန်မာနည်း မြန်မာဟန် စသဖြင့် ဒေသခံလူမှုရေးအခြေအနေတွေနဲ့ ပေါင်းစပ်ရောနှောထားတဲ့ ဟစ်ဟော့ပ်ပုံစံ တွေကို တည်ဆောက်ယူနိုင်ခဲ့လို့ပဲ။ ဒါဟာ

ဂလိုဘယ်လိုက်ဇေးရှင်းဆိုင်ရာ ယဉ်ကျေးမှုဖြစ်စဉ်ရဲ့ အရေးပါတဲ့အစိတ်အပိုင်းတစ်ခုလို့လည်း ဆိုရလိမ့်မယ်။

The Media and Modernity (1995) ကို ရေးသားထုတ်ဝေခဲ့တဲ့ ဂျွန် ဘီ သွမ်ပ်ဆင် (Thompson) တို့လို ယဉ်ကျေးမှုသီအိုရီသမားတွေထောက်ပြကြတာက မီဒီယာတွေကတစ်ဆင့် ကူးပြောင်း ဝင်ရောက်လာတဲ့ ယဉ်ကျေးမှုပုံစံတွေဟာ အခြားနိုင်ငံတစ်နိုင်ငံရဲ့ ဒေသခံပရိသတ်ဆီ ရောက်တဲ့အခါမှာတော့ ကွဲပြားတဲ့ယဉ်ကျေးမှု အသွင်အပြင်သစ် တစ်မျိုးအဖြစ် အနက် ပြန်ဆိုခံရတာတွေ ရှိနိုင်တယ်ဆိုတာပဲ။ ဒေသခံပရိသတ်တွေက သူတို့နဲ့စပ်ဆိုင်နေတဲ့ သိမှုဆိုင်ရာ ပို့ချချက်တွေ၊ တန်ဖိုးတွေ၊ စံနှုန်းတွေ၊ အိုင်ဒီယိုလိုဂျီတွေကမှတစ်ဆင့် သူတို့ဆီကူးစက်လာတဲ့ ယဉ်ကျေးမှုပုံစံကို တမူထူးခြားတဲ့ဖွင့်ဆိုချက်တွေနဲ့ အဓိပ္ပါယ်ကောက်ယူတယ်။ မီဒီယာလေ့လာချက်ဆိုင်ရာသီအိုရီသမားတစ်ဦးဖြစ်တဲ့ ဂျွန်တွမ်လင်ဆန် (Tomlinson) ကလည်း တင်ပို့လာတဲ့မီဒီယာထုတ်ကုန်တွေဟာဒေသဆိုင်ရာအနက်ပြန်ဆိုမှုတွေအလိုက် အမျိုးမျိုးအသွင်ပြောင်းလဲသွားကြတယ်လို့ ဆိုခဲ့တယ်။

ဒါကြောင့် ဂလိုဘယ်လိုက်ဇေးရှင်းကို ယဉ်ကျေးမှုဖြစ်စဉ် အဖြစ်ရှုမြင်မယ်ဆိုရင် ဒါဟာ ယဉ်ကျေးမှုနယ်ချဲ့ ဝါဒပါလို့ အလွယ်တံဆိပ်ကပ်လိုက်တာထက်စာရင် ကူးပြောင်း ရောက်ရှိလာတဲ့ ယဉ်ကျေးမှုတွေဟာ အရပ်ဒေသတစ်ခုရဲ့ ယဉ်ကျေးမှုနောက်ခံကို ဘယ်လို စိမ့်ဝင်ဖြတ်သန်းပြီး ဘယ်လိုအသွင်ပြောင်းလဲမှုကြုံရသလဲ၊ တည်ဆဲဖြစ်တဲ့ နိုင်ငံဆိုင်ရာနဲ့ ဒေသဆိုင်ရာ ယဉ်ကျေးမှုအမှတ်အသားတွေကိုရော ဘယ်လောက်အတိုင်းအတာ လွှမ်းမိုး ပြောင်းလဲပစ်လိုက်သလဲ၊ နောက်ဆုံးမှာ ဘာတွေကများ အဆိုပါယဉ်ကျေးမှုပုံစံကို နယ်ပယ်သစ် တစ်ခုထဲမှာ ခြေကုပ်ယူနိုင်ခွင့်ရသွားသည်အထိ မြဲမြံ အားကောင်းစေခဲ့တာလဲ စတဲ့ အချက်အလက်တွေအထိ လက်လှမ်းမီရောက်ရှိတာမျိုးဖြစ်စေသင့်တယ်။

နိဂုံးချုပ်ရရင်တော့ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ဆယ်စုနှစ်အလွန်လူမှုအခင်းအကျင်းသစ်တွေ ဆီ မျှော်ကြည့်ဖို့အတွက် အရေးပါတဲ့ မှတ်တိုင်တစ်ခုပဲ။ ဒီစာအုပ်မှာဆိုရင် ဖရန့်ဖွတ်ကျောင်းတော် ကစလို့ ဂလိုဘယ်လိုက်ဇေးရှင်းလူမှုအရွေ့ အထိ မျက်မှောက်ခေတ် လူသားကမ္ဘာနဲ့ တစ်နည်း မဟုတ်တစ်နည်းထိစပ်နေတဲ့ ကွန်တမ်ပိုရာရီလူမှုသီအိုရီအယူအဆ တော်တော်များများတို့ကို မိတ်ဆက်တင်ပြခဲ့တယ်။ စာအုပ်ကိုဖတ်ရှုနေစဉ်တစ်လျှောက်မှာလည်း လူမှုသီအိုရီတွေရဲ့ ယေဘုယျအကျဆုံးနဲ့ ရုပ်ကြွမ်းအဆန်ဆုံးအဆင့်က ညီမျှမှုမရှိတဲ့ လူမှုဆိုင်ရာ ဆက်သွယ်ချက်တွေရဲ့ ဖိနှိပ်မှု၊ လွှမ်းမိုးမှု၊ ခြယ်လှယ်ပုံသွင်းမှုတွေကို ထိတွေ့ လေ့လာဖို့ ကြိုးစားတာဖြစ်ကြောင်း အထိုက်အလျောက်

သဘောပေါက်နားလည်ခဲ့ပြီး ဖြစ်လိမ့်မယ်။ လူမှုသီအိုရီတွေက လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ အနက်ရှိုင်းဆုံးလူမှုဆက်သွယ်ချက်တွေရဲ့ အခြေခံသဘောနဲ့အလုပ်လုပ်ပုံတို့ကို ဖော်ထုတ်တာဖြစ်သလို တစ်ဖက်မှာလည်း သူ့ရဲ့လားရာလမ်းကြောင်းက အလွန်အမင်း နိုင်ငံရေးဆန်တယ်။ လွန်လေပြီးတဲ့ ရာစုနှစ်တွေ အတွင်းမှာ လူမှုသီအိုရီပညာရှင်ပေါင်းများစွာတို့ဟာ လူမှုဗေဒနယ်ပယ်မှာတင်မက နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စတဲ့ နယ်ပယ်အသီးသီးတို့ကို အများအပြား အကျိုးပြု ထည့်ဝင်တာတွေ၊ လွှမ်းမိုးတာတွေ လုပ်နိုင်ခဲ့ကြတယ်။ အဒေါ်နို၊ ရိုလန်ဘာ့တ်၊ မီရှယ်ဖူးကိုး၊ ဒီရီဒါတို့ရဲ့ သီအိုရီတွေ ဟာဆိုရင် ဖိနှိပ်ချုပ်ခြယ်မှုနဲ့လွတ်လပ်မှုတို့အပေါ် ဖွင့်ဆိုချက်ပေးတဲ့ ယနေ့ ကွန်တမ်ပိုရာရီ နိုင်ငံရေးအယူအဆတွေမှာ လွှမ်းမိုးမှုရှိနေဆဲပဲဖြစ်တယ်။ ထို့အတူ ဇစ်မွန့်ဘောင်းမန်း၊ အူးရစ်ရှ်ဘက်ခ်၊ ဖရက်ဒရစ်ဂျိမ်ဆင်၊ ဟားဘားမက်စ်၊ ယူလီယာခရစ္စတီဗာ တို့လို သီအိုရီပညာရှင်တွေဟာ သူတို့ရဲ့ ဘဝသက်တမ်းတစ်လျှောက်လုံးကို လူမှုကမ္ဘာတွေအပေါ် အဖြေရှာ လေ့လာမှုတွေထဲမှာ မြှုပ်နှံထားခဲ့ကြတာ ဖြစ်သလို မျက်မှောက် ခေတ် လူ့အဖွဲ့အစည်းသီးသီး တို့ရဲ့ လူမှုဆိုင်ရာ ပြဿနာတွေ၊ အကြပ်အတည်းတွေ၊ ပဋိပက္ခတွေကို ခေါင်းစဉ် တည်လိုက်တဲ့အခါတိုင်း သူတို့အယူအဆအမြင်တွေရဲ့ အကျိုးပြုမှုကို မလွဲမသွေတွေ့ရလိမ့်မယ်။ ပါဝါ၊ ခြယ်လှယ်မှု၊ လိင်မှုသဘာဝ စသဖြင့် လူသားကမ္ဘာရဲ့ အခြေခံအကျဆုံး ဆက်သွယ်ချက်တွေနဲ့ အမေးအဖြေတွေကို လူမှုသီအိုရီတွေက အသေးစိတ် ကျဆန်းစစ်မှုတွေနဲ့ အလေးအနက် ကိုင်တွယ်ဖော်ထုတ်ခဲ့ကြတယ်။ လူမှုသီအိုရီတွေဟာ ရွေ့လျားပြောင်းလဲဆဲပဲ၊ ဆင့်ပွားတိုးတက်ဆဲပဲ၊ အသစ်သစ်သောချဉ်းကပ်ပုံတွေ ရှာဖွေရယူဆဲပဲ၊ ခေတ်ပြိုင်အကျဆုံးလူမှုအခြေအနေတွေကိုထင်ဟပ်ဖို့ ကြိုးပမ်းဆဲပဲ။ ပြီးခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်အတွင်းပေါ်ပေါက်ခဲ့တဲ့ ပို့စ်မော်ဒန်ဝါဒ (Post-modernism)၊ ပို့စ်ဖက်မီနစ်ဝါဒ (Post-feminism)၊ ကွီးယားသီအိုရီ (Queer Theory)၊ စွန့်စားမှုအခြေပြုသီအိုရီ (Risk Theory) စတဲ့ လှုပ်ရှားမှုလမ်းကြောင်း အသစ်တွေကိုကြည့်မယ်ဆိုရင် ယခင်ရှိနှင့်နေပြီး လူမှုသီအိုရီတွေမှာ ဖမ်းဆုပ်အဖြေထုတ်ဖို့ ပျက်ကွက်ခဲ့ကြတဲ့ ချို့ယွင်းလစ်ဟာမှုတွေကို တဖန်ပြန်လည်စိန်ခေါ်ဖို့နဲ့ ကူညီဖြည့်စွက်ဖို့ ဦးတည်လာခဲ့ကြတယ်ဆိုတာ သိနိုင်တယ်။ ဒီတော့ မေးစရာရှိတာက အနာဂတ်မှာရော လူမှုသီအိုရီတွေရဲ့လားရာဟာ ဘယ်ဆီကို အားပြုထားသလဲဆိုတာပဲ။ အကယ်၍များ နောက်ဆယ်စုနှစ်တစ်ခုရဲ့ ကာလသစ်ဆီကို လှမ်းမျှော်ကြည့်မယ်ဆိုရင် လူမှုသီအိုရီတွေရဲ့ တိမ်းညွတ်ချက်ကို ဆဝါးကြည့်လို့ ရနိုင်သလား။ အနာဂတ်မှာ လူမှုသီအိုရီ တွေဟာ အခုလိုပဲ လူ့အဖွဲ့အစည်းနဲ့ လူမှုအဆောက်အအုံတို့အတွင်းက ပြဿနာရပ်တွေကို ကိုင်တွယ်ဖြေရှင်းပြီး ပိုမိုကောင်းမွန်တဲ့ လူမှုအပြောင်းအလဲတွေ ဆောင်ကြဉ်းပေးဖို့ ရည်ရွယ်ချက်

မျိုးထားမှာလား။ ဒီမေးခွန်းတွေကို အဖြေတစ်ခုတည်းနဲ့ တိတိပပရှင်းလင်းဖြေဆိုဖို့ခက်တယ်။ သေချာပေါက်ပြောနိုင်တဲ့အချက်ကတော့ ကွန်တမ်ပိုရာရီလူသားဘဝရဲ့ လူမှုအဆောက်အအုံတွေ ရွေ့လျားပြောင်းလဲနေသမျှကာလပတ်လုံး အသွင်ပြောင်းလဲလာတဲ့ ကမ္ဘာကြီးရဲ့ အကြမ်းဖက်မှု ပုံစံသစ်တွေ၊ စွန့်စားမှုတွေ၊ အန္တရာယ်တွေနဲ့ အခြားလူမှုပြဿနာအကြပ်အတည်းတွေအားလုံးကို မေးခွန်းထုတ်ဖို့နဲ့ အဖြေရှာဖို့အတွက် အသစ်အသစ်သောလူမှုသီအိုရီတွေ စဉ်ဆက်မပြတ် ပေါ်ထွက်လျက်ရှိနေဦးမယ်ဆိုတာပဲ။

တည်တံ့

References

Adorno, T. (1950) The Authoritarian Personality

Adorno, T. (1974) Minima Moralia: Reflections from Damaged Life

Adorno, T. (1991) 'Freudian Theory and the Pattern of Fascist Propaganda' in J.M Bernstein

(ed.) The Culture Industry: Selected Essays on Mass Culture

Adorno, T. (2001) The Culture Industry

Barthes, R. (1972) Mythologies

Barthes, R. (1983) The Fashion System

Baudrillard, J. (1975) Mirror of Production

Baudrillard, J. (1990) Seduction

Baudrillard, J. (1995) The Gulf War Did Not Take Place

Baudrillard, J. (1998) The Consumer Society: Myths and Structures

Bauman, Z. (1972) Between Class and Elite

Bauman, Z. (1995) Life in Fragments: Essays in Postmodern Morality

Bauman, Z. (2001) Liquid Modernity

Beck, U. (1991) Ecological Enlightenment: Essays on the Politics of the Risk Society

Beck, U. (1992) Risk Society: Towards a New Modernity

Berger, P. L. and Luckmann, T. (1991) The Social Construction of Reality

Bourdieu, P. (1991) Language and Symbolic Power

Bourdieu, P. (1993) The Field of Cultural Production

Bourdieu, P. (2000) Weight of the World: Social Suffering in Contemporary Society

Brooks, A. (1997) Postfeminisms: Feminism, Cultural Theory, and Cultural Forms

Castells, M. (2000b) The Power of Identity, The Information Age: Economy, Society and Culture

Castells, M. (2004a) The Network Society: A Cross Cultural Perspective

Derrida, J. (1978) Writing and Difference

Durkheim, E. (1976) [1912] The Elementary Forms of the Religious Life

Elias, N. (1970) What is Sociology?

Elliott, A. (2009) Contemporary Social Theory: An Introduction

Foucault, M. (1973) The Birth of the Clinic: An Archaeology of Medical Perception

Foucault, M. (1977b) ‘Power and Sex’, Telos

Foucault, M. (1978) History of Sexuality

Foucault, M. (1979) Discipline and Punish

Foucault, M. (1982) ‘The Social Triumph of the Sexual Will’, Christopher Street, 64 (May)

Freud, S. (1961) ‘Civilization and Its Discontents’, in J. Strachey. The Standard Edition of the

Complete Psychological Works of Sigmund Freud

Friedman, T. (1999) The Lexus and the Olive Tree

Giddens, A. (1979) Central Problems in Social Theory: Action Structure and Contradiction in Social Analysis

Giddens, A. (1984) The Constitution of Society, Outline of the Theory of Structuration

Giddens, A. (2006) Europe in Global Age

Gramsci, A. (1970) Selections from the Prison Notebooks. Lawrence and Wishart

Harvey, D. (1989) The Condition of Post-Modernity: An Inquiry to the Origins of Cultural Change

Heideggr, M (1988) Being and Time

Herbermas, J. (1989) The Structural Transformation of the Public Sphere: An Inquiry into a Category of Bourgeois Society

Herbermas, J. (2001a) Moral Consciousness and Communicative Action

Held, D. (1991) ‘Democracy, the Nation-state and the Global System’ in D. Held (ed.) Political Theory Today

Horkheimer, M (1972a) ‘Art and Mass Culture’ in Critical Theory: Selected Essays

Inglis, D. and Thorpe, C. (2012) An Invitation to Social Theory

Laclau, E. and Mouffe, C. (1985) Hegemony and Socialist Strategy: Towards a Radical Democratic Politics

Lyotard. J. F. (1984) The Postmodern Condition: A Report on Knowledge

Marcuse, H. (1955) Reason and Revolution

McNay, L. (2000) Gender and Agency

McNay, L. (1992) ‘Foucault and Feminism’

Saussure, F. de. (1974) [1916] Course in General Linguistics

Schutz, A. (1967) The Phenomenology of the Social World

Schutz, A. (1971) Collected Papers Vol 1: The Problem of Social Reality

Thompson, J. B. (1995) The Media and Modernity: A Social Theory of the Media

Tomlinson, J. (1991) Cultural Imperialism: A Critical Introduction

Urry, J. (2003) Global Complexity

Venturi, R. (1966) Complexity and Contradiction in Architecture

Venturi, R. (1977) Learning from Las Vegas: The Forgotten Symbolism of Architectural Form

Wallerstein, I. (1974) The Modern World-System: Capitalist Agriculture and the Origins of the

European World-Economy in the Sixteenth Century

Wallerstain, I. (2004) World-Systems: Introduction